မေတ္တာလက်ဆောင်

သို့ .....

မှ .....

ဘဂဝ်ဥာဏ်ရှမှတ်ပုံ့

တရားတော်စာအုပ်အမှတ်စဉ် (၃၆)




ပြုစုတင်ပြသူ

ဦးညီညီစိန်

၂၀၂၆ ခုနှစ်၊ မတ်လ၊ (၁၅)ရက်

ဘဂ်ဉာဏ်ရှုမှတ်ပုံ

တရားတော်စာအုပ်အမှတ်စဉ် (၃၆)



ပြုစုတင်ပြသူ

ဦးညီညီစိန်

၂၀၂၆ ခုနှစ်၊ မတ်လ၊ (၁၅)ရက်

ပုံနှိပ်မှတ်တမ်း

၂၀၂၆ ခုနှစ်၊ မတ်လ (ပထမအကြိမ်)

အုပ်ရေ ---------- ၁၀၀၀

ပုံနှိပ်---------- အေးရှားမက်ဂါဗိုကုမ္ပဏီလိမိတက်

အခန်းအမှတ်(၂၉)၊ တိုက်အမှတ် (၄)၊

ပြည်သူ့အိမ်ရာတောင်ဘက်ခြမ်း၊

(၈)မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

စာအုပ်ချုပ် ---------- ----------

စီစဉ်သူ ---------- ဦးမင်းကိုကို၊ မရမ်းကုန်းမြို့နယ်။

တန်ဖိုး ---------- (မေတ္တာလက်ဆောင်)

ဖြန့်ချီရေး---------- ဖုန်း-၀၉-၄၂၈၃၀၁၇၁

ဘင်္ဂဿ် ရှုမှတ်ပုံ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	နိဒါန်း	၁
၂။	ဘင်္ဂဿ်ဖြစ်ပုံ	၃
၃။	ခန္ဓိးဆရာတော်ဘုရားကြီး၏ ဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ	၄
၄။	ညောင်လေးပင်တောရတိုက် - ဦးအရိယမဎ္ဍ၏ ဘင်္ဂဿ်ရှုမှတ်ပုံ	၁၉
၅။	ပဋိသမ္ဘိဒါမဂ်ပါဠိတော်နဒ္ဒေသ မှ ဘင်္ဂိုနုပဿနာ ဉာဏနိဒ္ဒေသ	၂၃
၆။	မူလမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီး၏ ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ	၂၆
၇။	မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိသုဒ္ဓိမဂ် (မြန်မာပြန်) အခြေခံများနှင့်တကွ ဝိပဿနာပိုင်း	၃၉
၈။	မဟာစည်ဆရာတော်ဘုရားကြီး၏ ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲမှ ဘင်္ဂဿ်စသည်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ	၉၀
၉။	ဖားအောက်တောရဆရာတော်၏ နိဗ္ဗာန်သို့သွားရာ တစ်ကြောင်းတည်းသောလမ်း	၁၀၅
၁၀။	အရှင်ဉာဏောဘာသ၏ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ တရားတော်	၁၁၅
၁၁။	ဒေါက်တာမင်းတင်မွန်၏ ဝိသုဒ္ဓိမဂ္ဂအလင်းပြ၊ နိဗ္ဗာန်လမ်းမကြီး (တတိယတွဲ) မှ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ	၁၂၀
၁၂။	ဘင်္ဂဿ်၊ ဝိပဿနာဉာဏ်စဉ် (၁၆)ပါးကို ပဌာန်း (၂၄)ပစ္စည်းဖြင့်ရှုမှတ်ပုံမှ	၁၂၉
၁၃။	မင်းကွန်းဆရာတော် အရှင်ဝါယမ၏ ဝိသုဒ္ဓိ (၇)ပါး မင်းကွန်းသွားမှ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ	၁၅၀
၁၄။	မိုးကုတ်ဆရာတော်ဘုရားကြီး၏ ကိုယ့်အသေကိုယ်ကြည့်ရင် ဝိပဿနာ	၁၅၉
၁၅။	မိုးကုတ်ဆရာတော်ဘုရားကြီး၏ စိတ္တာနုပဿနာ အလုပ်ပေးတရားတော်	၁၉၃
၁၆။	ဘင်္ဂဿ်တွင် ဟောကြားသည့်တရားများ အကျဉ်းချုပ်	၂၁၅
၁၇။	ရုပ်နာမ်သဘောနှင့် ရုပ်နာမ်ဖြစ်ပျက်ကို ရှုမှတ်ပုံ	၂၂၅
၁၈။	ဘင်္ဂဿ်ပြီးဆုံးပုံ	၂၃၁
၁၉။	နိဂုံး	၂၃၂

နိဒါန်း

ယောဂီတို့သည် ဝိပဿနာဘာဝနာ ရှုမှတ်နေဆဲကာလဖြစ်ပါသည်။ မိရိုးဖလာမိသားစုမျက်လုံးခွါ ချထား၍ အရိယာမျက်လုံး၊ ဝိပဿနာမျက်လုံးတပ်ဆင်ရှုမှတ်လျှက် ရှိပေသည်။

ယောဂီ၏ ဝိပဿနာ ခရီးလမ်းသည် တရားသဘော ဒုက္ခ၊ သုခ၊ ဒေါမနဿ၊ သောမနဿ ဝေဒနာ အတက်၊ အကျ၊ အကွေ့၊ အဝိုက်တို့ဖြင့် ရှေ့သို့ အသေဝနပစ္စည်း အထောက်အပံ့တို့ဖြင့် ခိုင်မာ (ဖြစ်ပျက်)လျှက်ရှိပေသည်။ ဝိပဿနာ ဘာဝနာကိစ္စများကို၊ ဉာတပရိညာ တောအုပ်တစ်ခုနှင့် သစ္စာ ဉာဏ် ဥယျာဉ်တစ်ခုကို လျှောက်လှမ်းကျော်ဖြတ်ခဲ့ပြီး တိရဏ ပရိညာတောင်ကုန်းတန်းနှင့် ကိစ္စဉာဏ် ကုန်းပြင်မြင့်သို့ ရောက်ရှိလျှက် ရှိပေသည်။

ဝိပဿနာ တောတောင်ခရီးလမ်းမှာ လမ်းမမှားဖို့နဲ့ အမြင်အကြားရှင်းလင်းရန်မှာ အရိယာမျက်လုံးတပ်ထားမှ မဖျိမ ပဋိပဒါလမ်းကိုလည်း မမှားမယွင်း ဖြောင့်တန်းစွာ အသုံးပြုနိုင်မည့်အပြင် ရုပ်နာမ်တို့၏ အကြောင်းအကျိုးတရား ဖြစ်ပျက်တရားတို့မှာ အမြင်အကြား ရှင်းလင်းသန့်စင်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ယောဂီသည် အရိယာမျက်လုံးဖြင့် ကြည့်နေသကဲ့သို့ ဟီရိ၊ ဩတပ္ပ၊ မာန လျော့ပါးကာ ကွယ်နိုင်သည့် အဝတ်အစားမျိုး မိမိစိတ်ကို ဣန္ဒြေထိန်းသိမ်းနိုင်၊ စောင့်ရှောက်နိုင်၊ သတိပေးနိုင်မည့် အဝတ်အစားများတို့ကို ရွေးချယ်ဝတ်ဆင်သုံးဆောင်နေခြင်း ဖြစ်ပါသည်။

ဝိပဿနာတရားသဘောများ ကျင့်ကြံပွားများနေသော ကာလဖြစ်၍ ကာယကံ၊ ဝစီကံ၊ မနောကံ တို့သည်လည်း- အဇ္ဈတ္တစိတ်၏ တန့်ရှည်ဖြစ်ပေါ်မှုအတိုင်း၊ ဗဟိဒ္ဓ ခန္ဓကိုယ်သို့ ရောင်ပြန်ဟတ် ကူးစက်တည်ငြိမ်အေးချမ်းလာခြင်း ဖြစ်ပါသည်။

နာမရူပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်တို့သည် ဝိပဿနာအခြေခံ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကင်းစေသော ဉာတပရိညာကာလ၊ သစ္စာညာဏ်ကာလများဟု ဟောကြားထားပါသည်။

သမ္မသနညာဏ်နှင့် ဥဒယဗ္ဗယညာဏ်တို့မှာ ဝိပဿနာညာဏ်များဖြစ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုမှတ်ခြင်းနှင့် ဖြစ်ပျက်တို့ ရှုမှတ်ခြင်း ဖြစ်ပါသည်။ ဝိပဿနာညာဏ်လုပ်ငန်းခွင်ဖြစ်ပြီး တိရဏပရိညာကာလ ပွားညာဏ်ကာလ၊ ကိစ္စဉာဏ်ကာလတို့ ဖြစ်ပါသည်။ ဖြစ်ပျက်ပွားညာဏ်ကာလဖြစ်၍၊ ရုပ်နာမ်ခွဲခြားသိခြင်း၊ ပညတ်တရား၊ အမြင်အကြား၊ အမည်နာမ စသည် - လျှော့ပါးစေခြင်း၊ ရုပ်နာမ်တို့၏ အကြောင်းအကျိုးတရား၊ ပဋိစ္စသမုပ္ပါဒ်တရား အနုလုံရှုမှတ်မှု၊ ပဋိလုံရှုမှတ်မှု၊ ပဌာန်းနိဒ္ဒေသ၊ ပဌာန်းပဉ္စဝါရတို့ဖြင့် ဝိပဿနာ ရှုမှတ်ခြင်းတို့ ပွားများရှုမှတ်နေခဲ့ပြီး ဖြစ်ပါသည်။

သမ္မာသနညာဏ်တွင် သခ်ါရတရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတို့ကို ရှင်းလင်းကြည်လင်သည်ထိ ပွားများ ရှုမှတ်ခဲ့ပြီး ဖြစ်ပါသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိတရားတို့ကို အရိယာမျက်လုံး၊ ဝိပဿနာမျက်လုံးတို့ဖြင့် ရေငုတ်၊ ရေပေါ်၊ တွေ့မြင် ရှုမှတ်ပွားများခဲ့ပြီး ဖြစ်ပါသည်။

ဥဒယဗ္ဗယညာဏ်တွင်လည်း ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းအကြောင်း အကျိုး၊ ပျက်ခြင်း အကြောင်း အကျိုးတို့ ရှုမှတ်ပွားများ၍ ဥပေက္ခာလေသာ ၁၀ ပါးကို ကျော်ဖြတ်ခါ၊ ရှုမှတ်ပွားများခဲ့ပြီး ဖြစ်ပါသည်။

သခ်ၤရတရားတို့၏ ဖြစ်ပျက်ကိုၾကည့်၊ ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်ကိုၾကည့်၊ ခန္ဓာငါးပါးတို့၏ ပျက်ပြီးနောက် အပျက်မရှိမူကိုလည်းၾကည့်၊ ဖျတ်ကနဲ၊ ဖျတ်ကနဲ၊ ရှုမှတ်ပွားများနိုင်ခဲ့ပြီး ဖြစ်ပါသည်။ မဂ္ဂါမဂ္ဂညာဏဒဿန ဝိသုဒ္ဓိစခန်းကို ရှုမှတ်ပွားများခဲ့ပြီး ဖြစ်ပါသည်။

အသေဝနပစ္စည်းအကြောင်း အကျိုးတို့၏ကြောင့်၊ ခန္ဓာငါးပါးတို့၏ ဖြစ်ပျက်တို့ ပေါ်လာသော်လည်း လျင်မြန်လွန်းသဖြင့် အဖြစ်ကို မမြင်၊ အပျက်ကိုသာ မြင်သော ဘင်္ဂညာဏ်ကို စတင်ရှုမှတ်လာနိုင်ပြီဖြစ်ပါသည်။

ဘင်္ဂညာဏ်သည် ပဋိပဒါညာဏ ဒဿန ဝိသုဒ္ဓိ၏ အစညာဏ်ဖြစ်ပါသည်။ ပဟာနပရိညာကာလ၏အစဖြစ်ပါသည်။ ပါယ်ညာဏ်တို့၏ အစဖြစ်ပါသည်။ ရေသန့်စက်ရုံတစ်ခုတွင်၊ ရေများ၏သန့်ရှင်းမှုအတွက် နည်းအမျိုးမျိုးဖြင့် သေးငယ်သော အမှုန်အမွှားကလေးများကို အဆင့်ဆင့် စစ်ဆေးဖယ်ထုတ်သကဲ့သို့ ဝိပဿနာရှုမှတ်ရာတွင်လည်း ခန္ဓာငါးပါးတွင် ပါဝင်နေသော ဒုက္ခ၊ သမုဒယ၊ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ စသည် ကုသိုလ်၊ အကုသိုလ်၊ အနုဿယအမှုန်အမွှားများကို စတင်စစ်ဆေးဖယ်ထုတ်ခြင်း ဖြစ်ပါသည်။

ဘင်္ဂညာဏ်မှစ၍ ခန္ဓာငါးပါးတို့၏ အပျက်နှင့် အပျက်မရှိခြင်း၊ အပျက်နှင့်ကြောက်၊ မုန်း၊ စွန့်၊ လုံးဝအပြီးစွန့်တို့ကို မြတ်စွာဘုရား၏ ဟောကြားချက်များအတိုင်း ဆရာတော်ကြီးများ၏ ဟောကြားချက်များအတိုင်း ရှုမှတ်ပွားများနိုင်ကြပါရန် တရားမှတ်စုများကို ကြိုးစားတင်ပြအပ်ပါသည်။

ဦးညီညီစိန်
B.E (Mech) '79
PE . ACPE (Mech)
ညွှန်ကြားရေးမှူး (အငြိမ်းစား)
မြန်မာ့ရေနံ (၂၀၁၅)

ဘင်္ဂဉာဏ်

ဘင်္ဂ ဆိုတာ ပျက်စီးခြင်း၊ ကျိုးပဲခြင်းပါပဲ။

ဘင်္ဂနုပဿနာဆိုတာ ပျက်စီးခြင်းကို အဖန်တလဲလဲ ရှုမှတ်ခြင်းပါပဲ။

ဖြစ်တိုင်းပျက်တိုင်းသော ရုပ်နာမ်ကို မှတ်သိ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ကို၊ ကောင်းစွာထင်ရှားပြီးသော၊ သူအား ဥဒယဗ္ဗယဉာဏ် အပြည့်အစုံရင့်သန်လတ်သော်၊ မှတ်သိမှုသည် လျှင်မြန်ထက်သန်စွာဖြစ်၏။ မှတ်မြဲပင်ဆက်၍ မှတ်သောကြောင့် အလင်းရောင်၊ ပီတိ၊ ပဿဒ္ဓိ၊ ဝမ်းသာမှု၊ သာယာမှုတို့ကို လွန်မြောက်သွားသောအခါ၌ မှတ်တိုင်းမှတ်တိုင်း၊ မှတ်မိသော အာရုံများသည် ပေါ်ပေါက်ပြီးလျှင်၊ ချက်ချင်းပင်၊ ပျောက်ပျောက်သွားကြသည်ကို တွေ့ရ၏။ ထိုပျောက်သွားပုံမှာလည်း၊ အခြားတစ်နေရာသို့ပြောင်းရွှေ့သွားခြင်းမရှိဘဲ၊ သူပေါ်လာသည့်နေရာမှာပင် တိကနဲ တိကနဲ လုံးဝကွယ်ပျောက်သွားသည့် အနေအထားဖြင့် ထင်ရှား၏။

သူ့အလိုလိုပင် သိလျှက် သိလျှက်၊ ဆောင်သွားသကဲ့သို့ဖြစ်၏။ အသိလျှင်မြန်သောကြောင့် မှတ်သိသင့်တဲဖြစ်ခိုက်အာရုံသခ်ါရတို့သည်။ လျှင်မြန်မစွာ ထင်ပေါ်ကုန်၏။ ထိုအခိုက်ဖြစ်စ ဥပါဒ်နှင့် အလယ်ပိုင်းတည်မှု ဋ္ဌိ တို့ကိုလည်း နှလုံးမသွင်းမိပြီ။

မပြတ်စီနေသောရေအယဉ်ကဲ့သို့၊ တစ်စပ်တည်း ဆက်စပ်လျှက်ဖြစ်နေသော၊ ရုပ်နာမ် အစဉ်အတန်းကိုလဲ ၊ နှလုံးမသွင်းမိပြီ။

ရှေ့ရှေ့ရုပ်နှင့် နောက်နောက်ရုပ်တို့သည်၎င်း၊ ရှေ့ရှေ့စိတ်နှင့် နောက်နောက်စိတ်တို့သည်၎င်း မပြတ်မခြားပဲ တစ်သားထဲကြုံသို့ ဉာဏ်၌ထင်ကြပြီ ဟု ဆိုလိုသည်။

မှတ်ခိုက် မှတ်ခိုက်မှာပင်၊ ကုန်ပျက်၊ ကုန်ပျက်သွားသည်ဟု သိမှုဉာဏ်သည်သာလျှင်၊ ဖြစ်ပေါ်၏။

အကုန်အပျောက်မြန်မြန်နေသည်သာထင်ရ၏။ မှတ်တဲ့စိတ်များလည်း ကုန်ဆုံး ကုန်ဆုံးသွားသည်ဟုသိရ၏။ ဤနှစ်ခုတို့ကို ရှေ့ဆင့်နောက်ဆင့် ကုန်ဆုံးသွားကြသည်ဟု သိရ၏။ ထိုအခါ၌ ဘင်္ဂဉာဏ်သည် ဖြစ်ပေါ်၏။

၆-ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

(ခန္ဓိဆရာတော်ဘုရားကြီး၏ စက်ဖြတ်ဝိပဿနာကျမ်း၊ စာ-၁၇၅ - ၁၉၄)

ဉာဏ်နှင့် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိသို့ ရောက်ပြီးသော၊ ဝါ၊ ပြည့်စုံပြီးသော ယောဂီပုဂ္ဂိုလ်သည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့ ရောက်ခြင်းအကျိုးငှာ ဥဒယဗ္ဗယ ဉာဏ်ကိုပင် တဖန်ထပ်၍ ပွားပြန်ရာ၏။

“အဒ္ဓန္နံ ပန ဉာဏာနံ ဝသေန သိခါပ္ပတ္တာ ဝိပဿနာ, နဝမ္ဗ
သစ္စာနုလောမိကဉာဏန္တိ အယံ အဋ္ဌပဒါဉာဏဒဿနဝိသုဒိ္ဓ နာမ”

ဆိုတဲ့ ဝိသုဒိ္ဓမဂ်အဋ္ဌကထာနှင့်အညီ ဥဒယဗ္ဗယဉာဏ် အစ အနုလော- မဉာဏ်အဆုံးရှိသော ကိုးပါးသော ဉာဏ်သည် ပဋိပဒါဉာဏဒဿနိသုဒိ္ဓ မည်၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဉာဏ်ကိုးပါးနှင့် အဓိပ္ပါယ်

၁။ ဥဒယဗ္ဗယဉာဏ် ရှုမှတ်တိုင်း, ရှုမှတ်တိုင်း အဖြစ်နှင့်အပျက်ကိုသာ မြင်နေသောဉာဏ်။
၂။ ဘင်္ဂဉာဏ် အဖြစ်ကိုလွှတ်၍ အပျက်သက်သက်ကိုသာ သိမြင်နေတဲ့ဉာဏ်။
၃။ ဘယဉာဏ် အပျက်တွေကိုချည်းမြင်နေ၍ ကြောက်မက်ဖွယ်ထင်သောဉာဏ်။
၄။ အာဒီနဝဉာဏ် ရုပ်နာမ်တို့၏အပြစ်ကိုသာ သိမြင်နေတဲ့ဉာဏ်။
၅။ နိဗ္ဗိန္ဒဉာဏ် အပြစ်တွေကို မြင်ဖန်များတော့ တစတစ မုန်းတီးငြီမ်းငွေ့လာတဲ့ဉာဏ်။
၆။ မုစ္စိတုကမျတာဉာဏ် ထိုဖြစ်ပျက်တို့မှ လွတ်လိုလွတ်ချင် ရုန်းထွက်ချင်တဲ့ဉာဏ်။
၇။ ပဋိသင်္ခါဉာဏ် လွတ်မြောက်အောင် အနိစ္စ-ဒုက္ခ-အနတ္တတို့ကိုစူးစိုက်၍ ရှုနေတဲ့ဉာဏ်။
၈။ သင်္ခါရုပေက္ခာဉာဏ် ရုပ်နာမ်သင်္ခါရတို့၌ အညီအမျှ မုန်း-ချစ်မပြု လျစ်လျူရှုနေတဲ့ ဉာဏ်။
၉။ အနုလောမဉာဏ် ရှေ့ဉာဏ်-နောက်ဉာဏ်နှင့် လျော်နေတဲ့ဉာဏ်။

ထိုဉာဏ်ကို ပြည့်စုံစေလိုသော ယောဂီပုဂ္ဂိုလ်သည် -

တံ သမ္မာဒေတုကာမေန ဥပက္ကိလေသမုတ္တံ ဥဒယဗ္ဗယဉာဏံ အာဒိ ကတ္တာ ဇတေသု ဉာဏေသု ယောဂေါ ကရဏီယော-

ဆိုတဲ့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့်အညီ အောက် မဂ္ဂါမဂ္ဂညာဏဒဿနဝိသုဒ္ဓိခန္ဓင့်အညီ ဥဒယဗ္ဗယ ညာဏ်ကို တဖန်ပြန်၍ရှုရပြန်တယ်။ ဘာကြောင့်လဲဆိုတော့ ပြဆိုခဲ့ပြီးသော သြဘာသ ပီတိ စသော ဝိပဿနာညစ်ညူးကြောင်း ဘေးရန်ဆယ်ပါးတို့တွင် တပါးပါးဝင်၍ နှောင့်ယှက်သော ကြောင့် ထင်မြင်ပြီးသော လက္ခဏာရေးသုံးပါးတို့ဟာ ပျောက်ကွယ်လု မတတ် ဖြစ်သွားပြန် တယ်။ ထို့ကြောင့် ရှေးကကဲ့သို့ လက္ခဏာသုံးပါး ထင်မြင်လာအောင် ဥဒယဗ္ဗယညာဏ်ကို ထပ်မံပွားရပြန်သည်ဟု သိမှတ်ပါလေ။ ဤလိုပွားများခြင်းဟာ ဝိပဿနာ အရာမှာ ဓမ္မတာပဲ ဖြစ်သည်။ ဥပမာဆိုသော် အညစ်အကြေးရှိသော ဆီမီးစာသည် မီးတောက် အရောင် ကောင်းစွာမကြည်လင်နိုင်သကဲ့သို့ ထို့တူပမာ ဥပက္ကိလေသ ညစ်ညူးညစ်နွမ်း နေသော ဥဒယဗ္ဗယညာဏ်သည်လည်း မိမိ၏ သဘောအတိုင်း လက္ခဏာရေးသုံးပါးတို့ကို ထိုးထွင်း၍ သိခြင်းငှာ မစွမ်းနိုင်ပေ။ ထို့ကြောင့် ဥပက္ကိလေသတို့မှ စင်ကြယ်၍ လက္ခဏာရေး သုံးပါးတို့ကို ကောင်းစွာထင်မြင်စေခြင်းငှာ ဤဥဒယဗ္ဗယညာဏ်ကို ထပ်မံရှုရပြန်သည်။ အကြောင်းမှန်ကို သိမှတ်ပါလေ။

လက္ခဏာနိ ပန ကိဿ အမနသိကာရာ ကေန ပဋိစ္ဆန္နတ္တာ နု ဥပဋ္ဌာန္တိ -

ဝိသုဒ္ဓိမဂ်နှင့်အညီ အနိစ္စ-ဒုက္ခ-အနတ္တခေါ်သော လက္ခဏာရေး သုံးပါးတို့သည် အဘယ်တရားကို နှလုံးမသွင်းခြင်းကြောင့်၊ အဘယ်တရားဖြင့် ဖုံးလွှမ်းအပ်သောကြောင့် မထင်မြင်နိုင်ပါသနည်း ဆိုတဲ့အမေးဦ -

ပါဠိလို မထင်မြင်နိုင်ပုံကား -

၁။ အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ နု ဥပဋ္ဌာတိ။ ဒုက္ခလက္ခဏံ အဘိဏှသမွိဋ္ဌနဿ အမနသိကာရာ ဣရိယာပထေဟိ ပဋိစ္ဆန္နတ္ထာ နု ဥပဋ္ဌာတိ။ အနတ္တလက္ခဏံ နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ နု ဥပဋ္ဌာတိ။

၂။ ဥဒယဗ္ဗယမုန ပဋိဟတ္တာ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ယာထာဝရသတော ဥပဋ္ဌာတိ။ အဘိဏှ-သမွိဋ္ဌနံ မနသိကာရာ ဣရိယာပထေန ဥဂ္ဃါဋိတော ဒုက္ခလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။ နာနာဓာတုယော ဝိနိဗ္ဘုဇိတ္ဝာ ဃနဝိနိဗ္ဘောဂေါ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

မြန်မာလို မထင်မြင်နိုင်ပုံကား -

၁။ ရှေးဦးစွာ ဖြစ်ခြင်းပျက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ ရှေ့နောက် အစဉ်မပြတ် စပ်၍ ဖြစ်ပျက်နေသော သန္တတိပညတ် ဖုံးလွှမ်းအပ်သည် အဖြစ်ကြောင့် လည်းကောင်း အနိစ္စလက္ခဏာသည် မဖောက်မပြန် ဟုတ်မှန်စွာ မထင်မြင်နိုင်ပေ။ (ဤကား အနိစ္စလက္ခဏာ မထင်မြင်နိုင်ပုံကို ပြခြင်းတည်း။)

၂။ ဖြစ်ခြင်း-ပျက်ခြင်းဖြင့် မပြတ်နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ တပါးညောင်းလျှင် တပါးပြောင်းသောအားဖြင့် ကျရိယာပုတ်တို့ဖြင့် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒုက္ခလက္ခဏာ စသည် ကောင်းစွာမထင်မြင်နိုင်ပေ။ (ဤကား ဒုက္ခ လက္ခဏာမထင်မြင်နိုင်ပုံကို ပြခြင်းတည်း။)

၃။ အထူးထူးသော ဓာတ်တို့ကို ခွဲခြမ်းစိတ်ဖြာ၍ ကြည့်ရှုခြင်းကို နှလုံးမသွင်းခြင်း၊ မဆင်ခြင်ခြင်းဖြင့်လည်းကောင်း၊ တလုံးတခဲတည်းဖြစ်၍နေသော ဃနဖြင့်ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း အနတ္တလက္ခဏာသည် မဖောက်မပြန် ဟုတ်မှန်စွာ မထင်မြင်နိုင်ပေ။ (ဤကား အနတ္တလက္ခဏာ မထင်မြင်နိုင်ပုံကို ပြခြင်းတည်း။)

လက္ခဏာရေးသုံးပါး မထင်သည်မှတပါး
ထင်သည်ကို ပြဆိုဦးအံ့

၁။ ဖြစ်ခြင်း-ပျက်ခြင်းကို သိမ်းဆည်း၍ အစဉ်အပြတ် ရှေ့နောက်စပ်နေသော အန္တတိပညတ်ကို ဝိပဿနာဉာဏ်ဖြင့် ခွာအပ်သည်ရှိသော် (၀၀) ဖြစ်ဆဲရုပ်နာမ် ပစ္စုပ္ပန်ကို ကွက်ကွက်ကွင်းကွင်း ထင်မြင်အောင် ဝိပဿနာရှုသည်ရှိသော် အနိစ္စလက္ခဏာသည် မဖောက်မပြန် ဟုတ်မှန်စွာ ထင်မြင်လာတော့၏။ (ဤကား အနိစ္စလက္ခဏာထင်မြင်ပုံတည်း။)

၂။ ဖြစ်ခြင်း-ပျက်ခြင်း အလျှင်းမပြတ် နှိပ်စက်အပ်သည်တို့ကို နှလုံးသွင်း၍ ကျရိယာပုထိတခုတည်း မပြောင်းမရွေ့ပဲ ထားသောအားဖြင့် ခွါအပ်သည်ရှိသော် ဒုက္ခလက္ခဏာသည် မဖောက်မပြန် ဟုတ်မှန်စွာ ထင်မြင်လာတော့၏။ (ဤကား ဒုက္ခလက္ခဏာ ထင်မြင်ပုံတည်း။)

၃။ အထူးထူးသော ဓာတ်တို့ကို ခွဲခြမ်းဝေဖန်၍ တခဲနက်ကို ခွဲခြမ်းပြုအပ်သည်ရှိသော် အနတ္တလက္ခဏာသည် မဖောက်မပြန် ကောင်းမွန်စွာ ထင်မြင်လာတော့၏။ (ဤကား အနတ္တလက္ခဏာ ထင်မြင်ပုံတည်း။)

ပထဝီဓာတ် - “ခက်မာ-ဖွဲ့စည်း-ပူအေး-ထောက်ကန်-ဓာတ်မှန် လူသဘော” နှင့်အညီ တကိုယ်လုံးရှိ ဆံပင်အစ ဦးနှောက်အဆုံးရှိသော ကောဋ္ဌာသ ၂၀ သည် ခက်မာခြင်း၊ နူးညံ့ခြင်း သဘောရှိသောကြောင့်လည်းကောင်း၊ ခက်မာနူးညံ့ခြင်း သူ့သဘောကိုသာ ဆောင်တတ်သော ကြောင့်လည်းကောင်း၊ (အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု) အရ ပထဝီဓာတ်ဟု သမုတ်၏။ ပုဂ္ဂိုလ်သတ္တဝါ လားလားမျှမဟုတ်ချေ။ ဤပထဝီဓာတ်သည်လည်း ခက်မာခြင်း နူးညံ့ခြင်း သဘောတရားမျှသာတည်း။ ဤသဘောက အပို ပထဝီဓာတ်ဆိုစရာ လုံးဝမရှိတော့ပြီ။ ဤခက်မာခြင်းသဘော၊ နူးညံ့ခြင်းသဘောတွေသာ ခဏချင်း-ခဏချင်း မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြသည်ဟု သိမှတ်ပါလေ။ (ဤကား ပထဝီဓာတ် ၂၀ ကို ပြခြင်းတည်း။)

အာပေါဓာတ် -သည်းခြေအစ ကျင်ငယ်အဆုံးရှိသော ကောဋ္ဌာသ ၁၂-ပါးသည် ဖွဲ့စည်းခြင်း ယိုစီးခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဖွဲ့စည်းခြင်း သူ့သဘောကိုသာ ဆောင်တတ်သောကြောင့်လည်းကောင်း၊ အာပေါဓာတ်ဟု သမုတ်၏။ ပုဂ္ဂိုလ်သတ္တဝါအား လားလားမျှမဟုတ်ချေ။ ဤအာပေါဓာတ်သည်လည်း ဖွဲ့စည်းခြင်းသဘောမျှသာတည်း။ ဤသဘောက အပို အာပေါဓာတ်ဟုဆိုစရာ သီးခြားမရှိတော့ပြီ။ ဤဖွဲ့စည်းခြင်းသဘောတွေသာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြသည်။

တေဇောဓာတ် - တရက်ခြာဖျားခြင်း - သန္တာပနတေဇော၊ အပူတူပြင်း အပူမကျပဲ ဖျားခြင်း - ဒဟနတေဇော၊ ဆံဖြူ, သွားကျိုးခြင်း စသော ဇီရဏတေဇော၊ စားမျိုသော အာဟာရတို့ကို ကြေညက်စွာ ချက်ပေးတတ်သော ပါစကတေဇော ဤတေဇောလေးမျိုးတို့သည် ပူပြင်းသဘောကြောင့်လည်းကောင်း တေဇောဓာတ်သာဟုတ်၏။ ပုဂ္ဂိုလ်သတ္တဝါများ လားလားမျှမဟုတ်ချေ။ ဤတေဇောဓာတ်သည်လည်း ပူအေးခြင်းသဘောမျှသာတည်း။ ဤသဘောကအပို တေဇောဓာတ်ဆိုစရာ လုံးဝမရှိတော့ပြီ။ ဤတေဇောသဘောတွေသာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြသည်ဟု သိမှတ်ပါလေ။ (ဤကား တေဇောဓာတ် လေးမျိုးကို ပြခြင်းတည်း။)

ဝါယောဓာတ် - အထက်သို့ လေအန်ခြင်း ဥဒ္ဓင်္ဂမဝါယော၊ အောက်သို့လေစုန်ခြင်း - အဓောဂမဝါယော၊ ဝမ်းတွင်းလေခေါ်သော - ကုစ္ဆိသယဝါယော၊ အူတွင်းလေခေါ်သော - ကောဋ္ဌာသယဝါယော၊ အင်္ဂါကြီးငယ်သို့သွားလာသော - အင်္ဂမင်္ဂါနုသာရိဝါယော၊ ထွက်သက် ဝင်သက်လေခေါ်သော အဿာသပဿာသဝါယော၊ ဤဝါယောကောဋ္ဌာသ ခြောက်မျိုးတို့သည် ထောက်ကန်လှုပ်ရှားခြင်းသဘော ရှိကုန်သောကြောင့်လည်းကောင်း၊ ထောက်ကန်လှုပ်ရှား

ခြင်း သူ့သဘောကိုသာ ဆောင်တတ်သောကြောင့်လည်းကောင်း ဝါယောဓာတ်သာဟုတ်၏။ ပုဂ္ဂိုလ်သတ္တဝါကား လားလာမျှမဟုတ်ချေ။ ဤဝါယောဓာတ်သည်လည်း ထောက်ကန်လှုပ်ရှားခြင်း သဘောသက်သက်သာတည်း။ ဤသဘောက အပိုဝါယောဓာတ်ဟုဆိုစရာသီးခြားမရှိတော့ပြီ။ ဤသဘောတွေသာ မပြတ်မစဲ ထပ်တလဲလဲ ဖြစ်ပျက်နေကြရကုန်၏- ဟု သိမှတ်ပါလေ။ (ဤကား- ဝါယောဓာတ်လေးမျိုးကို ပြခြင်းတည်း။)

ဤလို ဤပုံ အကျဉ်းအားဖြင့် "ခက်မာ-ဖွဲ့စည်း-ပူအေး-ထောက်ကန်" ဟူသော မိမိသဘောကိုသာ ဆောင်နေကြတဲ့ ဓာတ်ကြီးလေးပါး- ပရမတ္ထ တရားအစစ် ဘယ်ပုဂ္ဂိုလ်-ဘယ်သတ္တဝါနှင့်မှ မရောမယှက် အလွတ်သက်သက်သာဖြစ်၍ နေသည်တို့ကိုလည်းကောင်း၊ တဖန်အကျယ်အားဖြင့် ပထဝီဓာတ်-၂၀၊ အာပေါဓာတ် ၁၂-ပါး၊ တေဇောဓာတ် ၄-ပါး၊ ဝါယောဓာတ် ၆-ပါး၊ ပေါင်း ၄၂-ပါးသော ဒွေစတ္တာလီသ ဓာတ်တရား-ပရမတ် တရားစစ်စစ် ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ်နှင့်မပတ်သက်၊ အလွတ်သက်သက် ဖြစ်နေသည်ကိုလည်းကောင်း၊ ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းကြီးသိမြင်လာအောင် (၀ါ) ပုဂ္ဂိုလ်သတ္တဝါဆိုတာ အဆိုသာရှိ၏။ နဂိုရှိတာက ရုပ်နာမ်ခန္ဓာဖြစ်၏။ ပုဂ္ဂိုလ်ဆိုတာ - ပညတ်သာရှိ၏။ ပရမတ်ရှိတာက ရုပ်နာမ်ခန္ဓာဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါဆိုတဲ့ ပညတ်ပျောက် ဓာတ်ပရမတ်တွေ ဘွားဘွားကြီး မဖောက်မပြန် ဟုတ်မှန်တဲ့အတိုင်း မထင်-ထင်အောင်၊ မမြင်-မြင်အောင် ဉာဏ်ဦးခေါင်းထောင်၍ သတိနှင့်မကွာ ပညာနှင့်မကင်း အဖန်တလဲလဲ ဆင်ခြင်နှလုံးသွင်းသောအားဖြင့် ကြည့်ရှုပါလေ။

ဤသို့စသည်ဖြင့် အထူးထူးသောဓာတ်တို့ကို (၀ါ) ခက်မာ, ဖွဲ့စည်း, ပူအေး, ထောက်ကန် သူ့သဘော သူဆောင်နေတဲ့ ဓာတ်သဘောတို့ကို ဝိပဿနာဉာဏ်မျက်စိဖြင့် ပြောင်ပြောင်စင်စင် ကြောင်ကြောင်ကြီး ထင်မြင်လာသည်ရှိသော် တခုတည်းတပေါင်းတည်း တယောက်တည်းသော ယောကျ်ား-မိန်းမ တမျိုးသီးခြားရှိနေသကဲ့သို့ ထင်မှတ်ယူဆ မှားနေသော အခဲ ဃန ပညတ်ကို ဉာဏ်နှင့်ကွဲပြားအောင် ခွဲခြမ်း၍ ကြိမ်ဖန်များစွာ အခါခါရှုကြည့်သည်ရှိသော သူငါမဟုတ် နာမ်နှင့်ရုပ်အနတ္တ။ ပုဂ္ဂိုလ်သတ္တဝါများ မရှိလုံးလုံး ဆိတ်သုဉ်းနေသော အနတ္တလက္ခဏာသည် မဖောက်မပြန် ဟုတ်မှန်စွာ ထင်မြင်လာတော့၏။ (ဤကား အနတ္တလက္ခဏာ ထင်မြင်ပုံကို ပြခြင်းတည်း။)

တစုံတခုကို မမြင်

ဤသို့လျှင် အဆိုပါ ၄၂-ပါးသော အခြင်းအရာတို့ဖြင့် စေ့စေ့ ငုငု ဉာဏ်စက္ခုဖြင့် ကြည့်ရှုသည်ရှိသော မိမိ၌လည်းကောင်း၊ သူတပါး၌လည်းကောင်း ငါ့ကိုယ်ဟူသော အတ္တ အနေအထားဖြင့်လည်းကောင်း၊ ငါဟာ ငါ့ဥစ္စာဟူသော တဏှာအနေအားဖြင့်လည်းကောင်း၊ ငါဟု မာန်မာနအနေအားဖြင့်လည်းကောင်း၊ ရစရာ-ယူစရာ တစုံတခုကို မမြင်တော့ပေ။ ဥပမာဆိုသော် အိုးဆေးရေ - ခွက်ဆေးရေစသော မကောင်းသောအညစ်အကြေးတို့ကို စွန့်ပစ်ရာဖြစ်သော စန္ဒနိကံ ခေါ်သော တန်းစီးဗွက်အိုင်ကို (၀ါ) တန်းစီးဗွက်အိုင်ထဲ၌(၀ါ) ရေစီးဗွက်အိုင်ထဲ၌ ရစရာ-ယူစရာ ရှိလိမ့်နိုးနိုး၊ ရွှေခဲငွေခဲ ရှိလိမ့်နိုးနိုး စုံစမ်းရှာဖွေသည်ရှိသော် တစုံတခုကို လုံးဝမတွေ့ မမြင်ရသကဲ့သို့ ထို့တူပမာ သူ-ငါ-ယောကျ်ား-မိန်းမ စသည်ခေါ်ဆို ကြတဲ့ ခန္ဓာကို ပညာမျက်စိ၊ ဉာဏ်မျက်စိ၊ ဝိပဿနာမျက်စိဖြင့် စေ့စေ့ငုငု ကြည့်ရှုသည်ရှိသော် တစုံတစ်ခုသော ရစရာ၊ ယူစရာကို လုံးဝမတွေ့မမြင်ရပေ။ တနည်းဆိုသော် အမှိုက် တံမြက်ချေးစွန့်ရာအရပ်ကို။ တနည်း- ကျင်ကြီး, ကျင်ငယ်စွန့်သောတွင်းကို။ တနည်း- သူသေကောင်မြုပ်ရာဖြစ်သော မြေသုသာန်သချိုင်းကို စုံစမ်းရှာဖွေသည်ရှိသော် တစုံတခု ရစရာ ယူစရာကို လုံးဝမတွေ့မမြင်ရသကဲ့သို့ ထို့တူပမာ ဓာတ်ကြီး ၄၂-ပါးခေါ်သော ဤခန္ဓာကိုယ်ကြီးထဲမှာ ငါ့ကိုယ် ငါ့ဟာ ငါဟု ဆိုရလောက်အောင် (၀ါ) ဆိုနိုင်လောက်အောင် တစုံတရာ တစုံတခုကိုမှ ရှာ၍မတွေ့ရတော့ပေ။ အဘယ့်ကြောင့်ဆိုသော် အဆိုပါ ၄၂-ပါး သော ဓာတ်ကြီးထဲမှာ သူမပါ ငါမရှိ၊ ဘယ် သူ-ငါ-ယောကျ်ား-မိန်းမ မရှိ၊ သူငါဟူသော မြူမျှ ရှာမရ၊ သူငါတို့နှင့် ဘာမျှမစပ်ယှက်-မပတ်သက်၊ သူငါတို့ဆိုတဲ့ ပညတ်တို့နှင့် အလွတ် သက်သက်ကြီးသာဖြစ်နေ၍ ဤ ၄၂-ပါးသော ဓာတ်ကြီးထဲမှာ သူ-ငါ-ယောကျ်ား-မိန်းမဟူက မရှိလုံးဝ ဆိတ်သုဉ်း၍နေသော သုညအနတ္တတို့သာ ဖြစ်နေသောကြောင့်ပေတည်း။

ငါ့ကိုယ်-ငါ့ဟာ-ငါမဟုတ်-နာမ်ရုပ်အနတ္တ

နေတံမမ? နေသောဟမသိ့မ၊ နှ မေသော အတ္တာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။

တံ ဧတံ၊ ထိုဓာတ်ကြီးလေးပါး၊ ဓာတ်ကြီး ၄၂-ပါးတို့သည်။ မမ၊ ငါ၏။ နှ သန္တံ၊ ဥစ္စာမဟုတ်။ နေသောဟမသ္မိ၊ ငါလည်းမဟုတ်။ နှ မေသော အတ္တာ၊ ငါ့ကိုယ်လည်းမဟုတ်။ နာမ်ရုပ် အနတ္တသာ ဟုတ်မှန်ပါတကား။ ဣတိ၊ ဤတို့၊ ဧဝမေတံ ဧဝံ ဏာတံ၊ ဤသို့လျှင်။ ယထာဘူတံ၊ မဖောက်မပြန် ဟုတ်မှန်စွာ။ သမ္မပ္ပညာယ၊ ကောင်းသော ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏ ဟူလို။

လက္ခဏာရေးဆိုက် သစ္စာလေးပါးကိုက်

ဤသို့ ဤပုံ ဓာတ်ကြီးပေါ်မှာ ပညာမျက်စိ ဉာဏ်မျက်စိ ဝိပဿနာမျက်စိဖြင့် စေ့စေ့ငုငု ကြည့်ရှုသည်ရှိသော် သူ-ငါ-ယောကျ်ား-မိန်းမ စသော ပညတ်ကို လုံးဝမမြင်၊ လောကဌ် ပြောဆိုနေကြသည့် သူ-ငါ-ယောကျ်ား-မိန်းမ စသော ပညတ်ပျောက်, ပရမတ်ပေါက်၊ အနိစ္စ-ဒုက္ခ-အနတ္တဆိုတဲ့ လက္ခဏာဆိုက်၊ ဒုက္ခ-သမုဒယဆိုတဲ့ သစ္စာလေးပါး ကိုက်အောင် မနေ မနား မီးပွတ်သော ယောကျ်ားကဲ့အလားသို့ မဂ်ဆိုက် ဖိုလ်ပေါက် နိဗ္ဗာန် ရောက်အောင် ရှုမှတ်ရမည်ဟု သိမှတ်ပါလေ။ (ဤကား-လက္ခဏာရေးသုံးပါး ထင်သည်ထက် ထင်သည်ကို ပြဆိုခြင်းတည်း။)

အရိယာနှင့်ပုထုဇဉ်

လက္ခဏာရေးသုံးပါးတို့ကို မဖောက်မပြန် ဟုတ်မှန်စွာ ထိုးထွင်း၍ သိမြင်ခြင်းမှာ မဂ်သို့ရောက်သော အရိယာတို့မှသာလျှင် ထင်မြင်နိုင်သည်။ ပုထုဇဉ်တို့မှာ သပ္ပုရိသူပနိဿယ သဒ္ဓမ္မဿဝန ယောနိသော မနသိကာရ သုတမယဉာဏ် ဘာဝနာမဉာဏ်၏ အစွမ်းဖြင့်သာ တဒင်္ဂ် ထင်မြင်နိုင်ကြသည်ဟု သိမှတ်ပါလေ။

ဖုံးလွှမ်းထားသောကြောင့်

လက္ခဏာရေးသုံးပါးတို့ကို ထိုးထွင်း၍ မသိနိုင် မထင်နိုင်ကြသည်မှာ တစုံတခုသော ဝတ္ထုကို မြက်သစ်ရွက်စသည်ဖြင့် ဖုံးလွှမ်းထားသကဲ့သို့ ဖုံးလွှမ်းထားသောကြောင့် မထင်နိုင် မမြင်နိုင်အောင် ဖြစ်ရလေသည်။

၁။ အနိစ္စကို သန္တတိပညတ်ဖြင့် ဖုံးလွှမ်းထားခြင်း

အနိစ္စကို အန္တတိပညတ်ဖြင့် ဖုံးလွှမ်းထားပုံကား ရုပ်နာမ်တရားတို့၏ ရှေ့နောက် အစဉ်မပြတ် စပ်၍နေခြင်းဟူသော အန္တတိပညတ်ဖြင့် ဖုံးလွှမ်းထားခြင်းကြောင့် တစပ်တည်း ကဲ့သို့ ဖြစ်၍ နေ၍ ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မမြင်နိုင်၍ နိစ္စ ဓုဝ သဿတ အဝိပရိဏာမဓမ္မကဲ့သို့ မှတ်ထင်နေသောကြောင့် ရုပ်နာမ်တို့၏ အနိစ္စကို မထင်နိုင် မမြင်နိုင်အောင် ဖြစ်နေကြသည်။

ဥပမာဆိုသော် - သဲသောင်ပြင် ကမ်းပါးကြီးကို မြင်သောသူသည် ဤသဲသောင်ပြင် ကမ်းပါးကြီးသည် တဖာလုံ တမိုင် တယူဇနာ စသည့်ရှိလိမ့်မည်ဟု ထင်မှတ်နေသကဲ့သို့ပေ တည်း။ သို့ရာတွင် ထင်မှတ်နေသည့်အတိုင်း မဟုတ်ချေ။ အမှန်မှာ သေးငယ်လှစွာသော

တလုံး တလုံးသော သဲလုံးကလေးတွေဟာ မရေမတွက်နိုင်အောင် ထိကာ စပ်ကာဖြစ်၍ နေပေသည်။

ဥပမာတနည်းဆိုသော်- တရွရွ သွားလာနေကြသော ခြတန်းကြီးကို မြင်ရသောသူသည် ဤခြတန်းကြီးသည် အတောင်ငါးဆယ်၊ အတောင်တရာရှိလိမ့်မည်ဟု ထင်မှတ်နေရသကဲ့သို့ မဟုတ်ချေ။ အမှန်မှာ ဆန်ခြေချိုးခန့်မျှသာရှိသော သေးငယ်လှစွာသော ခြတကောင်၏ အမြီးစွန်းနှင့် ခြတကောင်၏ ခေါင်းစွန်းချင်း ထိကပ်ကာ မရေမတွက်နိုင်အောင် ဆက်စပ်၍ သွားလာနေခြင်းမျှသာတည်း။ ထို့တူပမာ ရုပ်နာမ်တို့၏ ဥပါဒ်စွန်းဘင်စွန်းချင်းထိကာ စပ်ကာ အနှစ်ငါးဆယ်၊ အနှစ်တစ်ရာ အစဉ်မပြတ် ရှေ့နောက်စပ်၍ မရေမတွက်နိုင်အောင် ဖြစ်ပျက်နေကြသော သန္တတိပညတ်ဖုံးလွှမ်းထားသောကြောင့် အသက်ငါးဆယ်ရှိပြီ၊ အသက်တရာရှိပြီဟု ဆိုရလေသည်။ ဤလို ဤပုံ ရုပ်နာမ်တရားတို့၏ ဥပါဒ်-ဌိ-ဘင် အစဉ်မပြတ်ဖြစ်၍ နေကြခြင်းတည်းဟူသော သန္တတိပညတ် ဖုံးလွှမ်းထားသောကြောင့် အနိစ္စကို ကောင်းစွာမထင်နိုင် မမြင်နိုင်ကြဟု သိမှတ်ပါလေ။

၂။ ဒုက္ခလက္ခဏာကို ကျရိယာပထဖြင့် ဖုံးလွှမ်းထားခြင်း

ဒုက္ခလက္ခဏာကို ကျရိယာပထဖြင့် ဖုံးလွှမ်းထားပုံကား - သွားခြင်း ကျရိယာပုထ်၌ဖြစ်သော ညောင်းညာတောင့်တင်းခြင်း စသော ဒုက္ခကို ရုပ်ခြင်းကျရိယာပုထ်ဖြင့် ဖျောက်၏၊ ရုပ်ခြင်းကျရိယာပုထိ၌ဖြစ်သော ဒုက္ခကို ထိုင်ခြင်းကျရိယာပုထ်ဖြင့် ဖျောက်၏။ ဤသို့ စသည်ဖြင့် ဖြစ်တိုင်း, ဖြစ်တိုင်းသော ဒုက္ခကို ပြောင်းလွဲပေးခြင်း ကျရိယာပုထိဖြင့် ဖုံးလွှမ်းထားသောကြောင့် ဒုက္ခကို မထင်နိုင် မမြင်နိုင်ကြဟု သိမှတ်ပါလေ။

မှတ်ချက်။ ။ ဤ၌ ဖုံးလွှမ်းခြင်းဆိုသည်မှာ ကျရိယာပုထ်တပါးညောင်းလျှင် ကျရိယာပုထ်တပါး ပြောင်းပေးခြင်းကိုပင် ဖုံးလွှမ်းခြင်းဖြစ်သည်ဟု ဆိုသည်။ ဥပမာ သွားခြင်း ညောင်းလျှင် ရပ်ခြင်းကို ပြောင်းပေးခြင်း၊ ရပ်ခြင်းညောင်းလျှင် ထိုင်ခြင်းကို ပြောင်းပေးခြင်း၊ ထိုင်ခြင်း ညောင်းလျှင် လျောင်းအိပ်ခြင်းကို ပြောင်းပေးခြင်းပေတည်း။

ဤလို တပါး ညောင်းလျှင် တပါးပြောင်းပြောင်းပေးခြင်းကိုပင် ဖုံးလွှမ်းသည်ဟု ဆိုသည်။ ဤလို တပါးညောင်းလျှင် တပါးပြောင်းရွှေ့ပေးခြင်းဟူသော ကျရိယာပုထ်ဖုံးလွှမ်းသွားသောကြောင့် ဤခန္ဓာကိုယ်ကို ဒုက္ခဟု မထင်မြင်နိုင်ပေ။ ပြောင်းရွှေ့ပေးခြင်းဟူသော ကျရိယာပုထ် ဖုံးလွှမ်းသွားသောကြောင့် ဒုက္ခလက္ခဏာ မထင်မြင်နိုင်။ ကျရိယာပုထ် ဖုံးလွှမ်းသွားသောကြောင့် ဒုက္ခလက္ခဏာ မထင်မြင်နိုင်။ ကျရိယာပုထ်ကို ပြောင်းရွှေ့မပေးပဲ ထားသောအားဖြင့် ကျရိယာပုထ် ခွါပေးလိုက်ပါလျှင် သေရတော့မလို မအောင့်နိုင် မအည်းနိုင်

ဒုက္ခလက္ခဏာ ထင်လာပေလိမ့်မည်။ ခွါဆိုသည်မှာလည်း တမျိုးတဖုံ ခွါရတော့သည် မဟုတ်ပေ။

ဥပမာ သွားဆိုလျှင် မရပ်မနားပဲ ၁-နာရီ၊ ၂-နာရီစသည်ဖြင့် တသွားတည်းသွားနေခြင်း ပေတည်း။ ဤလို မရပ်မနားပဲ တသွားတည်းသွား၍ နေပါလျှင် သွားနေရတာကြောလာတဲ့အခါ ရှေ့သို့တလှမ်းဆက်၍ သွားရမည်ကို ကြောက်လာတော့သည်။ ပျင်းရိလာတော့သည်။ ငြီးငွေ့ လာတော့သည်။ ဒူးဆစ်တွေ တုန်လာတော့သည်။ သေရတော့မလို မခံမရပ်နိုင် ဖြစ်လာတော့ သည်။ ထိုအခါ “ဩော် . . . ဤခန္ဓာကိုယ်ကြီးဟာ ဒုက္ခတုံး ဒုက္ခခဲ ဒုက္ခအစုအပုံ ဒုက္ခ အသိုက်အအုံကြီးပါတကား” ဟု ဒုက္ခကို ထင်မြင်သိလာတော့သည်။

၃။ အနန္တကို ဃနဖြင့် ဖုံးလွှမ်းခြင်း

အနတ္တလက္ခဏာကို ဃနဖြင့် ဖုံးလွှမ်းပုံကား - ဆံပင်, မွေးညှင်း, ခြေညည်း(သဲ), လက်သည်း(သဲ), သွား, အရေ စသော ၃၂-ပါးသော ကောဋ္ဌာသတို့သည် ဆံပင်နေရာ ဆံပင်၊ မွေးညင်းနေရာ၌ မွေးညင်း စသည်ဖြင့် သူ့နေရာနှင့်သူ ဖြစ်နေကြ၍ ဤဆံပင်စသော ၃၂-ပါး သော အခြင်းအရာတို့သည် အသီး, အသီး၊ အစု, အစု၊ တခုစီ, တခုစီ ဖြစ်သော်လည်း တပေါင်းတည်း အစိုင်အခဲကဲ့သို့ဖြစ်၍ ထင်မှတ်ကြရ၏။ ထို တစုတည်းကဲ့သို့ ထင်မှတ်ကြ ရသော သဘောကိုပင် ပါဠိလိုအားဖြင့် ဃနဟုဆိုရလေသည်။ ထို ဃနဖုံးလွှမ်းခြင်းကြောင့်ပင် အနတ္တကို အနတ္တဟု မှန်စွာမသိနိုင်ကြ၍ အတ္တဟု ထင်မှတ်နေသောကြောင့် အနတ္တကို ဃနဖြင့် ဖုံးလွှမ်းခြင်းဖြစ်သည်ဟု ဆိုရလေသည်။

အမှန်မှာ သူကောင်, ငါကောင်, အတ္တကောင် မဟုတ်ချေ။ ဆံပင်အစ ကျင်ငယ်အဆုံး ၃၂-တုံး၊ ၃၂-စု၊ ၃၂-ခု၊ အပေါင်းအစု၊ ပုဂ္ဂိုလ်သတ္တဝါ ဆိုသည်မှာ သီးခြားသတ္တဝါ မဟုတ်၊ အသက်ကောင် လိပ်ပြာကောင်မဟုတ်၊ ဘာတခုမှမသိတတ်၊ ရုပ်ပရမတ် နာမ်ပရမတ် မမြဲ ဆင်းရဲ အစိုးမရ မလှမပ မတင့်တယ် စက်ဆုပ်ရွံရှာဖွယ် ဓာတ်ပရမတ် အပေါင်းအစုမျှသာ ဖြစ်၏။

နိဗ္ဗိန္ဒဉာဏ် ရင့်သန်လာဖို့ရန်

ထိုလက္ခဏာရေးသုံးပါးတို့ကို ရှုပွားရာတို့၌ ရှေးဦးစွာ အနိစ္စ, အနိစ္စ လက္ခဏာ၊ ဒုက္ခ, ဒုက္ခလက္ခဏာ၊ အနတ္တ,အနတ္တလက္ခဏာတို့ကို သိထားရာ၏။ ထိုတွင် ရုပ်နာမ်တရားဒြဗ်သည်၊ ဝါ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားသည် အနိစ္စမည်၏။ ထိုရုပ်နာမ်၊ ဝါ၊ ရုပ်နာမ်ခန္ဓာတို့၌ အမြဲကပ် လျက် တည်ရှိနေသော သန်တလက္ခဏာခေါ်သော ဥပါဒ် ဌိ ဘင် သုံးခုသည် ရုပ်နာမ်ဒြဗ်ကို

မမြဲဟု မှတ်ကြောင်းဖြစ်၍ လက္ခဏာမည်၏။ ဤနှစ်ရပ်ကိုပေါင်း၍ အနိစ္စလက္ခဏာမည်၏။ ။ ထိုရုပ်နာမ်ခန္ဓာတို့၌ အမြဲတမ်းကပ်လျက်ပါရှိနေသော ဥပါဒ်-ဌိ- ဘင် သုံးခုကို သဘောပေါက်အောင် ထင်မြင်မှ ရုပ်နာမ်ခန္ဓာတို့၌ တစ တစ မုန်းတီးငြီးငွေ့ခြင်း နိဗ္ဗိန္ဒာဏ် ဖြစ်ပေါ်လာနိုင်၏။

ဥပမာဆိုသော်-အဝတ်အထည်ရောင်းသော စျေးဆိုင်၌ရှိသော ပုဆိုးသည် အစ၌လည်းကောင်း၊ အလယ်၌လည်းကောင်း၊ အဆုံး၌လည်းကောင်း ကြီးစွာသော အပေါက်သုံးခုရှိ၏။ သို့သော် ထိုပုဆိုးကို ကောင်းစွာခေါက်ထားသဖြင့် ထိုအပေါက်ကို မမြင်ရပေ။ ပုဆိုးဝယ်ယူလိုသောသူသည် ပုဆိုးတို့ကိုဖြန့်၍ အဆင်းသဏ္ဌာန်ကို မြင်ရလျှင် ငွေကျပ် ၅၀-၁၀၀ ပေး၍ ဝယ်ယူလိုသောဆန္ဒများစွာဖြစ်ပေါ်လာ၏။ ပုဆိုးကိုပြန်၍ကြည့်သော် အစ-အလယ်-အဆုံး သုံးခုသော အပေါက်တို့ကိုမြင်၍ စပါးလေးလုံးခန့် (တချင်ရွေး)မျှပေး၍ ဝယ်ယူလို သော ဆန္ဒမရှိတော့ပြီ၊ ထိုပုဆိုး၌ မုန်းတီးငြီးငွေ့ခြင်းဖြစ်ပေါ်လာသကဲ့သို့ ထို့တူပမာ ရုပ်နာမ်ခန္ဓာတို့၏ ဥပါဒ်-ဌိ-ဘင် သုံးခုကို ဝိပဿနာဉာဏ်ဖြင့် သဘောပေါက်အောင် ထင်မြင်မှသာ ရုပ်နာမ်ခန္ဓာတို့၌ တပ်မက်ခြင်းကင်းကွာသော ဝိရာဂခေါ်သော မဂ်စိတ်၊ ဝိမုတ္တိခေါ်သော ဖိုလ်စိတ်တို့သည် ဖြစ်ပေါ်လာ၍ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရောက်နိုင်ပေသည်။ ဒုက္ခ, ဒုက္ခလက္ခဏာ၊ အနတ္တ, အနတ္တလက္ခဏာ တို့၌လည်း ထို့အတူပေတည်း။

ရုပ်နာမ်တို့ကို လက္ခဏာရေးသုံးပါးသို့တင်၍ သုံးသပ်ဆင်ခြင်ရာတို့၌ အရိယာပုဂ္ဂိုလ်တို့အား မဂ်၏ရှေ့အဖို့တို့၌ ဝိပဿနာဉာဏ်၏ အစွမ်းဖြင့် အနိစ္စလက္ခဏာ ထင်မြင်လာသည် ရှိသော ဒုက္ခလက္ခဏာ- အနတ္တလက္ခဏာတို့သည်လည်း အစဉ်အတိုင်း ထင်မြင်လာကြကုန်၏ ဟု သိမှတ်ပါလေ ယောဂီအပေါင်း သူတော်ကောင်းတို့။

အနိစ္စလက္ခဏာ - တတ္ထ အနိစ္စန္တိ ခန္ဓပဉ္စကံ။ ကသ္မာ ဥပ္ပါဝယညထတ္တာဘာဝါ ဟုတွာ အဘာဝတော ဝါ။ ဥပ္ပါဒဝယညထတ္တံ အနိစ္စ- လက္ခဏံ ဟုတွာ အဘာဝသခ်ီတော ဝါ အာကာရ ဝိကာရော။

ဒုက္ခလက္ခဏာ - ယဒနိစ္စံ တံ ဒုက္ခန္တိ ဝစနတော ပန တဒေဝ ခန္ဓပဉ္စကံ ဒုက္ခံ၊ ကသ္မာ အဘိဏှပဋိပီဠနာ။ အဘိဏှပဋိပီဠနာကာရော ဒုက္ခလက္ခဏံ။

အနတ္တလက္ခဏာ - ယံ ဒုက္ခံ တဒနတ္တာတိ ပန ဝစနတော တဒေဝ ခန္ဓပဉ္စကံ အနတ္တာ၊ ကသ္မာ အဝသဝတ္တနတော။ အဝသဝတ္တနာကာရော အနတ္တလက္ခဏံ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဆိုလိုရင်း အကျဉ်းချုပ်မှာ ခန္ဓာငါးပါးတို့ကို အနိစ္စ-ဒုက္ခ-အနတ္တဟုမှတ်လေ။ ထိုခန္ဓာငါးပါးတို့၏ မမြဲ, ဆင်းရဲ အစိုးမရသော အခြင်းအရာကို လက္ခဏာဟုမှတ်လေ။ ထိုနှစ်ပါးစုံတို့ကို ပေါင်း၍ အနိစ္စလက္ခဏာ, ဒုက္ခ-လက္ခဏာ, အနတ္တလက္ခဏာ ဆိုသည်ဟု သိမှတ်ပါလေ။

အမေးပုစ္ဆာနှစ်မျိုး

၁။ ခန္ဓာငါးပါးဆိုတာ အဘယ်နည်း။ ၂။ ခန္ဓာငါးပါးသည် အဘယ့်ကြောင့် အနိစ္စ-ဒုက္ခ-အနတ္တဖြစ်ရသနည်း ဆိုတဲ့ အမေးပုစ္ဆာနှစ်မျိုးဌ- ၁. အဖြေကား ပဋိသန္ဓေလေးပါးတို့တွင် အမိဝမ်းဌ ပဋိသန္ဓေတည်နေတဲ့အခါ ကာယဒသက ဘာဝဒသက-ဝတ္ထုဒသကဆိုတဲ့ ကမ္မဇရုပ်သုံးဆယ်ခေါ်သော ကလကရေကြည်သည် ရူပက္ခန္ဓာမည်၏။ ပဋိသန္ဓေစိတ်နှင့်အတူတကွဖြစ်သော ဝေဒနာစေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာစေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာ-သညာမှ ကြွင်းသော စေတသိက်ငါးဆယ်သည် သင်္ခါရက္ခန္ဓာမည်၏။

ဤလို ဤပုံ အဆိုပါအစုငါးစုတို့ကို အတိတ်, အနာဂတ်, ပစ္စုပ္ပန် သုံးတန်သော ကာလတို့ဌ ပေါင်းအပ် စုအပ်သောကြောင့် ခန္ဓာငါးပါးဆိုသည်ဟု သိမှတ်ပါလေ။ (ဤကား ခန္ဓာငါးပါး၏ အဖြေတည်း။)

အဆိုပါ အစုငါးစုထဲမှာ ခန္ဓာငါးပါးတို့သည် တခုတခုသော ဘဝပဋိသန္ဓေမှ စုတိသေနေ့သို့ကျအောင် အသက်ထက်ဆုံး ဥပါဒ်-ဌိ-ဘင် အနေအားဖြင့် (ဝါ) ဖြစ်ခြင်း၊ ရင့်ခြင်း၊ ပျက်ခြင်း မရပ်မနား ဖြစ်ပြန်ယင်း၊ ပျက်ပြန်ယင်း၊ ပျက်ပြန်ယင်း ဖြစ်ပြန်ယင်း မရပ်မစဲ ထပ်တလဲလဲ လျင်စွာ လျင်စွာဖြစ်၍ လျင်စွာ လျင်စွာ ပျက်နေသောကြောင့် မျက်တောင်တခတ်စာမျှ မခိုင်မြဲသော အနိစ္စသဘောသာ ဖြစ်ရ၍သည်။ ထိုခန္ဓာငါးပါးတို့သည် ဤလိုဤပုံ ဖြစ်ခြင်းဥပါဒ်ဖြင့်လည်း နှိပ်စက်သည်။ ရင့်ခြင်းဌိဖြင့်လည်း နှိပ်စက်သည်။ ပျက်ခြင်း ဘင်ဖြင့်လည်း နှိပ်စက်သည်။

ထိုသို့ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်း ဟူသော ဥပါဒ်-ဌိ-ဘင်အားဖြင့် မပြတ် နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခသဘောသာ ဖြစ်ရ၍သည်။ ထိုခန္ဓာငါးပါးတို့ကို ဖြစ်ခြင်း ဥပါဒ်သို့ မရောက်ရအောင်၊ ရင့်ခြင်း ဌိသို့မရောက်ရအောင်၊ ပျက်ခြင်းဘင်သို့မရောက်ရအောင် မည်သည့် လူ နတ် ဗြဟ္မာ သတ္တဝါ တစုံတစ်ယောက်မှ မတတ်နိုင်၊ မတားဆီးနိုင်၊ စိုးမပိုင်။ ပိုင်သူ-နိုင်သူ-စိုးပိုင်သူ-ချုပ်ချယ်နိုင်သူ လုံးဝမရှိသောကြောင့်လည်းကောင်း အဆိုပါ ရုပ်နာမ်

ခန္ဓာထဲမှာ ပုဂ္ဂိုလ်သတ္တဝါ မပါ၊ ပုဂ္ဂိုလ်သတ္တဝါ မရှိ၊ ပုဂ္ဂိုလ်သတ္တဝါဟူက မရှိလုံးလုံး ဆိတ်သုဉ်း၍ နေသောကြောင့်လည်းကောင်း၊ (ဝါ) နိစ္စသာရ, သုခသာရ, အတ္တသာရ မရှိလုံးလုံး ဆိတ်သုဉ်း၍နေသောကြောင့်လည်းကောင်း (ဝါ) အလိုသို့လိုက် အကြိုက်သို့ ပါစေနိုင်တဲ့ ပြုလုပ်ခံစားတတ်သော ကာရကအတ္တ၊ ဝေဒကအတ္တ၊ နိဝါသီအတ္တ၊ သယံဝသီအတ္တဟူသော မရှိလုံးလုံး ဆိတ်သုဉ်း၍ နေသောကြောင့်လည်းကောင်း သူကောင် ငါကောင်အတ္တမဟုတ်၊ နာမ်ရုပ် အနတ္တသဘောသာ ဖြစ်ရရှာသည်ဟု သိမှတ်ပါလေ။

(ဤကား ခန္ဓာငါးပါးသည် အနိစ္စ, ဒုက္ခ, အနတ္တသဘော ဖြစ်ရခြင်း၏ အဖြေတည်း။)

ဥဒယဗ္ဗယဉာဏ် ပြီးဆုံးခြင်း

အဆိုပါ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်တဲ့ ရုပ်နာမ်ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ အနိစ္စ, ဒုက္ခ, အနတ္တကိုလည်းကောင်း၊ အနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတို့ကို လည်းကောင်း ဆိုခဲ့ပြီးတိုင်း ပိုင်းခြားမှတ်သားပြီးလျှင် ထိုခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို အနိစ္စ-အနိစ္စ ဟူ၍လည်းကောင်း၊ ဒုက္ခ-ဒုက္ခ ဟူ၍လည်းကောင်း၊ အနတ္တ-အနတ္တ ဟူ၍ လည်းကောင်း၊ (ဝါ) မမြဲ-မမြဲဟူ၍လည်းကောင်း၊ ဆင်းရဲ-ဆင်းရဲ ဟူ၍လည်းကောင်း၊ အစိုးမရ-အစိုးမရ ဟူ၍လည်းကောင်း နေ့ညမခြား မီးပွတ်သောယောက်ျားကဲ့အလားသို့ မနေမနား ပွားများအားထုတ်သည်ရှိသော် ထိုဥဒယဗ္ဗယဉာဏ်သည် ရင့်သန်ထက်မာခြင်းသို့ ရောက်သည်ဖြစ်၍ (ဝါ) ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဖြစ်နှင့် အပျက်ကိုသာ မြင်နေရတော့သည် ဖြစ်၍ (ဝါ) သွားလျှင်လည်း ဖြစ်ပျက်၊ ရပ်လျှင်လည်း ဖြစ်ပျက်၊ ထိုင်လျှင်လည်း ဖြစ်ပျက်၊ လျောင်းလျှင်လည်း ဖြစ်ပျက် စသည်ဖြင့် ဘယ်အရာမဆို ဖြစ်ပျက်နှစ်ခုကိုသာ ပိုင်ပိုင်နိုင်နိုင် မိမိဉာဏ်ဝမှာ တရေးရေး ထင်မြင်လာတော့၏။ ထိုအခါ ဤဥဒယဗ္ဗယဉာဏ်သည် ထိပ်တန်းသို့ ရောက်တော့၏ (ဝါ) အပြီးအဆုံးသို့ ရောက်တော့၏ဟု သိမှတ်ပါလေ။

ဘင်္ဂဉာဏ်

ဤလိုဤပုံ အဖြစ်နှင့် အပျက်ကိုသာ ထင်မြင်နေသော ဥဒယဗ္ဗယဉာဏ်သည် လျင်စွာ လျင်စွာ ထင်မြင်လာသည်ရှိသော် ရုပ်နာမ်တို့၏ ဖြစ်ပေါ်စ ဥပါဒ်ကိုလည်းကောင်း၊ ဝါ၊ အဖြစ်ကိုလည်းကောင်း၊ အလယ်၌ပျက်အံ့ဟု ဘင်သို့ရှေ့ရှုနေသော ဌိကိုလည်းကောင်း၊ ဖြတ်ကနဲ ပြတ်စဲသွားတဲ့ ဘင်ကိုလည်းကောင်း၊ ရုပ်နာမ်တို့၏ဖြစ်ခြင်း ပဝတ္တကိုလည်းကောင်း၊ ဖြစ်ကြောင်း နိမိတ္တကိုလည်းကောင်း မမှိမရောက်နိုင်တော့ပဲ ကောင်းကင်အထက် လျှပ်စစ်ကို ကြည့်သောသူသည် လျှပ်စစ်၏ လျင်မြန်ခြင်းကြောင့် လျှပ်စစ်၏ဖြစ်ပေါ်စကို မသိမမြင် လိုက်ရတော့ပဲ အပျက် အပျက်ကိုသာ မြင် မြင်နေရသကဲ့သို့ ရုပ်နာမ်ဓမ္မသခ်ါရတို့ကို

ရှုမှတ်တိုင်း ရှုမှတ်တိုင်းတို့၌ တပျက်တည်းပျက်နေတဲ့ အပျက်အပျက်ကိုသာ ထင်မြင်နေတော့သည်။ ဘာမဆို သွားလျှင်လည်းပျက်၊ ရပ်လျှင်လည်းပျက်၊ ထိုင်လျှင်လည်းပျက်၊ အိပ်လျှင်လဲပျက် စသည်ဖြင့် အပျက်အပျက်ကိုသာ မြင်နေတော့သည်။ အပျက်၌သာ အသိဉာဏ်သည် တည်နေတော့၏။

ထိုအခါ ကွဲဆဲဖြစ်သော အိုးခွက်၊ ကြော်ချက်ဆဲဖြစ်သော နှမ်းကဲ့သို့ အဖြစ်ကိုမမြင် အပျက်အပျက်ကိုသာ မြင်နေတော့၏။ တနည်းဆိုသော် မိုးသည်းထန်စွာ ရွာနေတဲ့အခါ ကမ်းထိပ်ကရပ်၍ ရေပြင်ကိုကြည့်နေပါလျှင် ရေပြင်ထဲမှာ ရေတွေဟာ လျင်စွာ လျင်စွာဖြစ်၍ လျင်စွာလျင်စွာ ပျက်ပျက်သွားကြသော ရေမြှုပ်ရေပွက်တို့ကိုသာ မြင်မြင်နေရသကဲ့သို့ ခပ်သိမ်းသော ရုပ်နာမ်သင်္ခါရတို့သည် လျင်စွာ လျင်စွာ ပျက်ပျက်နေကြတော့သည်တို့ကို မိမိဉာဏ်ဝမှာ တရေးရေး ထင်မြင်နေတော့၏။

ဤလိုဤပုံ မဟာဘုတ်ရုပ်တို့အပေါ်၌ ဖြစ်စေ၊ ဥပါဒါရုပ်တို့အပေါ်၌ဖြစ်စေ၊ လေးပါးသော ဣရိယာပုထ် ရုပ်တို့အပေါ်၌ဖြစ်စေ၊ ခြောက်ဒွါရ ခြောက်အာရုံတို့၏ အပေါ်၌ဖြစ်စေ ရှုမှတ်တိုင်း ရှုမှတ်တိုင်းတို့၌ အဖြစ်ကို မမြင်ရတော့ပဲ အပျက်အပျက်ကိုသာ တရေးရေး ထင်မြင်နေသောဉာဏ်သည် ဘင်္ဂဉာဏ်မည်၏။ ဉာဏ်စဉ်တဆင့်တက်သည်မည်၏။ မည်သို့မှ ရှုမှတ်ရန်မလို၊ မြင်တဲ့အတိုင်းသာ မပြတ်မစဲ ထပ်တလဲလဲ ရှုမှတ်နေရမည်။ ဤသို့ ရှုမှတ်နေခြင်းဖြင့် ဤဘင်္ဂဉာဏ်ရင့်သန်၍ ထိပ်တန်းသို့ရောက်သည်ရှိသော် ဘယဉာဏ်သို့ သူ့အလိုလို ရောက်သွားပေလိမ့်မည်။

တနည်းဆိုသော် (၁) အာရုံ၏ ဘင်ကိုလည်းကောင်း၊ (၂) ထိုဘင်စွန်းကိုမြင်သော စိတ်၏ ဘင်ကိုလည်းကောင်း၊ (၃) ထိုဘင်စွန်းကိုမြင်သော ရှုမှတ်စိတ်၏ ဘင်အစွန်းကို လည်းကောင်း ဤလို အာရုံ၏ဘင်၊ စိတ်မှတ်စိတ်၏ဘင်၊ ထိုစိတ်၏ဘင်၊ ဤသုံးချက်ကို သိမြင်သော ဘင်္ဂဉာဏ်သည် ထိပ်တန်းသို့ ရောက်လေတော့၏။

ဥဒယဗ္ဗယဉာဏ်နှင့် ဘင်္ဂဉာဏ်တို့၏အထူး

ရှုမှတ်တိုင်း ရှုမှတ်တိုင်းတို့၌ ရုပ်နာမ် သင်္ခါရတို့၏ အပိုင်းအပိုင်း တပြတ်စီ၊ တပြတ်စီ ဖြစ်နေသည်တို့ကို သိမြင်ခြင်းသည် ဥဒယဗ္ဗယဉာဏ်မည်၏။ အဖြစ်ကို လုံးဝ မမြင်ရတော့ပဲ တပိုင်းစီ တပိုင်းစီ ပျက်ပျက်သွားတဲ့ အပျက် အပျက် သက်သက်ကိုသာ မြင်မြင်နေရသည်မှာ ဘင်္ဂဉာဏ်မည်၏။ ဤသို့ထူးကြ၏။

သေမင်းမမြင်နိုင်တော့ပြီ

ယထာ ပုဗ္ဗဏ္ဍကံ ပသေ၊ ယထာ ပသေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

(ဓမ္မပဒ)

ပုဗ္ဗဏ္ဍကံ၊ လျင်စွာ လျင်စွာ ပျက်စီး၍နေသော ရေပွက်ကို။ ပသေ ယထာ၊ မြင်နေရသကဲ့သို့လည်းကောင်း။ မရီစိကံ၊ နေပူတံလျှပ်ကို။ ပသေ ယထာ၊ မြင်နေရသကဲ့သို့လည်းကောင်း။ ဧဝံ တထာ၊ ထို့အတူ။ လောကံ၊ ရုပ်နာမ်လောကကို။ အဝေက္ခန္တံ၊ အပျက်ကို သာမြင်၍နေသော ယောဂီပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ သေမင်းသည်။ (အရဟတ္တာဓိဂမေန ပုနဗ္ဘဝါဘာဝတော၊ ယခုလက်ရှိဘဝ အရဟတ္တမဂ်သို့ရောက်သဖြင့် နောင်တဖန် ပဋိသန္ဓေ မနေရတော့သည်ဖြစ်၍ သေခြင်းတရား မရှိသောကြောင့်။) နပဿတိ၊ မမြင်နိုင်ပါတော့သတည်း။

မှတ်ချက်။ ။ ဤ ဘင်္ဂဉာဏ်မှ စ၍ အနုလောမဉာဏ်တိုင်အောင် အပျက်ကိုချည်း စူးစိုက်၍ ရှုမှတ်ရမည်။ နည်းလမ်း ကျခဲ့လှသည်။ သတိပြုပါ။ ဤလို ရှုခြင်းမျိုးဟာ သေမင်းမမြင်နိုင်တဲ့ နည်းပဲ ဖြစ်သည်။ သေမင်း မမြင်နိုင်အောင် ဘင်္ဂဉာဏ်ကိုရအောင် အားထုတ်ပါလေ။

ဘင်္ဂဉာဏ်၏ အာနိသင် ရှစ်ပါး

တတြိမေ အဋ္ဌာနိသံသာ (ပ) အရတိရတိသဟနတာတိ ဟူသော ဝိသုဓင်္နှင့်အညီ ဤ-ဘင်္ဂဉာဏ်ကိုရအောင် ယောဂီပုဂ္ဂိုလ်သည်-

၁။ သေသော်လည်း မပြတ်၊ ထပ်ပြီး ဖြစ်ဦးမှာပဲ ဟု ယူမှားသော သဿတဒိဋ္ဌိအယူမှားကို ပယ်နိုင်ခြင်း။

၂။ မိမိသက်၌ ငဲ့ကွက်ခြင်းကို စွန့်နိုင်ခြင်း။

၃။ နေ့ညဉ့် မပြတ် ဝိပဿနာအလုပ်ကို လွန်စွာ အားထုတ်နိုင်ခြင်း။

၄။ စင်ကြယ်သော အသက်မွေးမှုရှိခြင်း။

၅။ နဝကမ္မမှု ကိစ္စ ကြီးငယ်တို့၌ ကြောင့်ကြအားထုတ်မှုကို စွန့်ပယ်နိုင်ခြင်း။

၆။ မိမိကိုယ်ကို ချစ်ခင်ခြင်းကင်းသဖြင့် ကြောက်ခြင်း ထိတ်လန့်ခြင်း ကင်းခြင်း။

၇။ အရာရာတို့၌ သည်းခံနိုင်ခြင်း၊ ကောင်းသောအမှု၌ မွေ့လျော်ခြင်း။

၈။ ဆိတ်ငြိမ်သော တောကျောင်း၌ သမထ ဝိပဿနာဟူသော လွန်ကဲသော ကုသိုလ်၌ မမေ့လျော့ခြင်း၊ ကာမဂုဏ်တို့၌ မွေ့လျော်ခြင်းတို့ကို နှိမ်နင်းနိုင်ခြင်း။

ဤရှစ်ပါးတို့တည်း။

ဆောင်ပုဒ်လင်္ကာ

ဘင်္ဂဏ်တွင်၊ ကျိုးရှစ်အင်ကား၊ သဿတဖျက်၊ အသက်မခင်၊ ဘာဝနာယှဉ်၊ သက်မွေးမှားစင်၊ ဗျာပါဒကြဉ်၊ အတ္တစင်၍၊ လုံးစုံဘေးကင်း၊ သည်းခံခြင်းနှင့်၊ ကာမ မပျော်၊ ကောင်းမှုပျော်ဟု၊ သူတော်သဘာဝ၊ ရှစ်ဌာနသည်၊ ဘင်္ဂဏ်မြင်၊ အာနိသင်တည်း။

တိုက်တွန်းနှိုးဆော်ချက်

ဒိသွာ ယုဇ္ဈေ သဒါ တတ္ထ၊ အဋ္ဌဂုဏဝရေ ဣမေ။
အာဒိတ္တစေလသိရော၀၊ သီဃံ အမတပတ္တိယာ။

မြန်မာပြန်ကား - ထို အပျက် အပျက်ကိုသာ ထင်မြင်ရင့်သန် ဘင်္ဂဏ်၌ ဤရှစ်ပါးသော ထူးခြားတင့်အပ် ကျေးဇူးအာနိသင်မြတ်တို့ကို တပ်တပ်ထင်ထင် သိမြင်ပါ၍ လျင်လျင်မြန်မြန် မနှေးကန်ပဲ မသေရာမှန် ပြည်နိဗ္ဗာန်ကို ဇကေ့ထုတ်ချောက် အမြန်ရောက်စေခြင်း အကျိုးငှာ ဘယ်ခါမပြတ် မလစ်လပ်စေပဲ အခါခပ်သိမ်း ပုဆိုးဦးသျှောင် ရဲရဲလောင်သို့ ငြိမ်းအောင်သတ်ခြင်းငှာ လူယောကျ်ားကဲ့သို့ ကိစ္စတပါး လက်လွတ်ထားလျက် တရားကိုသာ အားထုတ်ရာသတည်း။

ဘင်္ဂဏ်ပြီး၏။

ဘင်္ဂဉာဏ်ရှုမှတ်ပုံ
ညောင်လေးပင်တောရတိုက် ဦးအရိယမထေရ်၏
ဝိသုဒ္ဓိမဂ်အရသာ မှ

စာ- ၃၂၉ မှ စာ-၃၃၃

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ပထမပိုင်း ဥ, ဘင်, ဘ သုံး

ဘေးရန်ဆယ်ပါးမှလွတ်၍ လမ်းမှန်ရောက်သော ဥဒယဗ္ဗယဉာဏ်၊ ထို့နောက် အစဉ်အတိုင်းဖြစ်သော ဘင်္ဂ, ဘဘ, အာဒီနဝ, နိဗ္ဗိန္ဒ, မုဉ္စိတု-ကမျတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာ, အနုလောမဉာဏ် ဤဝိပဿနာဉာဏ်ကိုးပါးသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ မည်၏။ စင်စစ်အားဖြင့်ကား ဝိပဿနာအကျင့် ထိပ်ဆုံးဖြစ်သော သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ် နှစ်ပါးသော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာလည်းမည်၏။

ဥပဒယဗ္ဗယ

ဘေးရန်ဆယ်ပါး နှောင့်ယှက်သောကြောင့် ပျောက်ပျက်သော လက္ခဏာရေးသုံးပါး ပြန်၍ထင်ရှားအောင ဥဒယဗ္ဗယ ဉာဏ်ကို ရှေးနည်းအတိုင်း ဥဒယငါးပါး, ဝယငါးပါးဖြင့် အားထုတ်ရသည်။ (အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်သည်စသည်ဖြင့်ပြန်ဖော်ဆိုနိုင်ရမည်။)

ဖြစ်ခြင်း ပျက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့်လည်း အနိစ္စမထင်။ ပင်ကိုအားဖြင့် သန္တတိအစဉ် ဖုံးလွှမ်းခြင်းကြောင့်လည်း အနိစ္စမထင်။ (အနိစ္စမထင်ကြောင်း နှစ်ပါး။) မပြတ်နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်း...၊ ကျရိယာပုထ် ဖုံးလွှမ်းခြင်းကြောင့် ဒုက္ခမထင်။ (နှစ်ပါး) ပထဝီ, အာပေါ စသော သဘောအကွဲအပြားကို နှလုံးမသွင်းခြင်း ...၊ ပေါင်းစုလျက် ထင်ရှားသော တစ်ခဲနက် ဖုံးလွှမ်းခြင်းကြောင့် အနတ္တမထင်။ (နှစ်ပါး)။ ထို့ကြောင့် ဥဒယငါးပါး, ဝယငါးပါးကို နှလုံးသွင်း၍ အပိုင်းအပြတ်တို့သာတည်းဟု သန္တတိအစဉ်ကို ဖျက်ခွဲရသည်။ မပြတ်နှိပ်စက်ခြင်းကို နှလုံးသွင်း၍ ကျရိယာပုထ်တစ်ခုမှ နာမ်ရုပ်၊ နောက် ကျရိယာပုထ်သို့ မရောက်ဟု ကျရိယာပုထ်ကို ဖျက်ခွဲရသည်။ ပထဝီ, အာပေါစသော သဘော အကွဲအပြားကို နှလုံးသွင်း၍ သိမ်မွေ့သော ရုပ်အစု နာမ်အစုဟု တစ်ခဲနက်ကို ဖျက်ခွဲရသည်။

ဤ၌ ခန္ဓာငါးပါးသည် အနိစ္စ, ဒုက္ခ, အနတ္တမည်၏။ လက္ခဏာ မမည်။ ဖြစ်ပြီး၍မရှိခြင်းသာ နိစ္စလက္ခဏာ၊ မပြတ်နှိပ်စက်ခြင်းသာ ဒုက္ခလက္ခဏာ၊ အလိုသို့မလိုက်ခြင်းသော အနတ္တ

လက္ခဏာ မည်၏။ ဤအပြစ်ပြ လက္ခဏာသုံးပါးကား သဘာဝဓမ္မ မဟုတ်၊ ခန္ဓာငါးပါးကိုစွဲ၍ ခေါ်ဝေါ်အပ်သော တစ္ဆေပညတ်ထူးဖြစ်၏။

အပြစ်ပြလက္ခဏာကို အာရုံပြုသော ဝိပဿနာဉာဏ်ဖြင့် အပြစ်ရှိသော ခန္ဓာငါးပါးကို ကောင်းစွာရှုလျှင် ဥဒယဗ္ဗယဉာဏ် လမ်းမှန်ရောက်၏။ သန်စွမ်း၍ သန့်ရှင်း၏။ ထို့ကြောင့် ဥဒယဗ္ဗယဉာဏ်ဖြင့် အပြစ်ပြလက္ခဏာကိုသာ အာရုံပြု၍ ပွားများရသည်။ ဥဒယဗ္ဗယဉာဏ် ပြီး၏။

ဘင်္ဂဉာဏ်

ဤသို့ အပြစ်ပြလက္ခဏာကို အာရုံပြုသောဉာဏ်ဖြင့် အနိစ္စ ဒုက္ခ အနတ္တဟု ရုပ်နာမ်တို့ကို ဖန်ဖန်စဉ်းစား နှိုင်းချိန်သော ယောဂီအား ဖြစ်ခြင်း, ပျက်ခြင်းဖြင့် လျင်မြန်စွာ ထင်ဖန်များလတ်သော် လျှပ်စစ်ပြက်သည်ကို ဖြစ်ခြင်းမမြင်လိုက်၊ ပျက်ခြင်းသာ မြင်လိုက်ရသကဲ့သို့ ဥပါဒ်လည်းမမြင်၊ ဋ္ဌိလည်းမမြင်၊ ပဝတ္တဟူသော ဥပါဒိန္နကခန္ဓာလည်းမမြင်၊ နိမိတ္တဟူသော သခ်ါရ နိမိတ်ခန္ဓာလည်း မမြင်၊ ဘင်ခဏနိရောဓ အပျက်မျှသာ မြင်ရ၏။ အပျက်၌သာ သတိဉာဏ်တည်၏။

၁။ သခ်ါရတရားအစုသည် ဤသို့ဖြစ်ပြီး၍ ဤသို့ချုပ်ကွယ်၏တကား။

၂။ လျှပ်စစ်ပြက်ခြင်းသည် မြန်လှ၏။ ဖြစ်ခြင်းမထင်ရှား။ ပျက်ခြင်းသာ ထင်ရှားသကဲ့သို့ သခ်ါရတရားအစုလည်း မြန်လှ၏။ ဖြစ်ခြင်းမထင်ရှား။ ပျက်ခြင်းသာ ထင်ရှားလှ၏တကား။

၃။ ဖြစ်ဖြစ်သမျှ သခ်ါရအစုသည် အပျက်ချည်းသာဖြစ်လေစွတကား။

ဤသို့အပျက်၌ ဝိပဿနာဉာဏ်တည်၏။ ထိုအခါ ဘင်္ဂဉာဏ်ဖြစ်သည်မည်၏။

ထိုယောဂီသည် ခန္ဓာငါးပါး၏ ဘင်ကိုလည်းကောင်း၊ ခန္ဓာငါးပါးကို အာရုံပြုသော ဝိပဿနာစိတ်၏ ဘင်ကိုလည်းကောင်း အာရုံပြု၍ ဘင်္ဂဉာဏ်ဖြင့် အနိစ္စဟု ဖန်ဖန်ရှုလျက် နိစ္စသညာကိုစွန့်၏။ ဒုက္ခဟု ရှုလျက် သုခသညာကိုစွန့်၏။ အနတ္တဟုရှုလျက် အတ္တညာကို စွန့်၏။ ငြီးငွေ့ဖွယ် နိဗ္ဗိန္ဒဟုရှုလျက် နန္ဒီကိုစွန့်၏။ စက်ဆုပ်ဖွဘ် ဝိရာဂဟု ရှုလျက် ရာဂကိုစွန့်၏။ ရာဂကို ဝိက္ခမ ္ဘနဖြင့် နိရောဓ ချုပ်ကွယ်စေလျက် သမုဒယကို စွန့်၏။ ခန္ဓ, အဘိ, ကိလေသမရဏ သုံးပါးကို ပဋိနိဿဂ္ဂ စွန့်ပစ်တွန်းလှန်လျက် အာဒါနကို စွန့်၏။ နိဗ္ဗာန်သို့လည်း ပြေးဝင်၏။

ဤသို့ ရှုဖန်များလတ်သော် ဝိပဿနာစိတ်၏ အခြားမဲ့၌ ထိုဝိပဿနာစိတ်၏ ဘင်ကို ဆင်ခြင်နိုင်၏။ ထိုအခါ ဘင်္ဂဉာဏ် အတန်ငယ်ထက်သန်၏။

ဤသခ်ၤါရဘင်မှ ဝိပဿနာဘင်သို့ အာရုံပြောင်းရွှေ့ခြင်း၊ ဖြစ်ခြင်းကိုလွှတ်၍ ပျက်ခြင်း၌သာတည်ခြင်း၊ သခ်ၤါရဘင်ကိုမြင်သော ဝိပဿနာစိတ်၏ ဘင်ကို အခြားမဲ့၌ မြင်နိုင်ခြင်း၊ ဤသည်လျှင် အာရုံကိုဆင်ခြင်သော ဘင်္ဂါနုပဿနာ မည်၏။

မြင်ရသော ပစ္စုပ္ပန်အာရုံကို အစဉ်လိုက်၍ မမြင်ရသော အတိတ်၊ အနာဂတ်အာရုံနှင့် တကွပျက်ခြင်း၊ အတူတူဟု မှတ်သားခြင်း၊ မြင်, မမြင် သခ်ၤါရနှစ်ခုတို့၏ ချုပ်ခြင်း၌ညွတ်ခြင်း၊ ဤသည်လျှင် ဝယလက္ခဏာ ဝိပဿနာ မည်၏။

ရှေးအာရုံကို သိခြင်း၊ သိ၍ ဘင်ကို အာရုံပြုသော စိတ်၏ ဘင်ကို ဖန်ဖန်ရှုခြင်း၊ ဘင်ကိုသာမြင်၍ အတ္တဆိတ်၏ဟု ထင်လာခြင်း၊ ဤသုံးပါးသည် အဓိပညာ ဝိပဿနာမည်၏။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော အနုပဿနာ သုံးပါး၌ လိမ္မာသော ယောဂီသည် နိဗ္ဗိဒါ၊ ဝိရာဂါ၊ နိရောဓာ၊ ပဋိနိဿဂ္ဂါဟူသော အနုပဿနာ လေးပါး၌ လိမ္မာ၏။ ခယဝယအားဖြင့် ထင်ခြင်း၊ ဘယအားဖြင့်ထင်ခြင်း၊ သုညအားဖြင့် ထင်ခြင်း သုံးပါး၌လည်း လိမ္မာ၏။ ဒိဋ္ဌိ အထူးထူးကြောင့် တုန်လှုပ်ခြင်း မရှိ။

ဤသို့ ဘင်္ဂဉာဏ်အားရှိသောအခါ . . .

၁။ ဤသခ်ၤါရတို့၏ ပျက်ခြင်းသည် ကွဲဆဲ အိုးခွက်တို့ကဲ့သို့ တပျက်တည်း ပျက်လေ့စွ တကား။

၂။ အိုးကင်းပူထက် နှမ်းလှော်ကျက်သကဲ့သို့ တပျက်တည်း ပျက်လေ့စွတကား။

၃။ ပရမ်းပတာကြဲသော မြူနှူသဘော အတောမသတ် လွင့်ပျက်သကဲ့သို့ အတောမသတ် ပျက်လေ့စွတကား။

ဤသို့ အပျက်ကိုသာ ရှုရသည်။ ရှုဖန်များလတ်သော် မိုးရွာစဉ် ရေပြင်၌ လျင်စွာ ပျက်သော ဥပေါင်းရေပွက်တို့ကဲ့သို့ သခ်ၤါရတို့လျင်စွာ ပျက်ပုံကိုမြင်ရ၏။ ။ ရေပွက်ပျက်ပုံ၊ တံလျှပ်ပျက်ပုံကို ရှုသကဲ့သို့ ခန္ဓာကိုယ် လောကပျက်ပုံကို ဉာဏ်ဝင်၍ ရှုသူကို သေမင်း မမြင်နိုင်ဟု ဟောသည်။ ရဟန္တာဖြစ်၍ ဘဝတစ်ဖန် မဖြစ်သောကြောင့်တည်း။

ယထာ ပုဗ္ဗုဋ္ဌကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။

ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ။

ပုဗ္ဗဥ္ဇကံ ၊ ရေပွက်ကို။ ပသေယယထာ၊ တဖျတ်ဖျတ်အသွင် မြင်ရသကဲ့သို့။ မရီစိကံ၊ တံလျှပ်ကို။ ပသေယယထာ၊ ယူစရာမထင် မြင်ရသကဲ့သို့။ ဧဝံ၊ ဤအတူ။ လောကံ၊ ခန္ဓာငါးဝ ရုပ်နာမ်လောကကို။ အဝေက္ခန်၊ ဉာဏ်သက်ဝင်၍ မြင်ရသူကို။ မစ္စုရာဇာ၊ သေမင်းသည်။ နပသဿတိ၊ မမြင်။

ခန္ဓာငါးပါးကို တွယ်တာစရာဟု မြင်သူကိုသာ သေမင်း မြင်သည်။ ရေပွက်၊ တံလျှပ် အသွင် တွယ်တာဖွယ် မမြင်သူကား ရဟန္တာဖြစ်၍ သေမင်း မမြင်နိုင်ဟူလို။

၁။ ခန္ဓာကိုယ် သခ်ၤါရတို့သည် ရေပွက်ပမာ လျင်စွာပျက်ကုန်၏။

၂။ ခန္ဓာကိုယ် သခ်ၤါရတို့သည် တံလျှပ်ပမာ လျင်စွာပျက်ကုန်၏

ဤသို့ မပြတ်ရှုလျှင် အာနိသင်ရှစ်ပါးကခြံရုံလျက် ဘင်္ဂဉာဏ် ရင့်သန်ခြင်းသို့ ရောက်လေ၏။ အာနိသင်ရှစ်ပါးကား သဿတဒိဋ္ဌိပယ်နိုင်၏။ ဇီဝိတနိကန္တိကို စွန့်နိုင်၏။ (၂)။ မပြတ်အားထုတ်နိုင်၏။ အသက်မွေးစင်ကြယ်၏။ (၂)။ ကိစ္စကြီးငယ် ကြောင့်ကြပယ်နိုင်၏။ ကြောက်လန့်ခြင်းမရှိ။ (၂)။ သည်းခံ၍ ကောင်းမှုမွေ့လျော်၏။ ကုသိုလ်မမွေ့ ကာမဂုဏ်မွေ့ကို ဖြိုဖျက်နိုင်၏။(၂)။

ဘင်္ဂဉာဏ်၌ အာနိသင် ရှစ်ပါးကိုမြင်သိသော ယောဂီသည် ပုဆိုး, ဦးသျှောင် မီးလောင်သည်ကို ငြိမ်းအောင် အားထုတ်ရာ သကဲ့သို့ ကိစ္စတစ်ပါး ဖယ်ထား၍ အသေငြိမ်းအောင် အားထုတ်ရာ သကဲ့သို့ ကိစ္စတစ်ပါး ဖယ်ထား၍ အသေငြိမ်းအောင် အမြဲအားထုတ်ရာ၏။ ။ ဘင်္ဂီနုပဿနာဉာဏ်ပြီး၏။

“ဘဂီနုပဿနာ ဉာဏနိဒ္ဒေသ”

ရည်ညွှန်း - ပဋိသမ္ဘိဒါမဂ်ပါဠိတော်နိဒ္ဒေသ

စာ-၆၄ မှ ၆၆ ထိ

၅၁။ အရမ္ဘဏံ၊ ရုပ်အစရှိသောအာရုံကို။ ပဋိသင်္ခါ၊ ရှုဆင်ခြင်ပြီး၍။ ဝါ၊ ကုန်သည် ပျက်သည်ဟု သိမြင်ပြီး၍။ ဘင်္ဂါနုဿနေ၊ ရှုမြင်သော ထိုစိတ်၏အပျက်ကို တဖန်ရှုရာ၌။ (ပဝတ္တာ၊ ဖြစ်သော။) ပညာ၊ ပညာသည်။ ဝိပဿနေဉာဏံ၊ ဝိပဿနာဉာဏ် မည်သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း ဟူမူကား။

ရူပါရမ္မဏတာ၊ ရုပ်လျှင်အာရုံရှိသော။ (ရုပ်လျှင်အာရုံရှိသည်၏အဖြစ်၌-လည်းဟူ) စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ ဘိဇ္ဇတိ၊ ပျက်၏။ တံ အာရမ္မဏံ၊ ထိုရုပ်အာရုံကို။ ပဋိသင်္ခါ၊ ကုန်သည်ပျက်သည်ဟု သိမြင်ပြီး၍။ တဿ စိတ္တဿ၊ ထိုသိမြင်သောစိတ်၏။ ဘင်္ဂံ ၊ အပျက်ကို အနုပဿတိ၊ တဖန်ရှု၏။ ဝါ၊ အဖန်တလဲလဲရှု၏။

အနုပဿတိတိဇ္ဈာ၊ အနုပဿတိဟူသော ဉာဏ်ပုဒ်၌။ ကထံ၊ အဘယ်သို့လျှင်။ အနုပဿတိ၊ တဖန်ရှုပါသနည်း။ အနိစ္စတော၊ မမြဲဟု။ အနုပဿတိ၊ ရှု၏။ နိစ္စတော၊ မြဲသည်ဟု။ နော အနုပဿတိ၊ မရှု။ ဒုက္ခတော၊ ဆင်းရဲဟု၊ အနုပဿတိ၊ ရှု၏။ သုခတော၊ ချမ်းသာဟု။ နော အနုပဿတိ၊ မရှု။ အနတ္တတော၊ အတ္တမဟုတ်ဟု၊ အနုပဿတိ၊ ရှု၏။ အတ္တတော၊ အတ္တဟု။ နော အနုပဿတိ၊ မရှု။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နော နန္ဒတိ၊ မနှစ်သက်, မပျော်မွေ့။ ဝိရဇ္ဇတိ၊ တပ်မက်ခြင်းကင်း၏။ နော ရဇ္ဇတိ၊ မတပ်မက်။ နိရောဓေတိ၊ ချုပ်စေ၏။ နော သမုဒေတိ၊ မဖြစ်စေ။ ပဋိနိဿဇ္ဇတိ၊ စွန့်လွှတ်၏။ နော အာဒိယတိ၊ လက်မခံ, မယူ။

၅၂။ အနိစ္စတော၊ မမြဲဟု။ အနုပဿန္တော၊ ရှုသည်ရှိသော်။ နိစ္စသည်၊ မြဲသည်ဟု ထင်မှတ်မှု နိစ္စသညာကို။ ပဇဟတိ၊ ပယ်၏။ ဒုက္ခတော၊ ဆင်းရဲဟု။ အနုပဿန္တော၊ ရှုသည်ရှိသော်။ သုခသည်၊ ချမ်းသာဟုထင်မှတ်မှု သုခသညာကို။ ပဇဟတိ၊ ပယ်၏။ အနတ္တတော၊ အတ္တမဟုတ်ဟု။ အနုပဿန္တော၊ ရှုသည်ရှိသော်။ အတ္တသည်၊ အတ္တဟု ထင်မှတ်မှု အတ္တသညာကို။ ပဇဟတိ၊ ပယ်၏။ နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့သည်ရှိသော်။ နန္ဒိ၊ နှစ်သက်ပျော်ရွှင်ခြင်းကို။ ပဇဟတိ၊ ပယ်၏။ ဝိရဇ္ဇန္တော၊ တပ်မက်ခြင်းကင်းသည်ရှိသော်။ ရာဂံ၊ တပ်မက်ခြင်းကို။ ပဇပတိ၊ ပယ်၏။ နိရောဓေန္တော၊ ချုပ်စေသည်ရှိသော်။ သမုဒယံ၊ ဖြစ်ခြင်းကို။ ပဇဟတိ၊ ပယ်၏။ ပဋိနိဿဇ္ဇန္တော၊ စွန့်လွှတ်သည်ရှိသော်။ အာဒါနံ၊ လက်ခံခြင်း, ယူခြင်းကို။ ပဇဟတိ၊ ပယ်၏။

ဝေဒနာရမ္မဏာတာ၊ ဝေဒနာလျှင် အာရုံရှိသော။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ ဘိဇ္ဇတိ၊ ပျက်၏။ ပ။ ဇရာမရဏာရမ္မဏာတာ၊ ဇရာမရဏာလျှင် အာရုံရှိသော။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပြီး၍။ ဘိဇ္ဇတိ၊ ပျက်၏။ တံအာရမ္မဏံ၊ ထိုဇရာမရဏာအာရုံကို။ ပဇ္ဇီသခ်ီ၊ ကုန်သည် ပျက်သည်ဟုသိမြင်ပြီး၍။ တသ စိတ္တာသ၊ သိမြင်သော ထိုစိတ်၏။ ဘင်္ဂံ၊ အပျက်ကို။ အနုပဿတိ၊ တဖန်ရှု၏။ ။ (အနုပဿတီတိ စသည်၌ အနက်တူပြီ။)

ဝတ္ထုသကၠ်မနာစေဝ၊ အာရုံ၏အပျက်ဟူသော ရှေးဝတ္ထုမှ ဝိပဿနာစိတ်၏ အပျက်ဟူသော အခြားဝတ္ထုသို့ ပြောင်းရွှေ့ခြင်းငင်း။ ပညာယ၊ အဖြစ်အပျက် နှစ်ပါးစုံကိုရှုနေသော ပညာ၏။ ဝိဝဋ္ဋနာ စ၊ အဖြစ်မှ ဆုတ်နစ်ခြင်းငင်း။ ဝါ၊ အဖြစ်ကိုပယ်၍ အပျက်၌ တည်ခြင်းငင်း၊ အာဝဇ္ဇနာဗလဥ္စေဝ၊ (အာရုံ၏အပျက်ကိုရှုပြီးသည်၏ အခြားမဲ့၌ပင်လျှင် ထိုရှုသောစိတ်၏ အပျက်ကိုရှုခြင်းငှါ) နှလုံးသွင်းဆင်ခြင်နိုင်သော အာဝဇ္ဇန်း အားစွမ်းငင်း။ သော၊ ဤအဂ်ါသုံးပါး နှင့်ပြည့်စုံသော ဝိပဿနာသည်။ ပဇ္ဇီသခ်ီဝိပဿနာ၊ ပဇ္ဇီသခ်ီ ဝိပဿနာ မည်၏။ ဝါ၊ အာရုံ၏ အပျက်ကိုရှုပြီး၍ ဝိပဿနာစိတ်၏ အပျက်ကို တဖန်ရှုသော ဉာဏ်မည်၏။

အာရမ္မဏာအနွယေန၊ မျက်မှောက်မြင်အပ်ပြီးသော အာရုံသို့ အစဉ်လိုက်သော အနုမာန ဉာဏ်ဖြင့်။ ဥဘော၊ (မျက်မှောက်မြင်အပ်သော ပစ္စုပ္ပန်သခ်ီရနှင့် မျက်မှောက် မမြင်အပ်သော အတိတ်အနာဂတ်သခ်ီရဟူသော) နှစ်မျိုးလုံးသော အာရုံတို့ကို။ ကေဝဝတ္ထနာ၊ (တခဏခြင်း ပျက်တတ်သော သဘောအားဖြင့်) တူညီကြသည်ဟု ပိုင်းခြား မှတ်သားနိုင်ခြင်းငင်း။ နိရောဓေ၊ ပျက်ခြင်း ဘင်ဟု ဆိုအပ်သော ချုပ်ခြင်း၌၊ အဓိမုတ္တတာ၊ စိတ်ဝင်စားသည်၏ အဖြစ်, ညွတ်ကိုင်းသည်၏အဖြစ်ငင်း။ သော၊ ဤအဂ်ါနှစ်ပါးနှင့် ပြည့်စုံသော ဝိပဿနာသည်။ ဝယလက္ခဏဝိပဿနာ၊ ဝယလက္ခဏဝိပဿနာမည်၏။ ဝါ၊ အပျက်လက္ခဏာကို ရှုသော ဉာဏ်မည်၏။

အရမ္မဏဉ္စ၊ ရုပ်ဝေဒနာစသော တပါးပါးသောအာရုံကိုလည်း။ ပဇ္ဇီသခ်ီ၊ ကုန်သည် ပျက်သည်ဟုသိမြင်ပြီး၍။ ဘင်္ဂဉ္စ၊ ထိုသိမြင်သောစိတ်၏ အပျက်ကိုလည်း။ အနုပဿတိ၊ တဖန်ရှု၏။ သုညတောစ၊ ပျက်တတ်သော ပုဂ္ဂိုလ်မှ ဆိတ်သောအားဖြင့်လည်း။ ဥပဋ္ဌာနံ၊ ထင်သည်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤသုံးပါးသော ဝိပဿနာသည်။ အဓိပညာ ဝိပဿနာ၊ အဓိပညာ ဝိပဿနာမည်၏။ ဝါ၊ လွန်ကဲသော ဝိပဿနာ ဉာဏ်မည်၏။

တီသု၊ (အနိစ္စာနုပဿနာ စသည်အားဖြင့်) သုံးပါးကုန်သော။ အနုပဿနာသု၊ အနုပဿနာတို့၌။ ကုသလော၊ လိမ္မာသောယောဂီပုဂ္ဂိုလ်သည်။ စတသော-စတူသု၊ (နိဗ္ဗိဒါနုပဿနာ စသည်အားဖြင့်) လေးပါးကုန်သော။ ဝိပဿနာသုစ၊ ဝိပဿနာတို့၌ငင်း။

တယောဥဋ္ဌာနေ စ၊ (ခယ ဝယ သုညအားဖြင့် ထင်ခြင်းဟူသော) သုံးပါးသောထင်ခြင်း၌ဌင်း။ ကုသလတာ-ကုသလတာယ၊ လိမ္မာသည်၏ အဖြစ်ကြောင့်။ နာနာဒိဋ္ဌိ၊ အထူးထူးသော အယူဝါဒတို့၌။ ဝါ၊ အယူဝါဒတို့ကြောင့်။ န ကမ္မတိ၊ မတုန် မလှုပ်။

တံ၊ ထိုဝိပဿနာဉာဏ်သည်။ ဉာတဋ္ဌေန၊ သိတတ်သောအနက်သဘောကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ပဇာနနဋ္ဌေန၊ အပြားအားဖြင့်သိတတ်သောအနက်သဘောကြောင့်။ ပညာ၊ ပညာမည်၏။ တေန၊ ထို့ကြောင့်။ အာရမ္မဏံ ပဋိသင်္ခါဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဉာဏာနိုတ၊ ဉာဏံ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေသတည်း။

သတ္တမော၊ ခုနှစ်ခုမြောက်ဖြစ်သော။ ဘင်္ဂါနုပဿနာ ဉာဏနိဒ္ဒေသော၊ ဘင်္ဂါနုပဿနာဉာဏ်ကို အကျယ်ပြရာ အပိုင်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။

မြန်မာနိုင်ငံတော် မူလမင်းကွန်း

ဇေတဝန် ဆရာတော်ဘုရားကြီး

ရေးသားစီရင်တော်မူသော

ဝိပဿနာ

ဘာဝနာပဉ္စကျမ်းကြီး

အင်းစိန်မြို့-မင်းကွန်းဆရာတော်ဘုရား

ကိုယ်တိုင်ပြင်ဆင်၍

ပါဠိဆရာကြီး-ဆရာဦးဝင်း

ကြီးကြပ်ပုံနှိပ်သည်

ရန်ကုန်မြို့
ဗုဒ္ဓဘာသာနှင့်ဂဟအသင်းကြီးမှ
တာဝန်ခံရှိ ဝိုက်၍ပုံနှိပ်သည်

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၃၁၁-ခု

ဘဂ်ာဂၢ်

(ပဒ္ဒိုပဒါဉာဏ ဒဿနဝိသုဒ္ဓိ။)

ရည်ညွှန်း။ ။ မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၏
ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

၎ဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဉာဏ်၊ တဘက်ကမ်းသို့ ရောက်သော ယောဂိသည်၊ ပျက်သောခဏကို အာရုံမပြုသော်လည်း၊ ပျက်သော သဘောသည်သာလျှင် ဖြစ်သဟု၊ဖြစ်သောသဘောကို။ ဖြစ်သောခဏ ကို အာရုံမပြုသော်လည်း၊ ဖြစ်သောသဘောသည်သာလျှင် ပျက်သဟု ပျက်သော သဘောကို။ ယခုလက်ရှိ မိမိအတ္တဘောဌ ဖြစ်ပျက်သဟု၊ ရှုသော စိတ်၏ မျက်မှောက်ပြုသော အခြင်းအရာအား၊ဖြင့်၊ ဖြစ်ပျက် သဟု၊ ရှုသောဥဒယဗ္ဗယဉာဏ်နှင့်၏အဆုံးသန့်တိပစ္ဆုပ္ပန်ကိုလွန်၍ ဖြစ် သောခဏကိုအားရုံပြု၍ ဖြစ်သော သဘောကို။ ပျက်သောခဏကိုအာရုံ ပြု၍ ပျက်သောသဘောကို။ ဖြစ်ပျက်သဟုရှုသောစိတ်၏ အာရုံပြုသော အခြင်းအရာအား၊ဖြင့်၊ ဖြစ်ပျက်သဟု၊ ရှုသော ဥဒယဗ္ဗယဉာဏ်ရင့်၏ အစ၊ ခဏပစ္ဆုပ္ပန်၊ ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဉာဏ်သို့ ကျရောက်၏။ ထိုပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိဉာဏ်ကို၊ ပြီးစေလိုသော ယောဂိသည်၊ ဒိဋ္ဌဂါဟာ အမဂ္ဂေမဂ္ဂသညာဌာန၊ မာနဂါဟာ အမဂ္ဂေမဂ္ဂသညာဌာန၊ တဏှာဂါဟာ အမဂ္ဂေမဂ္ဂသညာဌာန၊ ဝိပဿနူပက္ကိလေသ၊ အညစ်အ ကြေးမှ လွတ်သော၊ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်၊ဘယဉာဏ်၊အာဒီနဝ ဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊သင်္ခါရု ပေက္ခာဉာဏ်၊ အနုလောမဉာဏ် ကိုးပါးတို့ဌ၊ အစဉ်သဖြင့်ကျင့်၍၊ အဆင့်ဆင့် ရောက်ချင်းအကျိုးဌ၊ ဥဒယဗ္ဗယဉာဏ်ကိုသာ- အစပြု၍ အားထုတ်အပ်၏။

> အဌနှံ ပန ဉာဏာနံ ဝသေန သိခါပတ္တာ ဝိပဿနာ–နဝ မဉ္ဇ သစ္စာနုလောမိကဉာဏာနိ အယံ ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိနာမ။ တံ သမ္မာဒေတုကာမေန ဥပက္ကိလေသဝိမုတ္တံ ဥဒယဗ္ဗယဉာဏံ အာဒိံ ကတွာ ဇရတော သု ဉာဏော ယောဂေါ ကရဏ်ီယော။

အဌနှံပနဉာဏာနံ၊ ရှစ်ပါးသောဉာဏ်တို့၏။ ဝသေန၊အလိုအား၊ဖြင့်။ သိခါပတ္တာ၊ အထွဋ်အထိပ်သို့ရောက်သော။ ဝိပဿနာ၊ ဝိပဿနာ ရှစ်ပါး။ နဝမဉ္ဇ၊ ကိုးခုမြောက်လည်း။ သစ္စာနုလောမိကဉာဏံ၊ သစ္စာ နုလောဉာဏ်တပါး။ ဇုတိ အယံ၊ ဤကိုးပါးသောဉာဏ်သည်ကား။

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

ပဒိုပဒါဉာဏဒဿနဝိသုဒ္ဓိနာမ၊ ပဒိုပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။တံ၊ ထိုပဒိုပဒါဉာဏဒဿနဝိသုဒ္ဓိဉာဏ်ကို။ သမ္မာဒေတုကာမေန၊ ပြီးစေသိသော။ တေနယောဂိနာ၊ ထိုယောဂိသည်။ဥပက္ကိလေသဝိမုတ္တံ၊ဝိပဿနာအညစ်အကြေးမှ လွတ်သော။ ဥဒယဗ္ဗယဉာဏံ၊ ဥဒယဗ္ဗယဉာဏ်ကို။ အာဒိံကတွာ၊ အစပြု၍။ ဇေတေသုဉာဏေသု၊ ထိုကိုးပါးသောဉာဏ်တို့၌။ ယောဂေါ၊ အားထုတ်ချင်းကို။ ကရဏီယော၊ ပြုအပ်၏။

အားထုတ်ပုံကား။ ယခုယခုကိုယ်မှာ-အပြုအပြင်အစိအရင်၊ ယခုယခု နှလုံးမှာ-အပြုအပြင်အစိအရင်၊ယခုယခုစိတ်မှာ-အပြုအပြင်အစိအရင်၊ တခုတခု၊ အစုအစုဖြစ်သောရုပ်အစဉ်၊ တခုတခု၊ အစုအစုဖြစ်သောနာမ်အစဉ်၊ ပိတ်ပင် ဖုံးကွယ်သောကြောင့်၊ အနိစ္စလက္ခဏာ မထင်၊ ထိုအစဉ်သည်လည်း၊ ဖြစ်သောသဘော ပျက်သောသဘောဟု၊ နှလုံးမသွင်းသော ယောဂိအားသာလျှင်၊ ပိတ်ပင်ဖုံးကွယ်၏ဟု၊ ဉာဏ်အားထင်အောင်၊ရှေးကာလကရှု၍၊ဥပလက္ခဏာ၊နည်းဖြင့်ပြသော ဘယ်လွမ်းသောခဏာ၊ ဘယ်လွမ်း-လွမ်းတယ်ဟု၊ အမှတ်ပြုသဖြင့်၊ ဖြစ်ပျက်သဟုရှုသောဌာန၊ ဘယ်လွမ်းပမာဏကား တတောင်၊ တတောင် ပမာဏကား ၂၄-သစ်၊တသစ်ပမာဏကား ၇-မုယော၊တမုယောပမာဏကား ၇-သနှံး၊တသနှံးပမာဏကား ၇-လိက္ခာ၊ တလိက္ခာပမာဏကား-ရထရေဏုမြူ ၃၆-လုံး၊ရထရေဏုမြူတလုံးပမာဏကား-တဇ္ဇာရီမြူ ၃၆-လုံး၊ တဇ္ဇာရီမြူတလုံးပမာဏကား-အဏုမြူ ၃၆-လုံး၊ အဏုမြူတလုံးပမာဏကား-ပရမာဏုမြူ ၃၆-လုံး၊ ပရမာဏုမြူ တလုံးပမာဏကား- ဇွန်ရှာသည်ကို အာရုံပြုသော စိတ္တက္ခဏအားဖြင့် ၁၇-ချက်၊ ခဏငယ် ၅၁-ချက်၊ အသက်ရှိသော အဝိနိဗ္ဘောဂ ရုပ်ကလာပ်တခုတခု၊ အစုအစု ဖြစ်သောရုပ်အစဉ်၊ အာရုံပြုသော စိတ္တက္ခဏ တခုတခု၊ အစုအစုဖြစ်သောနာမ်အစဉ်၊ ဖြစ်သောအခိုက်အတန့်က-ပျက်သောအခိုက်အတန့်သို့ မရောက်။ပျက်သော အခိုက်အတန့်က— ဖြစ်သော အခိုက်အတန့်သို့ မရောက်။ဘောက်ပြန်သော သဘောလက္ခဏာတခုတည်း။ အာရုံသို့ညွတ်သောသဘောလက္ခဏာ တခုတည်းပင် ဖြစ်သော်လည်း၊ ဖြစ်သောအခိုက်အတန့်နှင့်၊ ပျက်သော အခိုက်အတန့်မစပ်၊ ရှေ့နောက်အစဉ်၊ ပြတ်သော အပိုင်းအခြားကို၊ ဟုတ်သောအတိုင်း သိမြင်ချင်းသည်၊ အနိစ္စလက္ခဏာထင်သည်မည်၏။

ပဋိပဒါဥဇ္ဈာဒဿနဝိသုဒ္ဓိ

အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဒိဿ္စသမုပ္ပန္နတ္တာ နု ဥပဋ္ဌာတိ၊ ဥဒယဗ္ဗယံ ပန ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ပာကဋံ သရသတော ဥပဋ္ဌာတိ။

အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ တာဝ၊ ရှေးဦးစွာ။ ဥဒယဗ္ဗယာနံ၊ ဖြစ်ချင်း ပျက်ချင်း တို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းချင်းကြောင့်။ သန္တတိယာ၊ အစဉ်ဖြင့်။ ပဒိဿ္စသမုပ္ပန္နတ္တာ၊ ဖုံးကွယ်သည်၏ အဖြစ်ကြောင့်။ နုဥပဋ္ဌာတိ၊ မထင်။ ဥဒယဗ္ဗယံပန၊ ဖြစ်ချင်းပျက်ချင်းကို ကား။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းဆင်ခြင်၍။သန္တတိယာ၊ အစဉ်သည်။ ဝိကောပိတာယ၊ ပြတ်သည်ရှိသော်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ ယာထာဝသရသတော၊ ဟုတ်သောအတိုင်း၊ ဖြစ်ပျက်သဟုန်ရှိသော ပိမိသဘောကိုစွဲအား ဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။

ယခုယခုကိုယ်မှ- အပြုအပြင် အစီအရင်၊ တခုတခု၊ အစုအစုဖြစ်သော ရုပ်အစဉ်၊ ဇာရိယာပုထုဇဉ်တပင် ဖုံးကွယ်သောကြောင့်၊ ဒုက္ခလက္ခဏာမထင်၊ ထိုဇာရိယာပုထုသည်လည်း၊ ဖြစ်ချင်း ပျက်ချင်းဖြင့် မပြတ်နှိပ်စက်သောသဘောဟု၊ နှလုံးမသွင်းသောယောဂိအားသာလျှင် ပိတ်ပင် ဖုံးကွယ်၏ဟု၊ ဉာဏ်အားထင်အောင် ရှေးကာလကရှု၍၊ ဥပလက္ခဏာ၊ နည်းဖြင့်ပြသော၊ ဘယ်လှမ်းသောခဏာ၊ ဘယ်လှမ်း-လှမ်းတယ်ဟု၊ အမှတ်ပြုသဖြင့်၊ ဖြစ်ပျက်သဟုန်၊ ရှုသောဌာန၊ ဘယ်လှမ်းပမာဏကား- တတောင်၊ တတောင်ပမာဏကား ၂၄-သစ်၊ တသစ်ပမာဏကား ၇-မုယော၊ တမုယောပမာဏကား ၇-သနှံး၊ တသနှံးပမာဏကား ၇-လိက္ခာ၊ တလိက္ခာပမာဏကား-ရထရေဏုမြူ ၃၆-လုံး၊ ရထရေဏုမြူ တလုံးပမာဏကား-တဇ္ဇာရီမြူ ၃၆-လုံး၊ တဇ္ဇာရီမြူတလုံး ပမာဏကား-အဏုမြူ ၃၆-လုံး၊ အဏုမြူတလုံးပမာဏကား-ပရမာဏုမြူ ၃၆-လုံး၊ ပရမာဏုမြူ တလုံးပမာဏကား-ဧရှရှား သည်ကို အာရုံပြုသော စိတ္တက္ခဏအားဖြင့် ၁၇-ချက်၊ ခဏငယ် ၅၁-ချက်၊ အသက်ရှိသော အဝိနိဗ္ဘောဂ ရုပ်ကလာပ်တခုတခု၊ အစုအစုဖြစ်သောရုပ်အစဉ်၊ အာရုံပြုသော စိတ္တက္ခဏတခုတခု၊အစုအစုဖြစ်သော နာမ်အစဉ်၊ ဖြစ်သော အခိုက်အတန့်က-ပျက်သော အခိုက်အတန့်သို့

ဝိပဿနာဥာဏ်စဉ်ကျမ်းကြီး

မရောက်။ ပျက်သော အခိုက်အတန့်က- ဖြစ်သော အခိုက်အတန့်သို့ မရောက်။ ဘောက်ပြန်သော သဘောလက္ခဏာတရုတည်း။ အာရုံသို့ ညွတ်သေသဘောလက္ခဏာ တရုတည်းပင် ဖြစ်သော်လည်း၊ဖြစ်သော အခိုက်အတန့်နှင့်၊ ပျက်သော အခိုက်အတန့်မစပ်၊ ရှေ့နောက်အစဉ်၊ ပြတ်သော အပိုင်းအခြားကိုမြင်၍၊ ဖြစ်ချင်းပျက်ချင်းဖြင့် မပြတ်နိုပ်စက်သော သဘောဟု၊မဆိုသော်လည်း ဆိုလို၊ ဖြစ်ချင်း ပျက်ချင်းဖြင့် ဆင်းရဲသော ဇာရိယာပုထု် တရုတရုကို၊ ဟုတ်သော အတိုင်းသိမြင်ချင်းသည်၊ ဒုက္ခလက္ခဏာ ထင်သည်မည်၏။

> ဒုက္ခလက္ခဏံ အဘိဏှသမ္မဒိပီဠနသဿ အမနသိကာရာ ဇာရိယာပထေဟိ ပဒိဿန္တိတ္တာ နဉပဋ္ဌာတိ၊ အဘိဏှသမ္မဒိပီဠနံ မနသိကရိတ္တာ ဇာရိယာပထေ ဥဿုါဒိတေ ဒုက္ခလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်။အဘိဏှသမ္မဒိပီဠနသဿ၊မပြတ်နိုပ်စက်သောသဘောကို။ အမနသိကာရာ၊ နှလုံးမသွင်းချင်းကြောင့်။ ဇာရိယာပထေဟိ၊ ဇာရိယာပုထု်တို့ဖြင့်။ ပဒိဿန္တိတ္တာ၊ ဖုံးကွယ်သည်၏ အဖြစ်ကြောင့်။ နဉပဋ္ဌာတိ၊မထင်။ အဘိဏှသမ္မဒိပီဠနံ၊ မပြတ်နိုပ်စက်သော သဘောကို။ မနသိကရိတ္တာ၊ နှလုံးသွင်း၍။ ဇာရိယာပထေ၊ ဇာရိယာပုထု်သည်။ ဥဿုါဒိတေ၊ ကွာသည်ရှိသော်။ ဒုက္ခလက္ခဏံ၊ ဒုက္ခလက္ခဏာသည်။ ယာထာဝသရသတော၊ ဟုတ်သောအတိုင်း၊ ဖြစ်ပျက်သဟု၊ ရှုသော မိမိသဘောကိစ္စအားဖြင့်။ ဥပဋ္ဌာတိ၊ထင်၏။

ဃနမကြေက၊အနုတ္တလက္ခဏာမထင်ရှု၍၊နာနာဓာတုအဝိနိဗ္ဘောဂ၊ အထူးထူးသော သဘောမကွဲ၊ တပေါင်းတည်း အခဲမကြေဟူသည်ကား။ အဘယ်နည်း။ ။အခဲမကြေဟူသည်ကား၊ ၃-ပါးတည်း။၃-ပါးဟူသော်ကား။သမူဟဃနမကွဲ၊တပေါင်းတည်း အခဲမကြေသည်လည်းတပါး။ ကိစ္စဃနမကွဲ၊ တပေါင်းတည်း အခဲမကြေသည်လည်းတပါး။ အာရမ္မဏဃနမကွဲ၊ တပေါင်းတည်း အခဲမကြေသည်လည်းတပါး။ ဤ ၃-ပါးတည်း။ ထို ၃-ပါးသော အခဲမကြေချင်းသည်လည်း၊ ခဏအားဖြင့် ၉-ပါး။

ပဋိပဒါဥာဏဒဿနဝိသုဒ္ဓိ

၆-ပါးဟူသော်ကား။ ဖြင်သောခဏ၊ ကြားသောခဏ၊ နံသောခဏ၊ စားသောခဏ၊ ထိသောခဏ၊ သိသောခဏ၊ အားဖြင့် ၆-ပါး။ ထို ၆-ပါးတို့တွင်၊ဥပလက္ခဏာနည်းဖြင့်ပြသော၊ ဖြင်သောခဏာ၊ ဖြင်–ဖြင်တယ်ဟုအမှတ်ပြုသဖြင့်၊ ဖြစ်ပျက်သဟု၊ မရှုသောယောဂိအား၊ စက္ခုဒဿက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍၊ စက္ခုပသာဒ တရုတည်းမထင်၊ ရုပ်ကလာပ်အပေါင်းသာထင်၏။သဘောအားဖြင့်၊သမ္မာဟနုမကွဲ၊တပေါင်းတည်းအခဲမကြေ။ ။စက္ခုဒဿက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍ စက္ခုဒွါရတရုတည်းမထင်၊ ရုပ်ကလာပ်အပေါင်းသာထင်၏။ ဒွါရအားဖြင့်၊ ကိစ္စဃနမကွဲ၊ တပေါင်းတည်းအခဲမကြေ။ ။ရူပအဋ္ဌက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍၊ အဆင်းတရုတည်းမထင်၊ရုပ်ကလာပ်အပေါင်းသာထင်၏။ သဘောအားဖြင့်၊ သမ္မာဟနုမကွဲ၊ တပေါင်းတည်း အခဲမကြေ။ ။ရူပအဋ္ဌက၊ ရုပ်ကလာပ်အပေါင်းမှ ခွဲ၍၊ ရူပါရုံတရုတည်းမထင်၊ ရုပ်ကလာပ်အပေါင်းသာ ထင်၏။ အာရုံအားဖြင့်၊ အာရမ္မဏာဃနမကွဲ၊ တပေါင်းတည်း အခဲမကြေ။ ။စက္ခုဝိညာဏ် စိတ္တုပ္ပါဒ်၊ နာမ်ကလာပ်အပေါင်းမှ ခွဲ၍၊ စက္ခုဝိညာဏ်တရုတည်းမထင်၊ နာမ်ကလာပ်အပေါင်းသာ ထင်၏။ သဘောအားဖြင့်၊ သမ္မာဟ ဃနမကွဲ၊ တပေါင်းတည်း အခဲမကြေ။ ။စက္ခုဝိညာဏ်စိတ္တုပ္ပါဒ်၊ နာမ်ကလာပ်အပေါင်းမှ ခွဲ၍၊ စက္ခုဝိညာဏ်၏အမြင်တရုတည်းမထင်၊နာမ်ကလာပ်အပေါင်းသာထင်၏။ အာရုံပြုအားဖြင့်၊ အာရမ္မဏာဃနမကွဲ၊ တပေါင်းတည်း အခဲမကြေ။ ။ဤသို့ ဃနမကြေက၊ အနတ္တလက္ခဏာမထင်ရာ၌၊ နာနာဓာတုအဝိနိဗ္ဘောဂ၊ အထူးထူးသောသဘောမကွဲ၊ တပေါင်းတည်း အခဲမကြေ-ဟူသတည်း။

ဃနကြေက၊ အနတ္တလက္ခဏာ ထင်ရာ၌၊ နာနာဓာတု ဝိနိဗ္ဘောဂ၊ အထူးထူးသော သဘောကွဲ၊ ခဲ၍မနေ၊ ဃနကြေ ဟူသည်ကား၊ အဘယ်နည်း။ ။ဃနကြေ ဟူသည်ကား ၃–ပါး။၃-ပါးဟူသော်ကား။ သမ္မာဟဃနကွဲ၊ ခဲ၍မနေ ၊ဃနကြေသည်လည်းတပါး။ ကိစ္စဃနကွဲ၊ခဲ၍မနေ၊ ဃနကြေသည်လည်းတပါး။ အာရမ္မဏာဃနကွဲ၊ ခဲ၍မနေ၊ ဃနကြေသည်လည်းတပါး။ ။ဤ၃-ပါးတည်း။ ထို၃-ပါးသော ဃနကြေချင်းသည်လည်း၊ ခဏအားဖြင့် ၆-ပါး၊၆-ပါးဟူသော်ကား။ဖြင်သော

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

ခဏာ၊ ကြားသောခဏာ၊ နံသောခဏာ၊ စားသောခဏာ၊ ထိသောခဏာ၊ သိသောခဏာအားဖြင့် ၆–ပါး၊ထို၆-ပါးတို့တွင်၊

ဥပလက္ခဏာ၊နည်းဖြင့်ပြသော၊ မြင်သောခဏာ၊ မြင်–မြင်တယ်ဟု၊ အမှတ်ပြုသဖြင့်၊ ဖြစ်ပျက်သဟု၊ ရှုသောယောဂိအား၊ စက္ခုဒသက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍၊ စက္ခုပသာဒ၊ တရုတည်းသာထင်၏၊ ပထဝီစသည်မထင်။ သဘောအားဖြင့်၊ သမ္မဟာစနက္ခဲ့၊ ခဲ၍မနေ၊ စနကြေ။ ။စက္ခုဒသက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍၊ စက္ခုန္ဒြိရတရုတည်းသာထင်၏၊ ပထဝီစသည်မထင်။ ဒွါရအားဖြင့်၊ ကိစ္စစနက္ခဲ့၊ ခဲ၍မနေ၊ စနကြေ။ ။ရူပအဋ္ဌက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍၊ အဆင်းတရုတည်းသာထင်၏၊ ပထဝီစသည်မထင်။ သဘောအားဖြင့်၊သမ္မဟာစနက္ခဲ့၊ ခဲ၍မနေ၊ စနကြေ။ ။ရူပအဋ္ဌက၊ ရုပ်ကလာပ်အပေါင်းမှခွဲ၍၊ ရူပါရုံတရုတည်းသာထင်၏၊ ပထဝီစသည်မထင်။ အာရုံအားဖြင့်၊ အာရမ္မဏာစနက္ခဲ့၊ ခဲ၍မနေ၊ စနကြေ။ ။စက္ခုဝိညာဏ်စိတ္တုပ္ပါဒ်၊ နာမ်ကလာပ်အပေါင်းမှခွဲ၍၊ စက္ခုဝိညာဏ် တရုတည်းသာထင်၏၊ ဖဿစသည်မထင်။ သဘောအားဖြင့်၊ သမ္မဟာစနက္ခဲ့၊ ခဲ၍မနေ၊ စနကြေ။ ။စက္ခုဝိညာဏ်စိတ္တုပ္ပါဒ်၊ နာမ်ကလာပ်အပေါင်းမှခွဲ၍၊ စက္ခုဝိညာဏ်၏ အမြင်တရုတည်းသာထင်၏၊ ဖဿ၏ အာတွေစသည်မထင်။အာရုံပြုအားဖြင့်၊အာရမ္မဏာစနက္ခဲ့၊ခဲ၍မနေ၊စနကြေ။ ။ဤသို့စနကြေက၊ အနုတ္တလက္ခဏာထင်ရှာ၍၊ နာနာဓာတုဝိနိဗ္ဘောဂ၊အထူးထူးသောသဘောကွဲ၊ ခဲ၍မနေ၊စနကြေ-ဟူသတည်း။

ယာဟောသာ အညမညူပတ္ထဒ္ဓေသု သမုဒိတေသု ရူပါရူပဓမ္မေသု ဇာတ္တာဘိနိဝေသဝသေန အပရိမဒ္ဒိတသခ်ိဂါရေဟိ ဂယ္ဟမာနာ သမ္မဟာစနတာ။တထာ တေသံ တေသံ ဓမ္မာနံ ကိစ္စဘေဒဿ သတိပိ ပဒ္ဒိနိယတဘာဝေ ဇာတော ဂယ္ဟမာနာ ကိစ္စစနတာ။ တထာ သာရမ္မဏာဓမ္မာနံ သတိပိ အာရမ္မဏာကရဏာဘေဒေ ဇာတော ဂယ္ဟမာနာ အာရမ္မဏာစနတာစ၊ တာသု ဓာတူသု ဉာဏေန ဝိနိဘုဇ်ိတ္တာ ဝိနိဘုဇ်ိတ္တာ ဒိဿမာနာ ဟတ္ထေန ပရိမဇ္ဇိယမာနော ဖေဏပိဏ္ဍောဝိယ ဝိလယံ ဂစ္ဆတိ ယထာပစ္စယံ ပဝတ္တမာနာ သုညာ ဇတော ဓမ္မမတ္တာတိ အနုတ္တလက္ခဏံ ပါကဋံတရံ ဟောတိ။

ပဋိပဒါဥဇ္ဈာဒဿနဝိသုဒ္ဓိ

အညမညူပတ္ထဒ္ဒေသု၊ အချင်းချင်း ထောက်ပင့်ကုန်သော။ သမုဒိတေသု၊အတူတကွဖြစ်ကြကုန်သော။ရူပါရူပ ဓမ္မေသု၊ ရုပ်တရား နာမ်တရားတို့၌။ အပရိမဒ္ဒိတသခ်ါရေဟိ၊ မသုံးမသပ်၊ မမှတ်ဗိတ်ပိတ်၊ မကျိတ်မချေ၊ မကြေသော ဖောသခ်ါရတို့သည်။ဇကတ္တာဘိနိဝေသဝသေန၊ တပေါင်းတည်းယူသောအလိုအားဖြင့်။ ဂယ္ဟမာနာ၊ ယူအပ်သော။ ယာဟောသာ သမ္ဟဟဓနာတာ၊အကြင်အပေါင်းခဲသည်၏အဖြစ်။ တထာ၊ ထိုအတူ။ အညမညူပတ္ထဒ္ဓါနံ၊ အချင်းချင်းထောက်ပင့်ကုန်သော။ သမုဒိတာနံ၊ အတူတကွ ဖြစ်ကြကုန်သော။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုရုပ်တရား နာမ်တရားတို့၏။ ကိစ္စဘေဒဿ၊ ကိစ္စအပြားကို။ ပဋိနိယတဘာဝေ၊ အသီးအသီး မှတ်အပ်သည်၏ အဖြစ်သည်။ သတိပိ၊ ရှိလျက်လည်း။ အပရိမဒ္ဒိတသခ်ါရေဟိ၊ မသုံး မသပ်၊ မမှတ်ဗိတ်ပိတ်၊ မကျိတ်မချေ၊ မကြေသော ဖောသခ်ါရတို့သည်။ ဇကတောဂယ္ဟမာနာ၊ တပေါင်းတည်း ယူအပ်သော။ ယာဟောသာ ကိစ္စဓနတာ၊ အကြင်ကိစ္စခဲသည်၏အဖြစ်။တထာ၊ ထိုအတူ။ အညမညူပတ္ထဒ္ဓါနံ၊ အချင်းချင်း ထောက်ပင့်ကုန်သော။ သမုဒိတာနံ၊ အတူတကွ ဖြစ်ကြကုန်သော။ တေသံတေသံသာရမ္မဏာဓမ္မာနံ၊ ထိုထိုနာမ်တရားတို့၏။ အာရမ္မဏကရဏာဘေဒေ၊ အာရုံပြုသောအပြားသည်။ သတိပိ၊ ရှိလျက်လည်း။ အပရိမဒ္ဒိတသခ်ါရေဟိ၊ မသုံးမသပ်၊ မမှတ်ဗိတ်ပိတ်၊ မကျိတ်မချေ၊ မကြေသောဖောသခ်ါရတို့သည်။ ဇကတောဂယ္ဟမာနာ၊ တပေါင်းတည်းယူအပ်သော။ယာဟောသာအာရမ္မဏာဓနတာစ၊အကြင်အာရုံခဲသည်၏အဖြစ်။တာသုဓာတူသု၊ ထိုထိုမကြေသော အခဲသဘောတို့၌။ဉာဏောနဲ၊သိသဖြင့် သိသဖြင့်။ ဝိနိဘုဇိတ္ဝာ ဝိနိဘုဇိတ္ဝာ၊ တခုတည်းတခုတည်း၊ ကွဲ၍ကွဲ၍။ဒိဿမာနာ၊ ထင်သောသဘောတို့သည်။ ဟတ္ထေန၊ လက်ဖြင့်။ပရိမဇ္ဇိယမာနော၊ ကျိတ်ချေသော။ ပေဏဝိဏ္ဍော ဝိယ၊ရေမြှုပ်စိုင်ကဲ့သို့။ ဝိလယံ၊ ကြေချင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ယထာပစ္စယံ၊အကြောင်းအားလျော်စွာ။ ပဝတ္တမာနာ၊ ဖြစ်ကုန်သော။ အဒိဿမာနာ၊ မထင်သောသဘောတို့သည်။ သုညာ၊ ဆိတ်ကြကုန်၏။ ဇတော၊ ထိုမထင်ဗိတ်ပိတ်၊ ဆိတ်သော သဘောတို့သည်။ ဓမ္မမတ္တာ၊ အကြောင်းမျှသာဖြစ်ကြကုန်၏။ ဇာတိ၊ ဤသို့။ အနတ္တလက္ခဏံ၊ အနတ္တလက္ခဏာသည်။ပါကဋတရံ၊အထူးသဖြင့် ထင်သည်။ ဟောတိ၊ ဖြစ်၏။

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

ယခုယခုကိုယ်မှာ-အပြုအပြင်အစိအရင်၊ ယခုယခုနှလုံမှာ-အပြုအပြင်အစိအရင်၊ယခုယခုစိတ်မှာ—အပြုအပြင်အစိအရင်၊ တခုတခု၊ အစုအစုဖြစ်သောရုပ်အစဉ်၊ တခုတခု၊ အစုအစုဖြစ်သောနာမ်အစဉ်၊ တပေါင်းတည်း—အခဲပိတ်ပင်ဖုံးကွယ်သောကြောင့်၊ အနုတ္တလက္ခဏာမထင်၊ ထိုအခဲသည်လည်း၊အထူးထူးသောသဘော၊ကွဲပြားသောဟု၊ နှလုံးမသွင်းသော ယောဂိအားသာလျှင်၊ ပိတ်ပင် ဖုံးကွယ်၏ဟု၊ ညွှန်အားထင်အောင်၊ရှေးကာလကရှု၍။ ဥပလက္ခဏာ၊ နည်းဖြင့်ပြသော၊ ဘယ်လွမ်းသောခဏာ၊ဘယ်လွမ်း-လွမ်းတယ်ဟု၊ အမှတ်ပြုသဖြင့်၊ ဖြစ်ပျက်သဟု၊ ရှုသောဌာန၊ ဘယ်လွမ်းပမာဏကား—တတောင်၊ တတောင်ပမာဏကား ၂၄-သစ်၊တသစ်ပမာဏကား ၇-မုယော၊တမုယောပမာဏကား ၇-သနှီး၊ တသနှီးပမာဏကား ၇-လိက္ခာ၊ တလိက္ခာပမာဏကား ရထရေဏုမြူ ၃၆—လုံး၊ ရထရေဏုမြူ တလုံးပမာဏကား—တဇ္ဇာရီမြူ ၃၆-လုံး၊ တဇ္ဇာရီမြူ တလုံးပမာဏကား-အဏုမြူ ၃၆-လုံး၊ အဏုမြူ တလုံးပမာဏကား—ပရမာဏုမြူ ၃၆—လုံး၊ ပရမာဏုမြူ တလုံးပမာဏကား-ရွှေရှားသည်ကို အာရုံပြုသော စိတ္တက္ခဏအားဖြင့် ၁၇-ချက်၊ ခဏငယ် ၅၁-ချက်၊ အသက်ရှိသော၊ အဝိနိဗ္ဘောဂရုပ်ကလာပ်၊ တခုတခု၊ အစုအစုဖြစ်သော ရုပ်အစဉ်။ အာရုံပြုသော စိတ္တက္ခဏ၊ တခုတခု၊ အစုအစုဖြစ်သောနာမ်အစဉ်။ ဖြစ်သော အခိုက်အတန့်က-ပျက်သော အခိုက်အတန့်သို့ မရောက်။ ပျက်သော အခိုက် အတန့်က-ဖြစ်သောအခိုက်အတန့်သို့မရောက်။ဘောက်ပြန်သောသဘောလက္ခဏာ တခုတည်း၊ အာရုံသို့ညွတ်သော သဘောလက္ခဏာ တခုတည်းပင်ဖြစ်သော်လည်း၊ ဖြစ်သောအခိုက်အတန့်နှင့်၊ ပျက်သောအခိုက်အတန့်မစပ်၊ ရှေ့နောက်အစဉ်၊ ပြတ်သော အဖိုင်းအခြားကို မြင်၍၊ အထူးထူးသော သဘောကွဲ၊ခဲ၍မနေ၊ ဃနကြောဟု၊ မဆိုသော်လည်း ဆိုသလို၊ ထိုထိုသဘော၊မရောမရှပ်၊ရွှေ-တလှပ်လှပ်၊ ရှား-တလှပ်လှပ်ကို၊ ဟုတ်သော အတိုင်းသိမြင်ချင်းသည်၊ အနုတ္တလက္ခဏာထင်သည်မည်၏။

အနုတ္တလက္ခဏံ နာနာဓာတု ဝိနိဗ္ဘောဂသဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ နု ဥပဋ္ဌာတိ။ နာနာဓာတုယော ဝိနိဗ္ဘုဇိတ္တာ ဃနဝိနိဗ္ဘောဂေ ကတေ အနုတ္တလက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ။

ပဋိပဒါဥာဏဒဿနဝိသုဒ္ဓိ

အနုတ္တလက္ခဏံ၊ အနုတ္တလက္ခဏာသည်။ နာနာဓာတုဝိနိဗ္ဘောဂသဿ၊ အထူးထူးသောသဘောကွဲသည်ကို။ အမနသိကာရာ၊ နှလုံးမသွင်းချင်းကြောင့်။ ဃနေန၊အခဲဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးကွယ်သည်၏အဖြစ်ကြောင့်။ နဥပဋ္ဌာတိ၊မထင်။နာနာဓာတုယော၊ အထူးထူးသောသဘောတို့သည်။ ဝိနိဗ္ဘုဇ်္ဈတွာ၊ တခုတည်းတခုတည်းကွဲ၍။ ဃနဝိနိဗ္ဘောဂေ၊ အခဲကြေချင်းသည်။ကတေ၊ ပြုသည်ရှိသော်။ အနုတ္တလက္ခဏံ၊ အနုတ္တလက္ခဏာသည်။ ယာထာဝသရသတော၊ ဟုတ်သောအတိုင်း၊ ဖြစ်ပျက်သဟဂ္ဂသော ဓိဓိသဘောကိစ္စအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။

ဤသို့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနုတ္တလက္ခဏာ၊ ထင်သည်ရှိသော်၊ အနိစ္စ လက္ခဏာထင်ရာ၌၊အနိစ္စ၊အနိစ္စ လက္ခဏာကို၊ ကောင်းစွာမှတ်၏။ ဒုက္ခလက္ခဏာထင်ရာ၌၊ ဒုက္ခ၊ ဒုက္ခလက္ခဏာကို ကောင်းစွာမှတ်၏။အနုတ္တလက္ခဏာထင်ရာ၌၊ အနုတ္တ၊ အနုတ္တလက္ခဏာကိုကောင်းစွာမှတ်၏။

အဘယ်သို့ အနိစ္စလက္ခဏာထင်ရာ၌ အနိစ္စ၊ အနိစ္စလက္ခဏာကို ကောင်းစွာမှတ်သနည်း။

ဘောက်ပြန်သော သဘောလက္ခဏာကား၊ ရူပက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ ခံစားသောသဘော လက္ခဏာကား၊ ဝေဒနက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အမှတ်ပြုသော သဘောလက္ခဏာကား သညက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အားထုတ်သော သဘောလက္ခဏာကား၊ သင်္ခါရက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အာရုံပြုသောသဘောလက္ခဏာကား၊ ဝိညာဏက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ ဤသို့ သဘာဝလက္ခဏာ ငါးပါး ငါးပါးသော ခန္ဓာတို့သည် သဘာဝလက္ခဏာတရတခု၌၊ အစဉ်ပါဒ်၊ အလယ်ဌိ၊အဆုံးဘင်၊ ဥပါဒ်-ဌိ-ဘင်၊သဗ်ဘ လက္ခဏာရှိချင်းကြောင့်၊ အနိစ္စမည်၏။ ဥပါဒ်-ဌိ-ဘင် သဗ်ဘလက္ခဏာ၊ ဖြစ်ပျက်သော အခြင်းအရာသည်၊ အနိစ္စလက္ခဏာမည်၏။

ဤသို့ အနိစ္စလက္ခဏာထင်ရာ၌၊ အနိစ္စ၊ အနိစ္စလက္ခဏာကို၊ ကောင်းစွာမှတ်၏။

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

အဘယ်သို့ ဒုက္ခ လက္ခဏာ ထင်ရာ၌၊ ဒုက္ခ၊ ဒုက္ခ လက္ခဏာကို ကောင်းစွာမှတ်သနည်း။

ဘောက်ပြန်သော သဘောလက္ခဏာကား၊ ရူပက္ခန္ဓာ၏ သဘာဝ လက္ခဏာတည်း။ ခံစားသောသဘောလက္ခဏာကား၊ ဝေဒနာက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အမှတ်ပြုသောသဘော လက္ခဏာကား၊ သညာက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အားထုတ်သော သဘော လက္ခဏာကား၊ သင်္ခါရက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အာရုံပြုသော သဘောလက္ခဏာကား၊ ဝိညာဏက္ခန္ဓာ၏ သဘာဝ လက္ခဏာတည်း။ ။ဤသို့သဘာဝလက္ခဏာ၊ ငါးပါး၊ ငါးပါးသော ခန္ဓာတို့သည်၊ သဘာဝ လက္ခဏာ တရုတရုခို၊ ဖြစ်ချင်းပျက်ချင်းဖြင့်၊ မပြတ်ဒိန်စက် ချင်းကြောင့်၊ ဒုက္ခမည်၏။ မပြတ်ဒိန်စက်သော ဖြစ်သော အခြင်းအရာ ပျက်သော အခြင်းအရာသည်၊ ဒုက္ခလက္ခဏာမည်၏။

ဤသို့၊ ဒုက္ခလက္ခဏာထင်ရာ၌၊ ဒုက္ခ၊ ဒုက္ခလက္ခဏာကို၊ ကောင်းစွာမှတ်၏။

အဘယ်သို့ အနတ္တလက္ခဏာထင်ရာ၌၊ အနတ္တ၊ အနတ္တလက္ခဏာကို၊ ကောင်းစွာမှတ်သနည်း။

ဘောက်ပြန်သော သဘောလက္ခဏာကား၊ ရူပက္ခန္ဓာ၏ သဘာဝ လက္ခဏာတည်း။ ခံစားသော သဘောလက္ခဏာကား၊ ဝေဒနာက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အမှတ်ပြုသော သဘောလက္ခဏာကား၊ သညာက္ခန္ဓာ၏သဘာဝလက္ခဏာတည်း။ အားထုတ်သောသဘောလက္ခ ဏာကား၊ သင်္ခါရက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ အာရုံပြုသော သဘော လက္ခဏာကား၊ ဝိညာဏက္ခန္ဓာ၏ သဘာဝလက္ခဏာတည်း။ ဤသို့သဘာဝလက္ခဏာ၊ ငါးပါး၊ ငါးပါးသော ခန္ဓာတို့သည်၊ သဘာဝ လက္ခဏာ တရုတရုခို၊ မဖြစ်မီက-မဖြစ်ပါစေလင့်ဟု၊ တောင့်တမရ၊ ဖြစ်သာဖြစ်ရ။ ဖြစ်ရသော်လည်း မပျက်ပါစေလင့်ဟု၊ တောင့်တမရ၊ ပျက်သာပျက်ရ။ အလိုသို့မလိုက်ချင်းကြောင့်၊ အနတ္တမည်၏။ အလိုသို့ မလိုက်သော ဖြစ်သောအခြင်းအရာ၊ ပျက်သော အခြင်းအရာသည်၊ အနတ္တလက္ခဏာမည်၏။

ဤသို့၊ အနတ္တလက္ခဏာထင်ရာ၌၊ အနတ္တ၊ အနတ္တလက္ခဏာကို၊ ကောင်းစွာမှတ်၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ဤသို့ထိုထိုအနိစ္စ၊ အနိစ္စလက္ခဏာအလုံးစုံကို။ ထိုထိုဒုက္ခ၊ ဒုက္ခလက္ခဏာအလုံးစုံကို။ ထိုထိုအနတ္တ၊ အနတ္တလက္ခဏာအလုံးစုံကို၊ ဤယောဂိသည်၊ ဒိဋ္ဌဂါဟ—အမဂ္ဂေမဂ္ဂသညာဌာန၊ မာနဂါဟ-အမဂ္ဂေမဂ္ဂသညာဌာန၊ တဏှာဂါဟ-အမဂ္ဂေမဂ္ဂသညာဌာန၊ ဝိပဿနူပက္ကိလေသ-အညစ်အကြေးမှ လွတ်သော၊အစဉ်သဖြင့်ကျင့်သော၊ဝိပဿနာဟု ဆိုအပ်သော-ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့်၊ဟုတ်သော အတိုင်း၊ ဖြစ်ပျက်သဟု ရှုသော မိမိသဘောကိစ္စအားဖြင့်၊ ကောင်းစွာမှတ်၏။

> တယိဒံ သဗ္ဗပွိ အယံ ယောဂါဝစရော ဥပက္ကိလေသ ဝိမုတ္တော နိတိပဋိပဒုန္နဝိပဿနာသင်္ခါတေန ဥဒယဗ္ဗယာနု ပဿနာ ဉာဏေန ယာထာဝသရသတော သလ္လက္ခေတိ။

တယိဒံ သဗ္ဗပွိ၊ ထိုအလုံးစုံကိုလည်း။ အယံ ယောဂါဝစရော၊ ဤယောဂိသည်။ ဥပက္ကိလေသ ဝိမုတ္တော နှ၊ ဝိပဿနာ အညစ်အကြေးမှ လွတ်သော။ နိတိ ပဋိပဒုန္နဝိပဿနာ သင်္ခါတေန၊ အစဉ်သဖြင့် ကျင့်သော-ဝိပဿနာဟု ဆိုအပ်သော။ ဥဒယဗ္ဗယာနုပဿနာ ဉာဏေန၊ ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့်။ ယာထာဝသရသတော၊ ဟုတ်သော အတိုင်း၊ ဖြစ်ပျက်သဟုရှုသော မိမိသဘော ကိစ္စအားဖြင့်။ သလ္လက္ခေတိ၊ ကောင်းစွာမှတ်၏။

ဤသို့ကောင်းစွာမှတ်၍၊အဖနှံတလဲလဲ၊ဤကားအနိစ္စတည်း၊ဤကား၊ ဒုက္ခတည်း၊ ဤကားအနတ္တတည်းဟု၊ ရုပ်တရား နာမ်တရားတို့ကို၊ နွှင်းချိန်ပိုင်းခြားသော ထိုယောဂိအား၊ဖြစ်ပျက်သဟု ရှုသော ထိုဉာဏ်သည်၊ ထက်သည်ဖြစ်၍ ရွက်ဆောင်၏။ ရုပ်နာမ်ခန္ဓာသင်္ခါရတို့သည်၊ လျင်စွာထင်ကြကုန်၏။ ဉာဏ်သည်ထက်စွာ ရွက်ဆောင်သည် ရှိသေ၍၊ ရုပ်နာမ်ခန္ဓာသင်္ခါရတို့သည်၊ လျင်စွာထင်ကြကုန်သည်ရှိသေ၍၊သဘာဝလက္ခဏာ တခုတခု၌၊အစဉ်ပါဒိကိုလည်း မမြဲနိုင်၊ အလယ်ဌိကိုလည်း မမြဲနိုင်၊ ယခုယခုကိုယ်မှ-အပြုအပြင်အစီအရင်၊ ယခုယခုနှလုံမှ—အပြုအပြင်အစီအရင်၊ ယခုယခုစိတ်မှ—အပြုအပြင်အစီအရင်တို့၏ အကြားအကြား၊ ကိုယ်မှလည်းအား၊ နှလုံမှလည်းအား၊ စိတ်မှလည်းအား၍ နေသောကာလ၊ တခုတခု၊အစုအစုဖြစ်သော ဘဝအလျဉ်-ဘဝင်အစဉ်ကို၊ ဟုတ်သော အတိုင်းသိမြင်ချင်းသည်၊ ပဝတ္တ ထင်သည်မည်၏။

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

ထိုပဝတ္တကိုလည်း မမြိန်ိင်၊ယခုယခုကိုယ်မှာ-အပြုအပြင်အစီအရင်၊ယခု ယခုနှလုံးမှာ-အပြုအပြင်အစီအရင်၊ယခုယခုစိတ်မှာ-အပြုအပြင်အစီအရင်၊ တခုတခု၊ အစုအစုဖြစ်သော ရုပ်အစဉ်၊ တခုတခု၊ အစုအစုဖြစ်သော နာမ်အစဉ်ကို၊ သန္တတိဃနအစု၊ သမူဟဃနအစု၊ ကိစ္စဃနအစု၊ အာရမ္မဏဃနအစု၊ တခုတခု၏ အဝိုင်းအခြား၊ အဝိုင်းအခြား၊ မိမိ ကိုယ်နှင့်အလားတူအောင်၊ ယူဆောင်၍ ပြသော ဉာဏ်ဖြင့်၊သုံသင် ခြင်းလင်းပြီးဖြစ်၍၊ မတွေးမခေါ်၊မမျှော်မဆ၊ အကြောင်းနှင့် တကွဖြစ် သောရုပ်အစဉ်၊ နာမ်အစဉ်၊ ယခုယခုကိုယ်မှာ-နှလုံမှာ-စိတ်မှာ-အပြုအပြင် အစီအရင်ကို၊ဟုတ်သောအတိုင်း သိမြင်ချင်းသည်၊သဒိါရိုမိတ် ထင် သည်မည်၏၊ ထိုနိုမိတ်ကိုလည်းမမြိန်ိင်၊သဘာဝလက္ခဏာ တခုတခု၏ အဆုံး အဆုံး၊ကုန်သော သဘောကို-ကုန်သဟု၊ကင်းသော သဘောကို-ကင်းသဟု၊ ပျက်သော သဘောကို-ပျက်သဟု၊ ခြုံမ်သော သဘော ကို-ခြုံမ်သဟု၊ ရွုထင်သော သတိတခုသာ၊ ကောင်းစွာကည်၏။

> တသေ့ဝံ သလ္လက္ခေတွာ ပုနပ္ပုနံ အနိစ္စံ ဒုက္ခမနတ္တာတိ ရုပါရုပဓမ္မေ တုလယတော တိရယတော တံ ဉာဏံ တိက္ခံ ဟုတွာ ဝဟတိ၊ သဒိါရာ လဟုံ ဥပဋ္ဌဟန္တိ။ ဉာဏော တိက္ခေ ဝဟန္တေ သဒိါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံဝါ ဋ္ဌိတိ ံဝါ ပဝတ္တံဝါ နိမိတ္တံဝါ နာ သမ္မာပုဏာတိ ခယဝယဘေဒနိရောဓေ ယေဝ သတိ သန္တိဋ္ဌတိ။

၄ဝံ၊ဤသို့။သလ္လက္ခေတွာ၊ကောင်းစွာမှတ်၍။ပုနပ္ပုနံ၊ အဖန်တလဲလဲ။ အနိစ္စံ၊အနိစ္စတည်း။ဒုက္ခံ၊ဒုက္ခတည်း။ အနတ္တာ၊အနတ္တတည်း။ဣတိ၊ဤသို့။ ရုပါရုပဓမ္မေ၊ ရုပ်တရားနာမ်တရားတို့ကို။ တုလယတော၊နှိုင်းချိန်သော။ တိရယတော၊ ပိုင်းခြားသော။ တဿယောဂိနော၊ ထိုယောဂိအား။ တံဉာဏံ၊ထိုဉာဏ်သည်။ တိက္ခံ၊ထက်သည်။ ဟုတွာ၊ ဖြစ်၍။ ဝဟတိ၊ ရွက်ဆောင်၏။ သဒိါရာ၊ ရုပ်နာမ်ခန္ဓာသဒိါရိုတို့သည်။လဟုံ၊ လျင်စွာ။ ဥပဋ္ဌဟန္တိ၊ ထင်ကြကုန်၏။ ဉာဏော၊ ဉာဏ်သည်။ တိက္ခေ၊ ထက်စွာ။ ဝဟန္တေ၊ ရွက်ဆောင်သည်ရှိသော်။ သဒိါရေသု၊ရုပ်နာမ်ခန္ဓာသဒိါရိုတို့သည်။ လဟုံ၊ လျင်စွာ။ဥပဋ္ဌဟန္တေသု၊ ထင်ကုန်သည်ရှိသော်။ဥပ္ပါဒံဝါ၊ ဥပါဒ်ကိုလည်း။ နာသမ္မာပုဏာတိ၊ မမြိန်ိင်။ ဋ္ဌိတိ ံဝါ၊ ဋ္ဌိကိုလည်း။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

နသမ္မာပုဏာတိ၊ မမ်ိနိုင်။ ပဝတ္တံဝါ၊ပဝတ္တကိုလည်း။ နသမ္မာပုဏာတိ၊ မမ်ိနိုင်။ နိမိတ္တံဝါ၊ နိမိတ်ကိုလည်း။ နသမ္မာပုဏာတိ၊ မမ်ိနိုင်။ ခယဝယ ဘေဒနိရောဓေယေဝ၊ ကုန်သောသဘောတခု၊ကင်းသောသဘောတခု၊ ပျက်သောသဘောတခု၊ခြုံမ်သောသဘောတခုဖွဲ့သာလျှင်။ သတိ၊ရှုထင်သောသတိသည်။ သန်္နိဋ္ဌတိ၊ကောင်းစွာတည်ငြိ။

ဤသို့ရုပ်နာမ်ခန္ဓာသဒ်ိရေအပေါင်း၊ သဘာဝလက္ခဏာ တခုတခု၏ အဆုံးအဆုံး၊ကုန်သောသဘောကို-ကုန်သဟု၊ ကင်းသောသဘောကို-ကင်းသဟု၊ ပျက်သောသဘောကို- ပျက်သဟု၊ခြုံမ်သောသဘောကို-ခြုံမ်သဟု၊ ရှုထင်သောသတိနှင့်၊ အတူတကွ-သဟဇာတ်သမ္မယုတ်၊ စိတ္တုပ္ပါဒ်ဖြင့်၊ ကုန်သောသဘော၊ ကင်းသောသဘော၊ ပျက်သောသ ဘော၊ ခြုံမ်သောသဘောမည်သည်ကား။ ဖြစ်ပြီး၍၊ ဤမည်သောရုပ် နာမ်ခန္ဓာသဒ်ိရေအပေါင်း၊ ပျက်သည်တကားဟု၊ ရှုသော ထိုယောဂီ၏ ဉာဏ်သည်၊ သဘာဝလက္ခဏာတခုတခုကို၊ ဖြစ်ပျက်သဟု--ရှုသော ဥဒယဗ္ဗယဉာဏ်၏ အာရုံဖြစ်သောဌာနမှ ကူးတက်၍၊ ပျက်သောဌာန တခုတခု၌၊ ပျက်သဟုပျက်သဟု-ရှုချင်းသည်၊ ဘင်္ဂဉာဏ်မည်၏။

> တသေဝံ ဥပ္ပဇ္ဇိတွာ ဇဝံနာမသဒ်ိရေဂတံ နိရုဇ္ဈတီတိ ပဿ တော ဇကသ္မိံ ဌာနေ ဘင်္ဂါနုပဿနံ နာမ ဝိပဿနာဉာဏံ ဥပ္ပဇ္ဇတိ။

ဇဝံ၊ ဤသို့။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ဇဝံနာမသဒ်ိရေဂတံ၊ ဤမည်သောရုပ် နာမ်ခန္ဓာသဒ်ိရေအပေါင်းသည်။ နိရုဇ္ဈတီ၊ ခြုံမ်ပျက်၏။ ဇ္ဈတီ၊ ဤသို့။ ပဿတော၊ ရှုသော။ တဿယောဂိနော၊ ထိုယောဂိအား။ ဇကသ္မိံ ဌာ နေ၊ ပျက်သောဌာနတခုတခု၌။ ဘင်္ဂါနုပဿနံနာမ၊ ပျက်သဟု ပျက်သ ဟု-ရှုသည်မည်သော။ ဝိပဿနာဉာဏံ၊ ဝိပဿနာဉာဏ်သည်။ ဥပ္ပဇ္ဇ တိ၊ ဖြစ်၏။

ဘင်္ဂဉာဏ်၏လက္ခဏာကား နှစ်ပါး။ အာရုံကို ပျက်သဟု ရှုသော ဉာဏ်လည်းတပါး။ ရှုသော စိတ်ကို ပျက်သဟု-တဖန် ရှုသောဉာဏ် လည်းတပါး။ ထို နှစ်ပါးတို့တွင်၊ အာရုံကို၊ ကုန်သောသဘော-ပျက် သောသဘောဟု-ရှုချင်းသည်၊ ဘင်္ဂဉာဏ်မည်၏၊ ရှုသောစိတ်ကို-ကုန်

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

သောသဘော၊ ပျက်သော သဘောဟု-တဖန်ရှုချင်းသည်၊ ဝိပဿနာ ဉာဏ်မည်၏။

ကဲ့သို့ အာရမ္မဏပဋိသင်္ခါ ဘင်္ဂါနုပဿနေ ပညာ ဝိပဿနေဉာဏံ။

အာရမ္မဏပဋိသင်္ခါ-အာရမ္မဏံ ပဋိသင်္ခါယ ဇာနိတွာခယတော ဝယတောဒိသွာ၊ အာရုံကို-ကုန်သောသဘော ပျက်သောသဘောဟု-ရှု၍။ ဘင်္ဂါနုပဿနေပညာ၊ ရှုသောစိတ်ကို-ကုန်သော သဘော ပျက်သောသဘောဟု-တဖန်ရှုသောပညာသည်။ဝိပဿနေဉာဏံ၊ဝိပဿနာ ဉာဏ်မည်၏။ တံဉာဏံ၊ ထိုဉာဏ်သည်။ ကထံဟောတိ၊အဘယ်သို့ဖြစ်သနည်း။

ဘင်္ဂဉာဏ်နှင့် ပြည့်စုံသော ယောဂိသည်၊ မြင်သောခဏ၊ ဇောမဂ္ဂ၊ ကာမဂုဏ်အာဒီနဝဉာဏ်၊ ဝိပဿနာဘုံအားကြီးသည်ဖြစ်၍၊ ဝုဋ္ဌောဏ်အဆုံး ဘဝင်ကျ၏၊ ဘဝင်မှထ၍၊ သိသောခဏ၊ မျက်စိဖြင့် အဆင်းကိုမြင်သဟု၊ ဇောကျသော်လည်း၊ နှစ်သက်သော စိတ်ရှိ သည်လည်းမဖြစ်၊ မနှစ်သက်သော စိတ်ရှိသည်လည်းမဖြစ်၊ ပျက်သဟု-ရှုထင်သောသတိနှင့် ပြည့်စုံသည်ဖြစ်၍၊ ပျက်သဟု-ရှုမြင်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍၊ မုန်းသည်လည်းမဖြစ်၊ ချစ်သည်လည်းမဟူ၊ အရိယူပေက္ခာ၊ လျစ်လျူသာဖြစ်၍နေ၏။

သော စက္ခုနာ ရူပံ ဒိသွာ နေဝ သုမနော ဟောတိ နဒုမနော ဥပေက္ခကော ဝိဟရတိ သတော သမ္မဇာနော။

သော၊ ထိုယောဂိသည်။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ ဒိသွာ၊ မြင်၍။ သုမနော၊ နှစ်သက်သောစိတ်ရှိသည်။ နေဝဟောတိ၊ မဖြစ်။ဒုမနော၊မနှစ်သက်သောစိတ်ရှိသည်။ နဟောတိ၊ မဖြစ်။ သတော၊ ရှုထင်သောသတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္မဇာနော၊ ရှုမြင်သောပညာနှင့်ပြည့်စုံသည်ဖြစ်၍။ ဥပေက္ခကော၊ လျစ်လျူ။ ဝိဟရတိ၊နေ၏။

ဘင်္ဂဉာဏ်နှင့်ပြည့်စုံသော ယောဂိသည်၊ ကြားသောခဏ-ဇောမဂ္ဂ၊ ကာမဂုဏ်အာဒီနဝဉာဏ်၊ ဝိပဿနာဘုံအားကြီးသည်ဖြစ်၍၊ ဝုဋ္ဌောဏ်အဆုံးဘဝင်ကျ၏၊ ဘဝင်မှထ၍၊ သိသောခဏ၊ နားဖြင့် အသံကိုကြားသဟု၊ ဇောကျသော်လည်း၊ နှစ်သက်သော စိတ်ရှိသည်လည်းမဖြစ်၊

ပဋိပဒါဥဇ္ဈာဒဿနဝိသုဒ္ဓိ

မနှစ်သက်သော စိတ်ရှိသည်လည်းမဖြစ်။ ပျက်သဟု-ရှုထင်သော သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ ပျက်သဟု-ရှုမြင်သော ပညာနှင့်ပြည့်စုံသည်ဖြစ်၍၊ မုန်းသည်လည်းမဖြစ်၊ ချစ်သည်လည်းမဟူ၊ အရိယူပေက္ခာ၊ လျစ်လျူသာဖြစ်၍နေ၏။

သောတေန သဒ္ဒံ သုတ္တာ နေဝ သုမနော ဟောတိ နဒုမနော ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော။

သော၊ ထိုယောဂိသည်။ သောတေန၊ နားဖြင့်။ သဒ္ဒံ၊ အသံကို။ သုတ္တာ၊ကြား၍။ သုမနော၊ နှစ်သက်သော စိတ်ရှိသည်။ နေဝဟောတိ၊ မဖြစ်။ ဒုမနော၊ မနှစ်သက်သောစိတ်ရှိသည်။ နဟောတိ၊ မဖြစ်။ သတော၊ ရှုထင်သောသတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ရှုမြင်သောပညာနှင့်ပြည့်စုံသည်ဖြစ်၍။ ဥပေက္ခကော၊ လျစ်လျူ။ ဝိဟရတိ၊ နေ၏။

ဘဂိဉ္ဇာဏ်နှင့်ပြည့်စုံသော ယောဂိသည်၊ နံသောခဏ၊ ဓောမကျ၊ ကာမဂုဏ်အာရုံနည်း၊ ဝိပဿနာဘုံ အားကြီးသည်ဖြစ်၍၊ ဝုဋ္ဌောဂါ အဆုံးဘဝင်ကျ၏၊ ဘဝင်မှထ၍ သိသောခဏ၊ နှာဖြင့်အနံ့ကို နံသဟု ဓောကျသော်လည်း၊ နှစ်သက်သောစိတ်ရှိသည်လည်းမဖြစ်၊ မနှစ်သက်သောစိတ်ရှိသည်လည်းမဖြစ်။ ပျက်သဟု-ရှုထင်သော သတိနှင့်ပြည့်စုံသည်ဖြစ်၍၊ ပျက်သဟု—ရှုမြင်သော ပညာနှင့်ပြည့်စုံသည်ဖြစ်၍၊ မုန်းသည်လည်းမဖြစ်၊ ချစ်သည်လည်းမဟူ၊ အရိယူပေက္ခာ၊ လျစ်လျူသာဖြစ်၍နေ၏။

ဃာနေန ဂန္ဓံ ဃာယိတ္တာ နေဝ သုမနော ဟောတိ၊ နဒုမနော ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော။

သော၊ ထိုယောဂိသည်။ ဃာနေန၊ နှာဖြင့်။ ဂန္ဓံ၊ အနံ့ကို။ ဃာယိတ္တာ၊ နံ၍။ သုမနော၊ နှစ်သက်သော စိတ်ရှိသည်။နေဝဟောတိ၊ မဖြစ်။ ဒုမနော၊ မနှစ်သက်သော စိတ်ရှိသည်။ နဟောတိ၊ မဖြစ်။ သတော၊ ရှုထင်သော သတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ရှုမြင်သောပညာနှင့်ပြည့်စုံသည်ဖြစ်၍။ ဥပေက္ခကော၊ လျစ်လျူ။ ဝိဟရတိ၊ နေ၏။

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

ဘင်္ဂဉာဏ်နှင့်ပြည့်စုံသော ယောဂိသည်၊ စားသောခဏ၊ ဓောမကျ၊ ကာမဂုဏ်အာရုံနည်း၊ ဝိပဿနာဘုံအားကြီးသည်ဖြစ်၍၊ ဝုဋ္ဌောဏ်အဆုံးဘဝင်ကျ၏၊ ဘဝင်မှထ၍၊ သိသောခဏ၊ လျှာဖြင့်အရသာကို စားသဟု၊ ဓောကျသော်လည်း၊ နှစ်သက်သော စိတ်ရှိသည်လည်းမဖြစ်၊ မနှစ်သက်သော စိတ်ရှိသည်လည်း မဖြစ်။ ပျက်သဟု- ရှုထင်သော သတိနှင့် ပြည့်စုံသည်ဖြစ်၍၊ ပျက်သဟု-ရှုမြင်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍၊ မုန်းသည်လည်းမဖြစ်၊ ချစ်သည်လည်းမဟူ၊ အရိယူပေကွာ၊ လျစ်လျူသာဖြစ်၍နေ၏။

ဇိဂ္ဂါယ ရသံ သာယိတွာ နေဝ သုမနော ဟောတိ၊ နဒုမနော ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော။

သော၊ ထိုယောဂိသည်။ ဇိဂ္ဂါယ၊ လျှာဖြင့်။ရသံ၊ အရသာကို။ သာယိတွာ၊ စား၍။ သုမနော၊ နှစ်သက်သောစိတ်ရှိသည်။ နေဝဟောတိ၊ မဖြစ်။ ဒုမနော၊ မနှစ်သက်သော စိတ်ရှိသည်။ နဟောတိ၊ မဖြစ်။ သတော၊ ရှုထင်သောသတိနှင့် ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနော၊ ရှုမြင်သောပညာနှင့်ပြည့်စုံသည်ဖြစ်၍။ ဥပေက္ခကော၊ လျစ်လျူ။ ဝိဟရတိ၊ နေ၏။

ဘင်္ဂဉာဏ်နှင့်ပြည့်စုံသော ယောဂိသည်၊ ထိသောခဏ၊ ဓောမကျ၊ ကာမဂုဏ်အာရုံနည်း၊ ဝိပဿနာ ဘုံအားကြီးသည် ဖြစ်၍၊ ဝုဋ္ဌောဏ်အဆုံးဘဝင်ကျ၏၊ ဘဝင်မှထ၍၊ သိသောခဏ၊ ကိုယ်ဖြင့် အတွေ့ကို ထိသဟု၊ ဓောကျသော်လည်း၊ နှစ်သက်သောစိတ်ရှိသည်လည်းမဖြစ်၊ မနှစ်သက်သော စိတ်ရှိသည်လည်းမဖြစ်။ပျက်သဟု-ရှုထင်သော သတိနှင့် ပြည့်စုံသည်ဖြစ်၍၊ပျက်သဟု-ရှုမြင်သောပညာနှင့် ပြည့်စုံသည်ဖြစ်၍၊ မုန်းသည်လည်းမဖြစ်၊ ချစ်သည်လည်း မဟူ၊ အရိုယူပေကွာ၊ လျစ်လျူသာဖြစ်၍နေ၏။

ကာယေန ဖေါဋ္ဌဗ္ဗံ ဖုသိတွာ နေဝ သုမနော ဟောတိ၊ နဒုမနော ဥပေက္ခကော ဝိဟရတိ သတော သမ္ပဇာနော။

သော၊ ထိုယောဂိသည်။ ကာယေန၊ ကိုယ်ဖြင့်။ ဖေါဋ္ဌဗ္ဗံ၊ အတွေ့ကို။ ဖုသိတွာ၊ထိ၍။ သုမနော၊နှစ်သက်သောစိတ်ရှိသည်။နေဝဟောတိ၊

မဖြစ်။ဒုမနော၊ မနှစ်သက်သောစိတ်ရှိသည်။နဟောတိ၊ မဖြစ်။သတော၊ ရှုထင်သော သတိနှင့်ပြည့်စုံသည်ဖြစ်၍။သမ္မဇာနော၊ ရှုမြင်သောပညာနှင့်ပြည့်စုံသည်ဖြစ်၍။ ဥပေက္ခကော၊ လျစ်လျူ။ ဝိဟရတိ၊ နေ၏။

ဘင်္ဂဉာဏ်နှင့်ပြည့်စုံသော ယောဂိသည်၊ သိသောခဏာ၊ဇောမက္ခ၊ ကာမဂုဏ်အာဒီနဉ်း၊ ဝိပဿနာဘုံ အားကြိုးသည်ဖြစ်၍၊ ဝုဋ္ဌာဂါ အဆုံးဘဝင်ကျ၏၊ ဘဝင်မှထ၍၊ သိသောခဏာ၊ မနောဖြင့်သဘောကို သိသဟု၊ဇောကျသော်လည်း၊နှစ်သက်သော စိတ်ရှိသည်လည်း မဖြစ်၊ မနှစ်သက်သောစိတ်ရှိသည်လည်းမဖြစ်။ ပျက်သဟု-ရှုထင်သော သတိနှင့် ပြည့်စုံသည်ဖြစ်၍၊ ပျက်သဟု-ရှုမြင်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍၊ မုန်းသည်လည်းမဖြစ်၊ ချစ်သည်လည်းမဟူ၊ အရိယူပေက္ခာ၊ လျစ်လျူသာ ဖြစ်၍နေ၏။

မနသာ ဓမ္မံ ဝိညာယ နေဝ သုမနော ဟောတိ၊ နဒုမနော ဥပေက္ခကော ဝိဟရတိ သတော သမ္မဇာနော။

သော၊ ထိုယောဂိသည်။ မနသာ၊ စိတ်ဖြင့်။ ဓမ္မံ၊ သဘောကို။ ဝိညာယ၊ သိ၍။ သုမနော၊ နှစ်သက်သောစိတ်ရှိသည်။ နေဝဟောတိ၊ မဖြစ်။ ဒုမနော၊ မနှစ်သက်သော စိတ်ရှိသည်။ နဟောတိ၊ မဖြစ်။ သတော၊ ရှုထင်သောသတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္မဇာနော၊ ရှုမြင်သော ပညာနှင့် ပြည့်စုံသည်ဖြစ်၍။ ဥပေက္ခကော၊ လျစ်လျူ။ ဝိဟရတိ၊ နေ၏။

မြင်သောခဏာ၊ ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာငါးပါးရ၏။ ။ကြားသောခဏာ၊ ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသော ကာလ၊ ခန္ဓာ ငါးပါးရ၏။ ။နံသောခဏာ၊ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာ ငါးပါးရ၏။ ။စားသော ခဏာ၊ ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသော ကာလ၊ ခန္ဓာ ငါးပါးရ၏။ ။ထိသောခဏာ၊ ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ဖဿ၊ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာ ငါးပါးရ၏။ ။သိသောခဏာ၊ ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ဖဿ၊ ဝေဒနာ၊ပေါင်းဆုံကြသောကာလ၊ခန္ဓာ ငါးပါးရ၏။ ။

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

ကိုယ်မှု-အပြုအပြင် အစိအရင်ခဏာ၊ ဒွါရ၊အာရုံ၊ဝိညာဏ်၊ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာ ငါးပါးရေ။ ။နှလုံမှု-အပြုအပြင် အစိအရင် ခဏာ၊ ဒွါရ၊ အာရုံ၊ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာ ငါးပါးရေ။ ။စိတ်မှု-အပြုအပြင် အစိအရင်ခဏာ၊ ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာ ငါးပါးရေ။

ထိုခန္ဓာ ငါးပါးတို့တွင်၊ ရုပ်ကိုအာရုံပြုသော ဝိပဿနာစိတ်၊ ဖြစ်၍ ပျက်၏၊ ထိုဝိပဿနာစိတ်ဖြင့်၊အာရုံဖြစ်သောရုပ်ကို၊ကုန်သောသဘော ပျက်သောသဘောဟု-ရှု၏၊ ထိုရှုသော ဝိပဿနာစိတ်ကို၊ တပါးသော ဝိပဿနာစိတ်ဖြင့်၊ကုန်သောသဘော ပျက်သောသဘောဟု တဖန်ရှု၏၊ တဖန်ရှုချင်းကြောင့်၊ အာရုံလည်း အထူးသဖြင့်ထင်၏၊ ဉာဏ်လည်း အလေ့အလာတွင်၏။

ရူပါရမ္မဏာတာ စိတ္တံ ဥပ္ပဇ္ဇိတ္ထာ ဘိဇ္ဇတိ တံ အာရမ္မဏံ ပဋိသင်္ခါ တသ္သ စိတ္တဿ ဘင်္ဂံ အနုပဿတိ။

ရူပါရမ္မဏာတာ-ရူပါရမ္မဏံ၊ ရုပ်ကိုအာရုံပြုသော။ စိတ္တံ၊ ဝိပဿနာ စိတ်သည်။ ဥပ္ပဇ္ဇိတ္ထာ၊ ဖြစ်၍။ ဘိဇ္ဇတိ၊ ပျက်၏။ တံအာရမ္မဏံ၊ထိုအာရုံ ဖြစ်သောရုပ်ကို။ ပဋိသင်္ခါ-ပဋိသင်္ခါယဓာနိတ္ထာခယတော ဝယတော ဒိသ္သာ၊ ကုန်သောသဘော ပျက်သော သဘောဟု ရှု၍။ တသ္သစိတ္တဿ၊ ထိုရှုသော ဝိပဿနာစိတ်၏။ ဘင်္ဂံ၊ ပျက်သည်ကို။ အပရေနစိတ္တေန၊ တပါးသော ဝိပဿနာစိတ်ဖြင့်။ အနုပဿတိ၊ တဖန်ရှု၏။

ဝေဒနာကိုအာရုံပြုသောဝိပဿနာစိတ်၊ ဖြစ်၍ပျက်၏။ထိုဝိပဿနာ စိတ်ဖြင့်၊ အာရုံဖြစ်သောဝေဒနာကို၊ ကုန်သောသဘော ပျက်သော သဘောဟုရှု၏၊ ထိုရှုသော ဝိပဿနာစိတ်ကို၊ တပါးသော ဝိပဿနာ စိတ်ဖြင့်၊ ကုန်သော သဘော ပျက်သော သဘောဟု၊ တဖန်ရှု၏။ တဖန်ရှုချင်းကြောင့်၊ အာရုံလည်း အထူးသဖြင့်ထင်၏။ ဉာဏ်လည်း အလေ့အလာတွင်၏။

ဝေဒနာရမ္မဏာတာ စိတ္တံ ဥပ္ပဇ္ဇိတ္ထာ ဘိဇ္ဇတိ တံ အာရမ္မဏံ ပဋိသင်္ခါ တသ္သ စိတ္တဿ ဘင်္ဂံ အနုပဿတိ။

ပဋိပဒါဥာဏဒဿနဝိသုဒ္ဓိ

ဝေဒနာရမ္မဏတာ-ဝေဒနာရမ္မဏံ၊ ဝေဒနာကိုအာရုံပြုသော။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ ဥပ္ပဇ္ဇိတ္ထာ၊ဖြစ်၍။ ဘိဇ္ဇတိ၊ ပျက်၏။ တံ အာရမ္မဏံ၊ ထိုအာရုံဖြစ်သောဝေဒနာကို။ ပဋိသင်္ခါ-ပဋိသင်္ခါယ ဇာနိတ္ဝာ ခယတောဝယတောဒိသ္ဝာ၊ ကုန်သော သဘော ပျက်သော သဘောဟုရှု၍။ တသ္မိတ္တာသ၊ ထိုရှုသော ဝိပဿနာစိတ်၏။ ဘင်္ဂံ၊ ပျက်သည်ကို။ အပရေနစိတ္တေန၊ တပါးသော ဝိပဿနာစိတ်ဖြင့်။ အနုပဿတိ၊ တဖန်ရှု၏။

သညာကိုအာရုံပြုသော ဝိပဿနာစိတ်၊ဖြစ်၍ပျက်၏။ ထိုဝိပဿနာစိတ်ဖြင့်၊ အာရုံဖြစ်သောသညာကို၊ ကုန်သော သဘော ပျက်သော သဘောဟု ရှု၏၊ ထိုရှုသော ဝိပဿနာစိတ်ကို၊ တပါးသော ဝိပဿနာစိတ်ဖြင့်၊ ကုန်သော သဘော ပျက်သော သဘောဟု၊ တဖန်ရှု၏၊ တဖန်ရှုခြင်းကြောင့်၊ အာရုံလည်းအထူးသဖြင့်ထင်၏၊ ဉာဏ်လည်း အလွန်အလာတွင်၏။

သညာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတ္ထာ ဘိဇ္ဇတိ တံ အာရမ္မဏံ ပဋိသင်္ခါ တသ္မာ စိတ္တဿ ဘင်္ဂံ အနုပဿတိ။

သညာရမ္မဏတာ-သညာရမ္မဏံ၊ သညာကို အာရုံပြုသော။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ဥပ္ပဇ္ဇိတ္ထာ၊ဖြစ်၍။ ဘိဇ္ဇတိ၊ ပျက်၏။ တံအာရမ္မဏံ၊ ထိုအာရုံဖြစ်သောသညာကို။ ပဋိသင်္ခါ-ပဋိသင်္ခါယဇာနိတ္ဝာခယတောဝယတောဒိသ္ဝာ၊ကုန်သောသဘော—ပျက်သောသဘောဟုရှု၍။ တသ္မာ စိတ္တဿ၊ ထိုရှုသောဝိပဿနာစိတ်၏။ ဘင်္ဂံ၊ ပျက်သည်ကို။ အပရေနစိတ္တေန၊တပါးသော ဝိပဿနာစိတ်ဖြင့်။ အနုပဿတိ၊ တဖန်ရှု၏။

သင်္ခါရကိုအာရုံပြုသော ဝိပဿနာစိတ်၊ဖြစ်၍ပျက်၏။ ထိုဝိပဿနာစိတ်ဖြင့်၊အာရုံဖြစ်သော သင်္ခါရကို၊ ကုန်သော သဘော ပျက်သော သဘောဟုရှု၏၊ ထိုရှုသော ဝိပဿနာစိတ်ကို၊ တပါးသော ဝိပဿနာစိတ်ဖြင့်၊ ကုန်သောသဘောပျက်သောသဘောဟု၊ တဖန်ရှု၏၊ တဖန်ရှုခြင်းကြောင့်၊အာရုံလည်းအထူးသဖြင့်ထင်၏၊ဉာဏ်သည်းအလွန်အလာတွင်၏။

သင်္ခါရာရမ္မဏတာ စိတ္တံ ဥပ္ပဇ္ဇိတ္ထာ ဘိဇ္ဇတိ တံ အာရမ္မဏံ ပဋိသင်္ခါ တသ္မာ စိတ္တဿ ဘင်္ဂံ အနုပဿတိ။

ဝိပဿနာဥာဏ်စဉ်ကျမ်းကြီး

သခိါရာရေမွန္တာတာ-သခိါရာရေမွန္ဆံ၊သခိါရကိုအာရုံပြုသော။ စိတ္တံ၊ ဝိပဿနာစိတ်သည်။ ဥပ္ပဇ္ဇိတ္ထာ၊ဖြစ်၍။ဘိဇ္ဇတိ၊ ပျက်၏။ တံအာရေမွန္ဆံ၊ ထိုအာရုံဖြစ်သောသခိါရကို။ပဒီသခိါ-ပဒီသခိါယဓာနိတ္ထာခယတော ဝယတောဒိသွာ၊ကုန်သောသဘော ပျက်သောသဘောဟု ရှု၍။ တသ္သ စိတ္တသ္သ၊ ထိုရှုသောဝိပဿနာစိတ်၏။ ဘင်္ဂံ၊ ပျက်သည်ကို။ အပရေန စိတ္တေန၊တပါးသောဝိပဿနာစိတ်ဖြင့်။အနုပဿတိ၊တဖန်ရှု၏။

ဝိညာဏ်ကိုအာရုံပြုသောဝိပဿနာစိတ်၊ဖြစ်၍ပျက်၏။ထိုဝိပဿနာစိတ်ဖြင့်၊ အာရုံဖြစ်သော ဝိညာဏ်ကို၊ ကုန်သောသဘော ပျက်သောသဘောဟု ရှု၏၊ ထိုရှုသော ဝိပဿနာစိတ်ကို၊ တပါးသော ဝိပဿနာစိတ်ဖြင့်၊ ကုန်သောသဘော ပျက်သောသဘောဟု၊ တဖန်ရှု၏၊ တဖန်ရှုခြင်းကြောင့်၊ အာရုံလည်း အထူးသဖြင့်ထင်၏၊ ဉာဏ်လည်း အလေ့အလာတွင်၏။

ဝိညာဏာရေမွန္တာတာ စိတ္တံ ဥပ္ပဇ္ဇိတ္ထာ ဘိဇ္ဇတိ တံ အာရေမွန္ဆံ ပဒီသခိါ တသ္သ စိတ္တသ္သ ဘင်္ဂံ အနုပဿတိ။

ဝိညာဏာရေမွန္တာတာ–ဝိညာဏာရေမွန္ဆံ၊ဝိညာဏ်ကိုအာရုံပြုသော။ စိတ္တံ၊ဝိပဿနာစိတ်သည်။ဥပ္ပဇ္ဇိတ္ထာ၊ဖြစ်၍။ဘိဇ္ဇတိ၊ ပျက်၏။ တံအာရေမွန္ဆံ၊ ထိုအာရုံဖြစ်သော ဝိညာဏ်ကို။ ပဒီသခိါ-ပဒီသခိါယဓာနိတ္ထာခယတော ဝယတောဒိသွာ၊ ကုန်သောသဘော ပျက်သောသဘောဟု ရှု၍။ တသ္သစိတ္တသ္သ၊ထိုရှုသောဝိပဿနာစိတ်၏။ဘင်္ဂံ၊ ပျက်သည်ကို။ အပရေန စိတ္တေန၊ တပါးသော ဝိပဿနာစိတ်ဖြင့်။ အနုပဿတိ၊ တဖန်ရှု၏။

ဘင်္ဂဉာဏ်နှင့် ပြည့်စုံသော ယောဂိသည်၊ ကိုယ်မှ–အပြုအပြင်အစိအရင်၊ဇာဂရိယာပုဏ်ထင်သောကာလ၊ပရမာဏုမြူတလုံး တလုံးပမာဏ၊ တရွရွ၊တလှုပ်လှုပ်၊ အဆုပ်အဆုပ်၊အစပ်အစပ်၊အပြတ်အပြတ်၊ အပိုင်းအပိုင်း၊ လှုပ်ရှားတိုင်းကို အာရုံပြုသော ဝိပဿနာစိတ်၊ ဖြစ်၍ ပျက်၏၊ ထိုဝိပဿနာစိတ်ဖြင့်၊ အာရုံဖြစ်သော လှုပ်ရှားတိုင်းကို၊ ကုန်သောသဘော ပျက်သောသဘောဟု ရှု၏။ ထိုရှုသော ဝိပဿနာစိတ်ကို၊ တပါးသောဝိပဿနာစိတ်ဖြင့်၊ ကုန်သော သဘော ပျက်သော သဘောဟု၊

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

တဖန်ရှု၏။တဖန်ရှုချင်းကြောင့်၊ အာရုံလည်းအထူးသဖြင့်ထင်၏၊ ဉာဏ်လည်း အလေ့အလာတွင်၏။

ဘင်္ဂဉာဏ်နှင့် ပြည့်စုံသော ယောဂိသည်၊ နှစ်မျှ-အပြု အပြင် အစိအရင်၊ အပြော အဆိုထင်သော ကာလ၊ အကွာရောတလုံးကျ–တလုံးကျ၊ နှစ်ကထွက်သောအသံကိုအာရုံပြုသော ဝိပဿနာစိတ်၊ ဖြစ်၍ပျက်၏၊ ထိုဝိပဿနာစိတ်ဖြင့်၊ အာရုံဖြစ်သောအသံကို၊ ကုန်သောသဘောပျက်သောသဘောဟုရှု၏၊ထိုရှုသောဝိပဿနာစိတ်ကို၊တပါးသော ဝိပဿနာစိတ်ဖြင့်၊ကုန်သော သဘောပျက်သောသဘောဟု၊တဖန်ရှု၏၊ တဖန်ရှုချင်းကြောင့်၊ အာရုံလည်း အထူးသဖြင့် ထင်၏၊ ဉာဏ်လည်း အလေ့အလာတွင်၏။

ဘင်္ဂဉာဏ်နှင့် ပြည့်စုံသော ယောဂိသည်၊ စိတ်မှ–အပြုအပြင်အစိအရင်၊ မြင်သောခဏ၊ ဇောကျသည်ဖြစ်အံ့။ စက္ခုသမ္မဿနကြောင့်၊ သုခသောမနဿထင်သော၊ သုခကိုအာရုံပြုသော။ ။စက္ခုသမ္မဿနကြောင့်၊ ဒုက္ခဒေါမနဿထင်သော–ဒုက္ခကိုအာရုံပြုသော။ ။စက္ခုသမ္မဿနကြောင့်၊အဒုက္ခမသုခထင်သော-ဥပေက္ခာကိုအာရုံပြုသော။ ။ စက္ခုသမ္မဿနကြောင့်၊သညာထင်သော- သညာကို အာရုံပြုသော။ ။ စက္ခုသမ္မဿနကြောင့်၊စေတနာထင်သော-သင်္ခါရကိုအာရုံပြုသော။ ။ မျက်စိ-အဆင်းကြောင့် မြင်ချင်းထင်သော- စက္ခုဝိညာဏ်ကို အာရုံပြုသော။ ။ဝိပဿနာစိတ်၊ ဖြစ်၍ပျက်၏၊ ထိုဝိပဿနာစိတ်ဖြင့်၊ အာရုံဖြစ်သော စက္ခုဝိညာဏ်ကို၊ ကုန်သောသဘော ပျက်သောသဘောဟုရှု၏၊ ထိုရှုသောဝိပဿနာစိတ်ကို၊ တပါးသော ဝိပဿနာစိတ်ဖြင့်၊ ကုန်သော သဘော ပျက်သော သဘောဟု၊ တဖန်ရှု၏၊ တဖန်ရှုချင်းကြောင့်၊ အာရုံလည်း အထူးသဖြင့်ထင်၏၊ ဉာဏ်လည်း အလေ့အလာတွင်၏။

အာရုံအထူးသဖြင့် ထင်ချင်းကြောင့်၊ ဒိဋ္ဌဉာဏ်ဖြင့်လည်း၊ တဖန်တဖန်ရှု၏။ဉာဏ်အလေ့အလာတွင်ချင်းကြောင့်၊ အနွယဉာဏ်ဖြင့်လည်း တဖန်တဖန်ရှု၏။ ။အဘယ်သို့ဒိဋ္ဌဉာဏ်ဖြင့်လည်း တဖန်တဖန် ရှုသနည်း။အဘယ်သို့အနွယဉာဏ်ဖြင့်လည်းတဖန်တဖန်ရှုသနည်း။ ။ပျက်သောခဏ၊ သင်္ခါရ၏ပျက်သောသဘောကို၊ အနိစ္စဟု၊ ဒိဋ္ဌဉာဏ်ဖြင့် တဖန်ရှု၏၊ နိစ္စဟု၊ တဖန်မရှု။ အနိစ္စကိုဒုက္ခဟု၊ အနွယဉာဏ်ဖြင့် တ

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

ဖနိရှု၏၊ သုခဟု-တဖနိမရှု။ ဒုက္ခကိုအနုတ္တဟု၊ အန္တယဉာဏ်ဖြင့် တဖနိ ရှု၏၊ အတ္တဟု-တဖနိမရှု။ ။အနိစ္စ၊ ဒုက္ခ၊ အနုတ္တ၌၊ ဒိဋ္ဌဉာဏ်ဖြင့် ငြီး ငွေ့၏၊ မနှစ်သက်။ အနိစ္စ၊ ဒုက္ခ၊ အနုတ္တ၌၊ အန္တယဉာဏ်ဖြင့် တပ်မက် ကင်း၏၊ မတပ်မက်။အနိစ္စ၊ဒုက္ခ၊အနုတ္တ၌၊ ယခုအသစ်အသစ်ဖြစ်ချင်းငှါ ထိုက်သော အနုသယ-ပရိယုဋ္ဌာန်-သမုဒယကို၊ ဒိဋ္ဌဉာဏ်ဖြင့် ချုံ့ဝှက်စေ ၏၊ မဖြစ်စေ။ အနိစ္စ၊ ဒုက္ခ၊အနုတ္တ၌၊ နောင်အသစ်အသစ် ဖြစ်ချင်းငှါ ထိုက်သော အနုသယ-ပရိယုဋ္ဌာန်-ကိလေသာ အာဒါနကို၊ အန္တယဉာဏ် ဖြင့် တဖနိတဖနိစွန့်၏၊ အသစ်အသစ်လူ၊ဘဝမယူ။

အနုပဿတိတိကထံ အနုပဿတိ။ ။အနိစ္စတော အနု ပဿတိ နော နိစ္စတော ဒုက္ခတော အနုပဿတိ နော သုခတော အနုတ္တတော အနုပဿတိ နော အတ္တတော၊ နိဗ္ဗိန္ဒတိ နော နန္ဒတိ၊ ဝိရဇ္ဇတိ နော ရဇ္ဇတိ နိရောဓေတိ နော သမုဒေတိ၊ပဋိ နိဿဇ္ဇတိ နော အာဒိယတိ။

အနုပဿတိတိ၊ တဖနိရှု၏ဟူသည်။ ကထံ၊ အဘယ်သို့လျှင်။ အနု ပဿတိ၊ တဖနိရှုသနည်း။ အနိစ္စတော၊ မမြဟု။ အနုပဿတိ၊ တဖနိရှု၏။ နိစ္စတော၊ မြဲသဟု။ နောအနုပဿတိ၊ တဖနိမရှု။ ဒုက္ခတော၊ ဆင်းရဲဟု။ အနုပဿတိ၊ တဖနိရှု၏။ သုခတော၊ ချမ်းသာသဟု။ နောအနုပဿတိ၊ တဖနိမရှု။ အနုတ္တတော၊ အစိုးမရ ဟု။ အနုပဿတိ၊ တဖနိရှု၏။ အတ္တတော၊ အစိုးရသဟု။နောအနုပဿ တိ၊ တဖနိမရှု။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ နောနန္ဒတိ၊ မနှစ်သက်။ ဝိရဇ္ဇတိ၊ တပ်မက်ကင်း၏။ နောရဇ္ဇတိ၊ မတပ်မက်။ နိရောဓေတိ၊ ချုံ့ဝှက်စေ၏။ နောသမုဒေတိ၊ မဖြစ်စေ။ ပဋိနိဿဇ္ဇတိ၊ တဖနိတဖနိစွန့်၏။ နောအာ ဒိယတိ၊ အသစ်အသစ်လူ၊ ဘဝမယူ။

ရုပ်နာမ်ခန္ဓာ-သင်္ခါရအပေါင်းမည်သည်ကား။ ဖြစ်သော သဘော လည်းရှိ၏၊ ပျက်သော သဘောလည်းရှိ၏၊ ထိုဖြစ်သောသဘော ပျက် သော သဘောသည်လည်း၊ အနိစ္စလက္ခဏာပင် မည်သော်လည်း၊ ဖြစ်သောခဏ၊ ရှေးအကြောင်းနှင့် ယခုအကျိုးပေါင်းဆုံကြ၏။ ယခု အကြောင်းနှင့် နောင်အကျိုးပေါင်းဆုံကြ၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ပျက်သောခဏာ၊ ရှေး အကြောင်းနှင့် ယခုအကျိုး မပေါင်းဆုံကြ။ ယခုအကြောင်းနှင့် နောင်အကျိုးမပေါင်းဆုံကြ၊ အကြောင်းလည်း ခြုံ၍၊ အကျိုးလည်းခြုံ၍၊ အနုပ္ပါဒနိရောဓ။ ။ဖြစ်သောခဏာ၊ ဖြစ်သောသဘောကို အနိစ္စဟုရှု၏၊ ရှုသော်လည်း၊ ဖြစ်သောသဘော အကျိုး၏ ရှေးကအကြောင်းနှင့်လည်း မကင်း၊ နောင်အကျိုးကလည်း အကြွင်းမရှိချင်းကြောင့်၊ အနိစ္စာနုပဿနာ၊ ဘာဝနာ-ပြီးဆုံးချင်းသို့ မရောက်။ ဘင်္ဂဉာဏ်အလို၊ ဝိပဿနာစိတ်၊ ကိလေသာမှမလွတ်၊ ဝဋ်နှင့်စပ်၏။ ။ပျက်သောခဏာ၊ ပျက်သော သဘောကို အနိစ္စဟုရှု၏၊ ရှုသော်ကား၊ ပျက်သောသဘောအကျိုး၏ ရှေးကအကြောင်းနှင့်လည်းကင်း၊ နောင်အကျိုးကလည်း အကြွင်းမရှိ ချင်းကြောင့်၊ အနိစ္စာနုပဿနာ-ဘာဝနာပြီးဆုံးချင်းသို့ရောက်၏။ ။ဘင်္ဂဉာဏ်အလို၊ဝိပဿနာစိတ် ကိလေသာမှလွတ်၏၊ဝဋ်နှင့်မစပ်။ ။ဤနိဗ္ဗာန်ရပ် အာနိသင်ကို၊ ထင်မြင်ချက်ပြု၊ ရုပ်နာမ်ခန္ဓာသန္တာန်ရတို့၏၊ ဘင်္ဂဉာဏအပေါင်း၊ အကြောင်းလည်းခြုံ၍၊ အကျိုးလည်းခြုံ၍၊ အနုပ္ပါဒနိရောဓဟု၊ ဉာဏ်အား ထင်အောင် ရှေးကာလကရှု၍၊ တသုတသ၊ အစုအစုဖြစ်သော ရုပ်အစဉ် နာမ်အစဉ်၊ သန္တာန်ရ၏ ပျက်သော သဘောကို၊ ပျက်သဟု-ပျက်သဟု၊ရှုလေ့ တွင်တွင်၊ ဘင်္ဂကိုမြင်သော ထိုယောဂိသည်၊သန္တာန်ရအပေါင်းကို အနိစ္စဟု၊ဒိဋ္ဌဉာဏ်ဖြင့်တဖန်ရှု၏၊နိစ္စဟု-တဖန်မရှု။ အနိစ္စ၏ ဒုက္ခစင်စစ်၊ မှန်သည်၏အဖြစ်ကြောင့်၊ အနိစ္စကို-ဒုက္ခဟု၊ အန္တယဉာဏ်ဖြင့် တဖန်ရှု၏၊ သုခဟု-တဖန်မရှု။ ဒုက္ခ၏-အနတ္တစင်စစ်၊ မှန်သည်၏အဖြစ်ကြောင့်၊ ဒုက္ခကို-အနတ္တဟု၊ အန္တယဉာဏ်ဖြင့် တဖန်ရှု၏၊ အတ္တဟု-တဖန်မရှု။

> တတ္ထ ယသ္မာ ဘင်္ဂေါနာမ အနိစ္စတာယ ပရိဏာကောဠိ။ တသ္မာ သော ဘင်္ဂါနုပဿကော ယောဂါဝစရော သဗ္ဗံ သန္တာရဂတံ အနိစ္စတော အနုပဿတိ နောနိစ္စတော၊တတော အနိစ္စသဒုက္ခတ္တာ ဒုက္ခသ အနတ္တတာ တဒေဝ ဒုက္ခတော အနုပဿတိ နော သုခတော၊ အနတ္တတော အနုပဿတိ နော အတ္တတော။

တတ္ထဝစနေ၊ ထိစကားရပ်၌။ ယသ္မာ၊ အကြင့်ကြောင့်။ဘင်္ဂေါနာမ၊ ဘင် မည်သည်ကား။ အနိစ္စတာယ၊ အနိစ္စ၏အဖြစ်ကြောင့်။ ပရိဏာ

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

ကောဋိ၊ နောက်အစွန်းတည်း။ တသ္မာ၊ ထိုကြောင့်။ ဘင်္ဂါနုပဿနာ၊ ပျက်သဟုရွသော။ သောယောဂါဝစရော၊ ထိုယောဂိသည်။ သဗ္ဗံ၊ အလုံးစုံသော။ သခ်ါရဂတံ၊ သခ်ါရအပေါင်းကို။ အနိစ္စတော၊ အနိစ္စဟု။ အနုပဿတိ၊ တဖန်ရှု၏။ နိစ္စတော၊ နိစ္စဟု။ နောအနုပဿတိ၊ တဖန်မရှု။ အနိစ္စသ၊ အနိစ္စ၏။ တတောဒုက္ခတ္တာ၊ ထိုဒုက္ခ၏အဖြစ်ကြောင့်။ တဒေဝအနိစ္စံ၊ ထိုအနိစ္စကို သာသျင်။ ဒုက္ခတော၊ ဒုက္ခဟု။ အနုပဿတိ၊ တဖန်ရှု၏။ သုခတော၊ သုခဟု။ နောအနုပဿတိ၊ တဖန်မရှု။ ဒုက္ခသ၊ ဒုက္ခ၏။ တတောအနတ္တတာ၊ထိုအနတ္တ၏အဖြစ်ကြောင့်။ တဒေဝဒုက္ခံ၊ ထိုဒုက္ခကို သာသျင်။ အနတ္တတော၊ အနတ္တ ဟု။ အနုပဿတိ၊ တဖန်ရှု၏။ အတ္တတော၊ အတ္တဟု။ နောအနုပဿတိ၊ တဖန်မရှု။

သခ်ါရအပေါင်းမည်သည်ကား၊ အနိစ္စသာတည်း၊ ဒုက္ခသာတည်း၊ အနတ္တသာတည်း။ ထိုအနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သော သခ်ါရအပေါင်းကို မနှစ်သက်အပ်။ အကြင်အနိစ္စ၊ ဒုက္ခ၊ အနတ္တဖြစ်သော သခ်ါရအပေါင်းကို မနှစ်သက်အပ်။ ထိုမနှစ်သက်အပ်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တ သခ်ါရအပေါင်းခွ မတပ်မက်အပ်။ ထိုကြောင့်၊ ပျက်သဟု-ပျက်သဟု၊ ရွလွှဲတွင်တွင်၊ ဘင်ကိုမြင်သော ဉာဏ်နောက်သို့ အစဉ်လိုက်သဖြင့်၊ ထင်သော ထိုသခ်ါရအပေါင်းခွ၊ ဒိဋ္ဌဉာဏ်ဖြင့် ငြီးငွေ့၏၊ မနှစ်သက်။ အနွယဉာဏ်ဖြင့် တပ်မက်ကင်း၏၊ မတပ်မက်။

> ယသ္မာ ပန ယံ အနိစ္စံ ဒုက္ခမနတ္တာ၊ နံ တံ အဘိနန္ဒိတဗ္ဗံ၊ ယဉ္စ အနဘိနန္ဒိတဗ္ဗံ၊ နံ တဉ္စ ဂရှိတဗ္ဗံ၊တသ္မာ ဇတသ္မိံ ဘင်္ဂါနုပဿနာနုသာရေန ဒိဋ္ဌေ သခ်ါရဂတေ နိဗ္ဗိန္ဒတိ နော နန္ဒတိ ဝိရဇ္ဇတိ နော ရဇ္ဇတိ။

ယသ္မာပန၊ အကြင့်ကြောင့်ကား။ ယံသခ်ါရဂတံ၊ အကြင်သခ်ါရအပေါင်းသည်။ အနိစ္စံ၊ အနိစ္စတည်း။ ဒုက္ခံ၊ ဒုက္ခတည်း။ အနတ္တာ၊ အနတ္တတည်း။ တံသခ်ါရဂတံ၊ ထိုအနိစ္စ ဒုက္ခ အနတ္တဖြစ်သော သခ်ါရအပေါင်းကို။ နအဘိနန္ဒိတဗ္ဗံ၊ မနှစ်သက်အပ်။ ယဉ္စသခ်ါရဂတံ၊အကြင်အနိစ္စ ဒုက္ခ အနတ္တဖြစ်သော သခ်ါရအပေါင်းကို။အနဘိနန္ဒိတဗ္ဗံ၊ မနှစ်သက်အပ်။ တဇ္ဇသခ်ါရဂတေ၊ ထိုမနှစ်သက်အပ်သော အနိစ္စ ဒုက္ခ

ပဋိပဒါဥဏှဒဿနဝိသုဒ္ဓိ

အနတ္တ သခ်ိဳရ အပေါင္းခ်။ နရဇ္ဇိတပ္ပံ၊ မတပ်မက်အပ်။ တသ္မာ၊ ထိုကြောင့်။ ဘဂ်ါနုပဿနာနုသာရေန၊ ဘင်ဉာဏ်နောက်သို့ အစဉ် လိုက်လျဖြင့်။ ဒိဋ္ဌေ၊ ထင်သေး။ ဇတသ္မိံသခ်ိဳရဂတေ၊ ထိုသခ်ိဳရ အပေါင်းခ်။ နိမ္မိန္ဒတိ၊ ငြီးငွေ့၏။ နောနန္ဒတိ၊ မနှစ်သက်။ ဝိရဇ္ဇတိ၊ တပ်မက်ကင်း၏။ နောရဇ္ဇတိ၊ မတပ်မက်။

ဤသို့ နှစ်သက်ချင်းလည်း ကင်းသော၊ ဤသို့ တပ်မက်ချင်းလည်း ကင်းသော ထိုယောဂီသည်၊ ပျက်သောခဏ၊ ပျက်သဟု ရှုသဖြင့်၊ ထင်သော ဘင်္ဂဉာဏ သခ်ိဳရအပေါင်းခ်၊ ယခု အသစ်အသစ်ဖြစ်ချင်းငှါ ထိုက်သော အနုသယ-ပရိယုဋ္ဌာန်ရာဂကို၊ ဒိဋ္ဌ ဉာဏ်ဖြင့် ခြုံစီစေ၏၊ မဖြစ်စေ၊ ဖြစ်အောင်မပြု။ ။(တနည်း)

ဤသို့ တပ်မက်ချင်းလည်း ကင်းသော၊ ဤသို့ နှစ်သက်ချင်းလည်း ကင်းသော ထိုယောဂီသည်၊ အကြင်အခြင်းဖြင့်၊ သခ်ိဳရ အပေါင်းကို ဒိဋ္ဌဉာဏ်ဖြင့်မြင်၏၊ ထိုဒိဋ္ဌဉာဏ်မြင်သောအခြင်းဖြင့်မမြင်သော်လည်း၊ ပျက်သောခဏ၊ ပျက်သဟု-ရှုသဖြင့်၊ထင်သောဘင်္ဂဉာဏ်၊ ထိုသခ်ိဳရ အပေါင်းခ်၊ ယခုအသစ်အသစ်ဖြစ်ချင်းငှါ ထိုက်သော အနုသယ-ပရိယုဋ္ဌာန်ရာဂကို၊ အနှယဉာဏ်ဖြင့် ခြုံစီစေ၏၊မဖြစ်စေ။ ထိုရာဂ၏ ခြုံသောသဘောကိုသာလျှင် မြင်၏၊ ဖြစ်သော သဘောကို မမြင်။ ဤသို့ အစဉ်သဖြင့် ကျင့်သော ထိုယောဂီသည်၊ ပျက်သောခဏ၊ ပျက်သဟု-ရှုသဖြင့် ထင်သော ဘင်္ဂဉာဏ်၊ သခ်ိဳရအပေါင်းခ်၊ နောင် အသစ်အသစ် ဖြစ်ချင်းငှါ ထိုက်သော အနုသယ-ပရိယုဋ္ဌာန် ကိလေသာ အာဒါနကို၊ အနှယဉာဏ်ဖြင့်၊ တဖန်တဖန်စွန့်၏၊ အသစ်အသစ်လျှ၊ ဘဝ မယူ။

သော ဇဝံ အရဇ္ဇန္တော လောကိကေနေဝ တာဝ ဉာဏေန ရာဂံ နိရောဓေတိ နော သမုဒေတိ သမုဒယံ နု ကရောတီတိ အတ္ထော၊ အထဝါ သော ဇဝံ ဝိရဇ္ဇတော ယထာ ဒိဋ္ဌံ သခ်ိဳရဂတံ တထာ အဒိဋ္ဌံပိ အနှယဉာဏဝသေန နိရောဓေတိ နော သမုဒေတိ နိရောဓမေဝ မနသိကရောတိ နိရောဓမေဝသ ပသတိ နော သမုဒယန္တိ အတ္ထော၊ သော ဇဝံ ပဋိပ္ပန္နော ပဋိနိဿဇ္ဇတိ နော အာဒိယတိ။

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

သော၊ ထိုယောဂိသည်။ ဇဝံ၊ ဤသို့။ အရေ့ဖန်ကော၊ တပ်မက်ချင်း ကင်းသည်ဖြစ်၍။ လောကိကေနေဝ တာဝဉာဏေန၊ လောကီဉာဏ်ဖြင့် သာလျှင်။ ရာဂ၊ ရာဂကို။ နိရောဓေတိ၊ ချုပ်စေ၏။ နောသမုဒေတိ၊ မဖြစ်စေ။သမုဒယံ၊ ဖြစ်အောင်။ နကရောတိ၊မပြု။ ဇာတိ အယံ အတ္ထော၊ ဤကားသိအပ်သော သဘော။ အထဝါ၊ တနည်း။ သော၊ ထိုယောဂိသည်။ ဇဝံ၊ ဤသို့။ဝိရတ္တော၊ တပ်မက်ချင်းကင်းသည်ဖြစ်၍။ ယထာ၊ အကြောင်းအခြင်းဖြင့်။ သခိါရဂတံ၊ သခိါရအပေါင်းကို။ ဒိဋ္ဌံ၊ မြင်အပ်၏။ တထာ၊ ထိုမြင်သောအခြင်းဖြင့်။ အဒိဋ္ဌမိ၊ မမြင်သေ၌လည်း။ အန္ဓယဉာဏော၀သေန၊ အန္ဓယဉာဏ်ဖြင့်။ ရာဂံ၊ရာဂကို။နိရောဓေတိ၊ ချုပ်စေ၏။ နောသမုဒေတိ၊ မဖြစ်စေ။ နိရောဓမေ၀၊ ချုပ်သည်ကိုသာလျှင်။ မနသိကရောတိ၊ နှလုံးသွင်း၏။ အသသရာဂသ၊ ထိုရာဂ၏။ နိရောဓမေ၀၊ ချုပ်သည်ကိုသာလျှင်။ ပဿတိ၊ မြင်၏။ သမုဒယံ၊ ဖြစ်သည်ကို။ နောပဿတိ၊ မမြင်။ဇာတိအယံ အတ္ထော၊ ဤကားသိအပ်သောသဘော။ သော၊ ထိုယောဂိသည်။ ဇဝံ၊ ဤသို့။ပဋိပဿန္နော၊ အစဉ်သဖြင့် ကျင့်သည်ရှိသေ၌။ ပဋိနိဿဇ္ဇတိ၊တဖန်တဖန်စွန့်၏။ နောအာဒိယတိ၊အသစ်အသစ်လူ၊ ဘ၀မယူ။

အဘယ်သို့ အန္ဓယဉာဏ်ဖြင့်လည်း၊ တဖန်တဖန် စွန့်သနည်း။ အဘယ်သို့ အန္ဓယဉာဏ်ဖြင့်လည်း၊ အသစ်အသစ်လူ၊ ဘ၀မယူသနည်း။ ။ပဋိနိဿဂ္ဂ မည်သည်ကား၊ ၂စ်ပါး။ ပရိစ္စာဂ-ပဋိနိဿဂ္ဂလည်းတပါး၊ ပက္ခန္ဒန-ပဋိနိဿဂ္ဂလည်းတပါး၊ ထို ၂စ်ပါး တို့တွင်၊ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊ နိဗ္ဗိဒါနုပဿနာ၊ဝိရာဂါနုပဿနာ၊နိရောဓာနုပဿနာ၊ ပဋိနိဿဂ္ဂါနုပဿနာ၊ ၇-ပါးသည်၊ပျက်သောခဏ၊ပျက်သဟု-ရှုသဖြင့်၊ ထင်သောဘင်္ဂဉာ၊ သခိါရအပေါင်း၌၊နောင်အသစ်အသစ်ဖြစ်ချင်းငှါထိုက်သောအနုသယ-ပရိယုဋ္ဌာန်ကိလေသာကို၊ဖောဝိညာဏ်ယှဉ်သောခန္ဓာနှင့်တကွစွန့်ချင်းကြောင့်၊ ပရိစ္စာဂ–ပဋိနိဿဂ္ဂလည်းမည်၏။ အနိစ္စာနုပဿနာ၊ ဒုက္ခာနုပဿနာ၊ အနတ္တာနုပဿနာ၊ နိဗ္ဗိဒါနုပဿနာ၊ ဝိရာဂါနုပဿနာ၊ နိရောဓာနုပဿနာ၊ ပဋိနိဿဂ္ဂါနုပဿနာ၊ ၇–ပါးသည်၊ ပျက်သောခဏ၊ပျက်သဟု–ရှုသဖြင့်၊ ထင်သောဘင်္ဂဉာ၊ သခိါရအပေါင်း၌၊ ရှေးအကြောင်းနှင့် ယခုအကျိုးလည်း၊ပေါင်းဆုံခွင့်မရ။ ယခုအကြောင်း

ပဋိပဒါဥဇ္ဈာဒဿနဝိသုဒ္ဓိ

နှင့်နောင်အကျိုးလည်းပေါင်းဆုံခွင့်မရ။ အကြောင်းလည်းခြုံ၍အကျိုးလည်းခြုံ၍အနုပ္ပါဒနိရောဓ။ ။ပျက်သောခဏာ၊ ပျက်သဟု-ရှုသဖြင့်၊ ထင်သော ဘင်္ဂာရုံဟာ၊ သခ်ါရအပေါင်းခ်၊ နောင်အသစ်အသစ်ဖြစ်ချင်းဌါကိုက်သောအကျိုး၏နောင်အသစ်အသစ်အကျိုးမဖြစ်က၊ဘဝနိရောဓဟု၊ ထိုအနုပဿနာ ၇-ပါးတို့၏ညွတ်ချင်း၊ကိုင်းချင်း၊ ရှိုင်းချင်း၊ နှလုံးသွင်းချင်းဖြင့်၊ နိဗ္ဗာန်သို့ပြေးဝင်ချင်းကြောင့်၊ပက္ခန္ဒန-ပဋိနိဿဂ္ဂလည်းမည်၏။ ။ထိုကြောင့်၊ နောင်အသစ်အသစ် ဖြစ်သော အလို အားဖြင့်၊ အနုသယ-ပရိယုဋ္ဌာန် ကိလေသာကိုလည်းမယူ။ နောင်အသစ်အသစ်ဖြစ်ခြင်းဌါ ထိုက်သောအကျိုးဘဝ၊ သခ်ိတအာရုံကို၊ အပြစ်ဟု-မရှုသောအလိုအားဖြင့်၊ နောင်အသစ်အသစ်ဖြစ်သောအကျိုးဘဝ၊ သခ်ိတအာရုံကိုလည်းမယူ။ ဤသို့ အနွယဉာဏ်ဖြင့်လည်း၊ တဖန်တဖန်စွန့်၏။ ဤသို့အနွယဉာဏ်ဖြင့်လည်း၊ အသစ်အသစ်လူ၊ ဘဝမယူ။

> ကိ ံ ဂုတ္တံ ဟောတိ။ ။အယဉ္စိ အနိစ္စာဒိ အနုပဿနာ သဒ္ဓိံ ခန္ဓာဘိသခ်ါရေဟိ ကိလေသာနံ ပရိစ္စဇနတော သခ်ိတ ဒေါသဒဿနေနစ တဒ္ဗိပရိတေ နိဗ္ဗာနေစ တံ နိန္နတာယ ပက္ခန္ဒနတော ပရိစ္စာဂပဋိနိဿဂ္ဂါစေဝ ပက္ခန္ဒနပဋိနိဿဂ္ဂါစာတိ ဝုစ္စတိ။ တသ္မာ တာယ သမန္နာဂတော ဘိက္ခုယထာဝုတ္တေန နယေန နိဗ္ဗုတ္တနဝသေန ကိလေသေ နာ အာဒိယတိ နာ အဒေါသဒဿိတာဝသေန သခ်ိတာရမ္မဏံ၊တေန ဝုစ္စတိ ပဋိနိဿဇ္ဇတိ နော အာဒိယတီတိ။

ကိ ံ၊အဘယ်ကို။ ဝုတ္တံ၊ဆိုအပ်သည်။ ဟောတိ၊ ဖြစ်သနည်း။အယဉ္စိ အနိစ္စာဒိအနုပဿနာ၊ အနိစ္စအစရှိသော ဤအနုပဿနာ ၇-ပါးကို။ ခန္ဓာဘိသခ်ါရေဟိ၊ ဇရာဝိညာဏ်ယှဉ်သောခန္ဓာတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကိလေသာနံ၊ကိလေသာတို့ကို။ပရိစ္စဇနတော၊စွန့်ချင်းကြောင့်။ပရိစ္စာဂပဋိနိဿဂ္ဂါစေဝါတိ၊ ပရိစ္စာဂပဋိနိဿဂ္ဂဟူ၍လည်း။ ဝုစ္စတိ၊ ဆိုအပ်၏။ အယဉ္စိအနိစ္စာဒိအနုပဿနာ၊ အနိစ္စအစရှိသော ဤအနုပဿနာ ၇-ပါးကို။ သခ်ိတဒေါသဒဿနေနစ၊ဥပါဒ်-ဌိ-ဘင်၊သခ်ိတ၏အပြစ်ကိုမြင်သဖြင့်လည်းကောင်း။တဒ္ဗိပရိတေ၊ ထိုဥပါဒ်-ဌိ-ဘင်၊ သခ်ိတ၏အပြစ်မှကင်းသော၊နိဗ္ဗာနေ၊နိဗ္ဗာန်၌။တံနိန္နတာယစ၊ ထိုအနုပဿနာ

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

၇-ပါးတို့၏ ညွှတ်သည်၏ အဖြစ်ဖြင့်လည်းကောင်း။ ပက္ခန္ဓနတော၊ ပြေးဝင်ချင်းကြောင့်။ပက္ခန္ဓနပဋိနိဿဂ္ဂေါစာတိ၊ ပက္ခန္ဓနပဋိနိဿဂ္ဂဟူ၍ လည်း။ ဝုစ္စတိ၊ ဆိုအပ်၏။ တသ္မာ၊ ထိုကြောင့်။တာယ၊ထိုအနုပဿနာ ၇-ပါးနှင့်။သမန္နာဂတော၊ ပြည့်စုံသော။ဘိက္ခု၊ သံသရာရေး၊ ဘေးဟု ရှုလေ့ရှိသော။ သော၊ထိုယောဂိသည်။ ယထာဝုတ္တေနနယေန၊ အကြောင်အကြောင်ဆိုအပ်ပြီးသောနည်းဖြင့်။ နိဗ္ဗတ္တေနဝသေန၊ အသစ် အသစ် ဖြစ်သော အလိုအားဖြင့်။ကိလေသေ၊ကိလေသာတို့ကို။နအာဒိယတိ၊ မယူ။ အဒေါသ ဒဿိတာဝသေန၊ အပြစ်ဟုမရှုသော အလိုအားဖြင့်။သခ်ိတာ ရမ္မဏံ၊သခ်ိတအာရုံကို။နအာဒိယတိ၊မယူ။တေန၊ထိုကြောင့်။ပဋိနိဿဇ္ဇတိ။ထဖန်တဖန်စွန့်၏။နောအာဒိယတိ၊အသစ်အသစ်လူ၊ ဘဝမယူ။ဣတိ ဣဒံဝစနံ၊ ဤစကားကို။ဝုစ္စတိ၊ဆိုအပ်၏။

ပယ်ပုံ၊စွန့်ပုံကား။

အနိစ္စတော အနုပဿနွော နိစ္စသညံ ပဓဟတိ၊ဒုက္ခတော အနုပဿနွော သုခသညံ၊အနတ္တတော အနုပဿနွော အတ္တသညံ၊နိဗ္ဗိန္ဒနွော နန္ဒိံ၊ ဝိရဇ္ဇနွော ရာဂံ၊ နိရောဓနွော သမုဒယံ၊ ပဋိနိဿဇ္ဇနွော အာဒါနံ ပဓဟတိ။

အနိစ္စတော၊ အနိစ္စဟု။ အနုပဿနွော၊ ရှုသည်ရှိသော်။ နိစ္စသညံ၊ နိစ္စသညာကိလေသာကို။ ပဓဟတိ၊ ပယ်စွန့်၏။ ဒုက္ခတော၊ ဒုက္ခဟု။ အနုပဿနွော၊ ရှုသည်ရှိသော်။ သုခသညံ၊ သုခသညာကိလေသာကို။ ပဓဟတိ၊ ပယ်စွန့်၏။ အနတ္တတော၊ အနတ္တဟု။ အနုပဿနွော၊ ရှုသည်ရှိသော်။ အတ္တသညံ၊ အတ္တသညာ ကိလေသာကို။ ပဓဟတိ၊ ပယ်စွန့်၏။ နိဗ္ဗိန္ဒနွော၊ ငြီးငွေ့သည်ရှိသော်။ နန္ဒိံ၊ နန္ဒိရာဂတဏှာကို။ ပဓဟတိ၊ ပယ်စွန့်၏။ ဝိရဇ္ဇနွော၊ တပ်မက်ကင်းသည်ရှိသော်။ ရာဂံ၊ ရာဂကို။ ပဓဟတိ၊ ပယ်စွန့်၏။ နိရောဓနွော၊ ချုပ်စေသည်ရှိသော်။သမုဒယံ၊ ဖြစ်ချင်းကို။ ပဓဟတိ၊ပယ်စွန့်၏။ ပဋိနိဿဇ္ဇနွော၊ တဖန်တဖန်စွန့်သည်ရှိသော်။ အာဒါနံ၊ အသစ်အသစ်လူ၊ ဘဝယူကို။ ပဓဟတိ၊ ပယ်စွန့်၏။

ဤအနုပဿနာ ၇-ပါးနှင့်ပြည့်စုံသော ဘင်္ဂဉာဏ်၏ လက္ခဏာကား ၂-ပါး။ အာရုံကိုပျက်သဟု-ရှုသော ဉာဏ်လည်းတပါး။ ရှုသောစိတ်ကို

ပဋိပဒါဥာဏဒဿနဝိသုဒ္ဓိ

ပျက်သဟု-တဖန်ရှုသော ဉာဏ်လည်းတပါး။ ထို ၂-ပါးတို့တွင်၊အာရုံကိုကုန်သောသဘော ပျက်သောသဘောဟု-ရှုချင်းသည်၊ ဘင်္ဂဉာဏ်မည်၏။ ရှုသောစိတ်ကို-ကုန်သောသဘော ပျက်သောသဘောဟု-တဖန်ရှုချင်းသည်၊ ဝိပဿနာဉာဏ်မည်၏။

တေန ဝုစ္စတိ အာရမ္မဏပဋိသင်္ခါ ဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဉာဏန္တိ။

တေန၊ ထိုကြောင့်။ အာရမ္မဏပဋိသင်္ခါ-အာရမ္မဏံပဋိသင်္ခါဃဓာနိတ္တာ ခယတော ဝယတောဒိသွာ၊ အာရုံကိုကုန်သော သဘော ပျက်သောသဘောဟု-ရှု၍။ ဘင်္ဂါနုပဿနေပညာ၊ ရှုသောစိတ်ကို ကုန်သောသဘော ပျက်သော သဘောဟု-တဖန်ရှုသော ပညာသည်။ ဝိပဿနေဉာဏံ၊ဝိပဿနာဉာဏ်မည်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ဆိုအပ်၏။

ကုသလော တိသု အနုပဿနာသု၊ စတသော၀ ဝိပဿနာသု။ တယော ဥပဋ္ဌာနေ ကုသလတာ၊နာနာဒိဋ္ဌိသု နကမ္ပတိ။

တိသုအနုပဿနာသု၊ အနုပဿနာ ၃-ပါးတို့၌။ ကုသလော၊ လိမ်မာသော။ စတသောစဝိပဿနာသု၊ ဝိပဿနာ ၄-ပါးတို့၌။ ကုသလော၊ လိမ်မာသော။ သော၊ ထိုယောဂိသည်။ တယော ဥပဋ္ဌာနေ၊ ဥပဋ္ဌာန် ၃-ပါး၌။ ကုသလတာ၊လိမ်မာသည်၏ အဖြစ်ကြောင့်။ နာနာဒိဋ္ဌိသု၊ အထူးထူးသောဒိဋ္ဌိတို့၌။ နကမ္ပတိ၊မတုန်လှုပ်။

အဘယ်သူသည်၊ အနုပဿနာ ၃-ပါးဘို့၌ လိမ်မာသောသူမည်သနည်း။ **။အနုပဿနာ ၃-ပါးဟူသော်ကား**၊ အနိစ္စာနုပဿနာတပါး၊ ဒုက္ခာနုပဿနာတပါး၊ အနတ္တာနုပဿနာတပါး။ ထို ၃-ပါးတို့တွင်၊ ပျက်သောခဏ၊ သင်္ခါရ၏ပျက်သောသဘောကို၊ အနိစ္စဟုရှုချင်းသည်၊ အနိစ္စာနုပဿနာမည်၏။ ပျက်သောခဏ၊ သင်္ခါရ၏ပျက်သောသဘောကို၊ ဒုက္ခ–ဟုရှုချင်းသည်၊ ဒုက္ခာနုပဿနာမည်၏။ ပျက်သောခဏ၊သင်္ခါရ၏ပျက်သောသဘောကို၊အနတ္တဟုရှုချင်းသည်၊ အနတ္တာနုပဿနာမည်၏။ ဤအနုပဿနာ ၃–ပါးတို့ဖြင့်၊ ရှုသောသူသည်၊ အနုပဿနာ ၃–ပါးတို့၌လိမ်မာသောသူမည်၏။

အဘယ်သူသည်၊ ဝိပဿနာ ၄-ပါးတို့၌ လိမ်မာသော သူမည်သနည်း။ **။ဝိပဿနာ–၄ပါ ဟူသော်ကား**၊ နိဗ္ဗိဒါနုပဿနာတပါး၊ဝိရာ

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

ဂါနုပဿနာတပါး၊ နိရောဓနုပဿနာတပါး၊ ပဋိနိဿဂ္ဂါနုပဿနာ တပါး၊ ဤ၄-ပါးသော အနုပဿနာသည်၊ အနိစ္စဟု-ရှုသည်ကို၊ တဖန် ရှုသော ဝိပဿနာ ၄-ပါး။ဒုက္ခဟု-ရှုသည်ကို၊ တဖန်ရှုသော ဝိပဿနာ ၄-ပါး။အနတ္တဟု-ရှုသည်ကို၊တဖန်ရှုသော ဝိပဿနာ ၄-ပါး။ထို ၄-ပါး တို့တွင်၊

အနိစ္စဟု-ရှုသည်ကို၊ တဖန်ရှုသော ဝိပဿနာ ၄-ပါးဟူသော် ကား။ ။ပျက်သောခဏာ၊သခါရ၏ပျက်သောသဘောကို၊အနိစ္စဟုရှု၏၊ အနိစ္စဟုရှုချင်းသည်၊ ငြီးငွေ့၏၊ မနှစ်သက်။ဤသို့အနိစ္စဟု-ရှုသည်ကို ငြီးငွေ့သဟု၊ တဖန် ရှုချင်းကြောင့်၊နိဗ္ဗိဒါ နုပဿနာသည်၊ ဝိပဿနာ မည်၏။ ။ပျက်သောခဏာ၊ သခါရ၏ ပျက်သောသဘောကို၊ အနိစ္စ ဟု-ရှု၏၊အနိစ္စဟု-ရှုချင်းသည်၊ တပ်မက်ကင်း၏၊ မတပ်မက်။ ဤသို့ အ နိစ္စဟု-ရှုသည်ကို၊ တပ်မက်ကင်းသဟု၊ တဖန်ရှုချင်းကြောင့်၊ ဝိရာဂါ နုပဿနာသည်၊ ဝိပဿနာမည်၏။ ။ပျက်သောခဏာ၊သခါရ၏ပျက် သောသဘောကို၊ အနိစ္စဟုရှု၏။အနိစ္စဟု ရှုချင်းသည်၊ ရာဂကိုခြုံမိစေ ၏။ မဖြစ်စေ။ ဤသို့ အနိစ္စဟုရှုသည်ကို၊ ရာဂကို ခြုံမိစေသဟု၊ တဖန်ရှုချင်းကြောင့်၊ နိရောဓာနုပဿနာသည်၊ ဝိပဿနာမည်၏။ ။ ပျက်သောခဏာသခါရ၏ ပျက်သောသဘောကို၊ အနိစ္စဟုရှု၏။ အနိစ္စဟု ရှုချင်းသည်၊ ကိလေသာကို-တဖန်တဖန်စွန့်၏။ အသစ်အသစ်လျှ၊ဘဝ မယူ။ ဤသို့အနိစ္စဟုရှုသည်ကို၊ ကိလေသာကိုတဖန်တဖန်စွန့်သဟု-တဖန် ရှုချင်းကြောင့်၊ ပဋိနိဿဂ္ဂါနုပဿနာသည်၊ ဝိပဿနာမည်၏။ ဤသို့၊အနိစ္စဟုရှုသည်ကို၊ တဖန်ရှုသောဝိပဿနာ ၄-ပါး။

ဒုက္ခဟု-ရှုသည်ကို၊ တဖန်ရှုသော ဝိပဿနာ ၄-ပါးဟူသော် ကား။ ။ပျက်သောခဏာ၊ သခါရ၏ပျက်သောသဘောကို၊ဒုက္ခဟု-ရှု ၏။ ဒုက္ခဟု ရှုချင်းသည်ငြီးငွေ့၏၊ မနှစ်သက်။ ဤသို့ဒုက္ခဟုရှုသည်ကို၊ ငြီးငွေ့သဟု၊ တဖန်ရှုချင်းကြောင့်၊ နိဗ္ဗိဒါနုပဿနာသည်၊ ဝိပဿနာ မည်၏။ ။ပျက်သောခဏာ၊ သခါရ၏ပျက်သောသဘောကို ဒုက္ခဟု ရှု၏။ ဒုက္ခဟု-ရှုချင်းသည်တပ်မက်ကင်း၏။ မတပ်မက်။ ဤသို့ဒုက္ခဟု ရှုသည်ကို၊ တပ်မက်ကင်းသဟု၊ တဖန်ရှုချင်းကြောင့်၊ ဝိရာဂါနုပဿ နာသည်၊ ဝိပဿနာမည်၏။ ။ပျက်သောခဏာ၊ သခါရ၏ ပျက်သော သဘောကို၊ ဒုက္ခဟုရှု၏။ ဒုက္ခဟုရှုချင်းသည်၊ ရာဂကိုခြုံမိစေ၏၊

ပဋိပဒါဥာဏဒဿနဝိသုဒ္ဓိ

မဖြစ်စေ။ ဤသို့ဒုက္ခဟု-ရှုသည်ကို၊ ရာဂကိုခြုံစေသဟု၊တဖန်ရှုချင်းကြောင့်၊ နိရောဓနုပဿနာသည်၊ ဝိပဿနာမည်၏။ ။ပျက်သောခဏ၊ သခ်ါရ၏ပျက်သောသဘောကို၊ ဒုက္ခဟုရှု၏။ ဒုက္ခဟုရှုချင်းသည်၊ ကိလေသာကိုတဖန်တဖန်စွန့်၏။ အသစ်အသစ်လူ၊ ဘဝမယူ။ ဤသို့ဒုက္ခဟုရှုသည်ကို၊ ကိလေသာကိုတဖန်တဖန်စွန့်သဟု၊ တဖန်ရှုချင်းကြောင့်၊ ပဋိနိဿဂ္ဂါနုပဿနာသည်၊ ဝိပဿနာမည်၏။ ။ဤသို့ဒုက္ခဟုရှုသည်ကို၊တဖန်ရှုသောဝိပဿနာ ၄-ပါး။

အနတ္တဟုရှုသည်ကို၊ တဖန်ရှုသော ဝိပဿနာ ၄-ပါးဟူသော်ကား။ ။ပျက်သောခဏ၊ သခ်ါရ၏ပျက်သော သဘောကို၊ အနတ္တဟု ရှု၏၊ အနတ္တဟုရှုချင်းသည်၊ ငြီးငွေ့၏၊ မနှစ်သက်။ ဤသို့ အနတ္တဟုရှုသည်ကို၊ ငြီးငွေ့သဟု တဖန်ရှုချင်းကြောင့်၊ နိဗ္ဗိဒါနုပဿနာသည်၊ ဝိပဿနာမည်၏။ ။ပျက်သောခဏ၊ သခ်ါရ၏ပျက်သောသဘောကို၊ အနတ္တဟုရှု၏။ အနတ္တဟုရှုချင်းသည်၊ တပ်မက်ကင်း၏၊ မတပ်မက်။ ဤသို့အနတ္တဟုရှုချင်းကို၊ တပ်မက်ကင်းသဟု၊ တဖန်ရှုချင်းကြောင့်၊ ဝိရာဂါနုပဿနာသည်၊ဝိပဿနာမည်၏။ ။ပျက်သောခဏ၊သခ်ါရ၏ပျက်သောသဘောကို၊ အနတ္တဟုရှု၏။ အနတ္တဟုရှုချင်းသည်၊ ရာဂကိုခြုံစေ၏၊မဖြစ်စေ။ဤသို့ အနတ္တဟု ရှုသည်ကို၊ ရာဂကိုခြုံစေသဟု၊ တဖန်ရှုချင်းကြောင့်၊ နိရောဓနုပဿနာသည်၊ ဝိပဿနာမည်၏။ ။ ပျက်သောခဏ၊ သခ်ါရ၏ပျက်သောသဘောကို၊အနတ္တဟုရှု၏။အနတ္တဟုရှုချင်းသည်၊ ကိလေသာကို၊တဖန်တဖန်စွန့်၏၊အသစ်အသစ်လူ၊ဘဝမယူ။ ဤသို့ အနတ္တဟုရှုသည်ကို၊ ကိလေသာကို တဖန်တဖန်စွန့်သဟု၊ တဖန်ရှုချင်းကြောင့်၊ပဋိနိဿဂ္ဂါနုပဿနာသည်၊ဝိပဿနာမည်၏။ဤသို့ အနတ္တဟု ရှုသည်ကို တဖန်ရှုသောဝိပဿနာ ၄-ပါး။

ဤဝိပဿနာ ၄-ပါးတို့ဖြင့် ရှုသောသူသည်၊ဝိပဿနာ ၄- ပါးတို့၌လိမ်မာသော သူမည်၏။

အဘယ်သူသည်၊ ဥပဋ္ဌာန် ၃-ပါးတို့၌၊ လိမ်မာသော သူမည်သနည်း။ ။အနိစ္စဟုရှုသော ယောဂိအား၊ သခ်ါရတို့၏ ကုန်သောသဘော၊ ခယထင်၏။ ။ဒုက္ခဟုရှုသော ယောဂိအား၊ သခ်ါရတို့၏ ပျက်သောသဘော၊ ဘေးထင်၏။ ။အနတ္တဟုရှုသော ယောဂိအား၊ သခ်ါရတို့၏ ဆိတ်သော သဘော၊ သုညတ ထင်၏။

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

အနိစ္စတော မနသိကရောတော ခယတော သခ်ါရာ ဥပဋ္ဌ-
ဟန္တိ။ဒုက္ခတော မနသိကရောတော ဘယတော သခ်ါရာ ဥပဋ္ဌ
ဟန္တိ။ အနတ္တတော မနသိကရောတော သုညတော သခ်ါရာ
ဥပဋ္ဌဟန္တိ။

အနိစ္စတော၊ အနိစ္စဟု။ မနသိကရောတော၊ နှလုံးသွင်းသော
ယောဂိအား။ သခ်ါရာ၊ သခ်ါရတို့သည်။ ခယတော၊ ကုန်သဟု။
ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ဒုက္ခတော၊ ဒုက္ခဟု။ မနသိ ကရောတော၊
နှလုံးသွင်းသောယောဂိအား။ သခ်ါရာ၊ သခ်ါရတို့သည်။ ဘယတော၊
ဘေးဟု။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ အနတ္တကော၊ အနတ္တဟု။ မနသိ
ကရောတော၊ နှလုံးသွင်းသောယောဂိအား။ သခ်ါရာ၊ သခ်ါရတို့
သည်။သုညတော၊ ဆိတ်သဟု။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။

ဤသို့ ခယ- ဝယ- သုညတ- ထင်သောယောဂိသည်၊ ဥပဋ္ဌာန်
၃-ပါးခွဲ၊ လိမ်မာသောသူမည်၏။ လိမ်မာချင်းကြောင့်၊ အထူးထူး
သောဒိဋ္ဌိ၊ အထူးထူးသော အယူဝါဒ တို့ခွဲ၊ အယူ ကင်းပြုတ်၊
မတုန်လှုပ်။ ။ဤသို့ အထူးထူးသော အယူဝါဒတို့ခွဲ၊ အယူ မရှိချင်း
ကြောင့်၊ မတွန့်မဆုတ်၊ တုန်လှုပ်ချင်း ကင်းသည်ဖြစ်၍၊ ဘင်္ဂဉာဏ်
တဘက်ကမ်းသို့ရောက်သော ထိုယောဂိသည်၊ မခြုံမဘဲကိုသာလျှင်၊
ခြုံမသဟု၊ မပျက်ဘဲကိုသာလျှင်၊ ပျက်သဟု၊ ဖြစ်သောနှလုံးသွင်းချင်း
ဘင်္ဂဉာဏ် အာရုံးရှိသည်ဖြစ်၍၊ ကွဲလုနီးသော အိုးခွက်၏ မကွဲသေး
သေ်လည်း၊ ကွဲသလို၊ ကွဲပြို-ကွဲပြိုဟု၊ ရှုသကဲ့သို့။ ဗလစိတ်- ဗလမ္မာ၊
ဖရိ ဖရဲ၊ ပြိုလုနီးသော မြို့သဲကမ်းဘား၏ မပြို သေးသေ်လည်း၊
ပြိုသလို၊ ပြိုပြို-ပြိုပြိုဟု၊ ရှုသကဲ့သို့။ ကြိတ်ခွဲလုနီးသော နှမ်းတို့၏၊
မကြိတ်ခွဲသေးသေ်လည်း၊ ကြိတ်ခွဲသလို၊ ကြိတ်ခွဲပြို- ကြိတ်ခွဲပြိုဟု၊
ရှုသကဲ့သို့။ ထိုအတူ၊ ခပ်သိမ်းဥသုံ၊ အလုံးစုံ၊ ရုပ်နာမ်ခန္ဓာသခ်ါရ
တို့၏၊ ဖြစ်သောသဘောဥပါဒ်ကို၊ တည်သောသဘောဌိတိကို၊ ကိုယ်မှ
အပြုအပြင် အစီအရင်၊ နှလုံမှ အပြုအပြင် အစီအရင်၊ စိတ်မှအပြုအပြင်
အစီအရင်တို့၏ အကြားအကြား၊ ကိုယ်မှလည်းအား၊နှလုံမှလည်းအား၊
စိတ်မှလည်းအား၍နေသောကာလ၊ တခုတခု၊ အစုအစုဖြစ်သော ဘဝ
အလျဉ်၊ ဘဝင်အစဉ် ပဝတ္တကို၊ကိုယ်မှအပြုအပြင် အစီအရင်၊ နှလုံမှ

ပဋိပဒါဥာဏဒဿနဝိသုဒ္ဓိ

အပြုအပြင်အစိအရင်၊ စိတ်မှုအပြုအပြင်အစိအရင်၊ သခ်ါရနိမိတ်ကို-စွန့်လွှတ်၍၊ မပျက်သေးသေ်လည်း၊ ပျက်သလို၊ ပျက်ပြီ-ပျက်ပြီဟု၊ ရှုဏ်။

သော ၎ံ အဝေဓမာနော အနိစ္စဒွမေဝ နိစ္စန္တိ၊ အဘိန္နမေဝ ဘိဇ္ဇတိတိ ပဝတ္တမနသိကာရော ဒုဗ္ဗလဘာဇနဿ ဝိယ ဘိဇ္ဇမာနဿ သုခုမရူပဿေဝ ဝိပ္ပကိရိယမာနဿ တိလာနံ ဝိယ ဘဇ္ဇမာနာနံ သင္ခသခ်ါရာနံ ဥပ္ပါဒ ဋ္ဌိတိ ပဝတ္တနိမိတ္တံ ဝိဿဇ္ဇိတ္တာ ဘေဒမေဝ ပဿတိ။

သော၊ ထိယောဂိသည်။ ၎ံ၊ ဤသို့။ အဝေဓမာနော၊ တုန်လှုပ်ချင်းကင်းသည်ဖြစ်၍။ အနိစ္စဒွမေဝ၊ မခြေမြဲဘဲကိုသာလျှင်။ နိစ္စန္တိ၊ ခြေမံ၏။ အဘိန္နမေဝ၊ မပျက်ဘဲကိုသာလျှင်။ ဘိဇ္ဇတိ၊ ပျက်၏။ ဣတိ၊ ဤသို့။ ပဝတ္တ မနသိကာရော၊ ဖြစ်သော နှလုံးသွင်းချင်း၊ ဘင်္ဂဉာဏ် အရင်းရှိသည်ဖြစ်၍။ ဘိဇ္ဇမာနဿ၊ ကွဲလုနီးသော။ ဒုဗ္ဗလဘာဇနဿ၊ အိုးခွက်၏။ ဘေဒမေဝ၊ ကွဲသည်ကိုသာလျှင်။ပဿတိဝိယ၊ ရှုသကဲ့သို့။ ဝိပ္ပကိရိယမာနဿ၊ ဖရိဖဲခဲ ပြိုလုနီးသော။ သုခုမရူပဿ၊ သိမ်မွေသော မြူသဲကမ်းဘား၏။ ဘေဒမေဝ၊ ပြိုသည်ကိုသာလျှင်။ ပဿတိ ဇာဝ၊ ရှုသကဲ့သို့။ ဘဇ္ဇမာနာနံ၊ ကြိတ်ခွဲ လုနီးကုန်သော။ တိလာနံ၊ နှမ်းတို့၏။ ဘေဒမေဝ၊ ကြိတ်ခွဲသည်ကိုသာလျှင်။ ပဿတိ ဝိယ၊ ရှုသကဲ့သို့။ တထာ၊ ထိုအတူ။ သင္ခသခ်ါရာနံ၊ အလုံးစုံသောသခ်ါရတို့၏။ ဥပ္ပါဒ ဋ္ဌိတိ ပဝတ္တ နိမိတ္တံ၊ ဥပ္ပါဒ ဋ္ဌိတိ ပဝတ္တ နိမိတ္တကို။ ဝိဿဇ္ဇိတ္တာ၊စွန့်လွှတ်၍။ဘေဒမေဝ၊ ပျက်သည်ကိုသာလျှင်။ ပဿတိ၊ ရှုဏ်။

ဥပမာမညသညကား။ မျက်စိအမြင် ရှိသော ယောကျ်ား၊ကံရိုးခွဲသေ်လည်းကောင်း၊မြစ်ကမ်းခွဲ သေ်လည်းကောင်း၊ ရပ်သည်ရှိသေ်၊ ထူထဲသော ဓိုးသေးဓိုးမွား၊ ဓိုးပေါက် အားကြိုးသော၊ဓိုးရွာသည်ရှိသေ်၊ ရေအပြင်၌၊ များစွာ များစွာသော၊ ရေသေး ရေမွား၊ ရေတဖွားဖွား၊ ရေတဗွက်ဗွက်၊ လျင်စွာလျင်စွာ၊ ဖြစ်၍ပျက်သည်ကို၊ မြင်ရသကဲ့သို့၊ ထိုအတူ၊ ဘင်္ဂဉာဏ် တဘက်ကမ်း ရောက်သော

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

ထိုယောဂိသည်၊ခပ်သိမ်းဥဿုံ အလုံးစုံ၊ ရုပ်နာမ်ခန္ဓာသခ်ၤါရတို့သည်၊ ပျက်ကုန်ပြီ-ပျက်ကုန်ပြီဟု ရှုဇ်။

သော ယထာနာမ စက္ခုမာ ပုရိသော ပေါက္ခရဏိ တိရေဝါ နဒိတိရေဝါ ဌိတော ထူလဖုသိတကေ ဒေဝေ ဝဿန္တေ ဥဒကပိဋ္ဌေ မဟန္တံမဟန္တာနိ ဥဒကပုပ္ဖုဋ္ဌကာနိ ဥပ္ပဇ္ဇိတ္ဝာ ဥပ္ပဇ္ဇိတ္ဝာ သိဃံ သိဃံ ဘိဇ္ဇမာနာနိ ပဿေယျ။ ဇဝမေဝ သဗ္ဗေ သခ်ၤါရာ ဘိဇ္ဇန္တိ ဘိဇ္ဇန္တိတိ ပဿတိ။

ယထာနာမ၊ ဥပမာမည်သည်ကား။' စက္ခုမာ၊ မျက်စိအမြင်ရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ပေါက္ခရဏိတိရေဝါ၊ ကံဂိုးခွဲသော်လည်း ကောင်း။နဒိတိရေဝါ၊ မြစ်ကမ်းခွဲသော်လည်းကောင်း။ဌိတော၊ရပ်သည် ရှိသော်။ ထူလဖုသိတကေ၊ ထူထဲသော၊ ဖိုစီးသေး ဖိုစီးမွှား၊ ဖိုစီးပေါက်အားကြီးသော။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာသည် ရှိသော်။ ဥဒကပိဋ္ဌေ၊ ရေအပြင်၌။ မဟန္တံမဟန္တာနိ၊ များစွာများစွာ ကုန်သော။ ဥဒကပုပ္ဖုဋ္ဌကာနိ၊ ရေပွက်တို့သည်။ ဥပ္ပဇ္ဇိတ္ဝာဥပ္ပဇ္ဇိတ္ဝာ၊ ဖြစ်ကုန်ဖြစ်ကုန်၍။သိဃံသိဃံ၊လျင်စွာလျင်စွာ။ဘိဇ္ဇမာနာနိ၊ပျက်သည် တို့ကို။ပဿေယျယထာ၊ မြင်ရာသကဲ့သို့။ ဇဝမေဝ၊ ဤအတူသာလျှင်။ သော၊ ထိုယောဂိသည်။သဗ္ဗေသခ်ၤါရာ၊ အလုံးစုံသောသခ်ၤါရတို့သည်။ ဘိဇ္ဇန္တိ ဘိဇ္ဇန္တိတိ၊ပျက်ကုန်၏-ပျက်ကုန်၏ဟု။ ပဿတိ၊ ရှု၏။

ဇဝရုပဉ္စိ ယောဂါဝစရံ သန္ဓာယ ဝုတ္တံ ဘဂဝတာ။''ယထာ ပုပ္ဖုဋ္ဌကံပဿေ၊ ယထာ ပဿေ မရိစိကံ။ ဇဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ နပဿတိ''တိ။

ဇဝရုပံ၊ ဤသို့-ပျက်ကုန်ပြီ-ပျက်ကုန်ပြီဟု၊ရှုသောအလေ့သဘောရှိသော။ ယောဂါဝစရံ၊ ယောဂိကို။ သန္ဓာယ၊ ရည်တော်မူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ''ယထာပုပ္ဖုဋ္ဌကံပဿေ၊ ယထာ ပဿေမရိစိကံ။ ဇဝံလောကံအဝေက္ခန္တံ၊ မစ္စုရာဇာနပဿတိ''တိဇ္ဈာနံ ဝစနံ၊ နပဿတိဟူသော၌စကားကို။ ဝုတ္တံ၊ ဟောအပ်ပြီ။

ပုပ္ဖုဋ္ဌကံ၊ ရေပွက်ကို။ ပဿေယထာ၊ ရှုရာသကဲ့သို့။ မရိစိကံ၊ တံလျှပ်ကို။ ပဿေယထာ၊ ရှုရာသကဲ့သို့။ ဇဝံတထာ၊ ထိုအတူ။ လော

ပဋိပဒါဥာဏဒီပနီ

ကံ၊ ရုပ်နာမ်ခန္ဓာသင်္ခါရလောကကို၊ အဝေဂ္ဂနံ၊ ပျက်သဟုပျက်သဟု-ရှုသောယောဂီကို။မစ္ဆုရာဇာသေမင်းသည်။နုပသတိ၊မမြင်နိုင်။

ဤသို့ ခပ်သိမ်းဥသုံအလုံးစုံ၊ ရုပ် နာမ် ခန္ဓာသင်္ခါရတို့သည်၊ ပျက်ကုန်ပြီ-ပျက်ကုန်ပြီဟု၊ နေ့ရောညဉ့်ပါ၊ အခါမစဲ၊ အမြဲမပြတ်၊ နာရီဖိနှာ၊ ပြန်ခရာမျှမလပ်အောင်၊မပြတ်ရှုသောထိုယောဂီအား၊ အာနိသင်ဂ-ပါးအခြံအရံရှိသော၊ ဘင်္ဂါနုပဿနာဉာဏ်၊ စွမ်းအားရောက်၏။

> တသ ဇဝံ သဗ္ဗေသင်္ခါရာ ဘိင်္ဂဒွိ ဘိင်္ဂဒွိတိ အဘိဏှံ ပဿတော အဋ္ဌာနိသံသပရိဝါရံ ဘင်္ဂါနုပဿနာဉာဏံ ဗလ ပတ္တံ ဟောတိ။

ဇဝံ၊ ဤသို့။ သဗ္ဗေသင်္ခါရာ၊ အလုံးစုံသောသင်္ခါရတို့သည်။ ဘိင်္ဂဒွိ ဘိင်္ဂဒွိတိ၊ ပျက်ကုန်ပြီ-ပျက်ကုန်ပြီဟု။ အဘိဏှံ၊ မပြတ်။ ပဿတော၊ ရှုသော။ တသယောဂိနော၊ ထိုယောဂီအား။ အဋ္ဌာနိသံသပရိဝါရံ၊ ဂ-ပါးသောအာနိသင်အခြံအရံရှိသော။ဘင်္ဂါနုပဿနာဉာဏံ၊ ဘင်္ဂါနုပဿနာဉာဏ်သည်။ဗလပတ္တံ၊ စွမ်းအားရောက်သည်။ဟောတိ၊ ဖြစ်၏။

> တတြိမေ အဋ္ဌာနိသံသာ။ ဘဝဒိဋ္ဌိပဟာနံ၊ ဇီဝိတနိကန္တိ ပရိစ္စာဂေါ၊ သဒ္ဒါယုတ္တပယုတ္တတာ၊ ဝိသုဒ္ဓါဇီဝိတာ၊ ဥဿုက ပဟာနံ၊ ဝိဂတ ဘယတာ၊ ခန္တိသောရစ္စပဋိလာဘော၊ အရတိ ရတိသဟနတာတိ။

တတြဝေစနေ၊ ထိုစကားရပ်၌။ အာနိသံသာ၊ ဘင်္ဂဉာဏ်၏အာနိသင်တို့သည်။ဇူမေအဋ္ဌ၊ဤ ဂ-ပါးတို့တည်း။ ကတမေအဋ္ဌ၊ အဘယ် ဂ-ပါးတို့နည်း။ ဘဝဒိဋ္ဌိပဟာနံ၊ ဘဝဒိဋ္ဌိကို ပယ်ချင်းတပါး။ ဇီဝိတနိကန္တိ ပရိစ္စာဂေါ၊ အသက်ကို ငဲ့သောနိကန္တိကို စွန့်ချင်းတပါး။ သဒ္ဒါယုတ္တ ပယုတ္တတာ၊ အခါခပ်သိမ်း ဝိပဿနာကို အားထုတ်ချင်းတပါး။ ဝိသုဒ္ဓါဇီဝိတာ၊အသက်မွေးစင်ကြယ်ချင်းတပါး။ ဥဿုကပဟာနံ၊ ကြောင့်ကြကိုပယ်ချင်းတပါး။ ဝိဂတဘယတာ၊ အကြောက်ကင်းချင်းတပါး။ ခန္တိသောရစ္စပဋိလာဘော၊ သည်းခံသော စိတ်နှလုံး၌ မွေ့လျော်သည်ကို ရချင်းတပါး။ အရတိရတိသဟနတာ၊ မမွေ့လျော်သည်-မွေ့လျော်သည်ကိုခံနိုင်ချင်းတပါး။ ဇူတိ၊ ဤသို့။ အာနိသံသာ၊ ဘင်္ဂဉာဏ်၏အာနိသင်တို့သည်။ဇူမေအဋ္ဌ၊ဤ ဂ-ပါးတို့တည်း။

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

အကြင်အခါကာလ၊ ဘင်္ဂဉာဏ်တဘင်္ဂကမ်းသို့ရောက်၏။ ထိုအခါကာလ၊ သေမင်းမြင်သောယောဂိပုဂ္ဂိုလ်၏ ဘင်္ဂဉာဏ်တဘင်္ဂကမ်းသို့ရောက်၏။ ဒိဋ္ဌဉာဏ်အနုပဿနာသုံးပါး၊ အန္ဓယဉာဏ်ဝိပဿနာလေးပါးတို့ရှိ၍၊ လိမ်မာသော ယောဂိပုဂ္ဂိုလ်သည်၊ ဥပဋ္ဌာနဉာဏ်သုံးပါးတို့ရှိ၍၊ လိမ်မာသည်၏အဖြစ်ကြောင့်၊နာနာဝါဒ၊ လောကဓေးယူ၊အလေးမူသော်လည်း အယူမရှိ။

အယူရှိပုံကား။

အကြင်အခါကာလ၊ ငါဖြစ်၏ သူဖြစ်၏အယူရှိ၊ ဘဝဒိဋ္ဌိအယူမရှိ။ ငါပျက်၏ သူပျက်၏အယူရှိ၊ဝိဘဝဒိဋ္ဌိအယူမရှိ။ ငါသူမဆို၊မဒိုမသေ၊ အမြဲနေ၏ အယူရှိ၊ သဿတဒိဋ္ဌိအယူမရှိ။ သေ၍တဖန်၊ နောက်ပြန်ဖြစ်သည်မရှိ အယူရှိ၊ဥစ္ဆေဒဒိဋ္ဌိအယူမရှိ။ထိုအခါကာလ၊ ရေငြိုက်ကို ရှုသကဲ့သို့၊တံလျှပ်ကိုရှုသကဲ့သို့၊ ထို့အတူ၊ပျက်သဟုရှုသောဌာန၊ဒွါရ၊ အာရုံ၊ဝိညာဏ်၊ဖဿ၊ဝေဒနာပေါင်းဆုံကြသေးကာလ၊ခန္ဓာက၅-ပါး။ တပါးပါးက အာရုံထင်၊ ပျက်သဟုရှုမြင်ပုံကစိတ်၊ အာရုံတချက်၊ စိတ်တချက်၊ ခဏချင်းစက်အောင်၊ပျက်သဟု-ပျက်သဟု၊ အမှတ်ပြုသဖြင့်၊ မပြတ်ရှုချင်းကြောင့်၊ အနုသယ-ပရိယုဋ္ဌာန်၊ဘဝတဖန်၊ခန္ဓာနာမ်ရုပ်၊ ခြိမ်သောနိဗ္ဗာန်သို့ပြေးဝင်ချင်း၊ သေမင်းမြင်သော ယောဂိပုဂ္ဂိုလ်၏ ဘင်္ဂဉာဏ်၊တဘင်္ဂကမ်းရောက်၏။ ဘင်္ဂဉာဏ် တဘင်္ဂကမ်းသို့ရောက်သော ယောဂိပုဂ္ဂိုလ်၏စိတ်၊ငြိကတ္တသို့ရောက်၏။

ရောက်ပုံကား။

အတိတာနုဓာဝနံ စိတ္တံ၊ဝိက္ခေပါနုပတိတံ၊တံ ဝိဝဋ္ဋယိတ္ထာ ငြိကဋ္ဌာနေ သမာဒဟတိ။ ငြဝမ္ပိ စိတ္တံ နဝိက္ခေပံ ဂစ္ဆတိ။ အနာဂတပဋိကင်္ခံ စိတ္တံ ဝိကမ္ပိတံ၊ တံ ဝိဝဋ္ဋယိတ္ထာ တထ္ထေဝ အဓိမောစေတိ။ငြဝမ္ပိ စိတ္တံ နဝိက္ခေပံ ဂစ္ဆတိ။လိနံ စိတ္တံ ကောသဇ္ဇာနုပတိတံ တံ ပဂ္ဂဏှိတ္ထာ ကောသဇ္ဇံ ပဇဟတိ။ငြဝမ္ပိ စိတ္တံ နဝိက္ခေပံ ဂစ္ဆတိ၊ အတိပဂ္ဂဟိတံ စိတ္တံ ဥဒ္ဓစ္စာနုပတိတံ၊ တံ ဝိနိဂ္ဂဏှိတ္ထာ ဥဒ္ဓစ္စံ ပဇဟတိ။ ငြဝမ္ပိ စိတ္တံ နဝိက္ခေပံ ဂစ္ဆတိ။ အဘိဏှတံ စိတ္တံ ရာဂါနုပတိတံ၊ တံ သမ္မဇ္ဇာနော ဟုတ္ထာ ရာဂံ ပဇဟတိ။ ငြဝမ္ပိ စိတ္တံ နဝိက္ခေပံ ဂစ္ဆတိ။ အပဏှတံ စိတ္တံ

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ဗျာပါဒါနုပတိတံ၊ တံသမ္မဇ္ဈာနော ဟုတ္ဝာ ဗျာပါဒံ ပဇဟတိ။ ဧဝမ္ပိ စိတ္တံ နိဂ္ဂဟံ ဂစ္ဆတိ။ ဣမေဟိ ဆဟိ ဌာနေဟိ ပရိသုဒ္ဓံ စိတ္တံ ပရိယောဒါတံ ဂေဟဿိတံ ဟောတိ။

အတိတာနုဓာဝနံ၊ အတိတ်သို့ပြေးသွားသော။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပါနုပတိတံ၊ ပျံ့လွင့်ရာကျ၏။ တံ၊ ထိုအတိတ်ကို။ ဝိဝဇ္ဇယိတ္ဝာ၊ ကြဉ်ချင်းကြောင့်။ ဧကဋ္ဌာနေ၊ ပစ္စုပ္ပန်ကာလ၊ ပျက်သဟုရွာ၊ တဒုသောဌာနဋ္ဌ။ သမာဒဟတိ၊ တည်၏။ ဧဝမ်ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ နဂစ္ဆတိ၊ မရောက်။ အနာဂတပဋိကခိနံ၊ အနာဂတ်ကို အလိုရှိသော။ စိတ္တံ၊ စိတ်သည်။ ဝိကမိတံ၊ တုန်လှုပ်၏။ တံ၊ ထိုအနာဂတ်ကို။ ဝိဝဇ္ဇယိတ္ဝာ၊ ကြဉ်ချင်းကြောင့်။ တတ္ထေဝ၊ ထိုပစ္စုပ္ပန်ကာလ၊ ပျက်သဟုရွာ၊ တဒုသောဌာနဋ္ဌသာလျှင်။ အဓိမောစေတိ၊ နှလုံးသွင်း၏။ ဧဝမ်ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ နဂစ္ဆတိ၊ မရောက်။ ဃိနံ၊ တွန့်သော။ စိတ္တံ၊ စိတ်သည်။ ကောသဇ္ဇာနုပတိတံ၊ ပျင်းရောကျ၏။ တံ၊ ထိုတွန့်သည်ကို။ ပဂ္ဂဏှိတ္ဝာ၊ အားပေးချီးမြှောက်၊ ထောက်ပင့်ခြင်းကြောင့်။ ကောသဇ္ဇံ၊ ကောသဇ္ဇကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဧဝမ်ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ နဂစ္ဆတိ၊ မရောက်။ အတိပဂ္ဂဟိတံ၊ အားတက်လွန်းသော်။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓစ္စာနုပတိတံ၊ ပျံ့လွင့်ရာကျ၏။ တံ၊ ထိုအားတက်လွန်းသည်ကို။ ဝိနိဂ္ဂဏှိတ္ဝာ၊ နှိပ်ချင်းကြောင့်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဧဝမ်ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ နဂစ္ဆတိ၊ မရောက်။ အဘိဏှတံ၊ ညွတ်လွန်းသော။ စိတ္တံ၊ စိတ်သည်။ ရာဂါနုပတိတံ၊ ရာဂဖြစ်ရာကျ၏။ တံ၊ ထိုညွတ်လွန်းသည်ကို။ သမ္မဇ္ဈာနော၊ ဆင်ခြင်သည်။ ဟုတ္ဝာ၊ ဖြစ်ချင်းကြောင့်။ ရာဂံ၊ ရာဂကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဧဝမ်ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ နဂစ္ဆတိ၊ မရောက်။ အပဏှတံ၊ မညွတ်လွန်းသော။ စိတ္တံ၊ စိတ်သည်။ ဗျာပါဒါနုပတိတံ၊ ဒေါသဖြစ်ရာကျ၏။ တံ၊ ထိုမညွတ်လွန်းသည်ကို။ သမ္မဇ္ဈာနော၊ ဆင်ခြင်သည်။ ဟုတ္ဝာ၊ ဖြစ်ချင်းကြောင့်။ ဗျာပါဒံ၊ ဒေါသကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဧဝမ်ပိ၊ ဤသို့လည်း။ စိတ္တံ၊ စိတ်သည်။ ဝိက္ခေပံ၊ ပျံ့လွင့်ခြင်းသို့။ နဂစ္ဆတိ၊ မရောက်။ ဣမေဟိ ဆဟိ ဌာနေဟိ၊ ဤ ၆-ပါးသောဌာနတို့ဖြင့်။ ပရိသုဒ္ဓံ၊ စင်ကြယ်သော။ စိတ္တံ၊ စိတ်သည်။ ပရိယောဒါတံ၊ ပြိုးပြိုးပြက်၊ တလက်

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

လက်ဖြူစင်သည်ဖြစ်၍။ ငကောင်္ဂဂတံ၊ ကိလေသာအဖေါ်ကင်း၊တကိုယ်တည်းချင်းသို့ရောက်သည်။ဟောတိ၊ဖြစ်၏။

ကတမံ တံ ငကောင်္ဂံ၊ ဝယလက္ခဏူပဒ္ဒါနေကောင်္ဂံ၊ ဝယလက္ခဏူပဒ္ဒါနေကောင်္ဂဥ္စ ဝိပဿနာကာနံ။

တံငကောင်္ဂံ၊ ထိငကောင်္ဂသည်။ ကတမံ၊ အာဘယ်နည်း။ ဝယလက္ခဏူပဒ္ဒါနံ၊ အပျက်လက္ခဏာထင်ချင်းသည်ကား။ ငကောင်္ဂံ၊ ငကောင်္ဂတည်း။ ဝယလက္ခဏူပဒ္ဒါနံ၊ အပျက်လက္ခဏာ ထင်ချင်းသည်ကား။ ကတမေသာနံ၊အာဘယ်ပုဂ္ဂိုလ်တို့၏။ ငကောင်္ဂံ၊ ငကောင်္ဂနည်း။ ဝယလက္ခဏူပဒ္ဒါနံ၊ အပျက်လက္ခဏာ ထင်ချင်းသည်ကား။ ဝိပဿနာကာနံ၊ ဝိပဿနာကို အားထုတ်ကုန်သော ယောဂိပုဂ္ဂိုလ်တို့၏။ ငကောင်္ဂံ၊ ငကောင်္ဂတည်း။

ဝယလက္ခဏူပဒ္ဒါနေကောင်္ဂ၊ တခုသော ဤဌာနဖြင့်၊ ကိလေသာအဖေါ်ကင်း၊ တကိုယ်တည်းချင်းသို့ရောက်သော၊ ပျက်သဘာ ရှုသောနောက်စိတ်သည်ကား၊ နှောက်ရှက်ဝိတ်ပင်သောနိဝရဏာ၊ ကိလေသာအညစ်အကြေးမှ၊ မစင်ကြယ်သေးသော်လည်း၊ အခြားမဲ့ပြု၊ ပျက်သဟုဆင်ခြင်သော ဂ္ဂေါစိတ်၏၊ ပရိကံ့လာသော အလိုအားဖြင့်၊ ပျက်သဟုရှုသောနောက်စိတ်၏ ဥပ္ပါဒက္ခဏာ၊ အကျင့်၏ စင်ကြယ်ချင်းသို့ပြေးဝင်သည်လည်း ဖြစ်၏။ တတြမစ္ဆတ္တုပေက္ခာ၏ ကိစ္စ အလိုအားဖြင့်၊ ပျက်သဟု ရှုသော နောက်စိတ်၏ ဌိတိက္ခဏာ၊ ဥပေက္ခာကိုပွါးသည်လည်းဖြစ်၏။ ဉာဏ်၏ ကိစ္စပြီးဆုံးသော အလိုအားဖြင့်၊ ပျက်သဟုရှုသော နောက်စိတ်၏ ဘင်္ဂက္ခဏာ၊ ဘာဝနာပြီးဆုံးသည်လည်းဖြစ်၏။

ဇာမိနာ ငကေန ဌာနေန ငကောင်္ဂဂတံ စိတ္တံ ပဋိပဒါဝိသုဒ္ဓိ ပက္ခန္ဒတ္တေဝ ဟောတိ၊ ဥပေက္ခာနုဗြူဟိတဋ္ဌ၊ ဉာဏေန စ သမ္ပဟံသိတံ။

ဇာမိနာငကေနဌာနေန၊ ဝယလက္ခဏူပဒ္ဒါနေကောင်္ဂ၊ တခုသော ဤဌာနဖြင့်။ ငကောင်္ဂဂတံ၊ ကိလေသာ အဖေါ်ကင်း၊ တကိုယ်တည်းချင်းသို့ရောက်သော။ စိတ္တံ၊ စိတ်သည်။ ပဋိပဒါဝိသုဒ္ဓိပက္ခန္ဒတ္တေဝ၊ အကျင့်၏ စင်ကြယ်ချင်းသို့ ပြေးဝင်သည်လည်း။ ဟောတိ၊ ဖြစ်၏။ ဥပေက္ခာနုဗြူဟိတဋ္ဌ၊ ဥပေက္ခာကိုပွါးသည်လည်း။ ဟောတိ၊ ဖြစ်၏။

ပဋိပဒါဉာဏဿနဝိသုဒ္ဓိ

ဉာဏေန-ဉာဏဿကိစ္စနိပ္ပတ္တိဝသေန၊ဉာဏ်ာ၏ကိစ္စပြီးဆုံးသော အလို အားဖြင့်။ သမ္မာဒံသိတဗ္ဗ၊ ဘာဝနာပြီးဆုံးသည်လည်း။ပေါတိ၊ဖြစ်၏။

ဘင်္ဂါနုပဿနာဉာဏဿ ကော အာဒီးကိ်မဏ္ဍော။'ကိ်ပရိ ယောသာနံ၊ ဘင်္ဂါနုပဿနာဉာဏဿ၊ ပဋိပဒါဝိသုဒ္ဓိ အာဒီး ဥပေက္ခာနုဇြူဟနာ မဏ္ဍော။ သမ္မာဒံသနာ ပရိယောသာနံ။

ဘင်္ဂါနုပဿနာ ဉာဏဿ၊ဘင်္ဂဉာဏ်၏။ ကော၊ အဘယ်သည်ကား။ အာဒီ၊ အစနည်း။ ကိ်၊အဘယ်သည်ကား။ မဏ္ဍော၊ အလယ်နည်း။ ကိ်၊ အဘယ်သည်ကား။ ပရိယောသာနံ၊ အဆုံးနည်း။ဘင်္ဂါနုပဿနာ ဉာဏဿ၊ ဘင်္ဂဉာဏ်၏။ ပဋိပဒါ ဝိသုဒ္ဓိ၊ အကျင့်၏စင်ကြယ်ချင်းသည် ကား။အာဒီ၊ အစတည်း။ဥပေက္ခာနုဇြူဟနာ၊ ဥပေက္ခာကိုပွါးချင်းသည် ကား။ မဏ္ဍော၊အလယ်တည်း။ သမ္မဟံသနာ၊ ဘာဝနာ၏ပြီးဆုံးချင်းသည် ကား။ ပရိယောသာနံ၊ အဆုံးတည်း။

ဘင်္ဂါနုပဿနာ ဉာဏဿ ပဋိပဒါဝိသုဒ္ဓိ အာဒီ။ အာဒိဿ ကတိလက္ခဏာနိ။ အာဒိဿ တိကိလက္ခဏာနိ။

ဘင်္ဂါနုပဿနာဉာဏဿ၊ ဘင်္ဂဉာဏ်၏။ ပဋိပဒါဝိသုဒ္ဓိ၊အကျင့်၏ စင်ကြယ်ချင်းသည်ကား။အာဒီ၊အစတည်း။ အာဒိဿ၊ အစ၏။လက္ခဏာ နိ၊ လက္ခဏာတို့သည်ကား။ကတိ၊အဘယ်မျှတို့နည်း။ အာဒိဿ၊အစ၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ တိကိ၊ သုံးပါးတို့တည်း။

စိတ်ညစ်ကြေးတာက၊ ကိလေသာ။ အာရုံမထင်၊ မြွေးရှက်ပိတ်ပင် တာက၊နိဝရဏာ။ နိဝရဏဟု ဆိုအပ်သော၊အကြောင်းကိလေသာအပေါင်း က၊ ပျက်သဟု ရှုသောနောက်စိတ်၏၊ ရှုခွင့်ပျက်ကွက်၊အနှောက်အယှက် အပိတ်အပင်၊ ထိုနှောက်ယှက်ပိတ်ပင်သော နိဝရဏာကိလေသာ အညစ် အကြေးမှ၊ အခြားမဲ့ပြု၊ ပျက်သဟု ဆင်ခြင်သောရှေ့စိတ်၊ စင်ကြယ်တာ ကလည်းလက္ခဏာတပါး။စင်ကြယ်သည်၏အဖြစ်ကြောင့်၊ အခြားမဲ့ပြု၊ ပျက်သဟု ဆင်ခြင်သောရှေ့စိတ်မဖြစ်မသမထနိမိတ်သို့၊ရောက်ထာက လည်း လက္ခဏာတပါး။ ယုတ်သောအတို့အစု၊ လွန်သောအတို့အစု၊ နှစ်ခုတို့သို့၊ မရောက်မျင်းကြောင့်၊ မဖြစ်မ။ အနုသယ-ပရိယုဋ္ဌာန်၊ ဘဝ တဖန်၊ ခန္ဓာနာမ်ရုပ်ခြုံမ်သော၊ နိဗ္ဗာန်အထူးနှင့်တကွ၊ ဆန့်ကျင်ဘက် ဖြစ်သောနိဝရဏကိလေသာ၊ အကုသိုလ်တရားတို့၏ငြိမ်းချင်းကြောင့်၊

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

သမထ။ ယောဂိပုဂ္ဂိုလ်၏မဂ်-ဖိုလ်-နိဗ္ဗာန်၊ သုံးတန်သောသုခ၊ရသော် အထူးတို့၏၊ အကြောင်း ဖြစ်ချင်းကြောင့်၊ နိမိတ္တ။ ဤမဇ္ဈိမ သမထ နိမိတ် မည်သည်ကား၊ ယုတ်သောအတ္ထိအစု၊ လွန်သောအတ္ထိအစု၊ နှစ်ခုတို့သို့၊ မရောက်စေရ၊ အညီ အမျှဖြစ်သော၊ ပျက်သဟုရှုသော နောက် စိတ်၏၊ သံဒိဋ္ဌိတိ အင်္ဂါ၊ ဝိပဿနာ သမာဓိ သာတည်း။ ဤဝိပဿနာသမာဓိဖြင့်၊ တည်သည်၏ အဖြစ်သို့ ရောက်ကတည်းက၊ နို့ချို နို့ချဉ်၊ အစဉ်သဖြင့်၊ တဆင့်ထက် တဆင့်၊ ရင့်ကျက်သော နို့ချဉ်ကို၊ ထိုနို့ချိုကိုပင်၊ နို့ချဉ်ဆိုရသော၊ တစဉ်တည်း၊ ရင့်ကျက်သော နည်းဖြင့်၊ ထိုပျက်သဟု ရှုသော နောက်စိတ်၏ အခြားမဲ့ပြု၊ ပျက်သဟု ဆင်ခြင်သောဥစ္စာစိတ်၊ မဇ္ဈိမသမထနိမိတ်သို့ရောက်သည် မည်၏။ ရောက်သည်၏ အဖြစ်ကြောင့်၊ ထိုမဇ္ဈိမ သမထ နိမိတ်သို့ ပြေးဝင်သည် မည်၏။ ဤသို့၊ ပျက်သဟု ရှုသော နောက်စိတ်၏၊ အခြားမဲ့ပြု၊ ပျက်သဟု ဆင်ခြင်သောဥစ္စာစိတ်၊ မဇ္ဈိမသမထနိမိတ်သို့၊ ပြေးဝင်တာကလည်း လက္ခဏာတပါး။

> ယော တသ္မာ ပရိဗန္ဓော၊ တတော စိတ္တံ ဝိသုဇ္ဈတိ၊ ဝိသုဒ္ဓတ္တာ စိတ္တံ မဇ္ဈိမံ သမထနိမိတ္တံ ပဋိပဇ္ဇတိ။ ပဋိပန္နတ္တာ တတ္ထ စိတ္တံ ပက္ခန္ဒတိ။ ယသ္မာ ပရိဗန္ဓတော စိတ္တံ ဝိသုဇ္ဈတိ။ ယသ္မာ ဝိသုဒ္ဓတ္တာ စိတ္တံ မဇ္ဈိမံ သမထနိမိတ္တံ ပဋိပဇ္ဇတိ။ ယသ္မာ ပဋိပန္နတ္တာ တတ္ထ စိတ္တံ ပက္ခန္ဒတိ။

ယော နိဝရဏသခ်ိဳတော ကိလေသဂဏော၊ နိဝရဏဟုဆိုအပ်သော၊ အကြင်ကိလေသာအပေါင်းသည်ကား။ တသ္မာ၊ ထိုစိတ်၏။ ပရိဗန္ဓော၊အနှောက်အရှက်အပိတ်အပင်တည်း။တတော၊ထိုနှောက်ရှက်ပိတ်ပင်သောနိဝရဏ၊ ကိလေသာအညစ်အကြေးမှ။ စိတ္တံ၊ စိတ်သည်။ ဝိသုဇ္ဈတိ၊စင်ကြယ်၏။ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ မဇ္ဈိမံသမထနိမိတ္တံ၊ မဇ္ဈိမသမထနိမိတ်သို့။ ပဋိပဇ္ဇတိ၊ ရောက်၏။ ပဋိပန္နတ္တာ၊ ရောက်သည်၏အဖြစ်ကြောင့်။စိတ္တံ၊စိတ်သည်။ တတ္ထ၊ ထိုမဇ္ဈိမသမထနိမိတ်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ပရိဗန္ဓတော၊ နှောက်ရှက်ပိတ်ပင်သော နိဝရဏ၊ ကိလေသာအညစ်အကြေးမှ။စိတ္တံ၊ စိတ်သည်။ ယသ္မာဝိသုဇ္ဈတိ၊ အကြင်စင်ကြယ်တာကလည်း လက္ခဏာ

ပဒိုပဒါဥာဏာဒဿနဝိသုဒ္ဓိ

တပါး။ ဝိသုဒ္ဓတ္တာ၊ စင်ကြယ်သည်၏အဖြစ်ကြောင့်။ စိတ္တံ၊ စိတ်သည်။ မဇ္ဈိမံသမထနိမိတ္တံ၊ မဇ္ဈိမသမထနိမိတ်သို့။ ယဉ္စဝုဒိုပဇ္ဇတိ၊ အကြင်ရောက်ထောကလည်းလက္ခဏာတပါး။ပဒိုပ္ပန္နတ္တာ၊ ရောက်သည်၏အဖြစ်ကြောင့်။စိတ္တံ၊စိတ်သည်။တတ္ထ၊ထိုမဇ္ဈိမသမထနိမိတ်သို့။ ယဉ္စပက္ခန္ဒတိ၊ အကြင်ပြေးဝင်တာကလည်းလက္ခဏာတပါး။

ဘင်္ဂါနုပဿနာ ဉာဏာဿ ပဒိုပဒါဝိသုဒ္ဓိအာဒိ။ အာဒိဿ ဇ္ဈာမာနိ တိဏာ လက္ခဏာနိ။

ဘင်္ဂါနုပဿနာဉာဏာဿ၊ ဘင်္ဂဉာဏ်၏။ ပဒိုပဒါဝိသုဒ္ဓိ၊ အကျင့်၏စင်ကြယ်ချင်းသည်ကား။ အာဒိ၊အစတည်း။အာဒိဿ၊ အစ၏။ လက္ခဏာနိ၊လက္ခဏာတို့သည်ကား။ဇ္ဈာမာနိတိဏာ၊ဤသုံးပါးတို့တည်း။

တေန ဝုစ္စတိ ဘင်္ဂါနုပဿနာဉာဏံ အာဒိကလျာဏပ္ပေါ ဟောတိ၊တိလက္ခဏာသမ္မန္နာဂ်ာ။

တေန၊ထို့ကြောင့်။ဘင်္ဂါနုပဿနာဉာဏံ၊ ဘင်္ဂဉာဏ်သည်။ အာဒိကလျာဏပ္ပေါ၊ အစ၏ကောင်းချင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ တိလက္ခဏာသမ္မန္နာဂ်ာ၊ သုံးပါးသော လက္ခဏာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ဖြစ်၏။ဇ္ဈာတိ၊ဤသို့။ဝုစ္စတိ၊ဆိုအပ်၏။

ဘင်္ဂါနုပဿနာ ဉာဏာဿ ဥပေက္ခာနုဗြူဟနာ မဇ္ဈေ၊ မဇ္ဈာသ ကတိ လက္ခဏာနိ။မဇ္ဈာသ တိဏိလက္ခဏာနိ။

ဘင်္ဂါနုပဿနာဉာဏာဿ၊ ဘင်္ဂဉာဏ်၏။ ဥပေက္ခာနုဗြူဟနာ၊ ဥပေက္ခာကို ပွါးချင်းသည်ကား။ မဇ္ဈေ၊ အလယ်တည်း။ မဇ္ဈာသ၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ကတိ၊ အဘယ်မျှတို့နည်း။မဇ္ဈာသ၊အလယ်၏။လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ တိဏိ၊ သုံးပါးတို့တည်း။

နောက်ရက်ဝိတ်ပင်သော နိဝရဏ၊ ကိလေသာ အညစ်အကြေးမှ၊ စင်ကြယ်သောစိတ်ကို၊ သုဓ်သင်္ဂင်းလင်းဘွယ် မရှိသည်၏အဖြစ်ကြောင့်၊စင်ကြယ်စေရန်၊ တဖန်သုဓ်သင်္ဂင်းလင်းချင်း၌၊ ကြောင့်ကြမှုမပြု၊စင်ကြယ်သောစိတ်ကို၊ အညစ်အကြေးမရှိပြီဟု၊ အညီအညွတ်ပြု၊ လျစ်လျူရှုတာကလည်းလက္ခဏာတပါး။ ယုတ်သောအတိုအစု၊ လွန်

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

သောအာဘိုအစု၊နှစ်ခုတို့သို့၊မရောက်စေရ၊အညီအမျှ၊သမထသို့ ရောက်သည်၏အဖြစ်ကြောင့်၊ သမထသို့ရောက်သောစိတ်ကို၊ တဖန်အညီအမျှ တပါး၊ တည်ထားချင်း၌၊ ကြောင့်ကြမှုမပြု၊သမထသို့ရောက်သောစိတ်ကို၊ မယုတ်မလွန်ပြီဟု၊ အညီအညွတ်ပြု၊ လျစ်လျူရှုတာကလည်း လက္ခဏာတပါး။အနုသယ-ပရိယုဋ္ဌာန်၊ဘဝတဖန်၊ခန္ဓာနှင်မရှိပါ. ခြိမ်ငြိမ်းသောခဏာ၊သမထသို့ရောက်သည်၏အဖြစ်ကြောင့်သာလျှင်လည်း၊ ရံခါမငြိမ်း၊ကိမ်းယှဉ်ရောနှော၊ ဆက်ဆံသောကိလေသာကို ပယ်စွန့်၍၊ကိလေသာအဖော်ကင်း၊ တကိုယ်တည်းချင်းထင်သောစိတ်ကို၊ တဖန်ကိလေသာအဖော်ကင်း၊တကိုယ်တည်းချင်းထင်စေချင်း၌၊ကြောင့်ကြမှုမပြု၊ ကိလေသာအဖော်ကင်း၊ တကိုယ်တည်းချင်းထင်သောစိတ်ကို၊အဖော်မရှိပြီဟု၊အညီအညွတ်ပြု၊ လျစ်လျူရှုတာကလည်းလက္ခဏာတပါး။

ဝိသုဒ္ဓိ စိတ္တံ အစ္ဆရေ၊ကတိ၊သမထပဋိပဒန္နံ အစ္ဆရေ၊ကတိ၊ ဇောတ္ထရဉာနံ အစ္ဆရေ၊ကတိ။ယဉ္စ ဝိသုဒ္ဓိ စိတ္တံ အစ္ဆရေ၊ကတိ၊ ယဉ္စ သမထပဋိပဒန္နံ အစ္ဆရေ၊ကတိ၊ ယဉ္စ ဇောတ္ထရဉာနံ အစ္ဆရေ၊ကတိ။

ဝိသုဒ္ဓိ၊စင်ကြယ်သော။စိတ္တံ၊ စိတ်ကို။အစ္ဆရေ၊ကတိ၊ လျစ်လျူရှု၏။ သမထပဋိပဒန္နံ၊ သမထသို့ရောက်သော။ စိတ္တံ၊ စိတ်ကို။အစ္ဆရေ၊ကတိ၊ လျစ်လျူရှု၏။ဇောတ္ထရဉာနံ၊ ကိလေသာအဖော်ကင်း၊ တကိုယ်တည်းချင်းထင်သော။ စိတ္တံ၊ စိတ်ကို။ အစ္ဆရေ၊ကတိ၊ လျစ်လျူရှု၏။ ဝိသုဒ္ဓိ၊ စင်ကြယ်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စအစ္ဆရေ၊ကတိ၊ အကြင်လျစ်လျူရှုတာကလည်းလက္ခဏာတပါး။သမထပဋိပဒန္နံ၊ သမထသို့ရောက်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စအစ္ဆရေ၊ကတိ၊ အကြင်လျစ်လျူရှုတာကလည်းလက္ခဏာတပါး။ ဇောတ္ထရဉာနံ၊ ကိလေသာအဖော်ကင်း၊ တကိုယ်တည်းချင်းထင်သော။ စိတ္တံ၊ စိတ်ကို။ ယဉ္စအစ္ဆရေ၊ကတိ၊ အကြင် လျစ်လျူရှုတာကလည်းလက္ခဏာတပါး။

ဘင်္ဂါနုပဿနာ ဉာဏသ ဥပေက္ခာနုဒြူဟနာ မဏ္ဍေ၊ မဏ္ဍသ ဇုမာနိ တိဏိ လက္ခဏာနိ။

ပဋိပဒါဥဇ္ဈာဒဿနဝိသုဒ္ဓိ

ဘင်္ဂါနုပဿနာဉာဏသည်၊ ဘင်္ဂဉာဏ်၏။ ဥပေက္ခာနုဖြူဟာနာ၊ ဥပေက္ခာကိုပွါးချင်းသည်ကား။မင်္ဂလာသည်၊ အလယ်၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ဤဝါဒီတို့၏၊ ဤသုံးပါး တို့တည်း။

တေန ဝုစ္စတိ ဘင်္ဂါနုပဿနာ ဉာဏံ မင်္ဂလာကလျာဏဥ္စ ပေါတိ၊ တိလက္ခဏသမ္မန္နဠ။

တေန၊ ထို့ကြောင့်။ဘင်္ဂါနုပဿနာဉာဏံ၊ ဘင်္ဂဉာဏ်သည်။ မင်္ဂလာကလျာဏဥ္စ၊ အလယ်၏ကောင်းချင်းသည်လည်း။ ပေါတိ၊ ဖြစ်၏။ တိလက္ခဏသမ္မန္နဠ၊ သုံးပါးသော လက္ခဏာနှင့် ပြည့်စုံသည်လည်း။ ပေါတိ၊ဖြစ်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ဘင်္ဂါနုပဿနာဉာဏ်၊ တဘာင်္ဂကဝိုးရောက်သော ယောဂီ ပုဂ္ဂိုလ်၏ ဘင်္ဂဉာဏ်၊ ထင်ပုံ-မြင်ပုံ-သိပုံ-မှတ်ပုံ-ရှုပုံ-အညီအညွတ်ရှု၍ နေပုံ-ကိလေသာကိုပယ်ပုံ-ကိလေသာကို ပယ်သောကိစ္စနှင့် ပြည့်စုံပုံ-ဘာဝနာဖြူစင်ပုံ-ဘာဝနာညစ်ကြေးပုံ-ဘာဝနာပြိုးဆုံးပုံ-ဘာဝနာမပြိုးဆုံးပုံ၊အလုံးစုံကို၊ အသေအချာမှတ်ဘို့ရာကား။

တဘာင်္ဂကဝိုးရောက်သော၊ ဘင်္ဂဉာဏ်နှင့် ပြည့်စုံသော၊ ယောဂီ ပုဂ္ဂိုလ်ဟူသည်ကား။ ယုတ်လည်းမယုတ်၊လွန်လည်းမလွန်၊ အညီအမျှ၊ ဝိရိယထောက်ပင့်သောအတိုင်း ဖြစ်သော၊ ဝိပဿနာဓိတ်ကို၊ တတြ မစ္ဆိတ္တာ ပေက္ခာအလိုအားဖြင့်၊ကောင်းစွာအညီအညွတ်ရှု၍သာနေ၏၊

ထင်ပုံ-မြင်ပုံ-သိပုံ-မှတ်ပုံ-ရှုပုံ-အညီအညွတ်ရှု၍ နေပုံကား။

ဥပလက္ခဏ။ မြင်သောခဏ၊ မြင်-မြင်တယ်ဟု အမှတ်ပြုသဖြင့်၊ ပျက်သဟု-ရှုသောဌာန၊ ဒွါရ၊အာရုံ၊ဝိညာဏ်၊ဖဿ၊ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာက ငါးပါး။ တပါးပါးက အာရုံထင်၊ ပျက်သဟု ရှုမြင်ပုံကစိတ်၊အာရုံတချက်၊ စိတ်တချက်၊ ခဏချင်းစက်အောင်၊ ပျက်သဟု-ပျက်သဟု၊အမှတ်ပြုသဖြင့်၊ မပြတ်ရှုသောဉာဏ်အစဉ်၊ ရေဖြိုက်လို၊ တံလျှပ်လို၊ အပျက်ကိုသာမြင်၍၊အလိုလိုထင်အောင်၊ ထိုထိုအာရုံ၊ တပြိုတည်းမလွတ်၊ သိမှတ် ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြ မစ္ဆိတ္တာ ပေက္ခာအလိုအားဖြင့်၊ ကောင်းစွာအညီအညွတ်ရှု ၍သာနေ၏။

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

အညို အညွတ်ရှု၍ နေသော ကာလ၊ ကိလေသာကို ပယ်သော ကိစ္စ၊ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန်ကျပြီဟု၊ ဝိပဿနာဉာဏ်အား ရှေးရှု ထင်အောင်၊ ရှေးကာလက ဆောင်၍ပြသော၊ ပါဒိုဟာရိယပညာ၊ ကိလေသာကိုပယ်သောကိစ္စမရှိသောအလို၊ ဝိပဿနာပညာနှင့် အသိ လက္ခဏာတူသော အလိုအားဖြင့်၊ ဝိပဿနာပညာက၊ ကိလေသာကို ပယ်သောကိစ္စ လွန်လည်းလွန်၏။ ကိလေသာကို ပယ်လည်း ပယ်၏။ ဝိပဿနာပညိန္ဒြေ၊ဘာဝနာချိန်ကျလည်းကျ၏၊

တထာ ပဂ္ဂဟိဘံ စိတ္တံ သာရုကံ အစ္ဆု ပေက္ခတိ ဥပေက္ခာ ဝသေန။ ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ။

တထာပဂ္ဂဟိတံ၊ ယုတ်လည်းမယုတ်၊ လွန်လည်းမလွန်၊ အညီအမျှ၊ ဝိရိယ ထောက်ပင့်သော အတိုင်း ဖြစ်သော။ စိတ္တံ၊ ဝိပဿနာစိတ်ကို။ ဥပေက္ခာဝသေန၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်။ သာရုကံ၊ ကောင်းစွာ။ အစ္ဆု ပေက္ခတိ၊ အညီအညွတ်ရှု၏။ ပညာဝသေန၊ ပါဒိုဟာရိယပညာအလိုအားဖြင့်။ ပညိန္ဒြိယံ၊ ဝိပဿနာပညိန္ဒြေသည်။ အဓိမတ္တံ၊ကိလေသာကို ပယ်သောကိစ္စလွန်သည်။ ဟောတိ၊ဖြစ်၏။

ကိလေသာကိုပယ်ပုံ–ကိလေသာကို ပယ်သောကိစ္စနှင့်ပြည့်စုံပုံ–

ဝိပဿနာပညိန္ဒြေ၊ဘာဝနာချိန်ကျပုံကား။

ဥပလက္ခဏာ။ မြင်သောခဏ၊ မြင်-မြင်တယ်ဟု အမှတ်ပြုသဖြင့်၊ ပျက်သဟု- ရှုသော ဌာန၊ ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာက–ငါးပါး၊ တပါးပါးက အာရုံထင်၊ ပျက်သဟု ရှုမြင်ပုံကစိတ်၊အာရုံတချက်၊ စိတ်တချက်၊ ခဏချင်းစက်အောင်၊ ပျက်သဟု-ပျက်သဟု၊ အမှတ်ပြုသဖြင့်၊ မပြတ်ရှုသောဉာဏ် အစဉ်၊ရေပွက်လို၊ တံလျှပ်လို၊ အပျက်ကိုသာမြင်၍၊ အလိုလိုထင်အောင်၊ထိုထိုအာရုံ၊တပြိုတည်းမလွတ်၊သိမှတ်ဝတ်ပြုသော၊ ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ်ရှု၍ နေသော ကာလ၊ ဝိပဿနာစိတ်၊ ကိလေသာမှ လွတ်၏။ ဝိပဿနာစိတ်၊ကိလေသာကလွတ်မှ၊ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန်ကျ၏။ ဝိပဿနာပညိန္ဒြေ၊ဘာဝနာချိန်ကျမှ၊ ကိလေသာကိုပယ်သောကိစ္စ၊ ဝိပဿနာပညိန္ဒြေ၊ ဘာဝနာချိန်ကျပြီဟု၊ ဝိပဿနာဉာဏ်အား

ပဋိပဒါဥဇ္ဇာဇာဿနဝိသုဒ္ဓိ

ရှေးရှုထင်အောင်၊ ရှေးကာလကဆောင်၍ပြသော၊ ပါဠိဟာရိယပညာ ကိလေသာကိုပယ်သောကိစ္စမရှိသောအလို၊ဝိပဿနာပညာနှင့်၊ အသိ လက္ခဏာတူသော အလိုအားဖြင့်၊ ဝိပဿနာပညာက၊ ကိလေသာကို ပယ်သောကိစ္စ လွန်လည်း လွန်၏။ ကိလေသာကို ပယ်လည်း ပယ်၏။ ဝိပဿနာပညာခြေ၊ ဘာဝနာချိန်ကျလည်းကျ၏။

ဥပေက္ခာဝသေန နာနတ္တကိလေသေဟိ စိတ္တံ ဝိမုစ္စတိ၊
ဝိမောက္ခဝသေန ပညာဝသေန ပညိန္ဒြိယံ အဓိမတ္တံ ဟောတိ။

ဥပေက္ခာဝသေန၊ တတြမဇ္ဈတ္တုပေက္ခာ အလိုအားဖြင့်။ နာနတ္တ ကိလေသေဟိ၊ အထူးထူးသောကိလေသာတို့မှ။ စိတ္တံ၊ ဝိပဿနာစိတ် သည်။ဝိမုစ္စတိ၊ လွတ်၏။ ဝိမောက္ခဝသေန၊ လွတ်သောအလိုအားဖြင့်။ ပညာဝသေန၊ ပဋိဟာရိယပညာအလိုအားဖြင့်။ ပညိန္ဒြိယံ၊ ဝိပဿနာ ပညိန္ဒြေသည်။ အဓိမတ္တံ၊ ကိလေသာကို ပယ်သော ကိစ္စ လွန်သည်။ ဟောတိ၊ဖြစ်၏။

ဘာဝနာကိုပွါးပုံ-ဘာဝနာကို ပွါးသောကိစ္စနှင့် ပြည့်စုံပုံ-**ဘာဝနာ ပြီးဆုံးပုံကား။**

ဥပလက္ခဏာ။မြင်သောခဏ၊မြင်-မြင်တယ်ဟု အမှတ်ပြုသဖြင့်၊ ပျက်သဟု-ရှုသောဌာန၊ ဒွါရ၊အာရုံ၊ဝိညာဏ်၊ဖဿ၊ ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာက ငါးပါး၊ တပါးပါးက အာရုံထင်၊ ပျက်သဟုရှုမြင်ပုံကစိတ်၊ အာရုံတချက်၊ စိတ်တချက်၊ခဏချင်းစက်အောင်၊ပျက်သဟု-ပျက်သဟု၊အမှတ်ပြုသဖြင့်၊မပြတ်ရှုသောဉာဏ်အစဉ်၊ ရေငြိုက်လို၊ တံလျှပ်လို၊အပျက်ကိုသာမြင်၍၊အလိုလိုထင်အောင်၊ ထိုထိုအာရုံ၊ တပြိုတည်းမလွတ်၊ သိမှတ်ဝတ်ပြုသော ဝိပဿနာစိတ်ကို၊ တတြမဇ္ဈတ္တုပေက္ခာအလိုအားဖြင့်၊ ကောင်းစွာ အညီအညွတ်ရှု၍နေသော ကာလ၊ ဝိပဿနာစိတ်၊ ကိလေသာမှလွတ်သည်၏ အဖြစ်ကြောင့်၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသောသမာဓိ-ပညာအားဖြင့်နှစ်ပါး။ ဇွန်ဒြေအားဖြင့်ငါးပါး။ ထို ၇-ပါးသောတရားတို့သည်၊ ကိလေသာမှ လွတ်သောကိစ္စ တူကြကုန်၏။ကိလေသာမှလွတ်သောကိစ္စတူကြသောအနက်သဘောကြောင့်၊ ယောဂိပုဂ္ဂိုလ်၏ဉာဏ်အား၊ လေးပါးသော ဘာဝနာတို့သည်၊ ပြည့်စုံချင်းသို့ရောက်ကြကုန်၏။

ဝိပဿနာဥာဏ်စဉ်ကျမ်းကြီး

ဝိမုတ္တတ္တာ တေဓမ္မာ ဇကေရသာ ဟောန္တိ။ ဇကေရသဉ္စေန ဘာဝနာ။

ဝိမုတ္တတ္တာ၊ ကိလေသာမှ လွတ်သည့်၏ အဖြစ်ကြောင့်။ တေဓမ္မာ၊ ထို ၇-ပါးသောတရားတို့သည်။ ဇကေရသာ၊ ကိလေသာမှ လွတ်သော ကိစ္စတူကြကုန်သည်။ ဟောန္တိ၊ဖြစ်ကြကုန်၏။ ဇကေရသဉ္စေန၊ ကိလေသာမှလွတ်သောကိစ္စတူကြသောအနက်သဘောကြောင့်။ ယောဂိနော၊ ယောဂိပုဂ္ဂိုလ်၏။ ဉာဏာသ၊ ဉာဏ်အား။ ဘာဝနာ၊ လေးပါးသော ဘာဝနာတို့သည်။ ပါရိပူရိ၊ ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြကုန်၏။

ဘင်္ဂါနုပဿနာဉာဏာသ သမ္မဟံသနာ ပရိယောသာနံ။ ပရိယောသာနသ ကတိ လက္ခဏာနိ။ ပရိယောသာနသ စတ္တာရိ လက္ခဏာနိ။

ဘင်္ဂါနုပဿနာဉာဏာသ၊ဘင်္ဂဉာဏ်၏။ သမ္မဟံသနာ၊ ဘာဝနာ၏ ပြီးဆုံးချင်းသည်ကား။ပရိယောသာနံ၊အဆုံးတည်း။ပရိယောသာနသ၊ အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ကတိ၊ အဘယ်မျှတို့နည်း။ ပရိယောသာနသ၊ အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ စတ္တာရိ၊ လေးပါးတို့တည်း။

ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာ နှစ်ပါးတို့တွင်၊သမာဓိက ပရိယုဋ္ဌာန်ကိလေသာကိုငြိမ်းသောကိစ္စ-သမထ။ပညာကအနုသယကိလေသာကိုပယ်သောကိစ္စ-ဝိပဿနာ။ဤသမထ၊ ဤဝိပဿနာတရားနှစ်ပါးတို့၏ တပါးသည်တပါးကို မလွန်ကြသော အနက်သဘောကလည်း၊ ဘာဝနာပြီးဆုံးသော လက္ခဏာ တပါး။ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ ဇာန်နှစ်ပါးတွင် သဒ္ဓိန္ဒြေက–အသဒ္ဓိယကိလေသာမှ လွတ်သောကိစ္စ၊ ဝီရိယိန္ဒြေက–ကောသဇ္ဇကိလေသာမှ လွတ်သောကိစ္စ၊ သတိန္ဒြေက - ပမာဒကိလေသာမှလွတ်သောကိစ္စ၊သမာဓိန္ဒြေက-ဝိက္ခေပကိလေသာမှ လွတ်သောကိစ္စ၊ပညိန္ဒြေက-မောဟကိလေသာမှ လွတ်သောကိစ္စ။ဤသို့ ဇာန်နှစ်ပါးတို့၏ ကိလေသာမှ လွတ်သောကိစ္စတူကြသော အနက်သဘောကလည်း၊ ဘာဝနာပြီးဆုံးသော လက္ခဏာတပါး။ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ–ပညာအားဖြင့် နှစ်ပါး၊ ဇာန်နှစ်အားဖြင့် ငါးပါး။ ထို ၇-ပါးသော တရားတို့၏၊ ကိုယ်စီ ကိုယ်ငါ၊

ပဋိပဒါဥာဏဒဿနဝိသုဒ္ဓိ

ကိလေသာမှ လွတ်သောကိစ္စ တူမျှအောင် ဝိရိယ ရွက်ဆောင်သော အနက်သဘောကလည်း၊ ဘာဝနာ ပြီးဆုံးသော လက္ခဏာ တပါး။ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ–ပညာအားဖြင့် ၂-ပါး၊ ဇာန်အင်္ဂ အားဖြင့် ၅-ပါး။ ထို ၇–ပါးသောတရားတို့၏၊ ဥပါဒါနခဏကို-ဒုတိယခဏက၊ ဒုတိယခဏကို-တတိယခဏက၊ အလွန်အလွန် တွင်သော အလိုအားဖြင့်၊ မှီဝဲသောအနက်သဘောကလည်း၊ ဘာဝနာပြီးဆုံးသော လက္ခဏာတပါး။

တတ္ထ ဇာတာနံ ဓမ္မာနံ အနုတိဝတ္တနဋ္ဌေန သမ္မဟိသနာ၊ ဇာန်္ဂိယာနံ ဇကရသဋ္ဌေန သမ္မဟိသနာ၊ တဒုဂဝိရိယဝါဟနဋ္ဌေန သမ္မဟိသနာ၊ အာသေဝနဋ္ဌေန သမ္မဟိသနာ။

တတ္ထ၊ ထိုဝိပဿနာစိတ္တုပ္ပါဒ်။ ဇာတာနံ၊ဖြစ်ကြကုန်သော။ ဓမ္မာနံ၊ သမာဓိ-ပညာတရားနှစ်ပါးတို့၏။ အနုတိဝတ္တနဋ္ဌေန၊တပါးသည်တပါး ကိုမလွန်သော အနက်သဘောကြောင့်လည်း။ သမ္မဟိသနာ၊ ဘာဝနာ ပြီးဆုံးသောလက္ခဏာတပါး။ဇာန်္ဂိယာနံ၊ဇာန်အင်္ဂ ၅-ပါးတို့၏။ဇကရသဋ္ဌေန၊ကိလေသာမှ လွတ်သောကိစ္စ တူကြသော အနက် သဘောကြောင့် လည်း။သမ္မဟိသနာ၊ ဘာဝနာပြီးဆုံးသော လက္ခဏာ တပါး။ တဒုပဂ ဝိရိယဝါဟနဋ္ဌေန၊ ထို ၇-ပါးသော တရားတို့၏၊ ကိုယ်စီ ကိုယ်ငါ၊ ကိလေသာမှ လွတ်သော ကိစ္စတူမျှအောင် ဝိရိယရွက်ဆောင်သော အနက် သဘော ကြောင့်လည်း။ သမ္မဟိသနာ၊ ဘာဝနာ ပြီးဆုံးသော လက္ခဏာတပါး။ အာသေဝနဋ္ဌေန၊ မှီဝဲသောအနက် သဘောကြောင့် လည်း။ သမ္မဟိသနာ၊ ဘာဝနာပြီးဆုံးသော လက္ခဏာတပါး။

ဘင်္ဂါနုပဿနာဉာဏသ သမ္မဟိသနာ ပရိယောသာနံ၊ ပရိယောသာနသ ဇာမာနိ စတ္တာရိ လက္ခဏာနိ။

ဘင်္ဂါနုပဿနာဉာဏသ၊ ဘင်္ဂဉာဏ်၏။ သမ္မဟိသနာ၊ ဘာဝနာ၏ ပြီးဆုံးချင်းသည်ကား။ ပရိယောသာနံ၊ အဆုံးတည်း။ ပရိယောသာနသ၊ အဆုံး၏။ လက္ခဏာနိ၊ လက္ခဏာတို့သည်ကား။ ဇာမာနိ စတ္တာရိ၊ ဤလေးပါးတို့တည်း။

တေန ဝုစ္စတိ ဘင်္ဂါနုပဿနာဉာဏံ ပရိယောသာန ကလျာဏဩဝ ဟောတိ၊ စတုလက္ခဏသမ္ပန္နတ္တာ။

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

တေန၊ထို့ကြောင့်။ဘင်္ဂါနုပဿနာဉာဏ်၊ဘင်္ဂဉာဏ်သည်။ပရိယေသာသန ကလျာဏဇ္ဈေဝ၊ အဆုံး၏ကောင်းချင်းနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ စတုလက္ခဏသမ္မန္နဒ္ဒ၊ ၄-ပါးသော လက္ခဏာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဇာတိ၊ ဤသို့။ ဥစ္စတိ၊ ဆိုအပ်၏။

ဘာဝနာဖြူစင်ပုံ—ဘာဝနာညစ်ကြေးပုံကား။

ထိုလေးပါးသော ဘာဝနာတို့တွင်၊ တပါးတပါးသော ဘာဝနာသည်ကား၊ သံကိလေသဘာဝနာ ဝေါဒါနဘာဝနာအားဖြင့် ၂-ပါး။ ထို ၂-ပါးတို့တွင်၊ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာ ၂-ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည်၏အဖြစ်ကို၊ မပြုချင်းသည်ကား၊ သံကိလေသဘာဝနာမည်၏။ သမာဓိ-ပညာ ၂-ပါးတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူမျှသည်၏အဖြစ်ကို ပြုချင်းသည်ကား၊ ဝေါဒါန ဘာဝနာမည်၏။ ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော ဇာန်နှစ် ၅-ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည်၏အဖြစ်ကို၊ မပြုချင်းသည်ကား၊သံကိလေသဘာဝနာမည်၏။ ဇာန်နှစ် ၅-ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည်၏အဖြစ်ကို၊ ပြုချင်းသည်ကား၊ ဝေါဒါန ဘာဝနာမည်၏။ ဝိပဿနာ စိတ္တုပ္ပါဒ်၌ပါသော၊ ဝိရိယ ၇-ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည်၏အဖြစ်ကို၊ မပြုချင်းသည်ကား၊ သံကိလေသဘာဝနာမည်၏။ ဝိရိယ ၇-ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည်၏အဖြစ်ကို၊ ပြုချင်းသည်ကား၊ ဝေါဒါန ဘာဝနာမည်၏။ ဝိပဿနာစိတ္တုပ္ပါဒ်၌ပါသော၊ အာသေဝနာ ၇-ပါးတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ မပြုချင်းသည်ကား၊ သံကိလေသဘာဝနာမည်၏။ အာသေဝနာ ၇-ပါးတို့၏၊ ကိလေသာမှ လွတ်သော ကိစ္စ၊ တူမျှသည်၏ အဖြစ်ကို၊ ပြုချင်းသည်ကား၊ ဝေါဒါနဘာဝနာမည်၏။

> သံကိလေသ ဝေါဒါနေသူတို သမာဓိပညာနံ သမရသ တာယ အကရဏံ ဘာဝနာယ သံကိလေသော၊ ကရဏံ ဝေါဒါနံ။တထာ သေသေသုပိ။

သံကိလေသဝေါဒါနေသူတို၊ သံကိလေသ ဝေါဒါနေသူ ဟူသည်ကား။ သမာဓိပညာနံ၊ သမာဓိ-ပညာ ၂-ပါးတို့၏။ သမရသတာယ၊

ပဋိပဒါဥာဏဒဿနဝိသုဒ္ဓိ

ကိလေသာမှ လွတ်သော ကိစ္စ၊ တူမျှသည်၏အဖြစ်ကို။ အကရဏံ။ မပြုချင်း သည်ကား။ ဘာဝနာယ၊ ဘာဝနာ၏။ သံကိလေ သော၊ ညစ်ကြေး ချင်းတည်း။ သမာဓိပညာနှံ၊ သမာဓိ-ပညာ ၂-ပါးတို့၏။ သမရသတာယ၊ ကိလေသာမှလွတ်သောကိစ္စ၊ တူမျှသည်၏အဖြစ်ကို။ ကရဏံ၊ ပြုချင်းသည်ကား။ ဘာဝနာယ၊ ဘာဝနာ၏။ ဝေါဒါနံ၊ ဖြူစင် ချင်းတည်း။ သေသေသု၊ အကြွင်းတို့၌လည်း။ တဆာ၊ ထိုအတူတည်း။

ဘာဝနာပြီးဆုံးပုံ—ဘာဝနာမပြီးဆုံးပုံကား။

ထိုသံကိလေသဘာဝနာ-ဝေါဒါနဘာဝနာ-နှစ်ပါးတို့တွင်၊ ညစ်ညူး ချင်းကြောင့်၊ ပြီးဆုံးချင်းသို့မရောက်သော၊ သံကိလေသ ဘာဝနာ၌၊ ထိုထိုအပြစ်ကို။ ဖြူစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ရောက်သော၊ဝေါဒါန ဘာဝနာ၌၊ ထိုထိုအကျိုးဂုဏ်အင်၊ အာနိသင်ကို။ဝိပဿနာမရှုမီ-မရှုမီ ရှေးအဘို့ကာလက၊ ပါဋိဟာရိယဉာဏ်ဖြင့်၊ ဥပလက္ခဏာ။ မြင်သော ခဏ၊ မြင်-မြင်တယ်ဟုအမှတ်ပြုသဖြင့်၊ ပျက်သဘုရှသောဌာန၊ ဒွါရ၊ အာရုံ၊ဝိညာဏ်၊ဖဿ၊ဝေဒနာ၊ ပေါင်းဆုံကြသောကာလ၊ ခန္ဓာက-ငါးပါး၊တပါးပါးကအာရုံထင်၊ပျက်သဟု ရှုမြင်ပုံကစိတ်၊ အာရုံတချက်၊ စိတ်တချက်၊ ခဏချင်းစက်အောင်၊ ပျက်သဟု-ပျက်သဟု၊ အမှတ် ပြုသဖြင့်၊ မပြတ်ရှုသော ဉာဏ်အစဉ် ရေငြိုက်လို၊ တံလျှပ်လို၊ အပျက် ကိုမမြင်မူ၍ အလိုလိုမထင်ချင်းသည်ကား၊ သံကိလေသ ဘာဝနာမည်၏။ညစ်ညူးချင်းကြောင့်၊ ဘာဝနာပြီးဆုံးချင်းသို့မရောက်ဟု-ရှုကြည့်၍၊ ရေငြိုက်လို၊ တံလျှပ်လို၊ အပျက်ကိုသာမြင်၍၊ အလိုလိုထင်ချင်းသည် ကား၊ ဝေါဒါန ဘာဝနာမည်၏။ ဖြူစင်ချင်းကြောင့်၊ ဘာဝနာပြီးဆုံးချင်း သို့ရောက်၏ဟု- ရှုကြည့်၍။ညစ်ညူးချင်းကြောင့်၊ပြီးဆုံးချင်းသို့မရောက် သော၊ သံကိလေသ ဘာဝနာကိုပယ်ထား၍၊ ဖြူစင်ချင်းကြောင့်၊ပြီးဆုံး ချင်းသို့ရောက်သော၊ ဝေါဒါနဘာဝနာကိုသာပြီးစေတတ်သော၊ဝိပဿ နာစိတ္တုပ္ပါဒ်၌ပါသော၊ သမာဓိ-ပညာအားဖြင့် ၂-ပါး၊ ဇွန်နှေးအားဖြင့် ၅-ပါး၊ ထို၇-ပါးသောတရားတို့၏၊ ကိလေသာမှ လွတ်သောကိစ္စ၊ တူကြသောအကြင်အခြင်းအရာအားဖြင့်၊ အချင်းချင်း၊ တပါးသည်တပါး ကို မလွန်ချင်းအစရှိကုန်သော၊ အကြင်—လေးပါးသောအခြင်းအရာ၊ ဘာဝနာတို့သည်ဖြစ်ကြကုန်၏။ ညစ်ညူးချင်းကြောင့်၊ ပြီးဆုံးချင်းသို့

ဝိပဿနာဉာဏ်စဉ်ကျမ်းကြီး

မရောက်သေး၊ သံကိလေသဘာဝနာကိုပယ်ထား၍၊ ဖြူစင်ချင်းကြောင့်၊ ပြီးဆုံးချင်းသို့ရောက်သေး၊ ဝေဒါနာဘာဝနာကိုသာ ပြီးစေတတ်သေး၊ ဝိပဿနာစိတ္တုပ္ပါဒ်ဌာပါသေး၊ သမာဓိ-ပညာအားဖြင့် ၂-ပါး၊ ဇာန်နှစ်အားဖြင့် ၅-ပါး၊ ထို ၇-ပါးသောတရားတို့၏၊ ကိလေသာမှလွတ်သောကိစ္စ၊ တူကြဖေသာ ထိုအခြင်းအရောအားဖြင့်၊ ဘာဝနာ၏ ပြီးဆုံးချင်းသို့ရောက်သည်၏အဖြစ်ကြောင့်၊ ဘာဝနာပြီးဆုံးချင်းသို့ ရောက်၏ဟူသည်လည်း ဝိပဿနာမရှုမီ-မရှုမီ၊ ရှေးအတိုကာလက၊ ထိုပါဠိဟာရိယာဉာဏ်ဖြင့်သာလျှင်၊ သုဓံသင်၍ ပြီးဆုံးသည်၏အဖြစ်ကြောင့်၊ ဤသို့ဘာဝနာပြီးဆုံးသောအရာ၌၊ သုဓံသင်၍ ပြီးဆုံးချင်းသည်ကား၊ ဘာဝနာ၏ပြီးဆုံးချင်းပင်တည်းဟု၊ မဆိုသော်လည်းဆိုသလို၊ ထို ၄-ပါးသောအခြင်းအရာ၊ဘာဝနာတို့သည်၊ အကြင့်ကြောင့်၊ ပြီးဆုံးကြကုန်၏။ ထို့ကြောင့်၊ ၇-ပါးသောတရားတို့၏၊ တပါးသည်တပါးကို မလွန်ခြင်းအစရှိသော၊ ဘာဝနာပြီးဆုံးသောအားဖြင့်၊ကိလေသာအညစ် အကြေးမတင်၊စင်ကြယ်ချင်းကို ပြုတတ်သော၊ ဉာဏ်၏ကိစ္စပြီးဆုံးသော အလိုအားဖြင့်၊ ဘာဝနာ၏ပြီးဆုံးချင်းကို၊သိအပ်၏ဟုဆို။

> ဇဝမေတေသု သံကိလေသဝေါဒါနေသု၊ တံတံ အာဒီနဝံ ဒေါသံ အာနိသံသံ ဂုဏံ၊ပုရေတရံ ပါဠိဟာရိယဉာဏေနဒိသွာ ယထာ အညမညာနုတိဝတ္တနာဒယော ဟောန္တိ၊ တထာ ဘာဝနာယ သမ္မဟံသိတတ္တာ တေနေဝ ဉာဏေန ဝိသေဓိတတ္တာ ဝိသောဓနဉ္စေတ္ထ သမ္မဟံသနံ တေ အာကာရာ ယသ္မာ နိပ္ပန္နာ၊တသ္မာ ဓမ္မာနံ အနုတိဝတ္တနာဒိဘာဝ သာဓနေန ပရိယောဒါပကသ ဉာဏသ ကိစ္စနိပ္ပတ္တိဝသေန သမ္မဟံသနာ ဝေဒိတဗ္ဗာ။

ဇဝံ၊ ဤသို့။ ဇတေသု သံကိလေသဝေါဒါနေသု၊ ထိုသံကိလေသဘာဝနာ-ဝေါဒါနဘာဝနာ ၂-ပါးတို့၌။ တံတံအာဒီနဝံဒေါသံ၊ ထိုထိုအပြစ်ကို။ တံတံ အာနိသံသံဂုဏံ၊ ထိုထိုအကျိုးဂုဏ်အင် အာနိသင်ကို။ ပုရေတရံ၊ ရှေးဦးစွာ။ ပါဠိဟာရိယဉာဏေန၊ ပါဠိဟာရိယဉာဏ်ဖြင့်။ ဒိသွာ၊ ရှုကြည့်၍။ ယထာ၊ အကြင်အခြင်းဖြင့်။ အညမညာနုတိဝတ္တနာဒယော၊ အချင်းချင်း တပါးသည် တပါးကို မလွန်ချင်းအစရှိ

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ကုန်သော။ ယေအာကာရာ၊ အကြင်-၄-ပါးသောအခြင်းအရာ ဘာဝနာ၊ တို့သည်။ ဟာန်ကို၊ ဖြစ်ကြကုန်၏။ တထာ၊ ထိုအခြင်းဖြင့်။ ဘာဝနာယ ဘာဝနာ၏။ သမ္မာဒိဋ္ဌိတတ္တာ၊ ပြီးဆုံးသည်၏အဖြစ်ကြောင့်။ ဧတေနေဝ ဉာဏေန၊ ထိုပါဠိဟာဂိယ ဉာဏ်ဖြင့်သာလျှင်။ ဒိဋ္ဌေဝဓမ္မေတတ္တာ၊ သုဂ် သင်၍ ပြီးဆုံးသည်၏အဖြစ်ကြောင့်။ ဇာတ္ထ၊ ဤသို့ ဘာဝနာပြီးဆုံးရာ၌။ ဝိသေဓနံ၊ သုဂ်သင်၍ ပြီးဆုံးချင်းသည်ကား။ သမ္မာဒိဋ္ဌိသနံ၊ ဘာဝနာ၏ ပြီးဆုံးချင်းဖြင့်တည်း။ ဧကတိ၊ ဤသို့။ အဝတ္ထာပိ၊ ဆိုလေသော်လည်း။ ဝုတ္တံ ဝိယ၊ ဆိုသကဲ့သို့။ ယေအာကာရာ၊ ထိုး၄-ပါးသော အခြင်းအရာ ဘာဝနာ တို့သည်။ ယသ္မာ၊ အကြင့်ကြောင့်။ နိဗ္ဗိန္နာ၊ ပြီးဆုံးကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဧဝမာဒိ၊ ၇-ပါးသော တရားတို့၏။ အနက်ဝတ္ထုနာဒိဘာဝ သာဓနေန၊ တပါးသည် တပါးကို မလွန်ချင်း အစရှိသော ဘာဝနာ ပြီးဆုံးသောအားဖြင့်။ ပရိယောဒါ၊ကသိ၊ ကိုလသော အညစ်အကြေး မတင်၊ စင်ကြယ်ချင်းကို ပြုတတ်သော။ ဉာဏသိ၊ဉာဏ်၏။ ကိစ္စနိပ္ဖတ္တိ ဝသေန၊ကိစ္စပြီးဆုံးသောအလိုအားဖြင့်။သမ္မာဒိဋ္ဌိသနာ၊ဘာဝနာ၏ ပြီးဆုံး ချင်းကို။ဝေဒိတဗ္ဗာ၊ သိအပ်၏။

ဤသည်ကား။ဘင်္ဂဉာဏ်တဘင်္ဂကမိုးချောက်သော ယောဂိပုဂ္ဂိုလ် ၏ ဘင်္ဂဉာဏ်ထင်ပုံ၊ မြင်ပုံ၊ သိပုံ၊ မှတ်ပုံ၊ ရှုပုံ၊ အညီအညွတ်ရှုမြင်နေပုံ၊ ကိလေသာကိုပယ်ပုံ၊ ကိလေသာကိုပယ်သောကိစ္စနှင့်ပြည့်စုံပုံ၊ ဘာဝ နာကိုပွါးပုံ၊ ဘာဝနာကိုပွါးသောကိစ္စနှင့် ပြည့်စုံပုံ၊ ဘာဝနာဖြစ်စင်ပုံ၊ ဘာဝနာညစ်ကြေးပုံ၊ ဘာဝနာပြီးဆုံးပုံ၊ ဘာဝနာမပြီးဆုံးပုံ၊ အလုံးစုံ ကို၊အသေအချာမှတ်တို့ရာစကားရပ်၊ ဤတွင်၍အပြီးသတ်။

ဆဋ္ဌသင်္ဂီတိပုစ္ဆကာ၊ အဂ္ဂမဟာပဏ္ဍိတာ
ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး
ရေးသားစီရင်အပ်သော
ဝိသုဒ္ဓိမဂ် - မြန်မာပြန်
အခြေခံများနှင့်တကွ ဝိပဿနာပိုင်း

၂၁ - ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ - အကျဉ်းလမ်းစဉ်

အသိအမြင်စင်ကြယ်ပုံကို အကျယ်ပြချက်

ဥပက္ကိလေသမှ လွတ်သော ဥဒယဗ္ဗယဉာဏ် ပြဆိုချက်

(၂၇၆) ၁။ ရှစ်ပါးသော ဉာဏ်တို့၏အစွမ်းအားဖြင့် ခေါင်ထိပ်သို့ရောက်သော ဝိပဿနာနှင့် ၉-ခုမြောက်ဖြစ်သော သစ္စာနုလောမိကဉာဏ်ဟူသော ဤဝိပဿနာ ဉာဏ်အပေါင်းသည် ပဋိပဒါဉာနဒဿနဝိသုဒ္ဓိ (အရိယာမဂ်သို့ရောက်ကြောင်း အကျင့်ဖြစ်သော စင်ကြယ်သော ဉာဏ်အမြင်) မည်၏။ **ရှစ်ပါး** ဟူရာ၌ (၁) ဥပက္ကိလေသမှ လွတ်သော "ရူမြဲရှုလျက် လမ်းမှန်သွားသော ဝိပဿနာ" ဟု ဆိုအပ်သော ဥဒယဗ္ဗယဉာဏ်၊ (၂) ဘင်္ဂါနုပဿနာဉာဏ်၊ (၃) ဘယတုပဋ္ဌာနဉာဏ်၊ (၄) အာဒီနဝါနုပဿနာဉာဏ်၊ (၅) နိဗ္ဗိဒါနုပဿနာဉာဏ်၊ (၆) မုဉ္စိတုကမျတာဉာဏ်၊ (၇) ပဋိသင်္ခါနုပဿနာဉာဏ်၊ (၈) သင်္ခါရုပေက္ခာဉာဏ်ဟူသော ဤရှစ်ပါးသော ဉာဏ်တို့ကို သိအပ်ကုန်၏။ **၉-ခုမြောက်ဖြစ်သော သစ္စာနုလောမိသဉာဏ်** ဟူသည်မှာ အနုလောမဉာဏ်၏ အမည်တည်း။ ထို့ကြောင့် ထိပဋိပဒါဉာဏဒဿနဝိသုဒ္ဓိကို ပြည့်စုံစေခြင်းငှာ အလိုရှိသော ယောဂီသည် ဥပက္ကိလေသမှ လွတ်သော ဥဒယဗ္ဗယဉာဏ်ကို အစပြု၍ အဆိုပါဉာဏ်တို့၌ အားထုတ်ခြင်းကို ပြုအပ်၏။

(၇၃၈) ၂။ ဥဒယဗ္ဗဉာဏ်၌ တဖန်အားထုတ်ခြင်းသည် အဘယ်အကျိုးရှိသနည်းဟူမူ... သာမညလက္ခဏာကို ကောင်းစွာမှတ်ခြင်း အကျိုးရှိ၏။ မှန်ပေ၏- ဥဒယဗ္ဗယဉာဏ်သည် ရှေး၌ ဆယ်ပါးသော ဥပက္ကိလေသတို့ဖြင့် ညစ်ညူးသည်ဖြစ်၍ သုံးပါးသော သာမညလက္ခဏာကို ဟုတ်တိုင်းမှန်သော မိမိ၏သဘောအားဖြင့် ကောင်းစွာမှတ်ခြင်းငှာ မစွမ်းနိုင်ခဲ့သေး၊ ဥပက္ကိလေသမှ လွတ်သော ဥဒယဗ္ဗယဉာဏ်သည်ကား စွမ်းနိုင်ပေ၏။ ထို့ကြောင့် သာမညလက္ခဏာကို ကောင်းစွာမှတ်ခြင်း အကျိုးငှာ ဤအရာ၌ တဖန်အားထုတ်ခြင်းကို ပြုအပ်ပေ၏။

(၇၃၉) ၃။ သာမညလက္ခဏာ တို့သည်ကား အဘယ်တရားကို နှလုံးမသွင်းခြင်းကြောင့် အဘယ်တရားက ဖုံးလွှမ်းထားသောကြောင့် မထင်ပေါ်ကုန်သနည်း . . . **အနိစ္စလက္ခဏာ** သည် ဖြစ်ခြင်း ပျက်ခြင်းတို့ကို နှလုံးမသွင်းခြင်းကြောင့် အဆက်မပြတ်ဖြစ်နေသော ရုပ်နာမ်အစဉ် **သန္တတိပညတ်** ကဖုံးလွှမ်းထားသောကြောင့် မထင်ပေါ်ပဲရှိ၏။ **ဒုက္ခလက္ခဏာ** သည် မပြတ်နှိပ်စက်ခြင်းကို နှလုံမသွင်းခြင်းကြောင့် **ဣရိယာပုထ်** တို့က ဖုံးလွှမ်းထားသောကြောင့် မထင်ပေါ်ပဲရှိ၏။ အနတ္တလက္ခဏာသည် အထူးထူးသော ဓာတ်တို့၏ အသီးသီးကွဲပြားခြင်းကို နှလုံးမသွင်းခြင်းကြောင့် တလုံးတခဲတည်းဟု ထင်ရသောအစိုင်ခဲ **ဃနပညတ်** က ဖုံးလွှမ်းထားသောကြောင့် မထင်ပေါ်ပဲရှိ၏။ ဖြစ်ခြင်းပျက်ခြင်းကို သိမ်းဆည်း၍ (အဆက်မပြတ်ဖြစ်နေသော ရုပ်နာမ်အစဉ်) သန္တတိပညတ်ကို ဖျက်ဆီးအပ်သည်ရှိသော် (ဖျက်ဆီးလိုက်လျှင်) မမြဲဟုမှတ်ရကြောင်း - **အနိစ္စလက္ခဏာ** သည် ဟုတ်တိုင်းမှန်သော မိမိ၏သဘောအားဖြင့် ထင်ပေါ်၏။ မပြတ်နှိပ်စက်ခြင်းကို နှလုံးသွင်း၍ ဣရိယာပုထ်ကို ဖွင့်လှစ်အပ်ပြီးသည်ရှိသော် (ဖွင့်လှစ်လိုက်လျှင်) ဆင်းရဲဟု မှတ်ရကြောင်း - **ဒုက္ခလက္ခဏာ** သည် ဟုတ်တိုင်းမှန်သော မိမိ၏သဘောအားဖြင့် ထင်ပေါ်၏။ အထူးထူးသော ဓာတ်တို့ကို အသီးသီးကွဲပြားခြင်းကို ပြုအပ်ပြီးသည်ရှိသော (ပြုလိုက်လျှင်) အတ္တကောင် မဟုတ်ဟု မှတ်ရကြောင်း **အနတ္တလက္ခဏာ** သည် ဟုတ်တိုင်းမှန်သော မိမိ၏ သဘောအားဖြင့် ထင်ပေါ်၏။

(၇၄၀) ၄။ ဤအရာ၌ အနိစ္စနှင့် အနိစ္စလက္ခဏာ, ဒုက္ခနှင့် ဒုက္ခလက္ခဏာ, အနတ္တနှင့် အနတ္တလက္ခဏာဟူသော ဤခွဲခြမ်း ဝေဘန်ခြင်းကို သိအပ်၏၊ ထိုတွင် **အနိစ္စ - မမြဲသာတရား** ဟူသည်ကား ခန္ဓာငါးပါးတည်း၊ အဘယ်ကြောင့်နည်း ဟူမူ (၂၇၇) ဖြစ်ခြင်း ပျက်ခြင်းနှင့် ထိုမှတပါးသော (ရင့်ရော်ခြင်း) သဘောရှိသည်၏ အဖြစ်ကြောင့်တည်း၊ တနည်းကား ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း ကွယ်ပျောက် သွားခြင်းကြောင့်တည်း။ ဖြစ်ခြင်းပျက်ခြင်းနှင့် ထိုမှတပါးသော (ရင့်ရော်ခြင်း) သဘောသည် မမြဲဟုမှတ်ရကြောင်း - **အနိစ္စလက္ခဏာ** မည်၏။ တနည်းကား ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း-ကွယ်ပျောက်သွားခြင်း ဟူသော အခြင်းအရာအထူးသည် **အနိစ္စလက္ခဏာ** မည်၏။

၅။ "အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ" ဟု ဟော်တော်မူသောကြောင့် ထိုခန္ဓာငါးပါးသည်ပင်လျှင် **ဒုက္ခ-ဆင်းရဲ** မည်၏။ အဘယ်ကြောင့်နည်းဟူမူ ... ဖြစ်ခြင်းပျက်ခြင်းက မပြတ်နှိပ်စက်ခြင်းကြောင့်တည်း၊ မပြတ်နှိပ်စက်သော အခြင်းအရာသည် ဆင်းရဲဟု မှတ်ရကြောင်း-**ဒုက္ခလက္ခဏာ** မည်၏။

၆။ "အကြင်တရားသည် ဆင်းရဲတည်း၊ ထိုတရားသည် အတ္တမဟုတ်" ဟု ဟောတော်မူသောကြောင့် ထိုခန္ဓာငါးပါးသည်ပင်လျှင် **အနတ္တ** မည်၏၊ အဘယ့်ကြောင့်နည်းဟူမူ ... အလိုအတိုင်း မဖြစ်ခြင်းကြောင့်တည်း၊ အလိုအတိုင်းမဖြစ်သော အခြင်းအရာသည် အတ္တမဟုတ်ဟု မှတ်ရကြောင်း-**အနတ္တလက္ခဏာ** မည်၏။

၇။ ဤယောဂီသည် ဥပက္ကိလေသမှ လွတ်သော "လမ်းမှန်သွားသော ဝိပဿနာ" ဟု ဆိုအပ်သော ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် ထို (အနိစ္စနှင့် အနိစ္စလက္ခဏာစသော) အလုံးစုံကိုလည်း ဟုတ်တိုင်းမှန်သော မိမိ၏သဘောအားဖြင့် ကောင်းစွာမှတ်၏။

မှတ်ချက်

၁- ဖြစ်ခြင်းသဘောရှိခြင်း ပျက်ခြင်းသဘောရှိခြင်း ထိုမှတပါးသော သဘောရှိခြင်းကြောင့် ဟု ဆိုလို၏၊ ထိုတွင် "ထိုမှတပါးသော သဘောရှိခြင်း" ဟူသည်မှာ အစပိုင်း-ဖြစ်ခြင်းနှင့် အဆုံးပိုင်း-ပျက်ခြင်းတို့မှ တပါးသော အလယ်ပိုင်း၌ဟုခေါ်သော ရင့်ရော်ခြင်းသဘောပင် ဖြစ်သည်၊ ၎င်းကို ပါဠိ၌ အညထတ္တဟုဆို၏၊ ထိုပါဠိအားလျော်စွာ ဤ၌ "ထိုမှတပါးသော သဘော" ဟု ပြန်ဆိုသည်။ အဆိုချုပ်အားဖြင့်ဆိုလျှင် "ဥပါဒ်ဌိဘင် ခဏသုံးပါးရှိသောကြောင့် မမြဲ" ဟုဆိုလိုသည်။

ဘင်္ဂီနုပဿနာဉာဏ်ကို ပြဆိုချက်

(၇၄၁) ၈။ ဤဆိုခဲ့သည့်အတိုင်း ကောင်းစွာမှတ်၍ ရုပ်နာမ်တရားတို့ကို "မမြဲ ဆင်းရဲ အတ္တမဟုတ်" ဟု အဖန်တလဲလဲ နှိုင်းချိန်စူးစမ်းသော ထိုယောဂီ၏ ထိုနှိုင်းချိန်စူးစမ်းသော ရှုသိမှုဉာဏ်သည် ထက်မြက်သည်ဖြစ်၍ ဆောင်သွား၏။ သခ်ါရတို့သည် လျင်စွာထင်ပေါ်ကုန်၏၊ ရှုသိမှုဉာဏ်

သည် ထက်မြက်သည်ဖြစ်၍ ဆောင်သွားလတ်သော်, သခ်ါရတို့သည် လျင်စွာထင်ပေါ်ကုန်လတ်သော် ဖြစ်ခြင်းသို့ငင်း, တည်ခြင်းသို့ငင်း, မပြတ်ဖြစ်သော ရုပ်နာမ်အယဉ်သို့ငင်း, ပုံသဏ္ဌာန်နိမိတ်သို့ငင်း မရောက်တော့ပြီ၊ ကုန်ခြင်း ပျောက်ခြင်း ပျက်ခြင်းဟူသော ချုပ်ခြင်းခ်ဳသာလျှင် အမှတ်ရမူ သတိသည် တည်လျက်ရှိ၏။ "ရုပ်နာမ်သခ်ါရတရားအပေါင်းသည် ဤသို့ဖြစ်ပေါ်ပြီးလျှင် ဤသို့ပင် ချုပ်သွားသည်" ဟု ရှုမြင်သော ထိုယောဂီအား ဤသို့ရှုမြင်သော အရာဌာနခ်ဳ **ဘင်္ဂါနုပဿနာ** မည်သော ဝိပဿနာဉာဏ်သည် ဖြစ်ပေါ်၏။ ယင်းဘင်္ဂါနုပဿနာဉာဏ်ကို ရည်၍ -

> "အဘယ်သို့လျှင် အာရုံကိုသိပြီး၍ ပျက်ခြင်းကို တဖန်ရှုသော ပညာသည် ဝိပဿနာမည်သနည်း.... ရုပ်လျှင် အာရုံရှိသောစိတ်သည် ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏၊ ထိုရုပ်အာရုံကို (ကုန်သည်ပျက်သည်ဟု) သိပြီး၍ ထိုသိသောစိတ်၏ ပျက်ခြင်းကို တဖန်ရှု၏။ တဖန်ရှု၏ ဟူရာခ်ဳ အဘယ်သို့ တဖန်ရှုသနည်းဟူမူ . . . မမြဲဟု တဖန်ရှု၏ မြဲသည်ဟု မရှု၊ ဆင်းရဲဟု တဖန်ရှု၏ ချမ်းသာဟု မရှု၊ အတ္တမဟုတ်ဟု

မှတ်ချက်

၁- ဉာဏ်ထက်မြက်သည်ဖြစ်၍ ဆောင်သွားပုံ, သခ်ါရတရားတို့ လျင်စွာထင်ပုံ, ရှုသိမှုဉာဏ်၏ ဖြစ်ခြင်း တည်ခြင်းစသည်သို့ မရောက်မူ၍ ကုန်ဆုံးသွားခြင်း ပျောက်ကွယ်သွားခြင်း ဟု ဆိုအပ်သော ချုပ်ခြင်း ပျက်ခြင်း ပျောက်သွားခြင်းဟု ခေါ်ဆိုအပ်သော ပျက်ခြင်းခ်ဳသာလျှင် တည်ပုံတို့ကို ပြသော စကားဖြစ်သည်။ အနက်အဓိပ္ပါယ်အကျယ်ကို သိလိုလျှင် ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ စာမျက်နှာ ၁၈၁-ကြည့်ပါ။ တဖန်ရှု၏ အတ္တဟု မရှု၊ ငြီးငွေ့၏, မနှစ်သက် မပျော်မွေ့၊ စက်ဆုပ်၏, မတပ်မက်၊ ချုပ်စေ၏, မဖြစ်စေ၊ တဖန်စွန့်၏, မယူ။

မမြဲဟု ရှုလတ်သော် မြဲသည်ဟု ထင်မှတ်သော နိစ္စသညာကိုပယ်၏၊ ဆင်းရဲဟု ရှုလတ်သော် ချမ်းသာဟု ထင်မှတ်သော် သုခသညာကို ပယ်၏၊ အတ္တမဟုတ်ဟု ရှုလတ်သော် အတ္တဟု ထင်မှတ်သော အတ္တသညာကိုပယ်၏။ (၂၇၈) ငြီးငွေ့လတ်သော် နှစ်သက်ပျော်မွေ့ခြင်းကိုပယ်၏၊ စက်ဆုပ်လတ်သော် တပ်မက်ခြင်းကိုပယ်၏၊ ချုပ်စေလတ်သော် ဖြစ်ခြင်းကို ပယ်၊ တဖန်စွန့်လတ်သော် ယူခြင်း ကိုပယ်၏။

ဝေဒနာလျှင် အာရုံရှိသော ။ပ။ သညာလျှင် အာရုံရှိသော။ သခ်ါရလျှင်အာရုံရှိသော။ ဝိညာဏ်လျှင် အာရုံရှိသော။ မျက်စိလျှင် အာရုံရှိသော ။ပ။ အိုခြင်းသေခြင်းလျှင် အာရုံရှိသော စိတ်သည် ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏ ။ပ။ တဖန်စွန့်လွှတ်သည်ရှိသော ယူခြင်းကို ပယ်၏။

(အာရုံ၏ အပျက်ဝတ္ထုမှ ရှုသောစိတ်၏ အပျက်ဝတ္ထုသို့ ရွှေ့ခြင်းဟူသော) ဝတ္ထုရွှေ့ခြင်းငင်း, (အဖြစ်မှ ဆုတ်နစ်၍ အပျက်ခ်ဳတည်ခြင်းဟူသော) ပညာ၏ ဆုတ်နစ်ခြင်းငင်း, နှလုံးသွင်းဆင်ခြင်မှု-အာဝဇ္ဇန်းအားငင်း- (ဤအင်္ဂါသုံးပါးနှင့်ပြည့်စုံသော ပညာသည်) အာရုံ၏အပျက်ကို ရှုပြီး၍ ရှုသော စိတ်၏ အပျက်ကို တဖန်ရှုသော **ပဋိသခ်ါဝိပဿနာ** မည်၏။

(မြင်ပြီးသော) အာရုံသို့ အစဉ်လိုက်သဖြင့် (မြင်ရ မမြင်ရအားဖြင့်) နှစ်ပါးသော အာရုံတို့ကို တမျိုးတည်းသော သဘောအားဖြင့် ပိုင်းခြားခြင်းငင်း, ချုပ်ခြင်း၌ နှလုံးသွင်း ညွတ်ကိုင်းခြင်းငင်း

မှတ်ချက်

၁ - ဤ၌ပေယျာလကို စာမျက်နှာ ၁၅၃-စာပိုဒ် ၁၇-၌ ဖော်ပြသည့်နည်းအတိုင်း ဖော်ပြရမည်။

(ဤအဂ်ါနှစ်ပါးနှင့်ပြည့်စုံသော ပညာသည်) အပျက်လက္ခဏာကို ရှုသော **ဝယ** လက္ခဏာ ဝိပဿနာမည်၏။

အာရုံကိုလည်း (ပျက်သည်ဟု) သိပြီး၍ (ရှုသောစိတ်၏) အပျက်ကိုလည်း တဖန်ရှု၏၊ အတ္တမှ ဆိတ်သုဉ်းသော အားဖြင့်လည်းထင်၏- (ဤအဂ်ါသုံးပါးနှင့် ပြည့်စုံသော ပညာသည်) လွန်ကဲသော ဝိပဿနာပညာ ဖြစ်သောကြောင့် အဓိပညာ ဝိပဿနာမည်၏။

သုံးပါးသော အနုပဿနာတို့၌ ကျွမ်းကျင် လိမ္မာသောသူသည် လေးပါးသောဝိပဿနာတို့ငင်း, သုံးပါးသော ထင်ခြင်းတို့၌ငင်း ကျွမ်းကျင်လိမ္မာသည်၏ အဖြစ်ကြောင့် အမျိုးမျိုးသော မိစ္ဆအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။

ထိုရှုသိမှုသည် သိတတ်သော အနက်ကြောင့် ဉာဏ်မည်၏၊ အပြားအားဖြင့် သိတတ်သော အနက်ကြောင့် ပညာမည်၏။ ထိုကြောင့် "အာရုံကိုသိပြီး၍ အပျက်ကို တဖန်ရှုသော ပညာသည် ဝိပဿနာဉာဏ်မည်၏" ဟုဆိုအပ်၏ဟူ၍ -

(ပဋိသမ္ဘိဒါမဂ်၌) ဟောတော်မူအပ်၏။

(၇၄၂) ၉။ ထိုပဋိသမ္ဘာဒါမဂ်ပါဠိ၌ **အာရုံသိပြီး** ၍ဟူသည်ကား အမှတ်မရှိ တစုံတခုသော အာရုံကို သိပြီး၍။ "ကုန်သွားသည် ပျက်သွားသည်" ဟု မြင်ပြီး၍ - ဤကား (သိပြီး၍-ဟူသောပုဒ်၏) အနက်။ **ပျက်ခြင်းကိုတဖန်ရှုသောပညာ** ဟူသည်ကား အာရုံကို "ကုန်သွားသည် ပျက်သွားသည်" ဟု သိလျက် ဖြစ်သော ထိုဉာဏ်၏ပျက်ခြင်းကို ရှုရာ၌ အကြင်ပညာသည် ရှိ၏၊ ဤပညာကို "ဝိပဿနာ ဉာဏ်မည်၏" ဟု ဆိုအပ်၏။ ထိုပညာဉာဏ်သည် အဘယ်သို့ဖြစ်သနည်းဟု ဤသည်ကား ဖြေဆိုလို၍ မေးသော

မှတ်ချက်

၁- ဤသည်ကား ... အနက်တည်း-ဟုစပ်ပါ။ ဤတိုင်အောင် အဖွင့်မှာ ပုစ္ဆာ၏ အနက်အဖွင့် ဖြစ်သည်-ဟုဆိုလို၏။

(ကထေတုကဗျတာ) ပုစ္ဆာ၏ အနက်တည်း။ ထိုနောင် ထိုဉာဏ်၏ဖြစ်ပုံ အခြင်းအရာကို ပြခြင်းငှါ "ရုပ်လျှင်အာရုံရှိသော" ဤသို့စသည်ကို မိန့်ဆိုလေသည်.

၁၀။ ထိုစကားရပ်၌ **ရုပ်လျှင်အာရုံရှိသော စိတ်သည်ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏** ဟူသည်ကား ရုပ်ကိုအာရုံပြုသော စိတ်သည် ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏၊ တနည်းကား ရုပ်လျှင်အာရုံရှိသည်၏ အဖြစ်၌ စိန်သည်ဖြစ်ပေါ်ပြီးလျှင်ပျက်သွား၏- ဤကား အနက်။ **ထိုအာရုံကိုသိပြီး၍** ဟူသည်ကား ထိုရုပ်အာရုံကို သိပြီး၍ "ကုန်သွားသည် ပျက်သွားသည်" ဟု မြင်ပြီး၍-ဤကားအနက်။ **ထိုသိသော စိတ်၏ ပျက်ခြင်းကို တဖန်ရှု၏** ဟူသည်ကား အကြင်စိတ်ဖြင့် ထိုအာရုံကို "ကုန်သွားသည် ပျက်သွားသည်" ဟု သိမြင်အပ်ပြီ၊ ထိုသိမြင်သောစိတ်၏ ပျက်ခြင်းကို တပါးသောနောက်စိတ်ဖြင့် တဖန်ရှု၏-ဤကား အနက်။ ထို့ကြောင့် ရှေးဆရာတို့သည်

"သိအပ်သောအာရုံကိုငင်း, သိသောဝိပဿနာဉာဏ်ကိုငင်း နှစ်ပါးလုံးတို့ကိုလည်းရှု၏" ဟု မိန့်ဆိုကုန်၏။

(၂၇၉) ၁၁ ။ (ထိုသိသောစိတ်၏ ပျက်ခြင်းကို တဖန်ရှု၏-ဟူသော) ဤပါဠိဋ္ဌာလည်း **အနုပဿတိ တဖန်ရှု၏** ဟူသည်ကား အဖန်ဖန်ရှု၏၊ များစွာသော အခြင်းအရာတို့ဖြင့် အဖန်တလဲလဲ ရှု၏-ဤကား အနက်။ ထို့ကြောင့် "တဖန်ရှု၏ ဟူရာ၌ အဘယ်သို့ တဖန်ရှုသနည်းဟူမူ...မမြဲဟု တဖန်ရှု၏" ဤသို့အစရှိသည်ကို ဟောတော်မူ၏။

မှတ်ချက်

၁- "ရူပါရမ္မဏာတာ" ဟူသောပုဒ်၌ ရုပ်လျှင်အာရုံရှိသောဟူ၍ငင်း ရုပ်လျှင်အာရုံရှိသည်၏အဖြစ်၌ ဟူ၍ ငင်းအနက်နှစ်မျိုးရနိုင်၏။ ထို့ကြောင့် ဤသို့တနည်းထပ်၍ ဖွင့်ပြသည်။ သို့သော်လည်း ရုပ်လျှင် အာရုံရှိသည်၏ အဖြစ်၌ ပါဝင်သောစိတ်သည် ရုပ်လျှင်အာရုံရှိသော စိတ်-ရုပ်ကို အာရုံပြုသောစိတ်ပင်ဖြစ်သည်၊ ထို့ကြောင့် ပါဠို၏ မြန်မာပြန်၌ ပဌမအဖွင့်ကိုသာ မူတည်၍ "ရုပ်လျှင် အာရုံရှိသော" ဟု ပြန်ဆိုလိုက်သည်။

၁၂။ ထိုစကားရပ်၌ ပျက်ခြင်း(ဘင်) မည်သည်ကား မမြဲမည့်အဖြစ် (အနိစ္စလက္ခဏာ) ၏ မြတ်သော (အဆုံးဖြစ်သော) အဖို့ပေတည်း၊ ထို့ကြောင့် ပျက်ခြင်းကို ရှုသော ထိုယောဂီသည် အလုံးစုံသော သခါရတရားအပေါင်းကို မမြဲဟု ရှု၏ မြဲသ်ဟု မရှု။ ထိုနောင် မမြဲသောတရားသည် ဆင်းရဲပင်ဖြစ်သောကြောင့်ငင်း, ဆင်းရဲသည် အတ္တမဟုတ် အနတ္တဖြစ်သောကြောင့်ငင်း, ထိုမမြဲသောတရားကို ပင်လျှင် ဆင်းရဲဟု ရှု၏ ချမ်းသာဟု မရှု၊ အတ္တမဟုတ်ဟု ရှု၏ အတ္တဟု မရှု။

၁၃။ ထိုမှတပါး အကြင်တရားသည်မမြဲ ဆင်းရဲ အတ္တမဟုတ်၊ ထိုတရားကို မနှစ်သက်အပ် မနှစ်သက်သင့်။ အကြင်တရားကို မနှစ်သက်အပ်၊ ထိုတရား၌ မတပ်မက်အပ် မတပ်မက်သင့်။ ထို့ကြောင့် ပျက်ခြင်းကိုရှုသော ဘင်္ဂါနုပဿနာသို့ အစဉ်လိုက်သဖြင့် "မမြဲ ဆင်းရဲ အတ္တမဟုတ်" ဟု မြင်အပ်ပြီးသော ဤသခါရတရားအပေါင်း၌ ငြိးငွေ့၏, မနှစ်သက် မပျော်မွေ့၊ စက်ဆုပ်၏, မတပ်မက်။

၁၄။ ဤသို့မတပ်မက်သော ထိုယောဂီသည် (လောကုတ္တရာဥာဏ်မှ) ရှေးဦးစွာ လောကီဥာဏ်ဖြင့် ပင်လျှင် တပ်မက်သောရာဂကို ချုပ်စေ၏၊ မဖြစ်စေ၊ (ရာဂ၏) ဖြစ်ခြင်းကို မပြု-ဤကား အနက်။ တနည်းကား ဤသို့စက်ဆုပ်သော ထိုယောဂီသည် မြင်အပ်ပြီးသော (ပစ္စုပ္ပန်) သခါရအပေါင်းကို ချုပ်သည်ဟု ရှုသကဲ့သို့ ထို့အတူမမြင်ရသော အတိတ် အနာဂတ်သခါရကိုလည်း (မြင်ပြီးသို့) အစဉ်လိုက်၍ မှန်းဆ၍သိသော အနွယဉာဏ်၏အစွမ်းအားဖြင့် ချုပ်သည်ဟုရှု၏, ဖြစ်သည်ဟု မရှု၊ ချုပ်သည်ဟုသာလျှင် နှလုံးသွင်း၏။ ထိုအတိတ်အနာဂတ်သခါရ၏ ချုပ်ခြင်းကိုသာလျှင် ရှု၏, ဖြစ်ခြင်းကို မရှု-ဤကား အနက်။

၁၄။ ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း ကျင့်သည်ဖြစ်၍ တဖန်စွန့်လွှတ်၏ မယူ၊ အဘယ်သို့ ဆိုလိုသနည်းဟူမူ - မမြဲအစရှိသော အခြင်းအရာအားဖြင့် ရှုသော ဤဝိပဿနာကိုလည်း ဖြစ်ထိုက်သော အကျိုးဟူသော ဘဝသစ် ခန္ဓာ, ကံဟူသော အဘိသင်္ခါရတို့နှင့်တကွ ကိလေသာတို့ကို တဒင်္ဂပဟာန်၏အစွမ်းအားဖြင့် စွန့်ပယ်ခြင်းကြောင့်ငင်း, သန်္ဓတရားတို့၏ အပြစ်ကိုမြင်သဖြင့် ငင်းတို့မှ ပြောင်းပြန်ဖြစ်သော နိဗ္ဗာန်၌ ညွှတ်ကိုင်းသည်၏အဖြစ်ဖြင့် ပြေးဝင်ခြင်းကြောင့်ငင်း **ပရိစ္စာဂပဋိနိဿဂ္ဂ** (စွန့်လွှတ်ခြင်းဟူသော တဖန်လွှတ်ခြင်း) မည်၏ ဟူ၍ငင်း, **ပက္ခန္ဒန ပဋိနိဿဂ္ဂ** (ပြေးဝင်ခြင်းဟူသော တဖန်လွှတ်ခြင်း) မည်၏ ဟူ၍ငင်း ခေါ်ဆိုအပ်၏။ ထို့ကြောင့် ထိုမမြဲအစရှိသော အခြင်းအရာအားဖြင့်ရှုသော ဝိပဿနာနှင့်ပြည့်စုံသော ရဟန်းသည် ဆိုခဲ့တိုင်းသော နည်းဖြင့်ကိလေသာတို့ကိုလည်း စွန့်ပယ်၏၊ နိဗ္ဗာန်၌လည်း ပြေးဝင်၏၊ ဖြစ်စေသည်၏ အစွမ်းအား ဖြင့် ကိလေသာတို့ကိုလည်း မယူ အပြစ်မမြင်သည်၏ အစွမ်းအားဖြင့် သန်္ဓတ အာရုံကိုလည်းမယူ။ ထို့ကြောင့် "တဖန်စွန့်၏ မယူ" ဟူ၍ ဆိုအပ်၏။

(၇၄၃) ၁၅။ ယခုအခါ ထိုအနိစ္စာ နုပဿနာ အစရှိသော ဉာဏ်တို့ဖြင့် ထိုယောဂီသည် အကြင်တရာတို့ကို ပယ်၏။ ထိုတရားတို့ကို ထိုသို့ ပယ်ခြင်းကို ပြခြင်းငှာ "မမြဲဟု ရှုသည်ရှိသော် မြဲသည်ဟု ထင်မှတ်သော နိစ္စသညာကို ပယ်၏" ဤသို့အစရှိသည်ကို မိန့်ဆိုလေသည်။ ထိုစကားရပ်၌ **နှစ်သက်ပျော်မွေ့ခြင်း** ဟူသည်ကား ဝမ်းမြောက်မှု-ပီတိနှင့်တကွဖြစ်သော တဏှာတည်း၊ အကြွင်းမှာ ဆိုခဲ့ပြီးသောနည်း ရှိသည်သာလျှင်တည်း။

(၂၈၀) (၇၄၄) ၁၆။ ဂါထာတို့၌ကား **ဝတ္ထုရွှေ့ခြင်း** ဟူသည်ကား ရုပ်၏ပျက်ခြင်းကို မြင်၏။ ထိုစိတ်၏ ပျက်ခြင်းကိုလည်း တဖန်ရှုမြင်သည်၏ အစွမ်းအားဖြင့်

မှတ်ချက်

၁- ဤဝိပဿနာသည်လည်း ... ပရိစ္စာဂ ပဋိနိဿဂ္ဂ မည်၏ .... ပက္ခန္ဒန ပဋိဿဂ္ဂမည်၏ဟု စပ်ပါ။ "ဤဝိပဿနာကိုလည်း" ဟု ကံအနက်ပြန်ပြီးလျှင် "ခေါ်ဆိုအပ်၏" ဟူသော ကြိယာပုဒ်နှင့်လည်း စပ်နိုင်၏။

၂- ဤ၌ အနက်အဓိပ္ပါယ် အကျယ်ကို သိလိုလျှင် ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ စာမျက်နှာ ၄၂၄-စသည်တို့၌ကြည့်ပါ။

(ရုပ်၏ပျက်ခြင်းဟူသော) ရှေးဝတ္ထုမှ (စိတ်၏ပျက်ခြင်းဟူသော) တပါးသောဝတ္ထုသို့ရွှေ့ခြင်းတည်း။ **ပညာ၏ဆုတ်နစ်ခြင်း**ဟူသည်ကား ဖြစ်ခြင်းကိုပယ်၍ ပျက်ခြင်း၌ တည်ခြင်းတည်း။ **အာဝဇ္ဇန်းအား**ဟူသည်ကား ရုပ်၏ပျက်ခြင်းကို မြင်ပြီးလျှင် ပျက်ခြင်းလျှင် အာရုံရှိသော ဝိပဿနာစိတ်၏ပျက်ခြင်းကို တဖန်ရှုမြင်ခြင်းငှာ အခြားမဲ့၌ပင်လျှင် နှလုံးသွင်းဆင်ခြင်စွမ်းနိုင်သည်၏အဖြစ်တည်း။ ပဋိသန္ဓေဝိပဿနာဟူသည်ကား ဤ(အဂီါသုံးပါးနှင့် ပြည့်စုံသော ပညာ)သည် အာုံ၏အပျက်ကို သိပြီး၍ ဝိပဿနာစိတ်၏အပျက်ကို တဖန်ရှုသော ဘင်ါနုပဿနာမည်၏။

(၇၄၅) ၁၇။ **အာရုံသို့ အစဉ်လိုက်သဖြင့် နှစ်ပါးတို့ကို တမျှီးတည်း ပိုင်းခြားခြင်း** ဟူသည်ကား မျက်မှောက်အားဖြင့် မြင်အပ်ပြီးသော (ပစ္စုပ္ပန်) အာရုံသို့ အစဉ်လိုက်သဖြင့် "ဤ(ပစ္စုပ္ပန်သခီါရ) ကဲ့သို့ ထိုအတူ အတိတ်ကာလ၌လည်း သခီါရတရားအပေါင်းသည် ပျက်ခဲ့လေပြီ၊ အနာဂတ်ကာလ၌ လည်း ပျက်လတ္တံ့"ဟု ဤသို့ (မျက်မှောက်မြင်ရ မမြင်ရသော) နှစ်ပါးသော အာရုံတို့ကို (ပျက်ခြင်း ဟူသော) တမျှီးတည်းသော သဘောဖြင့်သာလျှင် ပိုင်းခြားဆုံးဖြတ်ခြင်းတည်း- ဤကားအနက်။ မှန်ပေ၏- ရှေးဆရာတို့သည်-

> "ထင်ရှားရှိဆဲ(ဖြစ်သော ပစ္စုပ္ပန်သခီါရ)၌ စင်ကြယ်သော ဉာဏ်အမြင်ရှိသော ယောဂီသည် ထို(ပစ္စုပ္ပန် သခီါရ၏ အပျက်ကို မြင်သောဉာဏ်) သို့ အစဉ်လိုက်သော အနုမာနဉာဏ်ကို အတိတ်အနာဂတ် သခီါရ၌ (ဆောင်၏၊ ဆောင်ပုံကား) "အလုံးစုံသော သခီါရတရားတို့သည် နေထွက်လျှင် နှင်းပေါက်တို့ကဲ့သို့ ပျက်ခြင်သဘောရှိကုန်၏" ဟု ဆောင်၏" ဟူသော-

ဤဂါထာကို မိန့်ဆိုထားပေ၏။

၁၈။ ချုပ်ခြင်း၌ နှလုံးသွင်းခြင်း ဟူသည်ကား ဤဆိုခဲ့သည့်အတိုင်း မျက်မှောက်မြင်ရ မမြင်ရသော အာရုံနှစ်မျှီးတို့ကို ပျက်ခြင်း၏ အစွမ်းအားဖြင့် တမျှီးတည်း ပိုင်းခြားပြီးလျှင်, ပျက်ခြင်းဟု ဆိုအပ်သော ထိုချုပ်ခြင်း၌သာလျှင် နှလုံးသွင်းခြင်းတည်း၊ ထိုချုပ်ခြင်း၌သာလျှင် အလေးပြုခြင်း ညွတ်ခြင်း ကိုင်းခြင်း ရှိုင်းခြင်းတည်း-ဤကားအနက်။ ဝယ လက္ခဏာ ဝိပဿနာ ဟူသည်ကား ဤ (အဂီါနှစ်ပါးနှင့် ပြည့်စုံသော ပညာ) သည် ပျက်ခြင်း လက္ခဏာကို ရှုသောကြောင့် ဝယလက္ခဏာ ဝိပဿနာ မည်၏ဟု ဆိုလို၏။

(၇၄၆) ၁၉။ **အာရုံကိုလည်းသိပြီး၍** ဟူသည်ကား ရှေးဖြစ်သောရုပ်အစရှိသော အာရုံကိုလည်း သိပြီး၍။ ပျက်ခြင်းကိုလည်း ရှုမြင်၏ ဟူသည်ကား ထို(ရုပ်အစရှိသော) အာရုံ၏ ပျက်ခြင်းကို ရှုမြင်ပြီးလျှင် ထိုပျက်ခြင်းလျှင် အာရုံရှိသော ဝိပဿနာစိတ်၏ပျက်ခြင်းကို တဖန်ရှုမြင်၏။ **ဆိတ်သုဉ်းသောအားဖြင့် ထင်ခြင်း**ဟူသည်ကား ဤဆိုခဲ့သည့်အတိုင်းပျက်ခြင်းကို တဖန်ရှုသော ထိုယောဂီအား "သခီါရတို့သည်သာလျှင် ပျက်ကုန်၏၊ ထိုသခီါရတို့၏ ပျက်ခြင်းသည်ပင် သေခြင်းမည်၏၊ သခီါရတို့မှ

တပါးသော သေတတ် ပျက်တတ်သော တစုံတယောက်သော သူသည် မရှိ” ဟူ၍ အတ္တမှ ဆိတ်သုဉ်းသောအားဖြင့် ထင်ခြင်းသည် ပြီးစီး၏။ (၂၀၁)ထို့ကြောင့် ရှေးဆရာတို့သည်-

> ၂၀။ “ခန္ဓာတို့သည်သာလျှင် ချုပ်ကုန်၏၊ ခန္ဓာတို့မှတပါးသော အတ္တကောင်မည်သည်မရှိ၊ ခန္ဓာတို့၏ ပျက်ခြင်းကိုပင် သေခြင်းဟု ခေါ်ဆိုအပ်၏။ စိန်ဖြင့် ကျောက်ပတ္တမြားကို ဖောက်ထွင်းသောသူကဲ့သို့ မမေ့မလျော့သော ယောဂီသည် သင့်လျော်သော အကြောင်းဖြင့် ထိုသခ်ါရတို့၏ ကုန်ခြင်း ပျက်ခြင်းကို ရှုမြင်၏”ဟု-

မိန့်ဆိုကုန်၏။

၂၁။ **အဓိပညာဝိပဿနာ** ဟူသည်ကား အာရုံ၏ အပျက်ကို သိမြင်ခြင်း, ရှုသိသော စိတ်၏ အပျက်ကို တဖန် ရှုမြင်ခြင်း, အတ္တမှဆိတ်သောအားဖြင့် ထင်ခြင်း ဟူသော ဤ (အဂ်ါသုံးပါးနှင့် ပြည့်စုံသော ပညာ) သည် လွန်ကဲသော ဝိပဿနာဖြစ်သောကြောင့် အဓိပညာ ဝိပဿနာ မည်၏ဟု ဆိုလို၏။

(၇၄၇) ၂၂။ **သုံးပါးသော အနုပဿနာ**တို့၌ ကျွမ်းကျင်လိမ္မာသောသူဟူသည်ကား အနိစ္စာအနုပဿနာ အစရှိကုန်သော သုံးပါးသော ပနုပဿနာတို့၌ ကျွမ်းကျင်လိမ္မာသော ရဟန်းတည်း။ **လေးပါးသော ဝိပဿနာတို့၌** ဟူသည်ကား နိဗ္ဗိဒါနုပဿနာ အစရှိကုန်သော လေးပါးသော အနုပဿနာ တို့၌။ **သုံးပါးသော ထင်ခြင်းတို့၌ ကျွမ်းကျင်လိမ္မာသည်၏ အဖြစ်ကြောင့်** ဟူသည်ကား ကုန်သောအားဖြင့်ငင်း, ပျက်သော အားဖြင့်ငင်း, ဆိတ်သုဉ်းသောအားဖြင့်ငင်း သုံးပါးအပြားရှိသော ဤထင်ခြင်း၌ ကျွမ်းကျင် လိမ္မာသည်၏ အဖြစ်ကြောင့်။ **အမျိုးမျိုးသော မိစ္ဆာအယူတို့ကြောင့်မတုန်လှုပ်** ဟူသည်ကား သဿတ ဒိဋ္ဌိ-တည်မြဲ အယူ အစရှိကုန်သော အထူးထူး အပြားပြားကုန်သော မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်။

(၇၄၈) ၂၃။ ဤသို့မတုန်လှုပ်သော ထိုယောဂီသည် “ မချုပ်ဘူးသေးသော တရားအသစ်သည်သာလျှင် ချုပ်၏၊ မပျက်ဘူးသေးသောတရားအသစ်သည် သာလျှင် ပျက်၏”ဟုဖြစ်သော နှလုံးသွင်းခြင်း ရှိသည်ဖြစ်၍ ကွဲပျက်ဆဲဖြစ်သော မခိုင်မာသော အိုးခွက်၏ ကွဲပျက်ခြင်းကို မြင်သကဲ့သို့ ၎င်း, ဖရိုဖရဲ ဖြန့်ကြဲအပ်ဆဲဖြစ်သော သိမ်မွေ့သော မြူအပေါင်း၏ ဖရိုဖရဲပြန့်ကြဲခြင်းကို မြင်သကဲ့သို့၎င်း, လှော်အပ်ဆဲဖြစ်သော နှမ်းတို့၏ ပေါက်ကွဲပျက်စီးခြင်းကို မြင်သကဲ့သို့၎င်း, အလုံးစုံသော သခ်ါရတို့၏ဖြစ်ခြင်း, တည်ခြင်း အဆက်မပြတ်ဖြစ်သော အယဉ်နှင့် ပုံသဏ္ဌာန်နိမိတ်ကို စွန့်၍ ပျက်ခြင်း

မှတ်ချက်

၁- အစရှိ-ဟူသောစကားဖြင့် ဝိရာဂါနုပဿနာ နိရောဓနုပဿနာ ပဋိနိဿဂ္ဂါနုပဿနာတို့ကို ညွှန်ပြသည်။

၂- ထိုယောဂီသည်... နှလုံးသွင်းခြင်းရှိသည်ဖြစ်၍...စွန့်၍ ပျက်ခြင်းကိုသာလျှင် ရှုမြင်၏-ဟု စပ်ပါ။

၃- မြင်သကဲ့သို့ငင်း.....ရှုမြင်၏ ဟု စပ်ပါ။

၄- ဖြစ်ခြင်းကိုငင်း တည်ခြင်းကိုငင်း အဆက်မပြတ်ဖြစ်သော ရုပ်နာမ်အယဉ်ကိုငင်း ပုံသဏ္ဌာန်နိမိတ်ကိုငင်း မမြင်ရ မတွေ့ရ သည်ကိုပင် "စွန့်၍"ဟု ဆိုထားသည်၊ တမင်တကာ စွန့်ရသည်ကားမဟုတ်၊ "ငင်းတို့ကို မတွေ့မမြင်တော့ပဲ ရှုတိုင်းရှုတိုင်း ပျက်ခြင်းကိုသာလျှင် တွေ့မြင်နေသည်"ဟု ဆိုလို၏။

ကိုသာလျှင် ရှုမြင်၏။ ထိုယောဂီသည် ဥပမာအားဖြင့် မျက်စိမြင်သော ယောကျ်ားသည် ရေကန်၏ ကမ်း၌ ဖြစ်စေ, မြစ်ကမ်း၌ဖြစ်စေ ရုပ်တည်လျက် မိုးယံးပေါက်ကြီးစွာ မိုးယံးရွာလတ်သော် ရေမျက်နှာပြင်၌ ကြီးစွာ ကြီးစွာသော ရေပွက်တို့သည် ဖြစ်ပေါ်ကုန် ဖြစ်ပေါ်ကုန်ပြီးလျှင် လျင်စွာ လျင်စွာ ပျက်သွားသည်တို့ကို မြင်ရာသကဲ့သို့ ဤအတူပင်လျှင် အလုံးစုံသော သခါရတို့သည် ပျက်ကုန်၏ ပျက်ကုန်၏ဟု ရှုမြင်၏။ မှန်ပေ၏-ဤသို့ သဘောရှိသော ယောဂီပုဂ္ဂိုလ်ကို ရည်၍ အောက်ပါဂါထာကိုမြတ်စွာဘုရား ဟောကြားတော်မူသည်။

၂၄။ "ရေပွက်ကို ရှုမြင်သကဲ့သို့ငင်း, တံလှပ်ကို ရှုမြင်သကဲ့သို့ငင်း ဤအတူပင် (ခန္ဓာငါးပါး ဟူသော) လောကကို ရှုမြင်သောသူကို သေမင်းသည် မမြင်နိုင်တော့ပေ။"

(၇၄၉) ၂၅။ ဤဆိုခဲ့သည့်အတိုင်း "အလုံးစုံသော သခါရတို့သည် ပျက်ကုန်၏ ပျက်ကုန်၏" ဟု မပြတ်ရှုမြင်သော ယောဂီ၏ ဘင်္ဂါ နုပဿနာဉာဏ်သည် ရှစ်ပါးသော အကျိုးအာနိသင် ဟူသော အခြံအရံရှိသည်ဖြစ်၍ ခွန်အားနှင့်ပြည့်စုံပေ၏။ ထိုဘင်္ဂါနုပဿနာဉာဏ်၌ အောက်ပါတို့မှာ ရှစ်ပါးသော အကျိုးအာနိသင်တို့ဖြစ်သည်။

(၁) ဘဝဒိဋ္ဌ(ခေါ် သဿတဒိဋ္ဌ)ကို ပယ်ခွါခြင်း၊

(၂) အသက်၌ငဲ့ကွက် တွယ်တာမှုကို စွန့်ခြင်း၊

(၃) (နေ့ရောညဉ့်ပါ)အခါခပ်သိမ်း(ဘာဝနာ၌)လွန်စွာအားထုတ်ခြင်း၊

(၄) စင်ကြယ်သော အသက်မွေးမှုရှိခြင်း၊

(၅) (ကိစ္စကြီးငယ်တို့၌)ကြောင့်ကြဟ်ပါရကို ပယ်ခြင်း၊

(၆) ကြောက်ရွံ့မှုကင်းခြင်း၊

မှတ်ချက်

၁- ထိုယောဂီသည်....ဤအတူပင်လျှင်....ရှုမြင်၏ဟု စပ်ပါ။

(၇) သည်းခံခြင်းနှင့် သူတော်ကောင်းတရား၌ မွေ့လျော်ခြင်းတို့ကို ရခြင်း၊

(၈) တောကျောင်းနှင့် ဘာဝနာအမှုတို့၌ မပျော်မွေ့ခြင်း, ကာမဂုဏ်၌ ပျော်မွေ့ခြင်းတို့ကို နှိမ်နင်းပယ်ဖျောက်နိုင်ခြင်းတို့ပင်တည်း။

(၂၈၂) ထို့ကြောင့် ရှေးဆရာတို့သည် အောက်ပါ ဂါထာကို မိန့်ဆိုကုန်၏?

၂၆။ ယောဂီ ရဟန်းတို့သည် ထိုဘင်္ဂါ နုပဿနာဉာဏ်၌မြတ်သော ဤဂုဏ်ကျေးဇူးရှစ်ပါးတို့ကိုမြင်၍ သေခြင်းကင်းသော အမြိုက်နိဗ္ဗာန်သို့ရောက်ခြင်းငှာ ရုပ်နာမ် သခ်ါရတို့၏ အပျက်ကို အဖန်ဖန်ရှုလျက် အဝတ်ကို မီးလောင်သောသူ ဦးခေါင်းကို မီးလောင်သောသူတို့နှင့်တူစွာ အဖန်ဖန် မပြတ် သုံးသပ်လေတော့သတည်း။

ဘင်္ဂါနုပဿနာဉာဏ်ပြီး၏။

ပါဝစဂ္ဂ

မင်္ဂုလိန်္ဒိမ္ဗာန်သို့

အမြန်ဆိုက်ရောက်စေနိုင်သော

ဝိပဿနာရှုနည်းကျမ်း

ဒုတိယတွဲ

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရား

ရေးသားစီရင်အပ်သည်။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က

ပုံနှိပ်ထုတ်ဝေသည်။

သတ္တမ ပုံနှိပ်ခြင်း စာအုပ်ရေ (၃၀၀၀)

ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်တွင် ရိုက်နှိပ်သည်။

သာသနာ ၂၅၁၃ ကောဇာ ၁၃၇၁ ၁၉၆၉ မေလ

ဘဂ်ာဂ်ာစသည်နှင့်
ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ဖြစ် ပျက်တိုင်းသော ရုပ်နာမ်ကို မှတ်ရုံမျှသာ မှတ်သိလျက် အစဉ်လိုက်နေသော အသိဉာဏ်သည် အလင်းရောင် စသည်ကို အလေးမပြု မစွဲလမ်းခြင်းကြောင့် ဥပက္ကိလေသတို့မှလဲ လွတ်မြောက်၏၊ သိသင့်သော ဖြစ်မှု ပျက်မှုတို့ကို သိလျက် ရှိသော ကြောင့် လမ်းမှန်ကျသော ဥဒယဗ္ဗယဉာဏ်လဲ မည်၏။ ဤဉာဏ်မှ စ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ၉-ပါးသည် **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** မည်၏။ "အရိယာမဂ်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော စင်ကြယ်သော အသိ အမြင်"ဟု ဆိုလို၏။ ဤ ဝိသုဒ္ဓိသည် မှတ်အပ်သော ရုပ် နာမ်တို့၏ အဖြစ် အပျက်ကို ရှင်းလင်းစွာ သိရသဖြင့် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို ကောင်းစွာ သိမြင်သော ကာလမှ စ၍ ဖြစ်ပေါ်၏။ အဖြစ် အပျက်ကို သိရုံမျှဖြင့် အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့၏ ထင်ရှား ပုံကို အခက်း(၇)၌ ပြလတ္တံ့သော သာဓကတို့ဖြင့်ငင်း၊ အောက်ပါ မဟာဋီကာဖြင့်ငင်း ယုံကြည်အပ်၏။

အဖြစ်အပျက်ထင်လျှင် လက္ခဏာ ၃-ပါး ထင်ကြောင်း

> ဥဒယဝယေ ပန ပဋိဝိဒ္ဓေ အနိစ္စလက္ခဏံ ပါကဋံ ဟုတ္ဝာ ဥပဋ္ဌာတိ၊ တတော ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာတိ ဇုတရလက္ခဏမိဒံ။ အထဝါ ဥဒယဗ္ဗယဂ္ဂဟဏေန ဟုတ္ဝာ အဘာဝါကာရော, အဘိဏှသမ္ပဋိပီဠနာကာရော, အဝသဝတ္တနာကာရော စ, ဝိဘူတတတရော ဟောတိ။ (၂-၄၃၆)

ဥဒယဝယေ ပဋိဝိဒ္ဓေ၊ အဖြစ် အပျက်ကို မျက်မှောက် သိအပ် ပြီးလတ်သော်။ အနိစ္စလက္ခဏံ၊ မမြဟု မှတ်ကြောင်း လက္ခဏာသည်။ ပါကဋံ ဟုတ္ဝာ၊ ထင်ရှားသည် ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်ပေါ်

၏။ တတော၊ ထိုမှ နောက်၌။ ယံ အနိစ္စံ၊ အကြင် တရားသည် မမြဲ။ တံ ဒုက္ခံ၊ ထိုတရားသည် ဆင်းရဲပင်တည်း။ ယံ ဒုက္ခံ၊ အကြင် တရားသည် ဆင်းရဲတည်း။ တံ အနတ္တာ၊ ထိုတရားသည် အစိုးရတဲ့ ငါကောင်မဟုတ်။ ဇူတိ၊ ဤသို့။ ဇူတရလက္ခဏာမို့၊ ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာသည်လည်း။ ပါကဋံ ဟုတ္တာ ဥပဋ္ဌာတိ၊ ထင်ရှားစွာ ဖြစ်လျက် ထင်ပေါ်၏။ အထဝါ၊ တနည်း ထင်ရှားပုံကား။ ဥဒယဗ္ဗယဂ္ဂဟဏေန၊ အဖြစ် အပျက်ကို မှတ်သိခြင်းကြောင့်။ ဟုတ္တာ အဘာဝါကာရော၊ ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း, ကွယ်ပျောက်သွားခြင်း ဟူသော အနိစ္စလက္ခဏာ အခြင်းအရာသည်ငင်း။ အဘိဏှသမွဋ္ဌပီဠနာကာရော၊ ဖြစ်မှု ပျက်မှုက မပြတ်နှိပ်စက်ခြင်း ဟူသော ဒုက္ခလက္ခဏာ အခြင်းအရာသည်ငင်း။ အဝသဝတ္တနာကာရော စ၊ မဖြစ်စေလိုသော်လဲ မရ, မပျက်စေလိုသော်လဲ မနေသဖြင့် အလိုအတိုင်း မဖြစ်ခြင်း ဟူသော အနတ္တလက္ခဏာ အခြင်းအရာသည်ငင်း။ ဝိဘူတတာရော၊ အထူးသဖြင့် ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။

ဖြစ် ပျက်တိုင်းသော ရုပ်နာမ်ကို မှတ်သိ၍ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာတို့ကို ကောင်းစွာ ထင်ရှားပြီးသော သူအား ဥဒယဗ္ဗယ ဉာဏ် အပြည့်အစုံ ရင့်သန်လတ်သော် မှတ်သိမှုသည် လျင်မြန်ထက်သန်စွာ ဖြစ်၏။ သူ့အလိုလိုပင် သိလျက် သိလျက် ဆောင်သွားသကဲ့သို့ ဖြစ်၏။ အသိ လျင်မြန်သောကြောင့် မှတ်သိသင့်တဲ့ ဖြစ်ခိုက် အာရုံသင်္ခါရတို့သည် လျင်မြန်စွာ ထင်ပေါ်ကုန်၏။ ထို အခါ၌ ဖြစ်စ = ဥပါဒ်နှင့်,အလယ်ပိုင်း တည်မှု = ဌီတို့ကိုလဲ နှလုံးမသွင်းမိပြီ၊ မပြတ် စီးနေသော ရေအယဉ်ကဲ့သို့ တစပ်တည်း ဆက်စပ်လျက် ဖြစ်နေသော ရုပ်နာမ် အစဉ်အတန်းကိုလဲ နှလုံးမသွင်းမိပြီ၊ (ရှေးရှေးရုပ်နှင့် နောက်နောက်ရုပ်တို့သည်ငင်း, ရှေးရှေးစိတ်နှင့် နောက်နောက် စိတ်တို့သည်ငင်း, မပြတ် မခြားဘဲ တသားတည်း ကဲ့သို့ ဉာဏ်၌ မထင်ကြပြီဟု ဆိုလို၏)။ ။ အကောင် အထည် ပုံသဏ္ဌာန် ဒြဗ္ဗ ရှိသလိုပင် ထင်ပေါ်သော သင်္ခါရ နိမိတ်ကိုလဲ နှလုံးမသွင်းမိပြီ၊ (ဥပမာ....ကွေးစဉ် ဆန့်စဉ်၌ ရှေးကာလက လက်ခြေပုံသဏ္ဌာန် ထင်ပေါ်သကဲ့သို့ ယခုမူကား မထင်ပေါ်တော့ပြီဟု ဆိုလို၏)။ ။ မှတ်ခိုက် မှတ်ခိုက်မှာပင် ကုန်ပျက် ကုန်ပျက် သွား

သည်ဟု သိမှ = ဉာဏ်သည်သာလျှင် ဖြစ်ပေါ်၏။ ကိုအခါ၌ ဘင်ဉာဏ် ပေါ်၏။

ဘင်ဉာဏ်သို့ ကူးပုံ အကူးမှတ်ဖွယ်

တယိဒံ သဗ္ဗမ္မိ အယံ ယောဂါဝစရော ဥပက္ကိလေသ-ဝိနိမုတ္တေန ဝိထိပဋိပန္နဝိပဿနာသမ်ိတေန ဥဒယဗ္ဗယာ-နုပဿနာဉာဏေန ယာထာဝ သရသတော သလ္လက္ခေတိ။ တသ္မေဝံ သလ္လက္ခေတွာ ပုနပ္ပုနံ အနိစ္စံ ဒုက္ခံ အနတ္တာတိ ရူပါရူပဓမ္မေ တုလယတော တီရယတော တံ ဉာဏံ တိက္ခံ ဟုတ္ဝာ ဝဟတိ၊ သမ်ိရာ လဟုံ ဥပဋ္ဌဟန္တိ။ ဉာဏေ တိက္ခေ ဝဟန္တေ သမ်ိရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံ ဝါ ဋ္ဌိတိံ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ န သမ္မာပုဏာတိ၊ ခယ-ဝယ-ဘေဒ - နိရောဓေယေဝ သတိ သန္တိဋ္ဌတိ။ တသ္မေဝံ ဥပ္ပဇ္ဇိတ္ဝာ ဧဝံ နာမ သမ်ိရဂတံ နိရုဇ္ဈတီတိ ပဿတော ဧတသ္မိံ ဌာနေ ဘင်္ဂါနုပဿနာ နာမ ဝိပဿနာဉာဏံ ဥပ္ပဇ္ဇတိ။ (ဝိသုဒ္ဓိမဂ် ၂-၂၇၇)

တံ ဇ္ဈံ သဗ္ဗမ္မိ၊ ခန္ဓာ ငါးပါးနှင့်, လက္ခဏာ သုံးပါးဟူသော တို့ အလုံးစုံကိုလဲ။ အယံ ယောဂါဝစရော၊ ဤယောဂီသည်။ ဥပက္ကိ-လေသဝိနိမုတ္တေန၊ ညစ်ညူးကြောင်းတို့မှ လွတ်မြောက်ပြီးသော။ ဝိထိပဋိပန္နဝိပဿနာသမ်ိတေန၊ လမ်းမှန်ကျသော ဝိပဿနာဟု ဆိုအပ်သော။ ဥဒယဗ္ဗယာနုပဿနာဉာဏေန၊ အဖြစ် အပျက်ကို ရှုမြင်သောဉာဏ်ဖြင့်။ ယာထာဝ-သရသတော၊ မှန်သောသဘော အားဖြင့်။ ဝါ၊ သဘောမှန်အတိုင်း။ သလ္လက္ခေတိ၊ ကောင်းစွာ မှတ်၏။ ဧဝံ သလ္လက္ခေတ္ဝာ၊ ဤသို့ ကောင်းစွာမှတ်၍။ ရူပါ ရူပ-ဓမ္မေ၊ ရုပ်နာမ် တရားတို့ကို။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ မမြဲ, ဆင်းရဲ, ငါကောင် မဟုတ် ဟူ၍။ ပုနပ္ပုနံ၊ အဖန်ဖန်။ တုလယတော တီရ-ယတော၊ နှိုင်းချိန် ဆုံးဖြတ်သော။ တသ၊ ထိုယောဂီ၏။ တံ ဉာဏ်၊ ထိုမှတ်သိမှု ဉာဏ်သည်။ တိက္ခံ ဟုတ္ဝာ၊ ထက်မြက်သည် ဖြစ်၍။ ဝဟတိ။ ဆောင်သွား၏။ ဝါ၊ ဆောင်သွားသလိုပင် ဖြစ်၏။

သမ်ိရာ၊ ရှုထိုက်သော ရုပ်နာမ် သမ်ိရတို့သည်။ လဟုံ ဥပဒ္ဒဟန္တိ၊ လျင်မြန်စွာ ထင်ပေါ်ကုန်၏။ ဥဏော တိက္ခေ ဝဟန္တေ၊ ဥဏ်ကထက်မြက်၍ အလိုလို ဆောင်သွား ဘလိုပင် ဖြစ်လတ်သော်။ သမ်ိရေသု လဟုံ ဥပဒ္ဒဟန္တေသု၊ သမ်ိရတို့က လျင်မြန်စွာ ထင်ပေါ်ကုန်လတ်သော်။ ဥပ္ပါဒံ ဝါ၊ မှတ်အပ်သော ရုပ်နာမ်၏ အစဖြစ်မှု=ဥပါဒ်သို့ဌင်း။ ဌိတိ ဝါ၊ အလယ်ပိုင်း တည်မှု = ဌိသို့ဌင်း။ ပဝတ္တံ ဝါ၊ မပြတ်ဖြစ်သော ရုပ်နာမ် အယဉ်သို့ဌင်း။ နိမိတ္တံ ဝါ၊ အကောင်းအထည် ပုံသဏ္ဌာန် ခြေမ် ရှိသလိုပင် ထင်ပေါ်သော သမ်ိရနိမိတ်သို့ဌင်း။ နု သမ္မာပုဏာတိ၊ မရောက်။ (နှလုံး မသွင်းမိ မဆင်ခြင်မိပြီဟု ဆိုလို၏)။ သတိ၊ အမှတ်ရမှု သတိသည်။ ဝါ၊ မှတ်သိမှု ဥဏ်သည်။ ခယ-ဝယ-ဘေဒ-နိရောဓေယေဝ၊ ကုန်ခြင်း ပျောက်ခြင်း ပျက်ခြင်းဟူသော ချုပ်ခြင်း၌သာလျှင်။ သန္တိ၌တိ၊ ကောင်းစွာ တည်၏။ ။ (အနုပ္ပါဒနိရောဓ မဟုတ်ဟု သိစေရန် ခယ,ဝယ,ဘေဒ ပုဒ်တို့ဖြင့် နိရောဓ-ပုဒ်ကို အထူးပြုသည်။ သတိသီသေန ဥဏမာဟ- မဟာဋီကာ)။ ။တဿ၊ ထိုယောဂိအား။ သမ်ိရဂတံ၊ သမ်ိရတရားသည်။ ဧဝံ ဥပ္ပဇ္ဇိတ္ဝာ၊ ဤသို့ ဖြစ်ပေါ်၍။ ဧဝံ နာမ နိရုဇ္ဈတီတိ၊ ဤသို့ ချုပ်ပျက်သွားသည် ဟူ၍။ ပဿတောဝ၊ ရှုမြင်စဉ်။ တေသိံ ဌာနေ၊ ဤအရာ၌။ ဘင်္ဂါနုပဿနာ နာမ၊ ဘင်္ဂါနုပဿနာ မည်သော။ ဝိပဿနာ-ဉာဏံ၊ ဝိပဿနာဥဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ (ဤပါဠိနှင့်အညီ ဥဒယဗ္ဗယဉာဏ် အဆင့်မှ ဘင်္ဂဉာဏ်အဆင့်သို့ ပြောင်းကူးသွားပုံကို အထူးအလေးပြုအပ်၏။)

ဤဘင်္ဂဉာဏ် ဖြစ်ပုံကို ပဋိသမ္ဘိဒါမဂ်၌ ကျယ်ဝန်းစွာ ဟောတော်မူ၏။ ဤ၌ကား သိသာရုံ အချို့အနည်းငယ်မျှကိုသာ ထုတ်ဆောင်၍ ပြပါအံ့။

အာရမ္မဏပဋိသမ်ိ ဘင်္ဂါနုပဿနေ ပညာ ဝိပဿနေ ဉာဏံ၊ (ပဋိသံ-ပါဠိ ၁)

အာရမ္မဏပဋိသမ်ိတိ ယံ ကိဉ္စိ အာရမ္မဏံ ပဋိသမ်ိယတီတိ၌၊ ခယတောဝ ဝယတောဝ ဒိသွာတိ အတ္ထော။ ဘင်္ဂါနုပဿနေ ပညာတိ တဿ "အာရမ္မဏံ ခယတောဝ

ဝယတော ပဋိသန္ဓိယ ဥပ္ပန္နဿ” ဉာဏဿ ဘင်ံ အနုပဿနေ ယာ ပညာ၊ ဣဒံ ဝိပဿနေ ဉာဏံ။
(ဝိသုဒ္ဓိမဂ် ၂-၂၇၈)

ပါဠိတော်၏ အနက်။ ။အာရမ္မဏပဋိသန္ဓိ၊ တခုခုသော အာရုံကို ကုန်သွားသည် ပျက်သွားသည်ဟု သိမြင်ပြီး၍။ ဘင်္ဂါနုပဿနေ ပညာ၊ သိမြင်သော ထိုဉာဏ်၏ ကုန်ခြင်း ပျက်ခြင်းကို တဖန် သိမြင်ရာ၌ ပညာသည်။ ဝိပဿနေ ဉာဏံ၊ ဘင်္ဂဉာဏ် ဟု ခေါ်သော ဝိပဿနာဉာဏ်မည်၏။

ဝိသုဒ္ဓိမဂ်၏ အနက်။ ။အာရမ္မဏပဋိသန္ဓိတိ၊ ဟူသည်ကား။ ယံကိဉ္စိ အာရမ္မဏံ၊ အမှတ်မရှိ တခုခုသော ရုပ်အာရုံ နာမ်အာရုံကို။ ပဋိသန္ဓိယ ဇာနိတွာ၊ သိပြီး၍။ ခယတော၊ ကုန်သွားသည်ဟု။ ဝယတော၊ ပျက်သွားသည်ဟု။ ဒိသွာ၊ မြင်ပြီး၍။ ဇုတိ အတ္ထော၊ ဤကား ပဋိသန္ဓိ ပုဒ်၏ အနက်တည်း။ ။ဘင်္ဂါနုပဿနေ ပညာတိ၊ ဟူသည်ကား။ အာရမ္မဏံ ခယတော ဝယတော ပဋိသန္ဓိယ ဥပ္ပန္နဿ၊ အာရုံ တခုခုကို ကုန်သွားသည်, ပျက်သွားသည်ဟု သိမြင်လျက် ဖြစ်ပေါ်ပြီးသော။ တဿ ဉာဏဿ၊ ထိုပဌမဉာဏ်၏။ ဘင်ံ၊ ကုန်ခြင်း ပျက်ခြင်းကို။ အနုပဿနေ၊ တဖန် သိမြင်ရာ၌။ ယာ ပညာ၊ အကြင် သိမြင်မှု ပညာသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤအသိ အမြင်သည်။ ဝိပဿနေ ဉာဏံ၊ ဝိပဿနာဉာဏ် မည်၏။ (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌လဲ နည်းတူပင် ဖွင့်၏)။

ရှင်းလင်းချက်။ ။ဤဝိသုဒ္ဓိမဂ်၌ ပဋိသန္ဓိယ ဇာနိတွာ - ဟူသော အဖွင့်ဖြင့် “ပဋိသန္ဓိ ပုဒ်၌ သိပြီး၍ ဟူသော အနက်ကိုသာ ယူလော၊ ဆင်ခြင်၍ ဟူသော အနက်ကိုကား မယူလေလင့်”ဟု ဖော်ပြ၏။ ခယတော ဝယတော ဒိသွာတိ အတ္ထော ဟူသော ဒုတိယ အဖွင့်ဖြင့် “သိပြီး၍ ဟူရာမှာလဲ ဘင်္ဂဉာဏ်၏ အရာ ဖြစ်သောကြောင့် သာမန် သိမှုကို မယူရ၊ မှတ်သိမှုဖြင့် ‘ကုန်သွားသည်, ပျက်သွားသည်’ဟု မြင်ခြင်းကိုသာ ယူလော”ဟု ထင်ရှားဖော်ပြ၏။

ဤပါဠိ အဋ္ဌကထာတို့၌ အဓိပ္ပါယ်ကား ....ဘင် ဥာဏ်သို့ ရောက်သော ယောဂိသည် ဖောင်းမှု ပိန်မှု ထိုင်မှု ရပ်မှု သွားမှု ကွေးမှု ဆန့်မှု မြင်မှု ကြားမှု ကြံမှု စသော ဖြစ်ခိုက် ရုပ် နာမ် အာရုံ တခုခုကို "မှတ်ခိုက် မှတ်ခိုက်မှာပင် ကုန်သွားသည်, ပျောက်ပျက်သွားသည်"ဟု သိမြင်၏။ ဤသိမြင်မှုကိုလဲ "ကုန်သွားသည်, ပျောက်ပျက်သွားသည်"ဟု တဖန် ဆင်ခြင် သိမြင်ပြန်၏။ ဤသို့ အာရုံ တခုခု ထင်ပေါ်လာတိုင်း ထိုအာရုံနှင့် မှတ်သိမှုတို့ကို "ရှေးနောက်ဆင့်လျက် ကုန်ပျက် သွားကြသည်"ဟု သိမြင်သော ဤဥာဏ် ၂-ပါးသည် ဘင်္ဂါနုပဿနာဟု ခေါ်သော ဝိပဿနာဥာဏ် မည်၏ဟု ဆိုလိုသည်။

> ရူပါရမ္မဏာတာ စိတ္တံ ဥပ္ပဇ္ဇိတ္ထာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါ တသ္မာ စိတ္တသ္မာ ဘင်္ဂံ အနုပဿတိ။ ဝေဒနာရမ္မဏာတာ၊ သညာရမ္မဏာတာ၊ သင်္ခါရာရမ္မဏာတာ၊ ဝိညာဏာရမ္မဏာတာ စိတ္တံ ဥပ္ပဇ္ဇိတ္ထာ ဘိဇ္ဇတိ၊ တံ အာရမ္မဏံ ပဋိသင်္ခါ တသ္မာ စိတ္တသ္မာ ဘင်္ဂံ အနုပဿတိ၊ (ပဋိသံ ပါဠိ-၅၅)

ရူပါရမ္မဏာတာ စိတ္တံ၊ ရုပ်ကို အာရုံပြုသော စိတ်သည်။[ရူပါရမ္မဏံ စိတ္တံ အဖုဉ်]။ ဥပ္ပဇ္ဇိတ္ထာ ဘိဇ္ဇတိ၊ ဖြစ်ပြီး၍ ပျက်၏။ တံ အာရမ္မဏံ၊ ထိုရုပ်အာရုံကို။ ပဋိသင်္ခါ၊ ကုန်သွားသည်, ပျက်သွားသည်ဟု သိမြင်ပြီး၍။ တသ္မာ စိတ္တသ္မာ၊ ကုန်သွားသည်, ပျက်သွားသည်ဟု သိမြင်သော ထိုဝိပဿနာစိတ်၏။ ဘင်္ဂံ၊ ကုန်ခြင်း ပျက်ခြင်းကို။ အနုပဿတိ၊ တဖန် ရှုမြင်ပြန်၏။

(တံ ရူပါရမ္မဏံ ပဋိသင်္ခါယ ဇာနိတ္ထာ၊ ခယတော ဝယတော ဒိသ္ဝာတိ အတ္ထော = ထိုရုပ် အာရုံကို သိပြီး၍၊ ကုန်သွားသည်, ပျက်သွားသည်ဟု မြင်ပြီး၍၊ ဤသည်ကား တံ အာရမ္မဏံ ပဋိသင်္ခါ-ဟူသော အပိုဒ်၏ လိုရင်းအနက်ပေတည်း။ ။ယေန စိတ္တေန တံ ရူပါရမ္မဏံ ခယတော ဝယတော ဒိဋ္ဌံ၊ တသ္မာ စိတ္တသ္မာ အပရေန စိတ္တေန ဘင်္ဂံ အနုပဿတီတိ အတ္ထော = ထိုရုပ် အာရုံကို ကုန်သွားသည်, ပျက်သွားသည်ဟု အကြင် ဝိပဿနာစိတ်ဖြင့် မြင်အပ်ပြီ၊ ထို ဝိပဿနာစိတ်၏ ကုန်ခြင်း ပျက်ခြင်းကို

တပါးသော နောက်စိတ်ဖြင့် တဆင့် ရှုမြင်ပြန်၏။ ဤသည်ကား **တဿ စိတ္တဿ ဘင်္ဂံ အနုပဿတိ**-ဟူသော အပိဒ်၏ လိုရင်း အနက် ပေတည်း။ ။ဝိသုဒ္ဓိမဂ် အဖွင့်မျှားပင်တည်း။) (၂-၂၇၀)

ဝေဒနာရမ္မဏတာ စိတ္တံ၊ ဝေဒနာကို အာရုံပြုသော စိတ်သည်။ သညာရမ္မဏတာ စိတ္တံ၊ သညာကို အာရုံပြုသော စိတ်သည်။ သင်္ခါရာရမ္မဏတာ စိတ္တံ၊ သင်္ခါရတို့ကို အာရုံပြုသော စိတ်သည်။ ဝိညာဏာရမ္မဏတာ စိတ္တံ၊ ဝိညာဏ်ကို အာရုံပြုသော စိတ်သည်။ ဥပ္ပဇ္ဇိတ္ထာ ဘိဇ္ဇတိ၊ ဖြစ်ပြီး၍ ပျက်၏။ တံ အာရမ္မဏံ ပဋိသင်္ခါ၊ ထိုဝိညာဏ် အာရုံကို ကုန်သွားသည် ပျက်သွားသည်ဟု သိမြင်ပြီး၍။ တဿ စိတ္တဿ၊ သိမြင်သော ထိုဝိပဿနာစိတ်၏။ ဘင်္ဂံ၊ ကုန်ခြင်း ပျက်ခြင်းကို။ အနုပဿတိ၊ တဖန် ရှုမြင်ပြန်၏။

အဓိပ္ပါယ်ကား။ ။ ဖောင်းရုပ် ဝိန်ရုပ် ထိုင်ရုပ် ကွေးရုပ် ဆန့်ရုပ် မျက်စိ အကြည်ရုပ် အဆင်းရုပ် စသည်တို့ကို ဖြစ်ခိုက်၌ ရှုမှတ်လျက် "ကုန်ဆုံးသွားသည်, ကွယ်ပျောက်ပျက်စီးသွားသည်"ဟု သိမြင်၏၊ ဤသိမြင်မှုသည် **ဉာတ** မည်သော **အာရုံ**၏ အပျက်ကို သိသော **ပဌမဘင်္ဂဉာဏ်** မည်၏။ ဤသိမြင်မှုကိုလဲ "ကုန်ဆုံးသွားသည်, ကွယ်ပျောက် ပျက်စီးသွားသည်"ဟု အခြားမဲ့၌ပင် တဖန် သိမြင်ပြန်၏။ ဤ တဖန် သိမြင်မှုသည် **ဉာဏ** မည်သော **ပဌမဘင်္ဂဉာဏ်**၏ အပျက်ကို တဖန် သိသော **ဒုတိယဘင်္ဂဉာဏ်** မည်၏။ ဝိပဿနာကိုပင် ထပ်ဆင့်၍ ရှုမြင်မှု ဖြစ်သောကြောင့် ယင်းဉာဏ်ကို **ပဋိဝိပဿနာ ဟူ၍လဲ** ခေါ်၏။ ရုပ်အာရုံ ထင်ရှားတိုင်း ဤနည်း ချည်းသာတည်း။ ရုပ်၏ အပျက်ကို သိမြင်သော ပဌမဘင်္ဂဉာဏ်, ထိုသိမြင်မှု၏ အပျက်ကို တဖန် သိမြင်သော ဒုတိယဘင်္ဂဉာဏ်, အားဖြင့် ဘင်္ဂဉာဏ် ၂-ဆင့် ၂-ဆင့်ချည်း ဖြစ်၏။

နာကျင်မှု စသော ဝေဒနာ ထင်ရှားခိုက်၌ နာတယ် စသည်ဖြင့် မှတ်လျက် ထိုဝေဒနာကို "ကုန်ပျက်သွားသည်"ဟု သိမြင်၏၊ **ဉာတ = အာရုံ**၏ အပျက်ကို သိသော **ပဌမဘင်္ဂဉာဏ် ပေတည်း**။ ထို သိမြင်မှုကိုလဲ "ကုန်ပျက်သွားသည်" ဟု အခြားမဲ့မှာပင် တဖန် သိမြင်ပြန်၏၊ **ဉာဏ = ပဌမဘင်္ဂဉာဏ်**၏ အပျက်ကို သိသော **ဒုတိယ**

ဘင်္ဂဉာဏ်, ပဋိဝိပဿနာပေတည်း။ ဤသို့ ဝေဒနာ ထင်ရှားခိုက်၌ ဘင်္ဂဉာဏ် ၂-ဆင့်, ၂-ဆင့် ဖြစ်၏။ တပါးသော နာမ်တရားတို့ ထင်ရှားခိုက်၌လဲ နည်းတူပင် ဘင်္ဂဉာဏ် ၂-ဆင့်, ၂-ဆင့်ချည်း ဖြစ်၏။ ထိုအခါ၌ အာရုံ တခုခု ပေါ်လာတိုင်း ပေါ်လာတိုင်း မှတ်သိရတဲ့ ထိုအာရုံနှင့်, ထိုမှတ်သိမှု ဟူသော ဤနှစ်မျိုးလုံးပင် ရှေးနောက် ဆင့်လျက် အလွန် လျင်မြန်စွာ ကုန်ဆုံးကွယ်ပျောက်သွားသည်ကို မပြတ် သိမြင်လျက် ရှိလေ၏။ ဤသို့ အာရုံ တခုခု၏ အပျက်နှင့်, မှတ်သိမှု ဝိပဿနာစိတ်၏ အပျက်တို့ကို အစဉ်မပြတ် သိမြင်နိုင်လျှင် **ဘင်္ဂဉာဏ်** ဖြစ်ပြီဟု ယုံကြည် ဆုံးဖြတ်အပ်၏။ ဤအရာ၌ အပျက် ဟူသည်မှာ ဖွာကျဲလျက် ကစဉ့်ကရဲ ဖြစ်သွားခြင်းကို ဆိုလိုသည် မဟုတ်၊ အမှန်အားဖြင့်သော်ကား ကုန်ဆုံးသွားခြင်း, ကွယ်ပျောက်သွားခြင်းကိုသာ ဆိုလိုသည်ဟု မြဲမြံစွာ မှတ်သားပါလေ။ ထို့ကြောင့်ပင် အဋ္ဌကထာ၌ **ခယ-ဝယ-ဘေဒ-နိရောဓေ-ယေဝ** ဟူ၍ဎင်း၊ **ခယတော ဝယတော ဒိသွာ** ဟူ၍ဎင်း၊ မိန့်ဆိုတော်မူပေသည်။ **လေးနက်စွာ သတိပြုပါ။**

ပါဠိတော်၌ ဒွါရ ၆-ပါး၊ အာရုံ ၆-ပါး၊ ဝိညာဏ် ၆-ပါး စသည်တို့ကိုလဲ စက္ခာရမ္မဏာတာ စိတ္တံ စသည်ဖြင့် အသီးအသီး ထုတ်၍ ကျယ်ဝန်းစွာ ဝေဘန် ဖွင့်ပြ၏၊ အနုပဿတိ ပုဒ်ကိုလဲ အနုပဿနာ (၇) ပါးတို့ဖြင့် ဖွင့်ပြခဲ့သေး၏။ ထို အနုပဿနာ (၇) ပါးတို့ကိုကား အခန်း(၇)၌ ထင်ရှား ပြပါအံ့။

ဝယ္ဆသင်္ခါရာ စေဝ၊ ပညာယ စ ဝိဝဋ္ဋနာ။
အာဝဇ္ဇနာ ဗလဉ္စေဝ၊ ပဋိသင်္ခါ ဝိပဿနာ။
(ပဋိသံ ၅၆)

ဝယ္ဆသင်္ခါရာ စေဝ၊ မှတ်သိရသော အာရုံ၏ အပျက်မှ မှတ်သိသော ဝိပဿနာစိတ်၏ အပျက်သို့ ပြောင်းလွှဲလျက် သိမြင်နိုင်ခြင်းငင်း။ ပညာယ ဝိဝဋ္ဋနာ စ၊ မှတ်သိမှု ပညာ၏ အဖြစ်မှ ဆုတ်နစ်၍ အပျက်၌သာ တည်ခြင်းငင်း။ အာဝဇ္ဇနာ ဗလဉ္စေဝ၊ အာရုံ တခုခု၏ အပျက်ကို မှတ်သိပြီးသည်၏ အခြားမဲ့၌ပင်လျှင်

ထိုမှတ်သိမှုစိတ်၏အပျက်ကို သိမြင်နိုင်ရန် ဖြောင့်မှန်စွာဆင်ခြင်နိုင်သော အာဝဇ္ဇန်းအားစွမ်းဌင်း။ သော၊ ဤအင်္ဂါ သုံးပါးနှင့် ပြည့်စုံသော ဉာဏ်သည်။ ပဋိသန္ဓိဝိပဿနာ၊ အာရုံ၏ အပျက်ကို သိမြင်ပြီးလျှင် ဝိပဿနာ၏ အပျက်ကို တဖန် သိမြင်သော ဘင်ဉာဏ် မည်၏။

အာရုံ တခုခု၏ အပျက်ကို သိမြင်ပြီးသည်၏ အခြားမဲ့မှာပင်၊ သိမြင်တဲ့ ထိုစိတ်၏ အပျက်ကို ပြောင်းလွှေ့၍ သိမြင် ပြန်ခြင်း, အင်္ဂါတပါး။ ဥဒယဗ္ဗယဉာဏ် ဖြစ်စဉ်ကလို ဖြစ်မှုကိုပါ မရှုတော့ဘဲ၊ အပျက် သက်သက်ကိုသာ ရှုမြင်နိုင်ခြင်း, အင်္ဂါတပါး။ အာရုံ တခုခု၏ အပျက်ကို သိမြင်ပြီးလျှင်၊ သိမြင်တဲ့ ထိုစိတ်၏ အပျက်ကို တဖန် သိမြင်နိုင်ရန် အခြားမဲ့မှာပင် တဲ့တဲ့မတ်မတ် ဆင်ခြင်နိုင်သော (ယောနိသောမနသိကာရ ဟု ခေါ်သော) အာဝဇ္ဇန်း ဖြစ်ပေါ်လာခြင်း, အင်္ဂါတပါး။ ဤအင်္ဂါ သုံးပါးညီလျှင် ဘင်ဉာဏ် ဖြစ်ပြီ ဟု ဆိုးဖြတ်အပ်၏။ ဤအင်္ဂါ ၃-ပါးတို့တွင် တတိယ အင်္ဂါနှင့်, ပဌမ အင်္ဂါတို့မှာ မှတ်သိမှု တကြိမ်တည်း၌ ပါဝင်သော ရှေးသွားနှင့် နောက်လိုက်တို့ပေတည်း။ အာဝဇ္ဇန်းက အခြားမဲ့၌ တဲ့တဲ့မတ်မတ် ဆင်ခြင်မိလျှင်၊ သိမှု = ဉာဏ်ကလဲ တဲ့တဲ့မတ်မတ် ပြောင်းလွှေ့၍ သိမြင်တော့သည့် သဘတည်း။

> ဝတ္ထုသက်မနာတိ ရူပါဒိသု ဧကေကဿ ဘင်္ဂံ ဒိဿွာ, ပုန ယေန စိတ္တေန ဘင်္ဂေါ ဒိဋ္ဌော၊ တဿာပိ ဘင်္ဂဒဿန-ဝသေန ပုရိမဝတ္ထုတော အညဝတ္ထုသင်္ခမနာ။ ပညာယ စ ဝိဝဋ္ဋနာတိ ဥဒယံ ပဟာယ ဝယေ သန္တိဋ္ဌနာ။ အာဝဇ္ဇ-နာဗလဇ္ဇော၀ါတိ ရူပါဒိသု ဧကေကဿ ဘင်္ဂံ ဒိဿွာ, ပုန ဘင်္ဂါရမ္မဏဿ စိတ္တဿ ဘင်္ဂဒဿနတ္ထံ အနန္တရမေဝ အာဝဇ္ဇနသမတ္ထတာ။
>
> (ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ၁-၂၄၀)

ဝတ္ထုသက်မနာတိ၊ ဟူသည်ကား။ ရူပါဒိသု ဧကေကဿ၊ ရုပ်စသည်တို့ဘွင် တခုခုသော အာရုံ၏။ (ဝိသုဒ္ဓိမဂ်၌ကား ရူပဿ-ဟု ရှိ၏။

ဥပလက္ခဏ, နိဒဿန နည်းတို့ဖြင့် ဆိုသည်ဟု ယူလေ)။ ဘင်္ဂ ဒိဿာ၊ အပျက်ကို မြင်ပြီး၍။ ယေန စိတ္တေန ဘဂေါ်ဒိဒ္ဒော၊ အကြင် မှတ်မှု စိတ်ဖြင့် အပျက်ကို မြင်အပ်ပြီ။ တဿာဝိ၊ ထို မှတ်မှု စိတ်၏လဲ။ ပုန ဘင်္ဂဒဿနဝသေန၊ အပျက်ကို တဖန်မြင်သည့် အလိုအားဖြင့်။ ပုရိမဝတ္ထုတော၊ အာရုံ၏ အပျက်ဟူသော ရှေး ဝတ္ထုမှ။ အည-ဝတ္ထုသက်မနာ၊ မှတ်တဲ့စိတ်၏ အပျက်ဟူသော နောက် ဝတ္ထုသို့ ပြောင်းလွှဲခြင်းတည်း။ ။ပညာယ စ ဝိဝဋ္ဋနာတိ၊ ဟူသည်ကား။ ဥဒယံ ပဟာယ၊ ဖြစ်မှုကို ပယ်စွန့်၍။ ဝယေ သင်္ခိပ္ပနာ၊ ပျက်မှု၌သာ တည်ခြင်းတည်း။ (ဖြစ်မှုကို နှလုံးမသွင်းဘဲ ပျက်မှုကိုသာ နှလုံးသွင်း သိမြင်သည်ဟု ဆိုလို၏)။ ။အာဝဇ္ဇနာဗလဇ္ဇော၀ါတိ၊ဟူသည်ကား။ ရူပါဒိသု ကေကသ္မိ၊ ရုပ်စသည်တို့တွင် တခုခုသော အာရုံ၏။ (ဝိသုဒ္ဓိမဂ်၌ ရူပဿဟု ရှိသည်မှာ ဥပလက္ခဏ, နိဒဿနပင်တည်း)။ ဘင်္ဂ ဒိဿာ၊ အပျက်ကိုမြင်ပြီး၍။ ဘင်္ဂါရမ္မဏသ္မာ စိတ္တာသ၊ အပျက်ကို အာရုံပြုသော မှတ်မှုစိတ်၏။ ပုန ဘင်္ဂဒဿနတ္ထံ၊ အပျက်ကို တဖန်မြင်ခြင်းငှါ။ အနန္တရမေဝ၊ အာရုံ၏ အပျက်ကို မှတ်သိပြီးသည်၏ အခြားမဲ့၌ပင်လျှင်။ အာဝဇ္ဇနသမတ္ထတာ၊ ဆင်ခြင်စွမ်းနိုင်ခြင်းပင်တည်း။

အထူး မှတ်ဘွယ်။ ။အခြားမဲ့၌ပင် ဆင်ခြင်နိုင်သည် ဟူရာ၌ ဘဝင်မခြားဘဲ အာဝဇ္ဇန်း မဖြစ်နိုင်သောကြောင့်, တခြားကို အာရုံပြုတဲ့ ဝိထိဖြင့် မခြားသည်ကိုသာ ယူအပ်၏။ ထို့ပြင်, **ဝတ္ထုသက်မနာ** ဟူသော ပါဠိနှင့်၊ **အနန္တရမေဝ** ဟူသော အဋ္ဌကထာတို့ကို မှီ၍ "တခုတည်းသောအာရုံကို အကြိမ်များစွာ ထပ်ဆင့်၍ ဝိပဿနာ ရှုရန် မလို၊ အာရုံတခုတခုကို တကြိမ်တကြိမ်သာ ရှုရန် လိုသည်" ဟူ၍လဲ မြဲမြံစွာ မှတ်သားအပ်၏။ ထို့ပြင်,၌ဘင်္ဂဉာဏ်ဆိုင်ရာ ပါဠိ အဋ္ဌကထာတို့ကို ထောက်၍"တကြိမ်တကြိမ်သော ရုပ်နာမ် အမှုအရာ၌ ပါဝင်သော တရား ဟူသမျှကို အသီးအသီး စွဲငဆောင် ခွဲခြမ်း ရေတွက်၍ ရှုရန်ကား မလို၊ ထင်ရှားသော တရား တခုခုကို သာလျှင် ပဓာနပြု၍ ရှုရန်လိုသည်"ဟူ၍ဌင်း၊ "တဝိထိအတွင်း၌ ပါဝင်သော ရှေးစိတ် နောက်စိတ်များကိုလဲ အသီးအသီး ခွဲခြမ်း၍ ရှုရန်ကား မလို၊ တဝိထိလုံးကိုသာ

သိမ်းကျုံး၍ ရှုရန် လိုသည်” ဟူ၍ဌင်း၊ “အတိတ် အနာဂတ်နှင့် မထင်ရှားသော တရားတို့ကို ရှာကြံ မှန်းဆ၍ ရှုအပ်သည်ကား မဟုတ်၊ အထင်အရှား လောလောဆယ် ဖြစ် ပျက် သွားသော ရုပ်နာမ်ကိုသာလျှင် မျက်မှောက် ရှုအပ်ပေသည်” ဟူ၍ဌင်း ဤ အချက်များကို လေးနက်စွာ မှတ်သားအပ်၏။

အာရမ္မဏ အန္တယေန၊ ဥဘော ဧက ဝဝတ္ထနာ။
နိရောဓေ အဓိမုတ္တတာ၊ ဝယလက္ခဏာ ဝိပဿနာ။
(ပါဠိ)

အာရမ္မဏ အန္တယေန၊ ရှုမှတ်လျက် မျက်မှောက် မြင်အပ်ပြီး သော ပစ္စုပ္ပန် အာရုံသို့ အစဉ်လျှောက်၍ နှိုင်းဆသော အနုမာန ဉာဏ်ဖြင့်။ ဥဘော၊ မျက်မှောက် မြင်အပ်သော ပစ္စုပ္ပန် အာရုံနှင့်, မျက်မှောက် မမြင်အပ်သော အတိတ် အနာဂတ် အာရုံ ဟူသော ၂-မျိုးသော အာရုံတို့ကို။ (ဥဘောတိ ဒိဋ္ဌာဒိဋ္ဌဘာဝေန ဒွေပိ အာရမ္မဏာနိ-မဟာဋီကာ)။ ဧကဝဝတ္ထနာ၊ ပျက်ခြင်းဟူသော တူသော သဘော ဖြင့် သာလျှင် ဝိုင်းခြားနိုင်ခြင်းငင်း။ ဝါ၊ တခဏချင်း ပျက်တတ် သည်၏ အဖြစ်ဖြင့် သဘော တူကြ၏ဟု ဝိုင်းခြားနိုင်ခြင်းငင်း။ (ခဏဘင်္ဂုရတာယ သမာနာတိ ဝဝတ္ထာပနာ- မဟာဋီကာ)။ နိရောဓေ၊ ချုပ်ခြင်း ပျက်ခြင်း၌။ အဓိမုတ္တတာ၊ လေးလေး စားစား နှလုံးသွင်း ညွတ် ကိုင်းခြင်းငင်း။ သော၊ ဤ အင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ဉာဏ် သည်။ ဝယလက္ခဏာ ဝိပဿနာ၊ အပျက်လက္ခဏာကို ရှုမြင်သော ဘင်္ဂဝိပဿနာဉာဏ် မည်၏။

အာရမ္မဏ အန္တယေန ဥဘော ဧက ဝဝတ္ထနာတိ ပစ္စက္ခတော ဒိဋ္ဌဿ အာရမ္မဏဿ အန္တယေန အနုဂမ-နေန “ယထာ ဇာဒံ၊ တထာ အတီတေပိ သဒ္ဓါရဂတံ ဘိဇ္ဇိတ္ထ၊ အနာဂတေပိ ဘိဇ္ဇိဿတီတိ” ဧဝံ ဥဘိန္နံ ဧက-သဘာဝေနေဝ ဝဝတ္ထာပနန္တိ အတ္ထော။ ဝုတ္တမ္ပိ စေတံ ပေါရာဏေဟိ—

သံဝိဇ္ဇမာနမ္ပိ ဝိသုဒ္ဓ ဒဿနော၊
တဒန္တယံ နေတိ အဘိတနာဂတေ။
သဗ္ဗေပိ သမ်ိဳရဂတာ ပလောကိနော၊
ဥဿာဝဗိန္ဒု သုရိယေဝ ဥဂ္ဂတေတိ။
(ဝိသုဒ္ဓိမဂ် ၂-၂၈၀)

အာရမ္မဏ-ပေ- ဝဝတ္ထနာတိ၊ ဟူသည်ကား။ ပစ္စက္ခတော၊ မျက်မှောက်အားဖြင့်။ ဒိဋ္ဌဿ၊ ရှုမှတ် သိမြင်အပ်ပြီးသော။ အာရမ္မဏသ၊ ပစ္စုပ္ပန် အာရုံသို့။ အန္တယေန အနုဂမနေန၊ အစဉ် လိုက်၍ နှိုင်းဆသော အနုမာနဉာဏ်ဖြင့်။ ဇာဒံ ယထာ၊ ဤပျက်ဆဲ သမ်ိဳရကဲ့သို့။ တထာ၊ ထိုအတူ။ အတီတေပိ၊ အတိတ်ကာလ၌လဲ။ သမ်ိဳရဂတံ၊ သမ်ိဳရ တရားအပေါင်းသည်။ ဘိဇ္ဇိတ္ထ၊ ပျက်ခဲ့လေပြီ။ အနာဂတေပိ၊ အနာဂတ် ကာလ၌လဲ။ သမ်ိဳရဂတံ၊ သမ်ိဳရတရား အပေါင်းသည်။ ဘိဇ္ဇိဿတိတိ၊ ပျက်လတ္တံ့ဟူ၍။ ဧဝံ၊ ဤသို့။ ဥဘိန္နံ၊ မျက်မှောက် မြင်အပ်, မျက်ခမှောက် မမြင်အပ်သော သမ်ိဳရ ၂-မျိုးတို့ကို။ ဧက သဘာဝေနေဝ၊ ပျက်ခြင်းဟူသော တူသော သဘောဖြင့် သာလျှင်။ ဝဝတ္ထာပနံ၊ ပိုင်းခြားခြင်းတည်း။ ဇာတိ အတ္ထော၊ ဤကား လိုရင်းအနက်တည်း။ စ–သစ္စံ၊ မှန်ပေ၏။ ပေါရာဏောဟိ ပိ၊ ရှေးဆရာတို့ သည်လည်း။ သံဝိဇ္ဇမာနမ္ပိ၊ -ပေ–ဥဂ္ဂတေတိ၊ ဥဂ္ဂတေ ဟူသော။ တေံ၊ ဤဂါထာကို။ ဝုတ္တံ၊ မိန့်ဆိုအပ်ပေ၏။

ပေါရာဏဂါထာ၏ အနက်ကား —

သံဝိဇ္ဇမာနမ္ပိ၊ ရှိဆဲ ဖြစ်သော ပစ္စုပ္ပန်သမ်ိဳရ၌။ ဝါ၊မျက်မှောက် ရအပ် သိအပ်သော ပစ္စုပ္ပန် သမ်ိဳရ၌။ ဝိသုဒ္ဓ ဒဿနော၊ အထူး စင်ကြယ်သော ဘင်္ဂဉာဏ် အမြင်ရှိသော။ (ပစ္စက္ခတော ဥပလဗ္ဘမာနေ ပစ္စုပ္ပန္နေ။ သုဝိသုဒ္ဓဘင်္ဂဒဿနော-ဋီကာဖွင့်များ)။ ယောဂါဝစရော၊ ယောဂီ ပုဂ္ဂိုလ်သည်။ တဒန္တယံ၊ ပစ္စုပ္ပန် သမ်ိဳရ၏ အပျက်ကို မြင်သော ထို ပစ္စက္ခဉာဏ်သို့ အစဉ်လိုက်၍ဖြစ်သော အနုမာနဉာဏ်ကို။ အတီတ-နာဂတေ၊ အတိတ် သမ်ိဳရ, အနာဂတ် သမ်ိဳရ တရားအပေါင်း၌။

နေတိ၊ ဆောင်၏၊ ဖြစ်စေ၏။ ။(တဿ ပစ္စုပ္ပန္နေ သခါရေ ဘင်္ဂဒဿိနော ဉာဏဿ အန္တယံ အနုဂတဘူတံ ဉာဏံ ပဝတ္တေတိ - ဋီကာ ဖွင့်)။ ကထံ၊ အဘယ်သို့ ဖြစ်စေသနည်းဟူမူ။ သူရိယေ ဥဂ္ဂတေ၊ နေထွက်လတ်သော်။ ဥဿာဝဓိန္တူ၊ နှင်းပေါက်တို့သည်။ ပလောကိနော ဇာဝ၊ သွေ့ခြောက် ပျောက်ပျက် ကုန်သကဲ့သို့။ သမ္မေပိ၊ အတိတ် အနာဂတ် ပစ္စုပ္ပန်အားဖြင့် အလုံးစုံလည်း ဖြစ်ကုန်သော။ သခါရဂတာ၊ သင်္ခါရတရားတို့သည်။ ပလောကိနော၊ ပျောက်ကွယ် ပျက်စီးခြင်း သဘောရှိကုန်၏။ ဇာတိ၊ ဤသို့ အနုမာနဉာဏ်ကို ဖြစ်စေ၏။

အထူးမှတ်ဘွယ်။ ။ဤ ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ထောက်၍ “ဝိပဿနာ ယောဂိသည် အတိတ် အနာဂတ် တရားတို့ကို အစပြု၍ မရူအပ်၊ လောလောဆယ် ဖြစ် ပျက်ဆဲ ပစ္စုပ္ပန် တရားကိုသာလျှင် အစပြု၍ ရူအပ်၏။ ပစ္စုပ္ပန် တရားကို သန့်ရှင်းစင်ကြယ်စွာ မျက်မှောက် သိမြင်ပြီးသော အခါ၌ ဉာဏ် သက်ဝင် သဘောကျသည်အားလျော်စွာ အတိတ် အနာဂတ် တရားတို့ကို ဆင်ခြင် ဆုံးဖြတ်သော အနုမာနဉာဏ်သည် တရား သဘော အတိုင်း အလိုလိုပင် ဖြစ်ပေါ်၏၊ ဤသို့ အလိုလို ဖြစ်ပေါ်လာသော အနုမာနဉာဏ်သာလျှင် အတိတ် အနာဂတ် တရား အရာ၌ လိုသည်။ ထို အတိတ် အနာဂတ် တရားတို့ကို တမင် ရှာကြံ၍ ဖြစ်စေ, တမင်ကြောင့်ကြစိုက်၍ ဖြစ်စေ, ရှုဆင်ခြင် နေရန်ကား မလိုပြီ” ဟူသော ဤအနက်ကိုလဲ မြဲမြံစွာ မှတ်သားအပ်၏။

ဘင်္ဂဉာဏ် ထက်သန်စွာ ဖြစ်လျက်ရှိသော ပုဂ္ဂိုလ်သည် “အိုးကင်းထဲ၌ ထည့်၍ လှော်အပ်သော နှမ်းစေ့တို့၏ ဖျက်ဖျက် ဖျက်ဖျက် မြည်လျက် ပေါက်ကွဲခြင်းကဲ့သို့” မှတ်အပ်သော အာရုံသင်္ခါရနှင့် မှတ်သိမှု ဝိပဿနာ သင်္ခါရတို့၏ ရွှေ့ဆင့် နောက်ဆင့်လိုက်၍ တကုန်ထဲ ကုန်နေခြင်း, ဘပျက်ထဲ ပျက်နေခြင်းကို သာလျှင် စောင့်ပြီး ကြည့်နေရသလိုပင် မပြတ်တွေ့မြင်လျက် ရှိလေ၏။ သည်းထန်စွာ ရွာသော မိုးရေပေါက်များကြောင့် ရေပြင်ပေါ်၌ ဖြစ်ပေါ်ကြသော ရေပွက်ကလေးများသည် လျင်မြန်စွာ ပျက်၍

ဝိပဿနာရှုနည်းကျမ်း

ပျက်၍ သွားကြသလိုပင် အာရုံ သဒ္ဓါရနှင့်, မှတ်သိမှု သဒ္ဓါရတို့ကိုလဲ ရှေးနောက်ဆင့်လျက် လျင်မြန်စွာ ပျက်၍ ပျက်၍ သွားကြသည်ကိုသာ မပြတ် တွေ့မြင်လျက် ရှိလေ၏။ ရိပ်ရိပ် ရိပ်ရိပ်နဲ့ လျင်မြန်စွာ လှုပ်ရှား ပျက်စီးသော တံလျှပ်ကဲ့သို့ ရိပ်ကနဲ ရိပ်ကနဲ လျင်မြန်စွာ ပျောက်ကွယ် သွားကြသည်ကိုသာ မပြတ် တွေ့မြင်လျက် ရှိလေ၏။ ဤသို့ မြင်သော ယောဂီကို ရည်၍ အောက်ပါ ဓမ္မပဒဂါထာကို ဟောတော်မူသည်ဟု ဝိသုဒ္ဓိမဂ်၌ မိန့်ဆို၏။

ယထာ ပုပ္ဖုဋ္ဌကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ပုပ္ဖုဋ္ဌကံ၊ ရေပွက်ကို။ ပဿေ ယထာ၊ လျင်စွာ ပျက်၍ ပျက်၍ သွားသည်ဟု တွေ့မြင်ရသကဲ့သို့ဌင်း။ မရီစိကံ၊ တံလျှပ်ကို။ ပဿေ ယထာ၊ လျင်စွာ ပျက်၍ ပျက်၍ သွားသည် ဟု တွေ့မြင်ရ သကဲ့သို့ဌင်း။ ဧဝံ၊ ဤအတူ။ လောကံ၊ ခန္ဓာငါးပါး ဟူသော လောကကို။ အဝေက္ခန္တံ၊ လျင်စွာ ပျက်၍ ပျက်၍ သွားသည် ဟု သိမြင်သော သူကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မတွေ့မမြင်နိုင်။

ပျက် သွားသည် ဟု ဘင်္ဂဉာဏ်ဖြင့် သိမြင်အပ်ပြီးသော အာရုံတိုင်း အာရုံတိုင်းနှင့် စပ်လျဉ်း၍၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, ဘဝသစ် ခန္ဓာ, တို့ မဖြစ်ထိုက်ကုန်ပြီ။ ထို့ကြောင့်, မဖြစ်ထိုက်သော ထိုဘဝသစ် ခန္ဓာတို့ အတွက် အသေဖြစ်မ်းသည်ကိုဌင်း၊ အပျက်ကို မြင်သော ဘင်္ဂဉာဏ် စသည်ဖြင့် အစဉ်အတိုင်း ရှုမြင်၍ အရဟတ္တဖိုလ်သို့ ရောက်သောအခါ၌ ဘဝသစ်နှင့် ဆိုင်သော သေမှု လုံးဝကင်းဖြစ်းသည်ကိုဌင်း၊ ရည်ရွယ်၍ "သေမင်းက မမြင်နိုင်"ဟု ဟောတော်မူပေသည်။

ဘင်္ဂဉာဏ် ပြီး၏။

နိဗ္ဗာန်သို့ သွားရာ တစ်ကြောင်းတည်းသောလမ်း

ဟားအောက်တောရဆရာတော်



အာသဒ္ဒါနုဓ် ၂၅၅၈ ကောဇာသက္ကရာဇ် ၁၃၇၆ ခရစ်သက္ကရာဇ် ၂၀၁၅
(ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက်)

၁၀။ နိကန္တိ = ဝိပဿနာနိကန္တိ

နိကန္တိဟူသည် ဝိပဿနာနိကန္တိ = ဝိပဿနာ၌ အလိုရှိသော ငဲ့ကွက်တပ်မက်သော သိမ်မွေ့သော နိကန္တိတည်း။ မှန်ပေသည် – ဤသို့ ဩဘာသအစ ဥပေက္ခာအဆုံးရှိသော တရားတို့ဖြင့် တန်ဆာဆင်ထားအပ်သော, ဝိပဿနာ၌ ငဲ့ကွက်ခြင်းကိုပြုလျက် သိမ်မွေ့သည်လည်းဖြစ်သော, ငြိမ်သက်သော အခြင်းအရာရှိသည်လည်းဖြစ်သော ဝိပဿနာ၌ တပ်မက်မှု = နိကန္တိသည် ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ဖြစ်ပေါ်လာ၏။ ထိုနိကန္တိ၏ သိမ်မွေ့သည်၏အဖြစ်, ငြိမ်သက်သော အခြင်းအရာရှိသည်၏အဖြစ်သည် ဝိပဿနာဘာဝနာ၏ ထက်မြက်စူးရှလွန်ကဲမှုဖြင့် ဖြစ်ပေါ်လာရကား ထိုနိကန္တိ၏ ကိလေသာဖြစ်မှုကိုပင် သိနိုင်ခဲသောကြောင့် ထိုနိကန္တိကို ကိလေသာဟု ဉာဏ်ဖြင့် သိမ်းဆည်းခြင်းငှာပင် မတတ်ကောင်း ဖြစ်နေတတ်၏။

ယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်၌လည်း ဤသို့သဘောရှိသော ဝိပဿနာဘာဝနာ၌ မွေ့လျော်ပျော်ပိုက်နှစ်ခြိုက်မှုမျိုးသည် ငါ၏သန္တာန်ဝယ် ရှေးယခင်က မဖြစ်ခဲ့စဖူးပေ။ မချွတ်ဧကန်အားဖြင့် ငါသည် မင်္ဂလာ ဆိုက်လေပြီ ဖိုလ်သို့ ဆိုက်လေပြီဟူသော စိတ်ဓာတ်များသည် ဖြစ်ပေါ်နေတတ်၏။ ဝိပဿနာဘာဝနာ၌ နှစ်ခြိုက်မွေ့လျော်အပျော်ကြီးပျော်နေမှုဟု ယောဂါဝစရပုဂ္ဂိုလ်က သဘောပေါက်နေတတ်၏၊ နိကန္တိမှန်း မသိ ဖြစ်နေတတ်၏။ သို့သော် ထက်မြက်စူးရှသော ဝိပဿနာဉာဏ်ဖြင့် ယင်းနိကန္တိကို သိမ်းဆည်းပါက ရရှိနိုင်သည်သာဖြစ်သည်။

ထိုနိကန္တိမှာ . . လောဘမူ သောမနဿဝေဒနာနှင့် ယှဉ်သော တရား ဖြစ်သဖြင့် . . လောဘ-ဒိဋ္ဌအုပ်စု လောဘ-မာနအုပ်စု ထိုက်သလို ဖြစ်နိုင်၏။ မာနသည် ကဒါစိ = ရံခါယှဉ်သည့် စေတသိက်ဖြစ်သဖြင့် မာနမပါဘဲ သော်လည်း ရှိတတ်၏။ သောမနဿဝေဒနာနှင့် ယှဉ်နေသဖြင့် ပီတိကား ပါဝင်နေမည်သာ ဖြစ်သည်။

မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်	ဇော (၇)ကြိမ်	သဟိတ်တဒါရုံ / အဟိတ်တဒါရုံ (၂)ကြိမ်
၁၂	၂၀	၃၄/၃၃ / ၁၂

တဒါရုံမှာ ကျသော်လည်း ရှိရာ၏၊ မကျသော်လည်း ရှိရာ၏။ ကျခဲ့သော် မဟာဝိပါက် သောမနဿတဒါရုံနှင့် အဟိတ် သောမနဿသန္တီရဏတဒါရုံ ထိုက်သလို ဖြစ်နိုင်၏။ ယင်းသိမ်မွေ့သော နိကန္တိပါဝင်သော မနောဒွါရိက ဇောဝီထိစိတ်အစဉ်ကို နာမ်ဃနအသီးအသီးပြုအောင် ဉာဏ်ဖြင့် ဖြိုခွဲ ဖျက်ဆီးပြီးလျှင် နိကန္တိနှင့် တကွသော နာမ်တရားတို့ကို သိမ်းဆည်းလျက် လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်ပါ။

ဤနိကန္တိမှာ ဥပက္ကိလေသလည်း ဖြစ်၏။ ဤနိကန္တိကိုပင် အာရုံပြု၍ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ = ငါ့ဟာ, ငါ, ငါ၏ အတ္တ"-ဟု စွဲယူပြန်ပါက တဏှာ မာန ဒိဋ္ဌတည်းဟူသော ဥပက္ကိလေသတရားများလည်း ထပ်ဖြစ်နိုင်သည့်အတွက် ဥပက္ကိလေသ၏တည်ရာ မှီ၍ဖြစ်ရာ ဥပက္ကိလေသဝတ္ထုလည်း ဖြစ်ပြန်၏။ ထိုကြောင့် နိကန္တိသည် ဥပက္ကိလေသနှင့် ဥပက္ကိလေသဝတ္ထုဟူသော အမည်နှစ်မျိုးကို ရရှိပေသည်။[၁၂၆၂]

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိပိုင်း = အထက်ပိုင်း ဝိပဿနာဉာဏ်

ဩဘာသမှသည် နိကန္တိသို့တိုင်အောင်သော တရားတို့ကိုလည်းကောင်း, ရူပသတ္တက အရူပသတ္တက ရှုနည်းတို့၌ တင်ပြခဲ့သော ရုပ်တရား နာမ်တရားတို့ကိုလည်းကောင်း, ရှေးပိုင်းတွင် ရေးသားတင်ပြခဲ့သော အာယတနဒွါရအလိုက် သိမ်းဆည်းထားအပ်သော ရုပ်တရား နာမ်တရားတို့ကိုလည်းကောင်း . .

၁။ ရုပ်နာမ်နှစ်ပါးနည်း,
၂။ ခန္ဓာငါးပါးနည်း,
၃။ အာယတန တစ်ဆယ့်နှစ်ပါးနည်း,
၄။ ဓာတ် တစ်ဆယ့်ရှစ်ပါးနည်း —

ဤသို့စသော နည်းတို့တွင် မိမိနှစ်ခြိုက်ရာနည်းဖြင့် ယင်းပရမတ်တရားတို့၏ ဖြစ်မှုပျက်မှု ဥဒယ-ဝယသဘောကို ခဏပစ္စုပ္ပန်သို့ဆိုက်အောင် ဉာဏ်အမြင် သန့်ရှင်းအောင် သိမ်းဆည်းလျက် လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ တွင်တွင်ကြီး ဝိပဿနာရှုပါ။ အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးလုံး၌ ရှုပါ။

[၁၂၆၂] (ဝိသုဒ္ဓိ၊ ၂၊ ၂၆၉-၂၇၄။ မဟာဋီ၊ ၂၊ ၄၂၇-၄၃၄- တို့မှ ကောက်နုတ်ဖော်ပြအပ်ပါသည်။)

ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုဖို့ကား လိုအပ်သည်သာ ဖြစ်သည်။ သခ်ါရတရားတို့၏ ခဏပစ္စုပ္ပန်၌ ဉာဏ်အမြင် သန့်ရှင်းအောင် ကြိုးစားပါ။ လက္ခဏာရေးသုံးတန်၌လည်း ဉာဏ်အမြင် သန့်ရှင်းသထက် သန့်ရှင်းအောင် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ကြိုးစားပါ။

အနုပဿနာ (၄) ပါး = သတိပဋ္ဌာန် (၄) ပါးသို့ သက်ဝင်ပုံ

၁။ ထိုသို့ ဝိပဿနာ ရှုရာ၌ ရုပ်သက်သက်ကို ပဓာနထား၍ ဦးစားပေး၍ ဝိပဿနာရှုပြီးမှ နာမ်ကိုလည်း ဆက်လက်၍ ဝိပဿနာရှုခဲ့သော် ကာယာနုပဿနာသတိပဋ္ဌာန်ကို ပွားနေသည် မည်၏။

၂။ တစ်ဖန် နာမ်တရားတို့ကို ဝိပဿနာ ရှုရာ၌ ရှေးနာမ်ကမ္မဋ္ဌာန်းပိုင်း စသည်တို့တွင် ရှင်းလင်းတင်ပြခဲ့သည့်အတိုင်း ဝေဒနာနုပဿနာစသည့် သတိပဋ္ဌာန်သုံးမျိုးတို့ကို ပွားများအားထုတ်တော့မည့် ယောဂါဝစရပုဂ္ဂိုလ်သည် - **သံခိတ္တေန ဝါ ဝိတ္ထာရေန ဝါ ပရိဂ္ဂဟိတော ရူပကမ္မဋ္ဌာနေ** = အကျဉ်းနည်းအားဖြင့်သော်လည်းကောင်း, အကျယ်နည်းအားဖြင့်သော်လည်းကောင်း ရုပ်ကမ္မဋ္ဌာန်းကို သိမ်းဆည်းထားပြီး ဖြစ်ရမည်[၁၃၂] – ဟူသော စည်းကမ်းသတ်မှတ်ချက်နှင့် အညီ ဝေဒနာဦးဆောင်သည့် နာမ်တရားတို့၏ မှီရာဝတ္ထုရုပ်နှင့် အာရုံရုပ်တို့ကို ပူးတွဲသိမ်းဆည်းရ၏။ ထိုသို့ သိမ်းဆည်းပြီးပါမှ ဝေဒနာကို ဦးစားပေး သိမ်းဆည်းလျက် နာမ်တရားတို့ကို ဝိပဿနာရှုခဲ့သော် ဝေဒနာနုပဿနာသတိပဋ္ဌာန်ကို ပွားနေသည် မည်၏။ ရှုကွက်မှာ . .

(က) ဝတ္ထု (ခ) အာရုံ (ဂ) ဝေဒနာ (= ဝေဒနာဦးဆောင်သည့် နာမ်တရားအားလုံး) ဖြစ်သည်။

(က) ဝတ္ထု – ဖြစ်ပျက် – အနိစ္စ, (ခ) အာရုံ – ဖြစ်ပျက် – အနိစ္စ, (ဂ) ဝေဒနာ – ဖြစ်ပျက် – အနိစ္စ. .

ဤသို့ စသည်ဖြင့် . . အာယတနဒွါရအလိုက် သိမ်းဆည်းထားသော ဝီထိစိတ္တက္ခဏတိုင်း၌လည်းကောင်း, စွမ်းနိုင်သမျှ ဘဝင်စိတ္တက္ခဏတို့၌လည်းကောင်း (၃)ချက်စီရှုရန် ဖြစ်သည်။ ထိုသို့ ရှုရာ၌ နာမ်ကမ္မဋ္ဌာန်းပိုင်းဇယားများတွင် တင်ပြခဲ့သည့်အတိုင်း အတန်းလုံးပေါက် (= ပဥ္စဒွါရာဝဇ္ဇန်းမှသည် မနောဒွါရဝီထိတဒါရုံသို့တိုင်အောင်) တိုးလျှိုပေါက် – စိတ္တက္ခဏတိုင်း၏ . .

(က) မှီရာဝတ္ထုရုပ်သက်သက်ကိုလည်းကောင်း,

(ခ) အာရုံရုပ်သက်သက်ကိုလည်းကောင်း,

(ဂ) ဝေဒနာ (ဦးဆောင်သည့် နာမ်တရား)သက်သက်ကိုလည်းကောင်း . .

ဖြစ်ပျက်ကို မြင်အောင်ကြည့်၍ အနိစ္စဟု ရှုပါ။ ဒုက္ခ အနတ္တ လက္ခဏာယာဉ်တင်၍လည်း နည်းတူရှုပါ။ ကာလသုံးပါး သန္တာန်နှစ်ပါးလုံး၌ ရှုပါ။ ဉာဏ်ရှိသလို ချဲ့ထွင်၍ ရှုလေ။

၃။ တစ်ဖန် နာမ်ကမ္မဋ္ဌာန်းသိမ်းဆည်းနည်း သုံးနည်းတို့တွင် အသိစိတ် ဝိညာဏ်ကို ဦးစားပေးကာ နာမ်တရားတို့ကို သိမ်းဆည်းပြီးလျှင် ဝိပဿနာရှုခဲ့သော် စိတ္တာနုပဿနာသတိပဋ္ဌာန်ကို ပွားနေသည် မည်၏။ ရှုကွက်မှာ . .

(က) ဝတ္ထု (ခ) အာရုံ (ဂ) ဝိညာဏ် – ဖြစ်သည်။

(အသိစိတ် ဝိညာဏ်ဦးဆောင်သည့် နာမ်တရားအားလုံးကို သိမ်းဆည်းလျက် ဝိပဿနာရှုရန် ဖြစ်သည်။)

၄။ တစ်ဖန် နာမ်တရားတို့ကို ဝိပဿနာရှုရာ၌ ဖဿ (စေတနာ)ကို ဦးစားပေးလျက် နာမ်တရားတို့ကို သိမ်းဆည်းပြီးလျှင် ဝိပဿနာရှုပွားခဲ့သော် ဓမ္မာနုပဿနာသတိပဋ္ဌာန်ကို ပွားများနေသည် မည်၏။ ရှုကွက်မှာ . .

(က) ဝတ္ထု (ခ) အာရုံ (ဂ) ဖဿ - ဖြစ်သည်။ (ဖဿဦးဆောင်သည့် နာမ်တရားအားလုံး ဖြစ်သည်။)

ဤတရားတို့ကို လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ။

တစ်နည်း – ရုပ်တရား နာမ်တရားတို့ကို ရုပ်နာမ်နှစ်ပါးနည်းဖြင့် နှစ်ပုံ ပုံ၍ ဝိပဿနာ ရှုရာဝယ်, ရုပ်တရားကို ဝိပဿနာရှုပြီးနောက် နာမ်တရားကို ဝိပဿနာရှုသောအခါ ဝေဒနာကို အဦးမူ၍ နာမ်တရားတို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုသော် **ဝေဒနာနုပဿနာသတိပဋ္ဌာန်**သို့ သက်ဝင်၏။ အသိစိတ် = ဝိညာဏ်ကို အဦးမူ၍ နာမ်တရားတို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုသော် **စိတ္တာနုပဿနာသတိပဋ္ဌာန်**သို့ သက်ဝင်၏။ ဖဿကို အဦးမူ၍ နာမ်တရားတို့ကို သိမ်းဆည်းလျက် ဝိပဿနာရှုသော် **ဓမ္မာနုပဿနာသတိပဋ္ဌာန်**သို့ သက်ဝင်၏။ တစ်ဖန် . .

၁။ ရုပ်-နာမ်တို့ကို (၅)ပုံ ပုံ၍ ခန္ဓာငါးပါးနည်းဖြင့်,

၂။ ရုပ်-နာမ်တို့ကို (၁၂)ပုံ ပုံ၍ အာယတန (၁၂)ပါးနည်းဖြင့်,
၃။ ရုပ်-နာမ်တို့ကို (၁၈)ပုံ ပုံ၍ ဓာတ် (၁၈)ပါးနည်းဖြင့်,
၄။ ရုပ်-နာမ်တို့ကို အဂ်ါ (၁၂)ရပ်ပုံ၍ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့်,
၅။ နိဝရဏ (၅)ပါးနည်းဖြင့်,
၆။ ဗောဇ္ဈင် (၇)ပါးနည်းဖြင့်,
၇။ ဒုက္ခသစ္စာ သမုဒယသစ္စာဟု (၂)ပုံ ပုံ၍ သစ္စာဒေသနာနည်းဖြင့် . .
ဤသို့စသည့် နည်းတို့ဖြင့် ဝိပဿနာရှုလျှင်လည်း **ဓမ္မာနုပဿနာသတိပဋ္ဌာန်**ကိုပင် ပွားနေသည် မည်ပေသည်။

ကြွရိယာပထနှင့် သမ္ပဇညပိုင်း ရှုကွက်

သွား ရပ် ထိုင် လျောင်း - တည်းဟူသော ကြွရိယာပထပိုင်းနှင့် ရှေ့သို့တက်ခြင်း နောက်သို့ဆုတ်ခြင်း ကွေးခြင်း ဆန့်ခြင်း စသော ထိုထိုသမ္ပဇညအခိုက်တို့၌ ခန္ဓာငါးပါး = ရုပ်တရား နာမ်တရားတို့ကို သိမ်းဆည်းပုံကို ရှေ့သဘောတရားရေးရာအပိုင်း[၁၂၆၃] စသည်တို့တွင် ရေးသားတင်ပြခဲ့ပြီးလေပြီ။ ယင်းခန္ဓာငါးပါး ရုပ်တရား နာမ်တရား တို့ကိုပင် တစ်ဖန်ပြန်၍ သိမ်းဆည်းလျက် . .

၁။ ရုပ်နာမ်နှစ်ပါးနည်းဖြင့် (၂)ပုံ ပုံ၍လည်းကောင်း,
၂။ ခန္ဓာငါးပါးနည်းဖြင့် (၅)ပုံ ပုံ၍လည်းကောင်း,
၃။ အာယတန (၁၂)ပါးနည်းဖြင့် (၁၂)ပုံ ပုံ၍လည်းကောင်း,
၄။ ဓာတ် (၁၈)ပါးနည်းဖြင့် (၁၈)ပုံ ပုံ၍လည်းကောင်း,
၅။ အဂ်ါ (၁၂)ရပ်ပုံ၍ ပဋိစ္စသမုပ္ပါဒ်နည်းဖြင့်လည်းကောင်း –
ဤသို့ စသော နည်းတို့ဖြင့် ဝိပဿနာ ရှုပါ။ အကယ်၍ ရုပ်နာမ် (၂)ပါးနည်းဖြင့် ဝိပဿနာရှုလိုက . .
၁။ ရုပ်သက်သက်ကိုလည်းကောင်း,
၂။ နာမ်သက်သက်ကိုလည်းကောင်း,
၃။ ရုပ်နှင့် နာမ်ကို ပူးတွဲ၍လည်းကောင်း –
လက္ခဏာယာဉ် သုံးတန် တစ်လှည့်စီတင်၍ ဝိပဿနာရှုပါ။ ကာလသုံးပါး, သန္တာန်နှစ်ပါးလုံး၌ ရှုပါ။ သွားခြင်း စသော ထိုထိုကြွရိယာပထအခိုက် ထိုထိုသမ္ပဇညအခိုက်တို့၌ တည်ရှိကြသော ခန္ဓာငါးပါး = ရုပ်တရား နာမ်တရားတို့ကို အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး, အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါးလုံး၌ ခဏပစ္စုပ္ပန်သို့ ဆိုက်အောင် ယင်းရုပ်နာမ်တို့၏ ဖြစ်ပျက်ကို မြင်ခဲ့သော် လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုနိုင်ခဲ့သော် ပဋိစ္စသမုပ္ပါဒ် ပထမနည်းဖြင့်လည်း ဆက်လက်၍ ဝိပဿနာရှုကြည့်ပါ။

၁။ အဝိဇ္ဇာစသော အကြောင်းတရား ဖြစ်ခြင်းကြောင့် သခါရစသော အကျိုးတရား ဖြစ်ပုံကိုလည်းကောင်း,
၂။ အဝိဇ္ဇာစသော အကြောင်းတရား ချုပ်ခြင်းကြောင့် သခါရစသော အကျိုးတရား ချုပ်ပုံကိုလည်းကောင်း,
၃။ အဝိဇ္ဇာစသော အကြောင်းတရား ဖြစ်ခြင်းကြောင့် သခါရစသော အကျိုးတရားဖြစ်ပုံ, အဝိဇ္ဇာစသော အကြောင်းတရား ချုပ်ခြင်းကြောင့် သခါရစသော အကျိုးတရား ချုပ်ပုံကိုလည်းကောင်း, ယင်းအကြောင်းတရား အကျိုးတရား နှစ်မျိုးလုံးတို့၏ ဖြစ်ပျက်သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီ တင်၍လည်းကောင်း အသီးအသီး ဝိပဿနာ ရှုပါ။ ကာလသုံးပါး သန္တာန်နှစ်ပါးလုံး၌ ရှုပါ။

ဤသို့ အဝါးဝစွာ ရှုပြီးသောအခါ ရံခါ ယင်းရုပ်နာမ်ဓမ္မ သခါရတရားတို့၏ အသုဘသဘောကိုလည်း ရှုပေးပါ။ လက္ခဏာရေးသုံးတန် အကွက်စေ့အောင် ရှုပြီးသောအခါ ကြိုက်ရာ လက္ခဏာတစ်ပါးပါးကို ဦးစားပေး၍ ရှုနိုင်သည်။ ရုပ်နာမ်နှစ်ပါးနည်း ခန္ဓာငါးပါးနည်း – စသည်တို့တွင်လည်း ကြိုက်နှစ်သက်ရာနည်းကို ဦးစားပေး၍ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုပါလေ။

ဥဒယဗ္ဗယဉာဏ်ခန်း ပြီး၏။

❁ ❁ ❁ ❁ ❁

[၁၂၆၃] (စာမျက်နှာ၊ ၁၂၄ . . စသည်)[၁၂၉]

ဘင်္ဂဉာဏ်ခန်း

ဘင်္ဂဉာဏ်သို့

ဤသို့လျှင် ကျရိယာပုထ်လေးပါးလုံး၌ သခ်ါရတရားတို့ကို တွင်တွင်ကြီး ဝိပဿနာ ရှုနေသဖြင့် ရှေးရှေး ဘာဝနာဉာဏ်နှင့် နောက်နောက် ဘာဝနာဉာဏ်တို့သည် ဆက်စပ်မိနေကြရကား ဝိပဿနာဉာဏ်သည်လည်း အလွန်အားကောင်းလာ၏ အရှိန်ကောင်းလာ၏ ထက်မြက်လာ၏ စူးရှလာ၏ ရဲရင့်လာ၏ သန့်ရှင်းသထက် သန့်ရှင်းလာ၏။ ထိုသို့ ဝိပဿနာဉာဏ်သည် ထက်မြက်စူးရှ ရဲရင့်သန့်ရှင်းလာခဲ့သော် ယင်းသခ်ါရတရားတို့၏ အဖြစ်ကို နှလုံးမသွင်းတော့ဘဲ အပျက်ကိုသာ တစ်ဘက်သတ် နှလုံးသွင်းခဲ့သော် . .

၁။ ဥပ္ပါဒ = သခ်ါရတို့၏ ဖြစ်မှုအခြင်းအရာ ဥပါဒ်ကိုလည်းကောင်း,
၂။ ဌိတိ = သခ်ါရတို့၏ တည်မှုအခြင်းအရာ ဌီကိုလည်းကောင်း,
၃။ နိမိတ္တ = ရုပ်ကလာပ်ကဲ့သို့သော သခ်ါရနိမိတ်ကိုလည်းကောင်း,
၄။ ပဝတ္တ = ဥပါဒိန္နကပဝတ္တ = အကြောင်းတရားဖြစ်ခြင်းကြောင့် အကျိုးတရားဖြစ်ပုံ ဥပါဒိန္နကပဝတ္တကို လည်းကောင်း –

နှလုံးမသွင်းခြင်းကြောင့် ဝိပဿနာဉာဏ်သည် မသက်ရောက်တော့ပေ။ ရှေးရှေးသော ဝိပဿနာဘာဝနာဉာဏ်တို့၏ အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါသတ္တိထူးကြီးကို ဆက်ခံလာခဲ့ရသော နောက်နောက်သော ဝိပဿနာဉာဏ်တို့နှင့် ယှဉ်တွဲလျက် ရှိသော သတိသည် သခ်ါရတရားတို့၏ ကုန်မှုပျက်မှု ပြိုမှု ချုပ်မှု သဘော၌သာလျှင် ကောင်းစွာတည်နေပေ၏။[၁၂၆၄] (သတိကို ဦးတည်၍ ဉာဏ်ကို ဖွင့်ဆိုခြင်းဖြစ်သည်။) ထိုအခါ . .

၁။ **အနိစ္စံ ခယဋ္ဌေန** = သခ်ါရတရားတို့၏ ကုန်မှု ပျက်မှု ပြိုမှု ချုပ်မှု သဘောကို အာရုံယူ၍ ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အနိစ္စ အနိစ္စ ဟု ရှုပါ။

၂။ **ဒုက္ခံ ဘယဋ္ဌေန** = သခ်ါရတရားတို့၏ ကုန်ကုန် ပျက်ပျက် ပြိုပြို ချုပ်ချုပ် ပျောက်ပျောက်နေသဖြင့် ကြောက်လန့်ဖွယ်ကောင်းသည့် အနက်သဘောကို အာရုံယူ၍ ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ ဒုက္ခ ဒုက္ခဟု ရှုပါ။

၃။ **အနတ္တာ အသာရကဋ္ဌေန** = သခ်ါရတရားတို့၌ ခိုင်မာသည့် အနှစ်သာရ အတ္တမရှိမှုသဘောကို အာရုံယူ၍ ဉာဏ်ဖြင့် မြင်အောင် ကြည့်၍ အနတ္တ အနတ္တဟု ရှုပါ။

၄။ ရံခါ အသုဘသဘောကိုလည်း ရှုပါ။

[၁၂၆၄] ဉာဏော တိက္ခေ ဝဟန္တေ သခ်ါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံ ဝါ ဌိတိ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ န သမ္မာပုဏာတိ။ ခယဝယဘေဒနိရောဓေယေဝ သတိ သန္ဋိဋ္ဌတိ။ (ဝိသုဒ္ဓိ၊ ၂၂၇၇။) **နံ သမ္မာပုဏာ**တိ အဂ္ဂဟဏတော။ (မဟာဋီ၊ ၂၄၃၃၉။)

သတိပြုရန်

ထိုသို့ သခ်ါရတရားတို့၏ အပျက်သက်သက်ကို အာရုံယူ၍ လက္ခဏာယာဉ်တင်၍ ဝိပဿနာရှုရာ၌ သခ်ါရတရားတို့၏ ပျက်မှုသဘောကား မြန်ချင်သလောက် မြန်ပါစေ၊ အနိစ္စဟု (သို့မဟုတ် – ဒုက္ခဟု, သို့မဟုတ်-အနတ္တဟု) လက္ခဏာရေးတင်၍ ဝိပဿနာရှုမှုမှာ ခပ်ဖြည်းဖြည်းသာ ရှုပါ။ ဝီထိပေါင်းများစွာ၏ သို့မဟုတ် စိတ္တက္ခဏပေါင်းများစွာ၏ သို့မဟုတ် ခဏပေါင်းများစွာသော ရုပ်တရား၏ ပျက်မှုသဘောကို မြင်ချင် မြင်နေပါစေ၊ မြင်နိုင်သမျှ စိတ္တက္ခဏတိုင်း ရုပ်ခဏတိုင်း၏ ပျက်မှုတိုင်းကို အနိစ္စဟု လက္ခဏာယာဉ်တင်၍ အမှီလိုက်ရှုရန် မဟုတ်ပါ။ စိတ္တက္ခဏပေါင်းများစွာ ရုပ်ခဏပေါင်းများစွာ၏ ပျက်မှုကို အာရုံယူ၍ အနိစ္စ အနိစ္စဟု – ဤသို့ စသည်ဖြင့် ခပ်ဖြည်းဖြည်းသာ လက္ခဏာယာဉ်တင်၍ ရှုပါ။ ဒုက္ခ အနတ္တတို့၌လည်း နည်းတူမှတ်ပါ။ ဆိုလိုသည်မှာ သခ်ါရတရားတို့၏ အပျက်ကိုကား လျင်လျင်မြန်မြန် မြင်အောင် ရှုပါ။ လက္ခဏာတင်၍ ရှုခြင်းကိုသာ ခပ်ဖြည်းဖြည်း ခပ်အေးအေး တင်ရှုပါ။ ကာလသုံးပါး သန္တာန်နှစ်ပါးလုံးတို့၌ ရုပ်နာမ်နှစ်ပါးနည်း ခန္ဓာငါးပါးနည်း စသည်တို့ဖြင့် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ရှုပါ။

ရုပ်ကလာပ်များ ပျောက်ပြီ

ယောဂါဝစရပုဂ္ဂိုလ်သည် ဒိဋ္ဌိဝိသုဒ္ဓိစခန်း နာမရူပပရိစ္ဆေဒဉာဏ်ပိုင်းမှ စ၍ ရုပ်တရား နာမ်တရားတို့ကို ရုပ်ဃန နာမ်ဃန = ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲများပြိုအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ဝိပဿနာ ရှုပွားလာရာ ယခုအခါ ဘင်္ဂဉာဏ်ခန်းသို့ ရောက်ရှိပြီဖြစ်၏။ ဘင်္ဂဉာဏ်သို့ မရောက်မီ အခန်းအသီးအသီး၌ကား –

၁။ **ဥမ္မါဒ** – အကြောင်း ရုပ်နာမ်သခ်ါရ, အကျိုး ရုပ်နာမ်သခ်ါရဟူသော သခ်ါရတရားတို့၏ ဖြစ်မှု ဥပါဒ်သဘောကိုလည်း တွေ့မြင်နေရသေး၏။

၂။ **ဌိတိ** – ထိုသခ်ါရတရားတို့၏ အခိုက်အတန့်အားဖြင့် တည်မှု ဌိသဘော = ဇရာသဘောကိုလည်း တွေ့မြင်နေရသေး၏။

၃။ **ပဝတ္တ** – ဥပါဒိန္နကပဝတ္တ[၁၂၆၅] ဘဝပဝတ္တိ[၁၂၆၆] ဟူသော အကြောင်းတရားတို့၏ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရားတို့၏ ထင်ရှားဖြစ်ခြင်းဟူသော ဘဝ၏ ဖြစ်ခြင်းသဘောတရားများကိုလည်း တွေ့မြင်နေရသေး၏။

၄။ **နိမိတ္တ** – ရုပ်ဃန နာမ်ဃနဟူသော ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲများကို ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ရှုပွားနေသော်လည်း ရံခါ မရှုလိုက်မိ မရှုလိုက်နိုင်သော ရုပ်ကလာပ် နာမ်ကလာပ်အချို့လည်း ရှိနေတတ်သေး၏။ ရုပ်ကလာပ် နာမ်ကလာပ်တို့၏ အလွန်အလွန် များပြားမှု လျင်လျင်မြန်မြန် ဖြစ်ပေါ်မှုများကြောင့် ဖြစ်၏။ မရှုလိုက်မိ မရှုလိုက်နိုင်သော ရုပ်ကလာပ် နာမ်ကလာပ်များ၌ သမူဟဃန ကိစ္စဃန စသည့် ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲဟူသော အတုံးအခဲဃနများ မပြိုသဖြင့် ရုပ်ကလာပ် နာမ်ကလာပ်အတိုင်း = အသေးဆုံး အတုံးလိုက် အခဲလိုက်အတိုင်း တွေ့နေရတတ်သေး၏၊ နိမိတ္တကို တွေ့ခြင်းတည်း။ သခ်ါရတို့၏ တည်ရာ အမှတ်နိမိတ်များတည်း။[၁၂၆၇]

သို့သော် ဤဘင်္ဂဉာဏ်ခန်းသို့ ဆိုက်ရောက်လာသောအခါ၌ကား ဝိပဿနာဉာဏ်က အလွန် ထက်မြက် စူးရှသန့်ရှင်းလာသောကြောင့် သခ်ါရတရားတို့သည် ထိုယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ အလွန်လျင်လျင်မြန်မြန် ထင်လာလတ်ကုန်သော် . .

၁။ ဥပ္ပါဒ – သခ်ါရတရားတို့၏ ဖြစ်မှုဥပါဒ်သဘောကိုလည်း ဉာဏ်ဖြင့် မှီအောင် မလိုက်နိုင် ရှိနေ၏။

၂။ ဌိတိ – သခ်ါရတရားတို့၏ တည်မှုဌိသဘော = ဇရာသဘောကိုလည်း ဉာဏ်ဖြင့် မှီအောင် မလိုက်နိုင် ရှိနေ၏။

၃။ ပဝတ္တ – အဝိဇ္ဇာ တဏှာ ဥပါဒါန် သခ်ါရ ကံ စသော အကြောင်းတရားတို့၏ ထင်ရှားဖြစ်ခြင်းကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာစသော အကျိုးဝိပါက်ခန္ဓာငါးပါးတို့၏ ထင်ရှားဖြစ်ပေါ်လာခြင်းဟူသော ဘဝပဝတ္တိ = ဘဝ၏ဖြစ်ခြင်းသဘောကိုလည်း ဉာဏ်ဖြင့် မှီအောင် မလိုက်နိုင် ရှိနေ၏။ အဘယ်ကြောင့်နည်းဟူမူ

[၁၂၆၅] (မဟာဋီ၊ ၂၄၃၃၉။) [၁၂၆၆] (မဟာဋီ၊ ၂၄၄၄၇။)

[၁၂၆၇] **နိမိတ္တန္တိ** သခ်ါရနိမိတ္တံ၊ ယံ သခ်ါရာနံ သမူဟာဒိဃနဝေသေန, သကိစ္စပရိစ္ဆေဒတာယ စ သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနံ၊ တံ သခ်ါရနိမိတ္တံ။ (မဟာဋီ၊ ၂၄၃၃၉။)

နေ သမ္မာပုဏ္ဏာဘိ အဂ္ဂဟဏတော[၁၂၆၄] — ယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်က ဖြစ်မှုဥပါဒ်ကို အာရုံမယူတော့ဘဲ ပျက်မှု ဘင်သက်သက်ကိုသာ အာရုံယူနေသောကြောင့် ယင်းသခ်ါရတရားတို့၏ အဖြစ်ကို မမြင်တော့ဘဲ အပျက်ကိုသာ မြင်နေရကား အကြောင်းသခ်ါရတရား အကျိုးသခ်ါရတရားတို့၏ ဖြစ်မှု ဥပါဒ်သဘော, တည်မှု ဌိသဘောသို့ပင် ဉာဏ်သည် မသက်ဝင်နိုင်တော့ဘဲ ယင်း အကြောင်းအကျိုး သခ်ါရတရားတို့၏ ခဏမစဲ တသဲသဲ ကုန်ကုန်ပျက်ပျက် ပြိုပြိုပျောက်ပျောက်နေသော ခဏိကနိရောဓခေါ် ချုပ်ပျက်မှုသဘော၌သာ ဉာဏ်သည် သက်ဝင်၍ ကောင်းစွာ တည်နေသောကြောင့် ဖြစ်သည်။ အဖြစ်ကို အာရုံမယူခြင်းကြောင့် အကြောင်းတရားတို့၏ ထင်ရှားဖြစ်ခြင်း အကျိုးတရားတို့၏ ထင်ရှားဖြစ်ခြင်းဟူသော ဥပါဒ်သဘောသို့ပင် ဝိပဿနာဉာဏ်သည် မသက်ဝင်နိုင် ဖြစ်နေသဖြင့် အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ခြင်းဟူသော – ဥပါဒိန္နကပဝတ္တသဘော = ပစ္စယတော ဥဒယဒဿနသဘောသို့လည်း ဝိပဿနာဉာဏ်သည် မသက်ဝင်နိုင်တော့ပေ။

၄။ နိမိတ္တ – တစ်ဖန် ဤဘင်္ဂဉာဏ်ခန်း၌ ယောဂါဝစရပုဂ္ဂိုလ်၏ ဝိပဿနာဉာဏ်က အလွန် ထက်မြက်စူးရှလာသောကြောင့် သမူဟဃန ကိစ္စဃနများ မပြိုသေးသော ရုပ်တုံးရုပ်ခဲများကိုလည်း မတွေ့မြင်ရတော့ပေ။ အကြောင်းမူ သဝိဂ္ဂဟဟူသော အထည်ကိုယ် သဏ္ဌာန်ဖြပ် ရှိသကဲ့သို့သော အသေးဆုံး အတုံးအခဲဖြစ်သည့် ရုပ်ကလာပ်အမှုန်များကိုလည်းကောင်း, နာမ်ကလာပ်များကိုလည်းကောင်း သခ်ါရတရားဟု သိကြောင်း အမှတ်အသားများ ဖြစ်ခြင်းကြောင့် သခ်ါရနိမိတ်ဟု ခေါ်သည်။ ယင်းသခ်ါရနိမိတ်များကိုလည်း ဝိပဿနာဉာဏ်က မတွေ့မြင်တော့ပေ။ ဘင်္ဂါနုပဿနာ-ဉာဏ်က ကုန်ကုန်ပျက်ပျက် ပြိုပြိုပျောက်ပျောက် ချုပ်ချုပ်နေသည့် ခဏိကနိရောဓသို့ ဆိုက်ရောက်သော ရုပ်သဘောတရားသက်သက် နာမ်သဘောတရားသက်သက်ကိုသာ တွေ့မြင်နေသောကြောင့် ဖြစ်သည်။ ရုပ်ကလာပ် နာမ်ကလာပ်ဟူသော အတုံးအခဲများကို ဝိပဿနာဉာဏ်ဖြင့် မတွေ့မြင်ရသော်လည်း ရုပ်ပရမတ်သဘောတရား နာမ်ပရမတ်သဘောတရားတို့ကား ယောဂါဝစရပုဂ္ဂိုလ်သည် ရှေးယခင်ဉာဏ်ခန်းများနှင့် မတူဘဲ ဤဘင်္ဂဉာဏ်ခန်းတွင် သန့်သန့်ရှင်းရှင်းနှင့် အလွန့်အလွန်ပင် ထင်ထင်ရှားရှား တွေ့မြင်နေတတ်ပေသည်။ ပရမတ်နယ်သက်သက်သို့ ခြေစုံပစ်၍ ဝင်ရောက်လာခြင်းပင် ဖြစ်သည်။

ထိုအချိန်တွင် ဤအဆင့်သို့တိုင်အောင် ရောက်ရှိလာသော သခ်ါရတရားတို့၏ အလွန့်အလွန် လျင်လျင်မြန်မြန် ပြိုပြိုပျက်ပျက်နေမှုသဘောကို တွေ့မြင်နေသော ယောဂီသူတော်ကောင်းသည် ကာလသုံးပါး သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော . .

၁။ ရုပ်တရားသက်သက်ကိုလည်းကောင်း,
၂။ နာမ်တရားသက်သက်ကိုလည်းကောင်း,
၃။ ရုပ်နှင့် နာမ် တွဲ၍လည်းကောင်း – လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီတင်၍ တွင်တွင်ကြီး ဝိပဿနာရှုပါ။

အလားတူပင် ခန္ဓာငါးပါးနည်းဖြင့်လည်း အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ စသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသည့် ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကိုလည်း ခန္ဓာတစ်ပါး တစ်ပါးစီ ခွဲ၍ လက္ခဏာရေးသုံးတန် တစ်လှည့်စီတင်ကာ တွင်တွင်ကြီး ဝိပဿနာရှုပါ။[၁၂၆၈]

[၁၂၆၈] **မှတ်ချက်** — သခ်ါရတရားတို့သည် ဤဘင်္ဂဉာဏ်ခန်းသို့ ရောက်ရှိပါမှ အလွန် လျင်လျင်မြန်မြန် ဖြစ်ပေါ်နေသည်ဟု ဆိုလိုရင်း မဟုတ်သည်ကိုကား သတိပြုပါ။ သခ်ါရတို့၏ ဓမ္မတာကား မျက်စိတစ်မှိတ် လျှပ်တစ်ပြက် လက်ဖျစ်တစ်တွက် အတွင်းမှာပင် အကြိမ်ပေါင်း ကုဋေပေါင်းများစွာ ဖြစ်နိုင် ပျက်နိုင်သော ဓမ္မတာသဘော ရှိ၏။ ယင်းသခ်ါရတရားတို့၏ မူလပုံစံမှန်သဘာဝကို ဝိပဿနာဉာဏ်များ မထက်မြက် မစူးရှခင်က မသိမမြင်ရသေး။ ယခု ဘင်္ဂဉာဏ်ပိုင်းသို့ ရောက်ရှိပါမှ ဝိပဿနာဉာဏ်များသည် ထက်မြက်စူးရှလာသဖြင့် သခ်ါရတို့၏ အလွန့်အလွန် လျင်လျင်မြန်မြန် ပြိုပြိုပျက်ပျက်နေမှုကို ဝိပဿနာဉာဏ်ဖြင့် သိမြင်ရခြင်း ဖြစ်သည်ဟုသာ ဆိုလိုရင်းဖြစ်သည်။ တစ်ဖန် ယင်းသခ်ါရတို့၏ ဥပ္ပါဒ-ဌိတိ-ဝယတ္တ-နိမိတ္တတို့ကို ယောဂါဝစရပုဂ္ဂိုလ်က နှလုံးမသွင်းခြင်းကြောင့်သာ ဉာဏ်ဖြင့်လိုက်၍ မမှီနိုင်ခြင်းဖြစ်၏။ ဤစကားအရ နှလုံးသွင်းပါက မှီနိုင်သေးသည်ဟုလည်း မှတ်သားပါလေ။ ဘုရားရှင်သော်မှလည်း ဘုရားဖြစ်တော်မူပြီးနောက် 'အဝိဇ္ဇာကြောင့် သခ်ါရဖြစ်ပုံ, သခ်ါရကြောင့် ဝိညာဏ်ဖြစ်ပုံ' စသည့် အနုလောမပဋိစ္စသမုပ္ပါဒ်ဒေသနာတော်တို့ကိုလည်းကောင်း၊ 'အဝိဇ္ဇာချုပ်ခြင်းကြောင့် သခ်ါရချုပ်ပုံ, သခ်ါရချုပ်ခြင်းကြောင့် ဝိညာဏ်ချုပ်ပုံ' စသည့် ပဋိလောမပဋိစ္စသမုပ္ပါဒ်ဒေသနာတော်တို့ကိုလည်းကောင်း ရှုပွားသုံးသပ်တော်မူနိုင်ကြောင်းကို ဥဒါန်းပါဠိတော် (ဥဒါန၊၇၇။)၌ သင်္ဂီယနာမထေရ်မြတ်တို့က မှတ်တမ်းတင်ထားတော်မူကြသည်။

☸ နိဗ္ဗာန်သို့ သွားရာ တစ်ကြောင်းတည်းသောလမ်း ☸

ဝိပဿနာရှုနေသော ဉာဏ်ကို တစ်ဖန်ပြန်၍ ဝိပဿနာရှုခြင်း = ပဋိဝိပဿနာ

ယောဂါဝစရပုဂ္ဂိုလ်သည် ဤသို့လျှင် သခါရတရားတို့၏ အပျက်သက်သက်ကိုသာ ဝိပဿနာဉာဏ်ဖြင့် တွေ့မြင်နေသောအခါ၌ ကာလသုံးပါး, သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော ရုပ်တရား နာမ်တရား အကြောင်းတရား အကျိုးတရားဟူသော ဝိပဿနာဉာဏ်ဖြင့် ရှုရမည့် သိရမည့် ဉာတအမည်ရသည့် သခါရတရားတို့ကိုလည်းကောင်း, ယင်းဉာတတရားတို့ကို ဝိပဿနာရှုနေသော ဉာဏအမည်ရသော ဝိပဿနာဉာဏ်ကိုလည်းကောင်း – ဤဉာတ ဉာဏ အမည်ရသော တရား (၂)မျိုးလုံးကိုပင် ဝိပဿနာရှုရမည် ဖြစ်သည်။[၁၂၆၉] ဉာဏအမည်ရသော ဝိပဿနာရှုနေသော ဉာဏ်မှာလည်း ဝိပဿနာဉာဏ် ပြဓာန်းလျက်ရှိသော မနောဒွါရိကဇောဝီထိ စိတ်အစဉ်ပင် ဖြစ်၏။ တဒါရုံမှာ ကျသော်လည်း ရှိရာ၏၊ မကျသော်လည်း ရှိရာ၏။ သို့သော် ဤအပိုင်း၌ နိဗ္ဗိဒါဉာဏ်ကဲ့သို့သော အားကောင်းသော ဗလဝဝိပဿနာဉာဏ်နှင့် ကပ်လျက် ရှိခြင်းကြောင့် တဒါရုံမကျသည်က များတတ်ပေသည်။

မနောဒွါရာဝဇ္ဇန်း (၁)ကြိမ်	ဇော (၇)ကြိမ်	သတိတ်တဒါရုံ / အတိတ်တဒါရုံ (၂)ကြိမ်
၁၂	၃၄/၃၃	၃၄/၃၃ / ၁၂/၁၁

ယောဂီသူတော်ကောင်းသည် ယင်းမနောဒွါရိကဇောဝီထိစိတ်အစဉ်ဟူသော ရှုနေသော ဝိပဿနာဉာဏ်ကိုလည်း လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။

ရှုကွက်ပုံစံအချို့

၁။ ရုပ်ရှု-ရုပ်-ပျက်-အနိစ္စ၊ ရှုသည့်ဉာဏ်လည်း-ပျက်-အနိစ္စ၊
၂။ နာမ်ရှု-နာမ်-ပျက်-အနိစ္စ၊ ရှုသည့်ဉာဏ်လည်း-ပျက်-အနိစ္စ၊ (ဒုက္ခ-အနတ္တ – နည်းတူ ရှုပါ။)

ဤသို့ရှုရာ၌ –

၁။ ရံခါ အဖျတ္တ,
၂။ ရံခါ ဗဟိဒ္ဓ, ထိုတွင်လည်း . .
၃။ ရံခါ ရုပ်တရား,
၄။ ရံခါ နာမ်တရား,
၅။ ရံခါ အကြောင်းတရား
၆။ ရံခါ အကျိုးတရားတို့ကို —

လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီ တင်၍ ဝိပဿနာရှုပါ။ အတိတ် အနာဂတ်တို့၌လည်း နည်းတူပင် လှည့်လည်၍ ဝိပဿနာရှုပါ။ အလားတူပင် ခန္ဓာငါးပါးနည်းဖြင့်လည်း ငါးပုံ ပုံ၍ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာတို့ကိုလည်း ဝိပဿနာ ရှုပါ။ ဤအပိုင်းတွင် အနတ္တလက္ခဏသုတ္တန်၌ လာရှိသော ခန္ဓာငါးပါးရှုကွက်မှာ ယောဂီသူတော်ကောင်းတို့အဖို့ အလွန်အဖိုးတန်သော အလွန်လျှင် ဝိပဿနာဉာဏ်ကို ရင့်ကျက်စေသော ရှုကွက်ပင် ဖြစ်သည်။

အကြောင်းတရား အကျိုးတရားတို့ကို ဝိပဿနာရှုရာ၌ အကြောင်းတရား ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရား ထင်ရှားဖြစ်ပုံဟူသော ဥပါဒိန္နကပဝတ္တသဘောကို ဤဘင်္ဂဉာဏ်ခန်းတွင် နှလုံးမသွင်း၍ မတွေ့မြင်သော်လည်း ယင်းဥပါဒိန္နကပဝတ္တသဘောကို ပစ္စယပရိဂ္ဂဟဉာဏ်ခန်း သမ္မသနဉာဏ်ခန်း ဥဒယဗ္ဗယဉာဏ်ခန်းတို့၌ ပုံစံမှန် ရှုခဲ့ပြီး ဝိပဿနာဉာဏ်ဖြင့် သိမြင်ပြီးဖြစ်ရကား ဤဘင်္ဂဉာဏ်ခန်းတွင်လည်း အဝိဇ္ဇာစသော အကြောင်းတရား သခါရစသော အကျိုးတရားတို့ကို ဝိပဿနာဉာဏ်ဖြင့် လှမ်း၍ အာရုံယူကြည့်ပါက အလွယ်တကူပင် သိရှိနေမည် မြင်နေမည်သာ ဖြစ်ပေသည်။ ယင်းအကြောင်းတရား အကျိုးတရားတို့၏ ပျက်မှုသဘောကိုလည်း ဝိပဿနာဉာဏ်ဖြင့် တွေ့မြင်နေမည်သာ ဖြစ်ပေသည်။

[၁၂၆၉] ဉာတဉ္စ ဉာဏဉ္စ ဥဘောပိ ဝိပဿတိ။ (ဝိသုဒ္ဓိ၊၂၊၂၇၈။)

အပျက်မြင်မှုစွမ်းအင်

ဤဘင်္ဂါနုပဿနာဉာဏ်ကို အားသစ်စဖြစ်သော ဤဘင်္ဂါနုပဿနာဉာဏ်ပိုင်းသို့ ရောက်သစ်စဖြစ်သော ယောဂါဝစရပုဂ္ဂိုလ်သည် ဘင်္ဂါနုပဿနာဉာဏ် မရင့်ကျက်သေးမီ အချိန်ပိုင်း၌ ထိုင်လျှင်ထိုင်ချင်း ချက်ချင်း အမြဲတမ်း သခ်ါရတို့၏ အပျက်သက်သက်ကိုသာ မြင်နေသည်ကား မဟုတ်ပါ။ ဘင်္ဂဉာဏ်သို့ မဆိုက်မီ ရှုခါစ အစပိုင်းတွင်ကား ဖြစ်မှုပျက်မှု နှစ်မျိုးလုံးကိုပင် အတော်အသင့် တွေ့မြင်နေဦးမည်သာ ဖြစ်သည်။ ဝိပဿနာရှုရင်း ဉာဏ်ထက်မြက်စူးရှလာသောအခါ သခ်ါရတို့၏ ဖြစ်မှုကို မမြင်တော့ဘဲ ပျက်မှုသက်သက်ကိုသာ တွေ့မြင်မည် ဖြစ်သည်။ ဘင်္ဂဉာဏ်၏ အထွတ်အထိပ်သို့ ရောက်ရှိသွားရာအခါ၌ကား သခ်ါရတို့၏ အပျက်သက်သက်ကို အမြဲတမ်း ဉာဏ်ဖြင့် တွေ့မြင်နေမည် ဖြစ်ပေသည်။[၁၂၃]

ဘင်္ဂဉာဏ် ရင့်ကျက်ရေးအတွက် ဘင်္ဂဉာဏ်၏ အထွတ်အထိပ်သို့ မရောက်မီ ရှေးပိုင်း၌ကား နည်းအမျိုးမျိုးဖြင့် ဝိပဿနာ ရှုပွားမှုကို အလိုရှိအပ်သည်သာ ဖြစ်ပေသည်။[၁၂၄]

နှစ်ခြိုက်ရာကို ဦးစားပေး၍ ရှုနိုင်သည်

ဤဘင်္ဂဉာဏ်ခန်း၌ သခ်ါရတရားတို့၏ အပျက်ကို ဝိပဿနာရှုရာ၌ ရုပ်တရားကို ဝိပဿနာရှု၍ ပိုကောင်းပါက ရုပ်တရားကို ဦးစားပေး ရှုနိုင်သည်၊ နာမ်တရားကို ဝိပဿနာရှု၍ ပိုကောင်းပါကလည်း နာမ်တရားကို ဦးစားပေး၍ ဝိပဿနာရှုနိုင်သည်။ ဤသည်မှာလည်း ရှုကွက်စုံအောင် ကြိမ်ဖန်များစွာ ဝိပဿနာရှုပြီးသောအခါ၌သာ ရှုရန်ဖြစ်သည်။ တစ်ဖန် နာမ်တရားတို့တွင်လည်း အပျက် သိပ်အားကောင်းလာပါက ရှုကွက်လည်း စုံသွားသောအခါ ကုသိုလ်ဇောဝီထိ အကောင်းအုပ်စု နာမ်တရားတို့ကိုသာ ဦးစားပေး၍ ဝိပဿနာရှုလိုက ရှုနိုင်သည်။ ထိုတွင်လည်း မနောဒွါရိက ကုသိုလ်ဇောဝီထိ နာမ်တရားများကို ဦးစားပေး၍ ရှုပါ။ ထိုတွင်လည်း ယောဂီသူတော်ကောင်းသည် သမထယာနိကပုဂ္ဂိုလ် ဖြစ်ပါက ဈာနသမာပတ္တိဝီထိအတွင်း၌ တည်ရှိကြသော ဈာန်နာမ်တရားတို့ကို ဦးစားပေး၍ ဝိပဿနာ ရှုပါ။ လက္ခဏာရေးသုံးတန်တွင်လည်း လက္ခဏာရေးသုံးတန်လုံး အကွက်စေ့အောင် ရှုပြီးပါက မိမိ ကြိုက်နှစ်သက်ရာ ပို၍ ရှုကောင်းရာ လက္ခဏာတစ်ပါးကို ဦးစားပေး၍ ရှုနိုင်သည်။ ဝဏ္ဏ+အာရုံ+ဝေဒနာ, ဝဏ္ဏ+အာရုံ+ဝိညာဏ်, ဝဏ္ဏ+အာရုံ+ဖဿ - ဤရှုကွက်များကိုလည်း ရှုသည့် ဉာဏ်၏ ပျက်မှုကိုပါ ရောနှော၍ ဝိပဿနာရှုနိုင်သည်။ ရှုကွက်မှာ . .

၁။ ဝဏ္ဏ-ရှု-ဝဏ္ဏ-ပျက်-အနိစ္စ။ ရှုသည့်ဉာဏ်လည်း-ပျက်-အနိစ္စ။
၂။ အာရုံ-ရှု-အာရုံ-ပျက်-အနိစ္စ။ ရှုသည့်ဉာဏ်လည်း-ပျက်-အနိစ္စ။
၃။ ဝေဒနာ-ရှု-ဝေဒနာ-ပျက်-အနိစ္စ။ ရှုသည့်ဉာဏ်လည်း-ပျက်-အနိစ္စ။

ဝဏ္ဏ+အာရုံ+ဝိညာဏ်, ဝဏ္ဏ+အာရုံ+ဖဿ - ဤရှုကွက်တို့ကိုလည်း ပုံစံတူပင် ဆက်ရှုပါ။ ဒုက္ခ အနတ္တ လက္ခဏာယာဉ် တင်၍လည်း နည်းတူ ရှုပါ။ ဒွါရ (၆)ပါးလုံး ကုန်အောင်ရှုပါ။ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်နှစ်ပါးလုံး၌ ရှုပါ။ ကာလသုံးပါးလုံး၌ ရှုပါ။

ကွရိယာပထရှုကွက် သမ္ပဇညရှုကွက်တို့ကိုလည်း ထိုထိုကွရိယာပထ ထိုထိုသမ္ပဇညအခိုက်တို့၌ တည်ရှိကြသော သခ်ါရတရားတို့၏ အပျက်ကို အာရုံယူ၍ ဝိပဿနာ ရှုပါလေ။

ပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်တို့၏ အပျက်သက်သက်ကိုလည်း အာရုံယူ၍ လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုပါ။ ထိုသို့ ရှုရာ၌ 'အဝိဇ္ဇာကြောင့် သခ်ါရဖြစ်ပုံ' . . စသည့် ကြောင်း-ကျိုး-ဆက်နွယ်မှုသဘောကို အာရုံ မယူတော့ဘဲ အပျက်သက်သက်ကိုသာ အာရုံယူ၍ ဝိပဿနာ ရှုပါ။ ကာလသုံးပါး သန္တာန် နှစ်ပါးလုံး၌ ရှုပါ။ ရံခါ ရှုသည့်ဉာဏ်ကို တစ်ဖန်ပြန်၍ ဝိပဿနာရှုပါ။ ပဋိဝိပဿနာတည်း။

---

[၁၂၃] (မဟာဋီ၊ ၂၄၄၁။)

[၁၂၄] တတော ပန ပုဗ္ဗဘာဂေ အနေကာကာရဝေါကာရာ အနုပဿနာ ဂ္ဂဆ္ဆိတဗ္ဗာဝ။ (မဟာဋီ၊ ၂၄၄၁။)

☸ နိဗ္ဗာန်သို့ သွားရာ တစ်ကြောင်းတည်းသောလမ်း ☸

ဤအပိုင်းမှ စ၍ အရိယမဂ်သို့ ဆိုက်ရောက်သည်တိုင်အောင်သော ဉာဏ်ပိုင်းတို့ကား အတိတ် အနာဂတ် ပစ္စုပ္ပန်ဟူသော ကာလသုံးပါး အဇ္ဈတ္တ ဗဟိဒ္ဓဟူသော သန္တာန်နှစ်ပါးအတွင်း၌ တည်ရှိသော ရုပ်-နာမ်-ကြောင်း-ကျိုး သစ္စာရတရားတို့၏ အပျက်သက်သက်ကိုလည်းကောင်း, ရံခါ ရှုနေသော ဝိပဿနာဉာဏ်၏ အပျက်သက်သက်ကို လည်းကောင်း ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်၍ လက္ခဏာယာဉ်သုံးချက် တစ်လှည့်စီ တင်ကာ တွင်တွင်ကြီးသာ ဝိပဿနာရှုရမည့် ဉာဏ်ပိုင်းတို့သာ ဖြစ်ကြပေသည်။

ဤသို့ ရှုရာ၌ နာမ်တရားများစာရင်းတွင် စျာန်နာမ်တရားတို့လည်း ပါဝင်ကြ၏။ အထူးသဖြင့် အာနာပါန စျာန်လေးပါးတို့လည်း ပါဝင်ကြ၏။ ယင်းစျာန်လေးပါးတို့ကို ဘင်္ဂဉာဏ်သို့တိုင်အောင် တွင်တွင်ကြီး ဝိပဿနာ ရှုနိုင်ပါက ဘုရားရှင် ဟောကြားထားတော်မူသည့် အာနာပါနစတုက္ကလေးခုတို့၌ လာရှိသော ရှုကွက်တို့လည်း အကျုံးဝင်သွားပြီ ဖြစ်ပေသည်။[၁၂၃]

ဘင်္ဂဉာဏ်ခန်း ပြီး၏။



[၁၂၃] **မှတ်ချက်** — အာနာပါနစတုက္ကလေးမျိုးတို့ကို စာမျက်နှာ (၁၉၅) စသည်တို့တွင် ပြန်ကြည့်ပါ။

ဘင်္ဂဥာဏ်

(ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ)

ရည်ညွှန်း။ ။ အရှင်ဉာဏောဘာသ၏ ဝိသုဒ္ဓိခုနှစ်ပါး အလုပ်စဉ်တရားတော်။
စာ - ၂၀၈ မှ ၂၁၆ ထိ။

"ပဋိပဒါဉာဏ ဒဿနဝိသုဒ္ဓိ တရားတော်"

ကဲ ဝိသုဒ္ဓိခုနှစ်ပါး အလုပ်စဉ်တရားတဲ့ ဆက်ဟောလာတာ ဒီနေ့ဆိုရင် ခြောက်ရက်မြောက်ဖြစ်သွားပြီ၊ သီလဝိသုဒ္ဓိလဲ ဟောပြီးပြီ။ စိတ္တဝိသုဒ္ဓိနေရာမှာ သမထနဲ့ငြိမ်နည်းတော့ ဟောပြီးသွားပြီနော်၊ (မှန်လှပါဘုရား)

ဒီနေ့ ဝိပဿနာနဲ့ငြိမ်းပြီးတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကူးတော်မယ်နော်၊ အေး အဲဒါကြောင့် တို့ယောဂီတွေ ဒီနေ့တော့ စိတ္တဝိသုဒ္ဓိနေရာမှာ ဝိပဿနာနဲ့ ငြိမ်နည်းဟောမယ်၊ ကဲ နောက်တော့ သုံးရက်မြောက်နေ့တုန်းက ဘာလဲ၊ ဒိဋ္ဌဝိသုဒ္ဓိ၊ သင်္ကာယဒိဋ္ဌစင်ဖို့၊ နာမရူပ ပရိစ္ဆေဒဉာဏ်ရရင်၊ နောက်လေးနံပါတ်ကျတော့ ကခ်ီရဝိတရဏဝိသုဒ္ဓိ နာမ်ရဲ့အကြောင်းတွေ၊ ရုပ်ရဲ့အကြောင်းတွေ နာမ်အကြောင်းဆို ရုပ်ကအကျိုး၊ ရုပ်အကြောင်းဆို နာမ်ကအကျိုး၊ သူတို့ တစ်ခုချင်းမှာလဲ အကြောင်းရှိတာပဲ၊ တစ်ဦးနဲ့တစ်ဦးမှာလဲ အကြောင်းနဲ့အကျိုးတွေ ကျေးဇူးမပြုနေဘူးလား၊ (ပြုနေပါတယ်ဘုရား)

အေး အဲဒါ လေးနံပါတ်ဟောခဲ့ပြီးပြီ၊ မနေ့ကတော့ ငါးနံပါတ် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတဲ့၊ မဂ်ဟုတ်လိုက် မဟုတ်လိုက်၊ ကဲ ဝိပဿနာအကြမ်းစားနဲ့ ဖြစ်ပျက်နဲ့ ကိုက်တော့လဲ၊ ဒါလဲမဂ်ပါပဲ၊ ဝိပဿနာမဂ်ပေါ့နော်။ (မှန်လှပါဘုရား)

အေး စိတ်ငြိမ်းပြီးတော့ ဝိပဿနာမဂ်၊ ဒါမနေ့က နှလုံးသွေးနဲ့ပတ်သက်ပြီးတော့ ဟောခဲ့ပြီးပြီ၊ လောဘများတဲ့ ရဲ၊ ဒေါသများတော့ မဲညစ်ညစ်၊ မောဟများတော့ သားဆေးရောင်၊ ဝိတက်များတော့ ပဲပိစပ်ပြုတ်ရေ၊ အလောဘ လှူချင်တန်းချင်တဲ့ သဒ္ဓါတရားများတဲ့ပုဂ္ဂိုလ်ကတော့ ပြိုးပြိုးပြက်ပြက် ရောင်စုံထွက်တယ်၊ နှလုံးသားလေးတွေ၊ နှလုံးအိမ်ကသွေးကနော်။ (မှန်လှပါဘုရား)

ကဲ နောက်တော့ တို့ဒကာ, ဒကာမတွေ အဒေါသ မေတ္တာဟိတ်များတဲ့ ပုဂ္ဂိုလ်ကျတော့ - (အဖြူရောင်ပါဘုရား)

အေး အဖြူရောင်ထွက်တယ်၊ မိခင်က သားလေး သမီးလေးတွေ တိုက်ကျွေးချင်တဲ့ မေတ္တာဓါတ်များတော့ အနီးရောင်သွေးကနေ အဖြူရောင် နို့ဖြစ်ပေးရတယ်၊ (မှန်လှပါဘုရား)

နောက်ဆုံးကျတော့ အမောဟ ဝိသနာရှုတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဘယ်ဟိတ်ကြီးပဲ ခပ်မလဲဆိုတော့ ဉာဏ်ဟိတ်ပေါ့၊ အမောဟတဲ့ မတွေဝေတဲ့ ဉာဏ်ဟိတ်၊ စေတသိက်နဲ့ပြောတော့ ပညိန္ဒြေစေတသိက်ပေါ့၊ (မှန်လှပါဘုရား)

ပညာဆိုတာ အသိ၊ ဣန္ဒြေဆိုတာ လုံခြုံတယ် ထိမ်းသိမ်းထားတယ်၊ ပညိန္ဒြေဆိုတော့ ဉာဏ်နဲ့ လုံလုံ

ခြံခြံ ထိန်းသိမ်းပြီးတော့ ရှုနိုင်တော့ အမောဟာဉာဏ်ဟိတ် ခပ်ပါများတော့ နှလုံးသွေးက အရောင်ရှိသေးလား။ (မရှိတော့ပါဘူး ဘုရား)

(အေး အရောင်တွေ ကင်းစင်ပြီးတော့ စိန်သားမှန်သားလို ကြည်ပြီးတော့လာတယ်၊ ကဲ စိတ်ကြည်တော့ နှလုံးသွေးကြည်၊ နှလုံးသွေးကြည်တော့ မျက်စိလဲ - (ကြည်ပါတယ် ဘုရား)

နားလဲကြည်၊ နှာခေါင်းလဲကြည်၊ လျှာလဲ- (ကြည်ပါတယ် ဘုရား)

ကိုယ်ကြီးကကော - (ကြည်ပါတယ်ဘုရား)

(အေး ကြည်ပြီးတော့ ပေါ့နေတယ်၊ မနေ့ကဟောခဲ့တယ်၊ အဲဒီလိုပေါ့လာတော့ အလင်းနောက်, အဆင်းနောက်, အပေါ့နောက်, အငြိမ်းနောက်, ဟုတ်လားဟေ့ - (ဟုတ်ပါတယ်ဘုရား)

အဲဒါတွေနောက် လိုက်သွားတော့ ကဲ မဂ်ဟုတ်သေးလား ဟေ့၊ (မဟုတ်တော့ပါဘူး ဘုရား)

မဂ်မဟုတ်တော့ဘူး၊ ဒါဖြင့် မဂ္ဂါ မဂ္ဂ၊ မဂ္ဂ အမဂ္ဂ၊ မဂ်ဟုတ်လိုက်၊ မဟုတ်လိုက် ဖြစ်သွားပြီ၊ ကဲ နောက်တော့ ဆရာသမားတွေက မနေ့ကတုန်းက ရွှေတိဂုံဘုရားသွားဖူးတာ ကမ္ဘာအေးနဲ့ ကျေနပ်နေလို့ ဖြစ်ပါ့မလား၊ (မဖြစ်ပါဘူး ဘုရား)

ကမ္ဘာအေးမှာ မိန်းမောနေရင် ရွှေတိဂုံရောက်ပါ့မလား၊ (မရောက်ပါဘူး ဘုရား)

အေး အဲဒါတွေကို အသာဖယ်ဟဲ့၊ ကြည့်လဲကြည့်ပေါ့၊ သြော် ကမ္ဘာအေးတော့ရောက်ပြီ၊ မှတ်တိုင်တစ်ခုတော့ မှန်ပြီ၊ တို့ ဆက်ပြီးတော့ လျှောက်ရမယ်၊ ဒီလိုမဟုတ်လား (မှန်လှပါဘုရား)

အေး ဆက်ပြီးတော့ လျှောက်လိုက်တော့ ဒါ ဘာလဲဆိုတော့ ပဋိသန္ဓေဉာဏ်၊ တစ်ဖန်ဖြတ်ပြီးတော့ ပြန်ကြည့်ပေါ့ဗျာ၊ (မှန်လှပါ ဘုရား)

စူးစူးစိုက်စိုက် ပြန်ကြည့်တော့ မနေ့ကဟောခဲ့တာက အကြမ်းစားနဲ့ကိုက်တာ၊ ဒီနေ့တော့ အလင်းဓါတ်လဲရရော ပြန်ပြီးတော့ စိုက်လိုက်တော့ ဘာတွေနဲ့ ကိုက်မလဲ၊ မလတ်စားလေးနဲ့လဲကိုက်၊ အနုစားလေးနဲ့ပါကိုက်မယ်၊ သြဠာရိကံဝါ အကြမ်းစားနဲ့ကိုက်သလို သုခုမံဝါ အင်မတန်နူးညံ့မွေ့တဲ့ ရုပ်သဘောလေးတွေ, နာမ်သဘောလေးတွေရဲ့ ဖြစ်ပျက်နဲ့ကိုက်မယ်၊ ကြာလေ နူးညံ့လေပဲ၊ (မှန်လှပါဘုရား)

အလင်းဓါတ်ရလေ အမြင်သန်လေပေါ့၊ (မှန်လှပါဘုရား)

ဒါ မနေ့က စက္ခုဉဒပါဒိ, ဉာဏံဉဒါဒိ, ပညာဉဒပါဒိ, ဝိဇ္ဇာဉဒပါဒိ, အာလောကောဉဒပါဒိ ဆိုပြီးတော့ မဟောခဲ့ဘူးလား၊ (ဟောခဲ့ပါတယ်ဘုရား)

အလင်းဓါတ်နဲ့ယှဉ်ကြည့်တော့ ထင်ထင်ရှားရှားတွေ တွေ့တာပေါ့၊ အဲဒီတော့မှ မြင်ပါများ၊ ကဲ အလိုက်ကလဲမှန်ပြီ။ အပျက်နဲ့ မဂ်နဲ့ အနုစားနဲ့ ကိုက်ပြီ၊ အကြမ်းစားနဲ့လဲကိုက်၊ အလတ်စားနဲ့လဲကိုက်၊ အနုစားလေးပါကိုက်၊ ဟုတ်ရဲ့လားဟေ့ (မှန်လှပါဘုရား)

ဒါကြောင့် နူးညံ့သိမ်မွေ့တဲ့ ရုပ်နာမ်နှစ်ခုကို ဉာဏ်တစ်ခုနဲ့မြင်ရင် ဒီဘဝကိစ္စပြီးတယ်တဲ့။ (မှန်လှပါဘုရား)

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီးကလေ၊ (မှန်လှပါဘုရား)

နူးညံ့သိမ်မွေ့တယ်၊ အကြမ်းတမ်းကြီးမဟုတ်ဘူးနော်၊ (မှန်လှပါဘုရား)

နူးညံ့သိမ်မွေ့တဲ့ ရုပ်နာမ်တို့ရဲ့ ဖြစ်မှု, ပျက်မှု လက္ခဏာကို ဉာဏ်တစ်ခုနဲ့ မြင်အောင်ကြည့် ဒီဘဝကိစ္စ

ပြီးနိုင်တယ်၊ ဒါ အနုစားနဲ့ကိုက်တော့ စောစောတုန်းက အကြမ်းစားနဲ့သာကိုက်တာ၊ အခုတော့ အနုစားနဲ့ပါ ကိုက်တော့ မြင်ပါများဆိုတာ မလာဘူးလား၊ လာလား (လာပါတယ်ဘုရား)

မြင်ပါများဆိုတာလေ၊ မြင်ပါများတော့ တဖြည်းဖြည်းနဲ့ ရှုပါများလာတော့ ရင့်ကျက်သထက် ရင့်ကျက်၊ ရင့်ကျက်သထက် ရင့်ကျက်၊ ကဲ ရင့်ကျက်ပုံကလေး ပြောကြစို့နော်၊ (မှန်လှပါဘုရား)

ဒါ နာမရူပပရိစ္ဆေဒကျမ်းကလာတယ် ရင့်ကျက်ပုံ၊ ပရိပက္ကာ ကမေန၊ ပဋိဘာဝိတ ဘာဝနာ ပရိစ္ဆန္တိ သခ်ၤတေ၊ ပက္ခန္တိ အသခ်ၤတေ၊ ဒီနေရာမှာ သခ်ၤတကနေ အသခ်ၤတကူးပုံလေးပေါ့နော် (မှန်လှပါဘုရား)

သခ်ၤတဆိုတာ ရုပ်နာမ်ရဲ့ ဖြစ်ပျက်ပေါ့၊ အသခ်ၤတဆိုတာ ရုပ်နာမ်တို့ရဲ့ ချုပ်မှုလေး၊ ဟုတ်ရဲ့လားဟေ့ (မှန်လှပါဘုရား)

ပရိပက္ကာ ကမေန ပဋိဘာဝိတ ဘာဝနာ၊ ဧဝံ-ဤသို့၊ ပဋိဘာဝိတ ဘာဝနာ ကြိမ်ဖန်များစွာ ထပ်ခါ ထပ်ခါ ဖြစ်တယ် ပျက်တယ်၊ ဖြစ်တယ်၊ ပျက်တယ်၊ ဖြစ်တယ် ပျက်တယ်၊ ရုပ်သဘော နာမ်သဘောတို့ရဲ့ ဖြစ်မှု ပျက်မှု၊ အကြောင်းသဘော အကျိုးသဘောတို့ရဲ့ ဖြစ်မှု ပျက်မှုတွေ၊ ခန္ဓာမှာ ပေါ်ရော ပေါ်ရာလေးတွေ ဖြစ်မှု ပျက်မှုလေးတွေကြည့်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် စာလိုတော့ ဘာဝိတံ ဗဟုလီကတံလို့သုံးတယ်၊ ဘာဝိတံ-ကြိမ်ဖန်များစွာ ပွားများတဲ့ ပုဂ္ဂိုလ်၊ ဗဟုလီကတံ- ကြိမ်ဖန်များစွာ ထပ်ခါ ထပ်ခါ ထပ်ခါ ပွားများနေတဲ့ ယောဂီပုဂ္ဂိုလ်သည်တဲ့၊ ပဋိဘာဝိတ ဘာဝနာပေါ့၊ ပဋိဆိုတာ ထပ်မံ တစ်ဖန် တစ်ဖန် ထပ်ထပ် ထပ်ထပ် ပွားနေတဲ့ပုဂ္ဂိုလ်၊ ပေါ်တိုင်းပေါ်တိုင်းပွားနေတဲ့ပုဂ္ဂိုလ်၊ ဟုတ်ရဲ့လားဟေ့၊ (မှန်လှပါဘုရား)

ကမေန - အစဉ်အားဖြင့်၊ ပရိပက္ကာ - ရင့်ကျက်လာတယ်၊ ဉာဏ်ကဘယ်ဖြစ်လာလဲ၊ (ရင့်ကျက်လာ ပါတယ်ဘုရား)

အဲဒါ ဉာဏ်ရင့်လာတာကို ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီးက ဘယ်လိုဟောသလဲဆိုတော့၊ အေး သရက်သီးတစ်လုံး, ပန်းသီးတစ်လုံး ရင့်သလိုတော့ မမှတ်နဲ့၊ သရက်သီးတစ်လုံး, ပန်းသီးတစ်လုံး ရင့်ကျက်သလိုတော့ မမှတ်နဲ့တဲ့၊ (မှန်လှပါဘုရား)

နို့မို့ဆိုရင် ဒီတစ်လုံးထဲကနေ ဉာဏ်တစ်မျိုးထဲကနေ ပထမတော့ ဥပမာဆိုကြပါစို့၊ အဖူးလေး အဖူးကလေးကနေ အပွင့်၊ အပွင့်ကနေ သီးကင်း သီးကင်းကနေ ကြီးလာပြီးတော့ ရင့်သထက်ရင့်၊ ရင့်သထက်ရင့်လာပြီးတော့ ဝင်းရောင်၊ ဝင်းရောင်ကနေ မှည့်၊ မှည့်ရာကနေ ပုပ်ပြီးကြွေကျ၊ ဒီလို သရက်သီးရင့်သလို၊ ပန်းသီးရင့်သလိုတော့ မဟုတ်ဘူးတဲ့၊ ဝိပဿနာရင့်ပုံလေး ပြောမလို့နော်၊ (မှန်လှပါဘုရား)

ဘယ်လိုရင့်တာလဲဆိုတော့တဲ့ ဥပမာနဲ့ ခဏလေးပြောကြည့်ရအောင်၊ လူကြီးတစ်ယောက်ရဲ့ အတွေ့အကြုံနဲ့ ကလေးလေးတစ်ယောက်ရဲ့ အတွေ့အကြုံနဲ့ တူမလား၊ (မတူပါဘူးဘုရား)

လူကြီးရဲ့ အတွေ့အကြုံကများမလား၊ ကလေးရဲ့အတွေ့အကြုံကများလား၊ (လူကြီးရဲ့ အတွေ့အကြုံက များပါတယ်ဘုရား)

အေး လူကြီးရဲ့ အတွေ့အကြုံကများတယ်၊ ဒါဖြင့် ကလေးသိနဲ့ လူကြီးသိ ဘယ်သူ့ကိုရင့်ကျက်တယ်လို့ ဆိုမလဲ။ (လူကြီးသိက ပိုရင့်ကျက်ပါတယ် ဘုရား)

အေး အဲဒီအတိုင်းပေါ့နော်၊ ကဲ ဥပမာ လူတစ်ယောက်ကို အကဲခတ်တယ်ဆိုကြပါစို့၊ ပထမ မျက်နှာ ဝိုင်းသလား၊ ရှည်သလား၊ ဖြူသလား၊ မဲသလား၊ အကဲခတ်တာပေါ့၊ မျက်နှာအကဲခတ်တာ၊ တစ်လို့မှတလိုက်

မယ်နော်၊ မျက်နှာပြီးတော့ မျက်ခုံး၊ မျက်ခုံးပြီးတော့ မျက်လုံး၊ မျက်တောင်၊ နှာတံ၊ ပါးစပ်၊ ကိုယ်နေကိုယ်ထား၊ ဒီလိုအဆင့်ဆင့် အကဲမခတ်ဘူးလား၊ (အကဲခတ်ပါတယ် ဘုရား)

အဲဒီလို အကဲခတ်သလိုပဲတဲ့၊ ပထမဆုံးခတ်တာက တစ်က မျက်နှာ၊ သူက နုသေးတာကို၊ မျက်နှာပြီးတော့ မျက်ခုံးဆိုတော့ မျက်ခုံးနဲ့ မျက်နှာအကဲခတ်တာ ဘယ်သူက ရင့်လာသလဲ၊ (မျက်ခုံးအကဲခတ်တာပါဘုရား)

အေး မျက်ခုံးက နှစ်ခုတောင် သိလာပြီ၊ (မှန်လှပါဘုရား)

ကဲ မျက်ခုံးကနေ မျက်လုံး၊ သုံးခုသိသွားပြီ၊ မျက်တောင်၊ နှာတံ၊ ဟော နှာတံနဲ့ မျက်နှာ အကဲခတ်တာနဲ့ဆို ဘယ်သူပိုရင့်လဲ၊ (နှာတံအကဲခတ်တာပါဘုရား)

သူက လေးငါးခုတောင် သိလာပြီ၊ နောက်ဆုံး နှုတ်ခမ်း၊ ကိုယ်လုံးကိုယ်ပေါက်၊ ဒါဖြင့် ကြာကြာကြည့်တစ်ခုပြီးတစ်ခု ကြည့်သွားတာ တစ်မျိုးပြီးတစ်မျိုး ကြည့်တာပေါ့၊ (မှန်လှပါဘုရား)

ဒီမှာလဲ ဖြစ်ပျက်က တစ်ခုပြီးတစ်ခု ဖြစ်ပျက်ရှုသွားတာပဲ၊ တစ်ဉာဏ်ထဲက ရင့်တယ်လို့ ခင်ဗျားတို့ ယူမှာစိုးလို့ပြောနေတာ (မှန်လှပါဘုရား)

ဝိပဿနာဉာဏ်က တစ်ဉာဏ်ထဲ၊ ဒီတစ်ဉာဏ်ထဲကနေ သစ်သီးလို ရင့်ရင့်လာပြီး နောက်ဆုံး ပုပ်ဆွေးသွားတာ၊ ဒီလိုယူမှာစိုးလို့၊ အဲဒါဆိုရင် ဝိပဿနာဉာဏ်သည် သဿတဒိဋ္ဌိဖြစ်သွားမှာပေါ့၊ (မှန်လှပါဘုရား)

အရှုခံပျက်သလို ရှုဉာဏ်လေးလဲ ပျက်တာပဲ၊ တစ်လုံးမှတ် တစ်လုံးသိ၊ တစ်လုံးသိပြီး တစ်လုံးပျက်သွားတာပဲ၊ (မှန်လှပါဘုရား)

ကဲ ဉာဏ်ကကော မပျက်ဘူးလား (ပျက်ပါတယ်ဘုရား)

ဒါဖြင့် သရက်သီးတစ်လုံး, ပန်းသီးတစ်လုံးရင့်သလို ဟုတ်ရဲ့လားဟေ့။ (မဟုတ်ပါဘူးဘုရား)

အသိတွေ ထပ်ထပ် ထပ်ထပ်၊ တိုးတိုး တိုးတိုး၊ ပွားပွား ပွားပွား၊ များများ များများလာတာကို ဒါရင့်ကျက်တယ်လို့ခေါ်တယ်၊ (မှန်လှပါဘုရား)

ကြည့်တာတော့ တစ်ခုချင်း ဥပမာ မြင်စိတ်ကြည့်၊ မြင်စိတ်ပြီးတော့ ကြားစိတ်ကြည့်၊ ကြားစိတ်ပြီးတော့ နံစိတ်ကြည့်၊ နံစိတ်, စားစိတ်, ယားနာကောင်းစိတ်, ပူတာ, အေးတာ, လှုပ်တာ, ငြိမ်တာတွေကြည့်၊ နောက်တွေးစိတ်တွေကြည့်၊ တွေးစိတ်တွေက အမျိုးမျိုး၊ သြော် ခန္ဓာကိုယ်ထဲမှာ အကုန်လုံးဖြစ် အကုန်လုံးပျက်နေကြတာပဲ၊ နောက်ဆုံးကျတော့ ယံကိုဋ္ဌ သမုဒယ ဓမ္မံ သင်္ဃံ နိရောဓမ္မံ ဖြစ်လာတာတွေမှန်သမျှ အကုန်လုံးပျက်တယ်၊ ဆုံးဖြတ်ချက်ချတယ်၊ (မှန်လှပါဘုရား)

ဟုတ်ရဲ့လားဟေ့ (မှန်လှပါဘုရား)

ဒါဖြင့် ဉာဏ်က တဖြည်းဖြည်းမရင်လာဘူးလား။ (ရင့်လာပါတယ်ဘုရား)

တစ်ဉာဏ်ထဲက ရင့်တာလား၊ အသိတွေ ထပ်ခါထပ်ခါတိုးတာလား၊ (အသိတွေ ထပ်ခါထပ်ခါတိုးတာပါဘုရား)

အေး အသိတွေများလာတာကို ရင့်တယ်လို့ပြောတာ၊ ကလေးသိနဲ့ လူကြီးသိလိုပေါ့ဗျာ။ အဲဒါကြောင့် ပရိပက္ကာရင့်တယ်ဆိုတဲ့နေရာမှာ ဉာဏ်တစ်ခုထဲကနေ ဒီဝိပဿနာဉာဏ်ကနေ ရင့်ပြီးတော့ နောက်ဆုံး မဂ်ဉာဏ်ဖြစ်သွားတာ မဟုတ်ဘူးတဲ့၊ ဝိပဿနာကနေ တစ်ဉာဏ်ပြီး တစ်ဉာဏ် အသိတွေတိုးတိုး တိုးတိုးပြီးတော့

နောက်ဆုံးကျတော့ ဖြစ်လာတာမှန်သမျှ အကုန်ပျက်တယ်လို့ သိသွားပြီ၊ သိပြီးတော့ နောက်ဆုံးကျတော့ ဘာဖြစ်လဲဆိုတော့ ဒုက္ခသစ္စာထင်လာတယ်၊ (မှန်လှပါဘုရား)

အပျက်တွေကြီးပဲ ကြည့်လာတော့ သူဉာဏ်ထဲမှာ ဘယ်လိုထင်လာလဲ၊ (ဒုက္ခသစ္စာထင်လာပါတယ် ဘုရား)

ဒုက္ခမေဝ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ၊ ဒုက္ခမေဝ နိရုဇ္ဈမာနာ နိရုစ္ဈတိ ပါဠိက၊ မြန်မာလိုတော့ ဆရာတော်ကြီးက ဖြစ်လာတာ ပျက်မလို့ ဒုက္ခတဲ့၊ ဖြစ်လာတယ်ဆိုရင် - (ပျက်မလို့ပါဘုရား)

ပျက်ရတယ် မဟုတ်လား (မှန်လှပါဘုရား)

ဒါဖြင့် ဖြစ်ဒုက္ခဆိုတာ ဘာဒုက္ခလဲမေးရင် ပျက်မလို့ဒုက္ခ၊ ပျက်တာက ပျက်လို့ ဒုက္ခ၊ ဒါဖြင့် ပျက်မလို့ ဒုက္ခနဲ့ ပျက်လို့ ဒုက္ခပေါ့၊ ဒါဖြင့် ပျက်မလို့ ဒုက္ခနဲ့ ပျက်ဒုက္ခပေါ့ဗျာ၊ (မှန်လှပါဘုရား)

အဲဒါ ဆရာတော်ကြီးက ဟောထားတယ်၊ ဖြစ်လာတာ ပျက်မလို့ကွ အဲဒါ ပျက်မလို့ ဒုက္ခ၊ ဒါကြောင့် ဖြစ်တာကိုလဲ ဒုက္ခပဲ၊ ပျက်တာကျတော့ ပျက်လို့ဒုက္ခပေါ့ကွ၊ (မှန်လှပါဘုရား)

ဗုဒ္ဓသာသနာတော်၏အနှစ်သာရဖြစ်သော သီလ, သမာဓိ, ပညာတို့ကို
အပြည့်အစုံ ရှင်းလင်းစနစ်ကျစွာ ဖော်ပြထားသည့်

ဝိသုဒ္ဓိမဂ္ဂ အလင်းပြ
နိဒ္ဒေသလမ်းမကြီး

တတိယတွဲ

ဒေါက်တာမင်းတင်မြို့

ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတတိယတွဲကို ပြည့်ပြည့်စုံစုံရှင်းလင်းတင်ပြထားသည်
နှစ်သုံးဆယ်ဝိသုဒ္ဓိမဂ္ဂစာမေးပွဲမေးခွန်းများနှင့်အဖြေမှန်များပါရှိသည်
ဝိသုဒ္ဓိမဂ္ဂစာမေးပွဲဖြေဆိုသူတို့၏လက်စွဲ

❖

အခန်း (၂၁)

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ်ကိုပြဆိုခြင်း

• ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်ပုံ

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟူသည်မှာ အရိယာမဂ်သို့ရောက်ကြောင်းအကျင့်ဖြစ်သော စင်ကြယ်သည့်ဉာဏ်အမြင်ဖြစ်၏။ ဤဝိသုဒ္ဓိတွင် ခေါင်ထိပ်သို့ရောက်သော ဝိပဿနာဉာဏ် ၈ ပါးနှင့် သစ္စာနုလောမိကဉာဏ်တို့ ပါဝင်သည်။ ၎င်းတို့မှာ–

(၁) ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ်၊
(၂) ဘင်္ဂါနုပဿနာဉာဏ်၊
(၃) ဘယတုပဋ္ဌာနဉာဏ်၊
(၄) နိဗ္ဗိဒါနုပဿနာဉာဏ်၊
(၅) အာဒီနဝါနုပဿနာဉာဏ်၊
(၆) ပဋိသင်္ခါနုပဿနာဉာဏ်၊
(၇) မုဉ္စိတုကမျတာဉာဏ်၊
(၈) သင်္ခါရုပေက္ခာဉာဏ်၊
(၉) သစ္စာနုလောမိကဉာဏ်ခေါ်သော အနုလောမဉာဏ်တို့ဖြစ်ကြသည်။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိပြည့်စုံလိုသောယောဂီသည် ဥပက္ကိလေသမှလွတ်သော ဥဒယဗ္ဗယဉာဏ်မှစ၍ အထက်ဝိပဿနာဉာဏ်များ ပြည့်စုံသည့်တိုင်အောင် အဆိုပါ **ဉာဏ်တို့၌ အားထုတ်အပ်၏။**

• ၁ ဥဒယဗ္ဗယဉာဏ်၌ တစ်ဖန်အားထုတ်ခြင်းအကျိုး

ဥဒယဗ္ဗယဉာဏ်၌ တစ်ဖန်အားထုတ်ခြင်းကြောင့် အဘယ်အကျိုးရှိသနည်းဟူမူ သာမညလက္ခဏာကို ကောင်းစွာမှတ်ခြင်းအကျိုးရှိ၏။ မှန်ပေ၏၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ စခန်း၌ ဥဒယဗ္ဗယဉာဏ်သည် ဥပက္ကိလေသ ၁၀ ပါးတို့ဖြင့် ညစ်ညူးသည်ဖြစ်၍ သာမညလက္ခဏာသုံးပါးကို ဟုတ်တိုင်းမှန်စွာ မိမိ၏သဘောအားဖြင့် ကောင်းစွာမှတ်ခြင်းငှာမစွမ်းနိုင်၊ ဥပက္ကိလေသာမှလွတ်သော ဥဒယဗ္ဗယဉာဏ်သည်ကား ကောင်းစွာမှတ်ခြင်းငှာ စွမ်းနိုင်၏။

• သာမညလက္ခဏာတို့ မထင်ပေါ်ခြင်းအကြောင်း

သာမညလက္ခဏာတို့ကား အဘယ်တရားကိုနှလုံးမသွင်းသဖြင့် အဘယ်တရားက ဖုံးလွှမ်းထားသောကြောင့် မထင်ပေါ်ကုန်သနည်း?

(၁) **အနိစ္စလက္ခဏာ**သည် ဖြစ်ခြင်းပျက်ခြင်းတို့ကို နှလုံးမသွင်းခြင်းကြောင့် လည်းကောင်း၊ အဆက်မပြတ်ဖြစ်နေသော ရုပ်နာမ်အစဉ်ဟူသည့် **သန္တတိ**ပညတ်က ဖုံးလွှမ်းထားသောကြောင့်လည်းကောင်း၊ မထင်ပေါ်ဘဲရှိ၏။

(၂) **ဒုက္ခလက္ခဏာ**သည် အဖြစ်အပျက်ဒဏ်ချက်ဖြင့် အဆက်မပြတ်နှိပ်စက်ခံရခြင်းကို

နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ ကွရိယာပုထ်တို့က ဖုံးလွှမ်းထားသောကြောင့်လည်းကောင်း မထင်ပေါ်ဘဲရှိ၏။

(၃) အနုတ္တလက္ခဏာသည် အထူးထူးသောဓာတ်တို့၏အသီးသီးကွဲပြားခြင်းကို နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း၊ တစ်လုံးတစ်ခဲတည်းဟုထင်ရသော **ဃနပညတ်**က ဖုံးလွှမ်းထားသောကြောင့်လည်းကောင်း၊ မထင်ပေါ်ဘဲရှိ၏။

• သာမညလက္ခဏာသုံးပါး**တို့ ထင်**ပေါ်အောင်ရှုနည်း

(၁) ရုပ်နာမ်တို့၏ဖြစ်ခြင်းပျက်ခြင်းကို ရှုမှတ်သိမ်းဆည်း၍ အဆက်မပြတ်ဖြစ်နေသော နာမ်ရုပ်အစဉ် – သန္တ**တိပညတ်**ကို ဖျက်ဆီးလိုက်သော် မမြဲဟုရှုမှတ်ရသည့် **အနိစ္စလက္ခဏာ**သည် ဟုတ်တိုင်းမှန်စွာ မိမိ၏သဘောအားဖြင့်ထင်ပေါ်လာ၏။

(၂) နာမ်ရုပ်အဖြစ်အပျက်ဖြင့် မပြတ်နှိပ်စက်ခြင်းကို နှလုံးသွင်းရှုမှတ်၍ **ကွရိယာပုထ်**ကို ဖွင့်လှစ်လိုက်လျှင် ဆင်းရဲ–ဒုက္ခဟုရှုမှတ်ရသည့် ဒုက္ခလက္ခဏာသည် ဟုတ်တိုင်းမှန်စွာ မိမိ၏သဘောအားဖြင့် ထင်ပေါ်လာ၏။

(၃) အထူးထူးသောဓာတ်တို့ကို အသီးသီးခွဲခြား၍ တစ်လုံးတစ်ခဲတည်းဟုထင်ရသော အစိုင်အခဲ–**ဃနပညတ်**ကို ဖြိုခွဲဖျက်ဆီးလိုက်သော် အတ္တကောင်မဟုတ်ဟု ရှုမှတ်ရသော အနုတ္တလက္ခဏာသည် ဟုတ်တိုင်းမှန်စွာ မိမိ၏သဘောအားဖြင့် ထင်ပေါ်လာ၏။

• အနိစ္စနှင့်**အနိစ္စ**လက္ခဏာတို့**ကို** ခွဲခြားဝေဖန်ခြင်း

အနိစ္စ = မမြဲသောတရားဟူသည်ကား **ခန္ဓာငါးပါး**တည်း။ အဘယ့်ကြောင့်ဆိုသော် ခန္ဓာငါးပါးဟူသည့် နာမ်ရုပ်တရားတို့သည် ခဏမစဲဖြစ်ပျက်နေကြပြီးလျှင် ဖြစ်ပြီးသည့်နောက် ရင့်ရော်အိုမင်းခြင်းသဘောရှိသည့်အဖြစ်ကြောင့်တည်း။ တစ်နည်းအားဖြင့် ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း၊ ကွယ်ပျောက်သွားခြင်းကြောင့်တည်း။

ဖြစ်ခြင်းပျက်ခြင်းနှင့် ရင့်ရော်ခြင်းသဘောသည် မမြဲဟုရှုမှတ်ရသော **အနိစ္စလက္ခဏာ**မည်၏။ တစ်နည်းကား ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း, ကွယ်ပျောက်သွားခြင်းဟူသော အခြင်းအရာအထူးသည် အနိစ္စလက္ခဏာမည်၏။

• **ဒုက္ခနှင့်ဒုက္ခလက္ခဏာတို့ကို ခွဲခြမ်းဝေဖန်ခြင်း**

''အကြင်တရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲတည်း''ဟု ဟောတော်မူသောကြောင့် ခန္ဓာငါးပါးသည်ပင်လျှင် ဒုက္ခ = **ဆင်းရဲ**မည်၏။ အဘယ့်ကြောင့်ဆိုသော် နာမ်ရုပ်တရားတို့၏ ခဏမစဲဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် အဆက်မပြတ်နှိပ်စက်ခံနေရခြင်းသည် ဆင်းရဲအမှန်ဖြစ်သောကြောင့်တည်း။

နာမ်ရုပ်တရားတို့၏ခဏမစဲဖြစ်ခြင်းပျက်ခြင်းကြောင့် အဆက်မပြတ်အနှိပ်စက်ခံနေရသော အခြင်းအရာသည် ဆင်းရဲဟုရှုမှတ်ရကြောင်း ဒုက္ခလက္ခဏာဖြစ်ပါသည်။

• အနုတ္တနှင့်အနုတ္တလက္ခဏာတို့**ကို** ခွဲခြမ်းဝေဖန်ခြင်း

''အကြင်တရားသည် ဆင်းရဲတည်း၊ ထိုတရားသည် အတ္တမဟုတ်'' ဟု ဟောတော်မူသောကြောင့် ခန္ဓာငါးပါးသည်ပင်လျှင် '**အနတ္တ = အတ္တမဟုတ်**' မည်ပေ၏။ အဘယ့်ကြောင့်

❖ ဝိသုဒ္ဓိမဂ္ဂအလင်းပြ (တတိယတွဲ)

နည်းဟူမူ အလိုအတိုင်းမဖြစ်ခြင်းကြောင့်ပင်တည်း။

အလိုအတိုင်းမဖြစ်သောအခြင်းအရာသည် အတ္တမဟုတ်ဟု ရှုမှတ်ရကြောင်းဖြစ်သည့် **အနတ္တလက္ခဏာ**မည်၏။

ဝိပဿနာယောဂီသည် ဥပက္ကိလေသမှလွတ်သော ''လမ်းမှန်သွားသည့်ဝိပဿနာ'' ဟု ဆိုအပ်သော **ဥဒယဗ္ဗယာနုပဿနာဉာဏ်**ဖြင့် ထိုအနိစ္စနှင့် အနိစ္စလက္ခဏာ, ဒုက္ခနှင့် ဒုက္ခလက္ခဏာ, အနတ္တနှင့် အနတ္တလက္ခဏာတို့ကို ဟုတ်တိုင်းမှန်စွာ မိမိ၏သဘောအားဖြင့် ကောင်းစွာရှုမှတ်ကာ ပိုင်းခြားမှတ်သား၏။

• ၂ ဘင်္ဂါနုပဿနာဉာဏ်ကို ပြဆိုခြင်း

နာမ်ရုပ်တရားတို့သည် မမြဲ, ဆင်းရဲ, အတ္တမဟုတ်ဟု အဖန်တလဲလဲနှိုင်းချိန်စူးစမ်းရှုမှတ်သော ယောဂီ၏ရှုသိမှုဉာဏ်သည် ထက်မြက်လာ၏။ သခါရဓမ္မဟူသည့်နာမ်ရုပ်တရားတို့သည် လျင်မြန်စွာထင်ပေါ်ကြကုန်၏။ ရှုသိဉာဏ်သည် ထက်မြက်၍ ဆောင်သွားလတ်သော် နာမ်ရုပ်တို့၏ဖြစ်ခြင်း (ဥပ္ပါဒ) သို့လည်းကောင်း၊ တည်ခြင်း (ဌိတိ) သို့လည်းကောင်း၊ မပြတ်ဖြစ်သောရုပ်နာမ်အယဉ် (ပတ္တ) သို့လည်းကောင်း၊ **ပုံသဏ္ဌာန်**နိမိတ်သို့လည်းကောင်း၊ မရောက်တော့ပြီ၊ ကုန်ခြင်း (ခယ), ပျောက်ခြင်း (ဝယ), ပျက်ခြင်း (ဘေဒ)ဟူသော ချုပ်ခြင်း (နိရောဓ) သဘောဌာလျှင် အမှတ်ရမှုသတိသည်တည်နေ၏။

''ရုပ်နာမ်ဓမ္မသခါရတရားအပေါင်းသည် ဤသို့ဖြစ်ပေါ်ပြီးလျှင် ဤသို့ပင်ချုပ်သွားပါတကား''ဟုရှုမြင်သော ထိုယောဂီသည် သခါရတရားတို့၏ဖြစ်ခြင်း, တည်ခြင်း, နိမိတ်တို့ကို စွန့်လွှတ်၍ ခဏဝယဘေဒဟုဆိုအပ်သော ချုပ်ခြင်း (နိရောဓသဘော)၌သာ စူးစိုက်ကာ ရှုမြင်ခြင်းကြောင့် '**ဘင်္ဂါနုပဿနာဉာဏ်**'သည် ထင်ရှားစွာဖြစ်ပေါ်လာ၏။

• ပဋိသမ္ဘိဒါမဂ်လာ ဘင်္ဂါနုပဿနာရှုပုံ

ရှုပက္ခန္ဓာကိုရှုပုံ – ရုပ်လျှင်အာရုံရှိသောစိတ်သည် ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏။ ထိုရုပ်၏အဖြစ်အပျက်ကို ရှုသိခဲ့သောထိုစိတ်၏ပျက်ခြင်းကို နောက်စိတ်ဖြင့် တစ်ဖန်ရှု၏။

တစ်ဖန်ရှုပုံမှာ – (၁) မမြဲဟုတစ်ဖန်ရှု၏၊ မြဲသည်ဟုမရှုပါ။
(၂) ဆင်းရဲဟုတစ်ဖန်ရှု၏၊ ချမ်းသာသည်ဟုမရှုပါ။
(၃) အတ္တမဟုတ်ဟုတစ်ဖန်ရှု၏၊ အတ္တဟုမရှုပါ။
(၄) ငြီးငွေ့၏၊ မနှစ်သက်မပျော်မွေ့ပါ။
(၅) စက်ဆုပ်၏၊ မတပ်မက်မတွယ်တာပါ။
(၆) ချုပ်စေ၏၊ မဖြစ်စေပါ။
(၇) တစ်ဖန်စွန့်၏၊ မယူပါ။

(၁) မမြဲ–အနိစ္စဟု အဖန်ဖန်ရှုသော် မြဲသည်ဟုထင်မှတ်သော နိစ္စသညာကို ပယ်၏။
(၂) ဆင်းရဲ–ဒုက္ခဟုအဖန်ဖန်ရှုသော် ချမ်းသာဟုထင်မှတ်သော သုခသညာကို ပယ်၏။
(၃) အနတ္တဟုအဖန်ဖန်ရှုသော် အတ္တဟုထင်မှတ်သောအတ္တသညာကို ပယ်၏။
(၄) ငြီးငွေ့လတ်သော် နှစ်သက်ပျော်မွေ့ခြင်းကို ပယ်၏။

(၅) စက်ဆုပ်လတ်သော် တပ်မက်ခြင်းကို ပယ်၏။
(၆) ချုပ်စေလတ်သော် ဖြစ်ခြင်းကို ပယ်၏။
(၇) တစ်ဖန်စွန့်လွှတ်သော် ယူခြင်းကို ပယ်၏။

နာမ်ခန္ဓာ ၄ ပါးရှုပုံ – အထက်ပါ ရူပက္ခန္ဓာရှုနည်းအတိုင်း ရှုပါသည်။

ဝေဒနာလျှင်အာရုံရှိသောစိတ်။ ပ ။ သညာလျှင်အာရုံရှိသောစိတ်။ ပ ။ သင်္ခါရလျှင်အာရုံရှိသောစိတ်။ ပ ။ ဝိညာဏ်လျှင်အာရုံရှိသောစိတ်။ ပ ။ မျက်စိလျှင်အာရုံရှိသောစိတ်။ ပ ။ ဇရာမရဏလျှင် အာရုံရှိသောစိတ်သည် ဖြစ်ပေါ်ပြီးလျှင် ပျက်သွား၏။ပ။ တစ်ဖန်စွန့်လွှတ်သည်ရှိသော် ယူခြင်းကို ပယ်၏။

ပဋိသမ္ဘိဒါမဂ်လာ ဘဂီနုပဿနာဉာဏ်၏**အရှုခံအာရုံများမှာ** ဥပါဒါနက္ခန္ဓာ ၅ ပါး၊ အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး၊ လောကီကုသိုလ်များ၊ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ ၁၂ ပါးတို့ ဖြစ်ကြ၏။

အာရုံ၏အပျက်ထူးမှ ထိုအပျက်ထူးကိုရှုသောစိတ်၏အပျက်ထူးသို့ ပြောင်းလွှဲခြင်းဟူသော **ထူးလွှဲခြင်း**၊ အာရုံ၏ဖြစ်ခြင်းမှ ပျက်ခြင်း၌တည်သော **ပညာ၏ဆုတ်နစ်ခြင်း**၊ **နှလုံးသွင်းဆင်ခြင်မှု** – **အာဝဇ္ဇန်း**ဟူသော **အင်္ဂါသုံးပါးနှင့်ပြည့်စုံသည့်ပညာသည် အာရုံ၏အပျက်ကိုရှုပြီး၍ ရှုသောစိတ်၏အပျက်ကို တစ်ဖန်ရှုသည့် ပဋိသင်္ခါဝိပဿနာ** မည်၏။

မြင်ပြီးသောအာရုံသို့အစဉ်လိုက်သဖြင့် မြင်ရမမြင်ရအားဖြင့် နှစ်ပါးသောအာရုံတို့ကို တစ်မျိုးတည်းသောသဘောအားဖြင့် ပိုင်းခြားခြင်းအင်္ဂါ၊ ချုပ်ခြင်း၌ နှလုံးသွင်းညွတ်ကိုင်းခြင်းအင်္ဂါ၊ ဤအင်္ဂါနှစ်ပါးနှင့်ပြည့်စုံသောပညာသည် အပျက်လက္ခဏာကိုရှုသော ဝယ**လ**က္ခဏာ **ဝိပဿနာ**မည်၏။

အာရုံကိုလည်း ပျက်သည်ဟု ရှုသိပြီးဖြစ်၏။ ထိုရှုသိသောစိတ်၏အပျက်ကိုလည်း တစ်ဖန်ရှု၏။ အတူမှဆိတ်သုဉ်းသော အနုတ္တလက္ခဏာလည်းထင်၏။ ဤအင်္ဂါသုံးပါးနှင့် ပြည့်စုံသောပညာသည် လွန်ကဲသောဝိပဿနာပညာဖြစ်သောကြောင့် **အဓိပညာဝိပဿနာ** မည်၏။

အနုပဿနာသုံးပါး၌ ကျွမ်းကျင်လိမ္မာသောသူသည် ဝိပဿနာ ၄ ပါးတို့၌လည်းကောင်း၊ ထင်ခြင်းသုံးပါးတို့၌လည်းကောင်း၊ ကျွမ်းကျင်လိမ္မာသည့်အဖြစ်ကြောင့် အမျိုးမျိုးသောမိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်တော့ပြီ။

ထိုရှုသိမှုသည် သိတတ်သောအနက်သဘောကြောင့် **ဉာဏ်**မည်၏၊ အပြားအားဖြင့် သိတတ်သောအနက်ကြောင့် ပညာမည်၏။ ထို့ကြောင့် ''အာရုံကိုရှုသိပြီး၍ ရှုသိသောစိတ်၏ အပျက်ကိုတစ်ဖန်ရှုသောပညာသည် **ဝိပဿနာဉာဏ်**မည်၏''ဟု **ပဋိသမ္ဘိဒါမဂ်**၌ ဟောတော်မူ၏။

• ပဋိသမ္ဘိဒါမဂ်လာ စကားရပ်**များ**၏ရှင်းလင်းချက်

''**အာရုံကိုရှုသိပြီး၍**'' ဟူသည်မှာ ''အာရုံဖြစ်ပြီးနောက် ကုန်သွားသည်, ပျက်သွားသည်ကို ရှုမြင်ပြီး၍''ဟု ဆိုလို၏။

❖ ဝိသုဒ္ဓိမဂ္ဂအလင်းပြ (တတိယတွဲ)

''အာရုံကိုသိပြီး၍ **ပျက်ခြင်းကိုတစ်ဖန်ရှုသောပညာသည်** အဘယ့်ကြောင့်**ဝိပဿနာ မည်သနည်း**'' ဟူသည်ကား ''အာရုံကို ကုန်သွားသည် ပျက်သွားသည်'' သိလျက်ဖြစ်သော ဉာဏ်၏ပျက်ခြင်းကို ရှုရာ၌ အကြင်ပညာသည်ရှိ၏၊ ဤပညာကို 'ဝိပဿနာဉာဏ်မည်၏' ဟု ဆိုလို၏။

''**ထိုသိသောစိတ်၏ပျက်ခြင်းကို** တစ်ဖန်ရှု၏''ဟူသည်ကား ''ထိုရုပ်အာရုံကို 'ကုန်သွားသည်၊ ပျက်သွားသည်' ဟုသိမြင်သောစိတ်၏ပျက်ခြင်းကို တစ်ပါးသောနောက်စိတ်ဖြင့် တစ်ဖန်ရှု၏''ဟုဆိုလို၏။ ထို့ကြောင့် ရှေးဆရာတို့သည် ''သိအပ်သောအာရုံကိုလည်းကောင်း၊ သိသောဝိပဿနာဉာဏ်ကိုလည်းကောင်း၊ နှစ်ပါးလုံးကိုလည်းရှု၏''ဟုဆိုကြ၏။

''**တစ်ဖန်ရှု၏ = အနုပဿတိ**'' ဟူသည်ကား ''အဖန်ဖန်ရှု၏၊ များစွာသောအခြင်းအရာတို့ဖြင့် အဖန်တလဲလဲရှု၏'' ဟုဆိုလို၏။

''**တစ်ဖန်ရှု၏**'' ဟူရာ၌ အဘယ်သို့တစ်ဖန်ရှုသနည်းဟူမူ ''မမြဲဟုတစ်ဖန်ရှု၏'' ဤသို့စသည်ကို ဟောတော်မူ၏။

ထိုစကားရပ်၌ ''ပျက်ခြင်း – ဘင်'' ဟူသည်ကား မမြဲသည့်အဖြစ် (အနိစ္စလက္ခဏာ)၏ မြတ်သော (ဝါ) အဆုံးဖြစ်သောအဖို့ပေတည်း။ ထို့ကြောင့် ပျက်ခြင်းကိုရှုသောယောဂီသည် အလုံးစုံသော သင်္ခါရတရားအပေါင်းကို မမြဲဟုရှု၏၊ မြဲသည်ဟုမရှု။ ထို့နောင် မမြဲသောတရားသည် ဆင်းရဲပင်ဖြစ်သောကြောင့် ထိုမမြဲသောတရားကိုပင် 'ဆင်းရဲ–ဒုက္ခ'ဟုရှု၏။ သုခဟုမရှု။ တစ်ဖန် ဆင်းရဲသောတရားသည် အတ္တမဟုတ်–အနတ္တဖြစ်သောကြောင့် ထိုမမြဲသောတရားကိုပင် အနတ္တ–အတ္တမဟုတ်ဟု ရှု၏၊ အတ္တဟုမရှု။

တစ်ဖန် အကြင်တရားသည် မမြဲ–ဆင်းရဲ–အတ္တမဟုတ်လျှင် ထိုတရားကို မနှစ်သက်အပ်၊ မနှစ်သက်သင့်။ အကြင်တရားသည်မနှစ်သက်အပ်လျှင် ထိုတရား၌ မတပ်မက်အပ်၊ မတပ်မက်သင့်။ ထို့ကြောင့် ပျက်ခြင်းကိုရှုသော ဘင်္ဂါနုပဿနာသို့အစဉ်လိုက်သဖြင့် ''မမြဲ–ဆင်ရဲ–အတ္တမဟုတ်'' ဟု မြင်အပ်ပြီးသော ဤသင်္ခါရတရားအပေါင်း၌ ငြီးငွေ့၏၊ မနှစ်သက်မပျော်မွေ့၊ စက်ဆုပ်၏၊ မတပ်မက်။

ဤသို့ မတပ်မက်သောယောဂီသည် (လောကုတ္တရာဉာဏ်) မှ ရှေးဦးစွာ လောကီဉာဏ်ဖြင့်ပင်လျှင် တပ်မက်သောရာဂကို ချုပ်စေ၏၊ မဖြစ်စေ၊ ရာဂဖြစ်ခြင်းကို မပြု။ ဤကား အနက်တည်း။

တစ်နည်းကား ဤသို့စက်ဆုပ်သောယောဂီသည် မြင်အပ်ပြီးသော ပစ္စုပ္ပန်သင်္ခါရအပေါင်းကို ချုပ်သည်ဟု ရှုပွားပြီးလျှင် ထို့အတူမမြင်ရသော အတိတ်, အနာဂတ်သင်္ခါရတို့ကိုလည်း မြင်ပြီးသို့အစဉ်လိုက်၍ မှန်းဆ၍သိသော**အနွမယဉာဏ်**၏အစွမ်းအားဖြင့် ချုပ်သည်ဟုရှု၏။ ဖြစ်သည်ဟု မရှု၊ ချုပ်သည်ဟုသာလျှင် နှလုံးသွင်း၏။ ထိုပစ္စုပ္ပန်, အတိတ်, အနာဂတ်သင်္ခါရတို့၏ချုပ်ခြင်း (နိရောဓ) ကိုသာ ရှုပွားနေခြင်းကို **နိရောဓာနုပဿနာ**ဟုခေါ်၏။

ထိုယောဂီသည် ဤဆိုခဲ့သည့်အတိုင်း ကျင့်ကြံအားထုတ်၍ ''**တစ်ဖန်စွန့်လွှတ်၏၊ မယူ**''ဟူသော စကားရပ်၏အနက်အဓိပ္ပါယ်ကား – မမြဲစသည့်အခြင်း**အရာ**ဖြင့် ရှုသော ဝိပဿနာသည် **ဖြစ်ထိုက်သည့်အကျိုးဟူသော** ဘဝသစ်ခန္ဓာ, ကံဟူသောအဘိသင်္ခါရ

တို့နှင့်တကွ ကိလေသာတို့ကို တဒင်္ဂပဟာန်၏အစွမ်းအားဖြင့် **စွန့်ပယ်၏၊ သန်တ** **တရားတို့၏အပြစ်ကို မြင်သဖြင့် ၎င်းတို့မှပြောင်းပြန်ဖြစ်သော နိဗ္ဗာန်၌ညွတ်ကိုင်း** သည့်အဖြစ်ဖြင့် ပြေးဝင်၏။ ထို့ကြောင့် ဤဝိပဿနာသည် ''**ပရိစ္စာဂပဋိနိဿဂ္ဂ = စွန့်လွှတ်ခြင်းဟူသော တစ်ဖန်လွှတ်ခြင်း**''**မည်၏။ ''ပက္ခန္ဒနပဋိနိဿဂ္ဂ = ပြေးဝင်ခြင်း** ဟူသော တစ်ဖန်လွှတ်ခြင်း''ဟုလည်း မည်၏။ ''**ဤဝိပဿနာကို ပဋိနိဿဂ္ဂါနု ပဿနာဟုခေါ်၏**''

ထို့ကြောင့် ထိုမမြဲ, ဆင်းရဲ, အတ္တမဟုတ်စသည့် အခြင်းအရာအားဖြင့်ရှုသော ဝိပဿနာ နှင့် ပြည့်စုံသော ယောဂီသည် ဆိုခဲ့သောနည်းဖြင့် ကိလေသာတို့ကိုလည်း စွန့်ပယ်၏၊ နိဗ္ဗာန်၌လည်းပြေးဝင်၏။ ဖြစ်စေသည့်အစွမ်းအားဖြင့် ကိလေသာတို့ကိုလည်း မယူ၊ အပြစ် မမြင်သည့်အစွမ်းအားဖြင့် သန်တအာရုံကိုလည်း မယူ။ သို့အတွက် ''တစ်ဖန်စွန့်၏၊ မယူ''ဟူ၍ဆိုအပ်၏။

''**ထ္ထုဿ္ဌေခြင်း**''ဟူသည်ကား ရုပ်၏ပျက်ခြင်းကို ရှုမြင်သောစိတ်၏ပျက်ခြင်းကို တစ်ဖန် ရှုမြင်သည့်အစွမ်းအားဖြင့် ရုပ်၏ပျက်ခြင်းဟူသောရှေးထ္ထုမှ စိတ်၏ပျက်ခြင်းဟူသည့် နောက်ထ္ထုသို့ ဿေခြင်းတည်း။

''**ပညာ၏ဆုတ်နစ်ခြင်း**''ဟူသည်ကား ဖြစ်ခြင်းကိုပယ်၍ ပျက်ခြင်း၌တည်ခြင်းတည်း။

''**အာဝဇ္ဇန်းအား**''ဟူသည်ကား ရုပ်၏ပျက်ခြင်းကိုမြင်ပြီးနောက် ပျက်ခြင်းလျှင် အာရုံရှိ သော ဝိပဿနာစိတ်၏ပျက်ခြင်းကို တစ်ဖန်ရှုမြင်ခြင်းငှာ အခြားမဲ့၌ပင်လျှင် နှလုံးသွင်း ဆင်ခြင်စွမ်းနိုင်သည့်အဖြစ်တည်း။

''ပဋိသခါနုပဿနာ''ဟူသည်ကား အထက်ပါအဂါသုံးပါးနှင့်ပြည့်စုံသော ပညာသည် အာရုံ၏အပျက်ကိုသိပြီး၍ ဝိပဿနာစိတ်၏အပျက်ကို တစ်ဖန်ရှုသော ဘင်္ဂါနုပဿနာပင် တည်း။

''**အာရုံသို့အစဉ်လိုက်သဖြင့် မြင်ရမမြင်ရအားဖြင့် နှစ်ပါးသောအာရုံတို့ကို တစ်မျိုးတည်း ပိုင်းခြားခြင်း**''ဟူသည်ကား မျက်မှောက်အားဖြင့်မြင်အပ်ပြီးသော ပစ္စုပ္ပန်အာရုံသို့ အစဉ်လိုက် သဖြင့် ''ဤပစ္စုပ္ပန်သခါရကဲ့သို့ အတိတ်ကာလ၌လည်း သခါရတရားအပေါင်းသည် ပျက်ခဲ့ လေပြီ၊ အနာဂတ်ကာလ၌လည်း ပျက်လတ့ံ'' ဟု ဤသို့မျက်မှောက်မြင်ရမမြင်ရသော နှစ်ပါးသောအာရုံတို့ကို ပျက်ခြင်းဟူသည့်တစ်မျိုးတည်းသောသဘောဖြင့်သာလျှင် ပိုင်းခြား ဆုံးဖြတ်ခြင်းတည်း။

မှန်ပေ၏။ ရှေးဆရာတို့သည် ''ထင်ရှားရှိဆဲဖြစ်သော ပစ္စုပ္ပန်သခါရ၌ စင်ကြယ်သည့် ဉာဏ်အမြင်ရှိသောယောဂီသည် ထိုပစ္စုပ္ပန်သခါရ၏အပျက်ကိုမြင်သောဉာဏ်သို့ အစဉ်လိုက် သော **အနုမာနဉာဏ်**ကို အတိတ်အနာဂတ်သခါရ၌ ဆောင်၏၊ ဆောင်ပုံကား 'အလုံးစုံ သောသခါရတရားတို့သည် နေထွက်လျှင်နှင်းပေါက်ကဲ့သို့ ပျက်ခြင်းသဘောရှိကုန်၏'ဟု ဆောင်၏''ဟူ၍ မိန့်ဆိုထားပေ၏။

''ချုပ်ခြင်း၌နှလုံးသွင်းခြင်း''ဟူသည်ကား မျက်မှောက်မြင်ရ, မမြင်ရသောအာရုံနှစ်မျိုး တို့ကို ပျက်ခြင်း၏အစွမ်းအားဖြင့် တစ်မျိုးတည်းပိုင်းခြားပြီးလျှင် ပျက်ခြင်းဟုဆိုအပ်သည့်

❖ ဝိသုဒ္ဓိမဂ္ဂအလင်းပြ (တတိယတွဲ)

ထိုချုပ်ခြင်း၌သာလျှင် နှလုံးသွင်းခြင်းတည်း၊ ထိုချုပ်ခြင်း၌သာလျှင် အလေးပြုခြင်း, ညွှတ်ခြင်း, ကိုင်းရှိုင်းခြင်းတည်း။

''**ဆိတ်သုဉ်းသောအားဖြင့်ထင်ခြင်း**''ဟူသည်ကား **သခါရတို့၏ပျက်ခြင်းကိုအဖန်ဖန်ရှု၍** ရှုမြင်သည့်စိတ်တို့၏ပျက်ခြင်းကိုပါ အဖန်ဖန်ရှုသောယောဂီ**အား** ''သခါရတို့သာလျှင်ပျက်**ကုန်၏၊ ထိုသခါရတို့၏ပျက်**ခြင်း**သည်ပင်** သေခြင်း**မည်၏၊ သခါရတို့မှတစ်ပါး**သော သေတတ်, ပျက်တတ်သည့် **တစ်စုံတစ်ယောက်**သောသူသည် မရှိဟူ၍ အတ္တမှဆိတ်သုဉ်းခြင်း**သ**ဘော**အား**ဖြင့် ထင်လာခြင်းပင်**တ**ည်း။''

ထို့ကြောင့် ရှေးဆရာတို့က ''ခန္ဓာတို့သည်သာ ချုပ်ကုန်၏၊ ခန္ဓာတို့မှတစ်ပါးသော အတ္တကောင်မည်သည်မရှိ၊ ခန္ဓာတို့၏ပျက်ခြင်းကိုပင် သေခြင်းဟုခေါ်ဆိုအပ်၏။ စိန်ဖြင့် ကျောက်ဟတ္တမြားကို ဖောက်ထွင်းသူကဲ့သို့ မမေ့မလျော့သောယောဂီသည် သင့်လျော်သည့် အကြောင်းဖြင့် ထိုသခါရတို့၏ဖြစ်ခြင်းပျက်ခြင်းကို ရှုမြင်၏''ဟု မိန့်ဆိုကြ၏။

''**သုံးပါးသောအနုပဿနာတို့၌ ကျွမ်းကျင်**လိမ္မာသူ''ဟူသည်ကား အနိစ္စာနုပဿနာ, ဒုက္ခနုပဿနာ, အနတ္တာနုပဿနာတို့၌ ကျွမ်းကျင်လိမ္မာသောပုဂ္ဂိုလ်တည်း။

''**လေးပါးသောဝိပဿနာ**''ဟူသည်ကား –

(၁) နိဗ္ဗိဒါနုပဿနာ၊ (၂) ဝိရာဂါနုပဿနာ၊ (၃) နိရောဓာနုပဿနာ၊ (၄) ပဋိနိဿဂ္ဂါနုပဿနာတို့တည်း။

အနိစ္စ, ဒုက္ခ, အနတ္တာဖြစ်သော သခါရတရားတို့သည် နှစ်သက်ဖွယ်မဟုတ်သောကြောင့် ဘင်္ဂါနုပဿနာသို့အစဉ်လိုက်၍ ရှုမြင်နေသောယောဂီသည် သခါရတရားအပေါင်း၌ ငြီးငွေ့၏။ မနှစ်သက်, မပျော်မွေ့တော့ချေ။ သခါရတရားတို့ကို ငြီးငွေ့ဖွယ်အဖြစ်ရှုမြင်သော ဝိပဿနာကို **နိဗ္ဗိဒါနုပဿနာ**ဟုခေါ်၏။

အလွန်မနှစ်သက်ဖွယ်ဖြစ်သည့် သခါရတရားတို့၌ တပ်မက်ခြင်းမဖြစ်သင့်သောကြောင့် ဘင်္ဂါနုပဿနာသို့အစဉ်လိုက်၍ ရှုမြင်နေသောယောဂီသည် သခါရတရားအပေါင်း၌ စက်ဆုပ်၏၊ မတပ်မက်တော့ချေ။ သခါရတရားတို့ကို စက်ဆုပ်ဖွယ်အဖြစ်ရှုမြင်နေသော ဝိပဿနာကို **ဝိရာဂါနုပဿနာ** ဟုခေါ်၏။

''ထင်ခြင်းသုံးပါး''တို့ကား–

(၁) *ခယတော ဥပဋ္ဌာန* = ကုန်သောအားဖြင့်ထင်ခြင်း

(၂) *ဝယတော ဥပဋ္ဌာန* = ပျက်သောအားဖြင့်ထင်ခြင်း

(၃) *သုညတောဥပဋ္ဌာန* = ဆိတ်သုဉ်းသောအားဖြင့်ထင်ခြင်းတို့တည်း။

''အမျိုးမျိုးသောမိစ္ဆာ**အယူ**တို့**ကြောင့်** မတုန်လှုပ်''ဟူသည်ကား သဿတဒိဋ္ဌိ–တည်မြဲအယူ၊ ဥစ္ဆေဒဒိဋ္ဌိ–ပြတ်စဲအယူစသော အထူးထူးအပြားပြားသော မိစ္ဆာအယူမှားတို့ကြောင့် မတုန်လှုပ်ခြင်းပင်တည်း။

• လောကကို ဘင်္ဂါ**နုပဿနာ**ဉာဏ်ဖြင့် **ရှုမြင်သူ**အား သေမင်း**မ**မြင်နိုင်

မိစ္ဆာအယူတို့ကြောင့် မတုန်လှုပ်သောယောဂီသည် ''မချုပ်သေးသောသခါရတရားအသစ်

သည်သာလျှင် ချုပ်၏၊ မပျက်သေးသောသခါရတရားအသစ်သည်သာလျှင် ပျက်၏'' ဟု နှလုံးသွင်းခြင်းရှိပြီးလျှင် ကွဲပျက်ဆဲမခိုင်မာသော အိုးခွက်၏ကွဲပျက်ခြင်းကို မြင်သည့်ပမာ၊ ဖရိုဖရဲပြန့်ကြဲဆဲဖြစ်သော သိမ်မွေ့သည့်မြူအပေါင်း၏ ဖရိုဖရဲပြန့်ကြဲခြင်းကိုမြင်သည့်ပမာ၊ အိုးကင်းထဲ၌လှော်ဆဲဖြစ်သောနှမ်းတို့၏ပေါက်ကွဲပျက်စီးခြင်းကို မြင်သည့်ပမာ၊ အလုံးစုံသော သခါရတို့၏ဖြစ်ခြင်း (ဥပါဒ်), တည်ခြင်း (ဋ္ဌိ), အဆက်မပြတ်ဖြစ်ပျက်သောအယဉ် (ပထ္တာ) နှင့် ပုံသဏ္ဌာန်နိမိတ်တို့ကိုစွန့်၍ ပျက်ခြင်း (ဘင်)ကိုသာလျှင် ရှုမြင်၏။

ဥပမာအားဖြင့် မျက်စိကောင်းသောယောက်ျားသည် ရောကန်ဘောင်၌ဖြစ်စေ မြစ်ကမ်းပါး၌ဖြစ်စေ ရပ်လျက် မိုးသည်းထန်စွာရွာသဖြင့် မိုးပေါက်ကြီးများက ရေပြင်ပေါ်ကျလာသောအခါ **ရေပွက်ကြီးများဖြစ်ပေါ်ကာ လျင်စွာလျင်စွာ ပျက်သွားသည်ကို ရှုမြင်ရသကဲ့သို့၊** ထို့အတူ သခါရတရားတို့သည် လျင်စွာလျင်စွာပျက်ကုန်၏ဟု ဝိပဿနာဉာဏ်ဖြင့် ရှုမြင်၏။

မြတ်စွာဘုရားဟောတော်မူသည်ကား – ''ရေပွက်ကို ရှုမြင်ရသကဲ့သို့၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့၊ ထို့အတူ ခန္ဓာငါးပါးဟူသောလောကကို ဘင်္ဂါနုပဿနာဉာဏ်ဖြင့် ရှုမြင်သောသူကို သေမင်းမမြင်နိုင်တော့ပေ။''

- **ဘင်္ဂါနုပဿနာဉာဏ်၏အကျိုး ၈ ပါး**

အလုံးစုံသော သခါရတရားတို့သည် ပျက်ကုန်၏, ပျက်ကုန်၏'' ဟု မပြတ်ရှုမြင်သော ဘင်္ဂါနုပဿနာဉာဏ်သည် အကျိုးအာနိသင် ၈ ပါးရှိ၍ ခွန်အားနှင့်ပြည့်စုံ၏။

(၁) ဘဝဒိဋ္ဌခေါ် သဿတဒိဋ္ဌကို ပယ်ခွါခြင်း၊
(၂) အသက်၌ငဲ့ကွက်တွယ်တာမှုကို ပယ်စွန့်နိုင်ခြင်း၊
(၃) နေ့ရောညဉ့်ပါ အခါခပ်သိမ်း ဘာဝနာ၌ လွန်စွာအားထုတ်ခြင်း၊
(၄) အသက်မွေးမှုစင်ကြယ်ခြင်း၊
(၅) ကိစ္စကြီးငယ်တို့၌ ကြောင့်ကြဣာပါရကို ပယ်ဖျောက်နိုင်ခြင်း၊
(၆) ကြောက်ရွံ့မှုကင်းခြင်း၊
(၇) သည်းခံနိုင်ခြင်း, သူတော်ကောင်းတရား၌မွေ့လျော်ခြင်း၊
(၈) တောကျောင်းနှင့်ဘာဝနာအမှုတို့၌ မပျော်မွေ့ခြင်းနှင့် ကာမဂုဏ်၌ပျော်မွေ့ခြင်းတို့ကို နှိမ်နင်းပယ်ဖျောက်နိုင်ခြင်းတို့ပင်တည်း။

ထို့ကြောင့် **ရွေးဆရာတို့ မိန့်ဆိုထားသည်မှာ** –

ဘင်္ဂါနုပဿနာဉာဏ်၏မြတ်သောဂုဏ်ကျေးဇူး ၈ ပါးကို သိမြင်သဖြင့် ယောဂီသည် သေခြင်းကင်းရာအမြိုက်နိဗ္ဗာန်သို့ရောက်ခြင်းငှာ ရုပ်နာမ်သခါရတို့၏အပျက်ကိုသာလျှင် အဖန်ဖန်မပြတ်ရှုမှတ်သုံးသပ်နေပေ၏။ ဥပမာအားဖြင့် ကိုယ်၌ဝတ်ထားသည့် အဝတ်မီးလောင်လျှင်ဖြစ်စေ ဦးခေါင်းမီးလောင်လျှင်ဖြစ်စေ အခြားကိစ္စများကို ဂရုမစိုက်နိုင်တော့ဘဲ ထိုမီးကိုအလျင်အမြန်ငြိမ်းသတ်ရေးကိုသာ ကြိုးပမ်းလုပ်ဆောင်သကဲ့သို့တည်း။

မေတ္တာ လက်ဆောင်
သို့ .....
မှ .....

ဝိပဿနာညာဏ်စဉ် (၁၆)ပါးကို ပဌာန်း (၂၄) ပစ္စည်းဖြင့် ရှုမှတ်ပုံ

တရားတော် မှတ်စုများ (၁၂)

(ဒုတိယတွဲ)

ပြုစုတင်ပြသူ
ဦးညီညီစိန်

(၅) ဘဂ်ာဏ်= ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ရှုမှတ်ပုံ

(၁) ဘာဝနာဉာဏ် တစ်ဆင့်တက်၍ ရင့်သန်လာပြန်လျှင် မှတ်ရသော အာရုံများ၏အစ ဖြစ်ပေါ် မှုကို ထင်ရှားမတွေ့ရတော့ဘဲ အဆုံးကိုသာတွေ့ရ၏။

အကုန်အပျောက် မြန်မြန်နေသည်ဟာ ထင်ရ၏။

မှတ်တဲ့စိတ်များကိုလည်း ကုန်ဆုံး ကုန်ဆုံးသွားသည်ဟု သိရ၏။

ဝင်လေ၊ ထွက်လေနှင့် မှတ်သိမှု ဤနှစ်ခုတို့ကို ရှေ့ဆင့်နောက်ဆင့် ကုန်ဆုံးသွားကြသည်ဟု သိရ၏။

(၂) မှတ်ခိုက်၌လည်း ပထမအာရုံနှင့် ဒုတိယမှတ်စိတ်တို့ကို နည်းတူပင် ရှေ့ဆင့် နောက်ဆင့် ကုန်ဆုံး သွားကြသည်ဟု သိရ၏။

ထို့ပြင် ပထမအာရုံ၊ ဒုတိယမှတ်စိတ်၊ တတိယတဖန် သိတဲ့စိတ်ဟူသော ဤသုံးမျိုးတို့၏ ရှေ့ဆင့် နောက်ဆင့်လျက် အတွဲလိုက် ကုန်ဆုံး ကုန်ဆုံးသွားသည်ဟု ပုဂ္ဂိုလ်တစ်ဦးစီတို့က တစ်မျိုးစီ ထင်ရှား သိလျက်ပင်ရှိ၏။

(၃) ဤမျှ ညာဏ်ရင့်သောအခါ၌ကား ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်သော အမူအယာသဘောက ရှေးဦးစွာ ထင်ရှား၏။

ကုန်သွားသည် ပျောက်သွားသည် ပျက်သွားသည်ဟုသိသော ညာဏ်က ရှေးဦးစွာ ဖြစ်ပေါ်၏။ အဖန်ဖန် စဉ်းစားမှသာ ပုံသဏ္ဌာန်စသော ပညတ်ကို သိနိုင်၏။

မစဉ်းစားဘဲ မှတ်ရုံသာ မပြတ်ရှုမှတ်နေလျှင်ကား ပညတ်အာရုံသို့ အလျှဉ်းပင် မရောက်တော့ဘဲ၊ ကုန်ပျက်သော ပရမတ်သဘောမျှ၌သာ တည်လေတော့၏။

သို့ဖြစ်၍ ပညတ်ပေါ်လျှင် ပရမတ်ငုတ်သည်၊ ပရမတ်ပေါ်လျှင် ပညတ်ငုတ်သည် ဟူသော အဆို အတိုင်း တွေ့ရှိရမည်ဖြစ်၏။

(၄) ရှုမှတ်မှုအထူးစင်ကြယ်လာခြင်း၊

မှတ်မှု အထူးစင်ကြယ်လာသောအခါ၌ ရှေ့အမှတ်နှင့် နောက်အမှတ် ခပ်ကျဲကျဲ ခပ်ဝေးဝေး ဖြစ်နေသည်ဟူ၍လည်း ထင်တတ်၏။ အသိညာဏ်လျှင်မြန် သန့်ရှင်းသောကြောင့် ရှေ့နောက်ဝိထိတို့၏ အကြားခံ ဖြစ်သော-

"ဘဝင်စိတ် အခိုက်အတန့်"ကိုပါ သိခြင်းပေတည်း။

ကွေးမည် ဆန့်မည်ဟု ကြံတဲ့စိတ်ကို မှတ်သိလိုက်တဲ့အတွက် ထိုစိတ်၏ အရှိန်ပျက်သွားသောကြောင့် ရုတ်တရက် မကွေးနိုင်၊ မဆန့်နိုင်ဘဲ ကြာမြင့်၍လည်း နေတတ်၏။ အသိညာဏ် ထက်သန်အားကောင်း ခြင်းကြောင့် ဖြစ်၏။

ဤသို့သော ကာလ၌ မှတ်နေကျ အစဉ်အတိုင်းသာ မမှတ်မူ၍ ဒွါရ ၆-ပါး၌ ထင်ရှားဖြစ်ပေါ်သော ရူပနာမ်အမူအရာတို့ကိုလည်း ဖြန့်၍ မှတ်ရပါ။

(၅) ဖြန့်၍မှတ်ပုံ

မူလရှုမှတ်စဉ်အတိုင်း ရှုမှတ်လျက် အရှိန်ကောင်းလာလျှင် တစ်ကိုယ်လုံး၌ ထင်ရှားသော ထိသိမှု များစွာတို့ကိုဂင်း၊ ကြားမှု မြင်မှု စသည်တို့ကိုဂင်း၊ ဖြစ်ပေါ်စဉ်အတိုင်း လိုက်၍ မပြတ်မှတ်သွားရမည်။

မှတ်စဉ်မထားဘဲ ဖြန့်၍ ကောင်းစွာ မှတ်နိုင်သောအခါ၌ အထူးကြောင့်ကြစိုက်၍ မမှတ်သော်လည်း ကြားကြားသမျှကို ရှေ့နောက်မစပ်ဘဲ အပိုင်းပိုင်းပြတ်လျက် ကုန်ကုန်သွားသည်ဟု သိရ၏။

ပိုင်းခြားသိသောညာဏ်က အလိုလိုပါနေသောကြောင့် ပညတ်အာရုံ မပီသဘဲရှိခြင်းသာ ဖြစ်၏။

ထိုသို့သော ကာလ၌ မမှတ်ဘဲနေဦးမည်ဟု ရပ်နားနေသော်လည်း ရူပနာမ်သဒ်ါရတို့က ထင်မြဲထင်ပေါ်လျက် ရှိတတ်ကုန်၏။

မှတ်သိမှုကလည်း ထိုသဒ်ါရတို့ကို အလိုလိုပင် သိမြဲသိလျက်ရှိ၏။ ထို့ကြောင့် အိပ်ပါသော်လည်း အိပ်မပျော်ပဲ နေ့ရောညပါ ကြည်လင်လျက်သာ ရှိတတ်၏။

(၆) သေမင်း မမြင်နိုင်တော့ပြီ။

ရူပနာမ်လောကကို အပျက်ကိုသာမြင်၍နေသော ယောဂီပုဂ္ဂိုလ်တို့ သေမင်းသည် မမြင်နိုင်တော့ပါ။

ဤဘင်ညာဏ်မှစ၍ အနုလောမညာဏ်တိုင်အောင် အပျက်ကိုချည်း စူးစိုက်၍ ရှုမှတ်ရမည်။ ဘင်ညာဏ်ကိုရအောင် အားထုတ်ပါ၏။

(၇) ဘင်ညာဏ်၏ အကျိုးအားနိသင် ရှစ်ပါး

(၁) သဿတဖျက်၊ (၂) အသက်မခင်၊ (၃) ဘာဝနာယျဉ်၊ (၄) သက်မွေးမှာစဉ်၊ (၅) ဗျာပါဒကျဉ်၊ (၆) အတ္တစင်၍ လုံးစုံဘေးကင်း၊ (၇) သည်းခံခြင်းနှင့် (၈) ကာမမပျော်ကောင်းမှုပျော်ဟု သူတော်သဘာဝ ရှစ်ဌာနသည် ဘင်ညာဏ်မြင် အာနိသင်တည်း။

××××××××

ဘင်္ဂဏော
ပဋိပဒါဉာဏ ဒဿန ဝိသုဒ္ဓိ၊
ဉာဏ်စဉ် (၁၆)ပါးကို ပဌာန်း (၂၄ ပစ္စည်းဖြင့် ရှုမှတ်ခြင်း

(၁) မှ (၇) အထိ -

ဘင်္ဂဉာဏ်တွင် ရှုမှတ်နိုင်သည့် ပဌာန်းပစ္စည်းများ

အမှတ်စဉ်	ပဌာန်းပစ္စည်း	ရုပ်တရား		နာမ်တရား		ဉာဏ်မြင်မှု (ပျက်)	ရှုမှတ်မှု	သတိပဋ္ဌာန်လေးပါး	ဝိပဿနာဉာဏ်စဉ်
		အတွင်းအာယတန	အပြင်အာရုံ	ပဋ္ဌဝိညာဉ်	မနောဝိညာဉ်				
၁	ပုရေဇာတပစ္စည်း (၁၀)	ကာယအကြည် (နှာသီးဖျား)	ဖောဋ္ဌဗ္ဗရုံဝါယော	ထိသိစိတ်	ဝေဒနာသညာသင်္ခါရ	ပျက်	ရှုမှတ်မှု (မဂ်စိတ်)	ကာယ	(၁)(၂)(၃)(၄)(၅)
၂	သဟဇာတပစ္စည်း (၆)		ဖောဋ္ဌဗ္ဗရုံဝါယော	ဝေဒနာ	သညာသင်္ခါရဝိညာဉ်	ပျက်	ရှုမှတ်မှု (မဂ်စိတ်)	ဝေဒနာ	(၁)(၂)(၃)(၄)(၅)
၃	ဟေတုပစ္စည်း (၁)		ဖောဋ္ဌဗ္ဗရုံဝါယော	ဝိညာဉ်	ဝေဒနာသညာသင်္ခါရ	ပျက်	ရှုမှတ်မှု (မဂ်စိတ်)	စိတ္တာ	(၃)(၄)(၅)
၄	အာရမ္မဏပစ္စည်း (၂)		ဖောဋ္ဌဗ္ဗရုံဝါယော	သင်္ခါရ	ဝေဒနာသညာဝိညာဉ်	ပျက်	ရှုမှတ်မှု (မဂ်စိတ်)	ဓမ္မာ	(၁)(၂)(၃)(၄)(၅)

မှတ်ချက်။ ။ ပဌာန်းပစ္စည်း (၄)ပါးဖြင့် နမူနာကဲ့သို့ တင်ပြခြင်းဖြစ်ပါသည်။ ကျန်ပဌာန်းပစ္စည်း (၂၀)ပါးတို့ကိုလည်း နည်းတူသိရှိနိုင်ပါသည်။

ခန္ဓာငါးပါး - ဝီထိ - ပဋ္ဌာန်းပစ္စည်းတို့ ဆပ်စပ်ပုံ

(၂) အာရုံ - ၆ - ပါး
(၁) ဒွါရ - ၆ - ပါး
ဖဿ (၇)
(၃)
(၇)
ဟဒယ
ရူပဿ်စိတ်
(၅)
ဝေဒနာ
ဟဒယ
ရူပဿ်စိတ်
(၆)
စိတ္တာ
ဟဒယ
ရူပဿ်စိတ်
(၇)
ဓမ္မာ
ရူပဿ်စိတ်
တိ နာ ဒ ပ စ သ ဏာ ဝု ဇ ဇ ဇ

ပုရေဇာတပစ္စည်းဖြင့် ဘင်္ဂဏ်ရှုမှတ်ပုံ

ပုရေဇာတပစ္စည်းသည် ရုပ်အကြည် (၅)ပါးနှင့် ရုပ်အာရုံ (၅)ပါးတို့က ရွေ့ကဖြစ်နှင့်သော သတ္တိဖြင့် နာမ်တရား စိတ်စေတသိက်တို့ကို ဖြစ်ပေါ်စေ၏။

(က) ကာယ ယတနံ ကာယဝိညာဏ ဓါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

(ခ) ဖောဋ္ဌဗ္ဗာ ယတနံ ကာယဝိညာဏ ဓါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

- ကာယယတနံ = (ပစ္စည်းတရား) = ကာယာနုပဿနာ = ပျက်
- ကာယဝိညာဏ ဓါတုယာ = (ပစ္စယုပ္ပန်တရား) = စိတ္တာနုပဿနာ = ပျက်
- တံသမ္ပယုတ္တက နဉ္စဓမ္မာနံ = ဓမ္မာနုပဿနာ = ပျက်
- ဖောဋ္ဌဗ္ဗာယတနံ = (ပစ္စည်းတရား) = ကာယနုပဿနာ = ပျက်

ဝိပဿနာ ဘာဝနာ၏ ပစ္စုပ္ပန်သပ်သပ်ရှုမှတ်ရာတွင် အာရုံ၏ အပျက်/ကာယဝိညာဏဓါတ်၏အပျက်၊ မှတ်သိစိတ်၏ အပျက်တို့ကို၊ ထင်ရှား၊ ရှုမှတ်နေရပေသည်။

တရိပ်ရိပ်ပျက်နေသော ကုန်ပျက် ၃ ချက်ကိုသာ ရှုမှတ်နေရပြီး အပျက်၊ ပျက်ဆဲများကိုသာ ဆက်တိုက် ရှုမှတ်နေရပေသည်။

ထိသိရာတွင် ရှုမှတ်လျှင် သံသရာပင် အစဉ်ပြတ်နိုင်သည် ဟုဟောကြားထားပါသည်။

ဘင်္ဂဏ်ရှုမှတ်နေဆဲတွင် အရိယသစ္စာဖြစ်နေပုံမှာ -

- ကာယဝိညာဏ ဓါတုယာက = ဒုက္ခသစ္စာ
- ကာယာယတနံ / ဖောဋ္ဌဗ္ဗာယတနံက = သမုဒယသစ္စာ
- ကုန်ပျက်တာရှုတဲ့ မှတ်သိစိတ်က = မဂ္ဂသစ္စာ
- သဠယတန နိရောဓါ ဖဿ နိယောဓေါ = } နိရောဓသစ္စာ
- ဖဿနိရောဓါ ဝိညာဏ နိယောဓေါ = }

ဤနေ့ဖြေ ငါးပါးအခြေခံ ထက်သန်စွာဖြင့် ရှုမှတ်မှုတွင် မဂ္ဂင်တရား ၅-ပါးတို့ကြောင့် ပရမတ်တရား ရုပ်တရားနှင့် နာမ်တရား၊ စိတ်စေတသိတ်တို့၏ သဘောလက္ခဏာတို့ကို ထင်ရှားစွာ ရှုမှတ်တွေ့ရှိခဲ့ပြီး ဖြစ်ပါသည်။

သမာဓိအင်အားမှာ ခဏိက သမာဓိမှ ဥပစာရသမာဓိအားသို့ဝင်း၊ ဝိတက်၊ ဝိစာရ၊ ပီတိတို့ ထိမ်းသိမ်း နိုင်ခဲ့ပြီ ဖြစ်ပါသည်။

တစ်စိတ်တစ်အာရုံဖြင့် ဥပက္ကိလေသ တို့ကိုလည်း ဖြစ်-ပျက် ရှုမှတ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

ပညတ်- ဒြပ်သဏ္ဌာန်များကိုလည်း ခွါနိုင်သမျှ ခွါထား၍ ပရမတ် ရုပ်-နာမ်တို့ကိုသာ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တို့ဖြင့် သဘောလက္ခဏာတို့ကို ရှုမှတ်နေခဲ့ပြီး ဖြစ်ပါသည်။

(က) ခန္ဓာငါးပါးတွင် ရုပ်နှင့်နာမ်သာ ရှိပါသည်။ ငါမရှိ၊ သူမရှိ၊ ငှါအစိုးရမူမရှိပါ။

(ခ) ခန္ဓာငါးပါးတို့သည် အကြောင်းပစ္စယတို့ကြောင့် အကျိုးပစ္စယုပ္ပန်တို့သာ ဖြစ်နေကြပါသည်။ ဘုရားရှင်ကယ်တင်ရှင်မရှိ၊ ကယ်တင်ရှင်ဗြဟ္မာမရှိ၊ အကြောင်းမရှိလျှင် အကျိုးလည်း မရှိပါ၊ မဖြစ်လာတော့ပါ။

(ဂ) ခန္ဓာငါးပါးတို့သည် ရုပ်နှင့်နာမ်သဘောတို့ ဖြစ်ကြပြီး၊ အကြောင်းကြောင့် အကျိုး ဖြစ်ပေါ်ပြီး သည်နှင့် ပျောက်ပျက်သွားကြသော အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရားတို့သာ ဖြစ်ကြပေသည်။

(ဃ) ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ပဋိသန္ဓေ ဝိညာဏ်ဘဝ အစမှ စုတိစိတ်ဘဝအဆုံးအထိ အချိန်ကာလ စက္ကန့်အပိုင်းအစသာမျှဖြင့် ဥပါဒ်၊ ဌိ၊ ဘင် ဖြစ်ပြီးတာနဲ့ ပျောက်ပျက်သွားကြသော သဘောမျှသာ ဖြစ်ကြပေသည်။

(င) ခန္ဓာငါးပါး ရုပ်နာမ်တရားမျှသာ ဖြစ်ပြီး ၃၁-ဘုံသားတို့၏ ဘဝဆိုသည်မှာ ပဋ္ဌာန်းပစ္စည်း ၂၄-ပါး တို့ကြောင့်သာ ဖြစ်ပေါ်လာသော အကျိုးပစ္စယုပ္ပန် ရုပ်နာမ်ပဋိသန္ဓေတို့ ဖြစ်ကြပေသည်။

ယခု ဘင်ညာဏ်သို့ရောက်လာသောအခါ ယောဂီပုဂ္ဂိုလ်မှာ ဒြပ်တွေ မထင်ရှားတော့ပါ။ "ဖေါင်းတယ်" ဟု မှတ်တဲ့အခါ ဝမ်းဗိုက်သဏ္ဌာန်ဒြပ်က မထင်ရှားတော့ပါ။ တောင့်တင်းတွန်းကန်တဲ့ သဘောပဲ တွေ့ရတယ်။ "ပိန်တယ်"လို့ မှတ်ရင်လည်း ဝမ်းဗိုက်သဏ္ဌာန်ဒြပ်က မထင်ရှားတော့ပဲ ရွေ့သွားလှုပ်သွားတဲ့ သဘော လျှောက်ပဲ ထင်ရှားတယ်။

"ထိုင်တယ်"လို့ မှတ်ရင်လဲ ထိုင်တဲ့ကိုယ်အမူအရာ အထည်ဒြပ်ကြီးက မထင်ရှားပေဘူး။ ထိုင်နေတဲ့ သဘောတရားမျှ၊ တောင့်တင်းနေတဲ့ သဘောတရားမျှ ထင်ရှားတယ်။

"ထိတယ်"လို့ မှတ်ရင်လဲ ထိတဲ့ပုံသဏ္ဌာန်ဒြပ်တွေ၊ ကြမ်းပြင်ဒြပ်တွေ၊ တင်ပါးသဏ္ဌာန်ဒြပ်တွေ၊ မထင်ရှားဘဲနဲ့ ထိနေတဲ့ ပူတဲ့မာတဲ့ သဘောတရားမျှဘဲ ထင်ရှားပေတယ်။

မှတ်တဲ့အခါမှာလည်း မှတ်လိုက်တာနဲ့ ကုန်ပျက်ကုန်ပျက်သွားတာ တွေ့ရပေတယ်။

"ဖေါင်းတယ်"လို့ မှတ်လိုက်ရင် ဖေါင်းတာလေး ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်၊

"ပိန်တယ်"လို့မှတ်လိုက်ရင် ပိန်တာလေး ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်၊

"ထိုင်တယ်"လို့ မှတ်လိုက်ရင် ထိုင်တဲ့ အမူအယာလေး ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်၊

"ထိတယ်"လို့ မှတ်လိုက်ရင် ထိတဲ့သဘောတရားလေး ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက် စသည်များကို ဘင်ဉာဏ်ရောက်နေတဲ့ ယောဂီများ ကိုယ်တိုင်သိနေကြရပါတယ်။

"ခေါင်းကိုယ်ခြေလက် ပုံသဏ္ဌာန်တွေ မရှိတော့ဘူးဘုရား"ဟု သဘောတရားမျှ သက်သက်ကိုဘဲ ရှုမှတ်နေကြရပါသည်။

ကုန်ပျက်တာကတော့တစ်ယောက်နဲ့တစ်ယောက် မတူကြပါ။

တချို့ညာဏ်ထက်တဲ့ ပုဂ္ဂိုလ်က ထင်ထင်ရှားရှား ကုန်ပျက်သွားတာကို တွေ့ရတယ်။

ညာဏ်နဲနဲနုံတဲ့ ပုဂ္ဂိုလ်များကျတော့ သဘောတရားမျှပဲ တရွေ့ပြီး တရွေ့ရွေ့ရွေ့သွားတာ အခိုးတွေလို အငွေ့တွေလို ဒီမျှလောက်ဘဲ တွေ့ရပါတယ်။

သဒ္ဓါနုသာရီပုဂ္ဂိုလ်နဲ့ ပညာနုသာရီပုဂ္ဂိုလ် (၂)မျိုး ရှိတယ်။

ပညာနုသာရီပုဂ္ဂိုလ်ကတော့ တရားသဘောတွေ ထင်ထင်ရှားရှားတွေ့ရပါတယ်။ ဖြစ်တယ် ပျက်တယ် ဆိုလို့ရှိရင်လဲ ပေါ်ပြီးတာနဲ့ ပျောက်သွားတာ၊ ပေါ်ပြီးတာနဲ့ ပျောက်သွားတာ ဥဒယဗ္ဗယညာဏ်မှာ ထင်ထင်ရှားရှား တွေ့ရပါတယ်။

ဘင်္ဂါဏ်သို့ရောက်လာတဲ့အခါလည်း ကုန်ပျက် ကုန်ပျက်တာတွေ ထင်ထင်ရှားရှား တွေ့ရပါသည်။ မှတ်လိုက်တာနဲ့ ကုန်ပျက် မှတ်လိုက်တာနဲ့ကုန်ပျက်များကို တွေ့ရပါသည်။ အဲဒီ ပညာနုသာရီ ပုဂ္ဂိုလ်မျိုးသည် သံသရာ စက်ပြတ်အောင် ဖြတ်နိုင်ပါတယ်။

သဒ္ဓါနုသာရီပုဂ္ဂိုလ်ဆိုတာကတော့ အဲဒီလို တရားသဘောတွေ ထင်ထင်ရှားရှား မတွေ့ရဘူး။ သို့သော် ယုံကြည်ချက် အပြည့်ရှိပြီး ယခုလို ရှုမှတ်နေရင်းဖြင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပြတ်သွားပြီး တရားထူး တရားမြတ်တွေ ရနိုင်မည် ဖြစ်ပါသည်။

အထက်ပုဂ္ဂိုလ်နှစ်မျိုးတို့မှာ အမှတ်ပြည့်အောင် အချိန်ရသမျှ ရှုမှတ်နေပြီး၊ အမှတ်တွေ ပြည့်သွားတဲ့ အခါ မိမိအလိုရှိအပ်သော သောတာပန်ထိ ရရှိနိုင်ပါသည်။

ယောဂီများ တရားရှုမှတ်တဲ့အခါ-

(က) အဇ္ဈတ္တိကာယတန (၆)ပါးဖြင့်လည်း တရားရရှိနိုင်ပါသည်။

(ခ) ခန္ဓာငါးပါးဖြင့်လည်း တရားရရှိနိုင်ပါသည်။

(ဂ) ဓါတ်ကြီးလေးပါးဖြင့်လည်း တရားရရှိနိုင်ပါသည်။

(ဃ) အားလုံးခြုံပြီး ရှုမှတ်လျှင်လည်း တရားရရှိနိုင်ပါသည်။

ယောဂီတို့ ရှုမှတ်နေတဲ့တရားဟာလည်း နည်းမှန်လမ်းမှန်တွေချည်း ဖြစ်ပါတယ်။

မျက်စိကပဲ ရှုမှတ်သည်ဖြစ်စေ၊
နားကပဲ ရှုမှတ်သည်ဖြစ်စေ၊
နှာခေါင်းကပဲ ရှုမှတ်သည်ဖြစ်စေ၊
လျှာကပဲ ရှုမှတ်သည်ဖြစ်စေ၊
ကိုယ်ကပဲ ရှုမှတ်သည်ဖြစ်စေ၊
စိတ်ကပဲရှုမှတ်သည်ဖြစ်စေ အဲဒီဌာနတွေက ရှုမှတ်စရာဌာနတွေချည့်ပဲ ဖြစ်ပါသည်။

တရားကတော့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတည်းဟူသော သတိပဋ္ဌာန်တရား ၄ပါးဖြစ်သာ ရှုမှတ်နေပါသည်။ တစ်ကြောင်းတည်းသော အကျင့်လမ်းစဉ် ဖြစ်ပါသည်။

××××××××

(၆) သဟဇာတပစ္စည်း။ (၇) အညမညပစ္စည်းတို့ဖြင့် ဘင်္ဂဿ်ရှုမှတ်ပုံ

အကြောင်းနာမ်ရုပ်တို့က အကျိုးနာမ်ရုပ်တို့ကို ကျေးဇူးပြုခြင်းဖြစ်ပါသည်။

(၁) စတ္တာရော ခန္ဓာအရူပိနော အညမညံ သဟဇာတ ပစ္စယေန ပစ္စယော၊

(၂) စတ္တာရော မဟာဘူတာ အညမညံ သဟဇာတ ပစ္စယေန ပစ္စယော၊

(၃) စိတ္တစေတသိကာဓမ္မာ စိတ္တသမုဋ္ဌာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော၊

အထက်ပါအချက်များသည် ဝိပဿနာရှုမှတ်ရန်ထင်ရှားသည့် ရှုကွက်များဖြစ်ပေသည်။

(၁) ဝေဒနာက အကြောင်းတရားဖြစ်လျှင် သညာ၊ သင်္ခါရ၊ ဝိညာဏ်တို့က- အကျိုးတရားဝိညာဏ်က အကြောင်းတရားဖြစ်လျှင် ဝေဒနာ၊ သညာ၊ သင်္ခါရ တို့ကအကျိုးတရား

(၂) ပထဝီက အကြောင်းတရားဖြစ်လျှင် ဝါယော၊ တေဇော၊ အာပေါတို့က အကျိုးတရား၊ ဝါယောက အကြောင်းတရားဖြစ်လျှင် ပထဝီ၊ တေဇော၊ အာပေါတို့က အကျိုးတရား၊

(၃) စိတ်စေတသိတ်နာမ်တရားကြောင့် စိတ္တဇရုပ်က အကျိုးတရားစသည်ဖြင့် ဘင်္ဂဿ်တွင် ရှုမှတ်နိုင်ပါသည်။

- ဝေဒနာနုပဿနာ သတိပဋ္ဌာန်အနေနဲ့ - ဝေဒနာကို ရှုမှတ်လို့ရပါတယ်။
- စိတ္တာနုပဿနာ သတိပဋ္ဌာန်အနေနဲ့ ဝိညာဏ်ကို ရှုလို့ရပါတယ်။
- စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြင့် စိတ္တာစေတသိကာဓမ္မာကို ရှုလို့ရပါတယ်။
- ကာယနုပဿနာ သတိပဋ္ဌာန်ဖြင့် ပထဝီနဲ့ ဝါယောကို ရှုလို့ရပါတယ်။

တရားအားထုတ်လိုက်တော့ ဒုက္ခကိုရှေးဦးစွာ တွေ့ရပါသည်။ ဒုက္ခဝေဒနာကို ရှုတတ်ဖို့၊ ဒုက္ခဝေဒနာကို လွှမ်းမိုးအောင် ရှုနိုင်ဖို့ အရေးကြီးပေသည်။

မိမိခန္ဓာကိုယ်မှာ ဒုက္ခဝေဒနာပေါ်လာလို့ရှိရင် - ရှေးဦးစွာ လွှမ်းမိုးအောင် ရှုမှတ်ရမည်ဖြစ်သည်။

ဒုက္ခဝေဒနာပေါ်လာလို့ရှိရင် - ဒုက္ခဝေဒနာကိုသိအောင် ရှုမှတ်ရမယ်။

ဒုက္ခဝေဒနာကို ပျောက်အောင်မှတ်နေတာများနေတော့ တရားကမတတ်ဘူး ဖြစ်နေရပါတယ်။

- ဝေဒနာကိုသိအောင် မှတ်ရပါမယ်။
- ဘယ်လောက်နာနေပါသလဲ။
- အသားပေါ် အရေပေါ်လောက်ပဲ နာတယ်။
- အကြောထိအောင် နာတယ်။
- အရိုးထိအောင်နာတယ်။
- ရိုးတွင်းခြင်ဆီထိအောင် နာတယ်လို့ စသည်ဖြင့်

စိတ်နဲ့ (ဝိညာဏ်နဲ့) စူးစိုက်ပြီးတဲ့အခါကျမှ နာတယ်၊ ကျင်တယ်၊ အောင့်တယ်၊ ဟု "ပိုင်းခြား ပိုင်းခြား" ပြီးတော့ ရှုမှတ်ရပါတယ်။

သိအောင်စူးစိုက်ပြီး - သိပြီးမှ - ရှုမှတ်နေတာကို၊ "ပိုင်းခြား" တယ်လို့ခေါ်ဆိုတာပါ။

ဝေဒနာကို အပေါ်ယံလေးရှုပ်ပြီး နာတယ်၊ ကျင်တယ်၊ အောင့်တယ်ဟု ရှုမှတ်နေရင်တော့ ဝေဒနာကို မလွှမ်းမိုးနိုင်ပါ။

ဝေဒနာ အတိုးအလျော့ကိုလည်း သိအောင် ရှုမှတ်ရတယ်။

ပိုနာ၊ ပိုကျင်၊ ပိုအောင့်လာပြီး အထွတ်အထိပ်သို့ ရောက်အောင် နာ၊ ကျင်၊ အောင့် ပြီးတဲ့အခါ၊ ဝေဒနာလည်း သူ့သဘောအတိုင်းသူ၊ အကြောင်းအားလျော်စွာ၊ ပြန်လျော့လာတတ်ပါတယ်။

ဝေဒနာလျော့လာတဲ့အခါ စူးစိုက်မှုကို မလျှော့လိုက်ပါနဲ့။

စိတ်နဲ့စူးစိုက်ပြီး နာတယ်၊ ကျင်တယ်၊ အောင့်တယ်ဟု ဆင့်ကာ ဆင့်ကာ၊ ပိုင်းခြား ပိုင်းခြားပြီး ရှုမှတ် လိုက်တဲ့အခါ၊ တဖြည်းဖြည်းသက်သာသွားတာ၊ တခြားနေရာသို့ ရွှေ့သွားတာ၊ ကိုယ်တိုင်ပဲ တွေ့ကြရပါတယ်။ ဝေဒနာဟာအမြဲတမ်း တသမတ်တည်း နာနေတာတော့ မဟုတ်ဘူး။

အမြဲတမ်းဘဲ ပြောင်းလဲနေတာပါဘဲ။

ဒုက္ခဝေဒနာကို ရှုမှတ်လို့ သမာဓိညာဏ်တွေ တစ်ဆင့်ရင့်ကျက်အားရှိ ထက်သန်လာ၍ ဘင်္ဂညာဏ်သို့ ရောက်သွားတဲ့အခါ၊

ဒုက္ခဝေဒနာဖြစ်တာက မထင်ရှားတော့ပါ။

ပျက်ပျက်သွားတာပဲ ထင်ရှားပါတယ်။

နာတယ်၊ ကျင်တယ်၊ အောင့်တယ် ဟု မှတ်လိုက်တဲ့အခါ ပေါ်တာက မထင်ရှားတော့ပါ။ ပျောက်ပျောက် သွားတာကပဲ ထင်ရှားပေသည်။

အဲ့ဒီအခါ၊ ခေါင်း၊ ကိုယ်၊ ခြေ၊ လက် ပုသဏ္ဌာန်တွေကလည်း မထင်ရှားတော့ဘူး၊ ဘယ်ကနာနေတယ် ဆိုတာ မထင်ရှားတော့ပါဘူး။

ကျောကနာနေတယ်၊ ဘေးက နာနေတယ် စသည်ဖြင့် ပုံသဏ္ဌာန်၊ ဒြပ်တွေက မထင်ရှားတဲ့အတွက် - ပညတ်ကို အထူးခွာမနေရတော့ပေဘူး။

မှတ်လိုက်တာနဲ့ ကုန်ပျက်၊

မှတ်လိုက်တာနဲ့ ကုန်ပျက်၊

နာတယ်ဟု မှတ်လိုက်တာနဲ့ နာတာလေးကုန်ပျက်၊ ကုန်ပျက်သွားတာ မြင်ရတော့ ယောဂီက - ပိုပြီး သဘောကျလာပါသည်။

ဒုက္ခဝေဒနာကို၊ မှတ်သိစိတ်က လွှမ်းမိုးသွားပေပြီ။

နာတာက အဓိက မဟုတ်တော့ပါ။

ကုန်ပျက်၊ ကုန်ပျက်သွားတာတွေကို သိရတာက အဓိက - ဖြစ်သွားပေပြီ။

- နာတယ်လို့ မှတ်လိုက်ရင်၊ နာတာလေးလဲ ကုန်ပျက်၊ နာတယ်လို့မှတ်လိုက်တဲ့ မှတ်သိစိတ်ကလည်း ကုန်ပျက် သိရပါတယ်။

- ဒီထက် သမာဓိညာဏ်တွေ အားရှိထက်သန်တဲ့ ပုဂ္ဂိုလ်တွေကျတော့ (၃) ချက်၊ (၃) ချက် မြင်ကြပါတယ်။

နာတယ်လို့မှတ်လိုက်ရင် - နာတာလေးလဲ ကုန်ပျက်။

နာတယ်လို့သိနေတဲ့ အသိစိတ်လေးလဲ ကုန်ပျက်။

နာတယ်လို့ မှတ်လိုက်တဲ့ မှတ်သိစိတ်လည်း ကုန်ပျက်။ သုံးဆင့်တက်သွားပါတယ်။ ၃ ဆင့်၊ ၃ ဆင့် အမှတ်တွေ တက်သွားပါတယ်။

(၁) ဝေဒနာကအကြောင်းတရားဖြစ်လျှင် = ဝေဒနာနုပဿနာ = ပျက်
သညာသခ်ါရ ဝိညာဏ်က အကျိုးတရားဖြစ် = ဓမ္မာနုပဿနာ = ပျက်
ဝိညာဏ်ကအကြောင်းတရားဖြစ်လျှင် = စိတ္တာနုပဿနာ=ပျက်
ဝေဒနာသညာသခ်ါရက အကျိုးတရားဖြစ် = ဓမ္မာနုပဿနာ = ပျက်

အထက်ပါအချက်က - ဒုက္ခဝေဒနာကို ဘင်္ဂဉာဏ်မှာ ရှုမှတ်ပုံဖြစ်ပါတယ်။

(၂) သုခဝေဒနာပေါ်လာရင်လည်း ဒုက္ခလို့ထင်အောင် ရှုမှတ်နိုင်ရမည်ဖြစ်ပါသည်။ ဒုက္ခလို့ ထင်သွားမှသာ - သုခဝေဒနာကို သာယာတဲ့ လောဘ၊ တဏှာ၊ ရာဂ တွေမဖြစ်တော့ဘဲ ပါယ်ပြီးသားဖြစ်သွားပါတယ်။

"သုခပေါ်လျှင်၊ ဒုက္ခထင်၊ အမှန်ပင် ရှုရမည်။"

ဥပေက္ခာဝေဒနာဆိုတာ၊ အလွန်မထင်ရှားတဲ့ ဝေဒနာဘဲ ဖြစ်တယ်။

အဲ့ဒီ ဥပေက္ခာဝေဒနာပေါ်လာတဲ့အခါ - လွယ်အားကြိုးပြီးတော့ တွေဝေတဲ့မောဟ ဝင်နေတတ်ပါတယ်။ ကုန်ပျက်တာတွေ မထင်ရှားတတ်တော့ပေဘူး။ မှတ်လို့တော့ ကောင်းပါတယ်။

မှတ်လို့ကောင်းတိုင်းလည်း တရားတွေက မကောင်းပါ။

တွေဝေနေရင်တော့ မကောင်းပါ။ မောဟကိန်းနေပါတယ်။

အဝိဇ္ဇာနုသယ = မောဟဝင်နေပေပြီ။ တရားတွေကလည်း တော်တော်ရင့်နေပါပြီ။ အဲ့ဒီအချိန်မှာ - တရားက မတတ်တော့ပေဘူး။

အဲ့ဒီ ဥပေက္ခာဝေဒနာမှာ ကိန်းနေတဲ့မောဟကို၊ ရိုရိုသေသေ- စူးစူးစိုက်စိုက် ရှုမှတ်ပြီး၊ ပယ်ရမှာဖြစ်သည်။

သခ်ါရုပေက္ခာညာဏ်ဆိုတာ ဘင်္ဂဉာဏ် အခြေခံရှိပြီးသားပါ။ လွယ်ကူတာနဲ့ ပေါ့ပေါ့ဆဆရှုမှတ်နေလို့ တွေဝေတဲ့မောဟဝင်နေတာပါ။

အဲ့ဒါကိုသတိထားပြီး - စူးစူးစိုက်စိုက်ပြန်၍ ရှုမှတ်ရပါတယ်။

စူးစူးစိုက်စိုက်ရှုမှတ်လိုက်တဲ့အခါ - ဖောင်းတယ်လို့မှတ်လိုက်ရင် - ရိပ်ခနဲ ကုန်ပျက်သွားတာ၊ ပိန်တယ်လို့ မှတ်လိုက်ရင်လည်း ရိပ်ခနဲ ကုန်ပျက်သွားတာ၊ ထိုင်တယ်လို့ မှတ်လိုက်ရင်လည်း ရိပ်ခနဲ ကုန်ပျက်သွားတာ၊ ထိတယ်လို့ မှတ်လိုက်ရင်လည်း ရိပ်ခနဲ ကုန်ပျက်သွားတာ၊ ကိုပြန်မြင်နိုင်ပါတယ်။

နောက်တော့ - ဖောင်းတယ်လို့ မှတ်လိုက်ရင်၊ ဖောင်းတဲ့အမူအရာလေး ရိပ်ခနဲ - ကုန်ပျက် - မှတ်သိ စိတ်လည်း ကုန်ပျက်။

- ပိန်တယ်လို့ မှတ်လိုက်ရင်၊ ပိန်တဲ့အမူအရာလေး ရိပ်ခနဲ - ကုန်ပျက်- မှတ်သိ စိတ်လည်း ကုန်ပျက်။
- ထိုင်တယ်လို့ မှတ်လိုက်ရင်၊ ထိုင်တဲ့အမူအရာလေး ရိပ်ခနဲ - ကုန်ပျက် -

မှတ်သိ စိတ်လည်း ကုန်ပျက်။

- မှတ်စရာအာရုံ ရုပ်တရားလဲမမြဲဘူး။
  မှတ်သိစိတ်လည်း မမြဲဘူးလို့ ညာဏ်ထင်သွားပါတယ်။
- မမြဲဘူးလို့ ညာဏ်ထင်သွားတော့ - တွေ့ဝေတဲ့ မောဟ - မရှိတော့ပါ။
  ပါယ်ပြီးသား ဖြစ်သွားပေတယ်။
- ဝိပဿနာညာဏ်နဲ့ မောဟသည် - ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်ပေသည်။
  အပျက်ကိုမြင်သွားတဲ့ ဘင်ညာဏ်က - မောဟပါယ်လိုက်ပါသည်။

ဥပေက္ခာဝေဒနာမှာ ကိန်းနေတဲ့မောဟကို ဘင်ညာဏ်ကပါယ်လိုက်ပါသည်။

ကုန်ပျက်တာတွေကို မြင်အောင်ရှုမှတ်လိုက်တော့၊ မမြဲဘူးဆိုတာ သိသွားရပါတယ်။

မောဟကိုပါယ်ပြီးသား၊ အဝိဇ္ဇာကိုပါယ်ပြီးသား ဖြစ်သွားပါတယ်။

တရားတွေ ထူးထူးခြားခြားတက်သွားဘို့၊ တရားထူးတရားမြတ်တွေရဖို့ရာ ဖြစ်ပေသည်။

အထက်ပါတို့မှာ၊ ဒုက္ခ ဝေဒနာ၊ သုခ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာ၊ ရှုမှတ်ပုံများဖြစ်ပါသည်။

(၄) ဝိညာဏ် (စိတ်) ကို ရှုမှတ်ပုံ။

တရားရှုမှတ်ခါစ၊ စိတ်ကလေးဟိုရောက်ဒီရောက်၊ ဘုရားရောက် ကျောင်းရောက်၊ ထွက်သွားတတ်ပါသည်။ စိတ်ကူးတယ် ကြံစည်တယ်၊ စိတ်ထွက်တယ်၊ ဟုရှုမှတ်ရပါသည်။

ဘာကိုရှုမှတ်တာလဲဆိုရင် - ဝိညာဏ် - ကို ရှုမှတ်တာဖြစ်ပါတယ်။ ရှုမှတ်ခါစမှာ သိပ်မထင်ရှားသေးပါ။

သမာဓိညာဏ်အား အသင့်အတင့်ရှိလာတဲ့အခါ၊ လေးငါးချက်လောက် ရှုမှတ်လိုက်တဲ့အခါ၊ ဒီစိတ်ကူး ကြံစည်မှုလေး၊ ပျောက်ပျောက်ပြီးသွားတာ ထင်ရှားလာပေသည်။

နောက်သမာဓိညာဏ် ရင့်ကျက်ထက်သန်အားရှိလာပြီး၊ ဘင်ညာဏ်ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်ကျတော့၊ စိတ်ကူးတယ်၊ ကြံစည်တယ်လို့ ရှုမှတ်လိုက်ရင်၊ စိတ်ကူးကြံစည်တဲ့ စိတ်ကလေး၊ ရိပ်ခနဲ ရိပ်ခနဲ ကုန်ပျက်၊ ကုန်ပျက်သွားတာ၊ တစ်ချက်မှတ်၊ တစ်ချက်၊ ရှေ့စိတ်ကလေး- ကုန်ပျက်၊ ကုန်ပျက်တာကို၊ မြင်ပြီးတဲ့အပြင် မှတ်သိစိတ်ပါနောက်က လိုက်လိုက်ပြီး၊ ကုန်ပျက်ကာမြင်သွားပါတယ်။

မှတ်စရာအာရုံလည်းမမြဲဘူး၊

တွေ့သိကြားသိစိတ်လည်း မမြဲဘူး၊

မှတ်သိစိတ်လည်း မမြဲဘူး၊

ဆိုတဲ့ (၃) ချက်ကို ညာဏ်ထင်သွားပါတယ်။

မမြဲဘူးဆိုတာ - အနိစ္စပါ။

ကုန်ပျက် ကုန်ပျက်တာတွေ လျှင်မြန်အားကြီးတော့၊ နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲပါလား၊ ဒုက္ခပါ။

ဒီလိုကုန်ပျက်နှိပ်စက်နေတဲ့ ဆင်းရဲတွေ ဘယ်လိုများ ကာကွယ်လို့ရပါ့မလဲ၊ ဘယ်လိုမှ ကာကွယ်လို့မရပေဘူး။ သူသဘောအတိုင်း - သူ - ကုန်ပျက်နှိပ်စက်နေတာပါဘဲ။

ကိုယ်အစိုးမရပါလား၊ အနတ္တပါ။

အထက်ပါအတိုင်း ဝိညာဏ်စိတ်ကို - စိတ္တာနုပဿနာသတိပဋ္ဌာန်အနေနဲ့ ရှုမှတ်နိုင်ပါပြီ။

(၅) "ခတ္တာရော မဟာဘူတာ" - အရ - ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော တို့ကို - ရှုမှတ်ပုံ။

(က) "ပထဝီဓါတ်၏ သဘော"

- ထိုင်ရတာ-မာတင်းနေခြင်း။
- ကြမ်းတမ်းတာ၊ ခက်မာတာ၊ (ထက်တဲ့ပထဝီ)
- အောက်က တုတ်ချောင်းကြီးတစ်ခု၊ ခုထားသလို မာနေတာမျိုး၊
- ချောချောညက်ညက်ပေါ်ထိုင်နေရသလို၊ ဆိုဖာပေါ်ထိုင်နေရသလို၊
- ချောညက်တာ၊ (နုတဲ့ ပထဝီ)
- ပေါ့တာလေးတာ။

(ခ) "အာပေါဓါတ်၏ သဘော"

- နှာရည်တွေယိုကျတာ၊ မျက်ရည်ယိုကျနေတာ - ငိုလည်းမငိုချင်ဘဲနဲ့။
- ချွေးတွေထွက်နေတာ၊
- ယိုစီးတယ် ယိုစိမ့်တယ်ဟု ရှုမှတ်ရပါသည်။

(ဂ) "တေဇောဓါတ်၏ သဘော"

- ခန္ဓာကိုယ်က - ပူနေတယ်
- တစ်နေရာက - ကွက်ပြီးတော့ ပူနေတယ်။ အခြားတစ်နေရာက - အေးနေတယ်။
- တေဇောဓါတ်ရဲ့ သဘောကို- ရှုမှတ်နေတာဖြစ်။

(ဃ) "ဝါယောဓါတ်၏ သဘော"

- ဝါယောကတော့ တရားရှုမှတ်တဲ့အခါ အသုံးအကျဆုံးဖြစ်ပေသည်။
- ဝါယောက အထင်ရှားဆုံးဖြစ်၍ ရှုမှတ်ရတာလဲ - အများဆုံးဖြစ်ပါသည်။

(ဃ) (၁) ထောက်ကန်တာ၊ တောင့်တင်းတာ၊ လျှော့သွားတာ၊ ဝါယောဓာတ်၏လက္ခဏာ။

- ဖောင်းတာလို့ မှတ်လိုက်တဲ့အခါ - တောင့်တင်းတာ - ထင်ရှားတာပါ။
- ပိန်တာလို့ မှတ်လိုက်တဲ့အခါ - လျှော့သွား- လှုပ်သွားတာ ထင်ရှားတာပါ။

(ဃ) (၂) သမ္မ သနညာဏ် - ရောက်လာတဲ့အခါ ယောဂီပုဂ္ဂိုလ်များ၊ ယိမ်းနေတာ၊ ယိုင်နေတာ၊ ရွေ့သွားတာ၊ ထိန်းလို့မရတာ - ထင်ရှားတွေ့လာရပါသည်။

- ညွတ်လည်းညွတ်တယ်၊ ကြမ်းထိအောင် ညွတ်တယ်၊ များများ ညွတ်ကျလေ - များများ မှတ်နိုင်လေ - တရားမြန်မြန်တက်လေ -
- ဘယ်လိုမှတ်ရပါ့မလဲ - ဆိုရင်

တရွေ့က တရွေ့ လိုက်မပါ၊ ကုန်ပျက် - ကုန်ပျက်သွားတာကို စိတ်ကညွတ်ပြီး၊ ရွေ့ရွေ့ သွားတာလေးကို မီအောင် ရှုမှတ်ရမယ်။

မီအောင်ရှုမှတ်နိုင်လျှင် မကြာခဏပဲ၊ ရွေ့တာတွေ ပျောက်ပျောက်သွားတာကို၊ တွေ့မြင် ပြီး တရားတွေ တက်သွားနိုင်ပေသည်။

(ဃ) (၃) "သူလိုရာဘက် တွန်းလျှင်ဆောင်သည်"

- သူလိုရာဘက်ကို- တွန်းတာ ဆွဲတာ-ရှိပါတယ်။
- နောက်ကိုလဲ ဆွဲချ၊ ဘေးကိုလဲဆွဲချ၊ ဝါယောဓါတ်သဘောတွေပါ။
- စကြ်ံလမ်းမတည့်တော့ပါ။ ကိုယ်အစိုးမရတော့၊
- ကိုယ်ဖြစ်ချင်သလို မဖြစ်တော့ဘဲ ဓါတ်သဘောတွေ - သူ့သဘောအတိုင်းသူ - ဖြစ်နေတာဘဲ။ ကိုယ်အစိုးမရဘူး-ဆိုတာ ထင်ရှားပါတယ်။

(၆) စိတ္တစေတသိကာ ဓမ္မာစိတ္တသမုဋ္ဌာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော -

"ဓမ္မနုပဿနာ သတိပဋ္ဌာန်ရှုမှတ်ပုံ"

စိတ်စေတသိတ်တရားတွေက - စိတ္တဇရုပ်ကို -ကျေးဇူးပြုနေတာဖြစ်တယ်။ ဝိပဿနာရှုကွက်ဘဲ ဖြစ်ပါတယ်။

- စကြ်ံလျှောက်တဲ့အခါ - ထင်ရှားလှပါတယ်။
- ဂ္ဂရိယာပုတ်ကြီး (၄) ပါး မှာလည်းထင်ရှားလှပါတယ်။
- ထိုင်ရာကနေ ထရတော့မယ်ဆိုရင် -

သမာဝိညာဏ်အခြေခံရှိတဲ့ ပုဂ္ဂိုလ်များ၊ ထိုင်ပြီး တရားရှုမှတ်လို့ အချိန်စေ့လို့ - မတ်တပ်ထရတော့မယ်ဆိုရင်၊ ------၊ အမြန်မထလိုက်ပါဘဲနဲ့ ခေတ္တခဏစောင့်ဆိုင်းနေပြီး - မိမိစိတ်ကို အာရုံပြုကြည့်လိုက်တဲ့အခါ

- ထချင်တဲ့စိတ်တွေ - ထင်ရှားနေပါတယ်။

ထင်ရှားတော့ - "ထချင်တယ်၊ ထချင်တယ်" ဟုရှုမှတ်ရပါတယ်။

ထတဲ့အမူအရာပေါ်တော့ - "ထတယ်၊ ထတယ်" ဟု ရှုမှတ်ရပါတယ်။

ထချင်တဲ့စိတ်ကြောင့် (စိတ္တဇဝိညာဏ်ကြောင့်) ဖြစ်တဲ့ -

လေတွေကတွန်းကန်လိုက်လို့=(စိတ္တဇဝါယော)

ထလိုက်တဲ့အမူအရာပေါ်တော့ = စိတ္တဇရုပ် = စိတ္တသမု ဌာနံ ရူပါနံ။

ထတယ်၊ ထတယ်လို့ = ဓမ္မာနုပဿနာ သတိပဋ္ဌာန်၊

ရှုမှတ်ပါ = ရှုမှတ်စိတ်

- ခေါင်းကိုယ်ခြေလက် - ပုံသဏ္ဌာန်များကိုလည်း ခွာလို့ရပြီ၊
- အပေါ်သို့ တရွေ့ပြီး တရွေ့ရွေ့တက်တဲ့ သဘောနဲ့ အစဉ် - သန္ဓတိပစ္စုပ္ပန် တို့ကို မိနိုင်သမျှ မီအောင် စူးစိုက်လို့ရသွားပြီ - လို့ဆိုရင် ပေါ့ပေါ့ပြီး - ရွေ့တက်သွားတာ ထင်ရှားပါတယ်။

ထချင်တယ် - ထချင်တယ် လို့မှတ်တာ = စိတ္တစေတသိကာဓမ္မာ

ထတယ် - ထတယ် လို့မှတ်တာ = စိတ္တသမု ဌာနံ ရူပါန

သွားချင်လို့ - သွားချင်တယ် - သွားချင်တယ် လို့မှတ်တာ = စိတ္တစေတသိကာ ဓမ္မာ

ဘယ်လှမ်းတယ် - ညာလှမ်းတယ်

ကြွတယ်၊ လှမ်းတယ်၊ ချတယ် = စိတ္တသမု ဌာနံ ရူပါန

ထို့အတူပါဘဲ - ရပ်ချင်တဲ့ စိတ်နဲ့ ရပ်တဲ့ အပြုအမူ။

- ရပ်ရာမှ ထိုင်ချင်တဲ့ စိတ်နဲ့ ထိုင်ချတဲ့ အပြုအမူ။ စသည်တို့ကို ပညတ်များ ခွာ၍ - ပရမတ်တရား သဘောသက်သက်တို့၏ ကုန်ပျက်သွားမှုတို့ကို ဘင်္ဂဉာဏ်တွင် ရှုမှတ်နေရပါမည်။

(၁) ဟေတုပစ္စည်းဖြင့် ဘင်္ဂဉာဏ်ရှုမှတ်ပုံ

နာမ်အကြောင်းတရားက နာမ်နှင့်ရုပ်အကျိုးတရားတို့ကို ကျေးဇူးပြုခြင်းဖြစ်ပါသည် -

ခန္ဓာငါးပါးရုပ်နာမ်တရားတွင် ပစတ္ထိအချိန်မှ စုတေသည့်ကာလအထိ အခြေအမြစ်ကဲ့သို့ ကျေးဇူးပြုပါသည်။

(၁) - ဟိတ် ခြောက်ပါးက အကြောင်းတရား။

(၂)(က) - ဟိတ်ခြောက်ပါးနှင့်ယှဉ်တဲ့ သဟိတ်စိတ် - ၇၁ ပါး။ စေတသိတ် ၅၂ ပါးတို့က ပစ္စယုပ္ပန်တရား

(ခ) - သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့က၊ ပစ္စယုပ္ပန်တရား၊

(ဂ) - သမ္မယုတ္တကွန္ဓာနှင့် သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တွေက အကျိုးပစ္စယုပ္ပန်တရားတို့ ဖြစ်ကြပါတယ်။

ဟေတုပစ္စယောတိ

ဟေတု၊ လောဘ၊ ဒေါသ၊ မောဟ၊

အလောဘ၊ အဒေါသ၊ အမောဟတရားတို့သည်

ဟေတုသမ္မယုတ္တာနံ ဓမ္မာနဉ္စ = ဓမ္မာနုပဿနာသတိပဋ္ဌာန် = ပျက်

တံ သမုဋ္ဌာနာနံ ရူပါနဉ္စ ကာယာနုပဿနာသတိပဋ္ဌာန် = ပျက်

ဝိပဿနာညာဏ်စဉ်တွေ အဆင့်ဆင့်မြင့်တင်လာပြီး၊ ဘင်္ဂဉာဏ်သို့ရောက်သည်ရှိသော်၊

ဖောင်းတယ်လို့ မှတ်လိုက်တဲ့အခါ၊ အဆင့်ဆင့်ဖြစ်ပြီးတော့-ပျက်သွား၊ ဖြစ်ပြီးတော့-ပျက်သွားတာ ညာဏ်ထင်တွေ့လာပါတယ်။

ပိန်တယ်လို့ မှတ်လိုက်တဲ့အခါ၊ အဆင့်ဆင့်ဖြစ်ပြီးတော့-ပျက်သွား၊ ဖြစ်ပြီးတော့-ပျက်သွားတာ ညာဏ်ထင် တွေ့လာပါတယ်။

ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ မှတ်လိုက်တဲ့အခါမှာလည်း၊ အဆင့်ဆင့်ဖြစ်ပြီးတော့ - ပျက်သွား၊ ဖြစ်ပြီးတော့ - ပျက်သွားတာ ညာဏ်ထင်တွေ့လာပါတယ်။

အလျှင်အမြန်ဖြစ်ပြီးတော့ ပျက်သွား၊ ဖြစ်ပြီးတော့ပျက်သွားတော့၊ မမြဲပါလား၊ မမြဲပါလားလို့ - ဉာဏ်ထင် လာပါတယ်။ အနိစ္စလို့သိတာပါ။

ဖြစ်တာပျက်တာတွေက လျှင်မြန်အားကြီးတော့ နှိပ်စက်နေသကဲ့သို့ ဆင်းရဲပါလားဟု ဉာဏ်ထင်လာပါသည်။ ဒုက္ခ-ဖြစ်ပါသည်။

ဒီလိုဖြစ်ပျက်နှိပ်စက်နေတဲ့ ဆင်းရဲတွေ ဘယ်လိုများ- ကာကွယ်လို့ရပါမလဲ၊ ဘယ်လိုမှကာကွယ်လို့ မရပါဘူး၊ သူ့သဘောအတိုင်းသူ-ဖြစ်ပျက်နှိပ်စက်နေတာဘဲ၊ ကိုယ်အစိုးမရပါလားဟု ဉာဏ်ထင်လာပါသည်။ အနတ္တ ဖြစ်ပါသည်။

အနိစ္စ ဒုက္ခ အနတ္တတွေ မြင်သွားပါတယ်။

အနိစ္စ ဒုက္ခ အနတ္တတွေ မြင်တော့ လောဘ၊ ဒေါသ၊ မောဟ မကောင်းတဲ့ ဟိတ် (၃) ပါးကို ပယ်ပြီးသား ဖြစ်သွားပါတယ်။

ကောင်းတဲ့ဟိတ် (၃) ပါးက အဆင့်ဆင့်တိုးပွားလာပါတယ်။

မကောင်းတဲ့ဟိတ်တွေကို ပါယ်ရပေမည်။ ကောင်းတဲ့ဟိတ်တွေကိုလည်း တိုးပွားရရှိစေရပေသည်။ ဉာဏ်စဉ်အဆင့်ဆင့်ရှုမှတ်ပြီးနောက်၊

အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဉာဏ်အမြင်တွေ ပိုင်သွားတဲ့အခါ၊ ယောဂီများ၊ နိဗ္ဗာန်စခန်းသို့ ရောက်ရှိသွားမည်ဖြစ် ပါသည်။

✹✹✹✹✹✹✹✹✹✹✹✹✹✹✹

(၂) အာရမ္မဏပစ္စည်းဖြင့် ဘင်္ဂဿင်္ဂမတ်ပုံ

ရုပ်အာရုံ ၅-ပါး ပစ္စည်းတရားဖြင့် အာနာပါနပဗ္ဗ သတိပဋ္ဌာန်ကို ရုပ်နာမ်တို့၏ ရှိဆဲ အပျက်တရား တို့ဖြင့် ရှုမှတ်လျှက်ရှိပါသည်။ ရက်ပေါင်း နေ့ည အဆတ်မပြတ် အိပ်ချိန်မှလွဲ၍ ကျန်ရှေ့ ၅-ပါး သမာဓိပညာ စသည်တိုးတက် ခိုင်မြဲလျှက် တစ်စိတ်တစ်အာရုံဖြင့် ပရမတ် ရုပ်နာမ်တို့၏ ဘင်္ဂအပျက်သဘောမျှကို စိတ်ညွှတ်လျှက် ကြိုးစား အားထုတ်နေလျှက်ရှိပါသည်။

ပရမတ်ရုပ်နာမ်တို့၏ ရှိဆဲ ဖြစ်ဆဲမှာပင် ဖြစ်-ပျက် သဘောကို ဥဒယဗ္ဗယညာဏ်တွင် ရှုမှတ်ရာမှ အာသေဝန ပစ္စည်းသဘောတရားတို့ကြောင့် ဝိပဿနာ သမာဓိရင့်သန်ပြည့်စုံလာပြီး ရှေးရှေးက ရှုမှတ်ခဲ့တဲ့ ဝိပဿနာ ကုသိုလ်တွေက နောက်နောက်မှာ ဖြစ်တဲ့ ဝိပဿနာ ကုသိုလ်တွေကို အဆင့်ဆင့် ထုံမွှန်းသော သတ္တိကြောင့် ရုပ်နာမ် အပျက်သာ ညာဏ်တွေသိရသော ဘင်္ဂညာဏ်သို့ ရှုမှတ်နေပြီ ဖြစ်ပါသည်။

ဖေါဋ္ဌဗ္ဗာယတနံ = ဝါယောအတွေ့သည် = ကာယာနုပဿနာ= အပျက်၊ ရှုမှတ်မှု
ကာယဝိညာဏဓါတာယာ = ထိသိစိတ် = ဓမ္မာနုပဿနာ = အပျက်၊ ရှုမှတ်မှု
တံသမ္ပယုတ္တကာနံ ဓမ္မာနဉ္စ= ယှဉ်သောစေတသိတ် = စိတ္တာနုပဿနာ = အပျက်၊ ရှုမှတ်မှု
ဝင်လေထွက်လေကိုနှလုံးသွင်း = ဝေဒနာနုပဿနာ= အပျက်၊ ရှုမှတ်မှု

သစ္စာတရားဖြင့် ရှုမှတ်နေမည်ဆိုပါက

ဝင်လေသိ	= ပျက်	=	ဒုက္ခသစ္စာ	= အပျက်နှင့်မဂ်
ထွက်လေသိ	= ပျက်	=	ဒုက္ခသစ္စာ	= အပျက်နှင့်မဂ်
ဝင်လေသိ	= ပျက်	=	သမုဒယသစ္စာ	= အပျက်နှင့်မဂ်
ထွက်လေသိ	= ပျက်	=	သမုဒယသစ္စာ	= အပျက်နှင့်မဂ်

ရုပ်နာမ်တို့ရှိဆဲ၏ အပျက်နှင့် ရှုမှတ်မှု မဂ်တို့ကို ပဟာနပရိညာဖြင့် ပွါးများရှုမှတ်နေပါက ထင်ရှား သော အပျက် ဘင်္ဂညာဏ်ကို ထက်သန်တွေ့မြင်ရမည်ဖြစ်ပါသည်။

ဘင်္ဂညာဏ်သို့ ရောက်တဲ့အခါကျတော့ ရုပ်နာမ်တရားတို့၏ ဖြစ်တာကတော့ မထင်ရှားတော့ပါ။ ပျက်ပျက်သွားတာပဲ ထင်ရှားပါသည်။

ဝင်လေသိတယ်လို့ မှတ်လိုက်ရင် ထိသိစိတ်ကလေး ကုန်ပျက်သွားတာ ယောဂီများ သမာဓိညာဏ် ရင့်ကျက်လာတဲ့ ပုဂ္ဂိုလ်များ မြင်ကြပါတယ်။

ထိသိစိတ်၏ ကုန်ပျက်တာတွေကို ပကတိသော မျက်စိဖြင့် မြင်ရသလို ထင်ထင်ရှားရှား တွေ့ကြ ရပါတယ်။

- တနည်းအားဖြင့် ဖေါင်းတယ်လို့ မှတ်လိုက်ရင်၊ ဖေါင်းတဲ့ အမူအယာလေး ရိပ်ခနဲ ကုန်ပျက်သွား တာ၊

- ပိန်တယ်လို့ မှတ်လိုက်ရင်လည်း ပိန်တဲ့အမူအရာလေး ရိပ်ခနဲ ကုန်ပျက်သွားတာ၊

- ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ မှတ်တဲ့အခါမှာလည်း ကြွတဲ့ လှမ်းတဲ့ ချတဲ့ အမူအယာလေးတွေ ရိပ်ခနဲ ကုန်ပျက်သွားတာ၊ စသည်တို့ကို သမာဓိညာဏ် အခြေခံ ရင့်ကျက်လာတဲ့ ယောဂီများ ကိုယ်တိုင်

တွေ့ရပါတယ်။

ကုန်ပျက်သွားတာ မြင်ရတော့ မမြဲဘူးဆိုတာလဲ သိနေရပါတယ်။

နောက်သမာဓိညာဏ်တစ်ဆင့် ရင့်ကျက်အားရှိ ထက်သန်လာတဲ့အခါ၊

(၁) မှတ်စရာအာရုံသာ ကုန်ပျက်ကုန်ပျက်သွားတာ မဟုတ်ဘူး။

(၂) မှတ်သိစိတ်ပါ ကုန်ပျက်ကုန်ပျက်သွားတာကို တစ်ဆင့် မြင်ကြပြန်ပါသည်။ ညာဏ်ထက်တဲ့ ယောဂီများ ၁၀-ရက်လောက်အတွင်းမှာပဲ အဲဒီလို ကုန်ပျက်တာ မြင်ကြရပါသည်။

ကုန်ပျက်တာတွေ မြင်တဲ့အခါ၊ ဒွါရ ၆-ပါးကနေလှည့်ပြီး ရှုလို့ ရသွားတတ်ပါတယ်။ သမာဓိညာဏ် အားကောင်းတဲ့ ပုဂ္ဂိုလ်တွေဟာ-

- မျက်စိကလည်း - မြင်တယ်- ပျက်တယ်လို့ - ရှုမှတ်လို့ရသွားပါတယ်။
- နားကလည်း - ကြားတယ်- ပျက်တယ်လို့ - ရှုမှတ်လို့ရသွားပါတယ်။
- နှာခေါင်းကလည်း - နံတယ်- ပျက်တယ်လို့ - ရှုမှတ်လို့ရသွားပါတယ်။
- လျှာကလည်း - စားတယ်- ပျက်တယ်လို့ - ရှုမှတ်လို့ရသွားပါတယ်။
- စိတ်ကလည်း - ကြံစည်တယ်- ပျက်တယ်လို့ - ရှုမှတ်လို့ရသွားပါတယ်။

အထူးသဖြင့် နားကရတဲ့ ပုဂ္ဂိုလ်က များပါတယ်။ မျက်စိကရတဲ့ ပုဂ္ဂိုလ်က နည်းလှပေသည်။

စွဲလမ်းစရာ အာရုံတွေကြောင့် စိတ်ကူးကြံစည်မှုလေးတွေ ဖြစ်လာတယ်ဆိုလို့ရှိရင်၊ "စိတ်ကူးတယ်-ကြံစည်တယ်"လို့ မှတ်လိုက်တဲ့အခါ စိတ်ကူး ကြံစည်မှုလေးတွေ တစ်ချက်မှတ် တစ်ချက်ပျောက် တစ်ချက်မှတ် တစ်ချက်ကုန်ပျက်သွားတာ

သမာဓိညာဏ်အားကောင်းတဲ့ ပုဂ္ဂိုလ်တွေ တွေ့ကြရတယ်။

ဘင်္ဂါညာဏ်ထက်သန်ပွါးများတဲ့ ယောဂီဟာ မကြာမြင့်မီမှာပင် သမာဓိအားများ တိုးပွါးမြင့်တက်၍ မဂ္ဂင်သောင်ကမ်းသို့ ကူးရောက်သွားမှာ ဖြစ်ပါတယ်။

××××××××××

ပဋ္ဌာန်းနှင့် ဝိပဿနာ ရှုမှတ်ပုံ

ပဋ္ဌာန်းပစ္စည်းတစ်ခုနှင့် သတ္တိသဘော၊ တူရာဌာန်းပစ္စည်းများ

(၁) ပုရေဇာတပစ္စည်း။
- ရုပ်ကနာမ်ကို ကျေးဇူးပြုခြင်းဖြစ်သည်။ ရှေ့ကဖြစ်ခြင်းသည် အကြောင်းသတ္တိဖြစ်၏။
- သဘောတူညီသော ပဋ္ဌာန်းပစ္စည်းမှာ နိဿယပစ္စည်းဖြစ်သည်။

(၂) သဟဇာတပစ္စည်း။
- နာမ်ရုပ်က နာမ်ရုပ်ကို ကျေးဇူးပြုခြင်း ဖြစ်သည်။
- နာမ်တစ်ပါးက အကြောင်းဖြစ်လျှင် ကျန် ၃ ပါးက အကျိုးဖြစ်သည်။
- ရုပ်တစ်ပါးက အကြောင်းဖြစ်လျှင် ကျန် ၃ ပါးက အကျိုးဖြစ်သည်။
- တူညီသော သဘောရှိသော အခြားပဋ္ဌာန်းပစ္စည်းများမှာ၊
  ၃ = အဓိပတိပစ္စည်း။ ၇ = အညမညပစ္စည်း။ ၈ = နိဿယပစ္စည်း။
  ၉ = ဥပနိဿယပစ္စည်း။ ၁၅ = အာဟာရပစ္စည်း။ ၁၆ = ဣန္ဒြိယပစ္စည်း။
  ၂၀ = ဝိပ္ပယုတ္တပစ္စည်း။ ၂၁ = အတ္ထိပစ္စည်း။ ၂၄ = အဝိဂတပစ္စည်း။

(၃) ဟေတုပစ္စည်း။
- နာမ်က နာမ်ရုပ်ကို ကျေးဇူးပြုခြင်းဖြစ်ပါသည်။
- သဘောတူညီသော အခြားပဋ္ဌာန်းပစ္စည်းများ -
  ၁၃ = ကမ္မပစ္စည်း။ ၁၄ = ဝိပါကပစ္စည်း။
  ၁၇ = စျာနပစ္စည်း။ ၁၈ = မဂ္ဂပစ္စည်း။

(၄) အာရမ္မဏပစ္စည်း
- နာမ်+ရုပ်+ပညတ်က နာမ်ကို ကျေးဇူးပြုခြင်းဖြစ်ပါသည်။
- သဘောတူညီသော အခြားပဋ္ဌာန်းပစ္စည်းများမှာ -
  ၉ = ဥပနိဿယပစ္စည်း။

ပူးတွဲဖော်ပြပါ ဇယားချုပ်ကို ကြည့်ရှုနိုင်ပါသည်။

ပဌာန်းပစ္စည်းနည်း။ သင်္ကြိုလ်သင်နည်းသစ် စာ -၁၇၂
တရားအချုပ် - နာမ်ရုပ်၊ နိဗ္ဗာန်၊ ပညတ်

ပစ္စည်း

(၁) ဓမ္မတုပစ္စည်း

ပစ္စည်း စိတ်	ပစ္စယုပဒါန် ၇၁ စိတ်
စေတသိက် ၆	၅၂ စေတသိက်
ရုပ်	က- စိတ္တဇ
ပညတ်	ခ-ကမ္မဇ

နာမ်ကနာမ်+ရုပ်၊ ၁၃,၁၄,၁၇,၁၈

(၂) အာရမ္မဏပစ္စည်း

၈၉	၈၉
၅၂	၅၂
၂၈	

နာမ်+ရုပ်+ပညတ်ကနာမ် ကို။ ၉

(၃)သဟဇာတပစ္စည်း

၈၉/-/၁	၈၉/-/၁
၅၂/-/၃	၅၂/-/၃
ဟဒယ/၄/-	ဟဒယ/၄/+.

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၇,၈,၉,၁၅,၁၆,၂၁,၂၁,၂၄

(၄)အညမညပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို=၄,၁၂,၁၉,၂၂,၂၃

(၅)နိဿယပစ္စည်း

၈၉	၈၉
၅၂	၅၂
၂၈	

နာမ်+ရုပ်+ပညတ်ကနာမ်ကို=၂

(၁၀) ပုရေဇာတပစ္စည်း

	၅၆
	၅၁
၁၈	

ရုပ်ကနာမ် ကို = ၈

(၁၁) ပစ္ဆာဇာတပစ္စည်း

၃၆	၃၆
၃၈	၃၈
	(က)စိတ္တဇရုပ် (ခ)ကမ္မဇရုပ်

နာမ်ကနာမ်+ရုပ်။ ၁,၁၃,၁၇,၁၈

(၁၂) ကမ္မပစ္စည်း

၃၆	
၃၃	၃၈
	ကမ္မဇရုပ်

နာမ်ကနာမ်+ရုပ်။ ၁,၁၄,၁၇,၁၈

(၁၃)ဝိပါကပစ္စည်း

၃၆	၃၆
၃၈	၃၈
	(က)စိတ္တဇရုပ် (ခ)ကမ္မဇရုပ်

နာမ်ကနာမ်+ရုပ်။ ၁,၁၃,၁၇,၁၈

(၁၄)ဗျာနပစ္စည်း

၇၉	
၅	၅၂
	(က)စိတ္တဇရုပ် (ခ)ကမ္မဇရုပ်

နာမ်ကနာမ်+ရုပ်။ ၁,၁၃,၁၄,၁၈

(၁၅) မဂ္ဂပစ္စည်း

	၇၁
၉	၅၂

နာမ်ကနာမ်+ရုပ်ကို။ ၁,၁၃,၁၄,၁၇

(၂၁) အတ္ထိပစ္စည်း

၈၉	၈၉
၅၂	၅၂
၁၈	

နာမ်+ရုပ်ကနာမ်+ရုပ်ကို။(၆),(၁၀)

(၂၂) နတ္ထိပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို= ၄,၅,၂၃,၁၂,၁၄

၃(ခ)

၁	၅၂		
၃	၅၁		
	သာဓိပတိ စိတ္တဇရုပ်		

၂၁(ခ)စိပ္ပယုတ္တပစ္စည်း

ပဋိဃဝါပဒို့နေ့	ပဋိဃဝါပဒို့သန့်နေ့
ဟဒယ	ဟဒယ

နိဗ္ဗာန်ကိစ္စပါတာ =(၂), (၃)

ပညတ်ကိစ္စပါက=(၂), (၉) / ပစ္စယုပ္ပန်မှာနိဗ္ဗာန်မှ မဓေတွရေသေး။

ပဋ္ဌာန်းပစ္စည်းနည်း။ သင်္ကြိုလ်သင်နည်းသစ် စာ -၁၇၂
တရားအချုပ် - နာမ်ရုပ်၊ နိဗ္ဗာန်၊ ပညတ်

(၃)အနန္တရပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို ။ ၅,၁၂,၁၉,၂၂,၂၃

(၄)အနန္တရူပနိဿယပစ္စည်း

	၈၅.၄၃
	၅၆.၄၄
၆/ဟဒယ	

ရုပ်ကနာမ်ကို ။ =၁၀

(၅)သမနန္တရပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို။ ၄,၅,၁၉,၂၂,၂၃

(၆)သဟဇာတပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို။ ၄,၅,၁၂,၂၂,၂၃

(၇)အညမညပစ္စည်း

၈၉/-/၁	၈၉/-/၁
၅၂/-/၃	၅၂/-/၃
./-/၄/ဟဒယ	./+/ ./၄/ဟဒယ

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၆,...

(၈)နိဿယပစ္စည်း

	၈၅.၄၃
	၅၆.၄၄
၆/ဟဒယ	

ရုပ်ကနာမ်ကို ။ =၁၀

(၉)အာသေဝနပစ္စည်း

၄၇	၅၁
၅၂	၅၂

နာမ်ကနာမ်ကို ။ ၄,၅,၁၉,၂၂,၂၃

(၁၀)ပဏ္ဍာဇာတပစ္စည်း

၈၅	
၅၂	
	ဇ-ကာယဒွဒ

နာမ်+ရုပ်ကို။

(၁၁)အာဟာရပစ္စည်း

၁	၂၈

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၆,၇,၁၆

(၁၂)ဣန္ဒြိယပစ္စည်း

	၁၀
	၇
၅	

နာမ်+ရုပ်ကနာမ်+ရုပ်ကို။ ၃,၆,၇,၂၀,....

(၁၃)ဈာနပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို။ ၄,၅,၁၂,၂၂,၂၃

(၁၄)မဂ္ဂပစ္စည်း

၇၅	
၅၂	

နာမ်ကရုပ်ကို၊နာမ်ကနာမ်+ရုပ်ကို။ ၃,၆,၇,၁၅,

(၁၅)ဝိပ္ပယုတ္တပစ္စည်း

၈၉	၈၉
၅၂	၅၂

နာမ်ကနာမ်ကို= (၄) ,(၂၂)

(၁၆)အတ္ထိပစ္စည်း

၈၉	၅၂
၈၉	၅၂
၁၈	


နာမ်+ရုပ်ကနာမ်+ရုပ်ကို။ (၂၁)+(၆)+(၁၀)

(၁၆)(က) ၁ ၅၂ (ခ) ၁ ၅၂
(၁၆)(ခ) ၃ ၅၁ ၃ ၅၁

သာဓိပတိ စိတ္တဇရုပ် | သာဓိပတိ စိတ္တဇရုပ်

၁၅(ခ)အာဟာရပစ္စည်း

၁	၈၉
၂	၅၂
	(က)စိတ္တဇရုပ် (ခ)ကမ္မဇရုပ်


ကျေးဇူးရှင်
မင်းကွန်းဆရာတော်
၏
ဝိသုဒ္ဓိ-၇-ပါး
မင်းကွန်းသွား
မင်းကွန်းတိုက်အုပ် ● အရှင်ဝါဃမ
ရေးသားတော်မူတော်မူသည်။

ဘင်္ဂဉာဏ်

ပဋိပဒါ ဉာဏဒဿနဝိသုဒ္ဓိ

(ရည်ညွှန်း-မင်းကွန်းဆရာတော်အရှင်ဝါယမ၏ ဝိသုဒ္ဓိ- ၇ပါး မင်းကွန်းသွား- စာ ၁၈၆ မှ ၂၀၀ ထိ)

ပဋိပဒါ ဉာဏ ဒဿန ဝိသုဒ္ဓိ၊

ဥဒယဗ္ဗယဉာဏ် အရင့်ကိုပြခန်း။

ဤဥပဒယဗ္ဗယဉာဏ် အရင့်ကစ၍ ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗဒါဉာဏ်, မုဉ္စိကမျိတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်ဟု ဆိုအပ်သော ဝိပဿနာ ဉာဏ်ရှစ်ပါး၊ ကိုးခုမြောက်သော သစ္စာနုလောမိကဉာဏ်ဟူသော အနုလေညာမဉာဏ် တစ်ပါး။ ဤကိုးပါးသော ဉာဏ်ကို ပြည့်စုံစေလိုသော ယောဂီပြဂ္ဂိုလ်သည် ဥပက္ကိလေသာမှ ကင်းလွတ်သော ဥဒယဗ္ဗဉာဏ်ကို ျတိ အားထုတ်အပ်၏။

ဤဥပဒယဗ္ဗယဉာဏ်ကို အားထုတ်ခြင်း၌ အဘယ်အကျိုးရှိသနည်း။ လက္ခဏာ မှတ်ခြင်း၌ အကျိုးရှိ၏။ အကျိုးရှိပုံမှာ နောက်ကပြခဲ့သော ဥပဒယဗ္ဗယဉာဏ် အနုသည်ကား၊ ၁၀-ပါးသော ဝိပဿနုပက္ကိလေသာ တရားတို့ဖြင့် လူးလဲလိမ်းကျံ၍ နေသည်၏အဖြစ်ကြောင့် ဟုတ်တိုင်းမှန်စွာ လက္ခဏာသုံးပါးကို ကောင်းစွာမှတ်ခြင်းငှာ မစွမ်းနိုင်ဘဲ ယခု ဝိပဿနုပက္ကိလေသာမှ လွတ်သော ဥပဒယဗ္ဗယဉာဏ်သည်ကားဦ့ လက္ခဏာကို ကောင်းစွာမှတ်ခြင်းငှာ စွမ်းနိုင်၏။

လက္ခဏာမထင်ပုံ

ရှေ့နောက်အစဉ်စပ်လို့လည်း ဖြစ်ပျက် အနိစ္စမထင်၊
ဣရိယာပုထ် မပြတ်လို့လည်း နှိပ်စက် ဒုက္ခထင်၊
ဃနလေးပါး ကပ်လို့လည်း အစိုးမရ အနတ္တမထင်။

လက္ခဏာထင်ပုံ

ရှေ့နောက် အစဉ်မစပ်လို့လည်း ဖြစ်ပျက် အနစ္စထင်၊
ဣရိယာပုထ်ပြတ်လို့လည်း နှိပ်စက် ဒုက္ခထင်၊
ဃနလေးပါးမကပ်လို့လည်း အစိုးမရ အနတ္တထင်။
ဖြစ်, ပျက်ရုံမျှ အနိစ္စထင်၊
ဖြစ်,ပျက်တဲ့ အခြင်းအရာက အနိစ္စ လက္ခဏာထင်။
နှိပ်စက်ရုံမျှ ဒုက္ခထင်၊
နှိပ်စက်တဲ့အခြင်းအရာက ဒုက္ခလက္ခဏာထင်။
အစိုးမရရုံမျှ အနတ္တထင်၊
အစိုးမရတဲ့ အခြင်းအရာက အနတ္တ လက္ခဏာထင်။

ဒုက္ခကိုပြခြင်း

ဒုက္ခပေါ် ဒုက္ခဆင့်တာက ဒုက္ခ, ဒုက္ခပင်၊
ဒုက္ခပေါ် သုခဆင့်တာက ဝိပရိဏာမ ဒုက္ခပင်
ဖြစ်မှု ပျက်မှု နှိပ်စက်တာက သခါရ ဒုက္ခပင်။
နှိပ်စက်တဲ့ အခြင်းအရာက ဒုက္ခ လက္ခဏာပင်၊
နှိပ်စ်မှု ရှုတာက ဒုက္ခာနုပဿနာပင်။

ဃနမကျေပုံ

အစဉ်တွေ တွဲလို့လည်း အခဲဃန မကျေ၊
အပေါင်းတွေ တွဲလို့လည်း အခဲဃန မကျေ။
အာရုံတွေတွဲလို့လည်း အခဲဃန မကျေ။
ကိစ္စတွေ တွဲလို့လည်း အခဲဃန မကျေ။

ဃနကျေပုံ

အစဉ်တွေ ကွဲလို့လည်း အခဲဃန ကျေ
အပေါင်းတွေ ကွဲလို့လည်း အခဲဃန ကျေ။
အာရုံတွေကွဲလို့လည်း အခဲဃန ကျေ။
ကိစ္စတွေ ကွဲလို့လည်း အခဲဃန ကျေ။

မကျေ ၆ နေရာ

မြင်သောခဏတွဲလို့လည်း အခဲဃန မကျေ၊
ကြားသောခဏ တွဲလို့လည်း အခဲဃန မကျေ၊
နံသောခဏ တွဲလို့လည်း အခဲဃန မကျေ၊
စားသောခဏ တွဲလို့လည်း အခဲဃန မကျေ၊
ထိသောခဏ တွဲလို့လည်း အခဲဃန မကျေ၊
သိသောခဏ တွဲလို့လည်း အခဲဃန မကျေ၊

ကျေ ၆ နေရာ

မြင်သောခဏကွဲလို့လည်း အခဲဃန ကျေ၊
ကြာ သောခဏကွဲလို့လည်း အခဲဃန ကျေ၊
နံသောခဏကွဲလို့လည်း အခဲဃန ကျေ၊
စားသောခဏကွဲလို့လည်း အခဲဃန ကျေ၊
ထိသောခဏကွဲလို့လည်း အခဲဃန ကျေ၊
သိသောခဏကွဲလို့လည်း အခဲဃန ကျေ၊

အနတ္တ လက္ခဏာ

အစိုးမရတာက အနတ္တပင်၊
အစိုးမရတဲ့ အခြင်းအရာက အနတ္တလက္ခဏာပင်
အစိုးမရမှု ရှုတာက အနတ္တာ နုပဿနာပင်။

ဘင်္ဂဉာဏ် အခန်း

ဤသို့ ရှုမှတ်ခိုက်၌ ယောဂီအာရုံမှဦ အသစ်, အသစ်ဖြစ်၍ အဟောင်း, အဟောင်းပျောက်သည် ဖြစ်, ဖြစ်လာ၍ ပျက်, ပျက်သွားသည်။ အစ, အစပေါ်ပြီး၊ အဆုံး, အဆုံးချုပ်သည်ဟု ထင်ပါများသော သူသည် အာရုံ၌ ကုန်တယ်, ပျက်တယ်, ပြိုတယ်, ချုပ်တယ်ဟူ၍သာ မြင်၏။ ထိုသို့ မြင်ရာ၌ ကုန်တာ, ပျက်တာ, ပြိုတာ, ချုပ်တာက အနိစ္စ၊ ကုန်တယ်, ပျက်တယ်, ပြိုတယ်, ချုပ်တယ် ထင်တာက အနိစ္စထင်တာ။ အနိစ္စ ထင်တုန်း နိစ္စပျောက်၊ ဒုက္ခထင်တုန်း သုခပျောက်၊ အနတ္တထင်တုန်း နိစ္စပျောက်၊ ဒုက္ခထင်တုန်း သုခပျောက်၊ အနတ္တထင်တုန်း အတ္တပျောက်၊ ငြီးငွေ့နေတုန်း နန္ဒီပျောက်၊ တပ်မက်ကင်းတုန်း တဏှာပျောက်၊ ချုပ်တာမြင်တုန်း ဖြစ်တာပျောက်၊ ဤသို့ ရှုမှတ်ဆဲသော သူ၏အာရုံမှာ ရေပွက်ကဲ့သို့လည်းကောင်း၊ တံလျှပ်ကဲ့သို့လည်းကောင်း၊ ရေအစဉ်စီးကျသကဲ့သို့လည်းကောင်း၊ မီးအလျှံ တက်ကြွသကဲ့သို့လည်းကောင်း၊ ကုန်သည်, ပျက်သည်, ပြိုသည်, ချုပ်သည်ဟု မပြတ်မြင်၍ နေသည်ကို ဘင်္ဂဉာဏ်ထင်သည်ဟု ဆိုရ၏။

အပျက်ထင်ပုံ

အပျက်မြင်သောကြောင့် အပျက်ထင်၏။
အပျက်ထင်တာက ဘင်္ဂဉာဏ်၊
အပျက်ဆိုတာက ရုပ်နာမ်ပဲ၊
အပျက် ထင်တာက ယောဂီဉာဏ်ပဲ၊

အနုပဿနာ ၇-ပါး

အနိစ္စထင်တုန်း နိစ္စပျောက်၊
ဒုက္ခထင်တုန်း သုခပျောက်၊
အနတ္တထင်တုန်း အတ္တပျောက်၊
ငြီးငွေ့နေတုန်း နန္ဒီပျောက်၊
တပ်မက်ကင်းတုန်း တဏှာပျောက်၊
ချုပ်တာမြင်တုန်း ဖြစ်တာပျောက်၊
တစ်ဖန် စွန့်တုန်း တစ်ဖန်ပျောက်။

ကံ, ကိလေသာကုန်ပုံ

အနိစ္စမြင်တုန်း၊ နိစ္စပျောက်

ပျောက်တဲ့နိစ္စ ဆိုးကောင်းကုန်၊
ကုန်ပါလေခြင်း ပြုပြင်ကင်း၊
ကင်းပါသောကြောင့် ကျိုးမဖြစ်၊
ရုပ်, နာမ် ဒေါသ စွန့်ခွာပစ်၊
တစ်ဖက်အာရုံ ဝင်ပြေးပုံ။

ဉာဏော တိက္ခေ ဝဟန္တေ သခ်ီရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံ ဝါ ဋ္ဌိတိ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ နာ သမ္ပါပုဏာတိ။ ခယ ဝယ ဘေဒ နိရောဓေ ယေဝ သတိ သန္တိဋ္ဌတိ။ တသေဝံ ဥပ္ပဇ္ဇိတွာ ဧဝံ နာမ သခ်ီရဂတံ နိရုဇ္ဈတီတိ ပဿတော ဧကသ္မိ ဌာနေ သဂ်ိနုပဿနံ နာမ ဝိပဿနာ ဉာဏံ ဥပ္ပဇ္ဇတိ။ (ဝိသုဒ္ဓိ-ဋ္ဌ-၂-၂၇၇)

ဉာဏော၊ ဉာဏ်သည်။ တိက္ခေ၊ ထက်စွာ။ ဝဟန္တေ၊ ရွက်ဆောင်သည်ရှိသော်။ သခ်ီရေသု၊ သခ်ီရတို့သည်။ လဟုံ၊ လျင်စွာ။ ဥပဋ္ဌဟန္တေသု၊ ထင်ကုန်သည်ရှိသော်။ ဥပ္ပါဒံ ဝါ၊ ဖြစ်ခြင်းကိုလည်းကောင်း။ ဋ္ဌိတိ ဝါ၊ တည်ခြင်းကိုလည်းကောင်း၊ ပဝတ္တံ ဝါ၊ အစဉ်မပြတ် စပ်ခြင်းကို လည်းကောင်း။ နိမိတ္တံ ဝါ၊ မိမိကိုယ်ဟု ထင်သော အမှတ် နိမိတ်ကိုလည်းကောင်း။ နာ သမ္ပာပုဏာတိ၊ မမီနိုင်။ ခယ, ဝယ, ဘေဒ, နိရောဓေ ယေဝ၊ ကုန်သော သဘောပျက်သော သဘော ပြိုသောသဘော ချုပ်သော သဘော၌ သာလျှင် သတိ၊ ထင်သော သတိသည်။ သန္တိဋ္ဌတိ၊ ကောင်းစွာတည်၏။ ဧဝံ နာမ သခ်ီရဂတံ၊ ဤမည်သော သခ်ီရအပေါင်းသည်။ ဧဝံ ၊ ဤသို့။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဇ္ဈတိ၊ ချုပ်၏။ ဣတိ၊ ဤသို့။ ပဿတော၊ မြင်သော။ တဿ၊ ထိုယောဂီအား။ ဧကသ္မိံ ဌာနေ၊ တစ်ခုသောဌာန၌။ ဘဂ်ိနုပဿနံ နာမ၊ ဘဂ်ိနုပဿနာမည်သော။ ဝိပဿနာဉာဏံ၊ ဝိပဿနာ ဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အနိစ္စတော အနုပဿန္တော နိစ္စသညံ ပဇဟတိ။ ဒုက္ခတော အနုပဿန္တော သုခသညံ။ အနတ္တတော အနုပဿန္တော အတ္တသညံ။ နိဗ္ဗိန္ဒန္တော နန္ဒိံ။ ဝိရဇ္ဇန္တော ရာဂံ၊ နိရောဓေန္တော သမုဒယံ။ ပဋိနိဿဇ္ဇန္တော အာဒါနံ ပဇဟတိ။ (ပဋိသံ-ပါ-၅၅)

အနိစ္စတော၊ မမြဲဟု။ အနုပဿန္တော၊ ရှုမြင်သည်ရှိသော်။ နိစ္စသညံ၊ နိစ္စသညာကိလေသာကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဒုက္ခတော၊ ဆင်းရဲဟု။ အနုပဿန္တော၊ ရှုမြင်သည်ရှိသော်။ သုခသညံ၊ သုခသညာ ကိလေသာကို ပဇဟတိ၊ ပယ်စွန့်၏။ အနတ္တတော၊ အစိုးမရဟု။ အနုပဿန္တော၊ ရှုမြင် သည်ရှိသော်။ သတ္တသညံ၊ အတ္တသညာ ကိလေသာကို။ ပဇဟတိ၊ ပယ်စွန့်၏။ နိဗ္ဗိန္ဒန္တော၊ ငြီးငွေ့သည်ရှိသော်။ နန္ဒိံ၊ နန္ဒိတဏှာ ကိလေသာကို။ ပဇဟတိ၊ ပယ်စွန့်၏။ ဝိရဇ္ဇန္တော၊ တပ်မက်ကင်းသည်ရှိသော်။ ရာဂံကိလေသာကို၊ ပဇဟတိ-ပယ်စွန့်၏။ နိရောဓေန္တော- ချုပ်စေသည်ရှိသော်။ သမုဒယံ၊ အသစ်, အသစ်ကျ အနုသယ သမုဒယ သစ္စာကို။ ပဇဟတိ၊ ပယ်စွန့်၏။ ပဋိနိဿဇ္ဇန္တော၊ တစ်ဖန်စွန့်သည်ရှိသော်။ အာဒါနံ၊ အသစ်, အသစ်တစ်ဖန် ပရိယုဋ္ဌာန်ကို။ ပဇဟတိ၊ ပယ်စွန့်၏။

ဒိဋ္ဌ နှင့် အနုယ

ပျက်ဆဲချုပ်တာက ဒိဋ္ဌပစ္စက္ခဉာဏ်၊
ပျက်ပြီး ပျက်လတ္တံ့ ချုပ်တာက အနုယ အနုမာနဉာဏ်၊
ဒိဋ္ဌပစ္စက္ခ ဆိုတာက မျက်မြင်ကိုယ်တွေ့ပဲ၊
အနုယ အနုမာန ဆိုတာက အစဉ်ကြံဆဆဲ။

ဇောမကျပုံ

အဖြစ်တွေနှောလို့လည်း ဇောမကျနိုင်၊
အပျက်သဘောမို့ ဝုဋ္ဌောမှာထိုင်၊
ဥပါဒ် ဆိုတာလည်း သူမမီနိုင်၊
ဌီဆိုတာလည်း သမမီနိုင်၊
ပဝတ္တ ဆိုတာလည်း သူမမီနိုင်၊
နိမိတ္တ ဆိုတာလည်း သူမမီနိုင်။

ကိလေသာ အဖော်ကင်းပုံ

အဖော် ကင်းလို့လည်း ပျင်းစရာအဖြေ၊
ကိလေသာ တရားကလည်း အားပြေ့လိုခွေ၊
ဒိဋ္ဌလူဆိုး မြူအခိုးသေ၊
တဏှာစက်ကွင်း လွတ်ကင်းပလေ။

အမြင်နှင့်အစဉ်

အနိစ္စပင်ကို အမြင်ဉာဏ်ဆို၊
ဒုက္ခ အနတ္တကို အစဉ်ဉာဏ်ဆို။
နိဗ္ဗာန်ကို အမြင်ဉာဏ်ဆို၊
ဝိရာဂကို အစဉ်ဉာဏ်ဆို။
နိရောဓကို အမြင်ဉာဏ်ဆို။
ပဋိနိဿဂ္ဂကို အစဉ်ဉာဏ်ဆို။

အထင်

ကုန်တဲ့သဘောကို အထင်ဉာဏ်ဆို၊
ပျက်တဲ့သဘောကို အထင်ဉာဏ်ဆို၊
ဆိတ်တဲ့သဘောကို အထင်ဉာဏ်ဆို။

ပျက်ပုံ

ကွဲလုနီးတဲ့ အိုးခွက်သွင်၊
ပြန့်ကာကြဲတဲ့ မြူလိုပင်၊
ရေပြင်မိုးပေါက် ထိခတ်စင်၊
ကုန်တာကိုလည်း ဉာဏ်မှာမြင်၊
ပျက်တာကိုလည်း ဉာဏ်မှာမြင်၊
ပြိုတာကိုလည်း ဉာဏ်မှာမြင်၊

ခန္ဓာသာ ပျက်ပုံကို ပြခြင်း

ဤသို့ ရှုမှတ်သောသူ၏ အာရုံမှာ ရေပွက်သကဲ့သို့လည်းကောင်း၊ တံလျှပ်ကဲ့သို့လည်းကောင်း၊ ရေအစဉ်စီးကျသကဲ့သို့လည်းကောင်း၊ မီးအလျှံ တက်ကြွသကဲ့သို့လည်းကောင်း၊ ကုန်သည်, ပျက်သည်, ပြိုသည်, ချုပ်သည်ဟု မပြတ်မြင်၍ နေခြင်းသည် ခန္ဓာငါးပါးတို့၏ အပျက်, အပြို, အကုန် ချုပ်တို့ပင်တည်း။ ခန္ဓာငါးပါး ပျက်ခြင်းမှ တစ်ပါးသော တရားရှိလည်းမရှိ။ ခန္ဓာတို့၏ ပျက်ခြင်းကို သေသည်ဟု ဆို၏။ ဥပမာ ရွှဲကို စိတ်သွားဖြင့် ဖောက်သောအခါ အသင့်အားဖြင့် ရှုမြင်သကဲ့သို့ မမေ့မလျော့သော သတိနှင့် ပြည့်စုံသောသူသည် ထိုခန္ဓာငါးပါး ရုပ်, နာမ် တရားတို့၏ အပျက်ကို မြင်ကြရာ၏။ ထို့ကြောင့်

ခန္ဓာ နိရုဇ္ဈန္တိ နု စတ္ထိ အညော၊
ခန္ဒာနံ ဘေဒေါ မရဏန္တိ ဝုစ္စတိ။
တေသံ ခယံ ပဿတိ အပ္ပမတ္တော၊
မဏိံဝ ဝိဇ္ဈံ ဝဇိရေန ယောနိသောတိ။ ။

(ဝိသုဒ္ဓိ-၌-၂-၂၈၁)

ခန္ဓာ၊ ခန္ဓာတို့သည်။ နိရုဇ္ဈန္တိ၊ ချုပ်ကြကုန်၏။ အညော၊ ခန္ဓာမှ တစ်ပါးသော သဘောတရား သည်။ နု စ အတ္ထိ၊ ရှိလည်းမရှိ။ ခန္ဓာနံ၊ ခန္ဓာတို့၏။ ဘေဒေါ၊ ပျက်ခြင်းကို။ မရဏန္တိ၊ မရဏဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ မဏိံ၊ ရွဲကို။ ဝိဇ္ဈံ ဝိဇ္ဈန္တော၊ ဖောက်ထွင်းသော ယောဂျားသည်။ ဝဇိရေန၊ စိတ်သွားဖြင့်၊ ဝိဇ္ဈံ၊ ဖောက်ထွင်းသည်ကို။ ယောနိသော၊ အသင့်အားဖြင့်။ ပဿတိ ဣဝ၊ ရှုမြင်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ၊ အပ္ပမတ္တော၊ မမေ့မလျော့သောသူသည်။ တေသံ၊ ထိုသခီါရတို့၏။ ခယံ၊ ကုန်ခြင်းကို။ ပဿတိ၊ ရှုမြင်၏။ ဣတိ ဧဝံ၊ ဤသို့။ ပေါရာဏာ၊ ရှေးဆရာတို့သည်။ အာဟု၊ ဆိုကုန်ပြီ။

ပျက်စ, လယ်, ဆုံး

စင်ကြယ်စိတ်မြတ် ပျက်အစ၊
ပွားမှု ဥပေက္ခာ ပျက်လယ်မှာ၊
ပြီးဆုံး ဘာဝနာ ပျက်ဆုံးသာ။

ပျက်စ –စ, ပျက်စလယ်, ပျက်စ–ဆုံး

နှောက်ယှက်ပိတ်ပင် နီဝရဏစင်၊
ညစ်ကြေးမထင် ကိလေစင်၊
အာရုံပင် ပျက်စ အစထင်။
စင်ကြယ် စိတ်စဉ် မဖျိမပင်၊
သမထ နိမိတ်တွင် သူရောက်လျှင်
ပျက်စ အလယ်ထင်။
ရောက်သောစိတ်စဉ် မဖျိမပင်
သမထနိမိတ်တွင် သူပြေးဝင်၊
ပျက်စ အဆုံးထင်၊

ပျက်လယ်စ ပျက်လယ်–လယ်, ပျက်လယ်ဆုံး

စိတ်မြတ်စင်ကြယ် လျစ်လျူတွယ်၊
ပျက်လယ်အစ မှတ်ကုန်ကြ။
နိမိတ် သမထာ ရောက်စိတ်မှာ၊
လျစ်လျူကပ်တွယ် ပျက်လယ်လယ်။
ကိလေသာရင်း အဖော်ကင်း၊
ရှုခြင်းလျစ်လျူ ပျက်လယ်, အဆုံးယူ။

ဘာဝနာပြီးဆုံးပုံ

သမာဓိပညာ စုံသောအခါ၊
ပြီးဆုံးဘာဝနာ တစ်လက္ခဏာ။
ကလေ့ငါးဖြာ၊ ကိလေကွာ၊
ပြီးဆုံးဘာဝနာ နှစ်လက္ခဏာ။
အထက်ခုနှစ်ပါး လုံ့လပွား၊
ပြီးဆုံး ဘာဝနာ သုံးလက္ခဏာ။
အထက်ခုနှစ်ပါး မှီဝဲငြား၊
ပြီးဆုံးဘာဝနာ၊ လေးက္ခဏာ။

ဝိပဿနာချိန်

ပညာ, သမာဓိ, ၂–ပါး၏ မြတ်ချိန်ခွင်၊
ကလေ့ငါးပါး၏ အလေးကိုတင်၊

ဝိရိယဆိုတဲ့ ဘောင်ကိုက်လျှင်၊
ဥပါဒ် ဆိုတာလည်း မှီဝဲမှုထင်၊
ဌိဆိုတာလည်း မှီဝဲမှုထင်၊
ဘင်ဆိုတာလည်း မှီဝဲမှုထင်။

ဘင်္ဂဉာဏ်ထင်၍ အာနိသင် ၈-ပါးရှိပုံကို ပြခြင်း

ဤသို့ အားလုံးသော ရုပ်နာမ်ခန္ဓာ သခ်ၤါရတရားတို့သည် ပျက်စီးကုန်၏၊ ပျက်စီးကုန်၏ဟု မပြတ်မြင်သော သူမှာ-

(၁) ဘဝ၌ အယူမှားကို ပယ်ခြင်း၊
(၂) အသက်၌ တပ်မက်သော တဏှာကို စွန့်ခြင်း၊
(၃) အခါခပ်သိမ်း ဝိပဿနာ တရားကို အားထုတ်ခြင်း၊
(၄) အသက်မွေးခြင်း၌ စင်ကြယ်ခြင်း၊
(၅) စိုးရိမ်ကြောင့်ကြ ပျောက်ခြင်း
(၆) အကြောက်ကင်းခြင်း
(၇) မွေ့လျော်ခြင်း, မမွေ့လျော်ခြင်း၌ သည်းခံနိုင်ခြင်း။

ဟုဆိုအပ်သော ဤအကျိုး ရှစ်ပါးနှင့် ပြည့်စုံသော ဘင်္ဂိနုပဿနာ ဉာဏ်ကို ရ၏။ ဤသို့ ဂုဏ်အားဖြင့် မြတ်သော အကျိုးရှစ်ပါးကို မြင်၍ သေခြင်းကင်းသော နိဗ္ဗာန်သို့ရောက်ခြင်းငှာ အပျက်ထင်အောင် ရှုနိုင်သော အလေ့သဘောရှိသော ယောဂီသည် ဦးရစ်ခေါင်းပေါင်း ဦးခေါင်း၌ မီးလောင်သကဲ့သို့။ ထို့အတူ အပျက်တရား၌ အဖန်တလဲလဲ သုံးသပ်ပွားများရာ၏။ ထို့ကြောင့်-

ဣမာနိ အင်္ဂဂုဏမုတ္တမာနိ၊
ဒိသွာ တဟိ သမ္မသတေ ပုနပ္ပုနံ။
အာဒိတ္တ စေ လသိရသူပမော မုနိ၊
ဘင်္ဂိနုပဿီ အမတဿ ပတ္တယာတိ။ ။

(ဝိသုဒ္ဓိ-၌-၂-၂၈၂)

ဂုဏမုတ္တမာနိ၊ ဂုဏ်အားဖြင့် မြတ်ကုန်သော။ ဣမာနိ အင်္ဂအာနိသံသာနိ၊ ဤရှစ်ပါးသော အာနိသင်တို့ကို။ ဒိသွာ၊ မြင်၍။ အမတဿ၊ သေခြင်းကင်းသော နိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်ခြင်းငှာ။ ဘင်္ဂိနုပဿီ၊ အပျက်ဟုရှုမြင်နိုင်သော အလေ့သဘောရှိသော။ အာဒိတ္တစေလသိရသူပမော၊ မီးလောင်သော ဦးရစ်ခေါင်းပေါင်း ဦးခေါင်းလျှင် ဥပမာရှိသော။ မုနိ၊ ရဟန်းသည်။ တဟိ ဘင်္၊ ထိုအပျက်၌။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ သမ္မသတေ၊ သုံးသပ်ရာ၏။ ဣတိ ဧဝံ၊ ဤသို့။ ပေါရာဏာ၊ ရှေးဆရာတို့သည် အာဟု၊ ဆိုကုန်ပြီ။

ဘင်္ဂိနုပဿနာဉာဏ်ပြီး၏။

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့မဂ်လာရိပ်သာမှာရုံကြီးပေါ်တွင်

ဟောကြားဆုံးမတော်မူအပ်သော

ကိုယ့်အသေကိုယ်ကြည့်ရင် ဝိပဿနာ

အလုပ်ပေးတရားတော်

(၂၅-၁၁-၆၀)

ဒုက္ခကြီး ကျွတ်ချင်လို့

ဒကာ ဒကာမတို့ ဒီတရားပွဲကြီးကို နားထောင်ကြ၊ ကျင့်ကြံကြ အားထုတ်ကြမလို့ ရည်ရွယ်ချက်နဲ့ အပင်ပန်းခံပြီး သကာလ လာကြတယ်၊ ဒီပင်ပန်းမှုကလေးဟာ အပါယ်ငရဲမှာ တစ်စက္ကန့်ပင်ပန်းသလောက် မခံရပါဘူး၊ အပါယ်ငရဲမှာ တစ်စက္ကန့်ဆိုတာက တစ်ကိုယ်လုံးမှာ အပ်သွားချစရာ မရှိလောက်အောင် ပူမှု-လောင်မှုတွေ ခံရပါတယ်။

အဲဒီတော့ ဒကာကြွယ်၊ ဦးလှဘူးတို့က စဉ်းစားရမယ်၊ သြော် ဒီဒုက္ခဟာ ဆရာသမားဆီလာပြီး တရားနာတာ အင်မတန် ကျဉ်းကျပ်တာပဲ လူတွေကလဲ များဘိသနဲ့၊ ချွေးတွေကလဲ ကျပါဘိသနဲ့၊ ဒီလိုစိတ်မှာ မထားကြပါနဲ့၊ အပါယ်ငရဲနဲ့ နှိုင်းစာပြီ ဒီဒုက္ခကြီး လွတ်ချင်လို့ ဒုက္ခကလေးနဲ့ ရင်းနှီးပြီး ဒုက္ခကြီး ကျွတ်ချင်လို့ ဆိုပြီး သကာလ ဒီဒုက္ခကို ဒုက္ခထဲ မသွင်းဘဲနဲ့ တရားနာကြပါဆိုတာ သတိပေးလိုက်တယ်နော် (မှန်ပါ့)။

အပါယ်ငရဲကျမည့် ဒုက္ခ ပြတ္တာကြီး ဖြစ်ကတည်းက ဘယ်အခါမှ ရေမသောက်ရတဲ့ဒုက္ခ၊ ဘယ်အခါမှ အစားမမြင်ရတဲ့ဒုက္ခ အဲဒီဒုက္ခတွေနဲ့ စာလို့ရှိရင် ဒကာကြွယ်တို့၊ ဦးလှဘူးတို့ ဒီဒုက္ခဖြစ်လောက်ကဲ့လား (မဖြစ်လောက်ပါ ဘုရား)။

အဲဒီဒုက္ခ မဖြစ်လောက်တာ ကောန်သိ တကယ်သိ ဖြစ်ပြီး သကာလ နေတော့ ဘုန်ကြီးတို့ ဒကာ ဒကာမတွေ သြော် ဒီဒုက္ခကလေးကို တို့ သည်းခံပြီး မှတ်လိုက် ယူလိုက်၊ သင်လိုက်၊ ကြားလိုက်၊ အားထုတ်လိုက်လို့ရှိရင်ဖြင့် ဒုက္ခပေါင်း အနန္တ လွတ်ရှာတော့မယ်ဆိုတာ ဆုံးဖြတ်ချက် ချပါ (မှန်ပါ့ ဘုရား)။

ရေကန်ကြီးဥပမာ

လောကီဥပမာကို ဘုရားက ဟောတော်မူတယ်၊ သစ္စသံယုတ်မှာ ပတ်လည် ယူဇနာငါးဆယ်ရှိတဲ့ ရေကန်ကြီး အနက်ကလဲ ယူဇနာငါးဆယ်၊ ရေတွေကလဲ နှုတ်ခမ်းနဲ့ ညီအောင်ရှိတယ်လို့ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ မှတ်ထားလိုက်စမ်းပါ (မှန်ပါ့ ဘုရား)။

အဲဒီရေကို သမန်းမြက်ကလေးတို့တို့ပြီး ဟိုဘက်ခုနစ်ခါပစ်လိုက်ပါတဲ့၊ ပတ်လည်ယူဇနာငါးဆယ်၊ အနက်လဲ ယူဇနာငါးဆယ်ရှိတဲ့ရေတွေ ပြင်ဘက်မှာ ကျသွားတဲ့ရေတွေနဲ့ စာလိုက်လို့ရှိရင် ပြင်ဘက်မှာကျသွားတဲ့ သမန်းမြက်ဖျားနဲ့ ခုနစ်ခါတို့ပြီး ခါရတဲ့ရေပေါက်နဲ့ ဆိုရင်ဖြင့် နှိုင်းချိန် လောက်ပါရဲ့လား (မနှိုင်းချိန် လောက်ပါ ဘုရား)။

အဲဒီတရားကို နာရတယ်၊ ဒီတရားကို ကြိုးစားရတယ်၊ ဒုက္ခချုပ်တာမြင်ရပြီဆိုမှဖြင့် ပြင်ဘက် သမန်းမြက်ဖြင့် ခုနစ်ခါတို့လောက်ဖြစ်တဲ့ ဒုက္ခလောက်သာ ကျန်တော့တယ် (မှန်ပါ့) ရေကန်အထဲမှာ အပြည့်အနှက် နှုတ်ခမ်းနဲ့အညီရှိတဲ့ ရေလောက် ဒုက္ခတွေ ကုန်သွားပြီ (မှန်ပါ့)။

အဲဒါတွေ ထောက်ပြီး ကြည့်လိုက်တော့မှ သြော် ကြိုးစားလိုက် မဟာ၊ မရရအောင် နည်းယူပြီး သကာလ ခန္ဓာဉာဏ်လှည့်မဟာဆိုတာကိုဖြင့် ပြင်းပြင်းထန်ထန် စိတ်ထားနဲ့ ကြိုးစားကြပါ (မှန်ပါ့ ဘုရား)။

အဲဒါတွေကို ဘုန်းကြီးတို့ အရင်းကျတဲ့ ဒကာ ဒကာမတွေ ဖြစ်နေတော့ ဒကာကြွယ် အသိဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်ကမှ သယ်ယူဆောင်တင် အလုပ်ကို မလုပ်တော့ပါဘူး ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ သဘောနဲ့ တဏှာရေထဲမှာ မျောနေတဲ့သဘောနဲ့ အဝိဇ္ဇာ ဖုံးအုပ်နေတဲ့သဘောတွေထဲ မြုပ်မျောနေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီလိုပဲ လျစ်လျူရှု ထားမယ် ဆိုရင်ဖြင့် ဒီတစ်ခါသည် လသာတဲ့ အခါကလေးမှာ ဗိုင်းငင်တဲ့အလုပ်ကို ဒကာ ဒကာမတွေမလုပ်၊ ကယ်ယူတဲ့ပုဂ္ဂိုလ်ကလဲ မကယ်ယူပါတော့ဘူးဆိုလို့ရှိရင်ဖြင့် ယူဇနာငါးဆယ်ပတ်လည်ရှိတဲ့ရေနဲ့အမျှ ဒုက္ခတွေထဲမှာ မြုပ်လိုက်၊ မျောလိုက်၊ အသေကောင်ဖြစ်လိုက်၊ သူများနှိပ်စက်လို့ သူများပါးစပ်ထဲ သေလိုက်၊ သူများလှံချက်မိပြီးသေလိုက်၊ ဒကာကြွယ်တို့ ဦးလှဘူးတို့ ဒီအတိုင်းချည်း ဒုက္ခတွေ တွေ့ရတော့မယ် (မှန်ပါ့)။

တရားနာတဲ့ ဒုက္ခဟာ ဘာမှ မဖြစ်လောက်ဘူး

အဲဒါတွေ ထောက်ပြီး သကာလ သြော် ဒီဒုက္ခဟာ ဘာမှ မဖြစ်လောက်ပါလား (မှန်ပါ့) ဒီဒုက္ခလေးဟာ ဘာမှ မဖြစ်လောက်ဘူး၊ အခု တရားနာတဲ့ ဒုက္ခဟာ ဘာမှ မဖြစ်လောက်ဘူး (မဖြစ်လောက်ပါ ဘုရား) မဖြစ်လောက်ပါဘူးဆိုပြီး သကာလ ဘုန်းကြီးတို့ ဒကာ ဒကာမတွေက တွေးလိုက် (မှန်ပါ့ ဘုရား)။

ယူဇနာငါးဆယ်ရှိတဲ့ရေနဲ့အမျှ ဒုက္ခတွေ အကုန်ယုတ်လျော့သွားတယ်ဆိုလို့ရှိရင်ဖြင့် ကျုပ်တို့ ဒီဒုက္ခကို ဦးလှဘူး ဒုက္ခထဲတောင် သွင်းဖို့ မလိုပါဘူး (မှန်ပါ့ ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ၌ ကိုယ့်အရေးကို မသိလို့ ဘုရားက ရေကန်ဥပမာ၊ ရေမှုန်ဥပမာတွေနဲ့ ပြလိုက်ခြင်းကို သေသေချာချာ စဉ်းစားတော့ ခင်ဗျားတို့က ငါးပါးအာရုံ ကာမဂုဏ်ထဲမှာ မြုပ်မှုမျောမှု အလုပ်တွေကို လုပ်နေတဲ့ဥစ္စာ ဒီဒုက္ခတွေကြိုက်လို့ လုပ်နေတာနဲ့ တူတယ် (မှန်ပါ့ ဘုရား)။

မြုပ်မှု မျောမှုအလုပ်ဆိုတာ မျောနေလဲ မသက်သာဘူး မြုပ်သွားကော (မသက်သာပါ ဘုရား) အဲဒီတော့ မျောမြုပ်ထဲမှာ နေကြရမည့်ပုဂ္ဂိုလ်တွေ ကိုယ့်ကိုယ်တိုင် မသိလို့ ကယ်တင်တဲ့ပုဂ္ဂိုလ် ပေါ်လာပြန်တော့လဲ ခင်ဗျားတို့ ရှောင်ဖယ် ရှောင်ဖယ်နဲ့ ညောင်းသလေး၊ ညာသလေး၊ ကိုက်သလေး၊ ခဲသလေး လူတွေ ကြပ်ဘိသနဲ့၊ ချွေးတွေက ထွက်ပါဘိသနဲ့၊ ခရီးက ဝေးပါဘိသနဲ့ ဆိုပြီး ဆင်ခြေလဲပြီး သကာလ နေလိုက်ရင်ဖြင့် ကယ်မည့်သူ လာတိုင်း ပြေးတာနဲ့အတူတူပဲ (တူပါတယ် ဘုရား)။

ဆေးပေးမည့်လူလာလေ ပြေးလေ

ဒကာကြွယ် ဘာနဲ့တူပါလိမ့် (ကယ်မည့်သူလာတိုင်း ပြေးတာနဲ့ တူပါတယ် ဘုရား) ကယ်မည့်သူ လာတိုင်း ပြေးတာနဲ့ တူတယ်ဆိုတော့ သြော် ဘုန်းကြီး တစ်နေ့က ပြောသလို လည်းပင်းဂုတ်မှာ အနီကြီးနဲ့ ခွေးသည် ဆေးပေးမည့်လူလာလေ ပြေးလေ ဖြစ်နေလို့ရှိရင်ဖြင့် ဘေးက တစ်ယောက်က ကြည့်မယ်ဆိုလို့ရှိရင်ဖြင့် ဆေးခွက်ကိုင်တဲ့ ပုဂ္ဂိုလ်ဟာဖြင့် ပျောက်ခြင်းကို အလိုရှိတဲ့ပုဂ္ဂိုလ်ပဲ၊ ပြေးတဲ့ပုဂ္ဂိုလ်ဟာဖြင့် ပျောက်ခြင်းကို မနှစ်သက်တဲ့ပုဂ္ဂိုလ်ပဲ (မှန်ပါ့ ဘုရား) မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ် ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဒီပွဲမှာသည်းခံပြီး သကာလ တရားနာကြ လို့ရှိရင် ဆေးခွက်နဲ့လိုက်တဲ့ပုဂ္ဂိုလ်ဟာ အနာပျောက်အောက် ကုတော့မလို့ ဖြစ်သောကြောင့် အနာကုနေတဲ့ဆေးဒဏ်ကြောင့် စပ်သလေး၊ ခါးသလေး

ဆိုတာ ခဏလေးတော့ တွေ့မှာပဲ (မှန်ပါ့) သို့ရာတွင် တစ်သံသရာလုံး ပျောက်မည့်ကမ္ဘာအနာခန္ဓာကြီးသည်ကားလို့ ဆိုရင် ရောဂတောလို့ ဘုရားက ဟောထားတယ် (မှန်ပါ့ ဘုရား)။

ရောဂါအပြည့်ရှိနေတဲ့ခန္ဓာကြီးကို ဝိပဿနာဆေး၊ မဂ်ဆေးနဲ့ ကုလိုက်ရလို့ရှိရင်ဖြင့် ရောဂါခပ်သိမ်းငြိမ်းတဲ့နိဗ္ဗာန်ကို သေသေချာချာ ရောက်ရမှာ ဖြစ်သောကြောင့် ဆေးခွက်ကိုင်ပြီး တရားဟောတဲ့ ဆရာတော်လို ဒကာ ဒကာမတွေ ဝေဒနာသည်တွေကို ကုနေတဲ့ပုဂ္ဂိုလ်ကို ခင်ဗျားတို့က အကုမခံတဲ့သဘောနဲ့ ပြေးခဲ့သည်ရှိသော် ခုနင်က ခွေးကတော့ တိရစ္ဆာန်မို့ ပြေးတယ်လို့ ဆိုစရာရှိတယ်နော် (မှန်ပါ့) လူတွေက မနာတော့ဘူး၊ မကြိုးစားတော့ဘူးဆိုရင် လူတိရစ္ဆာန်မို့ ပြေးတယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ် (ရောက်ပါတယ် ဘုရား)။

လည်ပင်းတရမ်းရမ်းနဲ့ ပြေးနေတာပဲ

ဒါတွေ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်စဉ်းစားပြီး သကာလ ဒကာ ဒကာမတွေ စဉ်းစားတော့မှ သြော် တို့သည်ကားလို့ဆိုလို့ရှိရင်ဖြင့် အလိုရှိတဲ့ပုဂ္ဂိုလ်က ကုသမလို့ဟာ အလိုရှိသလို ဝေဒနာပျောက်ဖို့ ဆေးရှိတဲ့ပုဂ္ဂိုလ်၊ ဆေးသိတဲ့ပုဂ္ဂိုလ် ကုခဲ့သည်ရှိသော် အဆင်သင့်ခံယူဖို့ပဲ ဒို့အရေး ဒို့အရေးဆိုတာ ဒါပဲလို့မှတ်ကြပါ (မှန်ပါ့) ဆေးကုခံတဲ့ အရေးဟာ ကိုယ့်အရေးလို့ ဆုံးဖြတ်ချက် ချပါ (မှန်ပါ့ ဘုရား)။

ကိုယ်ကိုယ်တိုင်ကတော့ ဆေးလဲမသိဘူး၊ ကုရမှန်းလဲ မသိဘူး၊ လည်ပင်း တရမ်းရမ်းနဲ့သာလျှင် နက်ဖြန် ဘာဖြစ်နိုင်၊ သဘက် ဘာဖြစ် နိုးနိုးဆိုပြီး တောင်က မြောက်ပြေး၊ မြောက်က တောင်ပြေးနဲ့ လည်ပင်းတရမ်းရမ်းနဲ့ ပြေးနေတာပဲ (မှန်ပါ့ ဘုရား)။

မြောက်က တောင်ပြေးတယ်၊ မန္တလေးပြေးလိုက်၊ တောင်မြို့ပြန်လာလိုက်၊ ဒီနေ့ နေရာမကျခဲ့၊ နက်ဖြန် နေရာမကျခဲ့၊ လည်ပင်းတရမ်းရမ်းနဲ့ တလှုပ်လှုပ်နဲ့ အနာတွေပေါက်လို့ ပြေးနေတာ (မှန်ပါ့) ဘာနာတုံးမေးတော့ ကိလေသာပူပန်တဲ့အနာ (မှန်ပါ့) ဒီအနာမပျောက်သရွေ့ ပုဂ္ဂိုလ်တွေ အပြေးရပ်ပါ့မလား (မရပ်ပါ ဘုရား) အပြေးမရပ်သရွေ့ကာလပတ်လုံးလဲ ရောဂါမသက်သာလို့ ပြေးရတာပဲဆိုတာ သဘောပေါက်ကြပလား (ပေါက်ပါပြီ ဘုရား)။

အဲဒါတွေကြည့်တော့မှ ငါတို့ ရောဂါသည်ကားလို့ဆိုရင် တပြေးပြေး တလွှားလွှားနေတာ အိုခြင်းဆိုး၊ သေခြင်းဆိုး ခေါင်းထဲသာ လိုက်တယ်၊ ရောဂါက မပျောက်ဘူး (မပျောက်ပါ ဘုရား) ဝိပဿနာမဂ်ဉာဏ်ဆေးကိုမှ ငါတို့သည် အေးအေးကလေး ကုတဲ့ပုဂ္ဂိုလ်ထံ အကုအသ မခံခဲ့သည်ရှိသော် ငါတို့ ဟိုပြေးဒီပြေးဟာ ကိလေသာလောက်ကိုက်လို့ ပြေးတာလို့ မှတ်လိုက်ပါ (မှန်ပါ့ ဘုရား)။

ကိလေသာ လောက်ကိုက်လို့ဆိုတာ လောဘ၊ ဒေါသ၊ မောဟ ကိလေသာ လောဘက လိုချင်တယ်၊ နက်ဖြန်လဲ သွားဦးမယ်၊ သဘက်လဲ လာဦးမယ်ဆိုတာ လောဘလိုချင်မှု၊ ဒေါသမကျေနပ်မှု၊ မောဟဘယ်လို ဘေးအန္တရာယ်ရန်တွေ တွေ့ပေမယ့်လို့ ရှေ့နေပူ လေပူတွေနဲ့ တွေ့ကြုံကြောင်းသော်လဲ မသိအောင် ဖုံးထားတယ် (မှန်ပါ့ ဘုရား)။

ကိလေသာလောက်လဲ ကိုက်ပြန်

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ထွေသည် ကိလေသာလောက်လဲ ကိုက်ပြန်၊ ဒေါသလဲ မကျေနပ်လို့ အပြေးခိုင်းပြန်၊ မောဟကလဲ ရှေ့အန္တရာယ်တွေကို မသိအောင် ဖုံးဖိထားပြန် ဆိုတော့ ခင်ဗျားတို့ ရန်သူသုံးယောက် နှိပ်စက်တာကို အပြေးအလွှားခံနေရတယ် ဆိုလို့ရှိရင် ငြင်းစရာလိုသေးလား (မလိုပါ ဘုရား)။

ဒါ ကြပ်ကြပ် စဉ်းစားနားထောင်ပါ ဒကာ ဒကာမတို့ ဒကာကြွယ်ကြီး ဖြစ်စေ၊ ဦးလှဘူးကြီးဖြစ်စေ၊ ဘုန်းကြီးတို့ ဒကာ ဒကာမတွေဖြစ်စေ ဒီကနေ မန္တလေးပြေးတာဟာ အကြောင်းရှိလို့ ပြေးတာပေါ့ဘုရား၊ ဒါပဲဖြေမယ် (မှန်ပါ့) ဘာအကြောင်းတုံး မေးလို့ရှိရင် လိုချင်တဲ့ ကိလေသာလောက်ကိုက်လို့ဘုရား (မှန်ပါ့) ဘာအကြောင်းတုံး မေးလို့ရှိရင် လိုချင်မှု ကိလေသာလောက်ကိုက်လို့ဘုရား (မှန်ပါ့) တစ်နည်းအားဖြင့် ကိုယ့်ရမှာကလေး မမီလိုက်မှာ စိုးရိမ်ဒေါသလောက်ကိုက်လို့ဘုရား (မှန်လှပါ ဘုရား) တစ်နည်းအားဖြင့် ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဒကာကြွယ် အလကားပြေးတာလား ကိလေသာလောက်ကိုက်လို့ ပြေးတာလား (ကိလေသာ လောက် ကိုက်လို့ပါ ဘုရား)။

ကိလေသာ လောက်ကိုက်လို့ ပြေးတာ မထင်ရှားကြဘူးလား (ထင်ရှားပါတယ်) အဲဒီတော့ ဘေးကနေပြီး သကာလ ဘုရားသခင် ကိုယ်တော်မြတ်ကြီးနဲ့တကွ သူတော်ကောင်းတွေ ကြည့်တော့ ဩော် ပြေးမည့်လမ်း ခရီးကလဲ လေပူနေပူတွေနဲ့ သူခိုး၊ ဓားပြကြားတွေထဲ ခလုပ်တံသင်းတွေ ကြားတွေထဲ (မှန်ပါ့) မော်တော်ကားများ လိုက်လို့၊ မော်တော် ကားကပဲ လမ်းမှာချို့ယွင်းပြီး ချောက်ထဲ တွန်းချမလား မပြောနိုင်ဘူး (မှန်ပါ့၊ မပြောနိုင်ပါဘူး ဘုရား)။

ကိလေသာလောက်ကလဲ အတင်းကိုက်နေတော့ မပြေးဘဲကလဲ မနေနိုင်၊ အဝိဇ္ဇာကလဲ ဘေးအန္တရာယ်တွေ မသိအောင် ဖုံးထားတယ် (မှန်ပါ့ ဘုရား)။

အဝိဇ္ဇာက အန္တရာယ်မသိအောင်ဖုံး

ဒီလိုနဲ့များ ဒကာ ဒကာမတွေ အဝိဇ္ဇာက အန္တရာယ်မသိအောင်ဖုံး၊ လောဘလောက်ကိုက်၊ ဒေါသလောက်က မကျေနပ်လို့ ခဏခဏတွန်း၊ ဒီလိုနဲ့ သွားရင်းမတွန်နဲ့ သက်ဆိုးရှည်ပြီး သကာလ နေတယ်၊ နောက်ဆုံးပိတ်ကျတော့ သေပွဲဝင်ရမယ့် အလုပ်ကော မရောက်ပေဘူးလား (ရောက်ပါတယ် ဘုရား)။

ဩော် ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာမဂ်တည်းဟူသော လောကုတ္တရာမဂ်တည်းဟူသော ဆေးနဲ့မှ ဒီ ဒကာ ဒကာမတွေ ကိလေသာလောက်ကိုက်နေတဲ့ရောဂါကို ဒီဆရာဘုန်းကြီး ကုသမပေးတော့ပါဘူး ဆိုလို့ရှိရင် အဝိဇ္ဇာမှောင်ကြီးက ရန်သူတွေကို ကွယ်ပြီး သကာလ အတိုးခိုင်းတာပဲ၊ ခင်ဗျားတို့ သေပွဲဝင်ရတော့မယ် (မှန်ပါ့) လောက်ကိုက်လို့လဲ ငြိမ်းငြိမ်းမနေနိုင်ဘူးဆိုတဲ့ ထပ်ပြန် တလဲလဲနဲ့ ဒကာကြွယ် တွန်းလိမ့်မယ် (မှန်ပါ့ ဘုရား)။

အဲဒီတော့ လမ်းမှာ ဟပ်ထိုးလဲပြီး သေပွဲတွေဝင်သွားမယ်ဆိုတော့ ဟ ဒီခွေးနာ ဘာဖြစ်တာတုံးဆိုတော့ အိုခွေးနာသည်ကားလို့ဆိုရင် ချောက်ကျသေတယ် (မှန်ပါ့ ဘုရား)။

ခွေးနာ ချောက်ကျသေ

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ (ခွေးနာ ချောက်ကျသေပါတယ် ဘုရား) ခွေးနာလောက်ကိုက်တာနဲ့ ချောက်ကျသေရှာတယ်ဘုရား (မှန်ပါ့ ဘုရား)။

ဒကာကြွယ် နာစရာမရှိပါဘူး (မရှိပါ ဘုရား) ဖြစ်စဉ်ကော ကိုက်ပါရဲ့လား (ကိုက်ပါတယ် ဘုရား)။

အဲဒါ စိုးရိမ်တော့ ဒကာ ဒကာမတို့ ခင်ဗျားတို့ သွားလာနေကြတာဟာ ကိုယ်သွားလာနေတဲ့ လမ်းခရီးလဲ ကြည့်ပါဦး အန္တရာယ်ကင်းလို့ ဘေးရှင်းတဲ့လမ်းလား (မဟုတ်ပါ ဘုရား)။

ဒီလမ်းချည်း ဘယ့်နှယ်ကြောင့် တစ်ပြေးတည်းပြေး၊ တစ်လွှားတည်း လွှားပြီး သကာလ နေပါလိမ့်မတုံး မေးပြန်တော့ ဘာလောက်ကိုက်လို့လဲ (ကိလေသာ လောက်ကိုက်လို့ပါ ဘုရား)။

သြော် လမ်းကြမ်းထဲ ကိလေသာလောက်ကိုက်လို့ ပြေးတော့ အဝိဇ္ဇာမှောင် ကြီးကလဲ ပိတ်ဆီးထား ပြန်တော့ အန္တရာယ်တွေ မမြင်၊ ဘေးရန်တွေ မမြင်၊ မာန်တွေ မမြင်ဆိုတော့ အန္တရာယ်တွေ၊ မာန်တွေလဲ ဒကာကြွယ် နေရာတိုင်းရှိတယ် (ရှိပါတယ် ဘုရား)။

ဒီအထဲ အတင်းတိုးပြီး သကာလ ကိလေသာလောက်ကိုက်တယ်၊ လောဘက မြန်မြန်သွားဟဲ့၊ ဒီရန်ထဲမှာပဲ နင်တိုးဟဲ့၊ နင့်သက်တမ်း နင် အလကားဖြုန်းဟဲ့ဆိုပြီး သကာလ တွန်းထိုးပြုပြီး ဒီရန်သူ သုံးယောက် ဝိုင်းပြီး နှိပ်စက်လိုက်တာ ဒကာ ဒကာမတွေ အနေဆင်းရဲပြီး သကာလ အသေငရဲပဲ ရောက်ရတော့မယ် (မှန်လှပါ ဘုရား) မရောက်ရပေဘူးလား (ရောက်ရပါတယ် ဘုရား)။

သေစရာမရှိတဲ့နိဗ္ဗာန်ပို့မလို့ ဟောနေတဲ့တရား

အဲဒါတွေကို စိုးရိမ်လို့ ဆရာဘုန်းကြီးသည် ဒီဒကာ ဒကာမတွေအား ကိလေသာလောက်တွေကိုလဲ ဝိပဿနာမဂ် လောကုတ္တရာမဂ်တည်း ဟူသော ဆေးတွေနဲ့ "သေအောက် ကျေအောင် လုပ်ပေးမယ်" ရှေ့အန္တရာယ်တွေ ရှိတာကိုလဲ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်လို့ရှိရင်ဖြင့် အန္တရာယ်တွေ၊ မာန်တွေ၊ ရန်တွေ မြင်ပြီး သကာလ သူတို့သည် အဝိဇ္ဇာချုပ်လို့ တဏှာသေခဲ့သည်ရှိသော် လောက်ကိုက်လဲ သက်သာ ချောက်ကျလဲ လမ်းဆုံးပြီး သကာလ နေစရာလဲ ကောင်း၊ သေစရာမရှိတဲ့နိဗ္ဗာန်ပို့မလို့ ဟောနေတဲ့တရားပဲလို့ ဆုံးဖြတ်ချက် ချပါ (မှန်လှပါ ဘုရား)။

ဒါဟာ စကားပြောကောင်းလို့ အသွယ်အဝိုက်ကောင်းလို့ မထင်နဲ့၊ ကိုယ့်ဖြစ်စဉ်ကိုက် ပြောတယ်လို့ မှတ်လိုက်စမ်းပါ (မှန်လှပါ) ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဒကာ ဒကာမတွေ တောင်က မြောက်သွား၊ မြောက်က တောင်သွားတာ၊ ဒကာကြွယ် ရိပ်မိပလား (ရိပ်မိပါပြီ) ဘာဖြစ်လို့ပါလိမ့် (ကိလေသာ လောက်ကိုက်လို့ပါ ဘုရား) ကြောက်စရာကြီးပါလား (ကြောက်စရာကြီးပါ ဘုရား)။

ကိုလေသာလောက်ကိုက်သတဲ့နော် (မှန်ပါ့) ဒကာ ဒကာမတို့ ဘာဖြစ်ကြသတုံး (ကိုလေသာလောက်ကိုက်ပါတယ် ဘုရား) ကိုလေသာလောက်က ဘယ်သူ့ကိုက်တာပါလိမ့်မတုံး မေးတော့ ခန္ဓာကိုက်တာ (မှန်ပါ့ ဘုရား)။

ကိုလေသာလောက်ကိုက်တာ ဘယ်သူ့ကိုက်တာပါလိမ့် (ခန္ဓာကိုက်ပါတယ် ဘုရား)။

ခန္ဓာကိုက်တော့ လောက်ကိုက်တဲ့ပုဂ္ဂိုလ်သည် ပြေးမိပြေးရာ မပြေးမိပေဘူးလား (ပြေးပါတယ်) ပြေးမိပြေးရာ ပြေးတော့ ချောက်တွေ ကျင်းတွေ တံသင်းတွေနဲ့ မတိုက်မိ မခိုက်မိပေးဘူးလား (ခိုက်မိပါတယ် ဘုရား)။

လူသေမသေရ၊ ခွေးသေ သေရ

အဲ-လောဘရှိလာပြီဆိုမှဖြင့် ဒေါသကလဲ အတင်းမောင်းနှင်ပြီး သကာလ မောဟဆိုတဲ့တရားက ချောက်ကျင်းမမြင်အောင် လုပ်ပြီဆိုမှဖြင့် "လူသေမသေရ၊ ခွေးသေ သေရ" ဆိုတဲ့အဓိပ္ပာယ် ဒကာကြွယ် ဦးလှဘူးတို့ မရောက်ကြပေဘူးလား (ရောက်ပါတယ် ဘုရား)။

အဲဒါကြောင့် ကိုလေသာလောက် သေမှသာလျှင် ဒကာ ဒကာမတို့ ကျုပ်တို့မှာ အပြေးရပ်တော့မယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ) မျက်စိကလေး မြင်အောင် လုပ်ပေးမှသာလျှင်လဲ အန္တရာယ်တွေ ရှိကြောင်း မြင်တော့တယ် (မှန်ပါ့) အန္တရာယ်ရှိကြောင်း သိပြန်တော့လဲ ဒီလမ်း မတိုးတော့ဘူးပေါ့ဗျာ (မှန်ပါ့ ဘုရား)။

ဒါဖြင့် အဝိဇ္ဇာတည်းဟူသော အမှောင်ရန်သူတွေပေါလှတဲ့ အမှောင် ကိုလေသာ တည်းဟူသော လောက်ကိုက်သူကို ယနေ့ ဇာတ်သိမ်းရအောင် (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

အဝိဇ္ဇာအမှောင်ကြီးကို ယနေ့ အလင်းပေးရအောင် (မှန်ပါ့) ကိုလေသာလောက်တွေကိုလဲ ယနေ့ မဂ်ဆေးဝိပဿနာဆေးနဲ့ အသက်အရေးကို ကြီးစွာသော အရေးလုပ်ပြီး သကာလ သတ်ကြရအောင် ဒီတရားပွဲကြိုးစားကြပါလို့ တိုက်တွန်းတယ်နော် (မှန်ပါ ဘုရား)။

ဟို ဒကာ ဒကာမတွေ ကြည့်လိုက်ပြန်လဲ ပျာယာခတ်နေတယ်၊ ဒီ ဒကာ ဒကာမတွေ ကြည့်လိုက်ပြန်လဲ ပျာယာခတ်နေတာပဲ (မှန်လှပါ) အားလုံးသော ဒကာ ဒကာမတွေကို အိမ်လိုက်ကြည့်တော့ အငြိမ်မရှိဘူးဗျ၊ သူတို့အိမ်ကြည့်ရတာ ဣန္ဒြေရလိုက်တာဆိုတဲ့အိမ်များ ရှိသေးရဲ့လား (မရှိပါ ဘုရား) ဟာ ဒါဖြင့် ဒီဘက်အိမ်က မရှိဘူး၊ ဟိုဘက်အိမ်က ဘာဖြစ်နေသတုံး မေးပြန်တော့ ပျာယာခတ်နေတာပဲ (မှန်ပါ့) သဘောကျပလား (ကျပါပြီ)တစ်ခါ စျေးချိုတစ်ခုလုံး လျှောက်ကြည့်ပြန်တော့လဲ ဘာဖြစ်နေသတုံး (ပျာယာခတ်နေပါတယ် ဘုရား)။

ဟာ ဘာဖြစ်တာတုံး၊ ဣန္ဒြေမရ တည်တည်ကြည်ကြည် မနေရ၊ ဟာ ဘာဖြစ်ကြပါလိမ့်မတုံးလို့ ဉာဏ်မျက်လုံးကလေးနဲ့ ဒကာကြွယ်တို့ ဦးလှဘူးတို့က ကြည့်လိုက်တာပေါ့ဗျာ (မှန်ပါ့) ကြည့်လိုက်တော့ မမြင်သေးဘူးလား (မြင်ပါတယ် ဘုရား) သြော် ရောဂါသည်တွေပါလား (မှန်ပါ့ ဘုရား)။

ဘယ့်နှယ်ဆိုကြမယ် (ရောဂါသည်တွေပါ ဘုရား) ရောဂါသည်တွေပါလား ဆိုတာ ငြင်းလို့ရပါ့မလား (မရပါ ဘုရား)။

ချောက်ကျင်းတွေထဲ ကျသေမှာပါ

ဒီရောဂါတွေ ပျောက်တဲ့ဆီ ပြေးတာလား၊ ချောက်ကျမည့်ဆီ ပြေးတာလားလို့ ဒီရောဂါသည်ကိုလဲ ဒီရောဂါနဲ့ ဒီနေရာတွင် ဝပ်သေမှာလား၊ ဟိုပြေး ဒီပြေးနဲ့ ချောက်ကျင်းတွေထဲ ကျသေမှာပဲလား ရောဂါသည်ကိုလဲ မေးပါဦး (ချောက်ကျင်းတွေထဲ ကျသေမှာပါ ဘုရား) အံမာလေး နေတော့ ရောဂါနဲ့၊ သေတော့ ချောက်ကျင်းကျတယ် (မှန်ပါ့) နေတော့ (ရောဂါနဲ့ပါ) သေတော့ (ချောက်ကျင်းကျမှာပါ ဘုရား) ဘယ်မှာ သက်သာခွင့်ပါကြရဲ့လား (မပါပါ ဘုရား)။

ဩော် ဘုန်းကြီးတို့ ဒကာ ဒကာမတွေမှာ အနေဆိုးနေပြီး အသေဆိုးဖြင့် သွားလေရဲ့ (မှန်ပါ့) ဆိုထိုက်-မဆိုထိုက် (ဆိုထိုက်ပါတယ် ဘုရား) နေတော့ ဘာတုံး (အနေဆိုးပါ ဘုရား) သေတော့ (အသေဆိုးပါ ဘုရား) ဒကာကြွယ် ဘယ်နေရာ ကောင်းခန်း ပါသေးသလဲ (မပါပါ ဘုရား)။

ဒါတွေ အနေဆိုးကို သေစေချင်တဲ့ ကိလေသာလောက်တွေ ဝိပဿနာမဂ်နဲ့ သတ်ရလိမ့်မယ် (မှန်ပါ့) အသေဆိုး မသေချင်လို့ရှိရင် အဝိဇ္ဇာက ဝိဇ္ဇာဖြစ်မှပဲ စိတ်အေးရတော့မယ် (မှန်လှပါ ဘုရား) ဒါမှ အမြင်မှန် ရမှာကိုးဗျ (မှန်ပါ့ ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဘယ်သူ ပျာယာခတ်လို့ သိန်းပေါင်းများစွာ ချမ်းသာသတဲ့ ဆိုတာ ဝမ်းမသာလို့ ပြောတဲ့ စကား မဟုတ်ပါဘူးနော် (မှန်ပါ့) သူမှာ လောက်ကိုက်တဲ့အနာကြောင့် မသက်သာတာချည်းကိုသာ ဘုန်းကြီးတို့ မြင်နေလို့ သနားတာပါ (မှန်လှပါ ဘုရား)။

လောက်ကိုက်နာနဲ့ ခွေးသည် ပြေးမိပြေးရာ ပြေးနေခဲ့သော် ချောက်ကျင်းမှ ကျပါ့မလား (ကျပါတယ် ဘုရား) လောက်ကိုက်တဲ့ ခွေးဟာ အလင်းနေချင်သလား၊ အမှောင်ပြေးချင်သလားပဲ အကဲခတ် စမ်းပါဦး (အမှောင်ပြေးချင်ပါတယ် ဘုရား) ဩော် အဝိဇ္ဇာ အမှောင်ထုကြီးထဲမှာ ပြေးချင်တယ်ဆိုတာ မသေချာဘူးလား (သေချာပါတယ် ဘုရား)။

ကိလေသာလောက်ကိုက်လို့

ဒကာကြွယ်ရေ အားလုံး ဒကာ ဒကာမတွေကို အင်မတန် ကရုဏာ ရှေ့ထားပြီး သကာလ ကိလေသာလောက်ကိုက်လို့ မှောင်ထဲချည်း ပြေးနေတာတွေ မြင်သောကြောင့် လောက်ကိုက်တာကလဲ မသက်သာ၊ ချောက်ထဲကျတာကလဲ မကောင်း၊ အသုဘဖြစ်မှာ စိုးရိမ်လို့ လောက်ကိုက်နာကို ပျောက်အောင် ကုမကွ၊ အမှောင်နဲ့ အလင်းကို ခွဲခြားပြီး အလင်း ကလေးရအောင်ကိုလဲ မျက်စိနှစ်ကွင်း အလင်းကလေးရအောင် ကြိုးစားပေးမယ်ဆိုပြီး ဟောနေရတာ (မှန်ပါ့) လွယ်ကူပါ့မလား (မလွယ်ကူပါ ဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

အံမာလေး ဒကာ ဒကာမတွေ ငါပြောတာ ဘာပြောတာပါလိမ့်မတုံးဆိုတာကော ယနေ့တော့ ရိပ်မိကောင်းပါပြီ (ရိပ်မိပါပြီ ဘုရား) ဘယ့်နှယ်ကြောင့်ပါလိမ့် (ကိလေသာလောက်ကိုက်လို့ပါ ဘုရား)။

ကိလေသာလောက်ကိုက်တဲ့ပုဂ္ဂိုလ်ဟာ လမ်းရွေးသေးသလား (မရွေးပါ ဘုရား) ရမယ်ဆို ဘယ်လမ်းဖြစ်ဖြစ် (ပြေးပါတယ် ဘုရား) ဘယ်လမ်းက အန္တရာယ် ကင်းသတုံးဆိုတော့ မဂ္ဂင်လမ်းသာ အန္တရာယ်ကင်းတယ်၊ လောကီလမ်းတွေက အန္တရာယ်ကင်းတာရှိရဲ့လား (မရှိပါ ဘုရား)။

ဟာ မကင်း ကင်းကင်း ရမယ်ဆို သွားရမှာပဲ၊ လောက်ကလဲ ကိုက်ပြန်၊ ဒကာ ဒကာမတွေ ရမယ်ဆိုတဲ့ လောက်က ကိုက်ပြီးနေပြန်တော့ သွားမိသွားရ သွားတဲ့အခါကျတော့ အန္တရာယ်မကင်းတဲ့ ရောဂါဥပါဒ် အန္တရာယ်တွေများတဲ့အထဲ မရောက်ပေဘူးလား (ရောက်ပါတယ် ဘုရား) အဲဒါကို အမှောင်ကို ခွင်းနိုင်တဲ့ အလင်းဝိဇ္ဇာ မရလို့ဖြစ်ရခြင်း ဖြစ်ပါတယ် (မှန်လှပါ ဘုရား) သိပ်ကြောက်စရာ ကောင်းပါလား (ကောင်းပါတယ် ဘုရား)။

ဘယ်လိုနေ ဘယ်လိုသေပါလိမ့်မတုံး

တစ်သံသရာလုံး တပည့်တော်တို့ ဘယ်လိုနေ ဘယ်လိုသေပါလိမ့်မတုံး ဘုရားလို့ဆိုတော့ ကိလေသာလောက်ကိုက်ပြီး ချောက်ကျသေခဲ့တဲ့ ဘဝချည်းပဲ (မှန်ပါ့)။

ဘယ်လိုဆုံးဖြတ်ချက်ချမလဲ (ကိလေသာလောက်ကိုက်ပြီး ချောက်ထဲကျသေခဲ့တဲ့ဘဝချည်းပါ ဘုရား) ကိလေသာလောက်ကိုက်ပြီး ချောက်ကျချည်း သေခဲ့ရတာချည်းပဲ (မှန်ပါ့) သေမိသေရာ သေတော့တာပဲ (မှန်ပါ့) ဟို ခေါက်ဆွဲဖို ဝင်စားလို့ ရေနွေးပူနဲ့ အပက်ခံပြီး သေလိုက်ရတဲ့ ဖြစ်ခြင်းတွေ မရှိဘူးလား (ရှိပါတယ် ဘုရား)။

ကိလေသာလောက်ကိုတော့ ခေါက်ဆွဲဖိုမှ စားရလိမ့်မယ်ထင်တော့ ကိလေသာလောက်ကလဲ ခေါက်ဆွဲဖို တွန်းလွှတ်တဲ့အခါကျလို့ရှိရင် ခေါက်ဆွဲဖိုကနေပြီး သကာလ ဒီအနားမှာ ငါတို့ဝယ်ထားတဲ့ သားငါးတွေ သူပဲ စားတတ်တာပဲဆိုပြီး ရေနွေးပူနဲ့ပက်တော့ သေခြင်းဆိုး မသေရဘူးလား (သေရပါတယ် ဘုရား) လောက်ကိုက်လို့ သွားမိသွားရာ သွားပြန်တော့ သေခြင်းဆိုး သေရတယ် (မှန်ပါ့ ဘုရား)။

ဒီ ဒကာ ဒကာမတွေလဲ အခု ဘယ့်နယ် ဖြစ်နေသတုံးဆိုတော့ ဒကာကြွယ်တို့ ဦးလှဘူးတို့ မေးခဲ့သော ဘယ့်နယ်ဖြေကြပါ့မလဲ (လောက်ကိုက်ပါတယ် ဘုရား) ကိလေသာ လောက်ကိုက်ပြီး သွားမိသွားရာ သွားလို့ ဘယ်မှာ ငှက်ဖျားသင့်ပြီး သေသတဲ့ဘုရား (မှန်ပါ့) ဘယ်မှာ ကားတိုက်လို့တဲ့၊ ဘယ်မှာ ဘာဖြစ်လို့တဲ့ မကြားရဘူးလား (ကြားရပါတယ် ဘုရား)။

ဘယ့်နယ်ကြောင့် အဲဒီအသေဆိုးကြီးတွေနဲ့ သေရပါလိမ့်မတုံးဆိုတာတော့ လောက်ကိုက်လို့ အတည်တကျ နေမရလို့ပါ (မှန်ပါ့) ဘယ်လို ဆိုကြပါ့မလဲ (လောက်ကိုက်လို့ အတည်တကျ နေမရပါဘူး) ဒါ လူတိုင်းအလုပ်နော် (မှန်ပါ့)။

ကိလေသာ ခပ်သိမ်းငြိမ်းတဲ့ မဂ်ရေစင်ဖျန်းလို့

အဲဒီတော့ ဘုန်းကြီးများက ကိလေသာ ခပ်သိမ်းငြိမ်းတဲ့ မဂ်ရေစင်ဖျန်းလို့ (မှန်ပါ့) သွားမိသွားရာ ရန်သူထဲ သွားမည့်ဥစ္စာကိုလဲ အမြင်ဓါတ် ဝိဇ္ဇာဓါတ်ကြီးကို ပေး၍ ကိလေသာလောက်တွေကို မဂ်ရေစင်နဲ့ ဖျန်းပြီး သေစေ၊ အမြင်ဓါတ်ဖြစ်တဲ့ ဝိဇ္ဇာဓါတ်တွေကို ပေးရလို့ရှိရင်ဖြင့် လောက်မကိုက်သောကြောင့် မပြေး၊ မပြေးလို့ သေခြင်းဆိုး မသေရ (မှန်ပါ့)။

ဒကာကြွယ် ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား) လောက်မကိုက်သောကြောင့် ပြေးရသေးရဲ့လား (မပြေးရပါ ဘုရား) ပြေးမိပြေးရာ မပြေးလို့ သေခြင်းဆိုး သေစရာရှိသေးရဲ့လား (မရှိပါ ဘုရား)။

ဒါဖြင့် အဝိဇ္ဇာနဲ့တဏှာပဲ၊ တဏှာတည်းဟူသော လောက်ကိုက်တော့ အဝိဇ္ဇာမှောက်ကြီးက ဖုံးထားတော့ ပြေးမိပြေးရာပြေး၊ သေခြင်းဆိုးချည်း သေရတဲ့ ဘဝတွေ နည်းနည်းနောနော ဘဝတွေ မဟုတ်သောကြောင့် ဒီတစ်ခါဖြင့် လောက်သေဆေးနဲ့ မျက်စိနှစ်ကွင်း အလင်းရတဲ့ဆေး ပေးရတော့မယ် (မှန်ပါ့ ဘုရား) မပေးရဘူးလား (ပေးရပါတယ် ဘုရား)။

ဒါကို ခင်ဗျားတို့ မျက်စဉ်းခတ်ပေးမည့် ကြံရင် ပြေးပြီး သကာလ မနေလိုက်ပါနဲ့ (မှန်ပါ့ ဘုရား) ဆေးခွက်ကိုင်ပြီး လောက်တွေကို သတ်ပေးမလို့ လာတာကိုလဲ မြင်တိုင်း မပြေးလိုက်ပါနဲ့ဆိုတဲ့ ဥစ္စာကိုလဲ ဒကာကြွယ် တောင်းပန်ပြီး ကုနေရတယ် (မှန်ပါ့) ဘယ်လိုလုပ်ပြီး ကုသရပါလိမ့် (တောင်းပန်ပြီး ကုသရမှာပါ ဘုရား)။

တောင်းပန်ပြီး ကုသနေရတယ်ဆိုတော့ ခင်ဗျားတို့ အတွက်မှာဖြင့် အတော် ကျက်သရေယုတ်တယ် (မှန်ပါ့ ဘုရား) ရောဂါကို တောင်းပန် ကုနေရပါတယ် ဆိုကတည်းက ရောဂါသည်က အရှူးဖြစ်နေတယ် (မှန်ပါ့) ဘယ့်နှယ်ဆိုကြမလဲ (ရောဂါသည်ဟာ အရှူးဖြစ်နေပါတယ် ဘုရား)။

အံမာလေး ရောဂါလဲ ရသေးတယ်၊ အရှူးကလဲ ထလိုက်သေးတယ် ဆိုလို့ရှိရင်ဖြင့် ကိုယ်ကျိုးဖြင့် နည်းပေါ့ (နည်းပါတယ် ဘုရား) တယ်လဲ ဆိုးဝါးပါလား (ဆိုးဝါးပါတယ် ဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

အမတနိဗ္ဗာန်ဆိုတာတော့ဖြင့် ရောက်တော့မှာပဲ

အေး ဒါကြောင့် ဒီတစ်ခါ ဆေးကုခံချင်ခံ၊ ဟုတ်လား (မှန်ပါ့) မျက်စဉ်းပေးလို့ရှိရင်လဲ အလင်းရလိမ့်မယ်၊ ကိလေသာလောက်တွေလဲ မဂ်ရေစင် ဖျန်းလို့ရှိရင်ဖြင့် ကိလေသာလောက်တွေ သေလို့ရှိရင်ဖြင့် နိရောဓဆိုတဲ့ ဓုဝနိဗ္ဗာန်၊ သုခနိဗ္ဗာန်၊ အမတနိဗ္ဗာန်ဆိုတာတော့ဖြင့် ရောက်တော့မှာပဲ (မှန်ပါ့ ဘုရား) ကဲ ဒါဖြင့် ရောက်အောင် ကြိုးစားကြစို့နော် (မှန်ပါ့ ဘုရား)။

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ဒီဟာ လောက်တွေ ကိုက်တာနဲ့ အမှောင်ကို အလင်းရဖို့အရေးဟာ ဘာလုပ်ရမှာပါလိမ့်မတုံးလို့ မေးလို့ ရှိရင်ဖြင့် အားလုံးဒကာ ဒကာမတွေ ဝိပဿနာမဂ်ကို ရှေးဦးစွာ လုပ်ရမယ် (မှန်ပါ့ ဘုရား) အဲ ဝိပဿနာမဂ်ကို ရှေးဦးစွာ လုပ်ရမယ်ဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

ဝိပဿနာမဂ် ရင့်ကျက်လာလို့ရှိရင် ဝိပဿနာမဂ်က အနုဗ္ဗာရပစ္စည်း (မှန်ပါ့) လောကုတ္တရာမဂ်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန် (မှန်ပါ့) အခြားရှိသေးရဲ့လား (မရှိပါ ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက ဝိပဿနာမဂ်နဲ့ ကိလေသာလောက်တွေကို သေစေပြီး သကာလ လောကုတ္တရာမဂ်နဲ့ "ဝိဇ္ဇာ ဥဒပါဒိ အာလောကော ဥဒပါဒိ" ဆိုတဲ့ အလင်းကိုဖြင့် ပေးတော့မှာပဲဆိုတဲ့ ဥစ္စာ ဒကာကြွယ်တို့၊ ဦးလှဘူးတို့ သေသေချာချာကြီး မှတ်ပေတော့ (မှန်ပါ့ ဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ကိုင်း ဒကာ ဒကာမတို့ ဝိပဿနာမဂ်၊ လောကုတ္တရာမဂ်၊ မဂ် ဘယ်နှစ်မျိုး ရှိပါလိမ့် (နှစ်မျိုးပါ ဘုရား) ဝိပဿနာမဂ်က အနန္တရပစ္စည်း၊ လောကုတ္တရာမဂ်က အနန္တရပစ္စည်း၏ ပစ္စယုပ္ပန် (မှန်ပါ့) ဒါက စာလိုသုံးတာ (မှန်ပါ့ ဘုရား)။

မြန်မာလို ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နားလည်မှု ပြောကြပါစို့ ဆိုတော့ ဝိပဿနာမဂ်က အကြောင်း၊ လောကုတ္တရာမဂ်က (အကျိုးပါ ဘုရား) အဲ ဝိပဿနာမဂ်အားထုတ်မှ လောကုတ္တရာမဂ်ရမယ် (မှန်ပါ့) ဝိပဿနာမဂ် အားမထုတ်ခဲ့သော် (လောကုတ္တရာမဂ် မရပါ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ကိလေသာလောက်ကိုက်တာကို သေစေချင်လို့ရှိရင် ဝိပဿနာမဂ်ကို လုပ်ပါ (မှန်ပါ့) အာလောကော ဥဒပါဒိ ဆိုတဲ့ သွားတဲ့နေရာမှာ မဂ်ကို လုပ်ပါ (မှန်ပါ့) အာလောကော ဥဒပါဒိဆိုတဲ့ သွားတဲ့ နေရာမှာ အလင်းရမှ အန္ဓကာယ်ကို ရှောင်နိုင်တယ်ဆိုတာ သိရတော့ဖြင့် လောကုတ္တရာမဂ်ကို အရောက်အား ထုတ်ရလိမ့်မယ် (မှန်ပါ့ ဘုရား)။

ဘယ်မဂ်ရမှ ဘယ်မဂ်ရမှာပါလိမ့်

သို့သော် လောကုတ္တရာမဂ်ကို ဒကာသစ်တို့ ခုနှတက်လို့ ရပါ့မလား (မရပါ ဘုရား) ဘယ်မဂ်ရမှ ဘယ်မဂ်ရမှာပါလိမ့် (ဝိပဿနာမဂ်ရမှ လောကုတ္တရာမဂ်ရမှာပါ ဘုရား) ဝိပဿနာမဂ်ရမှ လောကုတ္တရာမဂ် ရလိမ့်မယ်ဆိုတာကိုလဲ သေသေချာချာမှတ်ပါ (မှန်ပါ့ ဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

အဲဒါ ဘယ်မှာ ဟောပါလိမ့်မတုံး မေးတဲ့အခါကျတော့ နိဒါနဝဂ္ဂသံယုတ်(နှာ-၃၄၄)မှာ ကြည့်လိုက်တဲ့ အခါကျတော့ သုသိမသုတ်မှာ ဘယ်လို ဟောသတုံးဆိုတော့ "ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ"၊ သုသိမ-သုသိမပရိဗိုဇ်၊ ပုဗ္ဗေ-ရှေးအဖို့၌၊ ဓမ္မဋ္ဌိတိဉာဏံ-ဝိပဿနာဉာဏ်သည်၊ ဟောတိ-ဖြစ်၏၊ မင်းတို့ ရှေးဦးစွာ လုပ်ရမှာက ဝိပဿနာဉာဏ်တဲ့ (မှန်ပါ့)။

"ပစ္ဆာ နိဗ္ဗာနေ ဉာဏံ" ပစ္ဆာ-နောက်ကာလ၌၊ နိဗ္ဗာနေဉာဏံ -နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့ မဂ်ဉာဏ်သည်၊ ဟောတိ-ဖြစ်၏၊ နောက်မှ လောကုတ္တရာ မဂ်ဉာဏ်လာပါတယ်ကွာတဲ့ (မှန်ပါ့ ဘုရား) ဒါဖြင့် ရှေ့က ဘာမဂ်တုံး (ဝိပဿနာမဂ်ပါ ဘုရား) နောက်က ဘာမဂ်တုံး (လောကုတ္တရာမဂ်ပါ ဘုရား)။

အေး ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ဝိပဿနာမဂ်ကို ရှေးဦးစွာ ကြိုးစားပါလို့ ဒကာကြွယ်တို့ တိုက်တွန်းတယ် (မှန်ပါ့ ဘုရား) မှတ်ထားနော် (မှန်ပါ့) ဝိပဿနာမဂ်ကတော့ ဖြစ်ပျက်ကို မြင်ပါတယ် (မှန်ပါ့) လောကုတ္တရာမဂ်ကတော့ ဖြစ်ပျက်ဆုံးတာကို မြင်တယ် (မှန်ပါ့ ဘုရား)။

ဝိပဿနာမဂ်က ဘာမြင်ပါလိမ့် (ဖြစ်ပျက်မြင်ပါတယ် ဘုရား) မှတ်ထားနော် (မှန်ပါ့) လောကုတ္တရာမဂ်ကတော့ (ဖြစ်ပျက်ဆုံးတာကို မြင်ပါတယ်) ဖြစ်ပျက်ဆုံးတာကို မြင်တယ် (မှန်ပါ့ ဘုရား)။

ဖြစ်ပျက်မြင်မှ ဖြစ်ပျက်အဆုံးမြင်မှာ

ဒါဖြင့် ဖြစ်ပျက်မြင်မှ ဖြစ်ပျက်အဆုံးမြင်မှာပေါ့ (မှန်ပါ့) ဝါးအစကို မမြင်ဘဲနဲ့ ဝါးအဆုံးကို ဒကာကြွယ်တို့ ဦးလှဘူးတို့ မြင်ချင်ပါတယ်ဆိုလို့ (မမြင်ပါ ဘုရား) ဝါးမှ မတွေ့တဲ့ပုဂ္ဂိုလ်ဟာ ဝါးအစလဲ မတွေ့ပါဘူး၊ ဝါးအဆုံးကော (မတွေ့ပါ ဘုရား) ဝါးအစတွေ့လို့ ဝါးအဆုံးလိုက်မယ်ဆိုရင်ဖြင့် ဘယ့်နှယ်တုံးဗျာ (တွေ့ပါတယ် ဘုရား)။

အဲ ဝိပဿနာမဂ်ရပြီးလို့ ကိလေသာလောက် သေပြီဆိုမှဖြင့် ဒကာ ဒကာမတို့ လောကုတ္တရာမရ်ဆိုတဲ့ အလင်းကြီးဟာ ရပါတယ် (ရပါတယ် ဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ ဒီတရားကိုပဲ ဝိပဿနာမဂ်ကိုပဲ စကြပါဆိုတဲ့ အဓိပ္ပာယ်ကိုပဲ ပြောရတော့တယ် (မှန်ပါ့ ဘုရား)။

ကိုင်း ဒကာ ဒကာမတို့ ဝိပဿနာမဂ်လုပ်ဖို့ သင်လဲသင်မယ် နော်၊ ခန္ဓာထဲလဲ ဉာဏ်လှည့်လိုက်ပါ၊ ဒီအချိန်ကလေး ဉာဏ်လှည့်လိုက်တော့ ခင်ဗျားတို့ စကြဝတေးမင်း စည်းစိမ်ချမ်းသာတွေထက် သာတယ်လို့ အောက်မေ့ပါ (မှန်ပါ့ ဘုရား)။

ဒီအချိန် တစ်ချက်လောက် ဉာဏ်လှည့်လိုက်ရရင်ပဲ "ဧကာဟံ ဇဝိတံ သေယျော" ဆိုတဲ့အတိုင်း အသက်တစ်ရာရှည်ရတာထက် ဖြစ်ပျက် တစ်ချက် မြင်ရတာက မြတ်ပါတယ်လို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီး ဓမ္မပဒပါဠိတော်မှာ ဟောထားတဲ့အတိုင်း ရှေးဦးစွာ ဝိပဿနာမဂ်ကို ရမှသာလျှင် လောကုတ္တရာမဂ်ကို ရနိုင်တယ်လို့ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်မှာ သုသိမပရိဗိုဇ်ကို ဟောထားသည့်ဖြစ်လေ သောကြောင့်လဲ ကျုပ်တို့သည် ရှေ့ပိုင်းကစပြီး လုပ်ကြပါစို့ (မှန်ပါ့ ဘုရား)။

ဒကာ ဒကာမတို့ ဘာစလုပ်ရမလဲ (ဝိပဿနာမဂ်လုပ်ရပါမယ်) ရှေ့ပိုင်း ကစပြီး ဝိပဿနာမဂ်ကို လုပ်ကြပါစို့ (မှန်ပါ့) အားလုံး ဒကာ ဒကာမတွေ ဒါ ကိလေသာလောက်ကိုက်တာ ကုတော့မလို့ (မှန်ပါ့) ပြီးတော့မှ မျက်စိအလင်းကုရမှာ (မှန်ပါ့ ဘုရား)။

ဝိပဿနာဉာဏ်နဲ့ အရင်လုပ်ပါမှ

ကိလေသာလောက်ကိုက်တာ ဝိပဿနာဉာဏ်နဲ့ အရင်လုပ်ပါမှ ဒကာ ဒကာမတို့ လောကုတ္တရာမဂ် ရနိုင်တယ်ဆိုတာလဲ သေချာပလား (သေချာပါပြီ) အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "သာသတီတိ သတ္ထာ" ဆိုတဲ့အတိုင်း ငါက ဆေးသမားကြီးကွာ၊ မင်းတိုက လူနာသည်တွေကွ တဲ့ (မှန်ပါ့ ဘုရား)။

ဘုရားက ဘာတဲ့ (ဆေးသမားကြီးပါ ဘုရား) ဒကာ ဒကာမတွေက ဘာလဲ (လူနာသည်တွေပါ ဘုရား) အဲဒီဆေးသမားနဲ့ လူနာသည်ကားလို့ဆိုရင် ဆေးသမားက ပညာသည်မှတ်လိုက်စမ်း (မှန်ပါ့) လူနာသည်တွေကတော့ဖြင့် အနာရှိလို့လဲ ရှိမှန်းမသိဘူး (မှန်ပါ့) အနာလွန်မှ သိပြန်တော့လဲ ကုလို့မရပါဘူး (မရပါ ဘုရား)။

အဲဒါကြောင့် အခု ဒကာ ဒကာမတွေအတွက်မှာ စဉ်းစားရတာကဖြင့် ဒကာ ဒကာမတို့ အနာကလဲ မလွန်သေး၊ ဆေးသမား၏ဆေးတွေက ဘုရားသခင် ကိုယ်တော်မြတ်ကြီး၏ဆေးတွေ ထားပစ်ခဲ့တော့ ဘုန်းကြီးကလဲ ဆေးသမားဖြစ်ပြီး ကုသပေးနေတဲ့အချိန်မှာ အနာမလွန်ခင် ဆေးကလေး တွေ့ကြလို့ရှိရင်ဖြင့် ခင်ဗျား

တို့သည် လောက်ကိုက်ပျောက်ပြီး သကာလ အလင်းရသောကြောင့် ငြိမ်ငြိမ်နေတဲ့ သန္ဓိလက္ခဏာရှိတဲ့နိဗ္ဗာန်ကြီး ရပါလိမ့်မယ် (မှန်ပါ့ ဘုရား) သဘောပါကြပလား (ပါပါပြီ ဘုရား)။

ကိုယ့်ခန္ဓာကို ကိုယ်ကြည့်ကြစို့

ကဲ ဒါဖြင့် ကြိုးစားကြပါစို့ဆိုတာ တရားတစ်ပွဲလုံးကလဲ ဆုံးဖြတ်ချက်ချကြပါတော့ (မှန်ပါ့ ဘုရား) တရားတစ်ပွဲလုံး ဆုံးဖြတ်ချက်ချကြပါစို့ ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ဘယ်ဟာ အားထုတ်ရမှာတုံး၊ အို ဒကာ ဒကာမတို့ ဘယ်ဟာ အားထုတ်ရမှာတုံးလို့ မမေးပါနဲ့တော့ ဒီခန္ဓာကြီးထဲမှာ စိတ်ဟာလဲ ခန္ဓာပဲ (မှန်ပါ့) ဝေဒနာကော (ခန္ဓာပါ ဘုရား)။

ရုပ်ဟာကော (ခန္ဓာပါ ဘုရား) သညာသင်္ခါရတွေကော (ခန္ဓာပါ ဘုရား) သြော် ဒါဖြင့် ကိုယ့်ခန္ဓာကို ကိုယ်ကြည့်ကြစို့ (မှန်ပါ့ဘုရား)။ ဘာကြည့်ရမှာပါလိမ့် (ကိုယ့်ခန္ဓာကိုကိုယ်ကြည့်ရမှာပါ) ကိုယ့်ခန္ဓာကို ကိုယ်ကြည့်ကြစို့ ဒကာ ဒကာမတို့ (မှန်ပါ့ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဝိပဿနာမဂ်ဆိုတာ ဘာပါလိမ့်မတုံး မေးလို့ရှိရင် ကိုယ့်ခန္ဓာကို ကိုယ်ကြည့်တာ ဝိပဿနာမဂ် (မှန်လှပါ ဘုရား) ဘယ်လိုမှန်ကြမယ် (ကိုယ့်ခန္ဓ ကိုကိုယ်ကြည့်တာ ဝိပဿနာမဂ်ပါ ဘုရား)။ သေသေချာချာမှတ်ကြပါ။ ကိုယ့်ခန္ဓာကိုယ်ကြည့်တာ ဘာပါလိမ့် (ဝိပဿနာမဂ်ပါ ဘုရား)။

ဝိပဿနာမဂ်ဆိုတာ ကိုယ့်ခန္ဓာကိုယ်ကြည့်လို့ မြင်လို့ရှိရင်ဖြင့် ဝိပဿနာမဂ်ဖြစ်တော့တာပဲ (မှန်ပါ့ ဘုရား) ရှင်းပလား (ရှင်းပါပြီ) အဲဒါကြောင့် ဒကာ ဒကာမတို့ ဝိပဿနာမဂ်ဆိုတာ တခြားလား အောက်မေ့နေတယ်၊ ကိုယ့်ခန္ဓာ ကိုယ်ကြည့်ဖို့ပါပဲ (မှန်လှပါ ဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

စိတ်ပေါ်ရင်စိတ်ကိုကြည့်ပါ

ကိုယ့်ခန္ဓာကလဲ ဘုရား၊ ခန္ဓာငါးပါးတောင် ဘုရားဆိုတော့ ငါးပါးလုံး မကြည့်နဲ့လို့ ဘုန်းကြီးက သတိပေးလိုက်တယ် (မှန်ပါ့) ဝေဒနာပေါ်ရင် ဝေဒနာကြည့်ပါ (မှန်လှပါ ဘုရား) စိတ်ပေါ်ရင် (စိတ်ကိုကြည့်ပါ) စိတ်ကိုကြည့်ပါဆိုတော့ ဝိညာဏက္ခန္ဓာကို ကြည့်တာပေါ့ (မှန်လှပါ ဘုရား)။

ကြည့်လိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ မြင်တယ် မမြင်တယ်ဆိုတာ ဘုန်းကြီးရှင်းပြမယ် (မှန်ပါ့) မြင်တယ်၊ မမြင်တယ်ဆိုတာ ရှင်းပြပါ့မယ် ဒကာ ဒကာမတို့ သေသေချာချာ နားထောင်ပါ (မှန်ပါ့ ဘုရား)။

ဒကာ ဒကာမတို့ ဒကာ ဒကာတို့၏ အသက်သည် ပထမစိတ် ဖြစ်တယ်၊ ပထမစိတ်နဲ့ လူရှင် ဖြစ်ရတယ်လို့ မှတ်လိုက်ပါ (မှန်ပါ့) ဒုတိယစိတ်ဖြစ်လာရင် (ဒုတိယစိတ်နဲ့ လူရှင်ပါ ဘုရား) ပထမစိတ် ဖြစ်လာရင် (ပထမစိတ်နဲ့ ရှင်ပါတယ်) ပထမစိတ်နဲ့ လူရှင်နော် (မှန်ပါ့) ဒုတိယစိတ် ဖြစ်လာရင် (ဒုတိယစိတ်နဲ့ ရှင်ပါတယ် ဘုရား)။

သြော် ဒါဖြင့် ပထမစိတ်နဲ့ လူရှင်သည် ဒုတိယစိတ်ဖြစ်တဲ့အခါကျတော့ကို ဒကာ ဒကာမတို့ အသေမဖြစ်သေးဘူလား (ဖြစ်ပါတယ် ဘုရား) ဒုတိယစိတ်က အရှင်ဖြစ်နေပြီ (မှန်ပါ့ ဘုရား) ကဲ ဒုတိယစိတ်က ရှင်နေပြန်တော့ ဒုတိယစိတ်ကလဲ ဖြစ်ပြီးပျက်သွားတဲ့ သဘောကလေးနဲ့ ကုန်ဆုံးသွားတော့ တတိယစိတ်နဲ့

အသက်မရှင်ရဘူးလား (ရှင်ရပါတယ် ဘုရား) ဒါဖြင့် ဒုတိယစိတ်နဲ့ ဒကာကြွယ်တစ်ယောက် ဒုတိယဦးလှဘူး တစ်ယောက် ဆုံးရှုံးတယ် သေသွားပြီဆိုလို့ရှိရင်ဖြင့် လွဲပါ့မလား (မလွဲပါ ဘုရား)။

ကိုယ့်အသေကို ကိုယ်ကြည့်တာ ဝိပဿနာ

ဒါဖြင့် ဒကာ ဒကာမတို့ ကိုယ့်အသေကို ကိုယ်ကြည့်တာ ဝိပဿနာ (မှန်ပါ့) ကိုယ့်ခန္ဓာကိုယ်ကြည့်တာ (ဝိပဿနာပါဘုရား) ကိုယ့်အသေ ကိုယ်မြင်တာ (ဝိပဿနာပါ ဘုရား) သြော် ဒါဖြင့် ဒကာကြွယ် နေရာကျပါပေါ့လား (မှန်ပါ့) နေရာကျပါပေါ့လား ဒကာ ဒကာမတို့၊ ကိုယ့်အသေ ကိုယ်မြင်တာ (ဝိပဿနာပါ ဘုရား)။

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ဒီအသေတွေကို မမြင်ကြလို့ ဒကာကြွယ်ရေ လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတွေ ဖြစ်ဖို့ ဆုတောင်းကြတာ (မှန်ပါ့ ဘုရား) ဒီအသေတွေ ခဏခဏသေနေတဲ့ အသေတွေကို မမြင်ကြတဲ့အတွက် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ နောက်ဘဝ လူဖြစ်ချင်၊ နတ်ဖြစ်ချင်၊ ဗြဟ္မာဖြစ်ချင်တဲ့ တဏှာလာတာကိုးဗျ (မှန်ပါ့ ဘုရား) ဒီအသေ မြင်ကြရင်ဖြင့် ဖြစ်ချင်တဲ့ တဏှာ ကြီးပွားချင်တဲ့ ကိလေသာဆိုတဲ့ လောက်တွေ သေရမယ် (မှန်ပါ့ ဘုရား) မသေပါနဲ့ဆိုလို့ (မရပါ ဘုရား)။

မရပါဘူးဆိုသဖြင့် သြော် ဒကာ ဒကာမတို့ ကိလေသာလောက်ကိုက်လို့ ဟိုပြေး၊ ဒီပြေး၊ ပြေးတာဟာ အသေမမြင်လို့ပါလား (မှန်ပါ့ ဘုရား) ပေါ်လာတယ်နော် (ပေါ်လာပါတယ် ဘုရား)။

ကိလေသာလောက်ကိုက်လို့ ဟိုပြေး ဒီပြေးနဲ့ မန္တလေး ပြေးလိုက်၊ တောင်မြို့ပြန်လာလိုက်၊ ဒီကနေ ရန်ကုန်ပြေးလိုက်၊ ရန်ကုန်ကနေ လှည့်ပြန်လာလိုက်၊ ဟာတစ်ခါတည်း ဒေါင်ချာစိုင်းလို့ (မှန်ပါ့ ဘုရား) တစ်ခါတလေကျတော့ တချို့သော ပုဂ္ဂိုလ်ကျတော့ သေခဲ့ရတာပါပဲ (မှန်ပါ့ ဘုရား) ပြန်လာတဲ့ဆီ ရောက်သေးရဲ့လား (မရောက်ပါ ဘုရား) မှောင်ထဲ ခွေးနာ ပြေးသလို ပြေးရလို့ ချောက်ကျ (မှန်ပါ့) ခွေးနာလောက် ကိုက်လို့ပြေးတော့ ချောက်ကျပြီးသေရ (မှန်ပါ့ ဘုရား)။

ဒီအဓိပ္ပာယ်တွေချည်းပဲ ဒကာ ဒကာမတွေ သံသရာတစ်ခုလုံးမှာ မဆုံးနိုင်အောင် ပြေးလား-လွှားလား ချောက်ကျလားနဲ့ပဲ အချိန်ကုန်ခဲ့ရတယ် (မှန်လှပါ ဘုရား)။

လောက်နိုင်ဆေးကို အရင်ပေးနေတယ်

ဘာနဲ့ အချိန်ကုန်ခဲ့ရသလဲ (ပြေးလား လွှားလား ချောက်ကျလားနဲ့ အချိန်ကုန်ခဲ့ရပါတယ် ဘုရား) ပြေးလား လွှားလား ချောက်ကျပြီး သကာလ သေခဲ့ကြခဲ့ရတဲ့ဘဝတွေ များလွန်းလို့ ဒကာ ဒကာမတွေ တယ်ဆိုးတဲ့ ကိလေသာလောက်ပါလားဆိုပြီး လောက်နိုင်ဆေးကို အရင်ပေးနေတယ်ဆိုတာကို ဒကာကြွယ် ဦးလှဘူးတို့ မှတ်ရမယ် (မှန်လှပါ ဘုရား)။

လောက်နိုင်ဆေး အရင်ပေးနေရတယ် (မှန်ပါ့) လောက်နိုင်ဆေး ဘာပါလိမ့် မတုံးဆိုတော့ ကိုယ့်အသေ ကိုယ်မြင်တဲ့ဉာဏ် (မှန်ပါ့) ကိုယ့်အသေ ကိုယ်မြင်တဲ့ ဉာဏ်သည် ကိလေသာလောက်ကို သေစေနိုင်တဲ့ ဉာဏ်ဆေးပြ (မှန်ပါ့ ဘုရား) သဘောပါကြပလား (ပါပါပြီ ဘုရား)။

ကိုင်း ဒါဖြင့် ဒကာ ဒကာမတို့ ဥပမာ လည်လွန်းတဲ့ စက်ဘီး တစ်ခုရှိပါတယ်၊ စက်လည်း ဒီဇယ်ထည့် မောင်းမောင်း၊ ဓာတ်ဆီထည့် မောင်းမောင်း၊ ဒကာကြွယ် ဘီးကြီးက သိပ်လည်တာပဲ (လည်ပါတယ် ဘုရား) ဟာ တစ်မိနစ်ဆိုလျှင် နှစ်ထောင်လောက် လည်တယ် နှစ်ထောင့် ငါးရာလောက် လည်တယ်ဆိုပါတော့ (မှန်ပါ့) စိတ်တွေလဲ ဒီလိုပါပဲတဲ့၊ တစ်စိတ်ပြီး တစ်စိတ်ဖြစ်နေတာပဲ၊ ဒီလိုလည် ဖြစ်နေတာပဲ ဆိုတာကို မှတ်ထားကြစမ်းပါ (မှန်ပါ့ ဘုရား)။

နိုးမှန်းသိတဲ့စိတ်သာ ရှိတော့တယ်

အဲဒီကဲ့သို့ မှတ်ထားကြတဲ့အခါကျတော့ ဒကာ ဒကာမတို့ မနက်ထ စဉ်းစားကြစမ်း၊ အိပ်ရာက နိုးလာတော့ နိုးလာတဲ့ စိတ်ကလေး မလာဘူးလား (လာပါတယ်) နိုးတဲ့စိတ်ကလေးဟာလဲ ဖျတ်ဆိုနိုးလာပြီး သကာလ နိုးမှန်းသိတဲ့ စိတ်ကလေးကလဲ နောက်က လိုက်မလာဘူးလား (လာပါတယ် ဘုရား) အဲဒီအချိန်မှာ နိုးတဲ့စိတ်ကလေးဟာ ရှိသေးရဲ့လား (မရှိပါ ဘုရား) နိုးမှန်းသိတဲ့စိတ်သာ ရှိတော့တယ်ဆိုတာ သဘောကျပလား (ကျပါပြီ ဘုရား)။

ကောင်းပြီ ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သေသေချာချာ ဟောတယ်နော်၊ "အဘိက္ကန္တေ ပဋိက္ကန္တေ" နဲ့ လာလိုက်တဲ့ဖြစ်ခြင်း၊ မသိရမည့်နေရာများ ရှိသေးသလား (မရှိပါဘုရာ) အဲဒါဟာ ကိုယ့်အသေ ကိုယ်သိခိုင်းနေတာလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ ဘုရား)။

ကဲ နိုးတဲ့စိတ်ကလေးဟာ နိုးမှန်းသိပြီး သကာလ ဒီနိုးမှန်းသိတဲ့ စိတ်ကလေးဟာ ထမှပါပဲဆိုတာနဲ့ စိတ်ကလေးလာတော့ ခုနင်က နိုးတဲ့ စိတ်ကလေး ရှိသေးရဲ့လား (မရှိတော့ပါ ဘုရား)။

မရှိတော့ နိုးတဲ့စိတ်ကလေးက အနိစ္စဟုတ်လား (မှန်ပါ့) မရှိဘူးလို့ သိတာကလေးက (မဂ္ဂပါ ဘုရား) ဒီလိုကလေး လိုက်ပေးပါတဲ့၊ အခုတော့ ဒကာ ဒကာမတွေက ဒီလိုဝိပဿနာမဂ်မလိုက်ဘဲ ဖြစ်နေတော့ နိုးပြီး နိုးလို့ ရှိရင်ဖြင့် လက်ဖက်ရည်အခန်းရင်လဲ သွားမယ်၊ ကုဋ္ဌီကျင်ငယ် အခန်းရင်လဲ သွားမယ်လို့ဆိုတော့ ဒီကြားထဲ မဂ်မသွင်းဘူးဗျ (မှန်ပါ့) သွင်းသေးရဲ့လား (မသွင်းပါ) နိုးမှန်းသိတဲ့ စိတ်ကလေးဟာ ရှိသေးသလား မရှိတော့ဘူးလားဆိုတာ ဒကာကြွယ်ရေ ဝိပဿနာရှုရမယ် (မှန်ပါ့ ဘုရား)။

ရှုလိုက်တဲ့အခါကျတော့ နိုးမှန်းသိတဲ့စိတ်ကလေးသည် ရှိသလား မရှိဘူးလားလို့ တွေးလိုက်တာပေါ့ဗျာ (မှန်ပါ့) တွေးလိုက်တဲ့ အခါကျတော့ နိုးမှန်းသိတဲ့စိတ်ကလေး ရှိသေးသလား (မရှိပါ ဘုရား) အဲ မရှိတာ ဘာခေါ်ကြမယ် (အနိစ္စပါ) မရှိမှန်းသိတာက (မဂ္ဂပါ ဘုရား)။

ဝိပဿနာမဂ္ဂဖြစ်လာတော့ ဩော် ဒကာ ဒကာမတို့ နိုးပြီးလဲ သေပြန်တာကိုး (မှန်ပါ့) ဘယ့်နယ် ဆိုကြမလဲ နိုးပြီးလဲ သေပြန်တာပဲ (မှန်ပါ့) နိုးကာရှိသေးတယ်၊ တစ်ယောက်သေပြန်ပြီ ဒကာကြွယ်ရ (မှန်လှပါ ဘုရား) နိုးတဲ့လူတွေ ရှိသေးရဲ့လား (မရှိပါ ဘုရား) နိုးတဲ့စိတ်ကလေး (မရှိပါ ဘုရား) နိုးပြီး ဘာဖြစ်သွားပါလိမ့် (သေသွားပါတယ် ဘုရား) နိုးပြီး သေသွားတယ်ဆိုတဲ့ အဓိပ္ပာယ်လဲ မရှင်းဘူးလား (ရှင်းပါတယ် ဘုရား)။

ကိုယ့်အသေကိုယ်မြင်တာ

ဒါဖြင့် ဝိပဿနာဆိုတာ ဒကာ ဒကာမတို့ ကိုယ့်အသေ ကိုယ်ကြည့်တာ ဝိပဿနာ (မှန်ပါ့) ကိုယ့်ခန္ဓာ ကိုယ်ကြည့်တာ (ဝိပဿနာပါ ဘုရား) ကိုယ့်အသေကိုယ်မြင်တာ (ဝိပဿနာပါ ဘုရား)။

နိုးတဲ့စိတ်ကလေးကို ရှိ-မရှိ နောက်က ဒကာကြွယ်တို့၊ ဦးလှဘူးတို့ အကဲခတ်လိုက်စမ်းပါ (မှန်လှပါ) အကဲခတ်လိုက်တဲ့ စိတ်လာရင် ဘယ့်နှယ်တုံး (သေသွားပါတယ် ဘုရား) ဩော် အိပ်ရာကနိုးပြီး သေသွားပြန်ပြီ (မှန်ပါ့) ကိုယ့်အသေ ကိုယ်မမြင်လိုက်ဘူးလား (မြင်ပါတယ် ဘုရား)။

အဲ ဝိပဿနာမဂ်နဲ့ ကြည့်ပြီဆိုမှဖြင့် ကိုယ့်အသေ ကိုယ်မြင်တော့တယ် (မှန်ပါ့) မမြင်ဘူးလား (မြင်ပါတယ်) ဒါဖြင့် နိုးတဲ့စိတ်က အနိစ္စ၊ နိုးတဲ့စိတ်မရှိတာကို သိတာက (မဂ္ဂပါ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီလို သိထားတဲ့အခါကျတော့ ဒီနေ့ အိပ်ရတာနိုးရတာဖြင့် ကောင်းလိုက်တာပဲဆိုတဲ့ တဏှာ လာသေးရဲ့လား (မလာပါ ဘုရား)။

နောက် ဒီလိုချည်းပဲ နိုးပါရစေ၊ ဒီလိုကောင်းကောင်းအိပ်ပြီး ကောင်ကောင်း နိုးချင်တဲ့ ဥပါဒါန်တွေ စွဲလမ်းမှုတွေ မလာပေဘူးလား (လာပါတယ် ဘုရား)။

ဒီလိုလာလို့ရှိရင် ကာယကံ၊ ဝစီကံနဲ့ ပေါ့ပေါ့ပါးပါးနဲ့ ထနိုင်တယ်၊ ဆိုနိုင်တယ်၊ ပြောနိုင်တယ်၊ ကြည်ကြည်လင်လင်ပဲ အစရှိသည်နဲ့ ကာယကံ၊ ဝစီကံတွေ မလာပေဘူးလား (လာပါတယ်) အဲဒီလိုလာတော့ တဏှာဥပါဒါန်ကံတွေက မဆက်ဘူးလား (ဆက်ပါတယ်) တဏှာဥပါဒါန်ကံတွေ ဆက်တော့ ဇာတိ ဇရာ မရဏ နေပါ့မလား (မနေပါ ဘုရား)။

ဒါသည်ကားဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတို့ပဲ စဉ်းစားပါတော့ ကိုယ့်အသေ ကိုယ်မမြင်တဲ့ပုဂ္ဂိုလ်ဟာ တဏှာဥပါဒါန်ကံ ဆက်တယ် (မှန်ပါ့ ဘုရား)။

ကိုယ့်အသေ ကိုယ်မမြင်တဲ့ပုဂ္ဂိုလ်

ကိုယ့်အသေ ကိုယ်မမြင်တဲ့ပုဂ္ဂိုလ်ကျတော့ (တဏှာ ဥပါဒါန် ကံ ဆက်ပါတယ်) ကိုယ့်အသေ ကိုယ်မြင်တဲ့ ပုဂ္ဂိုလ်ကျတော့ တဏှာ ဥပါဒါန် ကံ ဆက်သေးရဲ့လား (မဆက်ပါ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ပဲ ဝေဖန်ပါတော့၊ ကိုယ့်အသေ ကိုယ်မြင်တာ ဘာခေါ်ကြမယ် (ဝိပဿနာပါ ဘုရား) ဟုတ်ပြီ၊ "ဧကစိတ္တသမာယုတ္တာကိုးဗျ" တစ်ခုသောစိတ်နဲ့ အသက်ရှူနေတဲ့ လူတစ်ယောက် တစ်ယောက်မှာ နှစ်စိတ်နဲ့ အသက်မရှင်ပဘူးတဲ့ (မှန်ပါ့) တစ်စိတ်နဲ့ အသက်ရှင်နေတာဆိုတာ ပေါ်ပလား (ပေါ်ပါပြီ ဘုရား) နိုးတော့ ဘယ်သူနဲ့ အသက်ရှင်နေသတုံး (နိုးစိတ်နဲ့ အသက်ရှင်နေပါတယ် ဘုရား)။

အဲဒီနိုးစိတ်ကလေးကို နောက်ကနေ ကြည့်တာပေါ့ ဒကာ ဒကာမတို့ ဘယ်လောက်ပဲ စိတ်တွေ ခြားခြား နောက်ကနေပြီး ကြည့်လိုက်တဲ့အခါကျတော့ နိုးစိတ်ကလေးဟာ ကြည့်တဲ့စိတ် ပေါ်လာတော့ ရှိသေးရဲ့လား (မရှိပါ ဘုရား)။

ဘာရှိနိုင်ပါ့မလဲ ဒကာ ဒကာမတို့၊ ကြည့်တဲ့စိတ်နဲ့ အသက်ရှင်နေရတာပဲ၊ နိုးတဲ့စိတ်က သေပြီးသား ဖြစ်နေတယ် (မှန်ပါ့) ဒါဖြင့် အသေကို အရှင်ကနေ ကြည့်တာ ဘာခေါ်ကြမယ့် (ဝိပဿနာပါ ဘုရား) အသေကို အရှင်ကနေ မကြည့်ရင် ပဋိစ္စသမုပ္ပာဒ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

အသေကို အရှင်ကနေ မကြည့်ရင် (ပဋိစ္စသမုပ္ပာဒ်ပါ ဘုရား) ပဋိစ္စသမုပ္ပာဒ် ဒုက္ခသစ္စာတန်းပြီ (မှန်ပါ့ ဘုရား)။ အသေကို အရှင်ကနေ ကြည့်ရင် (ဝိပဿနာပါ ဘုရား)။

အသေကို အရှင်ကနေပြီး မကြည့်လို့ရှိရင် ဒုက္ခသစ္စာပွားပေါ့ (မှန်ပါ့) ဒီစကားမသေးပါဘူး ဒကာကြွယ်၊ ဉာဏ်နားနဲ့ထောင်ကြည့်မှ ကြီးကျယ်မှန်း သိတယ် (မှန်ပါ့ ဘုရား) ဉာဏ်နားနဲ့ထောင်ကြည့်မှ ဒကာ ဒကာမတို့ ကြီးကျယ်မှန်း သိတယ်ဆိုတာ သေသေချာချာ မှတ်လိုက်စမ်းပါ (မှန်ပါ့ ဘုရား)။

အသေကို အရှင်က သိတော့ ဘာတုံး(ဝိပဿနာပါ ဘုရား) အသေကို အရှင်က မသိလို့ရှိရင်ဖြင့် အဝိဇ္ဇာပစ္စယာ သင်္ခါရာ (မှန်ပါ့ ဘုရား) အသေကို အရှင်က မသိလို့ရှိရင် (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါ ဘုရား) အသေကို အရှင်က သိရင် (ဝိပဿနာပါ ဘုရား)။

သံသရာဆက်ပုံနဲ့ သံသရာ ပြတ်ပုံ

ဒါကလေး နှစ်လုံးရတာနဲ့ပဲ သြော် သံသရာဆက်ပုံနဲ့ သံသရာ ပြတ်ပုံဟာ တယ်ခြားနားပါလားဆိုတာ ကောင်းကောင်းကြီး ပေါ်လာတယ် (ပေါ်လာပါတယ် ဘုရား) ဒကာသစ် မပေါ်သေးဘူးလား (ပေါ်ပါတယ် ဘုရား)။

အသေကို အရှင်က မြင်တော့ ဘာတဲ့ (ဝိပဿနာပါ ဘုရား) ဟုတ်သားပဲ၊ ရှေ့သေတာကို နောက်ရှင်နေတဲ့ ဝိပဿနာဉာဏ်နဲ့ အသက် ရှင်နေတော့ အဲ ဒီဉာဏ်က ကြည့်လိုက်တဲ့အခါကျတော့ အသေက အနိစ္စ၊ အရှင်က မဂ္ဂ (မှန်ပါ့) အသေက (အနိစ္စပါ) အရှင်က (မဂ္ဂပါ) သဘောပါပလား (ပါပါပြီ ဘုရား)။

သေတော့ သေတာပဲ၊ ရှင်တော့ ရှင်နေတာပဲတဲ့၊ ရှင်စိတ်တွေ မသိတဲ့စိတ်တွေ လာမယ် (မှန်ပါ့) မလာပေဘူးလား (လာပါတယ် ဘုရား)။

မသိတဲ့စိတ်တွေ လာတဲ့အခါကျတော့ဖြင့် အသေစိတ်က ဒုက္ခသစ္စာကို မသိတဲ့စိတ် လာနေတော့ ဒုက္ခသစ္စာ မသိတော့ "ဒုက္ခေ အညာဏံ" ဆိုတဲ့ အဝိဇ္ဇာလာတယ် (မှန်ပါ ဘုရား)။

အသေကို အရှင်က မသိလို့ရှိရင်

ဒါဖြင့် အသေကို အရှင်က မသိလို့ရှိရင် အဝိဇ္ဇာပစ္စယာ သင်္ခါရာ (မှန်ပါ့) အသေကို အရှင်က သိလို့ရှိရင် (ဝိပဿနာပါ ဘုရား)။

ဒီနှစ်လုံးကို မမေ့ပါနဲ့(မှန်ပါ့) အသေကို အရှင်က သိရင် (ဝိပဿနာပါ) အသေကို အရှင်က မသိရင် (ပဋိစ္စသမုပ္ပာဒ်ပါ ဘုရား)။

အို ဒီနှစ်လုံးဟာ ဒကာကြွယ်၊ ပထမတစ်လုံးက ဘုရားပွင့်တာ (မှန်ပါ့) ဒုတိယနောက်စကားက ဘုရားပရိနိဗ္ဗာန်စံတာ (မှန်ပါ့) ဘုရားပရိနိဗ္ဗာန်စံသွားတော့ ခင်ဗျားတို့ သန္တာန်ဟောမည့် ပြောမည့်ပုဂ္ဂိုလ် မရှိတာပဲ (မှန်ပါ့ ဘုရား)။

ကဲ ဒါဖြင့် အသေကို အရှင်က သိရင် ဘုရားပွင့်တာ (မှန်ပါ့ ဘုရား) သဘောကျပလား (ကျပါပြီ) အသေကို အရှင်က မသိလို့ရှိရင် ဘုရားပရိနိဗ္ဗာန်စံတာ (မှန်ပါ့) ခင်ဗျားတို့ ဆုံးမသွန်သင်တဲ့ပုဂ္ဂိုလ် မရှိတော့ဘူး (မှန်ပါ့) ရှိသေးရဲ့လား (မရှိပါ ဘုရား)။

အသေကို အရှင်က သိရင် (ဝိပဿနာပါ ဘုရား) ဝိပဿနာတဲ့ ဒါ ဝိပဿနာဉာဏ် ပေါ်လာတာ (မှန်ပါ့) သြော် သေတာက အနိစ္စ၊ သိတဲ့ဉာဏ်က မဂ္ဂဆိုတော့ ဝိပဿနာမဂ် မဖြစ်လာဘူးလား (ဖြစ်လာပါတယ် ဘုရား) ရှင်းလို့ ဒကာကြွယ်ရေ (မှန်ပါ့) မရှင်းသေးဘူးလား (ရှင်းပါပြီ ဘုရား)။

အသေကို အရှင်က မသိခဲ့သော် (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါ ဘုရား) အသေကို အရှင်က မသိတော့ မသိတာသည်ကားလို့ဆိုရင် ခဏခဏ စိတ်ကလေးတွေဟာ ပျက်စီးနေတယ်၊ နိုးတဲ့စိတ်ကလေးဟာ ပျက်စီးတာသူ မသိပါဘူးတဲ့၊ မသိတာက အဝိဇ္ဇာ (မှန်ပါ့) အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့ တော်အောင်လျော်အောင် အလုပ်တွေ မလုပ်ပေဘူးလား (လုပ်ပါတယ် ဘုရား)။

မသိတာအဝိဇ္ဇာ၊ သိတာဝိပဿနာ

ဒါဖြင့် အသေကို အရှင်က မသိရင် (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါ ဘုရား) သဘောကျပလား (မှန်ပါ့) ဒကာ ဒကာမတွေ ဒီတရားကြားရ ဒီလိုသိရတဲ့အခါကျတော့ ငါတို့ဟာ မသိတာ အဝိဇ္ဇာ (မှန်ပါ့) သိတာ ဝိပဿနာ (မှန်ပါ့ ဘုရား)။

သြော် ဒါဖြင့် ဝိပဿနာ ရှုရတယ်ဆိုလို့ရှိရင်ဖြင့် ဒါ ဘုန်းကြီးများက ကိလေသာလောက်ကိုက်တာတော့ဖြင့် ဒကာကြွယ်ရေ လောက်သေတော့မယ်ဆိုတာ ရှင်းသွားတယ် (ရှင်းပါတယ် ဘုရား)။

အခုပြောခဲ့တာတွေ ဒကာကြွယ် သေသည့်တိုင်အောင် မှတ်ထားပါ (မှန်ပါ့) ဘယ့်နယ်ကြောင့် ဆရာဘုန်းကြီး အရေးတကြီး ထိပ်သံမှို နှာက်သည်ထက် မြဲအောင် သေသည့်တိုင် မှတ်ပါလို့ ဆိုရသတုံးဆိုတော့ ဝိပဿနာလဲ ကင်းလိုက်ရော၊ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ။ပ။ ဒုက္ခက္ခန္ဓသ သမုဒယော ဟောတိ" ဆိုတဲ့ ပဋိစ္စသမုပ္ပာဒ်ကြီးစာ ဒကာကြွယ်တို့ မဆုံးတော့ဘူး (မှန်လှပါ ဘုရား) ဆုံးပါဦးမလား (မဆုံးပါ ဘုရား)။

"ဒုက္ခက္ခန္ဓသ သမုဒယော" ကြီး မဆုံးတော့ဘူးဆိုလို့ရှိရင် ဒုက္ခစက်ကြီးသာ လည်တော့လို့ ပြောတာပဲ (မှန်လှပါ ဘုရား) ရှင်းကြပလား (ရှင်းပါပြီ ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေက အသေကို အရှင်က သိရင် (ဝိပဿနာပါ ဘုရား) အသေကို အရှင်က မသိရင် (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါ ဘုရား)။

ဒါဖြင့် ရှင်တော့ ရှင်နေတာပဲ၊ မသိရှင် ရှင်နေလို့ရှိရင်ဖြင့် သြော် စုံလုံးကန်း လမ်းသွားနေတာပဲ (မှန်လှပါဘုရား)။

စုံလုံးကန်း လမ်းသွားနေတာ

ဘယ့်နှယ်ဆိုကြမလဲ (စုံလုံးကန်း လမ်းသွားနေတာပါ ဘုရား) အသေကို အရှင်က မသိဘူး၊ ရှင်တော့ ရှင်နေတယ် သူ့ဟာ (မှန်ပါ့) ရှင်ပြီး လုပ်ချင်တာတွေလုပ်၊ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ ရောင်းရေး ဝယ်ရေး တောင်ပြေး မြောက်ပြေး (မှန်ပါ့) ဒါတွေသာ လုပ်ပြီး သကာလ နေတဲ့အခါကျတော့ ဒကာ ဒကာမတို့ သိတဲ့အတိုင်းပဲ စုံလုံးကန်း လျှောက်ပြေးနေတာ (မှန်ပါ့ ဘုရား)။

ဘယ့်နှယ် ဆိုပါ့မလဲ (စုံလုံးကန်း လျှောက်ပြေးနေပါတယ် ဘုရား) သြော် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရင်းလို့ ချာလို့ ခပ်ကြမ်းကြမ်း ပြောပြီး သကာလ သွန်သင်ဆုံးမနေရတယ်၊ စုံလုံးကန်းက ဒီဥစ္စာလေးလုံး ရှိရင် ဒီထက်ဆိုးမယ်နော် (မှန်ပါ ဘုရား) လေးလုံးက ထည့်ရဦးမှာ၊ အခုတော့ စုံဆိုတော့ နှစ်ခုတည်းကန်းသေးတာ (မှန်ပါ) သဘောကျပလား (ကျပါပြီ ဘုရား)။

အဲဒီတော့ သံသရာရှည်ရတာ စုံလုံးကန်းရှည်နေတယ်ဆိုရင် ရှေ့မှာရှိတဲ့ ခလုတ်လဲ စုံလုံးကန်းတိုက်ရမည့် ခလုတ်ပဲ (မှန်ပါ့) ရှေ့မှာ ရှိတဲ့ ကျင်းတွေကလဲ စုံလုံးကန်းကျရမည့်ကျင်းတွေ (မှန်ပါ့) အရှေ့မှာရှိတဲ့ မြွေတွေ ကင်းတွေကလည်း စုံလုံးကန်းကိုက်မလို့ စောင့်နေတာတွေ (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

အဲဒီလောက် ဆိုးဝါးသွားမှာစိုးတဲ့အတွက် ဒကာ ဒကာမတို့ အသေကို အရှင်က သိရင် ဘာခေါ်မယ် (ဝိပဿနာပါ ဘုရား) အသေကို အရှင်က မသိရင် (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါ) အဲ ဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတာ စုံလုံးကန်းလမ်းသွားတာ ဆိုတာ (မှန်ပါ့ ဘုရား)။

ချောက်တွေချည်း ကျနေတယ်

အဲ တစ်သံသရာလုံး ကျုပ်တို့ တစ်ခါတလေ လူပြည်အမိဝမ်းခေါင်း ချောက်ထဲကျလိုက် (မှန်ပါ့) တော်တော်ကြာ ခွေးဝမ်းခေါင်း ဆိုတဲ့ ချောက်ထဲကကော (ကျပါတယ် ဘုရား) ဘယ့်နှယ်ကြောင့် ကျပါလိမ့်မတုံး (စုံလုံးကန်း လမ်းသွားလို့ပါ ဘုရား)။ စုံလုံးကန်းလမ်းသွား ဘယ့်နှယ်ကြောင့် သွားဖြစ်ပါလိမ့်မတုံးဆိုတော့ အသေကို အရှင်က မသိလို့ (မှန်ပါ့ ဘုရား) အသေကို အရှင်က မသိလို့ဆိုတော့ ရှင်တော့ ရှင်နေတာပဲ၊ စုံလုံးကန်းရှင် ဖြစ်နေလို့ ချောက်တွေချည်း ကျနေတယ် (မှန်ပါ ဘုရား) သဘောပါပလား (ပါပါပြီ ဘုရား)။

ဒါကြောင့် ယနေ့ ဟောတဲ့တရားဟာ ဒကာ ဒကာမတွေလဲ ဒီမြို့ရောက်မှ ဆိုရင်လဲ ဟောကို မဟောရသေးပါဘူး (မှန်ပါ့) သြော် ဒါဖြင့် အသေကို အရှင်က သိလို့ရှိရင် ဒါ ဝိပဿနာဉာဏ်အစစ် (မှန်ပါ့) ရှင်တော့ ရှင်နေတယ်တဲ့ စုံလုံးကန်းရှင် ရှင်နေတော့ ကိုယ်သေတာ ကိုယ်သိသေးရဲ့လား (မသိပါ ဘုရား) မသိတော့ မသိတာက အဝိဇ္ဇာ ပြုတာက သင်္ခါရ (မှန်ပါ့) အဝိဇ္ဇာပစ္စယာ (သင်္ခါရာပါ ဘုရား)။

ကြောက်စရာ ကောင်းလိုက်တာ ဒကာ ဒကာမတို့ နဂိုတုန်းကလည်း အဝိဇ္ဇာပစ္စယာ သင်္ခါရာက လာခဲ့တယ် (မှန်ပါ့) ယခုလဲ ဘာလုပ်နေပြန်ပါလိမ့်မတုံး (အဝိဇ္ဇာပစ္စယာ သင်္ခါရာ လုပ်နေပါတယ် ဘုရား) အို ဒါဖြင့်

အမှောင်ထဲက လာပြီး အမှောင်ထဲ ပြန်သွားပါပြီ (မှန်ပါ့) ဘယ့်နှယ် ဆိုကြမလဲ (အမှောင်ထဲက လာပြီး အမှောင်ထဲကလာပြီး အမှောင်ထဲ ပြန်သွားပါတယ် ဘုရား) အမှောင်ထဲလာပြီး အမှောင်ထဲပြန်သွားတော့ ချောက်တွေ ကျင်းတွေ ဆိုတော့ အပါယ်လေးပါး ချောက်တွေ အမိဝမ်းခေါင်း ဆိုတဲ့ ကျင်းတွေဟာ စုံလုံးကန်းတို့၏ ကိန်းရာ အောင်းရာ ရောက်ရာ ဒုက္ခထောင်ကြီးတွေပဲ (မှန်ပါ့ ဘုရား) လွဲပါ့မလား (မလွဲပါ ဘုရား) အင်မတန် မဆိုးဝါးဘူးလား (ဆိုးဝါးပါတယ် ဘုရား)။

ဒါကြောင့် ဒကာ ဒကာမတို့ အင်မတန်ကြားရခဲ ကြုံရခဲတော့ ဒီကိုယ့်အသေ ကိုယ်ကြည့်တဲ့ဥစ္စာ ဝိပဿနာဆိုတာကိုလဲ ဒကာကြွယ် တစ်သက်နဲ့ တစ်ကိုယ်ကြားရတာ အင်မတန် ကြားရခဲတယ်နော် (မှန်ပါ့) မှန်လိုက်တာ (မှန်ပါတယ် ဘုရား) မှန်လိုက်တာလဲ လွန်နေတာပဲ (မှန်ပါ့)။

အသေက ဒုက္ခသစ္စာ၊ မသိတာက အဝိဇ္ဇာ

ကိုယ့်အသေ ကိုယ်မသိတာ ဘာတဲ့ (ပဋိစ္စသမုပ္ပာဒ် ဆက်တာပါ) ကိုယ့်အသေမှ ကိုယ်မသိတော့ အသေက ဒုက္ခသစ္စာ၊ မသိတာက အဝိဇ္ဇာကိုးဗျ (မှန်ပါ့) ဒါဖြင့် "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" မဖြစ်ပေဘူးလား (ဖြစ်ပါတယ် ဘုရား)။

ဒါကြောင့် ယနေ့ ဘုန်းကြီးတို့ ဘာများ ဆုံးမပါလိမ့်မတုံး၊ ကိုယ့် အသေ ကိုယ်သိတာ (ဝိပဿနာပါ ဘုရား) ကိုယ့်အသေ ကိုယ်မသိတာ (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါ ဘုရား)။

သြော် တစ်သံသရာလုံး ဒီနှစ်ခုမှာ ဘယ်ဟာနဲ့နေပါလိမ့်မလဲ ဆိုတာ ကိုယ်ပိုင်ဉာဏ်နဲ့ ကိုယ်တိုင်အကဲခတ်ကြည့် ပေါ်လာလိမ့်မယ် (ပေါ်ပါတယ်) ပေါ်လာတော့ ဘယ်ဟာ တွေ့ပါလိမ့်၊ ကိုယ့်အသေ ကိုယ်မသိတာ (ပဋိစ္စသမုပ္ပာဒ် ဆက်တာပါ ဘုရား) ဒါနဲ့ အချိန်ကုန်လာတယ် (မှန်လှပါ ဘုရား)။

ဘယ်လောက်များ နစ်နာတယ်ဆိုတာဖြင့် ဒကာသစ်တို့ ပြောဖို့ လိုသေးသလား (မလိုပါ ဘုရား) ဦးလှဘူး အသေ မစောလိုက်နဲ့ဦး၊ ကိုယ့်အသေ ကိုယ်သိတဲ့ အလုပ်လုပ်စမ်းပါ (မှန်ပါ့ ဘုရား)။

နောက်က ဒကာ ဒကာမတွေ ဘုန်းကြီး ဘာကို မေတ္တာရပ်ပါလိမ့်ဗျာ (ကိုယ့်အသေ ကိုယ်သိတဲ့ အလုပ်လုပ်ပါ ဘုရား) ကိုယ့်အသေ ကိုယ် သိပြီးမှ သေစမ်းပါလို့ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ကိုယ့်အသေက အနိစ္စ၊ ကိုယ်သိတာက မဂ္ဂ (မှန်ပါ့) ကိုယ့်အသေ ကိုယ်မသိတာက ဒကာ ဒကာမတို့ အဝိဇ္ဇာ (မှန်ပါ့) ပြုချင်သလို ပြုတာက (သင်္ခါရပါ ဘုရား) သဘောကျပလား (ကျပါပြီ ဘုရား)။

ကိုင်း ဒါဖြင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ လမ်းနှစ်လမ်း ဟောတဲ့အနက် သမ္မာမဂ္ဂလမ်းက၊ မိစ္ဆာမဂ္ဂလမ်းက ကိုယ့်အသေ ကိုယ်မသိတာ (မှန်ပါ့)။

သမ္မာမဂ္ဂလမ်း၊ မိစ္ဆာမဂ္ဂလမ်း

အဲဒီတော့ သမ္မာမဂ္ဂလမ်း၊ မိစ္ဆာမဂ္ဂလမ်းရယ်လို့ ဟောတယ်၊ အဲဒါတွေ ဝေဖန်ကြည့်တော့မှ ဒကာ ဒကာမတို့ ကိုယ့်အသေ ကိုယ်မသိတဲ့အချိန် များနေလို့ရှိရင် သြော် ငါသည် စုံလုံးကန်းလမ်း သွားနေပါပေါ့လား

(မှန်ပါ့) ငြင်းစရာ လိုသေးသလား (မလိုပါ ဘုရား) ဒါကြောင့် ကိုယ့်အသေ ကိုယ်သိတဲ့အလုပ်ဟာ ဘာခေါ်ကြမယ် (ဝိပဿနာပါ ဘုရား)။

ဒါဖြင့် မူလစကားကလေး ပျောက်သွားရော့မယ် ဒကာ ဒကာမတို့ ဝိပဿနာ ရှေ့ထားရမယ်နော် (မှန်ပါ့) နိုးတဲ့စိတ်ကလေးကို နိုးတဲ့စိတ် ကလေးရှိမရှိ ရှုလိုက်စမ်း ဒကာကြွယ် (မရှိပါ ဘုရား) မရှိတာ အနိစ္စ၊ သိတာက (မဂ္ဂပါ) မရှိတာကို သိတာ ဘာခေါ်မယ်၊ ဝိပဿနာ (မှန်ပါ့ ဘုရား)။

မရှိတာကို သိတာက (ဝိပဿနာပါ) ဒီလိုနိုးတဲ့စိတ်ကိုလဲ သိရမယ်လို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးကလဲ ဟောထားတော့ "သယာနော ဝါသာယာနောမှီတိ ပဇာနာတိ" ကိုးဗျ (မှန်ပါ့) အိပ်တယ်ဆိုရင် အိပ်တယ်လို့ သိရမယ်၊ နိုးတယ်ဆိုရင် (နိုးတယ်လို့ သိရပါမယ် ဘုရား) အဲဒီကဲ့သို့ သိတဲ့စိတ်ကလေးနဲ့ ဆိုတော့ ကိုယ့်အသေ ကိုယ်သိတာ (မှန်ပါ့)။

စိတ်တစ်ခုနဲ့ အသက်ရှင်တယ်ဆိုတော့ အရင်စိတ်က သေ၊ နောက်စိတ်က သိ၊ သဘောကျပလား (ကျပါပြီ ဘုရား) အဲဒီနောက်စိတ် သေပြန်တော့ နောက် တတိယစိတ်ကသိဆိုတော့ ကိုယ့်အသေ ကိုယ်သိ မသွားပေဘူးလား (သိသွားပါတယ် ဘုရား)။

ကိလေသာမခြားဘဲနဲ့ သိရင်ပြီးတာပါပဲ

အဲဒါ ဘဝတွေ ဝိထိတွေ ဘယ်လောက်ခြားခြား သတိပဋ္ဌာန် ကိစ္စမရှိဘူး၊ ကြားထဲ ကိလေသာမခြားဘဲနဲ့ သိရင် ပြီးတာပါပဲ (မှန်ပါ့) ရှင်းပြီနော် (ရှင်းပါပြီ ဘုရား) ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေ့ တရားမှာ နှစ်လုံးတည်း ဟောနေတာမှ အိမ်ပြန်မပါလို့ရှိရင် ကိုယ်ကျိုးနည်းကြလိမ့်မယ် (မှန်ပါ့) မနည်းကြပေဘူးလား (နည်းပါတယ် ဘုရား)။

ကိုယ့်အသေ ကိုယ်သိတာ (ဝိပဿနာပါ ဘုရား) ကိုယ့်အသေ ကိုယ်မသိတာ (ပဋိစ္စသမုပ္ပာဒ် ဆက်တာပါ ဘုရား) ဒါလိုရင်း တော်တော်ဆိုက်တယ်နော် (မှန်ပါ့) ဒကာကြွယ် အကုန်မပြီးသေး ဘူးလား (ပြီးပါတယ် ဘုရား) ဝိပဿနာဉာဏ်မှာ အကုန်ပြီးတဲ့သဘော ပြောနေတာနော် (မှန်ပါ့) ကိုယ့်အသေ သိတိုင်း သိတိုင်း ဝိပဿနာအလုပ် လုပ်နေတာ (မှန်ပါ့ ဘုရား) ကိုယ့်အသေ ကိုယ်မသိတိုင်း မသိတိုင်း သံသရာလည်နေတာ (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် (ကိုယ့်အသေ ကိုယ်သိတိုင်း ဝိပဿနာအလုပ် လုပ်နေတာပါဘုရား၊ မသိတိုင်း မသိတိုင်း သံသရာလည်နေတာ) ဒကာကြွယ်ရေ ဒါဖြင့် ဝိပဿနာသမားနဲ့ ဝိပဿနာ မလုပ်တဲ့လူနဲ့ဟာ ဝိပဿနာလုပ်တဲ့ လူကတော့ဖြင့် ကိုယ့်အသေ ကိုယ်မြင်တာကိုးဗျ (မှန်ပါ့) ဝိပဿနာမလုပ်တဲ့ပုဂ္ဂိုလ်က ကိုယ့်အသေ ကိုယ်မမြင်တော့ အဝိဇ္ဇာပစ္စယာ သင်္ခါရာဆိုတဲ့ စုံလုံးကန်း ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ် ဘုရား)။

ငါစုံလုံးကန်းချိန် ဘယ်လောက်တုံး

အဲ ကိုယ့်ကိုယ်ကိုယ် စစ်ဆေးကြည့်တာပေါ့၊ ငါစုံလုံးကန်းချိန် ဘယ်လောက်တုံး၊ မြင်တဲ့အချိန် ဘယ်လောက်တုံး (မှန်ပါ့) တွေးကြည့်လိုက်ရင် သိပြီ၊ မသိသေးဘူးလား (သိပါပြီ ဘုရား) စုံလုံးကန်းတဲ့အချိန်က ဘယ်လောက်တုံး၊ မြင်တဲ့အချိန်က ဘယ်လောက်တုံး မချိန်တတ်ဘူးလား (ချိန်တတ်ပါတယ် ဘုရား)။

အဲဒီတော့ စုံလုံးကန်းအချိန်မှာတော့ ခလုတ်တွေ ကျင်းတွေ ကန်သင်းတွေဆိုတဲ့ သခ်ါရအလုပ်တွေ လုပ်ချင်တာ လုပ်လိမ့်မယ် (မှန်ပါ့) မြင်တဲ့အခါကျတော့ ခုနင်က တဏှာဥပါဒါန် ကံတွေက မသေဘူးလား (သေပါတယ် ဘုရား)။

ဒါဖြင့် ရန်သူနိုင်တဲ့အချိန်ဟာ နည်းပြီးတော့ ရန်သူပွားတဲ့အချိန်က များခဲ့သော် ကိုယ်ကျိုးနည်းကြလိမ့်မယ် (မှန်လှပါ ဘုရား) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ပြောရတယ် ဒကာ ဒကာမတွေကလဲ သြော် ဘုန်းကြီး တရားနာရပြီဆိုမှဖြင့် တပည့်တော်များမှ စုံလုံးကန်းအချိန်ကို ယနေ့ တပည့်တော်တို့ ထူးထူခြားခြား သိလာတယ် (မှန်ပါ့) မသိကြဘူးလား (သိပါတယ် ဘုရား)။

ကိုယ့်အသေ ကိုယ်မမြင်တိုင်း ဘာအချိန်ပါလိမ့် (စုံလုံးကန်း အချိန်ပါ ဘုရား) စုံလုံးကန်းအချိန်ဆိုတာ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

အဲဒီ စုံလုံးကန်းအချိန်ဆိုတာကတော့ တခြားကြောင့် ပြောတာ မဟုတ်ပါဘူးတဲ့ "အဝိဇ္ဇာပစ္စယာ သခ်ါရာ"၊ အဝိဇ္ဇာဆိုတာ မသိတာ စုံလုံးကန်း (မှန်ပါ့) သခ်ါရာဆိုတာ ပြုတာ (မှန်ပါ့) ပြုတာဟာ အကောင်းပြုတာလား၊ အဆိုးပြုတာလားဆိုတော့ အို အဝိဇ္ဇာကြောင့်ဖြစ်တဲ့ သခ်ါရာပဲ ဒကာသစ်ရာ အဆိုးပြုတာတွေပေါ့ (မှန်ပါ့) သခ်ါရပစ္စယာ ဝိညာဏံ ဆိုတော့ ဒုက္ခသစ္စာကြီး ပေါ်မလာဘူးလား (ပေါ်လာပါတယ်) ရှင်းကြမလား (ရှင်းပါပြီ ဘုရား)။

ဘုရားတစ်ဆူ တစ်ဆူပွင့် ဝိပဿနာက ပေါ်လာတာ

အဲ ဒုက္ခရောက်တဲ့ဘက် ပြေးပြေးမသွားဘူးလား (သွားပါတယ်) ဒါကြောင့် ဒကာကြွယ်တို့၊ ဦးလှဘူးတို့ မျက်စိနှစ်ကွင်း အလင်းရတဲ့အချိန်ကလေးလဲ ကိုယ့်အသေကိုယ်မြင်တဲ့အချိန်ကလေးလဲ ဒကာ ဒကာမတို့ ဘုရားတစ်ဆူ တစ်ဆူပွင့် ဝိပဿနာက ပေါ်လာတာနော် (မှန်ပါ့) ဒီအထဲ သားရေး၊ သမီးရေး၊ စီးပွားရေးနဲ့ စုံလုံးကန်းအချိန်တွေ နုတ်မယ်ဆိုလို့ရှိရင် အားလုံး ဒကာ ဒကာမတွေ ဘာကျန်သေးသတုံး (မကျန်ပါ ဘုရား) ကန်းချိန်နဲ့ မြင်ချိန် ဘယ်အချိန်က များသတုံး (ကန်းချိန်က များပါတယ် ဘုရား)။

ခက်လိုက်တာ၊ ခက်လိုက်တဲ့ဖြစ်ခြင်း မပြောပါနဲ့တော့ ဒကာ ဒကာမတို့ မြည်တယ် တွန်တယ်လဲ အောက်မေ့ မနေပါနဲ့တော့၊ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ချက်ချတော့ (မှန်ပါ့) စုံလုံးကန်းအချိန်နဲ့ မြင်ချိန် ဘယ်ဟာများသတုံး (စုံလုံးကန်းချိန် များပါတယ် ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က ဖွင့်လျှောက်တာ မရှက်လို့ပဲ (မှန်ပါ့) မရှက်လို့ဘဲ လျှောက်တဲ့ အဓိပ္ပာယ် ရောက်နေပြီ (မှန်ပါ့) သဘောပါကြပလား (ပါပါပြီ ဘုရား) ဟုတ်နေတော့လဲ ဒါမှန်တယ်လို့ ဆုံးဖြတ်ချက် ချရမယ် (မှန်ပါ့ ဘုရား)။

အဲဒီတော့ ဆရာဘုန်းကြီးကို လေးစားသောအားဖြင့်လည်းကောင်း၊ ကိုယ့်စုံလုံးကန်း၊ ချောက်တွေ ကျင်းတွေက ကျပြီးသေမှာကို၊ သေခြင်းဆိုးသေမှာတွေကို စိုးရိမ်သောကြောင့်လည်းကောင်း ကိုယ့်ကိုယ် သနားသောအားဖြင့်ပေါ့ဗျာ (မှန်ပါ့) ဒကာ ဒကာမတွေ ကိုယ့်အသေ ကိုယ်မြင်တဲ့ အလုပ်ဖြင့် ကြိုးစားပါလို့ တိုက်တွန်းရတယ် (မှန်ပါ့) မတိုက်တွန်းသင့်ဘူးလား (တိုက်တွန်းသင့်ပါတယ် ဘုရား)။

အေး ဒါကြောင့် ဒီလိုတိုက်တွန်းမည့်ဥစ္စာကလဲ ဒကာကြွယ် အကြောင်းပြပြီး တိုက်တွန်းရတာ မလွယ်ဘူးနော် (မှန်ပါ့) ကိုင်း ဒကာ ဒကာမတို့ နိုးတဲ့ စိတ်ကလေးကို ရှိ-မရှိ တွေးတယ်ဆိုတော့ ဘယ့်နယ်တုံး နိုးတဲ့စိတ်ကလေးဟာ (မရှိပါ ဘုရား) မရှိတာက (အနိစ္စပါ) သိတာက (မဂ္ဂပါ ဘုရား)။

ဒါဖြင့် ကိုယ့်အသေ ကိုယ်သိတာ (ဝိပဿနာပါ) ဟောဒီအထဲ သွားဝင်တာပဲ (မှန်ပါ့) နိုးတာမှ နိုးမှန်းမသိ၊ နိုးပြီး သကာလ ဒကာ ဒကာမတွေ ကျင်ငယ်အိမ် သွားရဦးမယ်ဆိုတော့ နိုးတဲ့ရုပ်နာမ်သေတာ သိသေးရဲ့လား (မသိပါ ဘုရား) မသိတော့ သူသည်ကားလို့ဆိုရင် မသိသွား သွားပြန်ပြီ (မှန်ပါ့) စုံလုံးကန်းသွားပြီလို့ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ် ဘုရား)။

ဒါဖြင့် ကိုယ့်အသေ ကိုယ်မသိတာ (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါ) အဝိဇ္ဇာပစ္စယာ သင်္ခါရာ စုံလုံးကန်း လမ်းသွားတာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား) မနာဘူးလား (နာပါတယ် ဘုရား)။

နောက်ကို မဲ့မှာစိုးလွန်းလို့

ဒကာ ဒကာမတို့ ခင်ဗျားတို့ ဘုန်းကြီးအရင်းအချာ ဆိုတော့ ပြောရတယ် (မှန်ပါ့) ဘယ်လိုပြော သတုံးဆိုတော့ ခင်ဗျားတို့ အခုပြုံးသလောက် နောက်ကို မဲ့မှာစိုးလွန်းလို့နော် (မှန်ပါ့) မပြောထိုက်ဘူးလား (ပြောထိုက်ပါတယ် ဘုရား)။

အခု ပြုံးတာဟာ ဒကာ ဒကာမတို့ မချိသွားဖြဲကိုးဗျ (မှန်ပါ့) ပြုံးလို့ကော အရသာရှိတာကလေး သိပ်ပါရဲ့လား (မပါပါ ဘုရား) နောက် အပါယ်ငရဲရောက်လို့ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ"များ ပေါ်လာတော့မယ့်ချိန်နဲ့ မျက်ရည်ကျချိန်နဲ့ ကယ်ပါ ယူပါ တစာစာ အော်ချိန်ပဲ ရှိတော့တယ် (မှန်ပါ့ ဘုရား)။

ဝိပဿနာဉာဏ် ရှေ့ထားပါဆိုတာ

ဒါကြောင့် အခုပြုံးတာကလေး အကုန်လျှော့ပြီး သကာလ အခု ဣန္ဒြေရရနဲ့ ကိုယ့်အသေ ကိုယ်ကြည့်တဲ့အလုပ်ကို လုပ်ပါ၊ ဝိပဿနာဉာဏ် ရှေ့ထားပါဆိုတာ လေးနက်စွာနဲ့ တိုက်တွန်းတယ် (မှန်ပါ့) မတိုက်တွန်းသင့်ဘူးလား (တိုက်တွန်းသင့်ပါတယ် ဘုရား)။

ကိုင်း ဒါဖြင့် နိုးပြီး သကာလ ဒကာ ဒကာမတွေက ကျင်ငယ် စွန့်ချင်တယ်၊ ကျင်ငယ်စွန့်ချင်တဲ့ စိတ်ကလေးကိုပဲ ဒကာ ဒကာမတွေ နောက်ကစိတ်နဲ့ ပြန်ကြည့်လိုက် စမ်းပါ၊ စွန့်ချင်တဲ့စိတ်ကလေးဟာ ရှိသေးရဲ့လား (မရှိပါ ဘုရား) မရှိတာက (အနိစ္စပါ) သိတာက (မဂ္ဂပါ) ဒါဖြင့် ကိုယ့်အသေ ကိုယ်သိတာ (ဝိပဿနာပါ ဘုရား)။

ဒီအတိုင်း ရိုးရိုးကလေး ထသွားတဲ့ပုဂ္ဂိုလ်တော့ ကိုယ့်အသေကိုယ် မသိတာ (ပဋိစ္စသမုပ္ပာဒ် ဆက်တာပါ) အဝိဇ္ဇာပစ္စယာ သင်္ခါရာ (ဝါ) စုံလုံးကန်း လမ်းသွားတာ (မှန်ပါ့) မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ် ဘုရား)။

အဲ့ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဣရိယာပထပဗ္ဗ၊ သမ္မဇညပဗ္ဗ ဆိုတာတွေ ကိုယ့်အသေ ကိုယ်ကြည့်ခိုင်းနေတာ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

အဲဒီတော့ ဝိပဿနာဉာဏ်၊ ဒကာ ဒကာမတွေ ရှေ့စိတ်ကို နောက်စိတ်နဲ့သာ ဝေဖန်ပြီး သကာလ သိကြပါတော့ဆိုတော့ ဝိပဿနာ မှတ်လိုက်တာပေါ့ (မှန်ပါ့ ဘုရား)။

ထိုင်ချင်တဲ့စိတ်လာလဲ ထိုင်ချင်တဲ့စိတ် ဖြစ်ပျက်ရှု (မှန်ပါ့) ထချင်တဲ့စိတ်လာရင်ကော (ထချင်တဲ့စိတ် ဖြစ်ပျက်ရှုရပါမယ်) သွားချင်တဲ့စိတ်လာရင်ကော (သွားချင်တဲ့စိတ် ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

အဲဒီတော့ ထိုင်တဲ့စိတ်သည် အသေပဲ (မှန်ပါ့) သိတာသည် ဝိပဿနာပဲ (မှန်ပါ့) ရှိ-မရှိ ကြည့်လိုက်တော့ အသေကို အရှင်က ကြည့်တာပဲ (မှန်ပါ့) သဘောပါကြရဲ့လား (ပါပါတယ်) ဘာကို ကြည့်တာပါလိမ့် (အသေကို အရှင်က ကြည့်တာပါ) အသေကို အရှင်ကကြည့်တာ ဆိုတာ ကောင်းကောင်းပေါ် ကြပလား (ပေါ်ပါပြီ ဘုရား)။

အသေကို အရှုခိုင်းတာ

ဩော် ဒါဖြင့် ဝိပဿနာဆိုတာ အသေကို အရှုခိုင်းတာ (မှန်လှပါ ဘုရား) သဘောကျပလား (ကျပါပြီ) ဒါကြောင့် အနိစ္စ ဆိုတာလဲ ဖြစ်ပြီး ပျက်တာပဲ (မှန်ပါ့) အသုဘဆိုတာလဲ သေသွားတာပဲ (မှန်ပါ့)၊ ဒုက္ခသစ္စာ ဆိုတာလဲ ဒုက္ခရောက်သွားတာပဲ (မှန်လှပါ) ဒုက္ခ ဆိုတာလဲ ဒကာ ဒကာမတို့၊ ဒုက္ခသစ္စာထဲ အပါအဝင်ပဲ (မှန်ပါ့) အနတ္တဆိုတာလဲ အင်း သေသွားလိုက်တဲ့ဖြစ်ခြင်း မသေပါနဲ့ဆိုလို့ကို ရသေးလား (မရပါ ဘုရား) အင်း ဒါကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဒုက္ခသစ္စာ၊ အသုဘဆိုတာ ဒကာကြွယ် စာမှာသာ နာမည်ပြားပါတယ်၊ စင်စစ် ကိုယ့်အသေ ကိုယ်မြင်တာ ဝိပဿနာပါပဲ (မှန်ပါ့ ဘုရား)။

ရှင်းကြပလား (ရှင်းပါပြီ ဘုရား) ကိုင်း ဒါဖြင့် နာရီကလဲ နီးလာတော့ ဒကာ ဒကာမတို့ ဝိပဿနာဉာဏ်ဆိုတဲ့ဥစ္စာသည် ရှေ့စိတ်ကို နောက်ဉာဏ်က ရှုတာ (မှန်ပါ့ ဘုရား) ဝိပဿနာဆိုတာ ဘာပါလိမ့် (ရှေ့စိတ်ကို နောက်ဉာဏ်က ရှုတာပါ ဘုရား)။

ကြမ်းကြမ်းပြောတော့ ကိုယ့်အသေ ကိုယ်ကြည့်တာ (ဝိပဿနာ ပါ ဘုရား) ကိုယ့်အသေ ကိုယ်မြင်တာ (ဝိပဿနာပါ ဘုရား) ကိုယ့်အသေ ကိုယ်မမြင်တာ (အဝိဇ္ဇာပစ္စယာ သင်္ခါရပါ) အဝိဇ္ဇာပစ္စယာ သင်္ခါရဆိုတော့ သွားရောပေါ့နော် (မှန်ပါ့ ဘုရား)။

ကောင်းပြီ ဒါဖြင့် အဲဒီကဲ့သို့ ဒကာ ဒကာမတွေက ကိုယ့်အသေ ကိုယ်ကြည့်ပြီးတော့ သကာလ စိတ်တွေကို ကြည့်လိုက်၊ ဝေဒနာ ကြိုက်တဲ့ပုဂ္ဂိုလ်က ဝေဒနာလေးတွေနဲ့ သေတာကြည့်လိုက်တော့ ဝေဒနာကွန္ဓဆိုတာ သေပြန်တော့လဲ သူနဲ့ သဟဇာတဖြစ်တဲ့စိတ်တွေရော သညာသင်္ခါရတွေကော ရောမနေဘူးလား (ရောနေပါတယ် ဘုရား)။ သူနဲ့ သဟဇာတဖြစ်တဲ့ ရုပ်တွေကော (သေပါတယ် ဘုရား) ရော-သေတော့ တစ်ခုသေရင် အကုန်သေတာပဲဆိုတာ မှတ်ထားလိုက်တာပေါ့ (မှန်ပါ့) ဩော် တစ်ခန္ဓာလုံး သေတာပါကလားလို့ မှတ်ထားလိုက်တာပေါ့ (မှန်ပါ့) တစ်ခန္ဓာလုံးသေတာပါလားလို့ မှတ်ထားလိုက်တာပေါ့ (မှန်ပါ့) ငါးပါးလုံး သေတာပါလား လို့မှတ်ထားလိုက်ပေါ့ (မှန်ပါ့) သဘောပါကြပလား (ပါပါပြီ ဘုရား)။

အဲဒီကဲ့သို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကိုယ့်အသေ ကိုယ်မြင်တော့ ခန္ဓာငါးပါး ခဏခဏ ပြောင်းလွဲတာ မမြင်ရဘူးလား (မြင်ရပါတယ် ဘုရား)။

သူစိမ်းသဘောနဲ့ မြင်နေရမယ်

မြင်တဲ့အခါကျတော့ ဘုန်းကြီးက အားလုံး တရားနာကြတဲ့ ဒကာ ဒကာမတွေကို ကြည့်နည်းကလေး ပေးချင်တယ် (မှန်ပါ့) ဘယ်လိုမြင်တာမှ ကောင်းသတုံးဘုရား၊ ကိုယ့်အသေ ကိုယ်မြင်တာ ကြောက်လုံးနဲ့ မမြင်နဲ့ (မှန်ပါ့) ကြောက်လုံးနဲ့ မကြည့်နဲ့က (မှန်ပါ့) ဩော် ဒီဥစ္စာ အရင်သေသွားတဲ့ဥစ္စာ သေသွားတာက သူစိမ်း၊ သူစိမ်းသဘောနဲ့ မြင်နေရမယ် (မှန်ပါ့ ဘုရား)။

ဘယ်လိုမြင်ရမတုံး (သူစိမ်းသဘောနဲ့ မြင်ရပါမယ်) သူစိမ်းသဘောနဲ့ မြင်မှ ပရတောဆိုတာ သွားပြီး ကိုက်တယ် (မှန်ပါ့ ဘုရား)။

ဩော် သူစိမ်း သဘောပဲ၊ မသေပါနဲ့လို့ဆိုလို့လဲ မရဘူး၊ ဒီခန္ဓာငါးပါးသည်ကားလို့ ဆိုလို့ရှိရင် မသေပါနဲ့ဆိုလို့လဲ မရဘူး၊ နေပါဆိုလို့လဲ နေတာ မဟုတ်ဘူး၊ သူပေါ်ရင် ပေါ်လာတယ်၊ သူပျက်ချင် ပျက်သွားတာပဲလို့ သူစိမ်းသဘောနဲ့ ခုနင်က ကိုယ့်အသေ ကိုယ်ကြည့်ကြည့်နေစမ်း (မှန်ပါ့) ငါသေလို့ ဝမ်းနည်း မနေလိုက်ပါနဲ့ (မှန်ပါ့) သူစိမ်းသဘောနဲ့ ကြည့်ပြီး နေလိုက်စမ်းပါ (မှန်ပါ့ ဘုရား)။

ဘယ်လိုကြည့်နေရမလဲ (သူစိမ်းသဘောနဲ့ကြည့်ပြီးနေရပါမယ်) သူစိမ်းသဘောနဲ့ ကြည့်နေတော့ ဩော် သေလိုက်တာ၊ ဩော် သေလိုက်တာ၊ ဩော် သေလိုက်တာလို့ ကိုယ့်အသေတွေ ကိုယ်မြင်နေရတော့ သူစိမ်းသဘောတွေချည်း ကြည့်နေတော့ ကြောက်ခြင်းလဲ မရှိဘူး၊ လန့်ခြင်းကော (မရှိပါ ဘုရား) သူစိမ်းသဘောနဲ့ဆိုတော့ တုန်လှုပ်တဲ့သဘော ရှိသေးရဲ့လား (မရှိပါ ဘုရား) သူမရှိတော့ ဒီဥစ္စာ ပရတောဆိုတဲ့ အနတ္တသဘော မြင်တယ် (မှန်ပါ့ ဘုရား)။

သူစိမ်းမြင် မြင်အောင် ကြည့်ပါ

ဒါဖြင့် မြင်တဲ့အခါမှာလဲ သူစိမ်းမြင် မြင်အောင် ကြည့်ပါ (မှန်လှပါ ဘုရား) အားလုံး တရားတစ်ပွဲလုံး ဒကာ ဒကာမတို့ မြင်တဲ့အခါ ဘယ်လိုအမြင်နဲ့ မြင်ရမယ် (သူစိမ်းအမြင်နဲ့ မြင်ပါ့မယ် ဘုရား)။

သြော် သူစိမ်းသဘောပဲ၊ ဒီနေရာမွေး ဒီနေရာသေရှာတယ် (မှန်ပါ့) ဒီနေရာမွေး ဒီနေရာ သေရှာတာ ပါကလားလို့ မြင်တဲ့ဉာဏ်က ကြည့်ပေးလိုက်စမ်းပါ (မှန်ပါ့) ကြည့်ဖန်များပြီဆိုမှဖြင့် သူစိမ်းသဘော၊ သူ့ဟာသူ ဖြစ်ကြောင်း တိုက်ဆိုင်လို့ ဖြစ်ပြီး ချုပ်ငြိမ်း ရုပ်သိမ်းသွားတာပဲဆိုတာ ကြည့်ပေးလိုက်စမ်းပါ (မှန်လှပါ ဘုရား)။

အဲဒီကဲ့သို့ ကြည့်ပေးတော့ ဝိပဿနာဉာဏ်ရင့်လာပါလိမ့်မယ် (မှန်ပါ့) ရင့်လာတဲ့အခါကျတော့ သူစိမ်းနဲ့ မပေါင်းချင်တာ လာမလား မလာဘူးလား (လာပါတယ်) သူစိမ်းနဲ့ မပေါင်းချင်ဆိုတာ လာရတော့မယ် ဒကာ ဒကာမတို့ (မှန်ပါ့ ဘုရား)။

ဘာလာမယ် ထင်ကြသလဲ (သူစိမ်းနဲ့ မပေါင်းချင်တာ လာပါမယ်) သူစိမ်းနဲ့ အတူတူ မနေချင်တာဆိုတာ မလာပေဘူးလား (လာပါတယ် ဘုရား)။

အဲဒီကဲ့သို့ လာတဲ့အခါကျလို့ရှိရင် မနေချင်ဘူး၊ မပေါင်းချင်ဘူး ဆိုတော့ ဒကာ ဒကာမတွေ သန္တာန်ဝမ်းထဲ ကိန်းနေတဲ့အနုသယတဏှာ ပါးသွားတယ် (ပါးပါတယ် ဘုရား) ဒါ ငါ့ဟာ မဟုတ်ဘူးဆိုတာလဲ သိထားပြီ၊ သူစိမ်းမှန်း သိသွားပြီ (မှန်ပါ့) အဲဒီမှာ ဒိဋ္ဌိဝိစိကိစ္ဆာ ပြုတ်သွားတယ် (မှန်ပါ့ ဘုရား)။

သူစိမ်းနဲ့ မပေါင်းချင်ဘူးလို့ အစစ်သာ လာလို့ရှိရင် ဒီသူစိမ်းတွေ တည်းဟူသော ဖြစ်ပျက်တာ ဒကာကြွယ် ဘယ်တော့မှ မလာတော့ဘူး (မှန်လှပါ ဘုရား) မလာတော့ အသေမလွတ်သွားဘူးလား (လွတ်သွားပါတယ်) ဘယ်သူ့အသေတွေ လွတ်ပါလိမ့် (ကိုယ့်အသေတွေ လွတ်ပါတယ် ဘုရား)။

အဲ မိမိအသေလွတ်သွားတော့ မသေရာမှန် ပြည်နိဗ္ဗာန်ဆိုတာ ကိုယ့်အသေကိုယ် မမြင်ရတော့ဘူး (မှန်ပါ့) ကိုယ့်အသေ မရှိတာက နိဗ္ဗာန်၊ မရှိဘူးလို့ မြင်တာက မဂ်ဉာဏ်ပါ (မှန်ပါ့ ဘုရား)။

ကိုယ့်အသေမရှိတာက (နိဗ္ဗာန်ပါ) မရှိဘူးလို့ သိတာက (မဂ်ဉာဏ်ပါ ဘုရား) အဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် ဆိုတာ ဖြစ်နိုင်ပါတယ် (မှန်ပါ့ ဘုရား)။

မရှိဘူးလို့ သိတာက မဂ်ဉာဏ်

ဒါဖြင့် ကိုယ့်အသေ ကိုယ်သိတာ ဝိပဿနာ (မှန်ပါ) ကိုယ့်အသေ မရှိတာကို မရှိဘူးလို့ သိတာက မဂ်ဉာဏ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီတရားမှာ သုံးချက်မှတ်ရမှာပေါ့ (မှန်ပါ့) ကိုယ့်အသေ ကိုယ်သိတာက (ဝိပဿနာပါ) ကိုယ့်အသေ ကိုယ်မသိတာက (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါ) ကိုယ့်အသေမရှိတာ ကိုယ်သိတာက (မဂ်ဉာဏ်ပါ) အဲဒီလို သုံးခုရောတော့မှ သြော် သံသရာခရီးသည်လမ်းက တစ်မျိုးပါလား၊ သံသရာ စခန်းသတ်တဲ့ပုဂ္ဂိုလ်တို့၏ အမြင်က တစ်မျိုးပါလားဆိုတဲ့ဥစ္စာ ထူးထူးခြားခြားကြီး မလာသေးဘူးလား (လာပါတယ် ဘုရား)။

ထူးထူးခြားခြားလာတော့မှ နိဒါနဝဂ္ဂသံယုတ်၊ ၁၀-သုသိမသုတ် (နှာ-၃၄၀)၊ ပါဠိတော်လာဝတ္ထု ကိုးချင်တယ် (မှန်ပါ့) သုသိမပရိဗိုဇ်က ဒကာ ဒကာမတို့ ဘယ်လို ဖြစ်လာမတုံးဆိုတော့ သူက တိတ္ထိကိုးဗျ၊ ပရိဗိုဇ်ဆိုတော့နော် (မှန်လှပါ ဘုရား)။

ပရိဗိုဇ်ပေမဲ့လဲ သူက ဉာဏ်ကောင်း ပရိဗိုဇ် (မှန်ပါ့) ဘုရားပွင့် လာတဲ့အခါမှာ နေထွက်လာတဲ့အခါ ပိုးစုန်းကြူးတွေဟာ အရောင်မထွက်နိုင်သလို တိတ္ထိတွေ နဂိုက ဘုရားလုပ်ပြီးနေကြတော့ လာဘ်သပ်ပကာတွေ အင်မတန်ပေါ၊ ကျောင်းကန်တွေ အင်မတန်ပေါပေါ့ဗျာ (မှန်ပါ့) ဘုရားလဲ ပွင့်လာပါရော၊ နေကြီးထွက်တော့ ပိုးစုန်းကြူးတွေ ပျောက်ရသလို လာဘ်သပ်ပကာတွေနည်း၊ ကျောင်းကန်တွေ ဆောက်မည့်သူမရှိ၊ အဝတ်သင်္ကန်းမှ လှူဒါန်းပေးကမ်းမည့် သူမရှိလောက်အောင် ဖြစ်တော့ တိတ္ထိတွေကလဲ စည်းဝေးကြတယ်၊

သုသိမပရိဗိုဇ်

သြော် ဂေါတမဘုရားပွင့် ထွန်းပေါ်လာကတည်းက တို့မှာဖြင့် ပိုးစုန်းကြူးပမာ အရောင်တွေဖြင့် ငုပ်လျှိုးသွားပြီး သကာလ ပျောက်ကွယ်မတတ် ဖြစ်ကုန်ပြီ (မှန်ပါ့ ဘုရား)။

အဲဒီတော့ တို့လဲ သူ့လို တရားဟောဖို့ကလဲ တို့မှာ အမြင်စွမ်းရည်သတ္တိက မရှိ၊ အဲဒီတော့ တို့လဲ ဉာဏ်ပညာကောင်းတစ်ယောက်ရှာပြီး ခေါ်မှဆိုတာ့ သုသိမပရိဗိုဇ်ကို သွားတွေ့တယ် (မှန်ပါ့ ဘုရား)။

သုသိမပရိဗိုဇ်ကို သွားခေါ်ချေဆိုပြီး လာတဲ့အခါကျတော့ သုသိမ တို့တိတ္ထိတွေမှာ အခု ဒုက္ခအကြီး အကျယ် ရောက်နေပြီကွ၊ မင်းမှ မကယ်လို့ ရှိရင်လဲ ကယ်မည့်သူ မရှိတော့ဘူး၊ မင်းက ဉာဏ်ကောင်းတယ်၊ အဲဒါကြောင့် မင်းကိုပဲ တို့က အဆိုသွင်းထောက်ခံပါတယ်ကွာ၊ ဂေါတမ ဘုရားဆီ သွားပြီး သင်္ကန်းဝတ်တော့ ဂေါတမဘုရားက ဟောလုံး ပြောလုံးတွေ အကုန်နည်းယူခဲ့ဟေ့၊ ပြီးတော့ မင်းတို့ကိုလာပြီး သင်ပါ၊ တို့က တို့တရားနဲ့ ဂေါတမဘုရားတရားနဲ့ ရောပြီး ဟောလို့ရှိရင် နည်းနှစ်မျိုးတောင် ဖြစ်နေတယ်၊ အဲဒီတော့ တို့မှာ လာဘ်သပ်ပကာပေါမှာပေါ့ဆိုပြီး သုသိမက ဒါနဲ့ သူတို့ဂိုဏ်းကောင်းစားရေး ဖြစ်နေတော့ ကိုင်း တာဝန်ယူပါ့မယ်တဲ့ (မှန်ပါ့ ဘုရား)။

ဒကာ ဒကာမတို့ ဘာကောင်းစားရေးတဲ့တုံး (ဂိုဏ်းကောင်းစားရေးပါ) တိတ္ထိဂိုဏ်းကြီး ကောင်းစားရေး ပေါ့ဗျာ (မှန်ပါ့ ဘုရား)။

ဒါနဲ့ သူတို့ဂိုဏ်းဂဏ ကောင်းစားရေး သူတို့ အမျိုးသား ကောင်းစားရေးနဲ့ သူက တာဝန်ယူပြီး ဘုရားထံ သွားမလို့ စိတ်ကူးလိုက်တဲ့အခါ ဘယ်သူ့ထံ အရင်ကပ်ရပါမတုံး၊ အဝင်ကောင်းမှ နေရာကျမယ်၊ မတော် နှင်ထုတ်ရင်ဖြင့် ခက်နေမယ်၊ ရှင်သာရိပုတ္တရာဆီလဲ သွားလို့ မတော်ဘူး၊ ရှင်မောဂ္ဂလာန်ဆီလဲ သွားလို့ မတော်ဘူး၊ ရှင်အာနန္ဒာဆီ သွားမှ တော်မယ်၊ သူ့ဆီသွားကပ်လို့ ရလို့ရှိရင် ဘုရားဆီကို အမြန်ရောက်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်ဆိုပြီး ရှင်အာနန္ဒာဆီ သွားကပ်ပါတယ်။

ရှင်အာနန္ဒာက အကဲတော့ ခတ်မိတယ်

ရှင်အာနန္ဒာ ကျုပ် တိတ္ထိသာသနာမှာ မပျော်ပါဘူး၊ ရှင်အာနန္ဒာ တို့ သာသနာပဲ ကြည်ညိုတယ်၊ ဘုရားအဆုံးအမပဲ ကျင့်လိုပါတယ်၊ ဒါကြောင့် သင်္ကန်းဝတ်ချင်ပါတယ်၊ ဘုရားကို အရှင်အာနန္ဒာ လျှောက်ပေးစမ်းပါ ဆိုတော့ ရှင်အာနန္ဒာက အကဲတော့ ခတ်မိတယ်၊ သုသိမဟာ တိတ္ထိမှာ ခေါင်းဆောင်၊ ခေါင်းဆောင်ကနေပြီး

ဒီသာသနာတော် ကြည်ညိုပါတယ်ဆိုတဲ့ဥစ္စာ ရိုးမှ ရိုးရဲ့လား၊ အဘိညာဏ်လဲ မရတော့ မသိဘူးပေါ့ ဗျာ (မှန်ပါ့ ဘုရား)။

ဒါနဲ့ သင်္ကန်းဝတ်ပေးမယ်၊ မပေးဘူးလို့ သူက တာဝန်မခံဘူး၊ ဘုရားကမှ သိမှာပဲ၊ အဲဒီတော့ ဘုရားဆီပို့မှပဲဆိုပြီး သုသိမနဲ့ ရှင်အာနန္ဒာ ဘုရားဆီ သွားကြတယ် (မှန်ပါ့ ဘုရား)။

ဘုရားဆီကျတော့ ရှင်အာနန္ဒာက လျှောက်တယ်၊ သုသိမပရိဗိုဏ်က တပည့်တော်တို့ သာသနာတော်ကြည်ညိုလွန်းလို့ ဒီသာသနာကြီးထဲမှာ ရဟန်းပြုပြီး သကာလ တရားဓမ္မတွေ ကျင့်ချင်ကြံချင်ပါသတဲ့လို့ လျှောက်တော့ ဘုရားက ကြည့်လိုက်တယ်၊ သြော် သုသိမ လာတာ ရည်ရွယ်ချက်ကောင်းနဲ့တော့ လာတာ မဟုတ်ဘူး၊ စိတ်ကောင်းပါရဲ့လား (မပါပါ ဘုရား) ဘယ်ပါမလဲ ဒကာ ဒကာမတို့၊ တရားခိုးယူမလို့ လာတာပဲ (မှန်ပါ့) တရားခိုးယူရန် လာရတာဆိုတာ ရိပ်မိပါပြီ ဘုရား)။

တရားနည်းခိုးရင်းနဲ့ သူရဟန္တာဖြစ်လိမ့်မယ်

သို့သော်လဲ တရားနည်းခိုးရင်းနဲ့ သူရဟန္တာဖြစ်လိမ့်မယ်လို့ မြင်တော်မူတယ် (မှန်ပါ့) အံမာ သူခိုးပုံကလဲ နေရာ အကျကြီးဗျ (မှန်ပါ့) ခိုးရင်းနဲ့ ဘာဖြစ်မှာပါလိမ့် (ရဟန္တာ ဖြစ်မှာပါ ဘုရား)

အဲဒီတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ခိုးမှာကိုလဲသိ၊ ခိုးရင်းနဲ့ ရဟန္တာဖြစ်မှာကိုလဲ သိတယ် (မှန်ပါ့) အဲဒီလို သိနေတဲ့အတွက် ဘုရားက အာနန္ဒာ သုသိမကို ရေချိုးစေပြီး ရဟန်းခံပေးလိုက်လို့ အမိန့်ရှိတယ်၊ သုသိမကတော့ ကျေနပ်ပြီ၊ ငါတော့ တရားခိုးခွင့် ရပြီပေါ့ဗျာ (မှန်ပါ့ ဘုရား)။

သူကလဲ အင်မတန် ကျေနပ်တယ်၊ ကျေနပ်ပေမဲ့ ဘုရားက နှစ်ဖက်သိတယ်၊ ကိုယ်ကတော့ ခိုးဖို့ရာကလေး အကြောင်း ညီညွတ်တာသာ သိတယ် (မှန်ပါ့) ဘုရားကတော့ ခိုးရင်းမတွန့်နဲ့ သူ ဘာဖြစ်မယ်လို့ သိသလဲ (ရဟန္တာဖြစ်မယ်လို့ သိပါတယ် ဘုရား) အဲ ရဟန္တာဖြစ်မယ်ဆိုတာ သိတော်မူတာနဲ့ ရှင်အာနန္ဒာကို ရဟန်းခံပေးလိုက်ကွာလို့ဆိုပြီး ရဟန်းခံပေးတယ် (မှန်ပါ့ ဘုရား)။

ရဟန်းဖြစ်ပြီး တစ်ခါတည်း သူက တရားတွေ ခိုးယူစုံထောက် လုပ်တော့တာပဲ (မှန်ပါ့) ဒါနဲ့ ဝါကျွတ်တဲ့အခါကျတော့ ရဟန်းတော် အချို့က ဘုရားဆီလာကြတယ်၊ သြော် ဒီကိုယ်တော်တွေ တယ်ထူးတယ်၊ သူတို့နဲ့ မြောင်ပြီး ဘုရားဆီ လိုက်မှပဲဆိုပြီး လိုက်သွားတယ်၊ ဒီရဟန်းတွေကလဲ တပည့်တော်ဘုရား ပဋိသန္ဓေနေမှုတော့ နောက်ကို မရှိဘူး ဘုရား၊

ကျင့်စရာ အလုပ်တွေလဲ အကုန်ကျင့်ပြီးပြီ

“ဝုသိတံ ဗြဟ္မစရိယံ” ကျင့်စရာ အလုပ်တွေလဲ အကုန်ကျင့်ပြီးပြီ ဘုရား၊ ဝိပဿနာဉာဏ်ရော မဂ်ဉာဏ်ရော တပည့်တော်တို့ ကျင့်ပြီးပြီ (မှန်ပါ့) ရဟန္တာတွေ ဖြစ်ပြီလို့ ပြောကြတာပေါ့ဗျာ (မှန်ပါ့) “ကတံ ကရဏီယံ” ကရဏီယံ- ပြုအပ် ပြုထိုက်သော ၁၆-ပါးသော မဂ်ကိစ္စကို၊ ကတံ-ပြုအပ်ပြီ (မှန်ပါ့) ပြုစရာတွေ တပည့်တော်တို့ အကုန်ပြုလုပ်ပြီးပြီဘုရား၊ နောက်ထပ်လုပ်စရာမလိုတော့ဘူး (မှန်ပါ့ ဘုရား)။

ကျုပ်တို့ ပုထုဇဉ်တွေကတော့ ဒါနလုပ်ပါဦးဟ၊ သီလလုပ်ဦးဟ ပြုစရာတွေ ရှိသေးသကိုးဗျ (မှန်ပါ့) သူတို့မှာတော့ ရှိသေးရဲ့လား (မရှိတော့ပါ ဘုရား)။

နာပရံ ဣတ္ထတ္တာယာတိ ပဇာနာမ၊ မဂ်ကိစ္စ တစ်ဆယ့်ခြောက်ချက်လဲ တပည့်တော်တို့ လုပ်စရာ မရှိတော့ပါဘူးလို့ ဘုရားကို လျှောက်ထားကြတယ်။ အဲဒီလို ရဟန်းများလျှောက်ထားတာကို သုသိမကလဲ ကြားတယ်။

ဒါနဲ့ ဘုရားက ဒီကိုယ်တော်တွေကို ကဲ-ကဲ မင်းတို့ ခရီးရောက်မဆိုက် ဖြစ်တယ်၊ အညောင်းအညာ ဖြေကြဦး သွားကြဦး၊ လာကြဦးဆိုပြီး ဘုရားက ခွင့်ပြုလိုက်တဲ့အခါ ရဟန်းတွေ ဟိုကျောင်း ဒီကျောင်း ဝင်ကြ သွားကြတာပေါ့ဗျာ (မှန်ပါ့ ဘုရား)။

အရှင်ဘုရားတို့ ကောင်းကင်ပျံနိုင်သေးရဲ့လား

သုသိမက ဘုရားဆီလဲ မမေးချင်တော့ ဒီကိုယ်တော်တွေနောက် လိုက်မှပဲဆိုပြီး လိုက်သွားတယ် (မှန်ပါ့) ရဟန္တာနောက် လိုက်သွားပြီး အရှင်ဘုရားတို့ ဘုရားဆီမှာ အရှင်ဘုရားတို့ လျှောက်တာ၊ "ခီဏာ ဇာတိ" ပဋိသန္ဓေနေမှုကုန်ပြီ၊ "ဝုသိတံ ဗြဟ္မစရိယံ" မြတ်သောအကျင့်တွေလဲ အကုန်ကျင့်ပြီးပြီ "ကတံ ကရဏီယံ" ပြုအပ်ပြုထိုက်သော ၁၆-ပါးသော မဂ်ကိစ္စကိုပြုပြီးပြီဆိုတော့ အရှင်ဘုရားတို့ ကောင်းကင်ပျံနိုင်သေးရဲ့လားလို့ သွားမေးတယ် (မှန်ပါ့) ကန့်လန့်လုပ်ပြီး သွားမေးတယ် (မှန်ပါ့) မဂ်ဖိုလ်ရတိုင်း ကောင်းကင်ပျံနိုင်တာ မဟုတ်ဘူးလို့ မှတ်လိုက်ပါ (မှန်ပါ့ ဘုရား)။

အဲဒီလမ်းက ဝိပဿနာသက်သက်နဲ့ တက်လာတာ (မှန်ပါ့) ဝိပဿနာသက်သက်ဖြင့် မဂ်ဖိုလ်ရတဲ့ ပုဂ္ဂိုလ်ဟာ ကောင်းကင် မပျံနိုင်ပါဘူး (မှန်ပါ့) နောက်မှ သီးသန့် ပထမစျာန် အဘိညာဏ်တွေ အားထုတ်ယူရင်တော့ တက်ချင် တက်နိုင်တယ် (မှန်ပါ့ ဘုရား)။

အဲဒီလို ဖြစ်ပြီး သကာလ နေတော့ သုသိမ တို့ကောင်းကင်လဲ မပျံနိုင်ဘူးကွ၊ မြေလဲ မလျှိုးနိုင်ဘူးကွ၊ ကိလေသာကုန်တာတော့ အမှန်ပဲ၊ ရဟန္တာဖြစ်တာတော့ အမှန်ပဲ (မှန်ပါ့ ဘုရား) အို အရှင်ဘုရားတို့ပြောတာ တယ်ရှုပ်သကိုး၊ ရဟန္တာဆိုရင် ကောင်းကင်ပျံ မြေလျှိုးရမယ်ကိုး (မှန်ပါ့) သူ ဒါလောက် မှတ်ထားတာ (မှန်ပါ့)။

ဒီ ဒကာ ဒကာမတွေလဲ ဘယ်သူဟာ ရဟန္တာဆိုပေတဲ့ ကောင်းကင်ပျံ မြေလျှိုးများ မှတ်မနေနဲ့နော် (မှန်ပါ့) မြေကြီးက တစ်ထွာမှ မခွါနိုင်တဲ့ ရဟန္တာတွေကလဲ ပုံနေတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား) ဒါနဲ့ ဒီအတိုင်းပဲ သွားမေးတော့ အရှင်ဘုရားတို့ တပည့်တော်ကို သေသေချာချာ ဖြေစမ်းပါဘုရားတဲ့၊ ငါတို့ ဖြေရမှာကတော့ကွာ ။

"ပညာဝိမုတ္တာ ခေါ မယံ အာဝုသော သုသိမ"

(နိဒါန၀ဂ္ဂသံယုတ် ပါဠိ နှာ-၃၄၄)

အာဝုသော သုသိမ-ငါ့ရှင် သုသိမ၊ မယံ-ငါတို့သည်။ ပညာဝိမုတ္တာ – ဝိပဿနာပညာနဲ့ နိဗ္ဗာန်ရခဲ့ကြကုန်၏ (ဝါ) ကိလေသာမှ လွတ်ခဲ့ကြကုန်၏။

ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်နဲ့ ရဟန္တာဖြစ်လာတယ်

ဒကာ ဒကာမတို့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်နဲ့ ရဟန္တာဖြစ်လာတယ်၊ သမထမပါဘူးလို့ ပြောလိုက်တာ (မှန်ပါ့ ဘုရား) ဒကာကြွယ် ဘာတဲ့တုံး (သမထမပါပါ ဘုရား) သမထ မပါဘဲနဲ့ ရှေ့ပိုင်းက ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်ရပြီး ရဟန္တာဖြစ်ခဲ့တာပဲ (မှန်ပါ့ ဘုရား)။

ကဲ သဘောကျပလား (ကျပါပြီ) ရှေ့ပိုင်းက ဘာပါလိမ့် (ဝိပဿနာဉာဏ်ပါ) သူ့နောက်က (မဂ်ဉာဏ်ပါ ဘုရား) အဲ ဝိပဿနာဉာဏ်သာ အားထုတ်ပါ၊ မဂ်ဉာဏ်က နောက်က လိုက်လိမ့်မယ်ဆိုတာ ပေါ်လာတယ် (ပေါ်လာပါတယ် ဘုရား)။

အဲဒီလို ရဟန္တာတွေက ဖြေလိုက်တယ်၊ တို့ကွာ ဝိပဿနာဉာဏ်နောက် ပညာနဲ့ ကိလေသာမှ လွတ်ခဲ့ပါတယ် (မှန်ပါ့ ဘုရား) ကိလေသာ ခန္ဓာကိုယ်ထဲ မရှိအောင် ပညာနဲ့ လုပ်ခဲ့တာကွလို့ ဖြေလိုက်တယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတွေကိုလဲ ဒီလမ်းကို ဘုန်းကြီးက ဟောနေတယ် (မှန်ပါ့)၊ ရှေ့က ဝိပဿနာလုပ်ပါ၊ နောက်က မဂ်လိုက်လာလိမ့်မယ် (မှန်ပါ့) ရှေ့က ဝိပဿနာမဂ်နဲ့ ကိုယ့်အသေ ကိုယ်မြင်လို့ရှိရင် နောက် ကိုယ့်အသေ ကိုယ်မမြင်တဲ့ မဂ်ဉာဏ်လိုက်မယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ကိုယ့်အသေ ကိုယ်မြင်တာ ဝိပဿနာဉာဏ် (မှန်ပါ့) ကိုယ့်အသေတွေ ကိုယ်မရှိတော့ဘူးလို့သိတာ (မဂ်ဉာဏ်ပါ ဘုရား) အဲဒီနှစ်ဉာဏ် သွားရမှာဖြင့် နှစ်ဉာဏ်စလုံး ပညာပဲ၊ ပညာနဲ့ ကိလေသာမှ လွတ်ခဲ့တယ် (မှန်ပါ့) ရှေ့ဉာဏ်က တဒင်္ဂလွတ်ခဲ့တယ်၊ နောက်ဉာဏ်က သမုစ္ဆေဒအားဖြင့် ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသမှ လွတ်ခဲ့တယ် (မှန်ပါ့)။

ပညာနဲ့ကိလေသာမှ လွတ်တယ်ဆိုတာ

အဲဒီလိုတော့ သုသိမက ကိုယ်တော်တို့ ဟောနေတာ နားမလည်ပါဘူး၊ ပညာနဲ့ကိလေသာမှ လွတ်တယ်ဆိုတာ တပည့်တော် နားမလည်ဘူးတဲ့၊ ကဲ နားလည်ချင်လည်၊ မလည်ချင်နေ တို့တော့ ပညာနဲ့ ကိလေသာမှ လွတ်ခဲ့တာပဲ၊ ဒီနှစ်ဉာဏ်နဲ့ လွတ်ခဲ့တာပဲ ပြောတာပဲ (မှန်ပါ့ ဘုရား)။

ဒကာကြွယ် ရှင်းပလား (ရှင်းပါပြီ ဘုရား) အဲဒါ ရဟန္တာကိုယ်တော်ကြီးတွေက ဟောတာ (မှန်ပါ့) သို့သော် သုသိမက တိတ္ထိဘက်က လာတော့ ဒကာသစ် ကျကျေနပ်နပ် သဘောကျနိုင်ပါ့မလား (မကျပါ ဘုရား) မကျဘူးတဲ့၊ စကားပြောလိုက်တော့ ဘယ်မှာ ကျကျေနပ်နပ် သဘောကျ နိုင်ပါ့မလဲ (မှန်ပါ့ ဘုရား)။

အဲဒီတွင်မှ ဘုရားဆီသွားမယ်ဆိုပြီး ဘုရားဆီ သွားလိုက်တယ် (မှန်ပါ့) ဘုရားဆီရောက်တော့ အရှင်ဘုရား ဟိုရဟန္တာပုဂ္ဂိုလ်တွေက ကောင်းကင်လဲ မပျံနိုင်ဘူး၊ မြေလဲမလျှိုးနိုင်ဘူး၊ သူတို့က ပဋိသန္ဓေနေခြင်းကုန်ပြီ၊ ကျင့်စရာကိစ္စမရှိတော့ဘူး ပြောနေတယ်ဘုရား တပည့်တော်အား ရှင်းပေးတော်မူပါဘုရားတဲ့၊ သူ-တရားခိုး မလို့လာတဲ့ ပုဂ္ဂိုလ်ကိုးဗျ (မှန်ပါ့ ဘုရား)။

ရှေ့က ဝိပဿနာဉာဏ်

ဘုရားက "ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ မစ္ဆာ နိဗ္ဗာနေ ဉာဏံ" လို့ ဟောလိုက်မယ် (မှန်ပါ့) သုသိမ-သုသိမ၊ ပုဗ္ဗေ-ရှေ့ကာလ၌၊ ဓမ္မဋ္ဌိတိဉာဏံ-ဖြစ်ပျက်ကိုရှုတဲ့ ဓမ္မဋ္ဌိတိဉာဏ်သည်၊ ဟောတိ-ဖြစ်၏၊ ဝိပဿနာ အရင်လုပ်ကွတဲ့ (မှန်ပါ့) ဒါဘယ်သူ ဟောပါလိမ့် (ဘုရားက ဟောပါတယ် ဘုရား)။

ပစ္ဆာ-နောက်ကာလ၌။ နိဗ္ဗာနေဉာဏံ- နိဗ္ဗာန်ကို မြင်တဲ့ဉာဏ် သည်၊ ဟောတိ-ဖြစ်၏။ နောက် မဂ်ဉာဏ်လိုက်လာလိမ့်မယ်လို့ ဟော လိုက်တာ (မှန်ပါ) ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ရှေ့က ဘာဉာဏ်တဲ့ (ဝိပဿနာဉာဏ်ပါ) နောက်က (မဂ်ဉာဏ်ပါ ဘုရား) ဘုရားက ဒီအတိုင်းဟောတာ နှစ်ဉာဏ်ပေါ့ဗျာ (မှန်ပါ့) ခုနင်က ရဟန္တာမထေရ်မြတ်တွေကတော့ တို့ဉာဏ်နဲ့ ကိလေသာမှ လွတ်ခဲ့တယ်လို့ တစ်လုံးတည်း ပြောလိုက်တယ် (မှန်ပါ့) ဘုရားကတော့ မဟုတ်ဘူး၊ "ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ မစ္ဆာ နိဗ္ဗာနေ ဉာဏံ" လို့ ဟောလိုက်တယ် (မှန်ပါ့) နိဒါနဝဂ္ဂသံယုတ်ပါဠိတော်နော် (မှန်ပါ့ ဘုရား) အဲဒီတော့ ရှေ့က ဝိပဿနာဉာဏ်သာ အားထုတ်၊ နောက်မဂ်ဉာဏ်ပေါ်လာလိမ့်မယ်လို့ ဟောလိုက်တယ်နော်(မှန်ပါ့ ဘုရား)။

သုသိမက အရှင်ဘုရား တပည့်တော် နားမလည်ပါဘူး၊ အရှင်ဘုရား ဟောတာ ကျဉ်းလွန်းပါတယ်ဆိုတော့ ရှေးဦးစွာ ဝိပဿနာ အားထုတ်ရမယ်ကွ၊ ဝိပဿနာ အားထုတ်လို့ရှိရင် နောက် မဂ်ဉာဏ်ရမယ်၊ ဒါပဲကွဆိုတော့ သူက နားမလည်ဘူးပေါ့ဗျာ (မှန်ပါ့) နားမလည်တာနဲ့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူလဲ ဉာဏ်ရင့်လာပေါ့လေဆိုပြီး တစ်ခုသောတရားကို ဖြစ်ပျက်ရှုခိုင်းတယ် (မှန်ပါ့)။

လေးခါလောက်လဲ ဆုံးရော ရဟန္တာလဲ ဖြစ်ရော

ဖြစ်ပျက်ရှုခိုင်းတော့ ဝေဒနာကလေးတစ်ခု စိတ်ကလေးတစ်ခု ဖြစ်ပျက်ရှုခိုင်းလို့ ဘုရားရှေ့တော်မှာပဲ ရှုတာပဲ၊ နောက်ရှုရင်းမတ္တာနဲ့ ဖြစ်ပျက်တွေ မုန်းလာတယ်၊ ဖြစ်ပျက်တွေ မုန်းပြီး သကာလ ဖြစ်ပျက်တွေ ဆုံးသွားတယ်၊ သူ့အသေတွေ သူဆုံးသွားတယ်၊ လေးခါလောက်လဲ ဆုံးရော ရဟန္တာလဲ ဖြစ်ရော ဆိုကြပါစို့ (မှန်ပါ့ ဘုရား)။

ဒီတွင်မှ သူ ရဟန္တာဖြစ်တာကို ဘုရားသိလို့ သုသိမ မင်း ကောင်းကင် ပျံနိုင်ရဲ့လားလို့ မေးတယ်၊ မပျံနိုင်ပါဘူးလို့ ဖြေတယ်။ မြေကော လျှိုးနိုင်ရဲကလားကွ၊ မလျှိုးနိုင်ပါဘူးဘုရား၊ သူများ ပြောတာဆိုတာကိုကော ပရိစိတ္တဝိဇာနနဉာဏ်နဲ့ သိရဲ့လားကွ၊ ဒီဗွစက္ခုနဲ့ မြင်ပါရဲ့လားကွ မသိပါ၊ မမြင်ပါဘူးဘုရား။

ကိုင်း အဲဒါ ငါဘုရားဟောတာ ရှင်းပြီလားတဲ့၊ ရှေ့က ဝိပဿနာဉာဏ်၊ နောက်က မဂ်ဉာဏ်နဲ့ ဒီလို ဉာဏ်စဉ် နှစ်-စဉ်နဲ့ အားထုတ်တဲ့ ပုဂ္ဂိုလ်မှာ ကောင်းကင်ပျံ မြေလျှိုးတဲ့လမ်း မဟုတ်ဘူးကွ ရဟန္တာဖြစ်တဲ့လမ်း သက်သက်ပဲကွတဲ့ (မှန်ပါ့ ဘုရား)။

ရှင်းပလား (ရှင်းပါပြီ ဘုရား) ကောင်းကင်ပျံ မြေလျှိုးတဲ့လမ်းက သမထကနေတက်မှ ကောင်းကင်ပျံ မြေလျှိုးတဲ့လမ်း (မှန်ပါ့) သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါဖြင့် ကိုယ့်အသေ ကိုယ်မြင်တာ ဘာခေါ်ကြမယ် (ဝိပဿနာပါ ဘုရား) ကိုယ့်အသေ ကိုယ်မမြင်တာ (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါ ဘုရား) ကိုယ့်အသေဆုံးတာ ကိုယ်မြင်တာ မဂ်ဉာဏ်၊ ဒါပဲ ဟောနေတာ၊ အခု (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

အခု မင်းကောင်းကင်ပျံနိုင်ရဲ့လား

အဲဒီကဲ့သို့ ဒကာ ဒကာမတွေကလဲ သိတော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ သုသိမ မင်းရဟန္တာဖြစ်တော့ အခုကြည့်လေ အခု မင်းကောင်းကင်ပျံနိုင်ရဲ့လား၊ မင်း မြေလျှိုးနိုင်ရဲ့လား၊ မင်း သူတစ်ပါး စိတ်တွေ သိပါရဲ့လား၊ နောက်ကြောင်းတွေ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်နဲ့ သိပါရဲ့လား (မသိပါ ဘုရား) အဲဒီတွင်မှ သုသိမသဘောပေါက်ပြီး မြတ်စွာဘုရားရဲ့ ခြေတော်ကို ဝပ်ဆင်းပြီး လျှောက်ထားတယ် တပည့်တော်မှာ အပြစ်ရှိရင်လဲ သည်းခံတော်မူပါ၊ တပည့်တော် ရိုးရိုးပုဂ္ဂိုလ် မဟုတ်ပါဘုရား၊ တရားခိုးဖို့ လာတာ ဒါကြောင့် သည်းခံတော်မူပါ တဲ့ (မှန်ပါ့ ဘုရား)။

အေး မင်းစိတ် မင်းသိလို့ရှိရင်လဲ မင်းဟာလဲ မင်းကုစားလို့ နောင်စောင့်စည်းလို့ရှိရင်ဖြင့် ငါဘုရားရှင်တို့၏ ရှေးထုံးတမ်း အစဉ်အလာမှာဖြင့် ဒီအပြစ်တွေဟာ ပြေပျောက်ပါတယ်လို့ မိန့်တော်မူတယ် (မှန်ပါ့)။

ရှေ့ကဝိပဿနာဉာဏ် နောက်ကမဂ်ဉာဏ်

သို့သော် ဘုရားရှင်က လိုရင်း ဟောတော်မူတာက ရှေ့က ဝိပဿနာဉာဏ်၊ နောက်က (မဂ်ဉာဏ်ပါ ဘုရား) သဘောကျပလား (ကျပါပြီ ဘုရား)။

ဒါဖြင့် ကိုယ့်အသေ ကိုယ်မြင်တာ (ဝိပဿနာပါ ဘုရား) ကိုယ့်အသေ ကိုယ်မမြင်တာ (အဝိဇ္ဇာပစ္စယာ သင်္ခါရာ ဘုရား) ကိုယ့်အသေ ဆုံးတာကို ကိုယ်မြင်တာ (မဂ်ဉာဏ်ပါ ဘုရား) အဲ ကိုယ့်အသေ ကိုယ်မြင်တဲ့ ဝိပဿနာဉာဏ်ကို ရှေ့ထားပြီး ကိုယ့်အသေ ဆုံးတာ ကိုယ်မြင်တဲ့ မဂ်ဉာဏ်ကို နောက်ထားပြီး ကြိုးစားလို့ရှိရင်ဖြင့် သုသိမ တရားခိုးဖို့ လာတာတောင် ရဟန္တာ ဖြစ်ပါသေးတယ် (မှန်ပါ့)။

ခင်ဗျားတို့ ဒီအတိုင်း ကြိုးစားလို့ရှိရင် အောင်မြင်ပါလိမ့်မယ်ဆိုတာ သေသေချာချာမှတ် (မှန်ပါ့ ဘုရား)။

ကဲ ယနေ့ နာရီ စေ့ပြီ၊ ဒီတွင် တော်ကြဦးစို့။

သာဓု သာဓု သာဓု

“ကိုယ့်အသေကိုယ်ကြည့်ရင် ဝိပဿနာ”

နိုးတဲ့စိတ်ကလေးရှိမှန်းသိပြီးတော့ ဒီနိုးမှန်းသိတဲ့စိတ်ကလေးဟာ ထဦးမှပဲဆိုတာနဲ့ စိတ်ကလေးလာတော့ ခနနိုးတဲ့စိတ်ကလေး ရှိသေးရဲ့လား။ မရှိတော့ပါ။

- မရှိတော့၊ နိုးတဲ့စိတ်ကလေးက အနိစ္စ။ ဟုတ်လား။
- မရှိဘူးလို့ သိတာလေးက - မဂ္ဂပါ။
- ဒီလိုကလေးလိုက်ပေးပါတဲ့။ ဝိပဿနာမဂ္ဂဖြစ်လာတော့ ဩော် - နိုးပြီးလဲ သေပြန်တာကိုး။ နိုးတဲ့စိတ်ကလေး မရှိတော့ပါ။ နိုးပြီးသေသွားပါတယ်။

ဒါဖြင့် ဝိပဿနာဆိုတာ - ကိုယ့်အသေကိုယ်ကြည့်တာပေါ့။

- ကိုယ့်အသေကိုယ်မြင်တာ - ဝိပဿနာပါပဲ။

ဝိပဿနာမဂ်နဲ့ ကြည့်ပြီဆိုမှဖြင့် ကိုယ့်အသေကိုယ် မြင်တော့တယ်။

ဒါဖြင့် နိုးတဲ့စိတ်က အနိစ္စ၊ နိုးတဲ့စိတ်မရှိတာကို သိတာက မဂ္ဂ။

ဒီလိုသိတော့ ဒီနေ့ အိပ်ရတာ၊ နိုးရတာဖြင့် ကောင်းလိုက်တာပဲဆိုတဲ့ တဏှာ လာသေးရဲ့လား။ မလာတော့ပါ။ တဏှာမလာတော့၊ ကောင်းကောင်း အိပ်ချင် နိုးချင်တဲ့ ဥပါဒါန်တွေ၊ စွဲလန်းမှုတွေ - မလာတော့ပါ။

- ကိုယ့်အသေကိုယ်မြင်တဲ့ ပုဂ္ဂိုလ်က တဏှာ - ဥပါဒါန် - ကံ မဆက်ပါ။
- ကိုယ့်အသေကိုယ်မြင်တော့ ဝိပဿနာပါ။
- ဧကစိတ္တ သမာယုတ္တ ဟု ဟောထားသဖြင့်၊ တစ်ခုသော စိတ်နဲ့ အသက်ရှူနေတဲ့ လူတစ်ယောက်-တစ်ယောက်မှာ နှစ်စိတ်နဲ့ အသက်မရှင်ပါ။ တစ်စိတ်တည်းနဲ့ပဲ အသက်ရှင်နေပါတယ်။
- အသေကို အရှင်ကနေကြည့်တာ - ဝိပဿနာပါ။
- အသေကို အရှင်ကမကြည့်ရင် - ပဋိစ္စသမုပ္ပါဒ် ပါ။ ဒုက္ခသစ္စာတန်းပြီ။
- မသိတာက အဝိဇ္ဇာ၊ သိတာ ဝိပဿနာ။
- အသေကို အရှင်ကမသိရင် - အဝိဇ္ဇာ၊ အဝိဇ္ဇာပစ္စာ သင်္ခါရာ။
- အသေကို အရှင်ကသိရ - ဝိပဿနာ၊ ဝိဇ္ဇာ။

နဂိုတုံးကလည်း အဝိဇ္ဇာပစ္စယာ သင်္ခါရာက လာခဲ့တယ်။ ယခုလည်း ဘာလုပ်နေပြန်ပါလိမ့်မတုံး။ အဝိဇ္ဇာပစ္စယာ သင်္ခါရာလုပ်နေပါတယ်။ အိုး- ဒါဖြင့် - အမှောင်ထဲကလာပြီး၊ အမှောင်ထဲပြန် သွားပါပြီ။

အမှောင်ထဲ ပြန်သွားတယ်ဆိုတော့ ချောက်တွေ၊ ကျင်းတွေဆိုတော့ အပယ်လေးပါး ချောက်တွေ၊ အမိဝမ်းခေါင်းဆိုတဲ့ ကျင်းတွေဟာ စုံလုံးကန်းတို၏ ကိန်းရာ၊ အောင်းရာ၊ ရောက်ရာ၊ ဒုက္ခထောင်ကြီးတွေပဲ။ ဒါကြောင့် ကိုယ့်အသေကိုယ် ပြန်ကြည့်တဲ့ ဝိပဿနာကို လုပ်ကြရပါမယ်။

- ကိလေသာ မခြားဘဲနဲ့ သိရင်ပြီးတာပါပဲ။

အဲ့ဒါ - ဘဝတွေ၊ ဝီထိတွေ ဘယ်လောက်ခြားခြား၊ သတိပဋ္ဌာန် ကိစ္စမရှိဘူး၊ ကြားထဲက ကိလေသာ မခြားဘဲနဲ့၊ သိရင် ပြီးတာပါပဲ။

ကိုယ့်အသေ ကိုယ်သိတာ - ဝိပဿနာ။ သံသရာပြတ်။

ကိုယ့်အသေ ကိုယ်မသိတာ - ပဋိစ္စသမုပ္ပါဒ်တန်း - သံသရာလည်။

- ဒါကြောင့် အခုပြုံးတာကလေး အကုန်လျှော့ပြီးသကာလ၊ အခု ဣန္ဒြေရရနဲ့ ကိုယ့်အသေကိုယ် ကြည့်တဲ့အလုပ်ကို လုပ်ပါ။ ဝိပဿနာဉာဏ်ရှေ့ထားပါ ဆိုတာ လေးနက်စွာ တိုက်တွန်းပါတယ်။
- ဝိပဿနာဆိုတာ အသေကို အရှုခိုင်းတာ။
- ဒါကြောင့် အနိစ္စဆိုတာလဲ ဖြစ်ပြီး ပျက်တာပဲ။
    - အသုဘဆိုတာလည်း သေသွားတာပဲ။
    - ဒုက္ခသစ္စာဆိုတာလည်း ဒုက္ခရောက်သွားတာပဲ။
    - ဒုက္ခဆိုတာလည်း ဒုက္ခသစ္စာထဲအပါအဝင်ပဲ။
    - အနတ္တဆိုတာလည်း အင်း-သေသွားလိုက်တဲ့ ဖြစ်ခြင်း၊ မသေပါနဲ့ဆိုလို့ကို ရသေးရဲ့လား - မရပါ။

ဒါကြောင့် - အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဒုက္ခသစ္စာ၊ အသုဘဆိုတာ၊ စာမှာသာ နာမည်အမျိုးမျိုး ကွဲပြားပါတယ်၊ စင်စစ် ကိုယ့်အသေကိုယ်မြင်တာ ဝိပဿနာပါပဲ။

- ဝိပဿနာဉာဏ်ဆိုတာသည် ရှေ့စိတ်ကို နောက်ဉာဏ်ကရှုတာ။ ကြမ်းကြမ်းပြောတော့ ကိုယ့်အသေကိုယ်ကြည့်တာ - ဝိပဿနာ။

ကိုယ့်အသေကိုယ် မမြင်တာ၊ အဝိဇ္ဇာပစ္စယာ - သင်္ခါရာ ပါ။

ဘင်္ဂဉာဏ်
ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၊ မင်္ဂလာရိပ်သာဓမ္မာရုံကြီးပေါ်တွင်
ဟောကြားဆုံးမတော်မူအပ်သော
စိတ္တာနုပဿနာ
အလုပ်ပေးတရားတော်
(၇-၉-၆၂)

ပဋ္ဌကတ်သုံပုံပါဠိတော်တွေ ၄၅-ဝါ ကာလပတ်လုံး ဟိုနေရာဟော၊ ဒီနေရာဟော၊ ဟောပါတယ်၊ ဟောပင် ဟောငြားသော်လဲ ပဋ္ဌကတ်သုံးပုံကို ချဲ့လိုက်တဲ့အခါကျတော့ ဦးကျော်မောင်တို့၊ ဦးမြမောင်တို့၊ ဦးဘသန်းတို့ . . . (မှန်ပါ) ၊ လက္ခဏာရေးသုံးပါးပဲရှိတယ် . .. (မှန်ပါ)။

ပဋ္ဌကတ်သုံးပုံကို ချဲ့ပါ၊ ကိုယ်တော်မြတ်ကြီး ၄၅-ဝါ ကာလပတ်လုံး ဟာတာလဲ ဒါပဲ၊ ချဲ့လိုက်တဲ့အခါကျတော့ လက္ခဏာရေးသုံးပါးပဲ ရှိတယ် ... (မှန်ပါ)။

ဒါဖြင့် ပဋ္ဌကတ်သုံးပုံကို ဆရာတော်၊ သံဃာတော်တွေ သင်ပြီးသကာလနေကြတာ ကိုယ်တော်တို့ ဘယ်အကျိုးငှာတုံးလို့ သွားပြီး လျှောက်လိုက်လို့ရှိရင် လက္ခဏာရေး သုံးပါး သိချင်လို့ဆိုရင် မှန်တယ်၊ ရိပ်မိပြီလား ...(ရိပ်မိပါပြီ)။

ဒါဖြင့် လက္ခဏာရေးသုံးပါး၊ သိမှုသာ အရေးကြီးတယ်ဆိုတဲ့ဥစ္စာ ဦးမြမောင်တို့ မှတ်ထားပေါ့ (မှန်ပါ)၊ ပဋ္ဌကတ်သုံးပုံ အကျဉ်းချုံးလိုက်တော့ ဘာရှိသတုံး ... (လက္ခဏာ ရေးသုံးပါးပဲ ရှိပါတယ်)။

ဘာဟောဟော ရုပ်နှစ်ဆယ့်ရှစ်ခုဟောလဲ တော်တော်ကြာ ဖြစ်ပျက်အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ လာတာပဲ ... (မှန်ပါ)၊ နာမ်ငါးဆယ့်သုံးခုကို ဟောလိုက်လို့ရှိရင်လဲ နာမ်ငါးဆယ့်သုံးခု ချုံးလိုက်တဲ့အခါကျတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ ...(မှန်ပါ)၊ ဒါပဲရှိတယ် ...(မှန်ပါ)။

အဲဒီတော့ ပဋ္ဌကတ်သုံးပုံကို ချုံးနိုင်သလောက် ချုံးလိုက်လို့ရှိရင်ဖြင့် လက္ခဏာရေး သုံးပါးရှိတယ်လို့မှတ်ပါ ... (မှန်ပါ)၊ ပေါ်ကြပြီလား ...(ပေါ်ပါပြီ)။

အဲဒီလက္ခဏာရေးသုံးပါးကို ချုံးလိုက်ပြန်လို့ရှိရင်ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တချုံးလိုက်လို့ ရှိရင်ဖြင့် ဥဒယဗ္ဗယပဲရှိတယ်၊ ဖြစ်ပျက်ထဲ ပြန်ဝင်တယ် ... (မှန်လှပါ)။

လက္ခဏာရေးသုံးပါး ချုံးလိုက်တဲ့အခါကျတော့ ဥဒယဗ္ဗယထဲ ပြန်ဝင်တယ်၊ မြန်မာလို သုံးတဲ့အခါကျတော့ ဖြစ်ပျက်ထဲသွားဝင်တယ်...(မှန်လှပါ)။

ဖြစ်ပျက်ကို တစ်ခါ ချုံးနိုင်သရွေ့ ချုံးလိုက်ပြန်တဲ့အခါကျလို့ရှိရင်ဖြင့် ဒုက္ခသစ္စာပဲ ရှိတယ်လို့ မှတ်လိုက်ပါတော့ (မှန်လှပါ)။

ဒါဖြင့် ခင်ဗျားတို့က သစ္စာဘယ်နှစ်ပါး၊ လေးပါးတောင်ဆို အို... လေးပါးရှိပေမယ့် သမုဒယသစ္စာလဲ ဖြစ်ပျက်ပဲ ... (မှန်လှပါ) မဂ္ဂသစ္စာလဲ ဖြစ်ပျက်ပဲ ... (မှန်လှပါ)၊ ချုံးလိုက်တော့ ဒုက္ခသစ္စာချည်းပဲ ...(မှန်လှပါ)။

အဲ... ဒုက္ခသစ္စာကို ခင်ဗျားတို့ အဆုံးသတ်လိုက်လို့ရှိရင် နိရောဓသစ္စာ ဝင်သွားတယ်... (မှန်လှပါ)။

ကဲ...ဒါဖြင့် အစက ပြန်ပြီးရှင်းကြပါအုံးစို့ ဆိုတော့ ပိဋ္ဌကတ်သုံးပုံ ချုံးလိုက်လို့ရှိရင်ဖြင့် လက္ခဏာရေးသုံးပါးရှိတယ်။ လက္ခဏာရေးသုံးပါးချုံးလိုက်လို့ရှိရင်ဖြင့် ဥဒယဗ္ဗယပဲရှိတယ် ... (မှန်ပါ)၊ ဥဒယဗ္ဗယဟာ ချုံနိုင်သလောက် ချုံးလိုက်လို့ ရှိရှင် ဥဒယဗ္ဗယဆိုတာ ဘာတုံးဆိုတော့ ဒုက္ခသစ္စာပဲ ... (မှန်လှပါ)၊ ဒုက္ခသစ္စာထဲ ဝင်သွားတယ် ... (မှန်လှပါ)၊ သမုဒယသစ္စာကော ဆိုတော့ အို-သမုဒ္ဒရာသစ္စာ လောဘဖြစ်ပျက်ချည်းပဲ ... (မှန်လှပါ)။

အဲဒီတော့ ဒုက္ခသစ္စာကို ဦးကျော်မောင်တို့၊ ဦးမြမောင်တို့ ဆုံးအောင်လိုက်ကြမယ် ဆိုလို့ရှိရင်ဖြင့် ဒုက္ခချုပ်သွားရင် နိရောဓသစ္စာဆိုတာ တွေ့မှာပဲ ... (မှန်လှပါ)။

အဲဒီတော့ကို ၄၅-ဝါ ကာလပတ်လုံး ဟောကြားတော်မူတာ သတ္တုချလိုက်တဲ့အခါကျ တော့ ဘုန်းကြီးတို့ဟောနေတဲ့ ဥဒယဗ္ဗယကိုသာ အားထုတ်ကြပေါ့ ... (မှန်ပါ့)၊ ဖြစ်ပျက်အဆုံး မှာ ဖြစ်ပျက်မရှိတဲ့နိဗ္ဗာန်တွေ့လိမ့်မယ် ... (မှန်လှပါ)။

အဲဒီတော့ ဉာဏ်လမ်းလျှောက်သွား၊ ဖြစ်ပျက်နဲ့ ဉာဏ်လမ်းလျှောက်သွားလို့ရှိရင်ဖြင့် ဖြစ်ပျက်အဆုံးမှာ ဖြစ်ပျက်မရှိတဲ့ နိရောဓသွားဖြစ်တာတွေ့မယ် ... (မှန်ပါ)။

အဲဒီတော့ အခုနိဗ္ဗာန်မတွေ့သေးပါကလားဆိုရင် အို ဖြစ်ပျက်မှ မဆုံးသေးဘဲ ခင်ဗျား တို့က လိုက်နေတာမဟုတ်ဘူးလား ... (ဟုတ်ပါတယ်)၊ ဖြစ်ပျက်ဆုံးသွားတဲ့အခါကျရင်ဖြင့် ဖျတ်ဆို ချုပ်သွားတာလေးကြည့်စမ်းပါလား၊ ဖြစ်ဒုက္ခလဲမရှိဘူး၊ ပျက်ဒုက္ခလဲမရှိဘူးဆိုတဲ့ နိရောဓဟာ တန်းပေါ်မှာပဲ ... (မှန်လှပါ)။

ကဲ...ပိဋ္ဌကတ်သုံးပုံ ချုံးလိုက်ရင် လက္ခဏာရေးသုံးပါး၊ လက္ခဏာရေးသုံးပါး ချုံးလို့ ရှိရင် ဥဒယဗ္ဗယ၊ ဥဒယဗ္ဗယကို ပေါင်းခေါ်လိုက်လို့ရှိရင် ဒုက္ခသစ္စာ ... (မှန်ပါ)၊ ဥဒယဗ္ဗယ ဆိုတာ ဒုက္ခသစ္စာပဲ ... (မှန်ပါ)၊ အဲဒီဒုက္ခသစ္စာကို ဆုံးအောင် လိုက်လို့ရှိရင် ဘာတွေ့မလဲ ... (နိရောဓတွေ့ပါတယ်)၊ အဲဒီတော့ ခင်ဗျားတို့ ဘုရားလဲ ပြားမနေနဲ့၊ ဆရာလဲပြားမနေနဲ့တော့ ဒီလမ်းလိုက်လို့ရှိရင် ပြီးတာပဲ ... (မှန်လှပါ)၊ ဘယ်သူမှမတိမ်းနိုင်တဲ့လမ်း ... (မှန်လှပါ)၊ ဘယ်သူမှ မတိမ်းနိုင်တဲ့လမ်းလို့ သေသေချာချာ မှတ်ပါ... (မှန်လှပါ)။

ကိုင်း...ဒီလမ်းလိုက်တော့မယ်ဆိုတော့ကို မျက်လုံးပြောင်းတပ်ပေးရတယ်..(မှန်လှပါ) ဒကာ ဒကာမတွေကို မျက်လုံးပြောင်းပြီးသကာလ တပ်ပေးရပါတယ် ... (မှန်လှပါ) မိဘရိုးရာ မျက်လုံးကို ဖျက်ပစ်ပြီးသကာလ မိဘရိုးရာ မျက်လုံးဆိုတာ စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့၊ သင်ထားတဲ့မျက်လုံး...(မှန်လှပါ)၊ နိဗ္ဗာန်ရောက်ဖို့ မျက်လုံးက မပါဘူး... (မှန်လှပါ)။

အဲဒီတော့ မိဘရိုးရာမျက်လုံးကို ဖယ်ပြီးသကာလ အရိယာမျက်လုံးတပ်ပေးရမယ်... (မှန်လှပါ)။ မိဘရိုးရာမျက်လုံးကိုဖယ်ပြီး ဘာမျက်လုံး တပ်ပေးရမယ်... (အရိယာမျက်လုံး တပ်ပေးရပါမည်)။

အရိယာမျက်လုံး တပ်ပေးရမယ်ဆိုတော့ အရိယာမျက်လုံး တပ်တဲ့အခါကျတော့ကို အရိယာတို့၏အမြင်ကို မြင်လာမယ်... (မှန်လှပါ)။

အရိယာတို့၏မျက်လုံး တပ်ပေးလိုက်လို့ရှိရင် ဘာမြင်မြင်မယ် ... (အရိယာတို့၏ အမြင်ကို မြင်လာမှာပါဘုရား)၊ အရိယာတို့၏အမြင်ကို မမြင်ပါနဲ့ဆိုလို့ ဦးဘသန်းရသေးရဲ့ လား... (မရပါဘူး)။

အဲဒီတော့ အရိယာဆိုတာ ဘာတုံး... အရိယာဆိုတာ ဖြူစင်တာ... (မှန်ပါ)၊ အမြင် ဆိုတာက ဖြူဖြူစင်စင်နဲ့ ဒီပြင်ကိလေသာမရောဘဲနဲ့ မြင်တဲ့အမြင်ဟာ အရိယာတို့၏အမြင် ... (မှန်ပါ)။

အရိယာဆိုတာ ဖြူစင်တာ မြင်တာကတော့မြင်တာပဲ...(မှန်ပါ)၊ ဖြူစင်တဲ့အမြင်ဆိုတော့ ခင်ဗျားတို့မြင်နေတာက တစ်ယောက်ကြည့်လိုက်ရင် ရုပ်ဆိုးတယ်၊ တစ်ယောက်ကြည့်လိုက်ရင် ချောမွေ့တယ်၊ တစ်ယောက်ကြည့်လိုက်ရင် အရုပ်ဆိုးတယ်၊ တစ်ယောက်ကြည့်လိုက်လို့ရှိရင် ထော်လော်ကန့်လန့်ဖြစ်နေတာနဲ့ ဒါ အရိယာတို့၏အမြင်မဟုတ်ဘူး၊ အရိယာတို့၏ အမြင်ကတော့ ဒုက္ခသစ္စာကြည့်ရင် ဒုက္ခသစ္စာပဲမြင်တယ်၊ ဒီပြင်ဟာမြင်ကိုမြင်ဘူး... (မှန်ပါ)။

ဒါကြောင့် အရိယာတို့မှာ ဘယ်အာရုံနဲ့တွေ့တွေ့ "ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿန ကမ္ပတိ" ... (မှန်ပါ)၊ လောကဓမ္မေဟိ-လောကဓံတရားတို့နှင့်၊ ဖုဋ္ဌဿ-တွေ့သော၊ ယဿ-အကြင်အရိယာပုဂ္ဂိုလ်၏၊ စိတ္တံ-စိတ်သည်၊ နကမ္ပတိ-မတုန်လှုပ်ဘူးတဲ့... (မှန်ပါ)၊ အရိယာအမြင်ဟာ ဘာနဲ့တွေ့တွေ့ သရဲခြောက်လဲ မတုန်လှုပ်ဘူးတဲ့... (မှန်ပါ)၊ သရဲခြောက်လဲ မတုန်လှုပ်ဘူး၊ ချောချောမောမော အာရုံတွေနဲ့ တွေ့လဲ မတုန်လှုပ်ဘူး.. (မှန်ပါ)။

လောကဓမ္မေဟိကိုးဗျ၊ လောကဓံတရားတွေနဲ့ တွေ့တဲ့အခါကျတော့ တုန်လှုပ်သေးရဲ့ လား... (မလှုပ်ပါဘူး)၊ အသောကံ-စိုးရိမ်ခြင်းလဲ မရှိဘူးတဲ့ ... (မှန်ပါ့)။

ဟာ-ငါ့ကိုက်တော့မှာပဲ၊ ငါ့သတ်တော့မှာပဲလို့ စိုးရိမ်ခြင်းလဲ မရှိဘူးတဲ့၊ အရိယာအမြင်ကို မြင်နေတယ် ... (မှန်ပါ)၊ ဝိရဇံတဲ့ခင်ခြင်း၊ မင်ခြင်း၊ တွယ်တာခြင်းလဲ မရှိဘူးတဲ့၊ ရာဂကင်းနေတယ်...(မှန်ပါ့)။

အဲဒီတော့ ဆရာဘုန်းကြီးက ယနေ့ ဒီဒကာ ဒကာမတွေကို မိဘရိုးရာမျက်လုံးကို ပြင်ဘက်ကျမှသုံးပါ၊ အလုပ်ခွင်မှာဖြင့် အရိယာမျက်လုံး သုံးပါ ... (မှန်ပါ)၊ ဒီလိုဆိုတော့ လောကလဲ မပယ်၊ လောကနဲ့လဲ ကန့်လန့် မမှားဘူး ... (မှန်ပါ)၊ လောကုတ္တရာကိုလဲ အတည့် ပေးတယ်လို့ မှတ်ရမယ် ... (မှန်ပါ)၊ လောကကိုလဲ မပယ်ဘူး၊ လောကပယ်ပြန်လို့ရှိရင်လဲ အမေမရှိဘူး၊ အဖေမရှိဘူးဆိုပြီး ထင်ရာလုပ်ရင် ပဋ္ဌာနန္တရိယကံထိအောင် ထိုက်နိုင်တယ်... (မှန်ပါ)။ လောကလဲ မပယ်ကောင်းဘူး ... (မှန်ပါ)၊ နို့မဟုတ်ရင် မာတာပိတုဂုဏော အနန္တော စသည်ဖြင့် ဘုရားဟောထားတာတွေ ပျက်ကုန်မှာပေါ့...(မှန်ပါ့)၊ အာစရိယဂုဏော အနန္တော စသည်ဖြင့် မပျက်ဘူးလား ... (ပျက်ပါတယ်)၊ လောဟိတုပ္ပါဒကံ ဘုရားကို သွေးထွက်အောင် မလုပ်နဲ့ ... (မှန်ပါ)၊ သံဃာသင်းမခွဲနဲ့ဆိုတာက လောကဟောတာတွေ ... (မှန်ပါ)၊ ဒါနပြုတဲ့ အခါကျတော့ ပုဂ္ဂိုလ်ရွေးလှူကြဟေ့ ဒါက လောကကို ငဲ့ဟောထားတာ... (မှန်ပါ)။

အဲဒီတော့ လောကပယ်လိုက်ပြန်လို့ရှိရင်လဲ အယူမှား အလုပ်မှားပြီး အပါယ်ကျသွားနိုင်တယ်...(မှန်ပါ)၊ လောကုတ္တရာမသိပြန်လို့ရှိရင်လဲ နိဗ္ဗာန်မရောက်ဘူး... (မှန်ပါ)။

ကဲ...မျက်လုံးက မပြင်ရပေဘူးလား... (ပြင်ရပါတယ်ဘုရား)၊ လောကမျက်လုံးလဲ တပ်ပေးရမယ်...(မှန်ပါ)၊ လောကမျက်လုံးနဲ့ချည်း အချိန်ကုန်သွားပြန်ရင်လဲ သုဂတိလောက်ပဲ ခင်ဗျားတို့ရောက်မယ်...(မှန်ပါ)၊ လောကုတ္တရာမျက်လုံး တပ်ပေးမှသာလျှင် ခင်ဗျားတို့ နိဗ္ဗာန်ရောက်မယ်...(မှန်ပါ)။

အဲဒါကြောင့် နိဗ္ဗာန်ရောက်တဲ့မျက်လုံးကို ယနေ့တော့ဖြင့် လောကမျက်လုံးလဲ မစွန့်ကြပါနဲ့၊ လောကုတ္တရာမျက်လုံးကိုလဲ ဆရာဘုန်းကြီး အလုပ်ခွင်မှာ ပြောင်းတပ်ပေးမယ် ဆိုတာ မှတ်ရမယ် ... (မှန်လှပါ)။

ဥပမာ မယ်...စိတ်ကလေးတစ်ခု ဒကာ ဒကာမတွေသန္တာန်မှာ မြင်စိတ်ကလေးပေါ်တယ်၊ ကြားစိတ်ကလေးပေါ်တယ်၊ အနိစ္စန္တိ ပဿတိ-ဩော် ဒါကလေးဟာစိတ်မဟုတ်ဘူးဟ၊ စိတ်ဆိုလို့ရှိရင်ဖြင့် သမုတိသစ္စာနယ်က ဖြစ်နေတယ်...(မှန်ပါ)၊ ပရမတ္ထသစ္စာနယ်ကတော့ အနိစ္စန္တိ ပဿတိ-ဒါ အနိစ္စပဲ...(မှန်ပါ)၊ သူဖြစ်ပြီး ပျက်တာကိုး...(မှန်ပါ)။

အဲဒီတော့ အနိစ္စလို့ ခင်ဗျားတို့က မြင်အောင်ကြည့်လို့ရှိရင် “သာဿ ဟောတိ သမ္မာဒိဋ္ဌိ” တဲ့၊ ဒါ အရိယာမျက်လုံး တပ်ပေးလိုက်တာပဲ ...(မှန်ပါ)။

ပေါ်လာတဲ့ ဓမ္မကလေးကို ဖြစ်မှု ပျက်မှု မြင်အောင် ဦးကျော်မောင်ကြည့်၊ ဦးစံဖေကြည့်၊ ဦးဘသန်းကြည်း၊ ဦးမြမောင်ကြည့်၊ ဟိုနောက်က ဒကာ ဒကာမတွေညောင်လေးပင်က

ဒကာမကြီးတွေ၊ ဟင်္သာတက ဒကာမကြီးတွေ ကြည့်ပါလို့ ဘုန်းကြီးက ဟောလိုက်လို့တဲ့အခါ ကျတော့ ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း မြင် လိုက်လို့ရှိရင် ငါ အရိယာမျက်လုံး ရပြီလို့ အောက်မေ့...(မှန်ပါ)။

သာသာ ဟောတိ သမ္မာဒိဋ္ဌိ၊ သာ-ထိုအနိစ္စဟု မြင်ခြင်းသည်၊ သမ္မာဒိဋ္ဌိ-သမ္မာဒိဋ္ဌိ မျက်လုံးပဲကွတဲ့...(မှန်ပါ)၊ ဒီတော့ သမ္မာဒိဋ္ဌိ မျက်လုံးတပ်ပေးလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် အလုပ်ခွင်မှာဖြင့် သမ္မာဒိဋ္ဌိမျက်လုံးနဲ့ ဒီက ဒကာ ဒကာမတွေ အကုန်ကြည့်ပါ...(မှန်ပါဘုရား)၊ သမ္မာဒိဋ္ဌိမျက်လုံးနဲ့ ကြည့်ပါလို့ဆိုတာ ကောင်းကောင်းသတိပေးလိုက်ပါတယ်...(မှန်ပါ)။

အဲဒီလိုကြည့်တော့ဘုရား... တပည့်တော်တို့ ဘယ်စိတ် ကြည့်လိုက် ကြည့်လိုက် ကိုယ့်စိတ်ကိုယ်ကြည့်လိုက်တဲ့အခါ အနိစ္စ-လို့မြင်တော့ သာသာ ဟောတိ သမ္မာဒိဋ္ဌိ။ ထိုအမြင်သည် သမ္မာဒိဋ္ဌိပဲလို့ ဘုရားကတော ဟောတယ် ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် (နှာ-၄၂)မှာ ဒီမြင်လိုက်တဲ့အခါကျတော့ သမ္မာဒိဋ္ဌိတော့ ဖြစ်ပြီကွာ ဆိုတော့ ဩော်...သမ္မကမှန်ကန်တာ၊ ဒိဋ္ဌိကမြင်တာ၊ အခုမှ အမှန်မြင်ရောက်တာကိုး...(မှန်ပါ)၊ အနိစ္စမြင်မှ အမှန်အမြင်ရောက်တယ်...(မှန်ပါ)။

အနိစ္စမြင်မှ ... (အမှန်အမြင်ရောက်ပါတယ်) အမှန်အမြင် ရောက်လာတယ်ဆိုတော့ ဆရာဘုန်းကြီး ဒီဥစ္စာတို့ကို ဘာမျက်လုံး တပ်ပေးလိုက်ပါလိမ့်မတုံးလို့ မေးတဲ့အခါ ဖြူစင်တဲ့ မျက်လုံး တပ်ပေးတာ ... (မှန်ပါ)၊ ကိလေသာတိမ်သလာမြူတွေမသန်းဘဲနဲ့ မြင်တဲ့အမြင်ဟာ အရိယာအမြင် ဖြူစင်တဲ့အမြင်လို့ မှတ်လိုက် ... (မှန်ပါ)၊ အဲဒါ သမ္မာဒိဋ္ဌိပဲ ... (မှန်ပါ)။

ဒါဖြင့် ဝိညာဏံ အနိစ္စန္တိ ပဿတိ။ သာသာ ဟောတိ သမ္မာဒိဋ္ဌိ။ ဝိညာဏံ- မိမိစိတ်ကို၊ အနိစ္စန္တိ- အနိစ္စဟူ၍။ ပဿတိ-မြင်၏။ ထိုအမြင်သည် သမ္မာဒိဋ္ဌိအမြင်ဆိုတော့ ၂-နံပါတ်မှာရှိတဲ့ သဠာယတနထဲမှာပါတဲ့ စိတ်ကို အလယ်ကနေဖြတ်ပြီးသကာလ ၃-နံပါတ် မကူးဘဲနဲ့ ၃-နံပါတ် အကူးမခံဘဲနဲ့ သဠာယတနထဲမှာပါတဲ့ စိတ်ကိုကြည့်လိုက်လို့ရှိရင် သမ္မာဒိဋ္ဌိ ဖြစ်သွား တာပဲ ... (မှန်ပါ)။

ဒီဘက်ကူးလို့ရှိရင် မိစ္ဆာဒိဋ္ဌိဖြစ်တော့မယ် ... (မှန်ပါ)၊ ၃-နံပါတ်ကူးရင် မိစ္ဆာဒိဋ္ဌိ ဖြစ်တော့မယ် ... (မှန်ပါ)၊ ၃-မကူးဘဲနဲ့၊ ဒီကနေပြီး ကြည့်နေလို့ရှိရင် သမ္မာဒိဋ္ဌိဖြစ်တော့ကို ဩော်... သမ္မာဒိဋ္ဌိဆိုတဲ့ဥစ္စာသည်ကားလို့ဆိုရင် ဖြူစင်တဲ့အမြင်ဆိုသောကြောင့် မဖြူစင်တဲ့ အမြင်ဆိုတဲ့ ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန် ပြုတ်ထွက်သွားတယ် ... (မှန်ပါ)၊ ဒီမှာတော့ တဏှာ ဥပါဒါန်လို့ ရေးထားတယ် ... (မှန်ပါ)၊ ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန်လို့လဲမှတ်လိုက်ဦး ... (မှန်ပါ)၊ ပေါ်ကြပြီလား ... (ပေါ်ပါပြီဘုရား)။

ဒီဌ၊ ဒီဌုပါဒါန်လို့လဲ မှတ်လိုက်ပါအုံး ... (မှန်ပါ)၊ တဏှာနဲ့ ဒီဌိကရောနေလို့ တဏှာ ပြဋ္ဌာန်းလို့ တဏှာဥပါဒါန်လို့ ဟောတော်မူတာ ... (မှန်ပါ)၊ စင်စစ်တော့ ဒီဌိ ဒီဌုပါဒါန်လို့လဲ ဟုတ်ပါတယ်လို့လဲ မှတ်ရမယ်နော် ... (မှန်လှပါဘုရား)။

နို့မဟုတ်လို့ရှိရင် သောတာပန် ဘယ်တည်မတုံး၊ တဏှာသတ်တယ် ဆိုကတည်းက သကဒါဂါမ်၊ ရဟန္တာဖြစ်သွားမှာပေါ့နော် ... (မှန်လှပါဘုရား) အခုဟာက သောတာပန် မတည် သေးတဲ့ပုဂ္ဂိုလ်တွေကို သောတာပန်တည်အောင် ဟောရတဲ့အတွက် ဒီဌိ၊ ဒီဌုပါဒါန်၊ ဒီဌိ အုပ်ချုပ်တဲ့ကံလို့သာ မှတ်လိုက် ... (မှန်ပါ)၊ ရှင်းပြီလား ... (ရှင်းပါပြီ)။

ကောင်းပြီ၊ ဒီပဋိစ္စသမုပ္ပဒ်ဟာ အခုဟာက သောတာပန် ပဋိစ္စသမုပ္ပဒ်ကို ဟောနေ တယ် ... (မှန်လှပါ)၊ သကဒါဂါမ်၊ အနာဂါမ် ပဋိစ္စသမုပ္ပါဒ်ကို မဟောရသေးဘူး ... (မှန်လှပါ)၊ နောက်မှ ဟောမယ် ... (မှန်လှပါ)။

ကဲ ... ဒါဖြင့် သဋ္ဌာယတနထဲမှာရှိတဲ့စိတ်ကို မနာယတန ဆိုတဲ့စိတ်ကို ဦးမြမောင်တို့ သိချင်တဲ့အခါကျတော့ မောင်သစ်တို့ ကုသိုလ်လုပ်ထားတဲ့ စာရွက်ကလေး ကြည့်လိုက်တော့ ဆယ့်နှစ်မျိုး ပါနေတယ် ... (မှန်လှပါ)၊ အဲဒါ မနာယတနချည်းပဲ ... (မှန်ပါ)။

စက္ခု သောတ ဃာန ဇိဝှာ ကာယ မန၊ မနကို ခွဲထုတ်လိုက်တဲ့အခါကျတော့ ဆယ့်နှစ်မျိုး သွားတွေ့လိမ့်မယ် ... (မှန်ပါ)၊ ဆယ့်နှစ်မျိုး သွားတွေ့တဲ့အခါကျလို့ရှိရင် လာတိုင်း လာတိုင်း ဒီ ဆယ့်နှစ်မျိုး လာချင်တာကလာ၊ အနိစ္စလို့ ခင်ဗျားတို့ မြင်နေလို့ရှိရင် ဖြူစင်တဲ့မျက်လုံးနဲ့ မြင်တယ် ... (မှန်ပါ)၊ ဒါ အရိယာမျက်လုံး တပ်ပေးလိုက်တာပဲ ... (မှန်ပါ)၊ ဦးကျော်မောင် ရှင်းပြီလား ... (ရှင်းပါပြီ)။

အဲဒီ အရိယာမျက်လုံး တပ်ပေးလိုက်သည်နဲ့ တစ်ပြိုင်နက်တည်း "သမ္မာ ပဿံ"တဲ့၊ အဲဒီကဲ့သို့ ကောင်းစွာမြင်လို့ရှိရင်ကွာတဲ့ အနိစ္စမြင်လို့ရှိရင် (၀၊) ဖြစ်ပျက် မြင်လို့ရှိရင် သမ္မာပဿံ နိဗ္ဗိန္ဒတိ။ ငြီးငွေ့ခြင်း ဖြစ်လာတာပါပဲ၊ ဒီနေရာမှာပဲ ငြီးငွေ့မှာပဲ ... (မှန်ပါ)။

ဒီနေရာမှာ ခုနင်က အမှန်မြင်ခဲ့တယ် မဟုတ်လား ... (မှန်ပါ)၊ ဒီနေရာမှာပဲ ငြီးငွေ့မယ်၊ ဒီနေရာမှာပဲ ဝိရဇ္ဇတိ တပ်ခြင်း ကင်းတာလဲ ဒီနေရာမှာပဲ လာမှာပဲတဲ့၊ ဒီဘက်ကို ကူးသေးရဲ့ လား ... (မကူးပါဘူး)၊ ၃-နံပါတ်ကိုတော့ မကူးတော့လို့ ဒီဒကာ ဒကာမတွေ ဘာဖြစ်မလဲလို့ မေးတဲ့အခါကျလို့ရှိရင် မကူးတဲ့အချိန်ကစပြီး ဒီနေရာမှာ မဂ္ဂင်ရှစ်ပါး ပြည့်သွားလို့ရှိရင် ဒါ သောတာပန် တည်တာပဲ ... (မှန်ပါ)။

သောတာပန်တည်တော့ ဒီဌိ-ဒီဌုပါဒါန်၊ ဒီဌိအုပ်ချုပ်တဲ့ကံ၊ ဒီသုံးခု သေသွားပြီ၊ ပြုတ်သွာပြီ ... (မှန်ပါ)။ ၃-လဲပြုတ်၊ ၄-လဲပြုတ်တာပဲ ... (မှန်ပါ)၊ ၃-ရော ၄-ရော မကျန် ဘူးလား ...(မှန်ပါတယ်၊ သောတာပန်ဟာ အပါယ်ဇာတိ အပါယ်ဇရာ မရဏတွေဟာ ကုန်သွားတယ် ... (မှန်ပါ)။

အဲဒီတော့ လေးခါလုပ်ရမှာပဲ၊ သောတာပန်တည်ချင် တစ်ခါလုပ်ရမယ်၊ သကဒါဂါမ် တည်ရင်တစ်ခါ လုပ်ရမယ်၊ အနာဂါမ်တည်ရင် တစ်ခါ လုပ်ရမယ်၊ ရဟန္တာဖြစ်ချင်ရင် … (တစ်ခါ လုပ်ရမယ်)။

ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်ဟာ လေးမျိုးပေါ့၊ ဝေတော့ တစ်ရွက်တည်း ဝေထားတယ် … (မှန်လှပါ)၊ ခင်ဗျားတို့မှာတော့ ဒါ ၄-ချပ် ရှိတယ်လို့ မှတ်ရမယ် … (မှန်ပါ)၊ မမှတ်ထိုက်ဘူး လား … (မှတ်ထိုက်ပါတယ်)၊ ၄-ချပ် ရှိတယ်လို့ မှတ်လိုက်ကြစမ်းပါ။

ကိုင်း … ဒါဖြင့် ဖြစ်ပျက်လို့ရှိရင် သမ္မာဒိဋ္ဌိဖြစ်သွားပြီ၊ သမ္မာဒိဋ္ဌိဖြစ်သွားတော့ကို ဦးကျော်မောင်တို့က မှတ်ရမယ်၊ ဦးမြမောင်တို့က မှတ်ကြပါ၊ သြော် … သမ္မာဒိဋ္ဌိဖြစ်သွားလို့ ရှိရင် သမ္မာသင်္ကပ္ပဆိုတဲ့ဥစ္စာဟာ မှတ်ထားပါ။ သမ္မာဒိဋ္ဌိဆိုတဲ့ဥစ္စာ သူဖြစ်ချင်လို့ ဖြစ်တဲ့ သမ္မာဒိဋ္ဌိမဟုတ်ဘူး၊ သမ္မာသင်္ကပ္ပအကူအညီမပါဘဲနဲ့ သမ္မာဒိဋ္ဌိ မဖြစ်ဘူး … (မှန်ပါ)၊ ဒါကြောင့် ဒီနေရာမှာ မဂ္ဂင်ငါးပါးဖြစ်တယ်လို့ ယူလိုက်တယ် … (ရှင်းပါပြီ)။

မဂ္ဂင်ငါးပါး မဖြစ်ဘူးလား … (ဖြစ်ပါတယ်)၊ ဘာဖြစ်လို့တုံးဆိုတော့ သမ္မာဒိဋ္ဌိက မျက်လုံးနဲ့တူတယ်၊ သမ္မာသင်္ကပ္ပက မျက်လုံးမွဲတဲ့ပုဂ္ဂိုလ် အမှန်အကန် အကြီးအသေး မြင်ဖို့ဆိုတာ သမ္မာသင်္ကပ္ပမျက်မှန် အကူအကညီရမှသာလျှင် ဟိုအနိစ္စကို သွားမြင်တယ် … (မှန်ပါ)။ ဒါဖြင့် သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပဟာ ခွဲလို့ ရပါ့မလား … (မရပါဘူး)။

ဒါကြောင့် ခင်ဗျားတို့ ဖြစ်ပျက်မြင်တဲ့ ဒကာ ဒကာမတွေသည် မဂ္ဂင်နှစ်ပါးသေချာတယ်၊ ပညာမဂ္ဂင်နှစ်ပါး သေချာတယ်၊ ရှင်းပြီနော် … (ရှင်းပါပြီ)။

ပညာမဂ္ဂင်ဟာ ဘယ်လိုလဲ ပညာရှိနေပေမယ့်လဲကွာ ပညာမဂ္ဂင်နှစ်ပါး သူတို့ချည်း စွမ်းနိုင်သလားလို့ ဒီအနိစ္စမြင်တဲ့ဉာဏ် သူတို့ချည်း စွမ်းနိုင်သလားမေးတဲ့အခါကျတော့ သမ္မာသတိတဲ့၊ သမ္မာသတိကလဲ ပေါ်လာတဲ့တရားကို ဟိုမှာ ပေါ်တယ်၊ ဟိုမှာပေါ်တယ် ဆိုတာ သူတို့နှစ်ခုကို သတိပေးမှ ဟိုနှစ်ခုက အမှန်မြင်တယ် … (မှန်ပါ)၊ အဲဒီတော့ သတိကကောကင်းလို့ ရပါ့မလား … (မရပါဘူး)။

သမာဓိကလဲ တစ်ခါတည်း စူးစူးစိုက်စိုက် ဖြစ်အောင် ပညာခေါင်းကို နှိမ်ထားရတယ်၊ ပညာခေါင်းကို နှိမ်ပြီးသကာလ မင်းဘယ်မှ မရွေ့နဲ့ … (မှန်ပါ)၊ ဒီလိုနှိမ်ထားတဲ့ တရားလဲပါ လို့ သမ္မာဒိဋ္ဌိတို့ သမ္မာသင်္ကပ္ပတို့က ခင်ဗျားတို့ ဖြစ်ပျက်ကို မြင်တာပါ … (မှန်ပါ)၊ အဲ့ဒီတော့ သမ္မာသမာဓိ မပါဘဲနဲ့တော့ ပြီးပါ့မလား … (မပြီးပါဘူး)။

မပြီးတော့ မင်းတို့ သတိတို့၊ သမာဓိတို့ ဘယ်လိုပင် ပေးငြားသော်လဲ ငါတည်းဟူသော ဝိရိယက ဒီနေရာမှာ အားကုန်မတိုက်တွန်းလိုက်လို့ရှိရင် မင်းတို့ကို တွန်းမပေးလို့ရှိရင် မင်းတို့ အနိစ္စရှိရာ ရောက်အောင် မသွားနိုင်ဘူးတဲ့၊ ဝိရိယက တွန်းပေးရတယ် … (မှန်ပါ)။

ဝီရိယက တွန်းပေးတော့မှ ခုနင်က သတိရော၊ သမာဓိရော၊ သမ္မာဒိဋ္ဌရော၊ သမ္မာသင်္ကပ္ပရော ဝီရိယ တွန်းပေးလိုက်တဲ့အခါကျမှ အနိစ္စဆီ သွားရောက်တယ် ... (မှန်ပါ)၊ နို့မဟုတ်ရင် ရောက်ပါ့မလား ... (မရောက်ပါဘူး)။

ဒီတော့ ဩော်... ငါတို့ ဖြစ်ပျက်တစ်ချက် မြင်လိုက်ရင် မဂ္ဂင်ငါးပါး ရပါကလား၊ မကင်းရာ မကင်းကြောင်း သူတို့ချင်း အကြောင်းအကျိုးဆက်နေတယ် ... (မှန်ပါ)၊ ငါးပါးစလုံး စုံမှ ဖြစ်ပျက်မြင်ပါတယ် ... (မှန်ပါ)၊ ရှင်းပြီလား ... (ရှင်းပါပြီ)။

ငါးပါးစလုံးမှ ဖြစ်ပျက်ကို မြင်တော့ကို ဖြစ်ပျက်ဆိုတာ ဘာတုံးဆိုတော့ ဧက စိတ္တသမာယုတ္တာ စိတ်တစ်ခုနဲ့ အသက်ရှင်တောတာ စိတ်တစ်ခု သေသွားတော့ ဦးမြအောင်အသေကို ဦးမြအောင် မဂ္ဂင်က မြင်တာ ... (မှန်ပါ)။

ကိုယ်အသေကို (ကိုယ့်မဂ္ဂင်က မြင်တာပါဘုရား)၊ ကိုယ့်မဂ္ဂင်က မြင်တော့ သူများအသေတော့ ခင်ဗျားတို့ အသုဘ ပို့ဖူးလှပါပြီ၊ ကိုယ့်အသေကျတော့ မပို့ဖူးသေးဘူး ... (မှန်ပါ)၊ ခွကျလိုက်တဲ့ဖြစ်ခြင်းမှ ... (မှန်ပါ)။

ကိုယ့်အသေကတော့ ခဏ ခဏ သေနေတာ၊ အဲဒါကျတော့ မျက်ရည်လဲ မကျဘူး၊ ညဏ်ကလဲ မမြင်ဘူးဆိုတော့ နဂိုတုန်းက အရိယာမျက်လုံး မတပ်ခင်တုန်းက ကိုယ့်အသေ ကိုယ်မမြင်ကြဘူး ... (မှန်ပါ)၊ အခုအရိယာမျက်လုံးတပ်ပြီး ဆရာဘုန်းကြီးက ပေးလိုက်တဲ့ အခါကျတော့ မောင်သစ်တို့၊ မောင်ချစ်စိန်တို့ ကိုယ့်အသေကိုယ်မြင်လာတယ် ... (မှန်ပါ)။

ကိုယ့်အသေကလဲ သေးငယ်လိုက်တဲ့ဖြစ်ခြင်းမှ မပြောပါနဲ့တော့၊ စိတ်ဆိုတာ ပမာဏ ပြလို့မရဘူး၊ စိတ်ကတော့ရှိတယ် ... (မှန်ပါ)၊ ပမာဏအရွယ် ဘယ်လောက်တုံးလို့မေးတဲ့ အခါကျတော့ ပြောပြလောက်အောင် အရွယ်မရှိဘူး ... (မှန်ပါ)၊ အာရုံပြုတာလဲ အထင်အရှား ... (မှန်ပါ)။

အဲဒါလောက် သေးငယ်တာကို ခင်ဗျားတို့က မဂ္ဂင်ငါးပါးနဲ့ ပေါင်းဆုံပြီး အကြောင်း အကျိုး မဂ္ဂင်ငါးပါးစေ့ပြီး ကြည့်လိုက်တဲ့အခါကျတော့ မရှိဘူးဆိုတာ သိတယ် ... (မှန်ပါ)၊ ရှိရာက မရှိတာကို ခင်ဗျားတို့သိတယ် ... (မှန်ပါ)၊ သဘောကျပြီလား ...(ကျပါပြီ)၊ ရှိရာက မရှိတာကို သိခြင်းသည် ဒါဟာ အရိယာတို့၏အမြင်ပဲ ... (မှန်ပါ)၊ အရိယာတို့၏ အမြင်ဆိုတဲ့ ဥစ္စာသည် ဖြူစင်တဲ့အမြင် ... (မှန်ပါ)၊ မှန်ကန်တဲ့အမြင်၊ ဖြူစင်တဲ့အမြင်ဆိုတာ အရိယာတို့၏ အမြင် ... (မှန်ပါ)။

အဲဒါကြောင့် ခင်ဗျားတို့ ဒီအမြင်ရတယ်ဆိုကတည်းက ဩော်... တစ် သံသရာလုံး က သူများမသာသာ မြင်ဖူးတယ်၊ ကိုယ့်မသာ မမြင်ဘူးဘူး ... (မှန်လှပါ)၊ အခု ဝိပဿနာ လုပ်လိုက်တဲ့အခါကျတော့ ဘာမြင်သတုံးလို့မေးတဲ့အခါကျတော့ ဦးမြအောင် ဖြေတတ်ပလား ... (ဖြေတတ်ပါပြီဘုရား)၊ ဘာတုံး ... (ကိုယ့်မသာ ကိုယ်မြင်ပါတယ်ဘုရား)။

ကိုယ့်မသာ ကိုယ်မြင်တယ်ဆိုတော့ ကိုယ့်အသေ ကိုယ်မြင်တယ်၊ ကိုယ့်အသုဘ ကိုယ်မြင်တယ်၊ ကိုယ့်ဒုက္ခ ကိုယ်မြင်တယ်၊ မဟုတ်ဘူးလား ... (မှန်ပါ)၊ ကိုယ့်အနိစ္စ ကိုယ်မြင်တယ် ကိုယ့်ဒုက္ခ ကိုယ်မြင်တယ်၊ ကိုယ့်အနတ္တ ကိုယ်မြင်တယ်ဆိုကတည်းကိုက ဒီဥစ္စာက အရိယာမျက်လုံးနဲ့ မြင်တာ ... (မှန်ပါ)။

သမထတန်ခိုးကြောင့် ဖြဟ္မာကြီးတွေဟာ လူ့ပြည်မှာ အပ်ကျတာကို ဖြဟ္မာ့ ပြည်က နေပြီး ကြည့်တယ် မြင်တယ် ... (မှန်ပါ)၊ ဒါပေမယ့် သူအနိစ္စ မမြင်ဘူး၊ အရိယာ မျက်လုံး မပါလို့ ... (မှန်ပါ)။

တန်ခိုး မျက်လုံနဲ့တော့မြင်တယ်၊ လူ့ပြည်မှာ အပ်ကျတာမြင်တယ်၊ အရိယာမျက်လုံး မပါတော့ သူ့ခန္ဓာ ပျက်နေတာ သူ မမြင်ဘူး ပုထုဇဉ်ဖြဟ္မာတွေဟာ ... (မှန်ပါ)၊ ရိပ်မိပြီလား ... (ရိပ်မိပါပြီ)။

အဲဒီတော့ ခင်ဗျားတို့မှာ အရိယာမျက်လုံးကို ဆရာဘုန်းကြီးက အခု တပ်ပေးလိုက်တော့ မြင်စိတ်ကလေး ပေါ်လာတာလဲ ကြည့်လိုက်တော့ မရှိဘူး၊ ကြားစိတ်ကလေး ပေါ်လာတာလဲ မရှိဘူး၊ နံစိတ်ကလေး ပေါ်လာတာလဲ ... (မရှိပါဘူး)၊ မရှိဘူး မရှိဘူးဆိုတဲ့ ဥစ္စာကို သိတာ မဂ္ဂင်ရှစ်ပါးနဲ့ သိတယ် ... (မှန်ပါ)၊ မဂ္ဂင်ငါးပါးသည် အရိယာသာဝကတို့၏ မျက်လုံးသွားဖြစ်တယ် ... (မှန်ပါ)၊ ရှင်းပြီလား ... (ရှင်းပါပြီ)။

အဲ့ဒီတော့ ဒီအမြင် ရင့်သန်လာတဲ့အခါ "သာဿ ဟောတိ သမ္မဒိဋ္ဌိ၊ သမ္မာ ပဿံ နိဗ္ဗိန္ဒတိ" သမ္မာ-ကောင်းစွာ၊ ပဿံ-မြင်သည်ရှိသော်၊ နိဗ္ဗိန္ဒတိ-အို ဒီအသေကြီး ခဏ ခဏ သေတာချည်း ကိုယ့်အသေ ကိုယ်မြင်လေလေ မုန်းလေလေပဲ ... (မှန်ပါ)။

နိဗ္ဗိန္ဒဉာဏ် နိဗ္ဗိန္ဒဉာဏ်ဆိုတဲ့ဥစ္စာက ဦးမြအောင်တို့က တခြားမှန်နေတယ်၊ ကိုယ့်အသေကိုယ် မုန်းတာကို ဆိုတာ ... (မှန်လှပါ)။

ကိုယ့်အသေကို .... (ကိုယ်မုန်းတာ နိဗ္ဗိန္ဒဉာဏ်ပါဘုရား)၊ ကိုယ့်အသေကိုယ် မုန်းတာကို ဆိုတာပဲ။

တော်တော်ကြာကျတော့ ကိုယ့်အသေကို ကိုယ်မုန်းပြီးသကာလ ဒီအသေမျိုးဖြင့် မလိုချင်ပါဘူးဆိုတဲ့အခါကျလို့ရှိရင် အသေတွေ ပျောက်ကွယ်သွားလိမ့်မယ် ... (မှန်ပါ)။ မလိုချင်တဲ့ဉာဏ်ချုပ်ရင် အသေပျောက်တယ် ... (မှန်ပါ)၊ မလိုချင်လို့ ဒီဠိအစွဲအလမ်းတွေ ပြုတ်ထွက်သွားလို့ရှိရင်ဖြင့် အသေ ပျောက်ကွယ်သွားမယ် ... (မှန်ပါ)။

အသေပျောက်ကွယ်သွားတော့ ခင်ဗျားတို့က ရှုရင်းမတွန့် ... အခု ဒီတော့ မရောက်သေးဘူးပေါ့ဗျာ၊ ရောက်အောင် သင်နေတာ ... (မှန်ပါ)၊ ဒီအသေတွေ ပျောက်ကွယ်သွားတဲ့အခါတော့ ဩော်...အသမရှိနေရာမှာပဲ ရှိသေးသကိုးလို့ နဂိုက မသေတွေမြင်နေတဲ့ မျက်လုံးက အသေမရှိတဲ့နေရာကို မြင်လာတယ် ... (မှန်ပါ)၊ ဘာဖြစ်လို့ မြင်သတုံးဆိုတော့ အသေဟာ

ဒီနေရာတွင်ပဲ ကွယ်ပျောက်သွားတယ် ... (မှန်ပါ)၊ ရှုရင်းမတ္တန့် ပျောက်ကွယ်သွားတယ် ... (မှန်ပါ)၊ ခန္ဓာပါ ပျောက်ထွက်သွားတယ် ... (မှန်လှပါ)၊ သဘောပါပြီလား ... (ပါပါပြီ)။

ခန္ဓာပါ ပျောက်ထွက်သွားတော့ ခန္ဓာရှိတုန်းက အသေချည်းကိုးဗျ ... (မှန်ပါ)၊ စိတ်ပျောက်သွားတော့ ရုပ်လဲ ပျောက်သွားတယ် ... (မှန်ပါ)၊ စိတ်ပျောက်သွားတော့ စေတသိက်လဲ ပျောက်သွားတယ် ... (မှန်ပါ)၊ စိတ်၊ စေတသိက်၊ ရုပ် မောင်သစ် အကုန် ပျောက်တယ် ... (မှန်ပါ)။

အဲဒီကဲ့သို့ ပျောက်သွားတဲ့အခါကျတော့ နဂိုတုန်းက အသုဘ၊ အသုဘ ပျောက်တယ် ... (မှန်ပါ)၊ နဂိုတုန်းက ဒုက္ခသစ္စာ အကုန်ပျောက်သွားတယ် ... (မှန်ပါ)၊ ပျောက်သွားတဲ့အခါကျတော့ ဦးမြမောင်၊ ဦးကျော်မောင်တို့က ဩော်... အသေမရှိတဲ့နေရာလဲ ရှိသေးတာကိုးလို့ သိလာတဲ့အချိန်မှာ အဲဒါ ရိယာမျက်လုံးအစစ် မြင်တာ ... (မှန်ပါ)၊ အသေမြင်တော့ အရိယာတို့၏ တပည့်သား မျက်လုံးနဲ့မြင်တယ် ... (မှန်ပါ)၊ သဘောပါပြီလား ... (ပါပါပြီ)၊ အသေဆုံးသွားတာ မြင်လို့ရှိရင် အရိယာမျက်လုံးအစစ်နဲ့ မြင်တာလို့မှတ်လိုက်စမ်းပါ။ ... (မှန်လှပါ)။

အဲဒီတော့ အသေဆုံးသွားတာ နိဗ္ဗာန်လို့ ခေါ်တယ်၊ နိဗ္ဗာန်ဆိုတာ ဘာတုံးဆိုလို့ ရှိရင် “ခန္ဓနိရောဓော နိဗ္ဗာနံ” ဒီဘက်ခန္ဓာတွေ တွေ့သေးရဲ့လား ... (မတွေ့ပါဘူး)။

ဒါတွေဟာ အသေဓာတ်တွေပဲ ... (မှန်ပါ)၊ ဒါတွေဟာ စုရေးထားလို့ ငါးခုတန်းနေတာ ... (မှန်ပါ)၊ ဖြစ်နေတော့ တစ်ခုတည်းပဲ ... (မှန်ပါ)၊ တစ်ပေါင်းတည်း တစ်ခုချုပ်တော့ အကုန်ရောချုပ်တာပဲ ... (မှန်ပါ)၊ တစ်ခုချုပ်တော့ အကုန်ရောချုပ်လို့ ၂-နံပါတ် အကုန်ရောချုပ်သွားတဲ့အခါကျတော့ ဦးမြမောင် ရှုနေတဲ့ဉာဏ်က ဒီကြားထဲမှာ ဩော်...ဒီဘက် ဘာမှ မရှိတော့ပါလားဆိုတော့ မသိပေဘူးလား ... (သိပါတယ်)၊ ဒါတွေက ဘာတွေတုံးဆိုတော့ ဒုက္ခသစ္စာ အသေဓာတ်တွေဘုရား ... (မှန်ပါ)။

၂-နံပါတ်ဟာ ဘာတုံး ... (ဒုက္ခသစ္စာ အသေဓာတ်တွေပါ)။

ဒုက္ခသစ္စာ အသေဓာတ်တွေဆိုတာ ခင်ဗျားတို့က သိပြီးသကာလနေတော့ ဟင်... အသေမရှိတော့ပါကလား ... (မှန်ပါ)။

ဩော်... ဒါဖြင့် မရဏဆိုတာ သေခြင်း၊ အမတဆိုတာ မသေခြင်း၊ အမတဆိုတာ ငါရောက်ပါပေါ့လားဆိုတာ သူများပြောရတာ မဟုတ်ဘူး၊ အသေမရှိတဲ့နေရာ ကိုယ်တိုင် (ကိုယ်တိုင် မြင်လာပါတယ်)။

အဲဒီတော့ ရှေးဦးစွာ အသေမြင်ဖို့၊ အသေမုန်းဖို့ ... (မှန်ပါ)၊ နောက်တော့ ဟောဒီနောက်က ဒိဋ္ဌ၊ ဒိဋ္ဌပါဒါန်၊ ဒိဋ္ဌအုပ်ချုပ်တဲ့ ကံတွေ ရောချုပ်သွားတယ် ... (မှန်ပါ)။ ဒီဘက်က အသေ ဇာတိ ဇရာ မရဏတွေရော ချုပ်သွားတယ် ... (မှန်ပါ)။

ဒါဖြင့် သူလဲ ချုပ်တယ်၊ သူကော ... (ချုပ်ပါတယ်)၊ သူကော... (ချုပ်ပါတယ်)။

သူလဲချုပ်တယ်ဆိုတော့ ကျုပ်တို့မှာ ဒီအတိတ်ကတော့ ချုပ်ပြီးသားမို့ မလိုတော့ဘူး … (မှန်ပါ)၊ လိုသေးရဲ့လား … (မလိုပါဘူး)။

မလိုတော့ ကျုပ်တို့မှာ ချုပ်သွားတော့ နိဗ္ဗာန်နဲ့မဂ်ဉာဏ်ပဲ ကျန်ရစ်တယ်၊ ဒီပဋိစ္စသမုပ္ပာဒ် အကုန်ပျောက်တယ် … (မှန်ပါ)၊ မောင်သစ်ပေါ်ပြီလား …(ပေါ်ပါပြီ)၊ နောက်က ဒကာ ဒကာမတွေ ပေါ်ကြပြီလား … (ပေါ်ပါပြီ)။

သေသေချာချာ ကြည့်ပါ … သေသေချာချာကြည့်ပါ၊ ပဋိစ္စသမုပ္ပာဒ်ကို နားလည်ရုံနဲ့ မပြီးဘူး၊ အလုပ်နဲ့သိမ်းတာကို သိမှ၊ ဒါက အလုပ်နဲ့သိမ်းတာ … (မှန်ပါ)၊ ပေါ်ပြီလား … (ပေါ်ပါပြီ)။

ကြည့်ပါများလာတဲ့အခါ ဒီအသေတွေ မလိုချင်တဲ့အခါကျတော့ ဒီအသေတွေ အကုန် မချုပ်ဘူးလား …(ချုပ်ပါတယ်)၊ ချုပ်သွားတော့ ဒီနောက်ကကော ဒီဠ၊ ဒိဋ္ဌုပါဒါန်ကော … (ချုပ်ပါတယ်)၊ အပါယ် ဇာတိ ဇရာ မရဏကော … (ချုပ်ပါတယ်)၊ ဒါဖြင့် ၃-ကွက်ချုပ်သလား၊ ၄-ကွက် ချုပ်သလားလို့ မေးရင် ဘယ့်နယ်ပြောကြမလဲ … (၃-ကွက်ချုပ်ပါတယ်)၊ ဘယ်ဟုတ်မလဲ၊ ၄-ကွက်ချုပ်တယ်၊ သူက အတိတ်ကလဲ ချုပ်ခဲ့ပြီးသား၊ သူကအစောကြီးက ချုပ်နေတာ၊ သူက ကျုပ်တို့နဲ့မဆိုင်တော့ဘူး၊ ကျုပ်တို့ရှိတာက ၁-၂-၃ သာကြောက်နေရတယ် … (မှန်ပါ)၊ သူကတော့ ကျုပ်တို့မှာ လွန်ပြီးသား ချုပ်ပြီးသား … (မှန်ပါ)၊ အကြောင်းအကျိုးသိအောင်လို့ သာ ဖော်ရေးထားတာ … (မှန်ပါ)၊ သူက အခု ကျုပ်တို့သန္တာန်ရှိသေးရဲ့လား … (မရှိပါဘူး)။

ကျုပ်တို့သန္တာန် သူမရှိတာက ဘာဖြစ်လို့မရှိသတုံးဆိုတော့ အဝိဇ္ဇာက သမ္မာဒိဋ္ဌိဇ္ဇာ ဖြစ်သွားတယ် … (မှန်လှပါ)၊ ဒီတော့ သူရှိသေးရဲ့လား … (မရှိပါဘူး)၊ ဒါတွေဟာ သခ်ါရ တရားတွေ ပြုပြင်တတ်တဲ့တရားတွေဟာ ပြုပြင်နိုင်သေးရဲ့လား၊ အပါယ်ရောက်အောင်… (မပြုပြင်နိုင်ပါဘူး)၊ မပြုပြင်နိုင်တော့ ဒီသခ်ါရကလဲ ချုပ်သွားတယ် … (မှန်ပါ)။

ဒါဖြင့် သူလဲချုပ်၊ ဟုတ်လား … (မှန်ပါ)၊ သူလဲ ချုပ်၊ သူလဲချုပ်၊ သူလဲချုပ်ဆိုတော့ ဒီနေရာမှာ မဂ္ဂင်နဲ့ ဒီနေရာမှာ နိဗ္ဗာန်ပဲ ကျန်ရစ်တယ် … (မှန်ပါ)၊ ရှင်းပြီလား … (ရှင်းပါပြီ)။

၂-နံပါတ်မှာ နိဗ္ဗာန် ကျန်ရစ်တယ်၊ ၂-နံပါတ်နဲ့ ၃-နံပါတ်ကြားထဲမှာ မဂ္ဂင်ဝင်လာတယ် … (မှန်ပါ)၊ မဝင်လာဘူးလား … (ဝင်လာပါတယ်)။

ဝင်လာတော့ နိရောဓနဲ့ မဂ္ဂ ကျန်ရစ်တယ်ဆိုတော့ ဒီတစ်ခုလုံးက သမုဒယနဲ့ ဒုက္ခကိုးဗျ… (မှန်ပါ)၊ ပေါ်ပြီလား … (ပေါ်ပါပြီ)၊ စက်တိုင်းတစ်ခုလုံးက ဘာတုံး … (သမုဒ္ဒယနဲ့ ဒုက္ခပါ)၊ အခု ကျုပ်တို့ အားထုတ်ပြီးလုပ်လိုက်တော့ နိရောဓနဲ့ မဂ္ဂ ကျန်ရစ်တော့တယ်… (မှန်ပါ)၊ ပဋိစ္စသမုပ္ပာဒ် တစ်ဝိုင်းလုံး မပြုတ်သေးဘူးလား … (ပြုတ်ပါတယ်)။

အဲဒီတော့ကို ငါဟာ အလည်သမားလား မျောသမားလား မြုပ်သမားလားလို့ တွေးဖို့ မလိုတော့ဘူး… (မှန်ပါ)၊ ပဋိစ္စသမုပ္ပါဒ်ကို ငါ အကုန်သိမ်းလိုက်ပြီ၊ ပေါ်ပြီလား … (ပေါ်ပါပြီ)။

အဲဒီတော့ ဦးမြအောင်တို့ ဒီရောက်လာတယ်၊ ဦးကျော်မောင်တို့ ဒီရောက်လာတယ်၊ ဦးဘသန်းတို့ ဒီရောက်လာတယ်၊ ပဋ္ဌိစ္စသမုပ္ပဒ်ဟာ ဘယ်သူမှ သိမ်းမပေးနိုင်ဘူး၊ ခင်ဗျားတို့ ဉာဏ်မှ သိမ်းနိုင်တာ... (မှန်ပါ)။

ဒီတရားမဟောဖူးသေးဘူးကွဲ့ မောင်ချစ်စိန်... (မှန်ပါ)၊ ပဋ္ဌိစ္စသမုပ္ပဒ်လေးမျိုးစလုံး သိမ်းတာ မဟောဖူးသေးပါဘူး ... (မှန်ပါ့ဘုရား)၊ ပေါ်ပြီလား ... (ပေါ်ပါပြီ)။

အခုသိမ်းပုံကော ပေါ်ပြီလား ... (ပေါ်ပါပြီ)၊ ရှေးဦးစွာ သူ့ကို ဖြစ်ပျက်မြင်တယ် ဆိုတော့ မသိမ်းသေးဘူး... (မှန်လှပါ)၊ ဖြစ်ပျက်မုန်းတော့လဲ မသိမ်းသေးဘူး... (မှန်လှပါ)၊ ဒီဖြစ်ပျက် ဆုံးတဲ့အခါကျတော့ကို သူ ဘာကျန်သေးသတုံး ... (နိဂြောဓကျန်ပါတယ်)၊ ဒီဘက် နိဂြောဓ အကုန်ဖြစ်သွားတယ်၊ ဒုက္ခနိဂြောဓ... (မှန်ပါ)၊ ဒုက္ခနိဂြာဓဆိုတော့ သူက နိဗ္ဗာန် ဖြစ်သွားတော့ ဒုက္ခသစ္စာ ဟုတ်သေးရဲ့လား ... (မဟုတ်ပါဘူး)၊ သူက နိဂြောဓ သစ္စာဖြစ်သွားတယ်၊ သူကကော ... (သူက မဂ္ဂသစ္စာ ဖြစ်သွားပါတယ်)၊ မဂ္ဂသစ္စာဖြစ်သွားတော့ ဒါတွေလဲ မဂ်က ပယ်ပစ်လိုက်တော့ ရှိသေးရဲ့လား ... (မရှိပါဘူး)၊ ဒါဖြင့် ၃-လဲ ပျောက်၊ ၄-လဲပျောက် ... (မှန်ပါ)။

ဒီဟာတွေလဲ မဂ္ဂသစ္စာထဲမှာ သူ့ပြောင်းပြန်လုပ်ပြီးတော့ အဝိဇ္ဇာကလဲ ဝိဇ္ဇာဖြစ်သွားတယ်၊ သခ်ၤါရကလဲ အသခ်ၤါရ ဖြစ်သွားတယ်... (မှန်ပါ)။

အသခ်ၤါရဖြစ်သွားတော့ကို ဒီမှာ သမုဒယနဲ့ မဂ္ဂကျန်ရစ်တော့ကို ဒုက္ခသမုဒယ အဝိုင်းကြီး အကုန်သိမ်းသွားတယ်... (မှန်ပါ)။

ဒါ မလွယ်ဘူး၊ ဒီနေ့ ပြောတဲ့ဥစ္စာက ခင်ဗျားတို့ တရားပွဲထဲ ထည့်ဟောလို့ မဖြစ်ဘူး ... (မှန်ပါ)၊ ဒီမှာဟောတော့ ဖြစ်ပါတယ် ဒီမှာတော့ အဝိုင်းကြီးပဲ ထောက်ပြမှာကိုး... (မှန်ပါ)၊ ဟိုမှာတော့ အဝိုင်းကြီး ထောက်ပြစရာက မရှိဘူး... (မှန်ပါ)။

အဲဒါကြောင့် ညောင်လေးပင်က ဒကာမကြီးတွေ၊ ဟင်္သာတက ဒကာမကြီးတွေ ဂရုစိုက်ပါ၊ ဒီနေ့ပြောတဲ့ဥစ္စာ သိပ်အရေးကြီးတယ်... (မှန်ပါ)၊ သိပ်အရေးကြီးတယ်၊ ဒိဋ္ဌဓမ္မော ဖြစ်အောင် လုပ်ပေးနေတာ... (မှန်ပါ)။

“ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတ ကထံကထော ဝေသာရဇ္ဇပတ္တော” ဆိုတာဟာ ငါ ရဲရင့်ခြင်းသို့ ရောက်ပြီတဲ့၊ ငါ နိဗ္ဗာန်မြင်ထားပြီဆိုတော့ ငါသည် သံသရာလည်သမားလဲ မဟုတ်တော့ဘူး၊ မဟုတ်ဘူးလား ... (မှန်လှပါ)၊ လည်သမားလဲ မဟုတ်ဘူး၊ မြုပ်မလား၊ မျောသမားကော... (မဟုတ်ပါဘူး)၊ မဟုတ်တော့ဘူး ဆိုတော့ ဘာသစ္စာဖြစ်လို့ ဒါလောက်တောင် ရဲတာတုံး မေးတော့မှ နိဂြောဓသစ္စာနဲ့ မဂ္ဂသစ္စာပဲ ကျန်ရစ်တော့တယ်... (မှန်ပါ)။

အဲဒီတော့ ဒီ ပဋ္ဌိစ္စသမုပ္ပာဒ် အဝိုင်းကြီးသည် အားလုံးအတွက် ဟောထားတာ၊ အလုပ် မလုပ်တဲ့ပုဂ္ဂိုလ်တွေအတွက် ဟောထားတာ ... (မှန်ပါ)၊ ပေါ်ပြီလား ... (ပေါ်ပါပြီ)၊ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်တွေအတွက် အဝိုင်းဇာတ်သိမ်းတယ်... (မှန်ပါ)။

ဦးဘသန်း ကျေနပ်ပြီလား ... (ကျေနပ်ပါပြီ)၊ အလုပ် လုပ်တဲ့ပုဂ္ဂိုလ်အတွက်မှာ ... (အဝိုင်းဇာတ်သိမ်းပါတယ်)။

ဒါ လွယ်ပါ့မလား ဦးမြမောင် ... (မလွယ်ပါဘူးဘုရား)၊ မလွယ်ဘူးတဲ့ ဒီဥစ္စာ၊ ခင်ဗျားတို့ တစ်သက်နဲ့တစ်ကိုယ် ဒီတစ်ခါပဲ ကြားရတယ် ... (မှန်ပါ)။

ဒီ ပဋ္ဌိစ္စသမုပ္ပာဒ် ကြည့်ပါလား၊ မလိုချင်တော့ ဒုတိယအကွက်ကလဲ ပျောက်ထွက် သွားတယ်... (မှန်လှပါ)၊ ဒီကြားထဲကလဲ မဂ်ဝင်လာတယ်... (မှန်လှပါ)၊ ဒီကြားထဲ မဂ်ဝင်တော့ ဒီအဆက်ကလေးကလဲ ပြတ်သွားတယ်... (မှန်ပါ)၊ ပြတ်သွားတယ်ဆိုတော့ သူနဲ့ ဆက်သေးရဲ့လား... (မဆက်တော့ပါဘူး)၊ သူနဲ့မှ မဆက်ဘဲ သူက ဆက်ချင်လို့ကော ... (မရပါဘူး)။

မရတော့ကိုတဲ့ တစ်ကွက် ရှေးဦးစွာပျောက်တယ်၊ နောက်မဂ်ပေါ်လာတော့ သူက နိဗ္ဗာန် ဖြစ်သွားရော ... (မှန်ပါ)၊ သူကလဲ သခ်ၤါရမဟုတ်တော့ဘူး... (မှန်ပါ)၊ သူကလဲ သမုဒယ သစ္စာ မဟုတ်တော့ဘူး... (မှန်ပါ)၊ သူကလဲ ဒုက္ခသစ္စ... (မဟုတ်တော့ပါဘူး)။

မဟုတ်တော့ဘူးဆိုသဖြင့် ပထမအကွက်ကလဲ သူက အကုန်ပြောင်းပစ်လိုက်တယ် ... (မှန်ပါ)၊ ပဌမအဝိဇ္ဇာကလဲ မဂ္ဂင်ထဲ ဝင်သွားတယ်၊ ဝိဇ္ဇာ သွားဖြစ်တယ်... (မှန်ပါ)၊ သခ်ၤါရကလဲ အသခ်ၤါရသွားဖြစ်တယ်၊ သဘောကျပြီလား... (မှန်ပါ)။

ဒါဖြင့် "ဝိသခ်ၤါရဂတံ စိတ္တံ တဏှာနံ ခယမဗ္ဗဂါ" နဲ့ သွားကိုက်တယ် ...(မှန်ပါ)၊ ဝိသခ်ၤါရဂတံ စိတ္တံ-သခ်ၤါရကင်းသွားပြီတဲ့၊ ဒီဘက်သခ်ၤါရ အလုပ်လုပ်သေးရဲ့လား... (မလုပ်တော့ပါဘူး) တဏှာနံ ခယမဗ္ဗဂါတဲ့၊ ဒီဘက်က ဒိဋ္ဌအုပ်ချုပ်တဲ့တဏှာကော ကုန်မသွား ဘူးလား ... (ကုန်သွားပါတယ်)။

အဲဒီတော့ ခင်ဗျားတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အနေကဇာတင်တော့ ဝိသခ်ၤါရ ဂတံ စိတ္တံဆိုတာ ဒါ ပျောက်တာပြောတာ... (မှန်ပါ)၊ တဏှာနံ ခယမဗ္ဗဂါဆိုတာ ဒါပျောက်တာ ပြောတာ... (မှန်ပါ)၊ ပေါ်ပြီလား ... (ပေါ်ပါပြီ)၊ ခင်ဗျားတို့က အနေကဇာတင်တယ်ဆိုတာ ဘုရားအသက်သွင်းတယ် မှတ်နေကြတယ်၊ ဘယ်ဟုတ်လိမ့်မတုံးဗျ၊ ဒါ ကုန်တယ်လို့ ပြေတာ ... (မှန်ပါ)၊ ရိပ်မိပြီလား ... (ရိပ်မိပါပြီ)။

ဘုရားအနေကဇာတင်တယ်ဆိုတော့ တချို့လူတွေက ဘုရားအသက်သွင်းတယ်လို့ ယူချင်ယူနေတာ... (မှန်ပါ)၊ ဘုရားအသက်သွင်းတာ မဟုတ်ဘူး၊ ဒီဟာတွေ ပြနေတာ၊ ပေါ်ကြပြီလား ... (ပေါ်ပါပြီ)။

ကဲ...ဒါဖြင့်၊ ညော်...ဒီဥစ္စာ နိရောဓနဲ့ မဂ္ဂ ဘယ်လိုပုဂ္ဂိုလ်များ ရထိုက်ပါလိမ့်မတုံး၊ နိရောဓ မဂ္ဂရမှလဲ အဝိုင်းကြီး သိမ်းတယ်၊ ဒါတွေက အကန့်တွေကိုးဗျ... (မှန်ပါ)၊ သခ်ၤါရအကန့်တွေနော်... (မှန်လှပါ)၊ ဒီဇာတိ ဇရာ မရဏာ အကွက်တွေကော ရှိသေးရဲ့လား... (မရှိတော့ဘူး)၊ ဝင်ရိုးကြီးကော ရှိသေးရဲ့လား ... (မရှိတော့ပါဘူး)၊ အာသဝဝင်ရိုးကြီးလဲ မရှိတော့ဘူး၊ ဒီပုံတောင်းတွေကော .... (မရှိတော့ပါဘူး)၊ သံပတ်ခွေ အပတ်ကြီးကော (မရှိပါဘူး)၊ အဲဒါတွေ အကုန်ပြုတ်တယ်... (မှန်ပါ)။

ကဲ...ဒါဖြင့် ဒီနေ့တရားနာရတော့ ပဋိစ္စသမုပ္ပာဒ်အဝိုင်းကြီးက ဘယ်လိုပုဂ္ဂိုလ်တွေ အတွက်ပါလိမ့်မတုံး ဆိုတော့ အို...အလုပ်မလုပ်တဲ့ပုဂ္ဂိုလ်တွေအတွက် ဟောထားတာ... (မှန်ပါ)၊ ရှင်းပြီလား... (ရှင်းပါပြီ)။

ဘယ်ပုဂ္ဂိုလ်အတွက် ဟောထားတာတုံး ... (အလုပ်မလုပ်တဲ့ပုဂ္ဂိုလ်အတွက်ပါ)။

အလုပ်လုပ်တဲ့ပုဂ္ဂိုလ်အတွက်မှာ လေးကွက်စလုံး ပျောက်တယ်... (မှန်လှပါ)၊ ပျောက်ရမှာပဲတဲ့၊ မလိုချင်တော့ ဒါတွေက နိရောဓသစ္စာ သွားဖြစ်တယ်... (မှန်ပါ)၊ ဒီကြားထဲကဟာတွေက ... (မဂ္ဂသစ္စာသွားဖြစ်ပါတယ်)။

မဂ္ဂသစ္စာ သွားဖြစ်တော့ ခင်ဗျားတို့ ပဋိစ္စသမုပ္ပာဒ် အဝိုင်းကြီးဟာ သမုဒယနဲ့ ဒုက္ခပဲ ပါတယ်... (မှန်ပါ)၊ ကြည့်ပါ၊ ၄-ကွက်စလုံးမှာ သမုဒယနဲ့ ဒုက္ခပဲပါတယ်... (မှန်ပါ)။

အဲဒီတော့ ၂-နံပါတ်အကွက်မှာ ခန္ဓာမရှိတော့ဘူး၊ ခန္ဓာမရှိတဲ့နိဗ္ဗာန်ကို ၂-နဲ့ ၃-ကြား မဂ္ဂသစ္စာဝင်ပြီး မြင်လိုက်တဲ့အခါကျတော့ နိရောဓနဲ့ မဂ္ဂပဲ ကျန်ရစ်တော့တယ်... (မှန်ပါ)၊ ပေါ်ပြီလား ... (ပေါ်ပါပြီ)။

နိရောဓနဲ့မဂ္ဂပဲ ကျန်တော့၊ ညော်...တို့ ပဋိစ္စသမုပ္ပာဒ်ကြီး တို့ နားလည်ထားတာကြီး ကုန်ပါပေါ့လားဆိုတော့ တို့ သံသရာကုန်တာပြောတာ... (မှန်ပါ)၊ ကိုယ့်သံသရာကုန်သွားတာ ကို ကိုယ်မြင်တယ်... (မှန်ပါ)၊ ရှင်းပြီလား ... (ရှင်းပါပြီ)။

အဲဒီတော့ ဦးမြအောင်တို့၊ ဦးကျော်မောင်တို့ကမှတ်၊ ငါ ဘုရာဖြစ်ချင်တော့ ကွာတဲ့ အားထုပ်ပါများလာတော့ ပဋိစ္စသမုပ္ပာဒ်အစကိုလဲ ငါဖြုတ်လိုက်တယ်၊ အဆုံးကိုလဲ ငါသိလိုက် တယ်၊ အစကိုလဲ ငါ ပယ်လိုက်တယ်၊ ပယ်လိုက်တဲ့အတွက် အဆုံးပါ ပျောက်သွားတဲ့ အချိန်မှာ ငါ ဘုရားဖြစ်တယ်... (မှန်လှပါ)၊ ရိပ်မိပြီလား... (ရိပ်မိပါပြီ)။

အစသိ အဆုံးသိပြီးသကာလမှ ငါဖြင့် ဒီနှစ်ခုကို အကုန်သိပြီး ဒါတွေ အကုန်ငါ့မှာဖြင့် မရှိတော့ဘူးလို့ သိတဲ့အချိန်မှာ ဘုရားဖြစ်လာတယ်တဲ့ ... (မှန်ပါ)၊ ဒါ ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်မှ ဘုရားဖြစ်တယ် ပြောတာ... (မှန်ပါ)၊ ရှင်းပြီလား ... (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဒီနေ့ အလုပ်လုပ်လို့ရှိရင်ဖြင့် သောတာပန်စခန်းဟာ ဒီဒုက္ခချုပ် အောင်သာ ခင်ဗျားတို့ရှုမယ်ဆိုလို့ရှိရင် စိတ်တစ်ခု ရှုရင်လဲ အကုန်ချုပ်မှာပဲ... (မှန်ပါ)၊

ချုပ်သည်နဲ့တစ်ပြိုင်နက်တည်း ဝိပဿနာမဂ်က မဂ်စစ် ဖြစ်လာလို့ရှိရင်ဖြင့် ဒီတစ်ဝိုင်းလုံး အကုန်ပျောက်မယ်... (မှန်ပါ)၊ မပျောက်ဘူးလား ... (ပျောက်ပါတယ်)၊ ဒီဒုက္ခက နိရောဓသွားဖြစ်တယ်... (မှန်ပါ)၊ သမုဒယအနေကို မဂ္ဂက အကုန်ပယ်ပစ်ချလိုက်တယ်၊ သမုဒယနဲ့ အကျိုးတရားတွေကော ကျန်ရစ်သေးရဲ့လား ... (မကျန်ရစ်ပါဘူး)၊ ဒီတော့ အဝိဇ္ဇာကလဲ ဘာဖြစ်သွားသတုံး ... (ဝိဇ္ဇာဖြစ်သွားပါတယ်)။

သခ်ါရကလဲ ဝိသခ်ါရ သွားဖြစ်တယ်၊ ဝိသခ်ါရဂတံ စိတ္တံကိုးဗျ၊ ခင်ဗျားတို့မဂ္ဂင်ဖြစ်တော့ ဝိသခ်ါရဂတံ စိတ္တံ သခ်ါရကင်းတဲ့စိတ် ... (မှန်ပါ)၊ ခင်ဗျားတို့ မဂ္ဂသစ္စာက ဝိသခ်ါရဂတံ စိတ္တံ တဏှာနံ ခယမဗ္ဗဂါ ဒါတွေ ကုန်ပါပြီတဲ့၊ မကုန်ပေဘူးလား ... (ကုန်ပါပြီ)။

ဘယ်လောက် နက်နဲတယ်ဆိုတာ ဦးဘသန်း ရိပ်မိပြီလား ... (ရိပ်မိပါပြီ)၊ ကြည့်စမ်း မလွယ်ပါလား၊ ဒါဖြင့် ဒီဥစ္စာ စာအုပ်ကြည့်လဲ အခက်ကြီး... (မှန်ပါ)၊ စာအုပ်ကြည့်လိုက်ပြန်လဲ အခက်ကြီး၊ လုပ်ကြည့်မှ သူပေါ်လာမှာ... (မှန်ပါ)။

ဒါဖြင့် ဒီနေရာမှာ နိဗ္ဗာန်ကို ခင်ဗျားတို့ အခုမြင်နေရတော့ကို ဒါတွေ ဒုက္ခတွေ ချုပ်သွားပြီ၊ ဒါတွေ မဂ္ဂသစ္စာနဲ့ မြင်တဲ့အခါကျတော့ ဩော်...ဘယ်ပုဂ္ဂိုလ်များ မြင်ပါလိမ့်မတုံးဆိုတော့ အရိယာမျက်လုံး စရပြီ အရိယာမျက်လုံး အစစ် ဖြစ်သွားတဲ့ပုဂ္ဂိုလ်မှမြင်တယ်၊ ကိုယ့်ဟာကိုယ် လုပ်လို့ ကိုယ်မြင်တာကိုး... (မှန်လှပါ)၊ ရှင်းပြီလား ... (ရှင်းပါပြီ)။

ဒါဖြင့် နိဗ္ဗာန်မြင်တဲ့ပုဂ္ဂိုလ်များဟာ သူများကြောင့် မြင်တာလား၊ ကိုယ့်အလုပ်နဲ့ကိုယ် မြင်တာလား ... (ကိုယ့်အလုပ်နဲ့ကိုယ်မြင်တာပါ)၊ ဒါဖြင့် အမျှပေးလို့ မရဘူး... (မှန်လှပါ)၊ မဂ်ကို အမျှပေးလို့ မရဘူး... (မှန်လှပါ)၊ ရှင်းပြီလား ... (ရှင်းပါပြီ)။

ဒီပြင် ဒါနကုသိုလ်၊ သီလကုသိုလ်တွေ အမျှပေးလို့ရတယ်၊ သူကတော့ မရဘူးတဲ့၊ ကိုယ်ပန်ထားတဲ့ပန်းဟာ ကိုယ်သာလှတာပဲ၊ သူများဘယ်တော့မှ မလှဘူး... (မှန်ပါ)၊ ကိုယ့်မဂ္ဂင်ဟာ ကိုယ်သာ ပန်ထားသောကြောင့် ကိုယ်သာလှတာပဲ၊ သူများ မလှဘူးတဲ့... (မှန်ပါ)၊ ရှင်းပြီလား ... (ရှင်းပါပြီ)။

ကဲ...ဒါဖြင့် နိဗ္ဗာန်အကြောင်းကိုယနေ့ပြောတော့မယ်တဲ့၊ နိဗ္ဗာန်ဆိုတာ ဦးကျော်မောင် တို့မှတ်လိုက်စမ်းပါ... (မှန်ပါ)၊ ကျောက်တောင်ကြီးတစ်ခုရှိတယ်တဲ့၊ ကျောက်တောင်ကြီး တစ်ခုရှိပြီးသကာလနေတော့ ဒီကျောက်တောင်ကြီးဟာက ကျုပ်တို့ ဗုံးခေတ်သုံးမယ်ဆိုတော့ ကျောက်တောင်ကို ဖြိုတူးကြရတယ်၊ ကတိုက်ကရိုက် မတူးကြရဘူးလား... (တူးကြရပါတယ်)။

တူးတော့ကို ဦးကျော်မောင်၊ ဦးမြမောင်တို့ ခင်ဗျားတို့ ဘာလုပ်ဖို့ တူးသတုံး၊ အို... ကိုယ်အောင်းဖို့ပေါ့ဗျာ၊ ကိုယ့်ကာကွယ်ဖို့ပေါ့ဗျာ... (မှန်ပါ)။

ဒါဖြင့် သူတူးတဲ့ပုဂ္ဂိုလ်၏ လုံ့လပယောဂကြောင့် ရှိတာလား... (မှန်လှပါ)၊ သဘော ကျပြီလား... (ကျပါပြီ)။

ဒီလိုပဲ ဒီနိဗ္ဗာန်ဟာ မှတ်လိုက်ပါတော့၊ ပစ္စုပ္ပန်ကာလမှာလဲ မရှိဘူး၊ မတူးတဲ့ပုဂ္ဂိုလ်မှာ ...(မှန်ပါ)၊ အတိတ်ကာလကလဲ မရှိခဲ့ဖူးဘူး ... (မရှိခဲ့ပါဘူး)၊ ဒါကြောင့် နိဗ္ဗာန်ဟာ ကာလသုံးပါးမှ လွတ်တယ်... (မှန်ပါ)။

ပစ္စုပ္ပန်ကာလရှိနေလို့ရှိရင် လူတိုင်းဝင်အောင်းမှာပေါ့ဗျာ... (မှန်ပါ)၊ မဟုတ်ဘူး၊ တူးတဲ့ပုဂ္ဂိုလ်မှသာလျှင် အောင်းလို့ရတယ်... (မှန်ပါ)၊ အခုတူးလို့ အခုအောင်းလို့ရတာ... (မှန်ပါ)၊ ရှေးကရှိနှင့်လို့ရှိရင်လဲ နိဗ္ဗာန်ဟာ ရှေးကလူတွေအကုန်ရောက်ကုန်မှာပေါ့... (မှန်ပါ)။

ဒါကြောင့် အလုပ်မလုပ်တဲ့ပုဂ္ဂိုလ်မှာ ရှေးက မရှိတာကြောင့် အတိတ်မှာလဲ နိဗ္ဗာန်မရှိ၊ အနာဂတ်မှာလဲ ... (မရှိပါဘူး)၊ ပစ္စုပ္ပန်မှာလဲ မတူးတဲ့ပုဂ္ဂိုလ်မှာ ... (မရှိပါဘူးဘုရား)။

ကဲ...ခင်ဗျားတို့ ဖြစ်ပျက်ကို နှလုံးသွင်းနေတာ သူပေါ်ဖို့တူးနေတာ ... (မှန်ပါ)၊ နိဗ္ဗာန် တည်းဟူသော ပုန်းအောင်းရာ လဲလျောင်းရာ ကာကွယ်ရာ ဒါကြီးပေါ်အောင်လို့ ခင်ဗျားတို့ ဖြစ်ပျက် လုပ်နေတာ ... (မှန်ပါ)၊ ဒါ ဂူတူးနေတာ ... (မှန်ပါ)။

ဂူတူးနေတဲ့အခါကျတော့ ဒီဂူကြီးဟာက သြော်...အသေလွတ်တဲ့နေရာပါလားဆိုပြီး ခင်ဗျားတို့ ရဲရဲတင်းတင်း နေကြသလိုပေါ့ဗျာ ... (မှန်ပါ)၊ ဘယ်လောက်တန် ဗုံးတွေကျကျ ကိုယ်တူးထားတဲ့ဂူက အပေါ်ကလဲ အမြင့်ကြီး ဘေးကလဲ ဗုံးဆန်တွေစင်ပြီး ဝင်စရာမရှိဘူး ဆိုပြီး စိတ်ချ လက်ချ ကိုယ်၏ ပုန်းအောင်းရာ ကိုယ်၏လဲလျောင်းရာ ကိုယ်၏ ကာကွယ်ရေး မဖြစ်ဘူးလား ...(ဖြစ်ပါတယ်ဘုရား)၊ ဘယ်သူ၏ ကာကွယ်ရေးတုံးမေးတော့ တူးတဲ့ပုဂ္ဂိုလ်၏ ကာကွယ်ရေး ... (မှန်ပါ)။

ဒါဖြင့် ခင်ဗျားတို့ ဖြစ်ပျက်မြင်အောင်ရှု၊ ဖြစ်ပျက်မုန်းအောင်ရှု၊ ဖြစ်ပျက်ဆုံးအောင်ရှု ဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ကာကွယ်ရေး ခင်ဗျားတို့ ရှာနေတာ ... (မှန်ပါ)။

ခင်ဗျားတို့ ကာကွယ်ရေး ခင်ဗျားတို့ ရှာပြီးသကာလနေတော့ ကာလသုံးပါးမှ လွတ်ပါတယ်တဲ့ နိဗ္ဗာန်ဟာ ... (မှန်ပါ)၊ ပေါ်ပြီလား ... (ပေါ်ပါပြီ)။

ဒီဂူကြီး နိဂုံကကျောက်တောင်ကြီး ... (မှန်ပါ)၊ ခင်ဗျားတို့ လုံ့လပယောဂနဲ့ တူးလို့သာ ပေါ်လာတာ ... (မှန်ပါ)။

အဲဒီတော့ အတိတ်ကရှိနှင့်သလား ဒီအခါင်းကြီးက ... (မရှိနှင့်ပါဘူး)၊ အနာဂတ်မှာ တူးထားနှင့်တာကော ရှိရဲ့လား ... (မရှိပါဘူး)၊ ပစ္စုပ္ပန်မှာကော အခုတူးလို့ အခုပေါ်လာတာ၊ နဂိုက တောင်ကြီးဟုတ်လား၊ ထုကြီးနဲ့ ဒီလိုကော မနေဘူးလား ... (နေပါတယ်)။

ဒါဖြင့် ဦးမြမောင်ကို မေးပြီး၊ ဂူကြီးသည် ဘယ်ကာလက ရှိနှင့်တာတုံး မေးရင် ဘယ့်နှဘ်ပြောမလဲ ... (မရှိနှင့်ပါဘူးဘုရား၊ တူးမှ ပေါ်တာပါ) တူးမှ ပုန်းအောင်းရာ လဲလျောင်းရာ ရတယ် ... (မှန်ပါ)။

ဒါဖြင့် တူးလိုက်တဲ့အခါကျတော့လဲ တစ်ခါ စဉ်းစားဆုံးတဲ့၊ ကျောက်သားနဲ့ ဟာလာ ဟင်းလင်းကြီးနဲ့ တူးရဲ့လားလို့ မေးပြန်တယ် ... (မတူးပါဘူး)၊ သူက ဟာလာဟင်းလင်း ဟုတ်လား၊ကျောက်သားကကျောက်သားတစ်မျိုး...(မှန်ပါ)၊ ဒီလိုမနေဘူးလား...(နေပါတယ်)

ကျောက်သားက ကျောက်သားတစ်မျိုး၊ တူးထားတဲ့လိုဏ်ဂူကြီးက ဟာလာ ဟင်းလင်းကြီး တစ်မျိုးဆိုတော့ကို နိဗ္ဗာန်သည် ခင်ဗျားတို့ပြုလုပ်ထားတဲ့ ဒါန သီလ သမထ စေတနာနဲ့လဲ မတူဘူး၊ ကျောက်တောင်ကြီးနဲ့လဲ မတူးဘူးတဲ့၊ ခင်ဗျားတို့ အားထုတ်ထားတဲ့ မဂ်စိတ်နဲ့လဲ မတူးဘူးတဲ့၊ မဂ်စိတ်က ဖြစ်ပျက် ဒါန သီလတွေကလဲ ဖြစ်ပျက်ပဲ... (မှန်ပါ)၊ အဲဒါတွေနဲ့လဲ မတူတဲ့အခေါင်းကြီး ပေါ်လာသလိုပဲတဲ့၊ ပုန်းအောင်းရာ လဲလျောင်းရာ ပေါ်လာတယ်၊ ဒါန သီလ သမထ ဝိပဿနာဆိုတဲ့ သခ်ၤါရပစ္စည်းတွေနဲ့လဲ ခုနင်က အခေါင်းကြီး နဲ့ တူရဲ့လား ... (မတူပါဘူး)။

ဒါဖြင့် သခ်ၤါရနိမိတ်မလွတ်ဘူးလား ... (လွတ်ပါတယ်)၊ သခ်ၤါရနဲ့ တူကို တူသေးရဲ့လား ... (မတူပါဘူး)။

မတူတော့ ဒါကြောင့် ခင်ဗျားတို့ ပြုထားတဲ့ ဒါနလဲ နိဗ္ဗာန်နဲ့မတူဘူး၊ ဒါနက စေတနာ ဆိုတော့ ဖြစ်ပျက်သွားတာ... (မှန်ပါ)၊ သီလကလဲ ဝိရတီဆိုတော့ ဖြစ်ပျက်သွားတာ... (မှန်ပါ)၊ သမထက သမာဓိဆိုတော့ကော ... (ဖြစ်ပျက်သွားတာပါပဲ)၊ ဝိပဿနာကလဲ ခုနင်က မဂ္ဂင်ဆိုတော့ ... (ဖြစ်ပျက်သွားတာပါပဲ)၊ တူနဲ့လား၊ သူတို့နဲ့ ... (မတူပါဘူး)၊ အဲ... ကျောက်တောင်ကြီးနဲ့ အောင်းရာနဲ့ မတူသလို လာပေါ်တာပဲ... (မှန်ပါ)။

ဒါ... သေးတဲ့အဓိပ္ပါယ် မဟုတ်ဘူး၊ မောင်သစ်တို့တောင် ဒီတစ်ခု ကြားဖူးမှာ... (မှန်ပါ)၊ မောင်ချစ်စိတ်ကော ... (ဒီတစ်ခါပဲ ကြားဖူးပါတယ်)၊ ဒီတစ်ခါပဲ ကြားဖူးတယ်၊ အခုမှ စဟောတာ... (မှန်ပါ)။

ကဲ ... ဒါဖြင့် ဒီနေရာမှာ နဂိုတုန်းက ခန္ဓာငါးပါး အသေတွေ ရှုပ်နေတယ်၊ ကြည့် ၂-နံပါတ်မှာ ခန္ဓာငါးပါး အသေတွေရှုပ်နေတယ် ... (မှန်လှပါဘုရား)၊ နောက်ကျ မဂ်စစ်စစ်ဝင်တော့ ဒါတွေ အကုန်မချုပ်ဘူးလား ... (ချုပ်ပါတယ်)၊ ဒါ ပုန်းအောင်းရာ ဒီနေရာမှာ ပေါ်လာတယ်၊ မသေတဲ့နေရာဆိုပြီး ဒီနေရာ ပေါ်လာတယ် ... (မှန်ပါ)၊ နဂိုက သေတဲ့နေရာကိုး... (မှန်ပါ)။

၂-နံပါတ်မှာ နဂိုက ဘာတုံး ... (နဂိုက သေတဲ့နေရာပါ)၊ အခု ဒါတွေအကုန်ချုပ်သွားတော့ ဒါ ဘာဖြစ်သွားသတုံး ... (မသေတဲ့နေရာ ဖြစ်သွားပါတယ်)၊ မသေတဲ့နေရာ ဖြစ်သွား

တော့ ပုန်းအောင်းရာကြီး ခင်ဗျားတို့ မြင်ထားတယ်... (မှန်ပါ)၊ ဟာ...မသေတဲ့ နေရာဟာ ဒါပဲ... (မှန်ပါ)။

နဂိုက ဒါကျောက်တောင်ကြီးပေါ့ဗျာ... (မှန်ပါ)၊ အခု သေသေချာချာ ခင်ဗျားမင်္ဂ်နဲ့ တူးဆွလိုက်တဲ့အခါကျတော့ ကိလေသာတွေ ကုန်၊ ဒုက္ခတွေ ကုန်သွားတော့ ပုန်းအောင်းရာ ဌာနကြီး ဖြစ်မလာဘူးလား ... (ဖြစ်လာပါတယ်)၊ ဒါဖြင့် ဒီဟာ နိဗ္ဗာန်... (မှန်ပါ)။

ချုပ်သွားလို့ရှိရင် ဒီဟာ ဘာခေါ်မဟဲ့ ... (နိဗ္ဗာန်ပါ)၊ ဒါကဘာခေါ်မလဲ ... (မင်္ဂဏ်ပါ)

အဲဒီတော့ မင်္ဂဏ်ဖိုလ်ဥဏ် ရှိသောပုဂ္ဂိုလ်တို့၏ ပုန်းအောင်းရာ... (မှန်ပါ)၊ ပစ္စတေကဉ္စာဥဏ်ရှိသော ပုဂ္ဂိုလ်တို့၏ ... (ပုန်းအောင်းရာပါ)။

ဒါကြောင့် ဒီဟာ ဆုံးအောင်ရှုရမယ်ဆိုတာ ပုန်းအောင်းရာ တွေ့အောင် လုပ်ပါ... (မှန်ပါ)၊ ရှင်းပြီလား... (ရှင်းပါပြီ)။

ကဲ... ဒါဖြင့် ခင်ဗျားတို့ လုပ်တဲ့တရားနဲ့ကော ပေါ်လာတဲ့တရားနဲ့ တူပါရဲ့လားလို့ မေးပြန်တော့ ဘယ့်နယ်ဖြေပါ့မလဲ...(မတူပါဘူး)၊ ဟိုက သန်္ခတတရား... (မှန်ပါ)၊ ဒီက ပေါ်လာတာက အသန်္ခတတရား... (မှန်ပါ)၊ အသန်္ခတတရား မပြုပြင်ဘဲနဲ့ ပေါ်လာတဲ့တရား (မှန်ပါ)၊ ဥဏ်နဲ့ ရှုလိုက်တာနဲ့ မြင်လာတယ်... (မှန်ပါ)၊ ပုန်းအောင်းရာ လဲလျောင်းရာ ဖြစ်လာတယ်၊ မဟုတ်ဘူးလား... (ဟုတ်ပါတယ်) ဒါဖြင့် သူက အသန်္ခတတရား၊ ခင်ဗျားတို့ ပြုပြင်တဲ့ တရားတွေက ... (သန်္ခတတရားပါ)။

ဒါဖြင့် သန်္ခတ တရားတွေလုပ်ပြီး အသန်္ခတ အကျိုးပေးတယ် (မှန်ပါ)၊ ပေါ်ကြပြီလား ...(ပေါ်ပါပြီ)။

သန်္ခတတရားတွေ လုပ်ပြီးတော့...(အသန်္ခတအကျိုးပေးပါတယ်)၊ သေတတ်တဲ့တရား တွေနဲ့ ရင်းနှီးပြီးတော့မှ မသေရာကို ခင်ဗျားတို့ အရယူတယ်ဆိုတော့ ဒီစကား တွေဟာက အင်မတန်ကြီးကျယ်တဲ့စကားတွေ ... (မှန်ပါ)၊ သာမညနားဆိုလို့ရှိရင် အကွက်ချသာ မပြောဘူးဆိုရင် ဦးကျော်မောင် နားကိုမလည်နိုင်ဘူ ... (မလည်နိုင်ပါဘူးဘုရား)၊ မလည်တော့ဘူး၊ အင်မတန် ခဲယဉ်းသွားပြီတဲ့၊ အခုတော့ရှင်းပြီလား ... (ရှင်းပါပြီဘုရား)။

ဩော်...သေတတ်တဲ့တရားတွေနဲ့ ရှာပြီး မသေရာ ရပါတကား... (မှန်ပါ)၊ ဒါနဆိုတာ ဘာတုံး ... (သေတတ်တဲ့တရားပါ)၊ စေတနာဆိုတာ ဖြစ်ပျက်ပဲ၊ သေတာပဲ ... (မှန်ပါ)၊ သီလ ဝိရတီဆိုတာကော ...(သေတတ်တဲ့တရားပါပဲ)၊ သမထ သမာဓိဆိုတာကော ... (သေတတ်တဲ့ တရားပါဘုရား)၊ ဝိပဿနာဆိုတာတွေကော ... (သေတတ်တဲ့တရားပါဘုရား)၊ သေတတ်တဲ့ တရားတွေနဲ့ ရင်းနှီးပြီးသကာလ မသေရာ ရနိုင်တယ်... (မှန်ပါ)။

ဒါကြောင့် သန်္ခတက ကျေးဇူးပြုလိုက်တာနဲ့ အသန်္ခတရတယ်... (မှန်ပါ)။

ဒါဖြင့် သခ်ၤတက တူးဆြတာနဲ့ တူသြားတယ်၊ ရတော့ ဂူကြီး ပုန်းအောင်းရာဆိုတဲ့ အသခ်ၤတရတယ်... (မှန်ပါ)၊ ရှင်းပြီလား ... (ရှင်းပါပြီ)။

ဒါဖြင့် နိဗ္ဗာန်ဟာ အသခ်ၤတ ဓမ္မဆိုတာလဲ ပေါ်သြားပြီ ... (ပေါ်ပါပြီ)၊ ပြုပြင်စရာ မရှိတဲ့ တရားဆိုတာလဲ ပေါ်သြားပြီ... (ပေါ်ပါပြီ)။

ခင်ဗျားတို့က အားထုတ်နေတာက သခ်ၤတတရား... (မှန်ပါ)၊ နိဗ္ဗာန်က အသခ်ၤတတရား ... (မှန်ပါ)၊ ဘယ်သူမှ မပြုပြင်ဘဲနဲ့ ခိုင်မြဲနေတဲ့တရားဆိုတဲ့ဥစ္စာ ခင်ဗျားတို့ ရှင်းပြီလား ... (ရှင်းပါပြီ)။

ဒါန သီလ သမထတွေက ပြုပြင်တဲ့တရားတွေ၊ ဒါန သီလ သမထအရိပ် သူ့အထဲပါသေး သလား ... (မပါပါဘူး)၊ မသေရာကြီး ပေါ်လာတာပဲ၊ ရှင်းပြီလား ... (ရှင်ပါပြီ)။

ဒါဖြင့် သခ်ၤတကြောင့် ရငြားသော်လဲ သခ်ၤတအရိပ်ပါရဲ့လား ... (မပါပါဘူး)၊ ဒါကြောင့် သူ့ကို အသခ်ၤတ ဓမ္မာလို့ ဘုရားက ဟောတော်မူတယ်... (မှန်ပါ)။

ဘာတရားတဲ့တုံး ... (အသခ်ၤတတရားပါ)၊ မပြုပြင်ဘဲနဲ့ ခိုင်မြဲတဲ့တရားဆိုပြီး သကာလ ဒီလို ပေါ်လာတာပါ... (မှန်လှပါ)၊ မောင်သစ် သိပ်အဖိုးတန်ပါလားဟေ့ ... (တန်ပါတယ်ဘုရား)၊ ရှင်းပြီလား... (ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့သည် ဝိပဿနာလုပ်နေကြတာ ဘာလုပ်နေတာတုံးဆိုတော့ ကိုယ့် ပုန်းအောင်းရာ ကိုယ့်လဲလျောင်းရာ ဖြစ်တဲ့ ဂူကြီးတူးနေတာနဲ့ အတူတူပဲ... (မှန်လှပါ)၊ မတူးတဲ့ပုဂ္ဂိုလ် ... (မရပါဘုရား)။

ဒါဖြင့် အလကားနေရင်း ဆုတောင်းရုံ တောင်းနေတဲ့ပုဂ္ဂိုလ်တော့ မရနိုင်ဘူး၊ သူမှာ တူးမှ မတူးဘဲနဲ့ ရပါ့မလား ... (မရပါဘူး)၊ ခင်ဗျားတို့က တူးရွင်းလဲ မကိုင်ဘူး၊ ပေါက်ပြားလဲ မကိုင်ဘူး၊ ဂူပေါက်ကြီးပေါ်စေသတည်း၊ ငါပုန်းအောင်းရာ ဂူပေါက်ကြီး ပေါ်စေသတည်း၊ ငါပုန်းအောင်းရာ ဂူပေါက်ကြီး ပေါ်စေသတည်းဆိုလို့ ရမလား၊ မရဘူးလား၊ ... (မရပါဘူး)။

အဲ...နိဗ္ဗာန်ဟာ ဒီလို လုပ်လို့ မရဘူး၊ ဒါနနဲ့ တူးလိုက်၊ သီလနဲ့ တူးလိုက်၊ သမထနဲ့ တူးလိုက်၊ ဝိပဿနာနဲ့တူးလိုက်၊ တူးလိုက်တော့မှ ပေါ်လာတာ... (မှန်ပါ)။

ပေါ်လာပေမယ့်လဲ သခ်ၤတတရားကို လေနဲ့ အားထုတ်လုပ်ငြားသော်လဲ အားထုတ် တော့ အားထုတ်တာပဲ၊ ပေါ်တော့ အသခ်ၤတ ပေါ်တယ် ... (မှန်ပါ)။

ပေါ်တော့ ... (အသခ်ၤတပေါ်ပါတယ်)၊ ပြုလုပ်တော့ ဘာနဲ့ ပြုလုပ်သလဲ... (သခ်ၤတ တရားနဲ့ ပြုလုပ်ပါတယ်)၊ သို့သော် သခ်ၤတတရား အရိပ်နိမိတ် ဒီအထဲပါရဲ့လား (မပါပါဘူး)။

မပါဘူးတဲ့၊ ဂူကြီးထဲမှာ နဂိုက ကျောက်တွေမှမပါတော့ပဲ ဟာလာဟင်းလင်းကြီး ဖြစ်နေတယ်... (မှန်ပါ)။ ပါသေးရဲ့လား ... (မပါပါဘူး)၊ သံတူရွင်းတွေကော ပါသေးရဲ့လား... (မပါပါဘူး)၊ ပုန်းအောင်းရာ တစ်ခုပဲ ပါနေတယ် ... (မှန်ပါ)၊ ရှင်းပြီလား ... (ရှင်းပါပြီ)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီးဟောတဲ့ သခ်ၤတ ဓမ္မာနဲ့ အသခ်ၤတာ ဓမ္မာလဲ ရှင်းသွားပြီ၊ သခ်ၤတာ ဓမ္မာဆိုတာက ခင်ဗျားတို့ ပြုပြင်လို့ ပေါ်တဲ့ ရုပ်နာမ်ဓမ္မတွေကို ဘာခေါ်ကြမလဲ... (သခ်ၤတာ ဓမ္မာပါ)၊ အသခ်ၤတာ ဓမ္မာဆိုတာ ဘယ်သူမှ မပြုပြင်ဘဲနဲ့ ပေါ်လာတဲ့ဓမ္မ၊ ပုန်းအောင်းရာဌာနကြီးကို အသခ်ၤတာ ဓမ္မာလို့ ခေါ်ပါတယ်...(မှန်ပါ)။ အလိုလို ပေါ်သလားလို့ မေးပြန်တော့လဲ အသခ်ၤတနဲ့တူးမှပေါ်တာ...(မှန်ပါ)၊ သခ်ၤတက ဒီအထဲ ဝင်သေးသလားလို့ မေးပြန်တော့လဲ ... (မဝင်ပါဘူးဘုရား)၊ မဝင်ဘူးဆိုတော့ သြော်-နိဗ္ဗာန်ဆိုတာ ဒါ့ကြောင့် နက်နဲတယ်လို့ပြောတာ...(မှန်ပါ)၊ အသိအင်မတန်ခက်တယ်ဆိုတာ မပေါ်လာဘူးလား ... (ပေါ်လာပါတယ်)။

သြော်...ဥာဏ်နဲ့ ကြည့်တဲ့အခါကျတော့မှ လောကီ ဥပမာ ဘုန်းကြီဂတစ်ခုပြောလိုက်အုံးမယ်၊ တမာပင်ဆိုတဲ့ဥစ္စာ ဘယ်အရုပ်မှာမဆိုရှိကြတယ်၊ တမာပင်ပေါ်မှာ သဇင်ပန်းပေါက်တယ်လို့ထားပါတော့နော်...(မှန်ပါ)၊ တမာပင်က ခါးလိုက်တာ နံလိုက်တာ (မှန်ပါ)၊ သဇင်ပန်းကတော့ မွှေးလိုက်တာ ကြိုင်နေတာပဲ...(မှန်ပါ)၊ တူရဲ့လား ... (မတူပါဘူး) တမာပင်ပေါ်ပေါက်ငြားသော်လဲ တမာပင်ရဲ့ အရိပ်အငွေ့ပါရဲလား... (မပါပါဘူး)။

ဒီအထဲမှာလဲ သခ်ၤတတွေနဲ့ ပြုလုပ်ငြားသော်လဲ ပုန်းအောင်းရာဖြစ်တဲ့ နိဗ္ဗာန်ကြီး ဒုက္ခချုပ်တဲ့ အသေလွတ်တဲ့နိဗ္ဗာန်ကြီးဟာ သခ်ၤတနဲ့ လုံးဝမတူတဲ့...(မှန်ပါ)၊ တမာပင်နဲ့ သဇင်ပန်းမတူသလိုပဲ...(မှန်လှပါ)၊ ရှင်းပြီလား ... (ရှင်းပါပြီ)။

ဒီမှာလဲ ဒါန သီလ သမထ ဝိပဿနာနဲ့ နိဗ္ဗာန်ကြီးဟာ မတူဘူး...(မှန်ပါ)။ ဦးဘသန်းကြီးတူရဲ့လား ... (မတူပါဘူး)။

သူက ပုန်းအောင်းရာတစ်ခု ပေါ်လာတာကိုး၊ မဟုတ်ဘူးလာူး...(မှန်ပါ)။ ဟိုက အားစိုက်ရာ၊ သူက အားမစိုက်ဘဲနဲ့ ပေါ်နေတယ်...(မှန်ပါ)။

ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့တရားသည်ကားလို့ဆိုရင်ဖြင့် အသခ်ၤတတရားဆိုတာလဲ ရိပ်မိကြပြီ...(မှန်ပါ)၊ ပုန်းအောင်းရာကော ကိုယ်တူးမှ ကိုယ်ရတယ်ဆိုတာကော... (သိပါပြီဘုရား) သိတော့ကို အလုပ်မလုပ်တဲ့ပုဂ္ဂိုလ်များမှာ ရနိုင်ပါ့မလားလို့ ဦးကျော်မောင်တို့၊ ဦးမြမောင်တို့၊ ဦးဘသန်းတို့ မေးရင် ဘယ့်နယ် ဖြေမလဲ ... (မရနိုင်ပါဘူးဘုရား)။

ဒါကြောင့် ဘုန်းကြီးက ဆုတောင်းမနေနဲ့၊ လုပ်ယူကြ၊ ဆုတောင်းမနေနဲ့ လုပ်ယူကြလို့ ပြောတ...(မှန်ပါ)၊ မပြောထိုက်ဘူးလား ... (ပြောထိုက်ပါတယ်ဘုရား)။

ကျောက်တောင်ကြီးကို အားထုတ်တူးမှသာလျှင် ပုန်းအောင်းရာ ဖြစ်မှာပေါ့...(မှန်ပါ)၊ အားထုတ်မတူးတဲ့ပုဂ္ဂိုလ် ပုန်းအောင်းရာ ... (မရနိုင်ပါဘူးဘုရာ)၊ သဘောကျပြီလား... (ကျပါပြီ)။

ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပါရမီဆယ်ပါး အပြားသုံးဆယ်တွေ စုံနေပြီ...(မှန်ပါ) ဗောဓိပင်နဲ့ ရွှေပလ္လင်ကျမှ မင်္ဂဇင်အလုပ်ကို မလုပ်သေးခင် နိဗ္ဗာန်ကို မရသေးဘူး...(မှန်ပါ)၊ တူးမှ မတူးသေးဘဲ...(မှန်ပါ)။

အဲဒါကြောင့် ဟိုဟာတွေက အခြံအရံအကြောင်းပဲ ဖြစ်တယ်၊ တကယ်ကျတော့ မင်္ဂဇင်နဲ့ တူးဆွမှ ... (ရမှာပါဘုရား)၊ ပုန်းအောင်းရာ ပေါ်လာမယ်...(မှန်ပါ)၊ သဘောကျပြီလား ... (ကျပါပြီ)။

ဒါဖြင့် တို့လုပ်နေတဲ့အလုပ်ဟာဖြင့် ကိုယ့်ပုန်းအောင်းရာ ကိုယ်ရှာတဲ့ဥစ္စာ ကိုယ့်အိုဘေး၊ နာဘေး၊ သေဘေးတွေဟာ ဒီအထဲရောက်လို့ရှိရင် မသေတော့ဘူး...(မှန်ပါ)၊ မအိုတော့ဘူး၊ အနာတော့ဘူး၊ မသေတော့ဘူး၊ ဒုက္ခချုပ်တဲ့နေရာမှာ...(မှန်ပါ)။

ဒါဖြင့် ကိုယ့်အရေးကိုယ်ကြည့်ပြီး လုပ်ထိုက်မလုပ်ထိုက် ... (လုပ်ထိုက်ပါတယ်ဘုရား) ပေါ်ကြပြီလား ... (ပေါ်ပါပြီ)။

ဒါဖြင့် ဒီအရေးသည်ကားလို့ဆိုရင် တစ်သံသရာလုံး ဒီလို တူးရတယ်၊ ဆွရတယ် ဆိုတဲ့ဥစ္စာ ခင်ဗျားတို့က မသိတော့ကို ဘယ်တော့မှ ဒီလိုတူးဖြစ်မှာ မဟုတ်ဘူး...(မှန်ပါ)၊ ဘယ်တော့မှလဲ မဆွမိဘူး၊ ဘယ်တော့မှလဲ ကိုယ့်ပုန်းအောင်းရာ မရှာမိဘူး...(မှန်ပါ)၊ လူ့ပြည် အသက်တိုတယ်၊ နတ်ပြည် ရှည်တယ်ဆိုပြီး၊ ဟိုသေမည့်ဆီချည်း သွားတူးကြတယ်၊ မဟုတ်ဘူးလား...(မှန်လှပါ)၊ နတ်ပြည် အသက်တိုတယ်၊ ဗြဟ္မာ့ပြည် အသက်ရှည်တယ်ဆိုပြီး ခင်ဗျားတို့က အသေလွတ်ရှာငြားသော်လဲ အသေချည်းပဲ ပြန်ရတယ်...(မှန်ပါ)၊ မရဘူးလား ... (ရပါတယ်ဘုရား)၊ ဒါ ဘယ့်နယ်ကြောင့်တုံးဆိုလို့ရှိရင်ဖြင့် လမ်းမမှန်လို့...(မှန်ပါ)၊ ပေါ်ပြီလား ... (ပေါ်ပါပြီ)၊ အခုတော့ လမ်းမှန်ပြီလား...(မှန်ပါပြီ)။

ရှုပါများတော့ ဒါ ချုပ်သွားမလား၊ ချုပ်မသွားဘူးလား ... (ချုပ်သွားပါတယ်)၊ ချုပ်သွားလို့ရှိရင် ဒါ အသေလွတ် ဟုတ်မဟုတ် ... (ဟုတ်ပါတယ်ဘုရား)၊ ဒါတွေက နဂိုကဖြစ်ပျက်ဆိုတာ အသေတွေကိုးဗျ၊ ၂-နံပါတ်ဟာလေ...(မှန်ပါ)၊ အခုတော့ ရှိသေးရဲ့လား ... (မရှိပါဘူး)၊ မင်္ဂဆိုတာတော့ ခင်ဗျားတို့၏ ဒါပုန်းအောင်းရာ အသေလွတ်နေရာ တို့နေရာဘဲဆိုတာ ဟာလာ ဟင်းလင်းကြီး ဖြစ်သွားတယ်၊ မဖြစ်သေးဘူးလား ... (ဖြစ်ပါတယ်ဘုရား) ပေါ်ကြပြီလား ... (ပေါ်ပါပြီ)။

ဒါဖြင့် ကြိုးစားလုပ်မှ ဒီဟာပေါ်မယ်...(မှန်ပါ)၊ သူမပေါ်သေးလို့ရှိရင် ကိုယ်ပုန်းအောင်းရာ၊ လဲလျောင်းရာ မရှိသေးဘူး၊ ကာကွယ်ရေးမရှိသေးဘူးလို့သာ မှတ်လိုက်...(မှန်ပါ)။

အဲဒို အနာ အသေ ကာကွယ်ရေး ... (မရှိသေးပါ)၊ မရှိသေးဘူးလား သေသေချာချာ မှတ်တော့၊ ဩော်...ဝိပဿနာအလုပ်ဆိုတာ ဘာပါလိမ့်မတုံးဆိုတော့ ကိုယ့်ပုန်းအောင်းရာ

ကိုယ်တူးဆွပြီးသကာလ ကိုယ့်အရေးရှိတဲ့အခါ ကိုယ်အောင်းဖို့ပါကလား၊ ဒီပြင် အလုပ် မဟုတ်ပါလား...(မှန်ပါ)၊ သားရေးလဲ မဟုတ်ဘူး၊ သမီးရေးလဲ မဟုတ်ဘူး၊ ပစ္စည်းရေးကော ...(မဟုတ်ပါဘူး)။

အဲဒါတွေကတော့ အသေလွတ် ရှာငြားသော်လဲ အသေပဲ တွေ့တယ်...(မှန်ပါ)။ အခုဟာကတော့ အသေလွတ်ရှာလို့ အသေလွတ်တွေ့တယ်...(မှန်ပါ)၊ သဘောပါပြီလား ...(ပါပါပြီ)။

အဲဒါကြောင့် အားထုတ်တဲ့ကျေးဇူး နိဗ္ဗာန်လဲ သိသွားပြီ၊ အားထုတ်မှလဲ ရတယ်ဆိုတာ ပေါ်သွားတဲ့အတွက် ခင်ဗျားတို့ကို စိတ္တာနုပဿနာကို မြင်အောင်ရှု၊ မုန်းအောင်လဲရှု၊ ဆုံးအောင်လဲရှု...(မှန်ပါ)၊ ဆုံးတော့ ဒါတွေရှိသေးရဲ့လား ... (မရှိပါဘူး)၊ ဒါတွေမရှိတော့ ဒါဟာ ဒုက္ခနိရောဓော နိဗ္ဗာနံပဲ...(မှန်ပါ)၊ ဟိုဘက်ကလဲ မဂ်က ဝင်သွားတော့ တဏှာ နိရောဓော နိဗ္ဗာနံပဲ...(မှန်ပါ)။

ဒီဘက်ကလဲ ဒုက္ခနိရောဓော...(နိဗ္ဗာနံပါ)၊ ဒါက သဥပါဒိသေသနိဗ္ဗာန်၊ ၂-နံပါတ် ချုပ်သွားတာ သဥပါဒိသေသ (မှန်ပါ)၊ ၄-နံပါတ် ချုပ်သွားတာက အနုပါဒိသေသနိဗ္ဗာန်၊ ခန္ဓာဆုံးတော့မှ သူက ရတယ်...(မှန်ပါ)။

သူက ခန္ဓာရှိတုန်း မြင်ရမည့်နိဗ္ဗာန်၊ ဒါကတော့ ခန္ဓာဆုံးမှ ရမယ်၊ ၄-နံပါတ်က ...(မှန်ပါ)၊ ပေါ်ပြီလား ... (ပေါ်ပါပြီ)။

ကဲ ... ယနေ့ ဒီတွင် တော်ကြအုံးစို့ ...

သာဓု ... သာဓု ... သာဓု။

စိတ္တာ နုပသနာ - အလုပ်ပေးတရားတော်

(မှတ်စုတရား)

(၇.၉.၁၉၆၂)

ပိဋ္ဌကတ် ၃ ပုံ ချုံ့လိုက်တော့ လက္ခဏာရေး ၃-ပါးပဲရှိတယ်။ ဒါဖြင့် ပိဋ္ဌကတ် ၃-ပုံကို ဘယ်အကျိုးငှာ သင်နေကြတာလဲဆိုရင်၊ လက္ခဏာရေး ၃-ပါးသိချင်လို့ပါပဲ။

ရုပ် ၂၈ ခုဟောလဲ ဖြစ်ပျက်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲလာတယ်။

နာမ် (စိတ် ၁+ စေတသိတ် ၅၁) = ၅၃ ခုကိုဟောလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲဖြင့် ဥဒယဗ္ဗယပဲရှိတယ်။ ဖြစ်ပျက်ထဲပြန်ဝင်တယ်။

ဖြစ်ပျက်ကို တစ်ခါချုံ့လိုက်ပြန်တော့ ဒုက္ခ သစ္စာပဲရှိတယ်။

သစ္စာ ၄-ပါးရှိပေမဲ့ သမုဒယသစ္စာလဲ ဖြစ်ပျက်ပဲ။ မဂ္ဂသစ္စာလဲ ဖြစ်ပျက်ပဲ။ ချုံ့လိုက်တော့ ဒုက္ခသစ္စာချည်းပဲ။

ဒုက္ခသစ္စာကိုအဆုံးသတ်လိုက်ရင် နရောဓသစ္စာ ဝင်သွားတယ်။

အဲဒီတော့ သတ္ထုချလိုက်တဲ့အခါကျတော့ ဥဒယဗ္ဗယကိုသာ အားထုတ်ကြပါ။ ဖြစ်ပျက်အဆုံးမှာ ဖြစ်ပျက်မရှိတဲ့၊ နိဗ္ဗာန်တွေ့မယ်။

ဒီတော့ဖြစ်ပျက်နဲ့ ဉာဏ်လမ်းလျှောက်သွားလို့ရှိရင်ဖြင့်-ဖြစ်ပျက်အဆုံးမှာ၊ ဖြစ်ပျက်မရှိတဲ့၊ နိရောဓသွားဖြစ်တာတွေ့မယ်။

အဲဒီတော့ ခင်ဗျားတို့ဘုရားလဲ ပြားမနေနဲ့။ ဆရာလဲပြားမနေနဲ့တော့၊ ဒီလမ်းလိုက်လို့ရှိရင်ပြီးတာပဲ။ ဘယ်သူမှမတိမ်းနိုင်တဲ့လမ်း။

ဒီလမ်းလိုက်မယ်ဆိုရင် မိဘရိုးရာမျက်လုံးကို၊ ဖျက်ပစ်ပြီးသကာလ၊ အရိယာမျက်လုံးတပ်ပေးရမယ်။

မိဘရိုးရာမျက်လုံးဆိုတာက စားဖို့၊ သောက်ဖို့၊ နေဖို့၊ ထိုင်ဖို့ သင်ထားတဲ့မျက်လုံး။ နိဗ္ဗာန်ရောက်ဖို့မျက်လုံးက မပါဘူး။

အရိယာမျက်လုံးတပ်ပေးရင် အရိယာအမြင် မြင်မယ်။ အရိယာအမြင်ဆိုတာ ဖြူဖြူစင်စင်နဲ့ ဒီပြင် ကိလေသာမရောဘဲနဲ့မြင်တဲ့အမြင်ပဲ။

အရိယာအမြင်က အခြားတစ်ယောက်ယောက်ကို ကြည့်လိုက်ရင် ရုပ်ဆိုးတယ်၊ ရုပ်ချောတယ်၊ ကြည့်လို့မကောင်းဘူး စသည်မြင်နေတာ မဟုတ်ဘူး။ အရိယာတို့၏ အမြင်က ဒုက္ခသစ္စာပဲမြင်တယ်။ ဒီပြင်ဟာမမြင်ဘူး လောကဓံတရားတို့နဲ့ တွေ့သောအကြင်အရိယာပုဂ္ဂိုလ်၏ စိတ်သည် မတုန်လှုပ်ဘူးတဲ့။ အရိယာအမြင်ဟာ သရဲခြောက်လဲ မတုန်လှုပ်ဘူး၊ ကောင်းတဲ့အာရုံနဲ့တွေ့လဲ မတုန်လှုပ်ဘူး၊ အာသောကံ = စိုးရိမ်ခြင်းလဲမရှိဘူး။ ဝိရဇံ = ခင်ခြင်း၊ မင်ခြင်း၊ တွယ်တာခြင်းလဲမရှိဘူး။ ရာဂကင်းနေတယ်။

အဲဒါကြောင့် မိဘရိုးရာမျက်လုံးကို ပြင်ဘက်ကျမှ သုံးပါ။ အလုပ်ခွင်မှာဖြင့် အရိယာမျက်လုံး သုံးပါ။

ဒီလိုဆိုတော့၊ လောကလည်းမပယ်ဘူး။ လောကနဲ့လဲ ကန့်လန့်မမှားဘူး။ လောကုတ္တရာကိုလည်း အတည့်ပေးတယ်လို့ မှတ်ရမယ်။

လောကပယ်ပြန်ရင်၊ အမေ မရှိဘူး၊ အဖေမရှိဘူးဆိုပြီး ထင်ရာလုပ်ရင်၊ ပဋ္ဌာနန္တရိယ-ကံထိအောင်ထိုက်နိုင်တယ်။ လောကလဲမပယ်ကောင်းဘူး။ မာတာပိတုဂုဏော အနန္တော၊ အာစရိယ ဂုဏောအနန္တော၊ မပျက်ရမဘူး။ ဘုရားကိုသွေးထွက်အောင်မလုပ်နဲ့၊ သံဃာသင်းမခွဲနဲ့ ဆိုတာတွေက၊ လောက - ကိုဟောတာတွေ။ ဒါနပြုတဲ့အခါကျတော့ ပုဂ္ဂိုလ်ရွေးလှူကြဟေ့။ ဒါကလောကကို ငဲ့ဟောတာ။

အဲဒီတော့ လောကကိုပယ်လိုက်ပြန်ရင်၊ အယူမှား၊ အလုပ်မှားပြီး အပါယ်ကျသွားနိုင်တယ်။

လောကုတ္တရာမသိပြန်လို့ရှိရင်လဲ၊ နိဗ္ဗာန်မရောက်ဘူး။

လောကမျက်လုံး (မိဘရိုးရာမျက်လုံး)နဲ့ချည်း အချိန်ကုန်သွားပြန်ရင်၊ သုဂတိလောက်ပဲ ရောက်မယ်။

လောကုတ္တရာမျက်လုံးတပ်ပေးမှသာလျှင် (အပါယ်လေးပါးမှ လွတ်မယ်)၊ နိဗ္ဗာန်ရောက်မယ်။

လောကုတ္တရာမျက်လုံးကို၊ အလုပ်ခွင်မှာ ပြောင်းတပ်ရမယ်။

“အလုပ်ခွင်အရိယာမျက်လုံးတပ်ပုံ”

မိမိတို့သန္တာန်မှာ စိတ်ကလေးတစ်ခု၊ မြင်စိတ်ကလေးပေါ်တယ်၊ ကြားစိတ်ကလေးပေါ်တယ်။ သြဇာကလေးဟာ စိတ်မဟုတ်ဘူးဟ။ စိတ်-ဆိုလို့ရှိရင်ဖြင့် သမုတိသစ္စာနယ် ကဖြစ်နေတယ်။

ပရမတ္ထသစ္စာနယ်ကတော့ - (အနိစ္စန္တိ ပဿတိ) ဒါအနိစ္စပဲ၊ သူဖြစ်ပြီးပျက်တာကိုး၊ အနိစ္စလို့ မြင်အောင်ကြည့်လို့ရှိရင်။ (သာဿဟောတိသမ္မာဒိဋ္ဌိ)၊ ဒါအရိယာမျက်လုံး တပ်ပေးလိုက်တာပဲ။

ပေါ်လာတဲ့ ဓမ္မကလေးကို (သဘောလေးကို) ဖြစ်မှု ပျက်မှုမြင်အောင်ကြည့်ပါလို့ ဟောလိုက်တော့ ကြည့်လိုက်သည်နှင့် တပြိုင်နက်တည်း၊ အနိစ္စလို့ မြင်လိုက်လို့ရှိရင် အရိယာမျက်လုံးရပြီလို့အောင်းမေ့။

အဿဟောတိ သမ္မာဒိဋ္ဌိ။ သာ-ထိုအနိစ္စကိုမြင်ခြင်းသည်၊ သမ္မာဒိဋ္ဌိ = သမ္မာဒိဋ္ဌိမျက်လုံးပဲ။

အလုပ်ခွင်မှာဖြင့် သမ္မာဒိဋ္ဌိမျက်လုံးနဲ့ အကုန်ကြည့်ပါ။ အခုမှအမှန်မြင်ရောက်တာကိုး၊ အနိစ္စ မြင်မှ အမှန်မြင်ရောက်တယ်။

အနိစ္စမြင်၊ အမှန်အမြင်ဆိုတာ၊ ဖြူစင်တဲ့မျက်လုံး၊ ကိလေသာ၊ တိမ်သလား၊ မြူတွေ မသန်းပဲနဲ့၊ မြင်တဲ့အမြင်ဟာ၊ အရိယာအမြင်၊ ဖြူစင်တဲ့အမြင် လို့မှတ်လိုက်ပါ။

ဝိညာဏံ အနိစ္စန္တိ ပသတိ = မိမိစိတ်ကို၊ အနိစ္စဟူ၍ မြင်၏။ ထိုအမြင်သည်၊ သမ္မာဒိဋ္ဌိ အမြင်ဖြစ်၏။

၂-နံပါတ်ထဲမှာရှိတဲ့၊ သဋ္ဌာယတန ထဲမှာပါတဲ့၊ စိတ်ကို အလယ်ကနေပြီး၊ ဖြတ်ပြီး သကာလ၊ ၃-နံပါတ်မကူးပဲနဲ့၊ ၃-နံပါတ်အကူးမခံပဲနဲ့၊ သဋ္ဌာယတနထဲမှာပါတဲ့ စိတ်ကိုကြည့် လိုက်လို့ရှိရင်၊ သမ္မာဒိဋ္ဌိဖြစ်သွားတာပဲ။

၃-နံပါတ် ကူးရင် မိစ္ဆာဒိဋ္ဌိဖြစ်တော့မယ်။

သမ္မာဒိဋ္ဌိဖြစ်တော့ကို၊ ဖြူစင်တဲ့အမြင် ဆိုသောကြောင့် မဖြူစင်တဲ့အမြင်ဆိုတဲ့၊ ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန် ပြုတ်ထွက်သွားတယ်။

တဏှာနဲ့ ဒိဋ္ဌိက ရောနေလို့၊ တဏှာပြဋ္ဌာန်းလို့၊ တဏှာဥပါဒါန်လို့ဟောတော်မူတာ၊ စင်စစ်တော့၊ ဒိဋ္ဌုပါဒါန်လို့လဲ ဟုတ်ပါတယ်။

တဏှာသတ်တယ်ဆိုတာ သကဒါဂါမ်၊ ရဟန္တာဖြစ်သွားပြီ။ အခုဟာက သောတာပန် တည်အောင်ဟောရတဲ့အတွက် ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံလို့သာ မှတ်လိုက်ပါ။

အခုဟောနေတာ၊ သောတာပန် ပဋိစ္စသမုပ္ပါဒ် ကိုဟောနေတာ၊ သကဒါဂါမ်၊ အနာဂါမ် ပဋိစ္စသမုပ္ပါဒ်ကိုမဟောရသေးဘူး။

ဒါဖြင့် သဋ္ဌာယတနထဲမှာရှိတဲ့စိတ်ကို၊ မနာယတနဆိုတဲ့စိတ်ကလေးသိချင်တော့ ၁၂-မျိုး ပေါ်နေပါတယ်။

စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန။ မနကိုခွဲထုတ်လိုက်တဲ့အခါကြတော့ ၁၂-မျိုး သွားတော့မယ်။ ၁၂-မျိုးသွားတော့တဲ့အခါကျရင်၊ လာချင်တာလား၊ အနိစ္စ-လို့မြင်နေလို့ရှိရင်၊ ဖြူစင်တဲ့မျက်လုံးနဲ့မြင်တယ်။ အရိယာမျက်လုံးတပ်ပေးလိုက်တာပဲ။

အရိယာမျက်လုံးတပ်ပေးလိုက်သည်နဲ့ တပြိုင်နက်တည်း - သမ္မာပဿတဲ့ အဲဒီလို၊ ကောင်းစွာမြင်၊ အနိစ္စမြင်လို့ရှိရင်၊ (၀ါ) ၊ ဖြစ်ပျက်မြင်လို့ရှိရင်၊ သမ္မာပဿံ နိဗ္ဗိန္ဒတိ = ငြီးငွေ့ခြင်းဖြစ်လာတာပါပဲ။

ဒီနေရာပဲငြီးငွေ့မှာပဲ။ ငြီးငွေ့ပြီးရင် -

ဒီနေရာမှာပဲ ဝိရဇ္ဈတိ = တပ်ခြင်းကင်းတာလဲ၊ ဒီနေရာမှာပဲလာမှာပဲ။ (၂-နံပါတ်ထဲမှာဘဲ ဖြစ်နေတာ)။

၃-နံပါတ်ကိုမကူးတော့လို့ မကူးတဲ့အချိန်ကစပြီး ဒီနေရာမှာ (၂-နံပါတ်အကွက်ထဲမှာ) မဂ္ဂင်ရှစ်ပါး ပြည့်သွားလို့ရှိရင်၊ ဒါသောတာပန်တည်တာပဲ။

သောတာပန်တည်တော့ ဒိဋ္ဌိ၊ ဒိဋ္ဌုပါဒါန်၊ ဒိဋ္ဌိအုပ်ချုပ်တဲ့ကံ၊ ဒီ ၃-ခု သေသွားပြီ။ ပြုတ်သွားပြီ။ သောတာပန်ဟာ အပါယ်ဇာတိ၊ အပါယ်ဇရာ မရဏတွေဟာ ကုန်သွားတယ်။ ၃-နံပါတ်ရော၊ ၄-နံပါတ်ရော ပြုတ်တာပဲ။

အဲဒီတော့ ပဋိစ္စသမုပ္ပါဒ်က ၄-မျိုးပေါ့၊ ၄-ခါလုပ်ရမှာပဲ။

- သောတာပန်တည်ချင် တစ်ခါလုပ်ရမယ်။
- သကဒါဂါမ်တည်ချင် တစ်ခါလုပ်ရမယ်။
- အနာဂါမ်တည်ချင်ရင် တစ်ခါလုပ်ရမယ်။
- ရဟန္တာတည်ချင်ရင် တစ်ခါလုပ်ရမယ်။

ဒါဖြင့် ဖြစ်ပျက်လို့ရှိရင် သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပဖြစ်သွားပြီ။ သမ္မာဒိဋ္ဌိက သမ္မာသင်္ကပ္ပ အကူအညီမပါပဲနဲ့မဖြစ်ဘူး။

ဖြစ်ပျက်မြင်တယ်ဆိုရင် မဂ္ဂင်ငါးပါးဖြစ်တယ်။

- သမ္မာသတိတဲ့ - ပေါ်လာတဲ့တရားကို ဟိုမှာပေါ်တယ်၊ ဒီမှာပေါ်တယ်ဆိုတာ၊ သူတို့ နှစ်ခုကို (သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ) သတိပေးမှ အမှန်မြင်တယ်။ ဒီတော့ သတိက ကင်းလို့မရဘူး၊ ပါမှဖြစ်တယ်။
- သမ္မာသမာဓိတဲ့ တစ်ခါတည်းစူးစူးစိုက်စိုက်ဖြစ်အောင်၊ ပညာခေါင်းကို နှိမ်ထားရ တယ်။ အဲလို ပညာခေါင်းကို ဘယ်မှမရွေ့အောင် နှိမ်ထားနိုင်မှ၊ သမ္မာဒိဋ္ဌိတို့၊ သမ္မာသင်္ကပ္ပတို့က ဖြစ်ပျက်ကိုမြင်တယ်။
- သမ္မာဝါယမ = ဝိရိယ ဖြစ်ပျက်မြင်ဖို့ရာ၊ ဝီရိယက အားကုန်မတိုက်တွန်းလိုက်လို့ရှိရင်၊ သတိ၊ သမာဓိတို့ကို တွန်းမပေးလို့ရှိရင်၊ မင်းတို့ အနိစ္စရှိရာ၊ ရောက်အောင်မသွားနိုင် ဘူး။ ဝီရိယကတွန်းပေးရတယ်။

ဒီတော့ ဖြစ်ပျက်တစ်ချက်မြင်လိုက်ရင် မဂ္ဂင် ၅-ပါးရပါတယ်။ မကင်းရာမကင်း ကြောင်း၊ သူတို့ချင်းအကြောင်းအကျိုးဆက်နေတယ်။ စုံမှဖြစ်ပျက်မြင်ပါတယ်။

၅-ပါးစုံမှဖြစ်ပျက်မြင်တော့ ဖြစ်ပျက်ဆိုတာ -

- ၎က စိတ္တ သမာယုတ္တာ = စိတ်တစ်ခုနဲ့အသက်ရှင်တာ။ စိတ်တစ်ခု သေသွားတော့၊ အသေကိုမဂ္ဂင်ကမြင်တာ။
- ကိုယ့်အသေကို ကိုယ်မဂ္ဂင်ကမြင်တော့၊ သူများအသေတော့ အသုဘပို့ဖူးလှပါပြီ။ ကိုယ့်အသေတော့ မပို့ဖူးသေးဘူး။

ကိုယ့်အသေကတော့ ခဏ ခဏ သေနေတာ။

အရိယာမျက်လုံးတပ်ကြည့်တော့မှ ကိုယ့်အသေ ကိုယ်မြင်လာတယ်။ ကိုယ့်အသေ ဆိုတဲ့ စိတ်ကပမာဏ၊ အရွယ်အစားပြလို့တော့ မရဘူး။ ရှိတော့ရှိတယ်။ သေးငယ်တဲ့စိတ်၊ ရှိတာကို မဂ္ဂင် ၅ ပါးနဲ့ ပေါင်းဆုံပြီးကည့်လိုက်တော့ မရှိဘူးဆိုတာသိတယ်။

- ရှိရာက မရှိတာကို သိတယ်။
- ရှိရာက မရှိတာကို သိခြင်းသည်၊ ဒါဟာအရိယတို့၏ အမြင်ဘဲ။
- ဒါဟာ ဖြူစင်တဲ့အမြင်၊ မှန်ကန်တဲ့အမြင်၊ ကိလေသာမပါတဲ့အမြင် ဆိုတာအရိယာ တို့၏ အမြင်ပဲ။

- အခု ဝိပဿနာလုပ်လိုက်တဲ့အခါကျတော့ ကိုယ်မသာ ကိုမြင်ပါတယ်။ မဂ္ဂင်ငါးပါး ပါဝင်တဲ့ အရိယာမျက်လုံးနဲ့မြင်တာပဲ။
- ဒီအမြင်ရင့်သန်လာတဲ့အခါ ကောင်းစွာမြင်သည်ရှိသော် အို-ဒီအသေကြီး ခဏ ခဏ သေတာကြီး၊ ကိုယ့်အသေကိုယ်မြင်လေလေ မုန်းလေလေပဲ။
- သာသာ ဟောတိ သမ္မဒိဋ္ဌိ၊ သမ္မာပဿံ နိဗ္ဗိန္ဒိ ဆိုတာပဲ။
- နိဗ္ဗိန္ဒဉာဏ်ဆိုတဲ့ ဥစ္စာက တခြားမှတ်နေတယ်။ ကိုယ့်အသေကိုယ်မုန်းတာဆိုတာ။ တော်တော်ကြာကျတော့၊ ကိုယ့်အသေကိုယ်မုန်းပြီး
  - **ဒီအသေမျိုးဖြင့် မလိုချင်ပါဘူးဆိုတဲ့အခါကျလို့ရှိရင်၊ အသေတွေ ပျောက်ကွယ်သွားလိမ့်မယ်။**
- မလိုချင်တဲ့ဉာဏ်ချုပ်ရင် အသေပျောက်တယ်။
- မလိုချင်လို့ဒိဋ္ဌိအစွဲအလမ်းတွေ ပြုတ်ထွက်သွားလို့ရှိရင် အသေပျောက်ကွယ်သွားမယ်။
- ဒီအသေတွေပျောက်ကွယ်သွားတဲ့အခါတော့ အသေမရှိနေရာမှာပဲ ရှိသေးသကိုးလို့
- နဂိုက မသေတွေမြင်နေတဲ့မျက်လုံးက အသေမရှိတဲ့နေရာကိုမြင်လာတယ်။
- ဘာဖြစ်လို့မြင်သတုံးဆိုတော့ ၊ အသေဟာ ဒီနေရာတွင်ပဲ ကွယ်ပျောက်သွားတယ်။ ရှုရင်းမတ္တာနဲ့ ကွယ်ပျောက်သွားတယ်။
- ခန္ဓာပါ ပျောက်ထွက်သွားတယ်။
- ခန္ဓာပျောက်ထွက်သွားတော့၊ ခန္ဓာရှိတုန်းက အသေချည်းကိုး။
- စိတ်ပျောက်သွားတော့ ရုပ်လဲပျောက်သွားတယ်။ စေတသိတ်လဲ ပျောက်သွားတယ်။
- နဂိုတုန်းက အသုဘ၊ အသုဘပျောက်တယ်။
- နဂိုတုန်းက ဒုက္ခ သစ္စာ၊ အကုန်ပျောက်တယ်။
- ပျောက်သွားတဲ့အခါကျတော့ ဩော်အသေမရှိတဲ့နေရာလဲရှိသေးတာကိုးလို့ သိတဲ့ အချိန်မှာ အဲဒါ အရိယာမျက်လုံးအစစ်မြင်တာ။
- အသေမြင်တော့ အရိယာမျက်လုံးနဲ့မြင်တယ်။
- အသေဆုံးသွားတာမြင်လို့ရှိရင် အရိယာမျက်လုံးအစစ်နဲ့မြင်တာပဲ။
- အဲဒီတော့ အသေဆုံးသွားတာ နိဗ္ဗာန်လို့ခေါ်တယ်။
- နိဗ္ဗာန်ဆိုတာ ဘာတုံးဆိုလို့ရှိရင် ခန္ဓနိရောဓေါနိဗ္ဗာနံ။
- (၂-နံပါတ်အကွက်က) ဒီဘက်ခန္ဓာတွေ တွေ့သေးရဲ့လား မတွေ့တော့ဘူး။
- ဒါတွေဟာ အသေဓါတ်တွေပဲ ဖြစ်နေတော့ တစ်ခုထဲပဲ။
- (ဝိညဉ်၊ နာမ်ရုပ်၊ သင်္ခါယတ္တန၊ ဖဿ၊ ဝေဒနာ) တစ်ပေါင်းတည်း တစ်ခုခုချုပ်တော့ အကုန်ချုပ်တာပဲ။


- တစ်ခုချုပ်လို့၊ အကုန်ရောချုပ်တော့၊ ၂-နာမ်ပါတ်အကုန်ရောချုပ် သွားတဲ့အခါ ကျတော့ ရှုနေတဲ့ဉာဏ်က (၂ နဲ့ ၃) ဒီကြားထဲမှာ၊ ဒီဘက် (၂-နံပါတ်)သာမှ မရှိတော့ ပါလား ဆိုတာ မသိပေဘူးလား ဒါတွေက ဒုက္ခသစ္စာ အသေခါတ်တွေပဲ။
- ၂-နံပါတ်ဟာ ဒုက္ခသစ္စာ အသေခါတ်တွေပဲ။
- ဒုက္ခ သစ္စာ အသေခါတ်တွေဆိုတာ သိပြီးတဲ့နောက်တော့ ဟင်အသေမရှိတော့ပါလား။
- အသေမရှိတဲ့နေရာ ကိုယ်တိုင်မြင်လာပါတယ်။
- ဒါဖြင့် မရဏဆိုတာ-သေခြင်း၊ အမတဆိုတာ-မသေခြင်း။ အမတဆိုတာ -ငါရောက်ပါ ပေါ့လား။
- ဒီတော့-ရှေးဦးစွာ အသေမြင်ဘို့၊ အသေမုန်းဘို့၊
- နောက်တော့ ဟောဒီနောက်က (၃-နံပါတ်ထဲက) ဒိဋ္ဌ၊ ဒိဋ္ဌပါဒါန်၊ ဒိဋ္ဌအုပ်ချုပ်တဲ့ ကံထွေရော ချုပ်သွားတယ်။
- နောက်တော့ (၄ နံပါတ်က) အသေဇာတိ၊ ဇရာ၊ မရဏတွေရော ချုပ်သွားတာပဲ။
- ဒါဖြင့် သူလဲ (၂ နံပါတ်ထဲက) ချုပ်တယ်။ သူကော (၃ နံပါတ်ထဲက)ချုပ်ပါတယ်။ သူကော (၄ နံပါတ်ထဲက) ချုပ်ပါတယ်။
- ကျုပ်တို့မှာ ဒိအတိတ်ကတော့ (၁ နံပါတ်) ချုပ်ပြီးသားမို့၊ မလိုတော့ဘူး။
- ကျုပ်တို့မှာ (အကွက် ၄ ခုလုံး) ချုပ်သွားတော့၊ နိဗ္ဗာန်နဲ့မဂ်ဉာဏ်ပဲ ကျန်ရစ်တယ်။ ဒီပဋိစ္စသမုပ္ပါဒ် အကုန်ပျောက်တယ်။
- သေသေချာချာကြည့်ပါ။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ရုံနဲ့မပြီးဘူး၊ အလုပ်နဲ့သိမ်းတာကို သိမှ၊ ဒါကအလုပ်နဲ့သိမ်းတာ။
- ၂ နံပါတ်မှာ နိဗ္ဗာန်ကျန်ရစ်တယ်၊ ၂ နဲ့ ၃ နံပါတ်ကြားထဲမှာ မဂ္ဂင်ဝင်လာတယ်
- ဝင်လာတော့ နိရောဓနဲ့မဂ္ဂကျန်ရစ်တယ်ဆိုတော့၊ ဒီတစ်ခုလုံးက သမုဒယနဲ့ ဒုက္ခ တွေကိုး။ အခုကျုပ်တို့ အားထုတ်ပြီးလုပ်လိုက်တော့ နိရောဓနဲ့မဂ္ဂကျန်ရစ်တော့တယ်။ ပဋိစ္စသမုပ္ပါဒ်တစ်ဝိုင်းလုံး ပြုတ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ်ကို ငါအကုန်သိမ်းလိုက်ပြီ။
- ပဋိစ္စသမုပ္ပါဒ်ကို ဘယ်သူမှသိမ်းမပေးနိုင်ဘူး၊ ကိုယ့်ဉာဏ်မှသိမ်းနိုင်တယ်။ ပဋိစ္စသမုပ္ပါဒ်ကို လေးမျိုးစလုံးသိမ်းတာ ပေါ်ပြီ၊ မြင်ပြီပေါ့။
- ရှေးဦးစွာ သူ့ကို (၂ နံပါတ်ကို) ဖြစ်ပျက်မြင်တယ်ဆိုတော့ မသိမ်းသေးဘူး။
- ဖြစ်ပျက်မုန်းတော့လဲ မသိမ်းသေးဘူး။
- ဒီဖြစ်ပျက်ဆုံးတဲ့အခါကျတော့ကို ဒီဘက် (၂ နံပါတ်)နိရောဓ အကုနာဖြစ်သွားတယ်။ ဒုက္ခ နိရောဓ ဖြစ်သွားတာ။
- ဒုက္ခနိရောဓဆိုတော့ သူက နိဗ္ဗာန်ဖြစ်သွားတာ။ ဒုက္ခသစ္စာမဟုတ်တော့ဘူး။
- သူကကော (၂ နဲ့ ၃ နံပါတ်ကြား) မဂ္ဂသစ္စာဖြစ်သွားတယ်။

- မဂ္ဂသစ္စာဖြစ်သွားတော့ ဒါတွေလဲ (၃ နဲ့ ၄ နံပါတ်လဲ) မဂ်ကပယ်ပစ်လိုက်တော့၊ မရှိတော့ပါ။ ၃ နဲ့ ၄ နံပါတ်တွေလဲ ပျောက်သွားတယ်။
- ဒီဟာတွေလဲ (၃ နံပါတ်ထဲ) မဂ္ဂသစ္စာထဲမှာ သူ့ကိုပြောင်းပြန်လုပ်ပြီးတော့၊ အဝိဇ္ဇာကလဲ ဝိဇ္ဇာဖြစ်သွားတယ်။ (တဏှာ၊ ဥပါဒါန်၊ ကံမွှာဝ၊ အဝိဇ္ဇာ၊ သခ်ါရ ထဲက အဝိဇ္ဇာ နဲ့ သခ်ါရ။) သခ်ါရကလဲ - အသခ်ါရဖြစ်သွားတယ် အသခ်ါရဖြစ်သွားတော့
- ဒီမှာ နိရောဓနဲ့မဂ္ဂ ကျန်ရစ်တော့ကို ဒုက္ခသမုဒယ အဝိုင်းကြီး အကုန်သိမ်းသွားတယ္။
- ဒီပဋိစ္စသမုပ္ပါဒ်အဝိုင်းကြီးသည် အားလုံးအတွက် ဟောထားတာ၊ အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်တွေ အတွက်ဟောထားတာ။
- အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်တွေအတွက် အဝိုင်းဇာတ်သိမ်းတယ်။
- ဝိသခ်ါရ ဂတံ စိတ္တံ = သခ်ါရကင်းသွားပြီ။
- ဒီပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီးသည် အားလုံးအတွက်ဟောထားတာ၊ အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်တွေအတွက် ဟောထားတာ။
- အလုပ်လုပ်တဲ့ပုဂ္ဂိုလ်တွေအတွက် အဝိုင်းဇာတ်သိမ်းတယ်။
- ဝိသခ်ါရ ဂတံ စိတ္တံ = သခ်ါရကင်းသွားပြီ။ သခ်ါရကအလုပ်မလုပ်တော့ဘူး။
- တဏှာနံ ခယမဗ္ဗဂါ = ဒီဘက်က ဒိဋ္ဌအုပ်ချုပ်တဲ့ တဏှာကော ကုန်သွားပါတယ်။
- အဲဒီတော့ ဘုရားအနေကဇာတင်တယ်ဆိုတာ ဘုရားအသက်သွင်းတယ်မှတ်နေကြတယ်။ မဟုတ်ပါ။ သခ်ါရ၊ ဒိဋ္ဌ၊ တဏှာတွေ ကုန်သွားတာပြောတာ။
- ဒီတော့ နိရောဓနဲ့မဂ္ဂက အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်မှ ရထိုက်ပါတယ်။
- နိရောဓနဲ့မဂ္ဂရမှလည်း အဝိုင်းကြီးသိမ်းတယ်။
- ဒါတွေက အကန့်တွေ၊ သခ်ါရ အကန့်တွေ။
- ဒီဇာတိ၊ ဇရာ၊ မရဏ အကွက်တွေကော ရှိသေးရဲ့လား။ မရှိတော့ပါ။
- အာသဝ ဝန်ရိုးကြီးလဲ မရှိတော့ဘူး။
- ဒီပုံကောင်းတွေလဲမရှိတော့ဘူး။
- သံပါတ်ခွေ အပါတ်ကြီးလဲ မရှိတော့ဘူး။ အဲဒါတွေ အကုန်ပြုတ်တယ်။
- အလုပ်လုပ်တဲ့ ပုဂ္ဂိုလ်တွေမှာ၊ လေးကွက်စလုံးပျောက်တယ်။
- မလိုချင်တော့ ဒါတွေက နိရောဓသစ္စာ သွားဖြစ်တယ်။ ဒီကြားထဲကဟာတွေက မဂ္ဂသစ္စာ သွားဖြစ်တယ်။
- အဲဒီတော့ ၂ နံပါတ်အကွက်မှာ ခန္ဓာမရှိတော့ဘူး၊ ခန္ဓာမရှိတဲ့ နိဗ္ဗာန်ကို ၂ နဲ့ ၃ နံပါတ်ကြား မဂ္ဂသစ္စာဝင်ပြီး မြင်လိုက်တဲ့အခါကျတော့၊ နိရောဓနဲ့မဂ္ဂပဲ ကျန်တယ်။
- နိရောဓနဲ့ မဂ္ဂပဲကျန်တော့ ဩော်၊ ဒို့ပဋိစ္စသမုပ္ပါဒ်ကြီးတို့ နားလည်းထားတာကြီး၊ ကုန်ပါပေါ်လားဆိုတော့ တို့သံသရာ ကုန်တာပြောတာ။
- ကိုယ့်သံသရာကုန်သွားတာ ကိုယ်မြင်တယ်။

- ဒါဖြင့် ဒီနေရာမှာ နိဗ္ဗာန်ကို အခုမြင်နေတော့ ဒုက္ခတွေချုပ်သွားပြီ။ မဂ္ဂသစ္စာနဲ့မြင်တဲ့ အခါကျတော့ အရိယာမျက်လုံးစရပြီး၍ အရိယာမျက်လုံးအစစ်ဖြစ်သွားတဲ့ ပုဂ္ဂိုလ်မှ မြင်တယ်။ ကိုယ့်ဟာကို လုပ်လို့ ကိုယ်မြင်တာကိုး။
- ကိုယ့်အလုပ်နဲ့ကိုယ်မြင်တာကြောင့် အမျှပေးလို့မရဘူး။ မင်ကိုအမျှပေးလို့မရဘူး။
- ဒါနကုသိုလ်၊ သီလကုသိုလ်တွေ အမျှပေးလို့ရတယ်။ မင်္ဂလတော့ အမျှပေးလို့ မရဘူး။
- နိဗ္ဗာန်ဆိုတာ ကျောက်တောင်ကြီးကို တူးလို့ပေါ်တဲ့ ကျောက်လှိုင်ဂူနဲ့တူတယ်။
- ကျောက်တောင်ကြီးကို ဗုံးခေတ် သုံးမယ်ဆိုတော့၊ ဖြိုတူးကြရတယ်။ ကတိုက်ကရိုက် တူးကြရတယ်။ ဘာလုပ်ဖို့လဲ။ ကိုယ်အောင်းဖို့နဲ့ ကိုယ်ကို ကာကွယ်ဖို့ဖြစ်တယ်။
- တူးတဲ့ပုဂ္ဂိုလ်၏ လုံ့လ ပယောဂကြောင့် ရှိလာတာပဲ။
- ဒီလိုပဲ နိဗ္ဗာန်ဟာ မှတ်လိုက်ပါတော့ မထူးတဲ့ပုဂ္ဂိုလ်မှာ ပစ္စုပ္ပန်ကာလမှာလဲ မရှိဘူး။ အတိတ်ကာလကလဲ မရှိခဲ့ဘူး။ ဒါကြောင့် နိဗ္ဗာန်ဟာ ကာလ ၃-ပါးမှ လွတ်တယ်။
- (မတူးတဲ့ပုဂ္ဂိုလ်မှာ) ပစ္စုပ္ပန်ကိုလဲ ရှိနေလို့ရှိရင်၊ လူတိုင်းဝင်အောင်းမှာပေါ့ဗျာ။
- တူးတဲ့ပုဂ္ဂိုလ်မှသာလျှင် အောင်းလို့ရတယ်။ အခုတူးလို့ အခုအောင်းလို့ရတာ။ ရှေးက ရှိနှင့်လို့ရှိရင်လဲ၊ နိဗ္ဗာန်ဟာ၊ ရှေးကလူတွေအကုန် ရောက်ကုန်မှာပေါ့။
- ဒါကြောင့် အလုပ်မလုပ်တဲ့ ပုဂ္ဂိုလ်မှာ ရှေးက မရှိတာကြောင့် အတိတ်မှာလဲ နိဗ္ဗာန်မရှိ၊ အနာဂါတ်မှာလဲ မရှိ၊ ပစ္စုပ္ပန်မှာလဲမရှိပါ။
- ဖြစ်ပျက်ကို နှလုံးသွင်းနေတာဟာ နိဗ္ဗာန်တည်းဟူသော ပုန်းအောင်းရာ၊ လဲလျှောင်းရာ၊ ကာကွယ်ရာ ဒါကြီးပေါ်အောင်လို့၊ ဖြစ်ပျက်လုပ်နေတာ၊ ဒါကျောက်လှိုင်ဂူတူးနေတာပဲ
- ဒီကျောက်လိုင်ဂူကြီးဟာ အသေလွတ်တဲ့နေရာပါလား။ ဆိုပြီး ရဲရဲတင်းတင်းနေကြသလိုပဲ။ ဘယ်လောက်တန်များတဲ့ ဗုံးတွေကျကျ ကိုယ်တူးထားတဲ့ ကျောက်လိုင်ဂူက အပေါ်ကလဲ အမြင့်ကြီး၊ ဘေးကလဲ ဗုံးဆံတွေစင်ပြီးဝင်စရာမရှိဘူးဆိုပြီး စိတ်ချလက်ချနဲ့ ကိုယ်၏ ဗုံးဆံတွေစင်ပြီး ဝင်စရာမရှိဘူးဆိုပြီး စိတ်ချလက်ချနဲ့ ကိုယ်၏ ဗုံးအောင်းရာ၊ လဲလျှောင်းရာ၊ ကိုယ်၏ကာကွယ်ရေး ဖြစ်နေတာပါပဲ။
- ဒါဖြင့် ဖြစ်ပျက်မြင်အောင်ရှု၊ ဖြစ်ပျက်မုန်းအောင်ရှု။ ဖြစ်ပျက်ဆုံးအောင်ရှု ဆိုတဲ့ဥစ္စာ ကိုယ့်ကာကွယ်ရေး၊ ကိုယ်ရှာနေတာပဲ။
- တူးလိုက်လို့ရတဲ့ ကျောက်လှိုင်ဂူဟာ ဟာလာဟင်းလင်းကြီးနဲ့ ကျောက်တောင်ကြီးနဲ့ မတူပါဘူး။ လိုင်ဂူက ဟာလာဟင်းလင်းပဲ။ ကျောင်တောင်က ကျောက်သားတွေနဲ့ သပိတ်ပါပဲ။
- ကျောက်လှိုင်ဂူနဲ့ကျောက်တောင်ကြီးနဲ့မတူသလိုပါပဲ။
- နိဗ္ဗာန်နဲ့ ကိုယ်ပြုလုပ်ထားတဲ့ ဒါန၊ သီလ၊ သမထ စေတနာနဲ့လဲ မတူပါဘူး။ ကိုယ် အားထုတ်ထားတဲ့ ဒါန၊ သီလ၊ သမထ စေတနာနဲ့လဲ မတူပါဘူး။ ကိုယ်အားထုတ်တဲ့ မင်္ဂစိတ်နဲ့လဲ မတူပါဘူး။

- မဂ်စိတ်က ဖြစ်ပျက်ပဲ။ ဒါန၊ သီလ၊ သမထစေတနာ၊ ဝိပဿနာတွေက ဖြစ်ပျက်ပဲ။ သခ်ၤါရပစ္စည်းတွေပဲ။ သခ်ၤါရနိမိတ်တွေပဲ။
- ဒါနက စေတနာဆိုတော့ ဖြစ်ပျက်သွားတာ။
- သီလကလဲ ဝိရတီစဉ်တော့ ဖြစ်ပျက်သွားတာ။
- သမထက သမာဓိဆိုတော့ ဖြစ်ပျက်သွားတာ။
- ဝိပဿနာကလဲ မဂ္ဂင်ဆိုတော့ ဖြစ်ပျက်သွားတာ။
- ကျောက်တောင်ကြီးနဲ့ အောင်းရာကျောက်လိုင်ဂူ (နိဗ္ဗာန်)နဲ့ မတူသလို လာပေါ်တာပဲ။
- ၂ နံပါတ်မှာ နဂိုက သေတဲ့နေရာပါ။ အခု ဒါတွေအကုန်ချုပ်သွားတော့ မသေတဲ့နေရာ ဖြစ်သွားပါတယ်။
- မသေတဲ့နေရာဖြစ်သွားတော့၊ ပုန်းအောင်ရာကြီးလို့မြင်ထားတယ်။ မသေတဲ့နေရာဟာ ဒါပဲ။
- နဂိုက ဒါဟာကျောက်တောင်ကြီးပဲ။ အခုတော့ သေသေချာချာမဂ်နဲ့တူးဆွလိုက်တဲ့ အခါကျတော့ ကိလေသာတွေကုန်၊ ဒုက္ခတွေကုန်သွားတော့ ပုန်းအောင်းရာဌာနကြီး ဖြစ်လာတယ်။ ဒါဖြင့် ဒါဟာနိဗ္ဗာန်။
- ချုပ်သွားရှိရင် (၂ နံပါတ်အကွက်ဟာ) နိဗ္ဗာန်ပါ။ (ကြားကမျှားက) မဂ်ဉာဏ်ပါ။
- အဲဒီတော့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရှိသော ပုဂ္ဂိုလ်တို့၏ ပုန်းအောင်းရာ ပစ္စဝေက္ခဏာဉာဏ်ရှိသော ပုဂ္ဂိုလ်တို့၏ ပုန်းအောင်းရာဖြစ်တယ်။
- ဒါကြောင့် ဆုံးအောင်ရှုရမယ်ဆိုတာ ပုန်းအောင်းရာတွေ့အောင်လုပ်ပါ။
- သခ်ၤါရတရားတွေလုပ်ပြီး၊ အသခ်ၤါရအကျိုးပေးတယ်။
- သေတတ်တဲ့တရားတွေနဲ့ ရင်းနှီးပြီးတော့မှ၊ မသေရာကိုအရယူတယ်။
- ဒါကြောင့် သခ်ၤါရကကျေးဇူးပြုလိုက်တာနဲ့ အသခ်ၤါရတယ်။
- ဒါဖြင့်သခ်ၤါရကတူးဆွတာနဲ့တူသွားတယ်။ ရတော့ကျောက်လိုင်ဂူကြီး၊ ပုန်းအောင်းရာ ဆိုတဲ့ အသခ်ၤါရတယ်။
- ဒါဖြင့် နိဗ္ဗာန်ဟာ အသခ်ၤါရ ဓမ္မဆိုတာလဲပေါ်သွားပြီ။ ပြုပြင်စရာမရှိတဲ့တရား ဆိုတာလဲ ပေါ်သွားပြီ။
- သခ်ၤါရကြောင့် ရသော်လည်း သခ်ၤါရအရိပ်ပါရဲ့လား။ မပါပါ။ ဒါကြောင့် အသခ်ၤါရ ဓမ္မ လို့ ဘုရားကဟောတော်မူတာ။
- ဒီတော့ နိဗ္ဗာန်ဟာ ဆုတောင်းရုံနဲ့မရဘူး။ ဒါနနဲ့ ၊ သီလနဲ့၊ သမထနဲ့၊ ဝိပဿနာနဲ့ ထူးလိုက်တော့မှ၊ ပေါ်လာတာပဲ။
- သခ်ၤါရတရားတွေနဲ့ အားထုတ်သော်ငြားလဲ၊ ပေါ်တော့ အသခ်ၤါရပေါ်တာ။

- အဲဒါကြောင့် အားထုတ်တဲ့ကျေးဇူး၊ နိဗ္ဗာန်လဲ သိသွားပြီ။ အားထုတ်မှလဲ ရတယ်ဆိုတာ ပေါ်သွားတဲ့အတွက်၊ စိတ္တာနုပဿနာကိုမြင်အောင်ရှုပါ။ မုန်းအောင်လဲရှုပါ။ ဆုံးအောင်လဲရှုပါ။
- ဆုံးတော် (၂ နံပါတ်အကွက်က) ဒါတွေမရှိတော့ ဒုက္ခနိရောဓေါနိဗ္ဗာနံပဲ
- ဟိုဘက်က (၂ နဲ့ ၃ နံပါတ်ကြား)လဲ မဂ်ကဝင်သွားတော့၊ တဏှာနိရောဓေါ နိဗ္ဗာနံပဲ။
- ၂ နံပါတ်အကွက်က ချုပ်သွားတော့ ဒုက္ခနိရောဓေါနိဗ္ဗာနံပါ၊ ဒါက သ ၃ပါ ဒိသေသ နိဗ္ဗာန်ပဲ၊ သူက ခန္ဓာရှိတုန်းမြင်ရမည့် နိဗ္ဗာန်ပဲ။
- ၄ နံပါတ်ချုပ်သွားတာက အနုပါဒိသေသနိဗ္ဗာန်၊ ခန္ဓာဆုံးတော့မှ သူကရတယ်။



- ပဋိစ္စသမုပ္ပါဒ်အတိုင်းကြီးက ချုပ်သိမ်းသွားပြီ၊ နိရောဓနဲ့ မဂ္ဂပဲကျန်ပါတယ်။ အတိတ်၊ ပစ္စုပ္ပါန်၊ အနာဂါတ်တွေမရှိ၊ သံသရာလဲမရှိတော့။

ဘင်္ဂဿင်တွင် ဟောကြားသည့် တရားများ အကျဉ်းချုပ်

စဉ်	ဟောကြားသည့် တရားတော်ကြီးများ	၁	၂	၃	၄	၅	၆	၇	၈
၁	ခန္ဓိဆရာတော်ဘုရားကြီး	✔	✔	✔	✔	✔	✔	✔	
၂	ညောင်လေးပင် တောရ ဦးအရိယ မထေရ်	✔	✔	✔	✔	✔	✔	✔	
၃	ပဋိသမ္ဘိဒါမဂ် ပါဠိတော် နိဿယ	✔	✔		✔	✔			✔
၄	မူလမင်းကွန်းဇေတဝန် ဆရာတော်ကြီး	✔	✔	✔	✔	✔	✔	✔	✔
၅	မဟာစည်ဆရာတော်၏ ဝိသုဒ္ဓိမဂ်၊ ပြန်၊	✔	✔	✔	✔	✔	✔	✔	✔
၆	မဟာစည်ဆရာတော်၏ ဝိပဿနာ ရှုနည်းကျမ်း (ဒု-တွဲ)	✔	✔	✔	✔/✔	✔	✔	✔	
၇	ဖားအောက်တောရဆရာတော်၏ နိဗ္ဗာန်သို့သွားရာ တစ်ကြောင်းတည်းသောလမ်း	✔	✔	✔	✔	✔		✔	
၈	အရှင်ဉာဏောဘာသ၏ ဝိသုဒ္ဓိခုနှစ်ပါး	✔	✔	✔	✔	✔			
၉	ဒေါက်တာမင်းတင်မွန်၏ ဝိသုဒ္ဓိမဂ် အလင်းပြ	✔	✔	✔	✔/✔	✔	✔	✔	✔
၁၀	ဉာဏ်စဉ် ၁၆ ပါးကို ပဋ္ဌာန်း ၂၄ ပစ္စည်းဖြင့် ရှုမှတ်ခြင်း	✔	✔	✔	✔	✔	✔	✔	
၁၁	ဆရာတော် ဦးဝါယမ၏ ဝိသုဒ္ဓိ ခုနှစ်ပါး မင်းကွန်းသွား	✔	✔	✔	✔	✔	✔	✔	
၁၂	မိုးကုတ်ဆရာတော်ဘုရားကြီး၏ အလုပ်ပေးတရားတော်	✔	✔	✔	✔		✔	✔	


စဉ်	✔ ဘင်္ဂဿင် ရှုမှတ်ပွားများပုံ
၁	ဥဒယဗ္ဗယညာဏ်ကို - တဖန်ထပ်၍ပွားခြင်း၊ ရှုမှတ်ခြင်း၊ ရုပ်နာမ်၏ အစနှင့်အဆုံးကို ရှုမှတ်ခြင်း
၂	အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ - ကြည်လင်စွာ ရှုမှတ်နိုင်ခြင်း
၃	ပညတ်ပျောက်၍ ပရမတ်သဘော ထင်ရှားရှုမှတ်နိုင်ခြင်း၊ ဒိဋ္ဌိ၊ တဏှာ၊ မာန၊ အတ္တတို့ တဒင်္ဂပျောက်ခြင်း
၄	(က) ဖြစ်ခိုက် ရုပ်နာမ်၏ အဖြစ်ကို လွှတ်၍ အပျက်သက်သက်ကိုသာ ရှုမှတ်ခြင်း၊ ဘင်္ဂဉာဏ် (ခ) ပထမဘင်္ဂဉာဏ်ကို ထပ်၍ရှုမှတ်သဖြင့် ဒုတိယဘင်္ဂဉာဏ်ဖြစ်၏။ ဘင်္ဂဉာဏ် ၂ ဆင့်ဖြစ်၏။
၅	အာရုံ၏ဘင်ကိုဂင်း၊ ထိုဘင်စွန်းကိုမြင်သော စိတ်၏ဘင်ကိုဂင်း၊ ထိုဘင်စွန်းကိုမြင်သော ရှုမှတ်စိတ်၏ ဘင်အစွန်းကိုဂင်း - ဤ ၃ ချက်ကို သိမြင်သော ဘင်္ဂဉာဏ်
၆	ရေပွက်ကို၊ နေပူတံလျှပ်ကို၊ လျှပ်စစ်ပျက်သည်ကို၊ နှင်းပေါက်ကိုကဲ့သို့ ဥပမာများပေး၍ ဟောခြင်း
၇	သေမင်း မမြင်နိုင်သော ဘင်္ဂဉာဏ်ရသူဖြစ်ခြင်း
၈	၃ ပါးသော အနုပဿနာ၊ ၄ ပါးသော ဝိပဿနာတို့၌ ကျွမ်းကျင်ခြင်း။

ရုပ်နာမ်သဘောနှင့် ရုပ်နာမ်ဖြစ်ပျက်ကို ရှုမှတ်ပုံ

(နာမရူပ ပရိစ္ဆေဒညာဏ်မှ ဘင်္ဂညာဏ်အထိ)

(၁) ဥပါဒါနက္ခန္ဓာ ၅ ပါးမှာ ရုပ်နှင့်နာမ်သာ ဖြစ်သည်။ စိတ္တဇရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်
- ငါမဟုတ်၊ သူမဟုတ်၊ သတ္တဝါမဟုတ်၊ အတ္တမဟုတ်၊ အသက်ဇီဝမဟုတ်၊
- ရုပ်နာမ်သာရှိသည်၊ လူ၊ နတ်၊ ဗြဟ္မာ၊ တိရိစ္ဆာန်၊ ခွေးနွား၊ ငရဲသား စသည်မရှိ။

(၂) ဥပါဒါနက္ခန္ဓာ ၅ ပါးမှာ အကြောင်းကြောင့် အကျိုးသာရှိသည်။ ဒွါရနှင့် အာရုံကြောင့် ဝိညာဏ်/ဝေဒနာ/စိတ္တာ/ဓမ္မာတို့ဖြစ်ရသည်



(က) ငါ၊ သူ၊ သတ္တဝါ၊ နတ်၊ ဗြဟ္မာ။ ။ ။ စသည်တို့လုပ်တာမဟုတ် အကြောင်းမဲ့မဟုတ်၊ ဖန်ဆင်းတာမဟုတ်။ အကြောင်းရင်း၊ ဝိဇ္ဇာ၊ တဏှာကြောင့် ဘဝအမျိုးမျိုး အကျိုးဝိပါက်ဖြစ်ရသည်။


(ခ) ဒွါရ + အာရုံကြောင့် - ကာယဝိညာဏ် (မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိသိ)ဖြစ်။

(ဂ) ကာယဝိညာဏ် + ဟဒယ - (ဖဿကြောင့်) - ဝေဒနာ (သုခ၊ ဒုက္ခ၊ သောမနဿ၊ ဒေါမနဿ၊ ဥပေက္ခာ)ဖြစ်၏။

(ဃ) ဝေဒနာ + ဟဒယ - (ဖဿ + သညာ)ကြောင့် - (လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ။ ။ ။ ၁၆ ပါး) ဖြစ်၏။

(င) ဝေဒနာ / စိတ္တာ + ဟဒယ (ဖဿ+သညာ)ကြောင့် - သညာ+သင်္ခါရ (စေတနာတိုက်တွန်း၊ လှုံ့ဆော်မှု၊ သဘောတရား ၅ မျိုး) ဖြစ်၏။

(စ) ပဋိစ္စသမုပ္ပါဒ် အနုလုံနှင့်
ပဋိစ္စသမုပ္ပါဒ် ပဋိလုံ တရားတို့ ဖြစ်ပေါ်၏။
(၁) ရုပ်နာမ်လောက (သံသရာ)၏ မူလသည် - အဝိဇ္ဇာနှင့်တဏှာ ၂ ခုသာဖြစ်၏။



(၂) မွေးပြီး ပဝတ္တိအချိန်မှ သေသည်အထိ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ ၂ ပါးသာ ဖြစ်၏။


မွေးပြီး ပဝတ္တိအချိန်မှ သေသည်အထိ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ၃ ပါး လည်၏။

(၃) ယခင်ဘဝ (အတိတ်အကြောင်း) အဝိဇ္ဇာ၊ သခ်ၤါရ၊ (တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ)တို့၏ အကြောင်းကြောင့်၊ ယခုဘဝ (ပစ္စုပ္ပန်အကျိုး) ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ (ဝိပါက်အကျိုး) တို့ ဖြစ်ပေါ်ကြ၏။


(၄) ဝေဒနာပစ္စယာ တဏှာဖြစ်လျှင် (ဝိပဿနာမရှုမှတ်လျှင်)၊ တဏှာ၊ ဥပါဒါန်ကမ္မဘဝ (+အဝိဇ္ဇာ၊ သခ်ၤါရ) - ပစ္စုပ္ပန်အကြောင်း (ကိလေသဝဋ်၊ ကမ္မဝဋ်)ဖြစ်ပေါ်၏။

(၅) ပစ္စုပ္ပန်အကြောင်းတို့ကြောင့် အနာဂါတ် (နောက်ဘဝ)ဇာတိ၊ ဇရာ၊ မရဏာ (ဝိပါကဝဋ်) အကျိုးဘဝဖြစ်ပေါ်၏။ သံသရာဆက်၏။

(၆) သဠာယနပစ္စယာ ဖဿကို ဝိပဿနာရှုလျှင် (ဒိဋ္ဌေ ဒိဋ္ဌမတ္တ ဘဝဿတိ)ရှုလျှင် ဖဿနိရောဓါ ဝေဒနာ နိရောဓေါဖြစ်၏။ ဖဿ (ထိသိစိတ်) ဇောမကျ - ဒုက္ခနိရောဓ နိဗ္ဗာန်ဖြစ်၏။



(၇) ဝေဒနာ ပစ္စယာ တဏှာကို ဝိပဿနာရှုလျှင် (ဝေဒနာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တာ)ရှုလျှင် ဝေဒနာ နိရောဓါ တဏှာနိရောဓေါဖြစ်၏။ ဝေဒနာဇောမကျ - ကိလေသနိရောဓါ၊ နိဗ္ဗာန်ဖြစ်၏။



(၈) ရုပ်နာမ် (လောက) ပဋိစ္စသမုပ္ပါဒ် (အနုလောမ)ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဝိပဿနာရှုမှတ်လျှင် - ပဋိစ္စသမုပ္ပါဒ် (ပဋိလောမ)ဖြစ်၍ ဒုက္ခမရှိနိဗ္ဗာန်၊ တဏှာမရှိ နိဗ္ဗာန်ဖြစ်၏။

(၉) အကြောင်းအကျိုး ပဋိစ္စသမုပ္ပါဒ်တရားတွင် တရားကိုယ်အင်္ဂါ ၁၂ ပါးရှိ၏။

(၁၀) ပစ္စုပ္ပန်အကျိုးရှိရာ ဖဿပစ္စယာ ဝေဒနာကို သတိပဋ္ဌာန် ၄ ပါးဖြင့် ဝိပဿနာရှုပါက ထိုနံပါတ် (၂)အကွက်မှာပင် နိဗ္ဗာန်ဖြစ်ပေါ်၏။

(၁၁) အနာဂတ်အကျိုးရှိရာ ဇာတိပစ္စယာ ဇရာမရဏ ဖြစ်ရာ နံပါတ် (၄)အကွက်မှာ သံသရာ (၃၁)ဘုံရှိရာ အကွက်ဖြစ်သည်။ ဒုက္ခသစ္စာရှိရာ ဒုက္ခတောဖြစ်သည်။ လူသားအပေါင်းတို့၏ ပုံအမှန် အမြဲနေအိမ်ဖြစ်၏။

(၁၂) ရှုမှတ်ပုံမှာ၊ သိစိတ်ဖြစ်လျှင် သိစိတ်ဖြစ်တယ်ဟုမှတ်က သိစိတ်ချုပ်၏။
ဝေဒနာခံစားလျှင် ဝေဒနာဖြစ်တယ်ဟုမှတ်က ဝေဒနာခံစားမှုချုပ်၏။
လိုချင်တယ်ဖြစ်လျှင် လိုချင်တယ်ဟု ရှုမှတ်က လိုချင်တာ ချုပ်၏။

(၁၃) အာရုံနှင့် ဒွါရတို့ပေါင်းဆုံ၍ သိစိတ်တို့ ဖြစ်ပေါ်၏။ အာရုံနှင့် သိစိတ်တို့သည် ဖြစ်ပေါ်ပြီးတာနှင့် ချက်ခြင်းချုပ်ပျက်၏၊ မရှိတော့၍ အနိစ္စတရားဟုသိ၏။

ထပ်၍သိစိတ်၊ အခြားသိစိတ်တစ်ခုဖြစ်ပြန်၊ အစားထိုးပြန်၏။ ထိုဖြစ်သော အာရုံနှင့်သိစိတ်သည်လည်း ချက်ခြင်းပင် ချုပ်ပျက်ပြန်၏။ ထပ်၍ထပ်၍ ဖြစ်လိုက် ပျက်လိုက်နေ၍ ဒုက္ခတရားဟုသိ၏။

အနိစ္စတရား၊ ဒုက္ခတရားတို့မှာ မည်သို့မျှ အစိုးမရ၊ ထိန်းသိမ်းအုပ်ချုပ်ခွင့်မရှိ၍ အနတ္တတရားဟု သိ၏။

(၁၄) အဆက်မပြတ် ဖြစ်ပေါ်နေသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့မှာ သတိ၊ ဝီရိယ၊ သမာဓိ၊ မဂ်တရားစုဖြင့် မရှုမှတ်လျှင် ဥပါဒါန်စွဲလန်း၍ ကာယကံ၊ ဝစီကံ၊ မနောကံတို့ ဆက်လက်ဖြစ်ပေါ်ပြီး သံသရာလည်၏။

သတိ၊ ဝီရိယ၊ သမာဓိ၊ မဂ်တရားစုဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုမှတ်လျှင်၊ သခ်ါရတရားတို့ ချုပ်ငြိမ်းပြီး သံသရာရပ်၏။

(၁၅) သခ်ါရတရားတို့ကို ရုပ်နာမ်ဖြစ်ပေါ်ရာ ၁၁ ဌာနတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှုမှတ်ရန်ဖြစ်၏။

(၁၆) ခန္ဓာငါးပါးမှ ရုပ်ခန္ဓာဒွါရနှင့် အာရုံ၊ သိစိတ်တို့ကို ကာယာနုဿနာဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တရှု။

(၁၇) ခန္ဓာငါးပါးမှ ဝေဒနာ၊ သုခ၊ ဒုက္ခတို့ကို - ဝေဒနာနုပဿနာဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တရှု။

(၁၈) ခန္ဓာငါးပါးမှ လောဘ၊ ဒေါသစိတ်တို့ကို စိတ္တာနုပဿနာဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တရှု။

(၁၉) ခန္ဓာငါးပါးပေါ်တိုင်း ပျက်တိုင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ရှုက ဇော (၇)ချက်အပြီး ဆက်၍ ခံစားလေ့ရှိသော တဒါရုံ ၂-ခုတို့ ချုပ်၍ တဏှာ၊ မာန၊ ဒိဋ္ဌတို့ လျော့ပါးလာ၏၊ ရုပ်တန့်ချုပ်ငြိမ်း၏။

(၂၀) အတိတ်အကြောင်း (၄)ပါး ချုပ်၍၊ မရှိ၍၊ ခန္ဓာငါးပါးမရှိခြင်း၊ ပျက်ခြင်းကို ရှုမှတ်ခြင်းနှင့် ပစ္စုပ္ပန် ဥပါဒ်အကြောင်းပျက်က ခန္ဓာငါးပါးပျက်ခြင်း၊ မရှိခြင်းကို ရှုမှတ်ခြင်းတို့ ဖြစ်ပါသည်။

အကြောင်းလက္ခဏာငါးပါးဖြစ်က - အကျိုးခန္ဓာငါးပါးဖြစ်သည်။

အကြောင်းလက္ခဏာငါးပါးချုပ်က - အကျိုးခန္ဓာငါးပါး ချုပ်သည်ကိုရှုမှတ်ခြင်းဖြစ်ပါသည်။ (၁)အဝိဇ္ဇာ၊ (၂)တဏှာ၊ (၃)ကံ၊ (၄)အာဟာရ/ရုပ်နာမ်/ဖဿ၊ (၅)ဥပါဒ်/ဘင်တို့ ဖြစ်ပါသည်။

(၂၁) ဥဒယဗ္ဗယာ နုပဿနာဉာဏ်ရင့်လာပါက အထူးသန့်ရှင်းထက်မြက်လာသော ဝိပဿနာ အမြင် (၁၀)ချက်ကို တွေ့ရှိလာမည် ဖြစ်ပါသည်။

(၁) သစ္စာတရား (၄)ပါး ထင်ရှားလာခြင်း။

(၂) ပဋိစ္စသမုပ္ပါဒဘောတရား ထင်ရှားလာခြင်း။

(၃) ဒိဋ္ဌဖြုတ်နည်း (၄)ပါး ထင်ရှားလာခြင်း။

(၄) လက္ခဏာ (၅)ပါး ထင်ရှားလာခြင်း။

(၅) သခ်ါရတရားတို့ အဟောင်းပျက်၊ အသစ်ဖြစ်၊ အနှစ်ကင်းပုံ ထင်ရှားလာခြင်း။

(၆) တရုဏ ဝိပဿနာဉာဏ်ဖြစ်ပေါ်လာခြင်း။

(၇) ဥပေကိလေသာ (၁၀)ပါး ဖြစ်ပေါ်လာခြင်း။

(၈) မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိ ဖြစ်ပေါ်လာခြင်း။

(၉) သစ္စာ (၃)ပါးကို လောကီဉာဏ်ဖြင့် ပိုင်းခြားသိမှုဖြစ်ပေါ်လာခြင်း။

(၁၀) တတြမဇ္ဈတ္တတာ စေတသိက်ဖြစ်သော အလယ်အလတ်ဉာဏ်ဖြစ်ပေါ်လာခြင်း။

(၂၂) ဘင်္ဂဉာဏ်ရှုမှတ်ရာတွင် အာရုံ၏အပျက်၊ သိစိတ်၏ အပျက်နှင့် ရှုမှတ်စိတ်၏ အပျက်တို့ကို ရှုမှတ်ပြီး သခ်ါရတရားတို့၏ အပျက်နှင့် အပျက်မရှိမှုကို ရှုမှတ်လာနိုင်ပြီး - ရင့်သန်လာပါက သေမင်းမြင်နိုင်သော ရုပ်နာမ်တို့နှင့် ဘင်္ဂဉာဏ် အကျိုးအာနိသင် (၈)ပါးကို ရရှိလာခြင်း။

(၂၃) ဝိပဿနာ ဘာဝနာရှုမှတ်ရာတွင် ခန္ဓာ (၅)ပါး၏ အဖျံတ္တ၊ ဗဟိဒ္ဓ၊ အဖျံတ္တဗဟိဒ္ဓ ကို ရှုပါ။ ဖြစ်ကြောင်း၊ ပျက်ကြောင်း၊ ဖြစ်ပျက်ကြောင်းတရားနှင့် ဖြစ်မှု ပျက်မှု သဘောကိုရှုပါ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကိုရှုပါ။ ပရမတ်သဘောတို့ကိုသာ ရှုမှတ်၍ သမာဓိတိုးလာ၊ ကြီးလာမှု၊ ဉာဏ်အမြင်ပြောင်းလဲမှုတို့ကို ရှုမှတ်လာခြင်း။

ဘင်္ဂဉာဏ်ပြီးဆုံးပုံ

ခန္ဓာငါးပါး သခါရတရားတို့ကို ပါလိုက်မှတ်လိုက်နှင့် ကွက်ခနဲ၊ ကွက်ခနဲ၊ အမှတ်အသိ ကောင်းနေရာမှ၊ မှတ်ရသော အာရုံများသည်လည်း ပျောက်ပျောက်နေသကဲ့သို့ငင်း။ ဘာမျှ မရှိဘဲ ဖြစ်နေသကဲ့သို့ငင်း ထင်ရ၏။

မှတ်စိတ်သည် မှတ်နေသော အာရုံနှင့် စေးစေးကပ်ကပ် မရှိပဲ၊ ဟကျဲကျဲဖြစ်နေသကဲ့သို့ ထင်ရတတ်၏။ ဖေါင်းပိန်စသော မိုက်ပုံသဏ္ဌာန်၊ ကွေးဆန့်လှုပ်ရှားနေသော လက်ခြေပုံသဏ္ဌာန် စသော ဃန နိမိတ်များကွယ်ပျောက်၍ ပရမတ်သဘောမျှကိုသာ တွေ့ရသောကြောင့် ထိုကဲ့သို့ ထင်လေ၏။

ကုန်သွား၊ ပျောက်သွား၊ ပျက်သွားသည်ဟုသိသော ဉာဏ်က ရှေးဦးစွာဖြစ်ပေါ်၏။ အဖန်ဖန် စဉ်းစားမှသာ၊ ပုံသဏ္ဌာန်စသော ပညတ်ကို သိနိုင်၏။

မစဉ်းစားပဲ၊ မှတ်ရုံသာ၊ မပြတ်ရှုမှတ်နေလျှင်ကား - ပညတ်အာရုံသို့ အလျဉ်းပင်မရောက်တော့ပဲ၊ ကုန်ပျက်သော ပရမတ် သဘောမျှ၌သာ တည်လေတော့၏။ သို့ဖြစ်၍ ပညတ်ပေါ်လျှင် ပရတ်မတ်ငုတ်သည်။ ပရမတ်ပေါ်လျှင် ပညတ်ငုတ်သည်ဟူသော အဆိုအတိုင်းတွေ့ရှိရမည် ဖြစ်၏။

ရှုမှတ်မှုအထူးစင်ကြယ်လာသောအခါ၌၊ ရှေ့အမှတ်နှင့် နောက်အမှတ်၊ ခပ်ကျဲကျဲ ခပ်ဝေးဝေး ဖြစ်နေသည်ဟူ၍လည်းထင်၏။ အသိဉာဏ်လျှင်မြန်သန့်ရှင်းသောကြောင့် ရှေ့နောက်ဝိထိတို့အကြား၌ ဖြစ်သော၊ ဘဝင်စိတ်အခိုက်အတန့်ကိုပါ သိခြင်းလေတည်း။

ဤသို့သောကာလ၌၊ မှတ်နေကျအစဉ်အတိုင်း မမှတ်တော့ပဲ၊ ဒွါရ ၆-ပါး၌ ထင်ရှားဖြစ်ပေါ်လာသော ရုပ်နာမ်အမူအရာတို့ကိုလည်း ဖြန့်၍မှတ်လာနိုင်ပြီဖြစ်၏။ မှတ်စဉ်မထားပဲ၊ ဖြန့်၍ ကောင်းစွာမှတ်နိုင်သောအခါ အထူးကြောင့်ကြစိုက်၍ မမှတ်တော့ပဲ၊ ထပ်ပေါ်သမျှရုပ်နာမ်တို့သည် ရှေ့နောက်မစပ်ပဲ အပိုင်းပိုင်းပြတ်လျှက် ကုန်ကုန်သွားသည်ဟု သိရ၏။

ထိုသို့သောကာလ၌ မမှတ်ပဲနေဦးမည်ဟု ရုပ်နားနေသော်လည်း ရုပ်နာမ်သခါရတို့က ဆက်၍ ထင်ပေါ်လျှက်ရှိတတ်ကုန်၏။ မှတ်သိမှုကလည်း ထိုသခါရတို့ကို အလိုလိုပင် သိမြဲသိလျှက်ရှိ၏။ ထိုကြောင့် အိပ်ပါသော်လည်း အိပ်မပျော်ပဲ နေ့ရောညပါ ကြည်လင်လျှက်သာ ရှိတတ်၏။

ဘင်္ဂဉာဏ်ထက်သန်စွာဖြစ်လျှက်ရှိသော ပုဂ္ဂိုလ်သည် မှတ်အပ်သော အာရုံသခါရနှင့် မှတ်သိမှု ဝိပဿနာ သခါရတို့ ရှေ့ဆင့်နောက်ဆင့်လိုက်၍ တကုန်ထဲကုန်နေခြင်း၊ တပျက်ထဲပျက်နေခြင်းကို သာလျှင် စောင့်ပြီးကြည့်နေရသလိုပင်၊ မပြတ်တွေ့မြင်လျှက်ရှိလေ၏။

ထိုသို့တွေ့မြင်ရှုမှတ်နေသောယောဂီ သည်၊ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးဟူသော လောကကို၊ လျှင်စွာပျက်၍ သွားသည်ဟု၊ သိမြင်သောသူကို သေမင်းသည်မတွေ့မမြင်နိုင်။

ပျက်၍ ပျက်၍ သွားသည်ဟု ဘင်္ဂဉာဏ်ဖြင့် သိမြင်အပ်ပြီးသော အာရုံတိုင်း၊ အာရုံတိုင်းနှင့် စပ်လျဉ်း၍ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဘဝသစ်ခန္ဓာတို့ မဖြစ်ထိုက်ကုန်ပြီ။

ထို့ကြောင့် မဖြစ်ထိုက်သော ထိုဘဝသစ်ခန္ဓာတို့အတွက် အသေငြိမ်းသည်ကိုငင်း အပျက်ကို မြင်သော ဘင်္ဂဉာဏ်စသည်ဖြင့် အစဉ်အတိုင်းရှုမြင်၍ အရဟတ္တဖိုလ်သို့ ရောက်သောအခါ၌ ဘဝသစ်နှင့် ဆိုင်သော၊ သေမှုလုံးဝကင်းငြိမ်းသည်ကိုငင်း၊ ရည်ရွယ်၍၊ သေမင်းကမမြင်နိုင်ဟု ဟောတော်မူခြင်းဖြစ်၏။

ဘင်္ဂဉာဏ်အကျိုး (၈)ပါးကိုရ၏။ ဘင်္ဂဉာဏ်ပြီးဆုံး၏။

နိဂုံး

ယောဂီတို့သည် ယခုအခါ ဝိပဿနာဘာဝနာကို စဉ်ဆက်မပြတ် ရှုမှတ်နေဆဲကာလဖြစ်ပါသည်။ မဂ္ဂါမဂ္ဂညာဏ ဒဿနဝိသုဒ္ဓိ ဝေါ် သမ္မသနညာဏ်နှင့် ဥဒယဗ္ဗယညာဏ် အနု၊ အရင့်တို့ကိုလည်း ရှုမှတ်ကြေငြက်ခဲ့ပြီးဖြစ်ပါသည်။ ဥဒယဗ္ဗယညာဏ်ရှုမှတ်ပြီးနောက် အထူးသန့်ရှင်းထက်မြက်လာသော ဝိပဿနာအမြင် (၁၀)ချက်ကိုလည်း တွေ့ရှိပြီး ဖြစ်ပါသည်။

ယခုအခါ တင်ပြထားသော ဘင်္ဂညာရှုမှတ်ခြင်းကိုလည်း တရားနည်းပြ ဆရာပုဂ္ဂိုလ်၏ သင်ပြမှု၊ ကြီးကြပ်မှုအရ ဖြစ်စေ၊ ပရိယတ်လေ့လာမှုအရဖြစ်စေ၊ ဆက်လက်ကြိုးစား ရှုမှတ်လျက်ရှိနေပေပြီ။

သမ္မသနညာဏ်တွင် ရုပ်နာမ်စသည်ကို ၁၁ ရာသီအပေါင်းအစည်းအားဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု သုံးသပ်ရှုမှတ်ခဲ့ပြီး ဖြစ်ပါသည်။

ဥဒယဗ္ဗယညာဏ်တွင် ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း ၂၅ ပါးနှင့် ပျက်ခြင်း ၂၅ ပါးအားဖြင့် ဖြစ်ပျက် ၅၀ ပါးကို အစဉ်မပျက်ရှုမှတ်ခဲ့ပြီး ဖြစ်ပါသည်။

ယခုဘင်္ဂညာဏ်တွင် အဖြစ်ကိုလွတ်၍ အပျက်ကိုသာ စဉ်ဆက်မပြတ်ရှုမှတ်နေခြင်းဖြစ်ပါသည်။ အာရုံ၏အပျက်၊ သိစိတ်၏အပျက်နှင့် ရှုမှတ်စိတ် (မဂ်စိတ်)၏ အပျက်တို့ကို ရှုမှတ်ခြင်း။ ရှေ့က ရှုမှတ်စိတ်အပျက်ကို နောက်ကထပ်မံ၍ မဂ်စိတ်အပျက်ကို ရှုမှတ်ခြင်းတို့ ဖြစ်ပါသည်။

ပစ္စုပ္ပန်ခန္ဓာငါးပါးတို့၏ ချုပ်မှု၊ ပျက်မှုတို့ကို စဉ်ဆက်မပြတ် ရှုမှတ်နေခြင်းကြောင့် ပစ္စုပ္ပန်အကျိုးငါးပါး (ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ)တို့ တပြိုင်နက် ချုပ်မှု၊ ပျက်မှုကို ညာဏ်အမြင်တွေ ရှိလာရပေမည်။

ဘင်္ဂညာဏ်တွင် ခန္ဓာငါးပါးကို သတိပဋ္ဌာန်လေးပါးဖြင့် ရှုမှတ်ရာတွင် လက်တွေ့ရှုမှတ်ရမည့် အချက် (၈)ချက်ကို ဆရာတော်ဘုရားကြီးများ၏ လက်တွေ့ရှုမှတ်ပုံများနှင့်တကွ မိမိမှ မှတ်စုပြု၍ တင်ပြထားပါသည်။

ဘင်္ဂညာဏ်ရင့်သန်လာသောအခါ စဉ်ဆက်မပြတ် ရှုမှတ်နေသော အပျက်တစ်ခုနှင့် တစ်ခုတို့ အကြား အပျက်မရှိသော ရှုမှတ်မှုတွေ့မြင်လာရပေသည်။

ကုန်ခြင်း(ခယ)၊ ပျောက်ကွယ်ခြင်း(ဝယ)၊ ပျက်ခြင်း (ဘေဒ)ဟူသော ဓာတ်က နိရောဓ အပျက်မျှကိုသာ ထင်လေတော့သည်။ ရှုမှတ်မှု သတိညာဏ်သည်လည်း ဘင်္ဂသာ တည်နေလေ၏။

ဤဘင်္ဂညာဏ်ကို ကောင်းစွာမြင်သောအခါ ရုပ်နာမ်ဓမ္မ သခ်ါရဟူသမျှ မမြဲပါတကား၊ ဆင်းရဲအစုသာပါတကား၊ အစိုးမရပါတကားဟု သိလာပြီး လောကကြီးကို ငြီးငွေ့လျက်၊ ဘာကိုမျှ တပ်မက်နှစ်

သက်တွယ်တာလိုသော စိတ်များမရှိတော့ပဲ၊ တဒင်္ဂ၊ ဝိက္ခမ္ဘနအားဖြင့် ကာမရာဂ ဗျာပါဒတို့မှ ဝေးကွာနေတတ်၏။

ဘင်္ဂညာဏ်၌ ပရမတ် သခ်ါရတရားတို့သည် ကုန်ဆုံးပျောက်ပျက်၍ အကြွင်းအကျန်မရှိပဲ ဖြစ်သွားသည်တို့ကိုသာ ရှုမြင်နေရသောကြောင့်၊ ပညတ်အာရုံ ပုံသဏ္ဌာန်ဂဏာဟူသမျှ၊ လုံးဝမတွေ့ရပေ။ ဤသို့ ပညတ်အာရုံများ လုံးဝမတွေ့ရပဲ ဖြစ်သွားခြင်းမှာလည်း ဘင်္ဂညာဏ်ကျမှသာလျှင် ဖြစ်နိုင်၏။ အဘယ်ကြောင့်ဆိုသော် ဘင်္ဂညာဏ်ကျမှ ခယာနုပဿနာ၏ ပြည့်စုံခြင်းသို့ရောက်ရ၏။ ထို့ကြောင့် ဘင်္ဂညာဏ်ကို ဗလဝ ဝိပဿနာညာဏ်ဟူ၍လည်း ခေါ်ကြောင်းတွေ့ရ၏။

ဘင်္ဂညာဏ်မှာပေါ်သော အပျက်သဘောတွေသည် တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံချင်းတော့ တူချင်မှ တူပေမည်၊ ဥပမာတွေ နိမိတ်တွေ မတူညီသော်လည်း အပျက်သဘောနှင့် အပျက်တွေမရှိတဲ့ သဘောကတော့ အတူတူပင် ရှုမှတ်နေရပေသည်။

ဘင်္ဂညာဏ်ကို ရှုမှတ်နေသောသူမှာ အနိစ္စတရားကို အခက်အခဲမရှိ အလိုအလျောက်နီးပါးလို အပ်သလို ရှုမှတ်တွေ့ရှိနိုင်ပေသည်။ အနိစ္စသည် သူ၏အခြေခံစခန်း ဖြစ်လာပေသည်။

မြတ်စွာဘုရားဟောတော်မူသည်ကား ရေပွက်ကို ရှုမြင်ရသကဲ့သို့၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့၊ ထို့အတူ ခန္ဓာငါးပါးဟူသော လောကကို ဘင်္ဂနုပဿနာညာဏ်ဖြင့် ရှုမြင်သောသူကို သေမင်းမမြင်နိုင်တော့ပေ။

ဘင်္ဂညာဏ်ရှုမှတ်ရင့်သန်လာပါက အကျိုးအာနိသင် (၈)ပါးဖြင့် ပြည့်စုံ၍ အလွန်ထက်သန်အား ရှိခြင်းသို့ ရောက်လေတော့၏။

မိမိကြိုးစားတင်ပြသော ဘင်္ဂညာဏ်ရှုမှတ်ပုံ ဝိပဿနာတရားမှတ်စုများကို ဖတ်ရှု၍ တစ်စုံတစ်ခုသော အထောက်အပံ့မျှ ရရှိပါစေဟု ဆန္ဒပြု၍ ယောဂီမိတ်ဆွေတို့အား မျှဝေအပ်ပါသည်။

မှတ်စုများတင်ပြသူ

ဦးညီညီစိန်

B.E (Mech) '79

PE . ACPE (Mech)

ညွှန်ကြားရေးမှူး (အငြိမ်းစား)

မြန်မာ့ရေနံ (၂၀၁၅)